http://www.dhammadownload.com

ဇမ္ဗူမဆန့်၊ ပျံ့နှံ့ထင်ပေါ်၊ မကာရလောပအကျော်၊
မန်လည်ဆရာတော်ဘုရားကြီး၏
ဓမ္မန္တေဝါသိက တပည့်ကြီးဖြစ်သူ

**ဓမ္မကထိကဆရာကြီးဦးတေဇဝန်**

ပြုစုရေးသားအပ်သော

ဗုဒ္ဓဂုဏပကာသနီ၊ သညီထင်ရှား

# ဗုဒ္ဓ၏ဂုဏ်တော်များ

အရှင်ခေမိန္ဒသာမိ
(ဂဏဝါစက, သာသနဓဇ, သိရီပဝရ, ဓမ္မာစရိယ, ပါဠိပါရဂူ
တည်းဖြတ်သည်။)

တတိယအကြိမ်

၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ဤ "ဗုဒ္ဓ၏ဂုဏ်တော်များ" ကျမ်းကို လည်ပတ်ထုတ်ဝေနိုင်ရန်
ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝေဂနိုက်ကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာ,ဒါယိကာမများ

**နှစ်ဖက်သော မိဘ, ဘိုး, ဘွားများ**

**နှင့်**

**မိ,ဘများကို အမှူးထား၍**

**မရှင်အေးမြအောင် နှင့် မရှင်ဖြူးဝေအောင်**

တို့၏

မွေးနေ့မင်္ဂလာ ဝိသေသကုသိုလ်

နတ်,လူသာဓုခေါ်စေသောဝ်။

http://www.dhammadownload.com

http://www.dhammadownload.com



# ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး ၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံသဂြိုဟ်နိဿယ ၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုး
၇။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿယ ၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိဒီပနီပါဌ်
၉။ သိရိမဟာမာယာဒေဝီဝတ္ထုနိသျ ၁၀။ ဓာတွတ္ထသင်္ဂဟပါဌ်+နိသျ
၁၁။ဆိဒ္ဓပိဓာနနီကျမ်း ၁၂။ လင်္ကာဒီမဂ္ဂဒီပနီ
၁၃။ဝိစိတြဝန္နနာ-စသည် (ပ,ဒု-ကြိမ်) ၁၄။ မနောဒိဋ္ဌဝန္နနာ
၁၅။သတိသမ္ပဇ္ဇနိဂ္ဂဟစာတမ်(ဦးနာရဒ) ၁၆။ မဟာဗောဓျာဒီမဂ္ဂဒီပနီ
၁၇။အမေးတော်ဖြေ
၁၈။မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ
၁၉။ဝိမိဿမဓုရရစနာ (ပ,ဒု-ကြိမ်) (အရှင်စန္ဒဇောတိ)
၂၁။မင်္ဂလာ့အမြုတေ ၂၂။ လူနှင့်တူသောလူ
၂၃။တထာဂတဉဒါနဒီပနီ (ပ-တွဲ) ၂၄။ တထာဂတဉဒါနဒီပနီ (ဒု-တွဲ)
၂၅။ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ) ၂၆။ ဗုဒ္ဓနိုင်ငံတော် (ဒု-တွဲ)
၂၇။ဗုဒ္ဓနိုင်ငံတော် (တ-တွဲ) ၂၈။ ဝိမတိစ္ဆေဒနီ (ကျိုးသဲ)
၂၉။သမ္ဗာဒိဋ္ဌိကထာကျမ်း ၃၀။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၃၁။သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၃၂။မဟာဗောဓိပ္ပတ္တိကထာကျမ်း ၃၃။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်
၃၄။ဘူမိစာလနိဒါန်းကျမ်း (ဒု-ကြိမ်) ၃၅။ ဘူမိစာလနိဒါန်းကျမ်း (တ-ကြိမ်)
၃၆။ချောင်းဦး၊ ရွှေတောင်ဆရာတော်ဝိနိစ္ဆယ
၃၇။တွံ့တေးပရိတ်ကြီးပါဠိနိဿယ ၃၈။ ကစ္စာယနသာရသရူပတ္ထဒီပနီ(ပြည်)
၃၉။ဝင် ၉-ဝင်ဝတ္ထု (ပထမတွဲ) ၃၉။ ဝင် ၉-ဝင်ဝတ္ထု (ဒုတိယတွဲ)
၃၉။ဝင် ၉-ဝင်ဝတ္ထု (တတိယတွဲ)
၄၀။မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ (ဟရိဗလ၊ ကုသိနာရုံ)
၄၁။စေတီယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း (ထိမ်တော)
၄၂။ပကိဏ္ဏကဝိသဇ္ဇနာကျမ်း(ပထမတွဲ) ၄၂။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ဒုတိယတွဲ)
၄၃။မဟာဝိဇိတာရုံဓမ္မပဒဝတ္ထုတော်ကြီး(ပထမတွဲ)
၄၄။ဗုဒ္ဓ၏ဂုဏ်တော်များ

http://www.dhammadownload.com

ဤ"ဗုဒ္ဓ၏ဂုဏ်တော်များ"ကျမ်းကို လည်ပတ်ထုတ်ဝေနိုင်ရန်
ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝေဂ္ဂနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာ,ဒါယိကာမများ

**နှစ်ဖက်ဘိုး, ဘွားများ**

နှင့်

**မိ, ဘများကို အမှူးထား၍**

**မဂျင်အေးမြအောင် နှင့် မဂျင်ဖြူးဝေအောင်**

တို့၏


မွေးနေ့မင်္ဂလာ ဝိသေသကုသိုလ်

နတ်,လူသာဓုခေါ်စေသောဝ်။

F.1.C

http://www.dhammadownload.com


http://www.dhammadownload.com



ဂန္ထကာရက

ဆရာကြီး ဦးတေဇဝန်၏ ရုပ်ပုံ

http://www.dhammadownload.com



တည်းဖြတ်ထုတ်ဝေသူ

**အရှင် ခေမိန္ဒသာမိ**

ဂဏဝါစက - သာသနဓဇ သိရီပဝရ ဓမ္မာစရိယ - ပါဠိပါရဂူ

http://www.dhammadownload.com



# ပုဒ္ဓ၏ဂုဏ်တော်များ

## ဓမ္မာစရိယဆရာကြီးဦးဘေဇာ

http://www.dhammadownload.com

http://www.dhammadownload.com



ဇမ္ဗူမဆန့်၊ ပျံ့နှံ့ထင်ပေါ်၊ မကာရလောပအကျော်၊
မန်လည်ဆရာတော်ဘုရားကြီး၏
ဓမ္မန္တေဝါသိက တပည့်ကြီးဖြစ်သူ

## ဓမ္မကထိကဆရာကြီးဦးတေဇဝန်

ပြုစုရေးသားအပ်သော

ဗုဒ္ဓဂုဏာပကာသနီ၊ သညီထင်ရှား

# ဗုဒ္ဓ၏ဂုဏ်တော်များ

အရှင်ခေမိန္ဒသာမိ
(ဂဏဝါစက, သာသနဓဇ, သိရီပဝရ, ဓမ္မာစရိယ, ပါဠိပါရဂူ
တည်းဖြတ်သည်။)

တတိယအကြိမ်

၁၃၇၂ ၂၀၁၀

http://www.dhammadownload.com




## ပုံနှိပ်မှတ်တမ်း

-----

တတိယအကြိမ်

အုပ်ရေ (၁,၀၀၀)

၁၃၇၂-ခုနှစ်၊ (၂၀၁၀-ခုနှစ်)

ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှူဒါန်းသည်။

ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်

မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၀၅) က

ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ဗုဒ္ဓ၏ဂုဏ်တော်များ

## မာတိကာ

-----

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | တည်းဖြတ်သူ၏အမှာစာ | [ ၁၇ ] |
| ၂။ | မိုးညှင်းတိုက်သစ်ဆရာတော်၏အမှာစာ | [ ၂၇ ] |
| ၃။ | နိဒါန်း | [ ၃၀ ] |
| ၄။ | ကျမ်းဦးပဏာမ | ၁ |
| ၅။ | လူယုတ်မာ ၃-မျိုး | ၃ |
| ၆။ | ဟောတတ်,ပြောတတ်ရုံ သိသောဉာဏ်သည် သမ္မာပညာယပသဿတိမဟုတ် | ၄ |
| ၇။ | ဓမ္မကထိကတို့ အရည်အသွေးရှိသလို ဟောကြားနိုင်သည် | ၆ |
| ၈။ | ဗုဒ္ဓါးမှ ဘုရားဖြစ်လာသည် | ၈ |
| ၉။ | ဂုဏ်တော်ရှင်ကလည်း အနန္တဂုဏ်တော်ရှင် | ၈ |
| ၁၀။ | အသိဉာဏ်နည်းသူထက် ကြီးသူက ပို၍သိသည် | ၁၀ |
| ၁၁။ | ဂုဏ်တော် ၉-ပါး၏ အကျယ်ကိုသာ ရေးမည် | ၁၂ |
| ၁၂။ | အပေါင်းအားဖြင့် အနုလုံ, ပဋိလုံ ရွတ်ဆိုရန် | ၁၄ |
| ၁၃။ | ပုတီးကိုင်၍ ဗုဒ္ဓါနုဿတိ ပွါးများပုံ | ၁၅ |
| ၁၄။ | စိတ်ငြိမ်လျှင် ပုတီးကိုင်ဖို့မလို | ၁၆ |
| ၁၅။ | ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးများ | ၁၈ |
| ၁၆။ | နတ်, ဗြဟ္မာတို့၏ ဘုံဗိမာန်သည် မြေပြင်နှင့်မတန် | ၂၀ |
| ၁၇။ | အရှင်မောဂ္ဂလာန်၏ ဒါယကာတစ်ဦး | ၂၂ |
| ၁၈။ | ဂုဏ်တော် ၉-ပါးအနက် | ၂၆ |
| ၁၉။ | ပရိတ်ရွတ်သည့်အရှင်များ သတိပြုရန် | ၃၂ |

http://www.dhammadownload.com



# ဗုဒ္ဓ၏ဂုဏ်တော်များ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အရဟံဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်


၂၀။ လူ,နတ်,ဗြဟ္မာတို့ထက် သာလွန်သောကြောင့် ပူဇော်ခံထိုက်သည် ၃၃

၂၁။ လူတွေကို အောက်တန်းစား-ဟု နတ်ဗြဟ္မာတို့က ထင်ကြသည် ၃၆

၂၂။ နတ်, ဗြဟ္မာတို့ကသာ ဘုရားကို ပြိုင်သည်မဟုတ် ၃၈

၂၃။ ခမည်းတော်မင်းကြီးကိုပင် သာရေး,နာရေးကိစ္စကို မမေး ၄၀

၂၄။ ပညာဖြင့် ဂုဏ်တော်ကို သိ၍ သဒ္ဓါကယုံလျှင် ၄၂

၂၅။ ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တို့ ဖြစ်လာသည် ၄၄

၂၆။ ဂုဏ်တော်တွေက နက်နဲသောကြောင့် ဥပစာရသမာဓိသာ ဖြစ်သည် ၄၆

၂၇။ ဗုဒ္ဓါနုဿတိဘာဝနာသည် ဝိပဿနာကို ဖြစ်စေနိုင်သည် ၄၈

၂၈။ တိဿဒတ္တမဟာထေရ်၏ဝတ္ထု ၅၂

၂၉။ ဂုဏ်တော်ကို ဘယ်သူက သိသနည်း ၅၅

၃၀။ အရိယာတို့၌ သတ်လိုစိတ် မရှိ ၅၈

၃၁။ လူ, နတ်, ဗြဟ္မာတို့ ပူဇော်ကြပုံ ၆၀

၃၂။ ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြုသောကြောင့် အ, ရဟံ မည်သည် ၆၃

၃၃။ သံသရာစက်ရဟတ်ကို ပယ်ဖြတ်သောကြောင့် အရ, ဟံ- မည်သည် ၆၄


## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်


၃၄။ ဗုဒ္ဓ ၃-ပါး ၆၈

၃၅။ တနည်း ဗုဒ္ဓ ၄-ပါး ၇၁

၃၆။ သိစရာတွေရှိသမျှသိ၍ အရှင်သာရိပုတ္တရာ မထေရ်ကြီး အံ့သြရခြင်း ၇၂

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | ဥေ ယျမဲ့တရား ၅-ပါး | ၇၄ |
| ၃၈။ | နာမ်သင်္ခါရကို သိမြင်တော်မူပုံ | ၇၆ |
| ၃၉။ | ဝိကာရရုပ်ကို သိတော်မူပုံ | ၇၇ |
| ၄၀။ | လက္ခဏာကို သိတော်မူပုံ | ၇၈ |
| ၄၁။ | မဟာဝဇိရဝိပဿနာဉာဏ်တော် | ၈၀ |
| ၄၂။ | မဃဒေဝလင်္ကာကြီး | ၈၂ |
| ၄၃။ | နိဗ္ဗာန်ကို သိတော်မူပုံ | ၈၃ |
| ၄၄။ | ပညတ်ကို သိတော်မူပုံ | ၈၄ |
| ၄၅။ | အတ္ထပညတ် ၁၃-ပါး | ၈၅ |
| ၄၆။ | နာမပညတ် ၄-ပါး | ၈၉ |


## ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်


| | | |
|---|---|---|
| ၄၇။ | လောကီကာမဝိဇ္ဇာများ | ၉၀ |
| ၄၈။ | မဟဂ္ဂုတ်,လောကုတ္တရာဝိဇ္ဇာများ | ၉၃ |
| ၄၉။ | ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာ | ၉၄ |
| ၅၀။ | ဒိဗ္ဗစက္ခုဝိဇ္ဇာ | ၉၇ |
| ၅၁။ | ဉာဏ် ၃-ပါးတို့၏ အထူး | ၉၈ |
| ၅၂။ | လောကီဆရာတို့၏အလေ့အထဖြစ်၍ မန္တန်ကို ဘုရားမဟော | ၁၀၀ |
| ၅၃။ | စရဏ ၁၅-ပါး | ၁၀၂ |
| ၅၄။ | သီလသံဝရစရဏနှင့် ပြည့်စုံတော်မူပုံ | ၁၀၂ |
| ၅၅။ | ဣန္ဒြိယဂုတ္တဒွါရစရဏနှင့် ပြည့်စုံတော်မူပုံ | ၁၀၄ |
| ၅၆။ | ဘောဇနမတ္တညုတာနှင့် ပြည့်စုံတော်မူပုံ | ၁၀၅ |
| ၅၇။ | မယ်ပုဏ္ဏာ၏ဝတ္ထု | ၁၀၇ |
| ၅၈။ | အရှင်သာရိပုတ္တရာ၏ ဩဝါဒ | ၁၁၀ |
| ၅၉။ | ဇာဂရိယာနုယောဂနှင့် ပြည့်စုံတော်မူပုံ | ၁၁၀ |

http://www.dhammadownload.com



## ဗုဒ္ဓ၏ဂုဏ်တော်များ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၀။ | ဝီရိယစရဏနှင့် ပြည့်စုံတော်မူပုံ | ၁၁၂ |
| ၆၁။ | နေနတ်သား, လနတ်သားတို့က ရှိခိုးသည့်ဂါထာ | ၁၁၃ |
| ၆၂။ | ဘုရားရှင်၏ အမိန့်တော်ဂါထာ | ၁၁၄ |
| ၆၃။ | သဒ္ဓါစရဏနှင့် ပြည့်စုံတော်မူပုံ | ၁၁၄ |
| ၆၄။ | သဒ္ဓါမယုံ့ဉ်သော တပိုင်းကြောင်, ဉာဏ်ကွက်ကြားသည် ထင်မိထင်ရာ ယူတတ်၏ | ၁၁၇ |
| ၆၅။ | သတိစရဏနှင့် ပြည့်စုံတော်မူပုံ | ၁၂၀ |
| ၆၆။ | တရားတော်ကိုသင်မှ ဘုရားကိုမြင်သည် | ၁၂၂ |
| ၆၇။ | ပိုလွန်သည်မရှိသောတရား | ၁၂၄ |
| ၆၈။ | ဈာန် ၄-ပါး, စရဏတရားနှင့် ပြည့်စုံပုံ | ၁၂၆ |
| ၆၉။ | ပထမဈာန်ကို ရတော်မူပုံ | ၁၂၉ |
| ၇၀။ | ဒုတိယဈာန်ကို ရတော်မူပုံ | ၁၃၀ |
| ၇၁။ | ပရမတ္ထဒီပနီ၏ အဆုံးအဖြတ် | ၁၃၃ |
| ၇၂။ | တတိယဈာန်, စတုတ္ထဈာန်တို့နှင့် ပြည့်စုံတော်မူပုံ | ၁၃၄ |
| ၇၃။ | နတ်ဩဇာစားနေသူက မုန့်ဖက်ထုပ်ကို အကောင်းမထင် | ၁၃၅ |


### သုဂတဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်


| | | |
|---|---|---|
| ၇၄။ | သုဂတ၏ အနက် ၄-နက် | ၁၃၇ |
| ၇၅။ | ပဋိသန္ဓေနေခြင်း၌ အံ့ချီးဖွယ်ဖြစ်ပုံ | ၁၄၀ |
| ၇၆။ | နိဗ္ဗာန်သို့ ကြွသွားတော်မူသောကြောင့် သုဂတမည်ပုံ | ၁၄၂ |
| ၇၇။ | ကောင်းစွာကြွလာသောကြောင့် သုဂတမည်ပုံ | ၁၄၃ |
| ၇၈။ | မဟာကရုဏာတော်ကို နားမလည်သူတို့က ဘုရားဆုပန်သည်ကို အပြစ်တင်တတ်ကြ၏ | ၁၄၆ |
| ၇၉။ | သဒ္ဓါ ၄-ပါး | ၁၄၈ |
| ၈၀။ | 'အနှောင့်မလွတ်၊ အသွားမလွတ်' မေးခွန်း ၁-ပုဒ် | ၁၄၉ |
| ၈၁။ | နိဂဏ္ဌတွေတော့ သေကုန်ပါပြီ | ၁၅၁ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၈၂။ စကား ၆-ခွန်း လူ၌ထွန်း၏ ၁၅၃

၈၃။ မှန်ကန်သောစကားကို လက်မခံငြားသော်လည်း အကျိုးတရားကို ရသူ ၂-ယောက် ၁၅၅

၈၄။ နတ်သမီးလိုချင်၍ တရားအားထုတ်သူ ၁၅၇

### လောကဝိဒူဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်

၈၅။ လောက ၃-ပါး ၁၅၉

၈၆။ ဩကာသလောကကို သိတော်မူပုံ ၁၆၂

၈၇။ အနာဝရဏဉာဏ်တော်နှင့် သမန္တစက္ခုဉာဏ်တော် ၁၆၅

### အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်

၈၈။ ဒေါသသံ မပါ၊ မာနသံမဖက် ဓမ္မသက်သက်ဖြင့်သာ ဆုံးမတော်မူသည် ၁၆၈

### သတ္ထာ ဒေဝမနုဿာနဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်

၈၉။ ပါဋိဟာရိယ ၃-ပါး ၁၇၂

၉၀။ အနုသာသနီပါဋိဟာရိယကိုသာ ချီးမွမ်းတော်မူသည် ၁၇၄

၉၁။ အနုသာသနီပါဋိဟာရိယဂုဏ်တော် ၂-ပါးထူး ၁၇၇

၉၂။ ပညာမစုံ ပြောတိုင်းယုံ ၁၇၈

၉၃။ အဋ္ဌာနသုတ်ပါဠိတော် ၁၇၉

၉၄။ တန်ဆောင်း ဒါယကာ ၁-ဦး၏ ဝတ္ထု ၁၈၁

၉၅။ နိကန္တိတဏှာသည် မဟဂ္ဂုတ်စေတနာကိုပင် တားမြစ်နိုင်၏ ၁၈၄

၉၆။ မြေခွေး၊ ဆိတ်ဖြူအိုတို့ လိပ်လူလို ဘာသာတတ်သည်-ဟု ၁၈၆

၉၇။ လှည်းမှူးကြီးပမာ ဘေးကင်းရာသို့ ပို့ဆောင်တတ်သည် ၁၈၈

http://www.dhammadownload.com



# ဗုဒ္ဓ၏ဂုဏ်တော်များ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဗုဒ္ဓဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်** | |
| ၉၈။ | သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ဗုဒ္ဓဂုဏ်တော်အထူး | ၁၉၀ |
| ၉၉။ | ဉာဏ်တော် ၁၄-ပါးနှင့် ပြည့်စုံသောကြောင့် ဗုဒ္ဓမည်တော်မူသည် | ၁၉၂ |
| | **ဘဂဝါဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်** | |
| ၁၀၀။ | ဘဂဝါဟူသောအမည်သည် ချီးမွမ်းအပ်သော အမည်သာဖြစ်သည် | ၁၉၄ |
| ၁၀၁။ | ဘုန်းတော် ၆-ပါး | ၁၉၅ |
| ၁၀၂။ | ဣဿရိယဘုန်းတော်ကြောင့် ရေ,မီးအစုံ တန်ခိုးပြနိုင်သည် | ၁၉၈ |
| ၁၀၃။ | ကျော်သလောက် မညှော်၍ ယသဘုန်းတော် မရှိကြ | ၂၀၁ |
| ၁၀၄။ | လက္ခဏာတော်ကြီး ၃၂-ပါး | ၂၀၃ |
| ၁၀၅။ | လက္ခဏာတော်ငယ်-၈၀ | ၂၀၆ |
| ၁၀၆။ | ကေတုမာလာရောင်ခြည်တော် | ၂၁၃ |
| ၁၀၇။ | စက်လက္ခဏာတော်လက်ာ | ၂၁၅ |
| ၁၀၈။ | မြတ်စွာဘုရား၏ အရပ်တော် အဆုံးအဖြတ် | ၂၁၆ |
| ၁၀၉။ | တကောင်းမြို့ဟောင်းမှ အရှင်တိဿ၏အလောင်းတော် | ၂၁၉ |
| ၁၁၀။ | ကသာသို့ ကြွလာသည့်ဗုဒ္ဓအံတော် | ၂၂၁ |
| ၁၁၁။ | သဗ္ဗမင်္ဂလိကဂါထာတော် | ၂၂၄ |
| ၁၁၂။ | ကာမဘုန်းတော်နှင့် ပြည့်စုံတော်မူပုံ | ၂၂၇ |
| ၁၁၃။ | ဗုဒ္ဓကိစ္စ ၅-ပါး | ၂၂၈ |
| ၁၁၄။ | နတ်,ဗြဟ္မာတို့၏ စည်းဝေးရာ ဗဟိုဌာနကြီး ဖြစ်သည် | ၂၃၂ |
| ၁၁၅။ | ဘာသာခြားစာပေတို့၌ ဗုဒ္ဓ၏အဆုံးအမများ စိမ့်ဝင်နေသည် | ၂၃၄ |
| ၁၁၆။ | ဥယျောဇဉ် | ၂၃၇ |
| ၁၁၇။ | ပဋ္ဌာနာသီသဂါထာများ | ၂၃၈ |


------- × -------

http://www.dhammadownload.com



## တည်းဖြတ်သူ၏ အမှာစာ

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး သာမန်လူတို့ ဖြည့်ကျင့်နိုင်ဖို့ မဆိုထားဘိ၊ ကြံ့စည်စိတ်ကူးကြည့်ဖို့ပင် ခဲယဉ်းလှသော ပါရမီ ၁၀-ပါး, အပြား-၃၀, စွန့်ခြင်းကြီး ၅-ပါး, စရိယတရားတို့ကို ခက်ခက်ခဲခဲ ဆင်းရဲ ပင်ပန်းစွာ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ကြ၍ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူကြကုန်သော ဘုရားမြတ်တို့၏ ဂုဏ်တော်,ကျေးဇူးတော်တို့သည်ကား ရေတွက်လို့ မကုန်၊ ချီးကျူးလို့ အားမရ၊ ကြည်ညိုလို့ မဝနိုင်အောင်ပင် များမြောင် ကွယ်ဝလှပါသည်။

ကျမ်းကျင်တတ်မြောက်၍ အနုပညာမျက်စိရှိသော ပန်းသည်တို့သည် အသွေးအရောင် စုံလင်စွာဖြင့် ဝေဝေဆာဆာဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးမှ လှပတင့်တယ်၊ မြတ်နိုးဖွယ်ရာ၊ ပန်းမာလာများကို စိတ်တိုင်းကျ ရွေးချယ်၍ အဆန်းတကျယ်ဖြစ်အောင် ပန်းခိုင်, ပန်းကုံးများကို သီကုံးကြသလို ဉာဏ်ပညာကြီးကျယ်ပြီး၊ သဒ္ဓါတရားစင်ကြယ်ကြသော ပညာရှိသူတော်ကောင်းကြီးများသည်လည်း သဗ္ဗညုဘုရားရှင်၏ မြတ်နိုးဖွယ်ရာ ဂုဏ်တော်အဖြာဖြာတို့ကို သဒ္ဓါပွင့်ဖူး၍ ဉာဏ်ကွန့်မြူးသလောက် ဖော်ကျူးပူဇော်ခဲ့ကြပါသည်။

ထိုသို့ ပညာရှင်အသီးသီးတို့က မည်မျှပင် ဖော်ကျူး၍ ပူဇော်ခဲ့ကြစေကာမူ ရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်များသည်ကား ပြည့်စုံသည်, ကုန်သည်ဟူ၍ မရှိပါ။ အသိဉာဏ်ကွယ်လေ, အံ့မခန်းနိုင်သည့် ဂုဏ်တော်တွေကို သိမြင်လေဖြစ်ပြီး ချီးကျူးပူဇော်လို့ မကုန်နိုင်အောင် ဖြစ်ကြရပါသည်။ ထို့ကြောင့် သက်တော်ထင်ရှား မြတ်စွာဘုရား၏ လက်ထက်တော်မှစ၍ ယခုခေတ်ကာလတိုင်အောင် ခေတ်အဆက်ဆက် သာသနာတော်တလျှောက်လုံး ပညာရှင်အသီးသီးတို့ ဖော်ကျူးဖွဲ့ဆိုခဲ့ကြသည့် အဖွဲ့အနွဲ့ အရေးအသားများသည် ဂါထာဖြင့် တစ်ချို့၊ ပို့ကဗျာဖြင့် တစ်ဖုံ, စုဏ္ဏိယစကားပြေဖြင့် တစ်နည်း၊ ကြီးကြီး, ငယ်ငယ်၊ ကျမ်းအသွယ်သွယ်တို့မှာ များစွာပင် ရှိခဲ့ပါသည်။

http://www.dhammadownload.com



# ဗုဒ္ဓ၏ဂုဏ်တော်များ

"ဗုဒ္ဓဂုဏပကာသနီ၊ သညီထင်ရှား၊ ဗုဒ္ဓ၏ဂုဏ်တော်များ"အမည်ရှိသော ဤကျမ်းစာသည်လည်း ထိုများစွာသော ကျမ်းတို့နည်းတူပင် သဒ္ဓါဖြိုးဝေ၊ ဉာဏ်မှီး စွေလျက် ဗုဒ္ဓ၏ဂုဏ်တော် ၉-ပါးအနက်၊ အဓိပ္ပါယ်များကို ထူးခြားစွာ ဖွင့်ဆို ရေးသားထားသည့် ဗုဒ္ဓါ'နုဿတိဘာဝနာ ကျမ်းတစ်ဆူပင် ဖြစ်ပါသည်။

ဤကျမ်းစာကို ပြုစုရေးသားသော ကျမ်းပြုပုဂ္ဂိုလ်သည် ဗုဒ္ဓါ'နုဿတိ-ဘာဝနာကို နှစ်ပေါင်းများစွာ မိမိကိုယ်တိုင်လည်း ပွါးများ၊ သူတစ်ပါးတို့အားလည်း ကြည်ညိုတတ်၊ ပွါးများတတ်အောင် ဟောပြောပြသလာခဲ့ရာ-

ချုပ်သင်းသူဌေး ဦးဘတင်၊

သူဌေးကတော် ဒေါ်ဒေါ်သိန်း

အမှူးပြုသည့် ဓမ္မပဋိဂ္ဂါဟက တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ရဟန်းသံဃာ တော်များကပါ ဓမ္မသဝနအမှု နာကြားခြင်း ပြုရုံမျှဖြင့် နှစ်သိမ့်အားရ ကျေနပ် ခြင်းမရှိကြပဲ အရှည်ထာဝရ တည်မြဲစေရန်နှင့် အလိုရှိသောအခါတွင် အလွယ် တကူ ဆွဲယူဖတ်ကြား၍ ဗုဒ္ဓါ'နုဿတိဘာဝနာ ပွါးများနိုင်ရန်အတွက် နှုတ်ဖြင့် ဟောကြားသည့်အတိုင်း စာအုပ် ၁-အုပ်ဖြစ်အောင် ရေးသားပေးရန် တောင်းပန် တိုက်တွန်းခဲ့ပါသည်။ ထိုသို့ အလေးပြုထိုက်သည့် ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်များက တောင်းပန်ကြသောကြောင့် ကျမ်းတစ်စောင်,တစ်ဖွဲ့ဖြစ်အောင် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

သို့သော်လည်း ကျမ်းပြုပုဂ္ဂိုလ်သည် မိမိရေးသားသည့် စာမူကို စာအုပ် အဖြစ်သို့ ရောက်သည်အထိ ဆောင်ရွက်မသွားနိုင်ပဲ ကောဇာသက္ကရာဇ် ၁၃၁၁-ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ကွယ်လွန်သည်မှာ အနှစ် ၃၀-ကျော်ပြီဖြစ်၍ ကျမ်းပြုပုဂ္ဂိုလ်ကို သိမှီသူများ အတော်နည်းသွားပါပြီ၊ ဤစာအုပ်ကို တွေ့ရသည့် အခါတွင် သိမီလိုက်သူများက "ကျမ်းပြုပုဂ္ဂိုလ်ဟာ မည်သူ, မည်ဝါ ဖြစ်ကြောင်း" ကို ကောင်းကောင်း သိကြမည်ဖြစ်သော်လည်း မသိ,မမီလိုက်သူတို့ကမူ "ဘယ်သူ ပါလိမ့်"ဟု ဇဝေဇဝါ ဖြစ်နေကြပါမည်။ ထို့ကြောင့် ဤဗုဒ္ဓဂုဏပကာသနီကျမ်း ဖြစ်ပေါ်လာပုံအကြောင်းကို မတင်ပြမီ ကျမ်းပြုပုဂ္ဂိုလ်၏အတ္ထုပ္ပတ္တိကို အနည်း ငယ်မျှ ဖော်ပြလိုပါသည်။

http://www.dhammadownload.com



ကျမ်းပြုပုဂ္ဂိုလ်မှာ ဆရာကြီး ဦးတေဇဝန်ပင် ဖြစ်ပါသည်။ ဆရာကြီး ဦးတေဇဝန်ဆိုလျှင် ရှေးက သာသနာရေးလောက၊ ဘာသာရေးလောကဌ် သိကြသူတို့သာ များပါသည်၊ အထူးအားဖြင့် အထက်မြန်မာပြည်မှ ပုဂ္ဂိုလ်တွေက ပို၍ သိကြပါလိမ့်မည်။ ဆရာကြီးကို မတွေ့ဖူး, မမြင်ဖူးကြစေကာမူ ဆရာကြီး ဦးတေဇဝန်-ဟူသော အမည်ကိုကား ကြားဖူးနေကြသည်သာ ဖြစ်ပါသည်။ ဤသို့ မတွေ့ဖူးသော်လည်း ကြားဖူးနေကြသည်မှာ ဆရာကြီးသည် မန်လည်ဆရာတော် ဘုရားကြီး၏ အားအထားရဆုံး ညာလက်ရုံးတပည့်ကြီးဖြစ်ပြီး အဟောကောင်း, အပြောကောင်း, စကားတတ်, စာတော်, နိုင်ငံကျော်ဓမ္မကထိက, ဂန္ထကာရက ပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ဆရာကြီးသည် ဒီပဲရင်း၊ ကိုးသန်းကိုဏ်းအုပ်၊ ရေဦးမြို့ ချမ်းသာကြီး ဆရာတော် ဘဝမှ ပရိသုဒ္ဓိပြု၍ လူဝတ်လဲခဲ့သော်လည်း ဝတ်ကြောင်ကို မဝတ်၊ ဆံမုတ်ဆိတ်ကို မထားပဲ ပိတ်ဖြူကို ဝတ်ဆင်၍ ခေါင်းတုံးနှင့်သာ တစ်သက်လုံး နေထိုင်သွားခဲ့သည်။ ဆရာကြီးကို ကြည်ညိုလေးစားကြသော တပည့်တပန်း ရဟန်း, ရှင်လူတို့က အဝတ်ကောင်း, အစားကောင်းများဖြင့် ပေးလှူကန်တော့ကြသည့်အခါတိုင်း "ကိလေသာခေါင်းပါးအောင် အာရုံ ၅-ပါး၊ ကာမဂုဏ်တရားတို့ကို စွန့်ပယ်ရန် တရားဟောနေသည့် ဓမ္မကထိကဆရာကြီးလုပ်နေပြီး ရဟန်းဝတ်ဖြင့် မနေနိုင်၍ လူ့ဘဝသို့ ရောက်လာစေကာမူ ကိလေသာတိုးပွါးကြောင်း၊ တပ်မက်ဖွယ်ကောင်းသည့် ဝတ်ကောင်းစားလှတို့ကို မဝတ်ဆင်ပါရစေနှင့်"ဟု ပြောပြလျက် မခံယူပဲ ငြင်းပယ်ခဲ့သည်ချည်း ဖြစ်ပါသည်။

ထို့ပြင် ရပ်ရေး, ရွာရေး, လူမှုရေးကိစ္စများနှင့် စီးပွါးရေးကိစ္စများကိုလည်း လုံးဝဖယ်ရှားလျက် ဘုရားရှင်လက်ထက်တော်က လူဓမ္မကထိကများ ဖြစ်ကြသည့် စိတ္တသူကြွယ်, ဥပါလိသူကြွယ်နှင့် ဓမ္မိကဥပါသကာ-စသည်တို့ကဲ့သို့ ဗုဒ္ဓ၏ တရားတော်များကို ဟောကြား၍သာ နေထိုင်ခဲ့လေသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရမင်းက တရားကို ပူဇော်သောအားဖြင့် ဆရာကြီးတစ်သက် မင်းရေး၊ မင်းမှု၊ အစုစု, အဝဝ၊ မင်းကိစ္စ-ဟူသမျှတို့မှ ကင်းလွတ်ခွင့် ပေးလှူခဲ့ပါသည်။

ဤကျမ်းစာကို ရေးသားရန် တောင်းပန်ကြသည့် ချပ်သင်းသူဌေး ဦးဘတင်နှင့် သူဌေးကတော် ဒေါ်ဒေါ်သိန်းတို့မူကား ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊

http://www.dhammadownload.com



ထန်းတပင် ဘူတာမှ ၁-မိုင်ခန့်အကွာရှိ ပုပ္ပါးရွာ၌ သုံးခန်းပတ်လည် ပျဉ်ထောင် ပျဉ်ခင်း, အုတ်ကျွတ်မိုး, ၂-ထပ်အိမ်ကြီးတစ်လုံးကို ဆောက်လုပ်လှူဒါန်းသည့် အပြင် ထန်းတပင်၊ ဇီးကုန်းနယ်အတွင်းရှိ မိမိပိုင် လယ်ယာမြေများကိုလည်း ဆရာကြီးအား လွှဲပြောင်းလှူဒါန်းပါသည်။ ထို့ပြင် လစဉ် ဆန်, ဆီနှင့် သုံးစွဲရန်ငွေ စသည်များကိုလည်း ထောက်ပံ့လှူဒါန်းထားပါသေးသည်။ ဤသို့ ချပ်သင်းသူဌေး က စားဝတ်နေရေးအတွက်၊ လိုလေသေးမရှိရအောင် ထောက်ပံ့လှူဒါန်းထား ခြင်းကြောင့် ဆရာကြီးမှာ ပူပန်စရာမရှိပဲ ရဟန်းဘဝနှင့် မခြား၊ တရားကိုသာ စိတ်အေးလက်အေး ဟောကြားနေနိုင်ခဲ့လေသည်။

ဆရာကြီး၏ရဟန်းဘွဲ့မှာ ဦးတေဇဝန္တ ဖြစ်သည်။ ရဟန်းအဖြစ်ကို စွန့်၍ လူဝတ်လဲသည့်အခါတွင် တပည့်များက ဆရာကြီး-ဟု ခေါ်ကြပြီး သီတင်းသုံးဖော် ဆရာတော်များကမူ မိမိတို့နှုတ်ကျိုးနေသည့်အတိုင်း ဦးတေဇဝန်-ဟူ၍သာ ခေါ်ကြပါသည်။ ထို့ကြောင့် အခြားသူများကလည်း တပည့်များခေါ်သည့် အတိုင်း ဆရာကြီး-ဟူ၍လည်းကောင်း၊ ဦးတေဇဝန်-ဟူ၍လည်းကောင်း လိုက်၍ ခေါ်ကြပါသည်။ ဆရာကြီးကိုယ်တိုင်ကလည်း ယင်းသို့ ခေါ်သည်ကိုသာ သဘောကျသဖြင့် လူထွက်လာသော်လည်း လူနာမည်ကို မမှည့်ခဲ့ပါ။

ဆရာကြီးကို အဘ ဦးချစ်စု၊ အမိ ဒေါ်ကောက်တို့မှ ၁၂၄၉-ခုနှစ်၊ တပို့တွဲ လဆန်း၊ ၂-ရက်၊ စနေနေ့တွင် ရေဦးမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း ၂-ဦး သာရှိရာ ဦးဘိုးလူသည် ဆရာကြီး၏ညီအရင်း ဖြစ်၏။ ရေဦးမြို့၊ ကမ္ဘားယံဆရာတော် ဦးစန္ဒသည် ဦးလေးအရင်းဖြစ်ပြီး ဒိပဲရင်း၊ ကိုးသန်းဂိုဏ်းချုပ်၊ ချမ်းသာကြီး ဆရာတော်ကြီး ဦးဧသိကသည် ဆရာကြီး၏ ဥပဇ္ဈာယ်ဆရာတော် ဖြစ်ပါသည်။ ဆရာကြီးတို့ ညီ,အစ်ကို ၂-ယောက်ကို ဘိုး,ဘွားများက ဦးလေးတော်ဘုန်းကြီး၏ ကျောင်း၌ ရှင်သာမဏေပြုပေးခဲ့ကြသည်။ သာမဏေရှင်တေဇဝန္တ၏ ရုပ်လက္ခဏာနှင့် ဉာဏ်စွမ်းဉာဏ်စကို အကဲခတ်၍ ချမ်းသာကြီးဆရာတော်က ကမ္ဘားယံ ဘုန်းကြီး ထံမှ တောင်းယူ၍ ရှင်တေဇဝန္တကို ပညာသင်ကြားပေးပြီး ပြုစုပျိုးထောင်ခဲ့သည်။

ရှင်တေဇဝန္တသည် ရဟန်းဖြစ်သည်အထိ ချမ်းသာကြီးဆရာတော်ထံ၌ ပညာသင်ယူခဲ့ပြီး ရဟန်းဖြစ်သည့်အခါတွင် ဥပဇ္ဈာယ်ဆရာတော်ကြီးက သူငယ် ချင်းဖြစ်သူ မန္တလေးမြို့၊ ရွှေရေးဆောင်ဆရာတော် ဦးကြည်ထံသို့ ကိုယ်တိုင်

http://www.dhammadownload.com



လိုက်၍ အပ်နှံပေးပါသည်။ ချမ်းသာကြီးကျောင်းဒါယကာ ဦးဝန်ကြီးနှင့် ကျောင်းအမ ဒေါ်မိုးသက်တို့သည် ဦးတေဇဝန်၏ ရဟန်းဒါယကာ, ရဟန်းဒါယိကာမများ ဖြစ်ကြသည်။

ဆရာကြီးသည် ရွှေရေးဆောင်ဆရာတော်နှင့် အခြားသော စာချဆရာတော်များထံ၌ စာဝါများကို ဆိုဝါအဖြစ်ဖြင့် စာဆို၍ ပညာသင်ယူခဲ့ပြီးနောက် ဝိနည်းအဆုံးအဖြတ်၌ ကျွမ်းကျင်နိုင်နင်းတော်မူသောကြောင့် ထိန်တောဥပါလိဟူ၍ ကျော်ကြားနေသော ကန့်ဘလူမြို့၊ အဂ္ဂမဟာပဏ္ဍိတ ထိန်တောဆရာတော်ဘုရားကြီးထံ၌ ဝိနည်း ၅-ကျမ်းပါဠိတော်, အဋ္ဌကထာ, ဋီကာကြီးများကို ထပ်မံ၍ ဆည်းပူးလေ့လာသည်။ ထို့နောက် မန်လည်သို့ သွား၍ မန်လည်ဆရာတော်ဘုရားကြီးထံ၌ ဥဂ္ဂဟ, ပရိပုစ္ဆာ, ဝိနိစ္ဆယ-ဟူသော ပညာသင်ယူခြင်း ၃-မျိုးတို့တွင် ပရိပုစ္ဆာ, ဝိနိစ္ဆယ သင်ယူခြင်း ၂-မျိုးတို့ဖြင့် သင်ယူလျက် နေထိုင်ခဲ့သည်။

ထိုအချိန်က မန်လည်ဆရာတော်ဘုရားကြီးသည် မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်ကျမ်းကြီးကို ကြိုးပမ်းပြုစုနေဆဲ ဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် တစ်နေ့တာ မိမိရေးသားပြီးသော စာများကို ညနေ ၄-နာရီ၊ ၅-နာရီခန့်တွင် ကုလားတက် (ကလဒက်) ခေါက်၍ ဆရာကြီးကို ခေါ်ပြီးလျှင် ဖတ်ကြားစေသည်။ ဆရာကြီးဖတ်ကြားစဉ် ဂရုစိုက်၍ နားထောင်သည်။ ထို့နောက် ဆွေးနွေးဝေဖန်စေပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်တော်မူကြောင်း ကြားသိမှတ်သားရဖူးပါသည်။

မန်လည်တွင် ၅-နှစ်နေထိုင်ခဲ့ပြီး ဥပဇ္ဈာယ်ချမ်းသာကြီးဆရာတော်ကြီး ပျံလွန်သောကြောင့် ရေဦးမြို့သို့ ပြန်လာ၍ ကျောင်းထိုင်ရသည်။ ကျောင်းထိုင်ဘုန်းကြီးအဖြစ်သို့ ရောက်သောအခါတွင် တပည့်များကို စာပေပို့ချပေးပြီး ဒါယကာ၊ ဒါယိကာမများကို တရားဟောသည်။ ရေဦးမြို့၌ ရှေးကစာသင်တိုက်ဟူ၍ မရှိချေ။ ဆရာကြီး၏လက်ထက်သို့ ရောက်မှသာ စာသင်တိုက်များ စတင်ပေါ်ပေါက်လာသည်။ ယခု ရေဦးမြို့ပေါ်မှ ချမ်းသာကြီး၊ လေးထပ်ကြီး၊ ဝါဆို၊ ကမ္ဘားယံ-စသည့် စာသင်တိုက်များသည် ဆရာကြီး၏ တပည့်စဉ်ဆက်တို့မှ တိုးတက်ပေါက်ဖွားလာသည့် စာသင်တိုက်များသာ ဖြစ်ကြပါသည်။

http://www.dhammadownload.com



## ဗုဒ္ဓ၏ဂုဏ်တော်များ

မန်လည်ဆရာတော်ဘုရားကြီးသည် တပည့်ဖြစ်သူ ဦးတေဇဝန်အား ဉာဏ်လက်ရုံးပမာ အားထားတော်မူသောကြောင့် ကျောင်းထိုင်ဘုန်းကြီးဖြစ်၍ တစ်မြို့တစ်ရွာစီ နေထိုင်ရသော်လည်း သာသနာရေးကိစ္စများဖြင့် အောက်မြို့ အောက်ရွာ-စသည့် ဒေသတပါးသို့ ခရီးထွက်ရသည့်အခါတိုင်း မိမိနှင့်အတူ ခေါ်ဆောင်သွားလေ့ ရှိပါသည်။ ဤသို့ ဆရာတော်ဘုရားကြီး ကိုးစားအားထား တော်မူသည့် တပည့်ကြီးဖြစ်သည့်အတိုင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ သည့်အခါတွင် ဒုတိယမန်လည်ဆရာတော်(ဆရာတော်ဖြိုး)က ဆရာကြီးကိုပင် မန်လည်မဟာထေရုပ္ပတ္တိကို ရေးသားစေပြီး ဋီကာကျော်နိယံနှင့် ပကိဏ္ဏကနိယံ ကျမ်း၊ ပညာဝိမံသနကထာကျမ်းတို့ကို ပြင်ဆင်တည်းဖြတ်စေ၍ ပုံနှိပ်ထုတ်ဝေ ရန် တာဝန်ပေးခဲ့ပါသည်။

ဆရာကြီးသည် မန်လည်မဟာထေရုပ္ပတ္တိအပြင် အဂ္ဂမဟာပဏ္ဍိတ ထိန်တောဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိဖြစ်သော ရတနာစမ္မဒီပနီကျမ်းနှင့် ဗြဟ္မဒဏ်၏ ယထာဘူတဝိနိစ္ဆယတို့ကိုလည်း ပြုစုရေးသားခဲ့ကြောင်း သိရ၏။ ထို့ကြောင့် ဆရာကြီး(ဦးဇေတဝန်)၏ အရည်အချင်းကို သိတော်မူကြသော မဟာသံဃရာဇာ သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် သုဓမ္မာဆရာတော် ကြီးများသည် ချမ်းသာကြီးဆရာတော် ဦးတေဇဝန္တ(ဆရာကြီး)အား ရေဦးမြို့၊ ဒီပဲရင်း၊ ကိုးသန်းနယ်၏ ဂဏာစရိယ၊ ဂဏပါမောက္ခ၊ ကမ္မာကမ္မဝိနိစ္ဆယ ဂိုဏ်းအုပ်ဆရာတော်အဖြစ် ခန့်အပ်တော်မူခဲ့ကြပါသည်။

ဆရာကြီးသည် လူ့ဘဝသို့ရောက်သည့်အခါ၌ကား မိမိနာမည်ဖြင့် ကျမ်းစာများရေးသားရန် ဆန္ဒမရှိဖြင့် မရေးသားတော့ပါ။ ဒဠှမိတ္တ-မိတ်ဆွေရင်းချာ ကြီးများဖြစ်ကြသည့် ဝန်းသိုမြို့၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဗောဓိဆရာတော် ဦးဂန္ဓမာနှင့် ရွှေဘိုမြို့၊ ပခန်းဆရာတော် ဦးဒေဝိန္ဒတို့ ပြုစုရေးသားသည့် ကျမ်းတို့၌ သာ အကူအညီများပေးခဲ့ကြောင်း သိရပါသည်။

ထို့ပြင် မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဝိုင်း၏ အာပတ္တာဝိကရုဏ်းမှုခင်း၌ သုဓမ္မာဝင်ဆရာတော်ကြီး များက စောဒက၊ စုဒိတကနှင့် သက်သေများကို စစ်ဆေးပြီးလျှင် ၎င်းတို့၏

http://www.dhammadownload.com



ထွက်ဆိုချက် အပြည့်အစုံကို မိတ္တူပွါးလျက် နယ်မှ သုဓမ္မာဝင်ဆရာတော်ကြီးများ ထံသို့ ပေးပို့၍ ထင်မြင်ချက်, ဆုံးဖြတ်ချက်ကို တောင်းခံခဲ့ပါသည်။ ထိုတောင်း ခံလွှာသည် ကသာခရိုင်မှ သုဓမ္မာဝင်ဆရာတော်ကြီးများထံသို့လည်း ရောက်ရှိ ခဲ့ရာ ကသာသုဓမ္မာဆရာတော်ကြီးများက ဆရာကြီးဦးတေဇဝန်ကို မှာကြား၍ အကူအညီတောင်းခဲ့ကြသည်။ ထို့ကြောင့် ထိုအာပတ္တာမိကရုဏ်း ဝိနိစ္ဆယကို လည်း ကူညီရေးသားပေးရကြောင်း သိရပါသည်။

မလွှဲသာ မရှောင်သာသဖြင့် မိမိအမည်ဖြင့် ရေးသားခဲ့သည့် စာပေ များကိုလည်း အနည်းငယ်မျှသာ ရှာဖွေ၍ တွေ့ရပါသည်။

၎င်းတို့မှာ–

၁။ သရက်ခေါင်းရွာ ကျောင်းဆရာကြီးဦးနီနှင့် ကြာဖက်ကံကြီးရွာ အလှူ ဒါယကာ ဦးကံရှိတို့က တောင်းပန်ကြသဖြင့် ရေးသားသော **သာသန-ဒါယာဒဓမ္မကထာ၊**

၂။ ချောင်းကံရွာ ဘုန်းကြီးဦးပဏ္ဍိတကို ဆုံးမသည့် **ပဏ္ဍိတောဝါဒကထာ၊**

၃။ ထန်းတပင် ဇီးကုန်းနယ်တွင် သာသနာ့ဝန်ထမ်း ရဟန်းသံဃာများကို ဆဲရေးတိုင်းထွာ၊ စောင်းချိတ်ပုတ်ခတ်လျက် ဟောပြောနေသော ဆရာဘ ဆိုသူအား အကြောင်းပြု၍ ရေးသားထားသော **အဓမ္မဝါဒီနိဂ္ဂဟ၊ အဓမ္မဝါဒ ပဗ္ဗာဇနီယစာတမ်းနှင့်**

၄။ **ဗုဒ္ဓဂုဏပကာသနီကျမ်း**တို့ ဖြစ်ပါသည်။

ဤဗုဒ္ဓဂုဏပကာသနီကျမ်းကို ချပ်သင်းသူဌေး ဦးဘတင်နှင့် ဒေါ်ဒေါ် သိန်းတို့က တောင်းပန်သောကြောင့် ရေးသားခြင်းဖြစ်သော်လည်း ဒုတိယ ကမ္ဘာစစ်ကြီး၏ နောက်ပိုင်းတွင် ဦးဘတင်တို့က ရန်ကုန်သို့ ရွှေ့ပြောင်းသွားကြ ပြီဖြစ်၍ လူချင်းအဆက်အသွယ် ပြတ်နေသောကြောင့် စာအုပ်အဖြစ် မရိုက်နှိပ် ရသေးပါ။

ဆရာကြီးသည် ၁၃၁၀-ပြည့်နှစ်တွင် ကျန်းမာရေး မကောင်းသော ကြောင့် မွေးရာဇာတိမြေဖြစ်သည့် ရေဦးမြို့သို့သွား၍ ဆေးဝါးကုသမှုကို

http://www.dhammadownload.com



ခံယူခဲ့သည်။ ကျန်းမာရေးကောင်းမွန်သောအခါတွင် ရေဦးမြို့ပေါ်နှင့် အနီးဝန်းကျင်မှ တပည့်ဘုန်းတော်ကြီးများက ဖိတ်ခေါ်ကြသဖြင့် လှည့်လည်သွားလာပြီး တရားဟောခြင်း၊ ဆွေးနွေးမေးမြန်းလာကြသော ခက်ဆစ်ခက်ရာ၊ ပြဿနာများကို ဆွေးနွေးမေးမြန်းကြသူတို့ ကျေနပ်သဘောကျသည်အထိ ရှင်းလင်းဖြေကြားခြင်း စသည်တို့ကိုပြုလျက် စိတ်အေးလက်အေး နေထိုင်ခဲ့သည်။ ၁၃၁၁-ခုနှစ်၊ နတ်တော်လတွင် ရေဦးမြို့၊ ဓမ္မာရုံကျောင်းတိုက်၌ နေထိုင်စဉ် တပည့်ဖြစ်သူ ဓမ္မာရုံဆရာတော်၊ ကျောင်းဆရာကြီး ဦးလူဆောင်၊ ဦးဘသိုင်းစသည်တို့နှင့် ညအချိန် တရားဆွေးနွေးဟောကြားရင်း အအေးမိသွားသောကြောင့် အဖျားဝင်လာပြီး ၁၃၁၁-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်၊ စနေနေ့တွင် ထိုကျောင်း၌ပင် ကွယ်လွန်သွားခဲ့ပါသည်။

ကွယ်လွန်ချိန်တွင် အသက် ၆၂-နှစ်သာ ရှိသေး၏။ သာသနာပြုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်သည့် အရွယ်ကောင်းပင် ရှိပါသေးသည်။ သို့သော်လည်း ထိုအချိန်က ရောင်စုံသောင်းကျန်းသူများ ထကြွသောင်းကျန်းနေကြပြီး ရဲဘော်ဖြူများနှင့် အလံနီကွန်မြူနစ်များ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်နေချိန်ဖြစ်၍ ဆေးဝါးမရှိ၊ ဆရာဝန်မရှိသည့် ခေတ်ပျက်ကာလဖြစ်နေသောကြောင့် ဆုံးရှုံးပျက်စီးရခြင်း ဖြစ်ပါသည်။ ဇနီးဒေါ်အေးချို့နှင့် သား,သမီး ၇-ယောက် ကျန်ရစ်ခဲ့ရာ ဤအမှာစာရေးသူမှာ စတုတ္ထမြောက်သား ဖြစ်ပါသည်။

ဆရာကြီးကွယ်လွန်ပြီးနောက် ဓမ္မာရုံဆရာတော်ဦးသောမ-က "ဆရာကြီးရေးသားသည့် ဗုဒ္ဓဂုဏပကာသနီကျမ်း စာမူရှိသည်"ဟု ပြောဖူးသည်။ "၎င်းစာမူများကို ဘုန်းကြီးကြည့်ချင်သည်၊ ဘုန်းကြီးအား ပေးပါ၊ စာအုပ်ဖြစ်အောင် တာဝန်ယူပြီး ရိုက်နှိပ်ပါမည်"ဟု ကတိပြုလျက် တောင်းပါသည်။ ယုံကြည်အားကိုးစွာဖြင့် စာမူကို ပေးအပ်ခဲ့ရာ စာအုပ်ဖြစ်မလာပဲ စာမူသာလျှင် ခြစားပြီး ပျက်စီးဆုံးရှုံးသွားကြောင်း သိရပါတော့သည်။ ခွင့်မလွှတ်ထိုက်သည့် တာဝန်မဲ့ပေါ့ဆမှု အပြစ်ကြီး ဖြစ်ပါသည်။ ၎င်းစာမူမှာ ပုံနှိပ်ရန်အတွက် ပြင်ဆင်ထားသည့် စာမူအချော ဖြစ်ကြောင်း သိရပါသည်။

ယခုစာမူမှာ ဆရာကြီး၏ စာအုပ်စာတမ်း, စာတိုစာစများကို မွှေနှောက်ရာမှ ရသည့် အကြမ်းရေးထားသော စာမူဖြစ်ပါသည်။ စက္ကူများ ဟောင်းနွမ်း

http://www.dhammadownload.com



ပျက်စီးနေပြီး စာလုံးများမှာလည်း ခဲဖြင့်ရေးထားခြင်း ဖြစ်သောကြောင့် ခပ်မှုန်မှုန်သာ ထင်ပါတော့သည်။ ပုဂံကျောက်စာကို ဖတ်ရသကဲ့သို့ ကြိုးစားပမ်းစား ဖတ်၍ ရေးကူးရပါသည်။ ရေးကူးပြီး စာမူကို ရန်ကုန်မြို့၊ အဂ္ဂမဟာပဏ္ဍိတ၊ မိုးညှင်း ဝိပဿနာတိုက်သစ်ဆရာတော်အား ပြသ၍ အကျိုးအကြောင်းကို လျှောက်ထားရာ ဆရာတော်က ဝမ်းမြောက်ဝမ်းသာ လက်ခံဖတ်ရှုတော်မူပါသည်။ ဖတ်ရှုပြီးနောက် “ဤကျမ်းစာသည် ‘အပ္ပသန္နာနံ ပသာဒါယ၊ ပသန္နာနံ ဝါ ဘိယျော-ဘာဝါယ’ဟု ဒေသနာတော်လာရှိသည့်အတိုင်း မြတ်စွာဘုရား၌ မကြည်ညိုတတ်သေးသူ တို့ ကြည်ညိုတတ်အောင်၊ ကြည်ညိုပြီးသူတို့ တိုး၍ကြည်ညိုလာအောင် ရေးသား ဖော်ပြထားသည့် ကျမ်းကောင်းဖြစ်သည်၊ စာအုပ်ဖြစ်အောင် ဆရာတော် စီစဉ်ပေးမည်”ဟု မိန့်ကြားလျက် ကိုယ်တိုင်ပြင်ဆင်၊ ကိုယ်တိုင် အမှာစာ ရေးသား ချီးမြှင့်တော်မူ၍ ၁၃၂၂-ခုနှစ်က အုပ်ရေ ၁,၀၀၀-ရိုက်နှိပ်ပြီး ဓမ္မဒါန ပြုခဲ့ပါသည်။

ထိုပထမအကြိမ် ရိုက်နှိပ်စဉ်က ပြင်ဆင်တည်းဖြတ်ငြားသော်လည်း ဟောင်းနွမ်းပျက်စီးနေသည့် စာမူကြမ်းမှ ကူးယူရိုက်နှိပ်ရခြင်းဖြစ်သောကြောင့် ချို့ယွင်းချက်အချို့ ရှိခဲ့ပါသည်။ ယခုအကြိမ်တွင်မူ မိုးညှင်းတိုက်သစ်ဆရာတော်ဘုရားထံမှ ခွင့်ပြုချက်ကို ယူပြီးလျှင် ဤအမှာစာရေးသူက မိမိစွမ်းအားရှိသမျှ ကြိုးစား၍ ပြင်ဆင်ထားပါသည်။ ပြင်ဆင်ရာတွင်–

၁။ သာဓကအဖြစ် ကိုးကားထားသည့် ပါဠိများကို ပါဠိတော်, အဋ္ဌကထာတို့မှ ရှာဖွေ၍ ခေတ်နှင့်အညီ ကျမ်းညွှန်းများ ထည့်ပေးခြင်း၊

၂။ အနက်မပေးပဲထားသည့် သာဓကပါဠိအချို့ကို အနက်ပေးခြင်း၊

၃။ ပါဠိစာပေ မတတ်သည့် လူပုဂ္ဂိုလ်များ ဖတ်ရှုနားလည် လွယ်စေရန်အတွက် သာဓကအကိုးအကား မပြပဲ သဘောအဓိပ္ပါယ်သက်သက်ကိုသာ ရေးထားသည့် နေရာအချို့၌ ပါဠိစာပေတတ်ပုဂ္ဂိုလ်တို့အတွက် ပိုမိုလေးနက်စေရန် သာဓကပါဠိများ ရှာဖွေထည့်သွင်းလျက် အနက်ပေးခြင်း၊

http://www.dhammadownload.com



၄။ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် စာလုံးပေါင်းသတ်ပုံနှင့် ညီညွတ်စေရန် စာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအချို့ကို အနည်းငယ် ပြုပြင်ခြင်း၊

၅။ ခေါင်းစဉ်ကလေးများ တပ်ပေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့ပါသည်။

ကံကောင်းထောက်မသဖြင့် ဆုံးရှုံးပျက်စီးလုဆဲဆဲ စာမူတစ်ခုကို (လက်မတင်ကလေး) ရှာဖွေတွေ့ရှိပြီး ခက်ခက်ခဲခဲ ကူးယူ၍ ကြိုးစားပမ်းစား ပြင်ဆင်ပြီးသော်လည်း ချို့ယွင်းချက်၊ လိုအပ်ချက်များ ရှိကောင်း ရှိနေပါဦးမည်။ တွေ့ရှိပါက မေတ္တာဖြင့်ပြင်ဆင် ဖြည့်စွက်၍ ဖတ်ရှုကြပါရန် ပန်ကြားအပ်ပါသည်။

**အရှင်ခေမိန္ဒသာမိ**

ဂဏဝါစက၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ
သာသနာနုဂ္ဂဟကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ရန်ကုန်မြို့။
၁၃၄၅-ခု၊ တော်သလင်းလပြည့်နေ့။

## တတိယအကြိမ်ရိုက်အမှာစာ

ဒုတိယအကြိမ်ရိုက် ဗုဒ္ဓ၏ဂုဏ်တော်များကျမ်းစာမှာ ကုန်သွားပြီဖြစ်ပါ၍ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ သာသနာနုဂ္ဂဟကျောင်း ပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော်ဘဒ္ဒန္တခေမိန္ဒသာမိ အရှင်မြတ်၏ ဤကျမ်းစာ အဆက်မပြတ်ရှိနေစေလိုသော ဆန္ဒအရ မရှင်အေးမြအောင်နှင့် မရှင်ဖူးဝေအောင်တို့၏ မွေးနေ့မင်္ဂလာ ပစ္စယာနုဂ္ဂဟဖြင့် ဤတတိယအကြိမ်ကို ရိုက်နှိပ်ပါသည်။

**ဗုဒ္ဓစာပေအဖွဲ့**
(၁၄-၈-၂၀၁၀)

http://www.dhammadownload.com



## ပထမအကြိမ် တည်းဖြတ်ရိုက်နှိပ်၍ ဓမ္မဒါနပြုတော်မူသော နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ မိုးညှင်းဝိပဿနာတိုက်သစ်ဆရာတော်၏

### အမှာစာ

ဤဂုဏ်တော်ဖွင့်ကျမ်း ရိုက်နှိပ်ဖြစ်ပေါ်လာရန် သန္တိကေနိဒါန်း အနီးဆုံးသော အကြောင်းလမ်းကား၊ လွန်ခဲ့သော ၁၂၉၀-ခု၊ နှစ်ပေါင်း ၃၀-ကျော်တွင် လောကုတ္တရာစာပေ သင်ကြား၍ နေစဉ်က ငါတို့၏မွေးဖွားရာဇာတိဖြစ်သော ရေဦးမြို့တွင် သာသနဒါယကာ ဓမ္မသောကမင်းကြီး၏ကောင်းမှု၊ တည်ထားပြုခဲ့သည်ဟု အစဉ်အလာ၊ ရှေးရှေးသော သူဟောင်းအဆက်ဆက်တို့ ပြောစမှတ်ပြုခဲ့သော ထင်ရှားကျော်ဟီး၊ ရှင်ပင်ချမ်းသာကြီးဟူ၍ ဘွဲ့မည်ရသော စေတီတော်ကြီး တစ်ဆူ ရှိသတည်း။ ထိုစေတီတော်ကြီးကို အစွဲပြု၍ တည်ဆောက်ဖြစ်ပေါ်လာသော ကျောင်းတိုက်ကြီးသည်လည်း ချမ်းသာကြီးကျောင်းတိုက်ဟု ထင်ရှားစွာရှိလေ၏။

မှတ်ချက်။ ။ယခုမျက်မှောက် ရောက်ဆဲခေတ်တွင် ပရိယတ္တိမိုးကြီး နေ့စဉ်ရွာသွန်းဖြိုးလျက် စာသင်သားသံဃာတော် ၁၀၀-ကျော်တို့နှင့် လည်းကောင်း၊ သံဃာ့အာရာမ်ကျောင်းကန် တိုက်တာများစွာ တင့်တယ် ကြည်ညိုဖွယ်ရာတို့ဖြင့် အလွန်ကျော်ကြားထင်ရှားသော ချမ်းသာကြီး ပါဠိတက္ကသိုလ်ကြီးပင် ဖြစ်သတည်း။

ထိုချမ်းသာကြီးကျောင်းတိုက်တွင် ထိုစဉ်အခါက ဒီပဲရင်း၊ ကိုးသန်းဂိုဏ်းချုပ် ဆရာတော်ကြီး၏ သဒ္ဓိဝိဟာရိကတပည့်ကြီးလည်း ဖြစ်သည့်ပြင် ဇမ္ဗူမဆန့် ပျံ့နှံ့ထင်ပေါ် မကာရလောပအကျော် မန်လည်ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက တပည့်အရင်း အကြီးအကဲလည်းဖြစ်၍ ပရိယတ်, ပဋိပတ် နှံ့စပ်ဂုဏ်အင် စုံလင်တတ်မြောက်သည့်ပြင် မြတ်စွာဘုရားရှင် ရွှေလက်ထက်တော်က မန္တာနီပုတ္တမထေရ်၊ ကုမာရကဿပမထေရ်၊ ဝင်္ဂီသမထေရ်တို့ကဲ့သို့

http://www.dhammadownload.com



ဓမ္မကထိကတရားဟောသောအရာတွင် ဆန်းကြယ်ပြေပြစ်၊ ကျစ်လျစ်သိမ်မွေ့၊ ချမ်းမြေ့သာယာ၊ နားချမ်းသာသော စကားတို့ဖြင့် နက်နဲခက်ခဲသော **အဘိဓမ္မာစကား၊ အဘိဓမ္မာ**တရားတို့ကို စာမတတ်သူများပါ သိကြားနားလည်လွယ်အောင် သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာဓကယုတ္တိ၊ ဥပမာ, ဥပမေယျနှင့် နှိုင်းညှိ၍ ဟောပြောလေ့ရှိသော ချမ်းသာကြီးဆရာတော် ဦးတေဇဝန္တမဟာထေရ်မြတ်သည် ဟောကြားသည့်အတိုင်း နောင်လာနောက်သားတို့အား အကျိုးများရစ်အောင် ရေးသားပြီးနောက်တွင် "သဗ္ဗေ မစ္စုဝသံ ဂတာ" ဒေသနာအရ စာအုပ်အဖြစ် ရိုက်နှိပ်ရန်ပင် အချိန်မရှိ၊ သေမင်း၏နိုင်ငံသို့ ဝင်စံတော်မူခဲ့ရရှာလေသတည်း။

ယခုရောက်ဆဲ ၁၃၂၂-ခုနှစ်၊ ဝါဆိုလအချိန်တွင် ထိုရေးသားရင်းစာမူကို ကျမ်းပြုဆရာ၏ အရင်းနှီးဆုံးဖြစ်ကြသော တပည့်တပန်း ရဟန်းတော်များက ထိုရေးသားရင်း ကျမ်းစာမူရင်း မမြုပ်စေပဲ ဖော်ထုတ်သောအားဖြင့် ကျေးဇူးတုံ့ပြန် ဆပ်ကြရန် ရည်သန်တောင့်တသည်ကတစ်ကြောင်း၊ ဗုဒ္ဓသရဏဂုံ၏ အနက်အဓိပ္ပါယ်ကို ကြားဖူးနားဝ ရှိကြသော်လည်း ကျမ်းစာအုပ်အဖြစ်ရောက်က အသစ်တစ်ဖန် ထပ်မံဖတ်ကြားသော် သဒ္ဓါတရားနှင့် ဉာဏ်ပညာတိုးပွါးရန်၊ ရည်သန်ကြသည့် ချုပ်သင်းသူဌေးကြီး ဦးဘတင်၊ သူဌေးကတော်ကြီး ဒေါ်ဒေါ်သိန်း၊ သားသမက်ဖြစ်သူ ပါလီမန်အတွင်းဝန် ဦးချမ်းသာ (အိုင်၊ စီ၊ အက်စ်)တို့က လျှောက်ထားကြသည်တဝ၊ မိမိ၏သမ္မာဆန္ဒမှာလည်း ဗုဒ္ဓဘာသာဝင် သူတော်စင်တို့နှင့် အလွန်ပင် လျော်ကန်သင့်မြတ် ကြည့်ရှုမှတ်သားအပ်သည်ဟု ယုံကြည်သောသဒ္ဓါတရား, ကောင်းမြတ်သောစိတ်ထား ရှိ၍လည်းကောင်း၊

- ချုပ်သင်းသူဌေးကြီး စည်သူဦးဘတင်၊ သူဌေးကတော်ဒေါ်ဒေါ်သိန်းတို့နှင့်
- မုံရွာမြို့၊ မိုးညှင်းတောရဆရာတော်ဘုရားကြီး၏ ရာသက်ပန်အကျိုးတော်ဆောင်နှင့် ရန်ကုန်မြို့၊ဘောင်ဒရီလမ်း၊ မိုးညှင်းဝိပဿနာတိုက်သစ်ကြီး၏ တာဝန်ခံ အကျိုးတော်ဆောင်ချုပ် မြေပိုင်ရှင်ကုန်သည်ကြီး ဦးဘညွန့်+ဒေါ်မြရွှေ၊

http://www.dhammadownload.com



- ရန်ကုန်မြို့၊ ဟိုက်ကုတ်လွတ်တော် တရားဝန်ကြီး ဦးဘသောင်း၊ တရားဝန်ကြီးကတော် ဒေါ်မြင့်မြင့်၊
- ရေဦးမြို့၊ ကုန်သည်ကြီးဦးတု၊ ဒေါ်အေးညွန့်တို့၏-

သဒ္ဓါကြည်ဖြူ ကူညီလှူဒါန်းကြသော အထောက်အပံ့ကိုရ၍ ကြောင့်ကြစိုက်ထုတ်၊ သုတ်သင်ကြည့်ရှုကာ ပြီးဆုံးအောင် ပုံနှိပ်ဝေငှ၊ မြတ်လှသော ဓမ္မဒါနကို ပြုလိုက်ရပေသတည်း။

- ဤဓမ္မဒါနအလှူတော်ကြီးနှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ဤဓမ္မာနုဂ္ဂဟအလှူတော်ကြီးနှင့် စပ်သမျှ ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ။
- ဤဓမ္မဒါန၊ မြတ်ပုညကြောင့် အလိုရှိအပ်, တောင့်တအပ် မြတ်သောဆုနှင့် ပြည့်စုံရပါလို၏၊ ပြည့်စုံကြပါစေသော်။

မိုးညှင်းဝိပဿနာတိုက်သစ်ဆရာတော်

ရန်ကုန်မြို့

၁၃၂၂-ခု၊ တော်သလင်းလပြည့်နေ့။

http://www.dhammadownload.com



## နိဒါန်း

ရေဦးမြို့၊ ချမ်းသာကြီးတိုက်၊ ဒိပဲရင်း၊ မြေတူး၊ ခေါ်သန္တိ၊ သုံးလီမချို့၊ သုံးမြို့သော ဂိုဏ်းသံဃာတို့၏ အကြီးအမှူး ဦးစီးနာယက၊ ဂဏာစရိယ၊ ဂဏ-ပါမောက္ခဖြစ်တော်မူသော ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့်-

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မကာရလောပခေါ်၊ နိုင်ငံကျော်ဖြစ်တော်မူသော ကျေးဇူးရှင်မန်လည်ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မူလဝိသောဓနီ စသောများစွာသောကျမ်းတို့ကို ရေးသားတော်မူ၍ ဗဟုဂန္ထကာရကဖြစ်တော်မူသော ကန့်ဘလူမြို့၊ ထိန်တောဆရာတော်ဘုရားကြီးတို့၏ ဓမ္မန္တေဝါသိက တပည့်ဖြစ်၍,

ဎင်းဆရာတော်ဘုရားကြီးတို့၏ အထံမှ သင်ယူမှတ်သား ကြားနာခဲ့ရသော လဒ္ဓေါပဒေသ၊ နည်းနယကို မှီငြမ်းတစ်ခု သဲလွန်စပြုပြီးလျှင်၊ ကြည့်ရှုပို့ချအပ်ပြီးသော ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ လက်သန်း၊ ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ အဘိဓာန် အရပ်ရပ်သော ကျမ်းဂန် တို့နှင့်အညီ စီကုံးရေးသား ဟောကြား ဆုံးဖြတ်အပ်သော ဗုဒ္ဓဂုဏပကာသနီ အမည်ရှိသော ဤတရားကျမ်းစာကို သူတော်ကောင်းအများတို့ ကြားသိလိုက်နာရန်, ကျင့်ကြံဆောင်ရွက်ရန်, အားကိုးအားထားရာကြီးဇကန် အမှန်မုချအားဖြင့် 'ဤရတနာ ၃-ပါး ပါတကား'ဟု ပညာဉာဏ်ရှေ့သွားသော ယုံကြည်ခြင်း သဒ္ဓါတရားဖြင့် အားထားဆည်းကပ်၍ တရားမြတ်ရတနာကို ကျင့်ကြံကြပြီးလျှင် ဝဲသြဃဝဋ်အပြင်မှ၊ ဆောလျင်စွာ လွတ်ကင်း၍၊ ဘေးရှင်းရန်ကွာ၊ ခန္ဓာသမုတ်၊ နာမ်ရုပ် ၂-ပါး၊ ချုပ်ငြိမ်းသည့် နိဗ္ဗာန်မြတ်တရားကို မျက်မှောက်ပြုနိုင်ကြရန်, ထိုးထွင်းသော ဉာဏ်ဖြင့် သိနိုင်မြင်နိုင် ရောက်နိုင်ကြရန်, ရည်သန်တောင့်တသော ယောနိသော-မနသိကာရ သမ္မာဆန္ဒသဘောထားဖြင့် ရေးသားရခြင်း ဖြစ်ပေသည်။

ဤသို့ ရေးသားရခြင်းသည်လည်း "မိမိကိုယ်ကို ချီးမြှောက်လိုခြင်း အတ္တုက္ကံသနကြောင့်လည်း မဟုတ်၊ သူတစ်ပါးကို ကဲ့ရဲ့လိုခြင်း ပရဝမ္ဘနကြောင့်

http://www.dhammadownload.com



လည်း မဟုတ်၊ သူတော်ကောင်းတရားကို အားထုတ်ဆည်းပူးလိုသူတို့ အကျိုးငှါ အရပ်ရပ်လှည့်လည်၍ ဟောသမျှ တရားရတနာတို့ကို ဟောသည့်အတိုင်း အကျယ်ရေးသား၍ ပေးပါ"ဟု ချုပ်သင်းသူဌေးမင်းဦးဘတင်နှင့် သူဌေးကတော် ဒေါ်သိမ်းတို့က တောင်းပန်တိုက်တွန်းအပ်သည်ဖြစ်၍ ရေးသားရခြင်းသာဖြစ် ပေသည်။

ရှေးအထက်ကျော်ကာရီကလည်း ဟောတိုင်း,ပြောတိုင်း ရေးသားဖို့ရန် မကြာမကြာ ကြံစည်မိပါသော်လည်း 'ပိဋကတ္တယပါရဂူ၊ သဒ္ဒညူ၊ အတ္ထညူ၊ စင်ဖြူသောနှလုံး ရှိတော်မူကြသော -

- ဂန္ထကာရက၊ ပရိယတ္တိမာမက၊ သာသနဟိတရေ့ သာသနဟိတာစရိယ၊ လောကဟိတာစရိယ၊ လဋ္ဌိ'ပေသလ၊ သိက္ခာကာမ ဖြစ်တော်မူကြသော ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီး၊
- ကန့်ဘလူမြို့၊ ထိန်တောဆရာတော်ဘုရားကြီး၊
- အထူးအားဖြင့် သာသနာတော် တည်ထွန်းပျံ့နှံ့ရာ၊ ဇမ္ဗူဒီပါတစ်ကျွန်းလုံး ကြည့်ရှုနိုင်လောက်အောင် များစွာသော ပါဠိဘာသာကျမ်း၊ မြန်မာ ဘာသာ ဒီပနီကျမ်းတို့ကို ရေးသားတော်မူခဲ့သော လယ်တီဆရာတော် ဘုရားကြီး

အစရှိသော ဆရာတော်ဘုရားကြီးတို့၏ အရေးအသားထက် သိလွယ်, ပေါ်လွယ်သော အနက်အဓိပ္ပါယ် သဘောသဘာဝ ဝိနိစ္ဆယရှိနိုင်ကြအောင် မည်သူမျှ ထူး၍ ရေးနိုင်ကြတော့မည် မဟုတ်ပေတကား'ဟု စဉ်းစားမိသဖြင့် ရေးသားဖို့ကြံစည်သော အကြံနှင့်ရေးသားခြင်း လုံ့လ,ဝီရိယအားကို လျှော့ပြီးလျှင် 'နှုတ်ဖြင့်သာလျှင် ရောက်ရာရောက်ရာ အရပ်ဒေသတို့၌ တတ်စွမ်းနိုင်သမျှ ဟောပြောပြသလျက် ဓမ္မဒါနအလှူကို ကြည်ဖြူစွာ ပြုလုပ်၍ အားထုတ်နေ ပါတော့မည်'ဟု ရေးသားမှုကို လျစ်လျူရှုလျက် နေပါသော်လည်း-

တိုက်တွန်း တောင်းပန်သူ (တီ-ပီ-အက်စ်) ဘွဲ့ထူးရ ဘုရင်ခံကိုယ်တိုင်ခန့် မြန်မာနိုင်ငံ တစ်ခုလုံး၏ စက်မှုလက်မှုကြီးပွါးရေးကော်မတီမင်းဘား၊ သစ်စက်, ဆန်စက်ပိုင်ရှင်၊ ချုပ်သင်းသူဌေးမင်းနှင့် သူဌေးကတော်တို့၏ သဒ္ဓါ,ပညာ,

http://www.dhammadownload.com



စေတနာဓာတ်၊ ထူးမြတ်သော နှလုံးသွင်း၊ ပေးကမ်းခြင်းဒါန၊ ကျင့်သုံးခြင်း သီလနှင့် တရားနာခြင်း, တရားကျင့်ခြင်း ဓမ္မစရိယတို့သည် မည်ကာမတ္တ သာမညမဟုတ်။

မန္တလေး၊ စစ်ကိုင်း၊ မင်းဘူး၊ မုံရွာ၊ မိုးညှင်း၊ ချပ်သင်း၊ ဝေဒိသကတောင်၊ ဂူတောင်၊ ဦးကင်းကြည်တောင်၊ ပင်းသာ၊ တည်ပင်-စသော အရပ်ရပ်သော ဌာနတို့၌ ဆောက်လုပ်လှူဒါန်းအပ်သော ရေတွင်း၊ ရေကန်၊ ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဘုရား၊ စေတီ၊ အလီလီအဝဝသော၊ ထာဝရကုသိုလ်၊ အန္နဒါန၊ စီဝရဒါန၊ ဝိဟာရမဟာဒါန၊ အာမိသအလှူကြီးတို့ကို ပေးလှူသော အာမိသ-ပစ္စယဒါနမှုနှင့်၊ အားမရ, မရောင့်ရဲ၊ ချင်ရဲမကျေ၊ တင်းမတိမ် ကဿပမုနိ၏ လက်ထက်တော်အခါက တရားကို အမြဲရှာသော ဂဝေသီ ဥပါသကာ၏ ကျင့်ထုံးကဲ့သို့ ရဟန်း ဓမ္မကထိကပုဂ္ဂိုလ်ကို မဆိုထားဘိ၊ လူဓမ္မကထိက ပုဂ္ဂိုလ်တို့ကို ပင်သော်လည်း ဓမ္မာနုဂ္ဂဟ ဓမ္မပူဇာတရား ဒါယကာပြုလိုသော စေတနာဖြင့် လယ်ယာ, မိုးမြေ၊ ဆန်,ရေ,စပါး၊ အိမ်စသော အထောက်အပံ့များကို တရားဟော သမျှ၊ ကာလပတ်လုံး တရားကို ပူဇော်သည့် ရာဇဂြိုဟ်ပြည်သား ဂေါပက-မောဂ္ဂလာနပုဏ္ဏားကြီးထုံးကဲ့သို့ စွဲသုံးပူဇော်ခြင်း ဓမ္မာနုဂ္ဂဟ၊ ဓမ္မပူဇာကို ပြုလုပ် ထောက်ပံ့ခြင်း။

ပါဠိဘာသာ ပိဋကတ်၊ မြန်မာဘာသာ ပိဋကတ်၊ သုံးရပ်သောဘုရား စကားတို့ကို ရေးသားအပ်သော စာအုပ်အရေအတွက်ပေါင်း များစွာတို့ကို အရပ်ရပ်သော ကျောင်းတိုက်တို့၌ စာချ၊ စာသင် အရှင်မြတ်တို့ ကြည့်ရှုနိုင်ရန် အပ်နှံလှူဒါန်းခြင်း၊ ဓမ္မဒါနတို့ကို ပြုလုပ်လှူဒါန်းသည့်ပြင် ၃-ကြိမ်မြောက် ရရှိပြီး ဖြစ်သော အောက်လွှတ်တော်ဥပဒေပြု အမတ်ရာထူးကိုလည်း "ဗဟုကိစ္စ၊ ပလိ-ဗောဓကြီးမားလေစွ"ဟု သံဝေဂသဘောသွားဖြင့် ပယ်ရှားစွန့်လွှတ်ပြီးမှ ဝါရိတ္တ သီလ၊ ငါးဝသောအကျင့်ကို၊ နေ့စဉ်ကျင့်သုံးပြီးလျှင် တရားဟောဓမ္မကထိကတို့ ရောက်တိုင်း တရားနာခြင်း၊ ဥပေါသထသီလကို ၁၅-ရက် ပက္ခဉပုသ်၊ ၁-လ ဟု ဆိုအပ်သော မာသဉပုသ်ပြုလုပ်လျက် စောင့်သုံးခြင်း။

သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဘေးကြီးတို့မှ ကင်းလွတ်ရန် ကျမ်းဂန်များကို အိမ်၌ထား၍ ကြည့်ရှုခြင်း၊ တရားဟော ဓမ္မကထိကပုဂ္ဂိုလ်တို့ကို

http://www.dhammadownload.com



မကြာမကြာ ပင့်ဖိတ်၍ ဆွေးနွေးမေးမြန်ခြင်း၊ ကြားနာမှတ်သားခြင်း၊ ရုပ်, နာမ် ဓမ္မတို့၏အနိစ္စဖြစ်ပုံ၊ ဒုက္ခဖြစ်ပုံ၊ အနတ္တဖြစ်ပုံတို့ကို ကြည့်ရှုပွားများခြင်းတို့သည် အနုလောမဉာဏ်အနီးသို့ ရောက်သော သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ဖြစ်ဖူးသည်ကိုလည်း သိရ၏။

ဤသို့ ပွားများအားထုတ်၍ ပကတိသာဝက ဗောဓိဉာဏ်နှင့်ပင် ဤဘုရားရှင်၏ သာသနာတော်ဝယ် ပုထုဇဉ်တို့၏ ကိစ္စတုံး၍ အရိယာဇာတ် သုံးနိုင်အောင် ပြောလည်းပြော၊ ကျင့်လည်းကျင့်၊ သတိလည်းရ၊ သဘော လည်းထား၊ အမြတ်တရားရှာသည်တို့ကို တရားဟော ဓမ္မကထိကတို့ ကိုယ်တိုင် အကဲခတ်မိ၍လည်း သိရ၏။ ဝိညတ်ရုပ် အမူအရာရှိသည်ကိုလည်း မြင်ထင် လင်းအောင် မေးမြန်းသဖြင့် ဖွင့်ဟပြောဆိုသော အသံကိုလည်း ကြားရ သောကြောင့် ဝိသေသအာဇာနည်၊ မွန်ရည်သောနှလုံးသွင်း၊ ပါရမီစိတ်ထားရင်း ထက်မြက်သောအဘိယာစက တောင်းပန်သူ ပုဂ္ဂိုလ်များ၏ သူတော်ကောင်း တရားနှင့် ပြည့်စုံကြောင်းများကို ထင်ရှားသိရသဖြင့် လျစ်လျူရှု၍ မနေသာပဲ ဤကျမ်းစာတရားမြတ်ကို ရေးသားအပ်ပါသည်။

ဤသို့ ရေးသားဟောကြားအပ်သော ဗုဒ္ဓဂုဏပကာသနီ၊ သညီထင်ရှား၊ ဗုဒ္ဓဂုဏ်တော်များကို စာဖတ်ယင်း စဉ်းစားကာ ဉာဏ်ပွါးအောင် ကြည့်ရှုကြပြီးလျှင် ပဋိပတ်ကျင့်စဉ်ကို ထင်ထင်ကြီးကျင့်ကြ၍ သိအပ်သော ပဋိဝေဓ၊ မြတ်ဓမ္မကို၊ ယခုပစ္စက္ခဘဝ၊ ဤဘုရားသာသနာတော်ကာလ၌ပင် ပယ်အပ်သော ပဟာ- တဗ္ဗဓမ္မကို ဖယ်ဖျောက်လျက် မျက်မှောက်သိနိုင်ကြပါစေကုန်သော်။

ဦးတေဇဝန္တ

တရားဟောဓမ္မကထိက

http://www.dhammadownload.com

http://www.dhammadownload.com

ဗုဒ္ဓဂုဏပကာသနီ၊ သညီထင်ရှား

# ဗုဒ္ဓဂုဏ်တော်များ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကျမ်းဦးပဏာမနှင့် ပဋိညာဉ်ပြု ဂါထာ

၁။ သတ္တာနံ သရဏံ ဗုဒ္ဓံ၊ တေသံ ဓမ္မဥ္စ ပူဇိတံ။
သံဃံ အရိယသာဝကံ၊ အဟံ ဝန္ဒာမိ မာနိတံ။

၂။ ဝန္ဒိတွာန ကမ္မံ ဂန္ထံ၊ ကရိဿာမိ ယထာဗလံ။
အမှာကဥ္စာပိ ပညာယ၊ ဝဍ္ဎနတ္ထာယ သောတုနံ။

၁။ အဟံ၊ တေဇဝန္တ၊ နာမသမုတ်၊ ဟရားဟောဆရာ ပြုလုပ်လျက်ရှိသော၊ အကျွန်ုပ်သည်။ သတ္တာနံ၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါတို့၏။ သရဏံ၊ အပါယ်လေးဖြာ၊ အို,နာ,သေရေး၊ ဇာတိနှင့်တကွသော သံသရာဝဋ် ဒုက္ခဘေးကြီးတို့မှ၊ ကင်းဝေးရာ ကင်းဝေးကြောင်း၊ ကောင်းမြတ်သော အားထားရာအစစ်, အားကိုးရာအစစ် ဖြစ်တော်မူပေထသော။ ပူဇိတံ၊ ဒါတဗ္ဗဝတ္ထု၊ ပူဇော်ဖွယ်အစုစုတို့နှင့်၊ ဆယ်ခုသော လက်ချောင်းတို့ကို၊ ဦးခေါင်းထက်ထားပြီး မှိုခိုးလျှုဒါန်းသောအားဖြင့်လည်း ပူဇော်အပ်ထသော။ မာနိတံ၊ အမြဲမပြတ်၊ တွင်းစိတ်မာတ်၌၊

http://www.dhammadownload.com



စွဲကပ်၍၊ အမြတ်ဆုံးဖြစ်သော ရတနာသုံးပါးပါတကားဟု မြတ်နိုးအပ်ထသော။ ဗုဒ္ဓဥ္စ၊ သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်ခြားထင်ထင်၊ ကိုယ်တော်တိုင်သိမြင်တော်မူသည့်ပြင်၊ ပစ္စေကဗုဒ္ဓါအရှင်တို့မျှမက သူတစ်ပါးတို့ကိုလည်း သိမြင်အောင် ဟောကြားပြသ၊ နားလည်၍ သဘောကျအောင် ဆုံးမတော်မူနိုင်သော ဘုရားမြတ်ကိုလည်းကောင်း။ ဓမ္မဥ္စ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ နိဗ္ဗာန်, ပရိယတ်၊ ကိလေသာအညစ်အကြေးကို ပယ်ဖြတ်တတ်သော၊ ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ အရိယသာဝကံ၊ ကိလေသာစာတ်၊ ရှေးဦးစွာ စင်ကြယ်လတ်၍၊ အမြတ်ဆုံးဖြစ်သော ဘုရားရတနာ၊ အရိယာ၏တပည့်ဖြစ်ထသော။ သံဃဥ္စ၊ မဂ်ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်ပုဂ္ဂိုလ်လေးပါး၊ ဤရှစ်ပါးသော အရိယာသံဃာတော်မြတ်များနှင့်တကွ၊ ကလျာဏပုထုဇဉ် သံဃာတော်မြတ်ကိုလည်းကောင်း။ ဝန္ဒာမိ၊ ကိုးစားယုံကြည်၊ မနသီစိတ်ထား၊ ပညာဉာဏ်ရှေ့သွားသော သဒ္ဓါတရားဖြင့်၊ ရှိခိုးပါ၏ အရှင်ဘုရား။

၂။ ဝန္ဒိတွာန၊ ဘုရား, တရား, သံဃာ၊ ကိုးကွယ်ရာစင်စစ်၊ သရဏဇကန်ဖြစ်တော်မူကြသော ရတနာမြတ်သုံးပါးတို့ကို ကိုးစားယုံကြည်၊ မနသီစိတ်ထား၊ ပညာဉာဏ်ရှေ့သွားသော သဒ္ဓါတရားဖြင့် ရှိခိုးပြီး၍။ သောတုနဥ္စ၊ ဤစာကြည့်ရှုတရားနာမှုကို၊ ပြုကြကုန်သော သူတော်ကောင်းတို့၏လည်းကောင်း။ အမှာကဥ္စာပိ၊ ဤစာရေးသား၊ တရားဟောမှု၊ ဓမ္မဒေသနာကိုပြုသော၊ အကျွန်ုပ်တို့၏လည်းကောင်း။ ပညာယ၊ လောကီ, လောကုတ္တရာ၊ အသိအလိမ္မာ၊ ဉာဏ်ပညာ၏။ ဝဍ္ဎနတ္ထာယ၊ အဆင့်ဆင့်ပွါးတိုး၍၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်အထိ အကျိုးကို သယ်ပိုးနိုင်ခြင်းငှါ။ ဣမံ ဂန္ထံ၊ "ယော စ ဗုဒ္ဓဥ္စ ဓမ္မဥ္စ၊ သံဃဥ္စ သရဏံ ဂတော၊" ဘုရားဟောဒေသနာ၊ ဓမ္မပဒပါဠိတော်လာ၊ သုံးဂါထာကို၊ ဖွင့်ပြချဲ့ထွင်၊ တန်ဆာဆင်၍၊ စီရင်အပ်ငြား၊ 'ဗုဒ္ဓဂုဏပကာသနီ' အမည်ရှိသော ဤကျမ်းစာတရားကို။ ယထာဗလံ၊ မိမိ၏ဉာဏ်ပညာ စွမ်းအားရှိသလောက်။ ကရိဿာမိ၊ ကြည့်သူ, ရှုသူ၊ နာယူသူတို့ ကြည်ဖြူနှလုံး၊ ပီတိဖုံးလျက်၊ ရွှင်ပြုံးသဒ္ဓါ၊ စေတနာတို့၊ ဝေဖြာဖြိုးဖြိုး၊ ကုသိုလ်တိုးဖို့ အားကြိုးမာန်သစ်၊ ဉာဏ်ကို လှစ်၍၊ အသစ်တီထွင်၊ ရေးစီရင်ပေအံ့။

* * * * *

http://www.dhammadownload.com



## လူယုတ်မာ ၃-မျိုး

ဒုစိန္တိတ စိန္တာ-မကြံအပ်သော အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ-ဟု ဆိုအပ်သော မနောဒုစရိုက် ၃-မျိုးတို့ကို ကြံစည်တွေးတော၍ နေလေ့ရှိသော သူယုတ်မာတစ်မျိုး၊

ဒုဗ္ဘာသိတဘာသီ- မပြောဆိုကောင်းသော ဝစီဒုစရိုက် ၄-မျိုးတို့ကို ပြောဆိုလေ့ရှိသော သူယုတ်မာတစ်မျိုး၊

ဒုက္ကဋကမ္မကာရီ- မပြုမလုပ်ကောင်းသော ကာယဒုစရိုက် ၃-မျိုးတို့ကို ပြုလုပ်လေ့ရှိသော သူယုတ်မာတစ်မျိုး -

ဟူ၍ သူယုတ်မာ ၃-မျိုးတို့ကို အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်ပါဠိတော်၌ ဟောကြားတော်မူ၏။

ဤလူယုတ်မာ ၃-ပါးတို့၏ လားရာ, ဖြစ်ရာ, ကျရောက်ရာ၊ လေးဖြာသော အပါယ်ဘေးကြီး၊ သူတော်ကောင်း သူယုတ်မာမရွေး ရုပ်,နာမ် ခန္ဓာရှိသမျှ တစ်လောကလုံးကို အမြဲမပြတ် နှိပ်စက်လျက်ရှိနေသော အိုဘေး, နာဘေး, သေဘေး၊ အသစ်အသစ် ပြန်ပြန်ပြီး ဖြစ်ဖြစ်နေရသော ဇာတိဘေးဟု ဆိုအပ်သော သံသရာဝဋ္ဋ ဒုက္ခဘေးကြီးတို့ဖြင့် မပြတ်မလပ် ဘယ်ဘုံဘယ်ဘဝမှ မလပ်ရလေအောင် ဖိစီးနှိပ်စက်၍ နေသည်ကို ဘယ်လိုမှ မတတ်နိုင်ကြပဲ၊ လွတ်မြောက်ရန် မကြံစည်နိုင်ကြပဲ၊ အမြင့်၌ ခံနေကြရသော နာမ်,ရုပ်ရှိသူ လူ,နတ် ဗြဟ္မာ၊ သတ္တဝါတို့ကို၊ ကြင်နာသနားတော်မူလှသော မဟာကာရုဏိကအရှင်၊ ဘုရားသခင်ကိုယ်တော်မြတ်သည် သိထိုက်သည့်တရား မှန်သမျှကို အကုန်အစင် အမှန်ပင် သိမြင်တော်မူတတ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် ဝေဖန်၍ ဘေးလွတ်ရန် အကြံပေး, ဉာဏ်ပေး ဆုံးမရေးစကားတို့ဖြင့် ဟောကြားအပ်သော ဒေသနာတော် ၃-ရပ်တွင် သုတ္တန်ကျမ်းမြတ် ဒေသနာတော်ပိဋကတ်၌-

http://www.dhammadownload.com



၁။ ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။

၂။ ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

၃။ ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဟု ဓမ္မပဒပါဠိတော် (၄၂)ဗုဒ္ဓဝဂ် အဂ္ဂိဒတ္တ ပြာပပ်ဗ္ဗာဇကဝတ္ထုဌ် ဟောကြားတော်မူ၏။

* * * * *

## ဟောတတ်, ပြောတတ်ရုံသိသော အသိဉာဏ်သည် သမ္မပ္ပညာယ ပဿတိမဟုတ်

ထိုဒေသနာတော်စကား၏ မြန်မာပြန်အဓိပ္ပါယ်ကား–

အကြင်သူသည် ဘုရားမြတ်ကိုလည်းကောင်း၊ တရားတော်မြတ်ကို လည်းကောင်း၊ အရိယာသံဃာတော်မြတ်ကိုလည်းကောင်း ကိုးကွယ်ရာဟူ၍, အားထားရာဟူ၍, အမြတ်အားဖြင့် မှတ်သား၍, အားကိုးကြီးတစ်ခု ပြု၍ နေလေ့ရှိ၏။ ထိုသူသည် ဘုရားမြတ်ကို ကိုးကွယ်ရာဟု အားကိုး၍ ယုံကြည်သောသဒ္ဓါ ထက်သန်သောကြောင့် ဘုရားမြတ်၏စကား သစ္စာလေးပါးတရားကို ယုံတော့မည်ဧကန် ဖြစ်၏။ သဒ္ဓါတရားကယုံလျှင် သဒ္ဓါစေတသိက်နှင့် အတူတကွ သဟဇာတ သမ္ပယုတ္တ ဖြစ်ကြသော ကွင်းသော ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာစသော ၃၇-ပါးသော စေတသိက်၊ နာမ်ခန္ဓာတွေပါ ဝိညာဏက္ခန္ဓာစိတ်နှင့်တကွ အကုန်ကြည်လင်တောက်ပ၍ လာကြ၏။

*(ဤကား ကာမဇောဝါရကယုံပုံ ကြည်ပုံတည်း။)*

၎င်းယုံကြည်သူ၏ ကြည်လင်သော နာမ်ခန္ဓာ အစဉ်အတန်းထဲတွင် အသစ်ဖြစ်လျက်ပါလာသော ပညိန္ဒြေဟု ဆိုအပ်သော အမောဟစေတသိက်က ကိလေသာ အညစ်အကြေးတို့ကို ကင်းဝေးခေါင်းပါးစေသောကြောင့် သမ္မာဒိဋ္ဌိ

http://www.dhammadownload.com



မဂ္ဂင်ဖြစ်၍ သစ္စာ ၄-ပါးတို့ကို 'ပဇာနာတိ'ဟု ဟောတော်မူအပ်သော ဒေသနာတော်အရ အပြားအားဖြင့် သိ၏။ ထိုးထိုးထွင်းထွင်း သိ၏။ သတိပစ္စက္ခ၊ စက္ခုပစ္စက္ခ၊ အဘိညာဏ်ပစ္စက္ခ၊ ပညာပစ္စက္ခ-ဟု ဆိုအပ်သော ပစ္စက္ခ ၄-မျိုးတို့တွင် ပညာပစ္စက္ခဖြင့် မျက်မှောက်သိ၊ ဒိဋ္ဌသိဖြစ်၍ လာ၏။

*(ဤကား လောကုတ္တရာ အပ္ပနာဇောဝါရ ဖြစ်ပုံတည်း။)*

**အမှာစကားချပ်။** ။ဤပညာပစ္စက္ခ အသိမျိုးဖြင့် သိသည်ကို 'သမ္မာ ပညာယ-ပဿတိ'ဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူ၏။ ပါးစပ်က ဟောတတ် ပြောတတ်ရုံသိသော အမှတ်သိ(သညာသိ)မျိုး မဟုတ်ဟု ဆိုလိုသည်။

ဤစကားရပ်၌ ကာမဇောဝါရ, အပ္ပနာဇောဝါရ ဖြစ်ပုံတို့ကို ဝီထိစိတ်အစဉ် ရေးသားပြရလျှင် ကျယ်မည်စိုး၍ တပေါင်းတည်း တောက်လျှောက်ပြလိုက်သည်။ ၃၇-ပါးသော စေတသိက်ဆိုသည်မှာလည်း ကာမဇောဝါရ၊ မဟာကုသိုလ် ပထမဒွေးကို ရည်၍ သဒ္ဓါကြဉ်သော စေတသိက် ၃၇-ပါးကို ပြလိုက်သည်။ သဒ္ဓါက ဘုရားမြတ်ကို အားကိုးရာဟု ယုံ၏။ အတူဖြစ်သော စေတသိက် ၃၇-ပါး၊ မဟာကုသိုလ်စိတ် ၁-ပါး၊ ပေါင်း ၃၈-ပါးသောတရားတို့က ကြည်လင်၍ လာကြ၏။ ထို့ကြောင့် 'သဒ္ဓါယတီတိ သဒ္ဓါ၊ သမ္ပသာဒနလက္ခဏာ' ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ မိန့်တော်မူ၏။

*(ဤကား အမှာစကားတည်း။)*

**သမ္မပ္ပပညာယပဿတိ၏ အနက်ကား-** သမ္မာ၊ကောင်းစွာ။ ဝါ၊ မဖောက်မပြန်၊ အဟုတ်အမှန်၊ ဧကန်မုချ။ ပညာယ၊ ဝိပဿနာပညာ၊ မဂ်ပညာဖြင့်။ ဝါ၊ အပြားအားဖြင့်၊ များများကြီးသိသော နိစ္စ, သုခ, အတ္တ-ဟု အထင်လွတ်ကင်း၍၊ စင်ကြယ်ခြင်းရှိသော အသိပညာဖြင့်။ ပဿတိ၊ ပစ္စက္ခ လေးမျိုးတို့တွင် ပညာပစ္စက္ခဖြင့် မြင်၏။ ဝါ၊ မျက်မှောက်ပြု၏။

*(ဤအရာ၌ ပညာပစ္စက္ခဖြင့် မြင်၏ ဆိုသည်မှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်သော သောတာပန်စသော အရိယာပုဂ္ဂိုလ်ဖြစ်၍ မြင်၏-ဟု ဆိုလိုသည်။)*

http://www.dhammadownload.com



ထို့ကြောင့် ဤတရားတော်အဆုံး၌ 'အဂ္ဂိဒတ္တရသေ့ စသော တစ်သောင်းသောရသေ့တို့သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြကုန်၏'ဟု ဓမ္မပဒအဋ္ဌကထာ၌ မိန့်ဆို၏။ ထိုသို့ ရဟန္တာဖြစ်ခြင်းသည် ဘုရားမြတ်ကို ယုံသော သဒ္ဓါတရားဖြင့် အားကိုးသော သရဏဂုံကုသိုလ်က အရင်းခံဉပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုသောကြောင့် ရဟန္တာဖြစ်ကြရ၏။ အကယ်၍ ဘုရားကို မယုံကြည်လျှင် ဟောသောတရားကိုလည်း ယုံကြည်မည် မဟုတ်၊ တရားကို မယုံကြည်လျှင်လည်း သစ္စာလေးပါးကို သိသော မဂ်ဉာဏ် ၄-ပါး ဖြစ်ပေါ်နိုင်မည် မဟုတ်ချေ။

ဤသို့ သရဏဂုံဆောက်တည်၍ ယုံကြည်ကိုးကွယ်ခြင်း၏ အကျိုးကို အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်အောင် ကျေးဇူးပြုနိုင်၏ဟု မှတ်ရာ၏။ ဤကား 'ယော စ ဗုဒ္ဓဉ္စ, ဓမ္မဉ္စ' အစရှိသော ပထမဂါထာ၏ အဓိပ္ပါယ်ဆိုလိုရင်း အကျဉ်းသခေ်ပစကားတည်း။

* * * * *

## ဓမ္မကထိကတို့ အရည်အသွေးထူးရှိသလို ချီးကျူးဟောကြားနိုင်သည်

"သရဏဂုံကို ဆိုသောအရာ၌ ရတနာ ၃-ပါးတို့၏ ဂုဏ်ကို ဟောပြောဖူးသလို အကျယ်ရေး၍ပေးပါ"ဟု တရားအမ ဓမ္မာနုဂ္ဂဟ ကုသိုလ်ရှင်၏ အထူးတောင်းပန်ချက်အရ အကျယ်ရေးသားဦးအံ့-

ဓမ္မကထိကပုဂ္ဂိုလ်တို့ ဉာဏ်စွမ်းရှိသည့်အလျှောက် အကျယ်ဟောကြားအပ်၏ ဟူ၍လည်း အဋ္ဌကထာကြီးတို့၌ မိန့်တော်မူခဲ့၏။

> ပဟောန္တေန ပန ဓမ္မကထိကေန ပဥ္စနိကာယေ နဝင်္ဂံ သတ္တုသာသနံ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ ဩဂါဟိတွာ ဗုဒ္ဓါ'ဒီနံ ဝဏ္ဏော ပကာသေတဗ္ဗော။ ကသ္မာ? ဟိ ဌာနေ ဗုဒ္ဓါ'ဒီနံ ဂုဏေ ပကာသေန္တော အတိတ္တေန ပက္ခန္ဓော ဓမ္မကထိကောတိ န သက္ကာ ဝတ္တုံ။ ဤဒိသေသု ဟိ ဌာနေသု ဓမ္မကထိကဿ ထာမော ဝေဒိတဗ္ဗော။
>
> *(သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ-၃၉)*

http://www.dhammadownload.com



အဋ္ဌကထာပါဠိ၏အနက်ကား- ပဟောန္တေန၊ ဘုရားမြတ်၏၊ ဂုဏ်တော်အရပ်ရပ်ကို၊ ထုတ်ဖော်၍ ဟောကြားခြင်းငှါ စွမ်းနိုင်သော။ ဓမ္မကထိ-ကေန ပန၊ ဓမ္မကထိကပုဂ္ဂိုလ်သည်ကား။ ပဉ္စနိကာယေ၊ နိကာယ်ငါးရပ်တို့ကို လည်းကောင်း။ နဝင်္ဂ၊ အင်္ဂါကိုးတန်ရှိသော။ သတ္ထုသာသနံ၊ ဘုရားမြတ်၏ ဆုံးမအပ်ရာ ပရိယတ္တိသာသနာတော်သို့လည်းကောင်း။ စတုရာသီတိဓမ္မက္ခန္ဓ-သဟဿာနိ၊ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သို့လည်းကောင်း။ ဩဂါဟိတွာ၊ ဉာဏ်ဖြင့် သက်ဝင်၍။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိသော ရတနာမြတ် သုံးပါးတို့၏။ ဝဏ္ဏော၊ ဂုဏ်တော်ကို။ ပကာသေတဗ္ဗော၊ ပေါ်လွင်ထင်ရှားအောင် အကျယ်ချဲ့၍ ဟောကြားထိုက်၏။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဣမသ္မိံ ဌာနေ၊ ဤသို့ ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို ထုတ်ဖော်၍ ဟောကြားရာ၌။ ဗုဒ္ဓါဒီနံ၊ တို့၏။ ဂုဏော၊ ဂုဏ်တော်တို့ကို။ ပကာသေန္တော၊ ပေါ်လွင်ထင်ရှားအောင် အကျယ်ချဲ့၍ ဟောကြားသောပုဂ္ဂိုလ်ကို။ အတိတ္ထေန၊ ဆိုက်ကပ်ရာ မဟုတ်သော ဆိပ်ကမ်းဖြင့်။ ပက္ခန္ဒော၊ ပြေးဝင်သော။ ဓမ္မကထိကော'တိ၊ ဓမ္မကထိကတည်း ဟူ၍။ ဝတ္တုံ၊ ကဲ့ရဲ့သင်္ဂြိုဟ်၊ စကားတင်း ဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝတ္တုံ၊ ကဲ့ရဲ့သင်္ဂြိုဟ်၊ စကားတင်း ဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်းသနည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဤဒိသေသု၊ ဤကဲ့သို့ ရှုအပ်ကုန်သော။ ဌာနေသု၊ ရတနာမြတ်သုံးပါး၏ ဂုဏ်တော်တို့ကို ထုတ်ဖော်၍ ဟောကြားသောအရာတို့၌။ ဓမ္မကထိကဿ၊ ၏။ ထာမော၊ ဉာဏ်စွမ်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တသ္မာ၊ ထို့ကြောင့်။ န သက္ကာ ဝတ္တုံ၊ ကဲ့ရဲ့သင်္ဂြိုဟ်၊ စကားတင်း မဆိုထိုက်ပါ။

ဤသို့ အဋ္ဌကထာကြီးတို့၌ မိန့်မှာတော်မူခဲ့သောကြောင့် အကျယ်ရေး သားရန်မှာ ဤသို့တည်း။

* * * * *

http://www.dhammadownload.com



## ဗုဒ္ဓါးမှ ဘုရားဖြစ်လာသည်

ဘုရားဆိုသည်မှာ (ဗုဒ္ဓ၊ ဗုဒ္ဓံ)ဟူသော ပါဠိစကားမှ ဗုဒ္ဓါးဟု သက္ကတ ဘာသာ ရောယှက်လျက် ပထမခေါ်လာကြ၏။ သက္ကတဘာသာသက်သက်ကား ဗုဒ္ဓါးဟု ဝိသဇ္ဇနီနှင့် ရေးပါ။ အသံထုတ်၍ ဖတ်သည့်အခါ ဗုရဒ္ဓါးဟု အသံ ထွက်၏။ မြန်မာစကားသက်သက်ခေါ်လျှင် သစ္စာ ၄-ပါးတရားကို သိသော ပညာရှိ ပုဂ္ဂိုလ်ထူး, ပုဂ္ဂိုလ်မြတ်ကြီးဟု ခေါ်၏။ ယခုမှာမူ ပါဠိ, သက္ကတ ၂-ဘာသာ ရောလျက်ခေါ်သော ဗုဒ္ဓါးမှ ကာလရှည်ကြာ၍ ဗုဓား-ဗုရား-ဘုရားဟု ခေါ်ဝေါ်လျက် ရှိကြ၏။ အချို့သတ်ပုံ သဒ္ဒါဆရာတို့ကား ပါဠိဘာသာ ဘဂဝန္တပုဒ်မှ ဘုန်းရှိသော ပုဂ္ဂိုလ်ဖြစ်၍ 'ဘုရား'၊ ပုညဝန္တပုဒ်မှ ကုသိုလ်ပုညများသော ပုဂ္ဂိုလ်ဖြစ်၍ ပုညား-ပုရား-ဘုရားဟူသော မြန်မာဘာသာစကား ဖြစ်လာ ကြောင်းကို ပြောဆိုရေးသားကြလေ၏။ သို့ပင် ရေးသားကြသော်လည်း လိုရင်း မဟုတ်၊ ဂုဏ်တော်ကျေးဇူးတော်တို့ကို သိ၍ ကိုယ်တော်မြတ်၏ရုပ်ခါတ်၊ နာမ်ခါတ်၊ ဉာဏ်တော်မြတ်တို့ ထူးပုံ, မြတ်ပုံ အားကိုးထိုက်ပုံကို သိရန်သာ ပမာဏ ပဓာနဖြစ်၍ ဂုဏ်တော်တို့ကိုသာ ရေးသားတော့အံ့။

* * * * *

## ဂုဏ်တော်ရှင်ကလည်း အနန္တဂုဏ်တော်ရှင်၊ ဘုရားသခင် ဟောကြားသူကလည်း အနန္တဉာဏ်တော်ရှင်

ထိုသို့အားကိုးထိုက် ယုံကြည်ထိုက်သော ဗုဒ္ဓ၏ဂုဏ်တော်ကျေးဇူးတော် တို့သည်–

၁။ အသင်္ချေယျာနိ နာမာနိ၊ သဂုဏေန မဟေသိနော။
ဂုဏေန နာမ'မုဒ္ဓေယျံ၊ အပိ နာမသဟဿတော။

အစရှိသဖြင့် အဋ္ဌကထာဆရာမြတ်တို့ ဖွဲ့ဆိုသီကျူးချီးကျူးတော်မူအပ် သောစကားတော်အရ အသင်္ချေယျ, အပ္ပမေယျဖြစ်၍ များပြားလှပေ၏။

*(အဋ္ဌသာလိနီ အဋ္ဌကထာ-၄၂၀)*

http://www.dhammadownload.com



မဟေသိနော၊ မြတ်စွာဘုရား၏။ သဂုဏေန၊ မိမိ၏ဂုဏ်တော်ကြောင့်။ အာဂတာနိ၊ လာကုန်သော။ နာမာနိ၊ အမည်တို့သည်။ အသင်္ချေယျာနိ၊ မရေမတွက်နိုင်လောက်အောင် များလှကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဂုဏေန၊ ဂုဏ်တော်ဖြင့်။ နာမသဟဿတော အပိ၊ အမည်တော်ပေါင်း၊ ထောင်သောင်းမကအားဖြင့်လည်း။ နာမံ၊ အမည်တော်ကို။ ဥဒ္ဒေယျံ၊ ထုတ်ဖော်အပ်၏။

၂။ ဗုဒ္ဓေါ ဒသဗလော သတ္ထာ၊ သဗ္ဗညူ ဒွိပဒုတ္တမော။
မုနိန္ဒော ဘဂဝါ နာထော၊ စက္ခုမင်္ဂီရသော မုနိ။

အစရှိသည်ဖြင့် ဆိုအပ်သော အဘိဓာန်ကျမ်းလာ ဂုဏ်တော်တို့သည်လည်း များပြားလှ၏။ ဤသို့ များပြားလှသည့် အတွက်ကြောင့် ဘုရားတစ်ဆူ၏ ဂုဏ်ကျေးဇူးတော်တို့ကို နောက်ဘုရားတစ်ဆူ ပွင့်တော်မူ၍ အာယုကပ်ပတ်လုံး ချီးကျူးဟောကြားပြောသော်လည်း ဂုဏ်တော်များ မကုန်နိုင်၊ မဆုံးနိုင်ကြောင်းကို ကျမ်းဂန်ဟို့၌ မိန့်ဆိုလျက် ရှိပါသည်။

၃။ ဗုဒ္ဓေါပိ ဗုဒ္ဓဿ ဘဏေယျ ဝဏ္ဏံ။
ကပ္ပမ္ပိ စေ အညမဘာသမာနော။
ခီယေထ ကပ္ပေါ စိရဒီဃမန္တရေ။
ဝဏ္ဏော န ခီယေထ တထာဂတဿ။ *(သီ-ဋ္ဌ-၂၅၇)*

ဗုဒ္ဓေါပိ၊ သဗ္ဗညုတ၊ ဉာဏထင်ရှား၊ တစ်ဆူသော ဘုရားရှင်သော်မှလည်း။ ဗုဒ္ဓဿ၊ ဆုံးစမမြင်၊ အနန္တဂုဏ်တော်ပိုင်ရှင် ဖြစ်တော်မူသော တစ်ဆူသော ဘုရားသခင်၏။ ဝဏ္ဏံ၊ ကျေးဇူးတော်ဟုန်၊ တန်ခိုးဂုဏ်ကို။ ကပ္ပမ္ပိ-အာယုကပ်ပတ်လုံးလည်း။ အညံ၊ ဂုဏ်တော်မှတပါး၊ အခြားသောတရားကို။ အဘာသမာနော၊ ပြောဟောတော်မမူပဲ။ စေ ဘဏေယျ၊ သိရှိသမျှ၊ မကျန်ရအောင်၊ မြွက်ဟထုတ်ဖော်၊ အကယ်၍ ဟောတော်မူအံ့။ ဧဝံ သတိပိ၊ ဤသို့ထုတ်ဖော်မြွက်ကြား၊ ချီးမွမ်းတော်မူပြောသော်လည်း။ စိရံ၊ ကြာမြင့်စွာသော ကာလ၌။ ကပ္ပေါ၊ အာယုကပ်သည်။ ခီယေထ၊ ကုန်ခမ်းရာ၏။ ဒီဃမန္တရေ၊ ရှည်စွာသော ကာလအတွင်း၌။ တထာဂတဿ၊ မြတ်စွာဘုရား၏။ ဝဏ္ဏော၊ ဂုဏ်တော်အပေါင်းသည်။ န ခီယေထ၊ မကုန်ခမ်းနိုင်ရာ။

http://www.dhammadownload.com



ဤစကားကို သဒ္ဓါတရား နည်းပါးသူတို့က အပြောကြီးသော (အတိဝုတ္တဒေါသရောက်သော) စကားဟု ထင်မှားတတ်ကြ၏။ မထင်မှားသင့်ပေ။ အဘယ့်ကြောင့်နည်းဆိုသော် ဂုဏ်တော်ရှင်ကလည်း၊ အနန္တဂုဏ်တော်ရှင်၊ ဘုရားသခင်ဖြစ်၍ ချီးမွမ်းဟောကြားသူကလည်း၊ ရှိရှိသမျှ ဂုဏ်အနန္တကို၊ သိမြင်တော်မူသည့် ဉာဏ်တော်အနန္တ၏အရှင်၊ ဘုရားသခင်ကိုယ်တော်မြတ်ဖြစ်သောကြောင့်ပေတည်း။

* * * * *

## အသိဉာဏ်နည်းပါးသူထက် ကြီးမားသူက ပို၍သိသည်

မှန်ပါသည်၊ အသိဉာဏ်ပညာရှိလျှင် ရှိသလောက် ဘုရားရှင်၏ဂုဏ်တော်များကို သိရှိကြပြီးလျှင် ကိုးစားယုံကြည်ကြပါသည်။

ပုထုဇဉ်လူသား အပေါင်း၏ မြတ်စွာဘုရားဂုဏ်တော်များကို သိခြင်း, ယုံကြည်ခြင်းထက် သောတာပန်တစ်ယောက်၏ သိခြင်း, ယုံကြည်ခြင်းက သာလွန်ပါသည်။

သောတာပန် အရာ,အထောင်တို့၏ မြတ်စွာဘုရား ဂုဏ်တော်များကိုသိခြင်း, ယုံကြည်ခြင်းထက် သကဒါဂါမ်တစ်ယောက်၏ သိခြင်း, ယုံကြည်ခြင်းက သာလွန်ပါသည်။

သကဒါဂါမ် ရာပေါင်းများစွာ, ထောင်ပေါင်းများစွာတို့၏ သိခြင်း, ယုံကြည်ခြင်းထက် အနာဂါမ်တစ်ယောက်၏ သိခြင်း, ယုံကြည်ခြင်းက ပိုလွန်ပါသည်။

အနာဂါမ် ရာပေါင်းများစွာ, ထောင်ပေါင်းများစွာတို့၏ သိခြင်း, ယုံကြည်ခြင်းထက် ရဟန္တာတစ်ပါး၏သိခြင်း, ယုံကြည်ခြင်းက သာလွန်ပါသည်။

ပကတိသာဝက ရဟန္တာအရှင်မြတ်တို့၏ မြတ်စွာဘုရားဂုဏ်တော်များကို သိခြင်း, ယုံကြည်ခြင်းထက် အသီတိမဟာသာဝကတို့၏ သိခြင်း, ယုံကြည်ခြင်းက သာလွန်ပြန်ပါသည်။

http://www.dhammadownload.com



အသီတိမဟာသာဝကတို့တွင်လည်း အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်မဟာကစ္စည်း၊ အရှင်မဟာကောဋ္ဌိကတို့၏ သိခြင်း, ယုံကြည်ခြင်းက အခြားသော မဟာသာဝကတို့၏ သိခြင်း, ယုံကြည်ခြင်းထက် ပိုလွန်တော်မူကြပြန်ပါသည်။

ထိုမဟာသာဝကကြီး ၄-ပါးတို့၏ သိခြင်း, ယုံကြည်ခြင်းတို့ထက် အဂ္ဂသာဝက ၂-ပါး၏ သိခြင်း, ယုံကြည်ခြင်းက သာလွန်ပါသည်။

အဂ္ဂသာဝက ၂-ပါးတို့တွင်လည်း အရှင်သာရိပုတ္တရာမထေရ်၏ သိခြင်း, ယုံကြည်ခြင်းက အရှင်မောဂ္ဂလာန်မထေရ်၏ သိခြင်း, ယုံကြည်ခြင်းထက် သာလွန်ပြန်ပါသည်။

အရှင်သာရိပုတ္တရာမထေရ်၏ သိခြင်း, ယုံကြည်ခြင်းထက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါး၏ မြတ်စွာဘုရားဂုဏ်တော်တို့ကို သိခြင်း, ယုံကြည်ခြင်းက သာလွန်ပါသည်။

စကြဝဠာကမ္ဘာလောကဓာတ်ကြီးအပြည့် သက်နံးစွန်းချင်း ထိစပ်၍ ထိုင်တော်မူနေကြသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ဘုရားရှင်ဂုဏ်တော်တို့ကို သိတော်မူခြင်း, ယုံကြည်တော်မူခြင်းတို့ထက် သဗ္ဗညုဘုရားရှင်၏ သိတော်မူခြင်း, ယုံကြည်တော်မူခြင်းက ပိုလွန်ပါသည်။

အဘယ်ကြောင့်ဆိုသော်-

ထိန မိဒ္ဓ-စသည့် ဆန့်ကျင်ဘက် နီဝရဏတရားတို့မှ ကင်းစင်လေလေ အသိဉာဏ် အားကောင်းလေလေဖြစ်ပြီး သဒ္ဓါသည်လည်း သန့်စင်ထက်မြက် ကြည်လင်ဝင်းလက်၍ နေသောကြောင့် အသိဉာဏ်နည်းသူတို့ထက် အသိဉာဏ် ကြွယ်ဝသူတို့က ပိုမို၍ ကြည်ညိုကြခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



**ယဿ ယဿ ဟိ ပညာ မဟတီ၊ ဉာဏံ ဝိသဒံ၊ သော သော ဗုဒ္ဓဂုဏေ မဟန္တတော သဒ္ဒဟတိ။**

*(ပါထိကဝဂ္ဂ၊ သမ္ပသာဒနီယသုတ်၊ အဋ္ဌကထာ-၅၉)*

ဟိ သစ္စံ၊ မှန်၏။ ယဿ ယဿ၊ အကြင် အကြင်ပုဂ္ဂိုလ်၏။ ပညာ၊ အသိဉာဏ်ပညာသည်။ မဟတီ၊ ကြီးမားသည်။ ဟောတိ၊ ဖြစ်၏။ ဉာဏံ၊ ဉာဏ်သည်။ ဝိသဒံ၊ သန့်ရှင်းကြည်လင်သည်။ ဟောတိ၊ ဖြစ်၏။ သော သော၊ ထိုထို အသိဉာဏ်ပညာ ကြီးမားသော ပုဂ္ဂိုလ်သည်။ ဗုဒ္ဓဂုဏေ၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို။ မဟန္တတော၊ အသိဉာဏ်နည်းပါးသောသူတို့၏ ယုံကြည်ခြင်းထက် သာလွန်များပြားစွာ။ သဒ္ဒဟတိ၊ ယုံကြည်၏။

* * * * *

## ဂုဏ်တော် ၉-ပါး၏အကျယ်ကိုသာ ရေးသားမည်

ဤသို့ပင် ဂုဏ်တော်တွေ များပြားလှသော်လည်း အကျဉ်းအားဖြင့် ထင်ရှားသော "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" အစရှိသော သဂါထာဝဂ္ဂ၊ သက္ကသံယုတ်ပါဠိတော်၌ဟောသော လူအများတို့နား၌ ထင်ရှား လျက်ရှိသည့် ၉-ပါးသော ဂုဏ်တော်တို့ကိုသာ ရေးသား၍ ဟောကြားနိုင်ရန် ရှိ၏။ ထို့ကြောင့် ထိုဂုဏ်တော် ၉-ပါးတို့ကို ဒေသနာက္ကမ အနုလောမနည်း အတိုင်း ယခုအများ နှုတ်တက်ရနေကြသလို ရွတ်ဆို၍ ပွါးများရာ၏။

ဤသို့ ရွတ်ဆို၍ ပွားများပါလျက် စိတ်မငြိမ်သက်သေးလျှင်, အနက် အဓိပ္ပါယ်ကို မသိလျှင် စိတ်ငြိမ်အောင် အရေးကြီး၏။ လူသံ, သူသံတို့ ဆူပူလှ၍ စိတ်ရှုပ်လျှင် စိတ်နောက်လျှင် မိမိအသံကို မိမိကြားရုံ ရွတ်ဆိုသောအသံဖြင့် မငြိမ်သောစိတ်၊ နောက်သောစိတ်၊ ပြန့်လွင့်သောစိတ်၊ ညစ်ညူးသောစိတ်ကို မိအောင်ဖမ်းရာ၏။ အဘယ်သို့ စိတ်ကို မိအောင် ဖမ်းရမည်နည်း ဆိုသော် အစိတ်အစိတ် အပြန်အလှန် ဂုဏ်တော်၏ အနက်သဘောကို ဆင်ခြင်ပြီး ရွတ်ဆို၍, ရွတ်ဆို၍ ဖမ်းရာ၏။

http://www.dhammadownload.com



## ရွတ်ဆိုပုံကား

၁။ ဣတိပိ သော ဘဂဝါ (အရဟံ)
သော ဘဂဝါ ဣတိပိ (အရဟံ)
ဣတိပိ သော ဘဂဝါ (အ, ရဟံ)
သော ဘဂဝါ ဣတိပိ (အ, ရဟံ)
ဣတိပိ သော ဘဂဝါ (အရ, ဟံ)
သော ဘဂဝါ ဣတိပိ (အရ, ဟံ)

၂။ ဣတိပိ သော ဘဂဝါ (သမ္မာသမ္ဗုဒ္ဓေါ)
သော ဘဂဝါ ဣတိပိ (သမ္မာသမ္ဗုဒ္ဓေါ)

၃။ ဣတိပိ သော ဘဂဝါ (ဝိဇ္ဇာစရဏသမ္ပန္နော)
သော ဘဂဝါ ဣတိပိ (ဝိဇ္ဇာစရဏသမ္ပန္နော)

၄။ ဣတိပိ သော ဘဂဝါ (သုဂတော)
သော ဘဂဝါ ဣတိပိ (သုဂတော)

၅။ ဣတိပိ သော ဘဂဝါ (လောကဝိဒူ)
သော ဘဂဝါ ဣတိပိ (လောကဝိဒူ)

၆။ ဣတိပိ သော ဘဂဝါ (အနုတ္တရော ပုရိသဒမ္မသာရထိ)
သော ဘဂဝါ ဣတိပိ (အနုတ္တရော ပုရိသဒမ္မသာရထိ)

၇။ ဣတိပိ သော ဘဂဝါ (သတ္ထာ ဒေဝမနုဿာနံ)
သော ဘဂဝါ ဣတိပိ (သတ္ထာ ဒေဝမနုဿာနံ)

၈။ ဣတိပိ သော ဘဂဝါ (ဗုဒ္ဓေါ)
သော ဘဂဝါ ဣတိပိ (ဗုဒ္ဓေါ)

၉။ ဣတိပိ သော ဘဂဝါ* (ဘဂဝါ)
သော ဘဂဝါ ဣတိပိ (ဘဂဝါ-တိ)

http://www.dhammadownload.com



နဝဟိ ဂုဏေဟိ သမန္နာဂတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ မာနေမိ ပူဇေမိ သရဏံ ဂစ္ဆာမိ-

ဟု ရွတ်ဆို၍ ရှိခိုးပူဇော်ပါ၏။ မြတ်နိုးကိုးကားပါ၏။ အားထားဆည်းကပ်, မှီဝဲပါ၏။

*(ဤကား အစိတ်အစိတ် ရွတ်ဆို၍ ဘုရားဂုဏ်တော်သို့ တက်လှမ်းရန် စိတ်ကို ဖမ်းပုံ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပုံနည်းပေတည်း)*။

*မှတ်ချက်။ ။ဤဂုဏ်တော် ၉-ပါးတို့တွင် ၉-ခုမြောက်ဖြစ်သော ဘဂဝါ ဂုဏ်တော်၏ ဘဂဝါ ၂-ပုဒ်ပါသည်တွင် ပထမဘဂဝါပုဒ်သည် အမည်ဟော နာမဝါစကပုဒ်တည်း၊ နောက်မှ ဘဂဝါပုဒ်သည်ကား ဂုဏ်တော်ဟော ဂုဏဝါစကပုဒ်တည်း။

ဘဂဝါတိ စ ဣဒံ သတ္ထု နာမကိတ္တနံ။ န ဂုဏကိတ္တနံ။
ပရတော ပန ဘဂဝါတိ ဂုဏကိတ္တနံ'မေဝ။ *(ဝိမတိ၊ ပ၊ ၄၄)*

* * * * *

## အပေါင်းအားဖြင့် အနုလုံ, ပဋိလုံ ရွတ်ဆိုရန်

အပေါင်းအားဖြင့် ရွတ်ဆို၍ စိတ်ကို အမိဖမ်းနိုင်မည်ဆိုပါကလည်း-

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ'တိ နဝဟိ ဂုဏေဟိ သမန္နာဂတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ မာနေမိ ပူဇေမိ သရဏံ ဂစ္ဆာမိ-

ဟု အနုလောမနည်းဖြင့် အစဉ်အတိုင်း ရွတ်ဆိုပြီးနောက် ပဋိလောမနည်းဖြင့်-

ဘဂဝါ ဗုဒ္ဓေါ သတ္ထာ ဒေဝမနုဿာနံ အနုတ္တရော ပုရိသဒမ္မ-သာရထိ လောကဝိဒူ သုဂတော ဝိဇ္ဇာစရဏသမ္ပန္နော သမ္မာသမ္ဗုဒ္ဓေါ သော ဘဂဝါ ဣတိပိ အရဟံ။ အ, ရဟံ။ အရ, ဟန္တိ။ နဝဟိ ဂုဏေဟိ သမန္နာဂတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ မာနေမိ ပူဇေမိ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com



ဟူ၍ ရွတ်ဆိုပြီးလျှင် စိတ်ကို ငြိမ်သက်အောင် ဖမ်းရာ၏။ ရွတ်ဆိုရာ၌လည်း မနှေးလွန်း, မမြန်လွန်းသောအသံဖြင့် ရွတ်ဆိုမှ စိတ်ငြိမ်သက်၍ ဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကို သိနိုင်၏။

*(ဤကား ပုတီးမကိုင်ပဲ စိတ်ကိုနိုင်အောင် တည်ကြည်လာအောင် ငြိမ်းအေးချမ်းသာ၍ သမာဓိသုခ ပေါ်လာအောင် ရွတ်ဆိုပွါးများပုံ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပေတည်း။)*

* * * * *

## ပုတီးကိုင်၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွါးပုံ

ပုတီးကို ကိုင်၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများပုံကား ပုတီးမပါပဲ အထက်ကနည်းအတိုင်း မိမိစိတ်ကို ငြိမ်းအေးချမ်းသာအောင် ပွါးများ၍ စိတ်အေးချမ်းသာခြင်းအကျိုးကို မုချခံစားရ၏။ ဤသို့ ခံစားရုံမျှမကသေးပဲ နောင် မစီးဖြန်း, မပွါးများနိုင်သော အခါကာလတို့၌ နှစ်သက်ခြင်းပီတိ၊ ဝမ်းမြောက်ခြင်း သောမနဿဖြစ်ဖို့ရန် ပုတီးကို ကိုင်၍ ဂုဏ်တော်ပေါင်း ဤရွေ့, ဤမျှရ၏ဟု မှတ်သားအပ်၏။

အဘယ်ကြောင့်နည်းဆိုသော် 'ငါသည် ဘယ်နေ့, ဘယ်ရက်, ဘယ်အခါက ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အရဟံဂုဏ်တော်ကို အခေါက်ပေါင်း ဤရွေ့ဤမျှ ပွားများ ရွတ်ဆိုရပေပြီ။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အခေါက်ပေါင်း ဤရွေ့, ဤမျှ ရွတ်ဆို၍ ဘုရားကို ကြည်ညိုရပေပြီ။ အားကိုးအားထားပြု၍ မှီဝဲဆည်းကပ်ရပေပြီ'ဟု နှစ်သက်ခြင်းပီတိ၊ ဝမ်းမြောက်ခြင်း သောမနဿ၊ ကိုယ်,စိတ် ၂-ပါး ငြိမ်းအေးခြင်း ပဿဒ္ဓိ၊ စိတ်တည်ငြိမ်ခြင်း သမာဓိ၊ သုခ-ချမ်းသာကို ခံစားရလေအောင်, ပြန်ပြီးတွေးလျှင် ပေါ်လာလေအောင်-

"ဣတိပိ သော ဘဂဝါ အရဟံ။ သော ဘဂဝါ ဣတိပိ အရဟံ" စသည်ဖြင့် မနှေးလွန်း, မမြန်လွန်းပဲ စိတ်ကို နိုင်အောင်, စိတ်ငြိမ်အောင် ရွတ်ဆိုယင်း ဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကို သိပြီး ကြည်လာအောင် ပုတီးကို ကိုင်၍ မှတ်ပြီးလျှင် ပွားများအပ်သေး၏။

*(ဤကား ပုတီးကိုင်၍ ပွားများပုံတည်း)*

http://www.dhammadownload.com



## စိတ်ငြိမ်လျှင် ပုတီးကိုင်ဖို့ မလို၊ ပုတီးကိုင်မှုဟာ ကမ္မဋ္ဌာန်း မဟုတ်

စိတ်ငြိမ်လျှင် ပုတီးကိုင်ဖို့လည်း မလို၊ အသံထွက်အောင် ရွတ်ဖို့လည်း မလို၊ စိတ်ဖြင့်သာလျှင် သဒ္ဓါစေတသိက်က ယုံလာအောင်၊ ကြွင်းသောစိတ် စေတသိက်တို့ ကြည်လင်လာအောင်၊ မြတ်နိုးလာအောင် ပွားများ တွေးတော၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများအပ်၏။ အဘယ့်ကြောင့်နည်းဆိုသော် **"ဘာဝနာဟူသည် မနောကံသာတည်း"**ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ မိန့်ဆို တော်မူသောကြောင့်တည်း။

**အဋ္ဌတိံသာယ ဝါ အာရမ္မဏေသု အပ္ပနံ အပ္ပတ္တာ သဗ္ဗာပိ ဝေတနာ ဘာဝနာမယံ ပုညကိရိယဝတ္ထု နာမ။**

*(အဋ္ဌသာလိနီအဋ္ဌကထာ၊ ၂၀၂)*

သို့ဖြစ်၍ သမာဓိရင့်ပြီးဖြစ်၍ စိတ်နိုင်သူ ယောဂီပုဂ္ဂိုလ်တို့မှာ ပုတီးကိုင်၍ အသံထွက်အောင် ရွတ်ဆို၍ ပွားများဖို့ မလိုတော့ချေ၊ ပုတီးကိုင်မှုဟာ ကမ္မဋ္ဌာန်း မဟုတ်၊ စိတ်ငြိမ်၍ ဂုဏ်ကျေးဇူးတော်တို့ကို သိပြီးလျှင် ယုံကြည်ခြင်း အမြတ်ဆုံး အထွတ်ဆုံးပါတကား-ဟု ကိုးကွယ်ဆည်းကပ်ပြီးလျှင် မိမိစိတ်ထဲ၌ ဂုဏ်တော် ကျေးဇူးတော်တို့ စွဲလာအောင်၊ ဆီစိမ်သော သရက်သီး၌ ဆီဝင်၍ သရက်သီး စို့ရွဲလာသလို ပွားများခြင်း အမှုသည်သာလျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မည်၏။

ထို့သို့ဖြစ်ပါလျှင် 'အဘယ့်ကြောင့် အသံဖြင့် ရွတ်ဆိုရမည်-ဟု ရေးသား ခဲ့ပါသနည်း'ဟု မေးစရာရှိ၏။ အသံဖြင့် ရွတ်ဆိုရမည်ဟု ရေးသားခဲ့သည်မှာ 'စိတ်မနိုင်သေးသူတို့အတွက် (အခြားသော အသံဗလံတို့ဖြင့် ဆူညံနေ၍ စိတ် မငြိမ်သေးသူတို့အတွက်) မိမိ၏ အသံတည်းဟူသော ကြိုးဖြင့် ချည်၍ စိတ်ကို ဖမ်းနိုင်ရန်ကိုသာ ရည်ရွယ်၍ အသံထွက်အောင် ရွတ်ဆိုပါ'ဟု ရေးသာခဲ့ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



## အထောက်သာဓကကား

**တေနာပိ မနသိကာရကာလေ ပဌမံ ဝါစာယ သဇ္ဈာယော ကာတဗ္ဗော။ ဝစသာ သဇ္ဈာယေန ဟိ ကမ္မဋ္ဌာနတန္တိ ပဂုဏာ ဟောတိ။ န ဣတောစိ'တော စ စိတ္တံ ဝိဓာဝတိ။**

-ဟူသော (*ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပ ၂၃၃/၅*)သည်ပင် အထောက်သာဓကပေတည်း။

တေနာပိ၊ ပိဋကတ် ၃-ပုံကို နှုတ်ငုံဆောင်ထားနိုင်သော ထိုရဟန်းသည်လည်း။ မနသိကာရကာလေ၊ ကမ္မဋ္ဌာန်းကို စတင်၍ ဆင်ခြင်နှလုံးသွင်းသော အခါ၌။ ပဌမံ၊ ရှေးဦးစွာ စိတ်ကို မနိုင်ခင်။ ဝါစာယ၊ နှုတ်ဖြင့် အသံထွက်အောင်။ သဇ္ဈာယော၊ ရွတ်ဆိုသရဇ္ဈာယ်ခြင်းကို။ ကာတဗ္ဗော၊ ပြုရမည်။

ဟိ သစ္စံ၊ မှန်၏။ (ဝါ) နှုတ်ဖြင့် အသံထွက်၍ ရွတ်ဆိုရခြင်း၏ အကျိုးကား။ ဝစသာ၊ နှုတ်ဖြင့် အသံကိုထုတ်၍။ သဇ္ဈာယေန၊ ရွတ်ဖတ်သရဇ္ဈာယ်သော သူသည်။ ကမ္မဋ္ဌာနတန္တိ၊ ကမ္မဋ္ဌာန်းပါဠိသည်။ ပဂုဏာ၊ အဝါးဝစွာ၊ လေ့လာအပ်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တံ၊ စိတ်သည်။ ဣတောစိ'တော စ၊ ထိုထိုဤဤ၊ တောင်တောင်မြောက်မြောက်သို့လည်း။ န ဝိဓာဝတိ၊ ကယောက်ကယက် ပြေးမထွက်နိုင်တော့ပေ။

ဥပမာကား- တောမုဆိုးသည် ခွေးဖြင့် သားသမင်ကိုရှာရာ ခွေးတခြား၊ မုဆိုးတခြား သွားခဲ့ပါက လိုအပ်သော သားသမင်ကို မရ၊ မိမိနှင့်အတူ ခွေးကိုပါအောင် ခေါ်ယူနိုင်ခဲ့ပါမှ မြင်သောသားသမင်ကို ဖမ်း၍ ရနိုင်သကဲ့သို့ ထို့အတူ ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်လည်း ခွေးနှင့်တူသော ယောက်ယက်ခတ်သော ရှေ့သွားနောက်ဝင် လွင့်စင်ပျံ့လွင့်နေသော မိမိစိတ်ကို ရွတ်ဆိုသော အသံတည်းဟူသော ကြိုးဖြင့် ချည်နှောင်ဖွဲ့ချည်၍ သားသမင်နှင့်တူသော ဘုရားမြတ်၏ ပရမတ္ထဂုဏ်တော်, ကျေးဇူးတော်တို့ကို အနက်အဓိပ္ပါယ် မိမိရရကြီး သိမြင်အောင် ဆင်ခြင်ပွားများရာ၏။

http://www.dhammadownload.com



ထို့ကြောင့် အာဒိကမ္မိကကမ္မဋ္ဌာန်းဝင်စပုဂ္ဂိုလ်, ဝင်ဖူးပြီးဖြစ်သော်လည်း သမာဓိပျက်နေ၍ စိတ်မနိုင်သောပုဂ္ဂိုလ်တို့မှာ အထက်ကပြခဲ့သည့်အတိုင်း နှုတ်ဖြင့် ရွတ်ဆိုပွားများအပ်၏။ ပုတီးကိုသော်လည်း ကိုင်အပ်သေး၏။ "စိတ်ဖြင့် သိအောင်"ဆိုသောစကားဌ် ပထမရှေးဦးစွာ ပညတ်ဖြစ်သောဘုရားရှင်၏ ၁၈-တောင် ပမာဏရှိသော သဏ္ဌာန်ဒြပ် အရပ်တော်, အဆင်းမြတ်, အရောင်တော် စသော ပညတ်ဘုရားကို မြင်၍, သိ၍ နေတတ်သေး၏။ နောင်သမာဓိရင့်၍ အသိဉာဏ်ထက်သန်လာလျှင် ဂုဏ်တော်၊ ကျေးဇူးတော်၊ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်, ဝီရိယတော်၊ မဟာကရုဏာတော်-စသော နာမ်ဓာတ် ပရမတ္ထဓမ္မ ဖြစ်သောဘုရားကို သိ၍ လာလတ္တံ့၊ ဤအသိမျိုး ဖြစ်လာလျှင် ဥပစာရ သမာဓိ ခေါ်၏။

* * * * *

## ဗုဒ္ဓါနုဿတိဘာဝနာ၏အကျိုးများ

ထိုဥပစာရသမာဓိသည် ပစ္စုပ္ပန်ဘဝ၌လည်း တန်ခိုးရှိ၏။ အန္တရာယ် ကင်းခြင်းစသော ပယောဂ၊ ဥပဒ္ဒဝေါတို့မှ လွတ်လည်း လွတ်နိုင်၏၊ နတ်တို့၏ စည်းစိမ်ချမ်းသာတို့ကို ခံစားရနိုင်၏။ ထို့ကြောင့်-

ယေ ကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊
န တေ ဂမိဿန္တိ အပါယဘူမိံ။
ပဟာယ မာနုသံ ဒေဟံ၊
ဒေဝကာယံ ပရိပူရေဿန္တိ။

ဟူ၍ သဂါထာဝဂ္ဂ၊ သံယုတ် ပါဠိတော်၊ သမယသုတ်(၂၅)နှင့် မဟာဝဂ္ဂ-မဟာသမယသုတ် ပါဠိတော်တို့၌ ဟောတော်မူ၏။

http://www.dhammadownload.com



**ဂါထာအနက်။** ။ယေ ကေစိ၊ အမှတ်မရှိ ကြွင်းမဲ့ဥဿုံ၊ အလုံးစုံသော လူတို့သည်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ သရဏံ၊ အပါယ်လေးဖြာ၊ အို, နာ, သေရေး၊ သံသရာဝဋ္ဋဒုက္ခ ဘေးတို့မှ၊ ကင်းဝေးရာ ကင်းဝေးကြောင်း၊ ကောင်းမြတ်သော အားထားရာအစစ်, အားကိုးရာအစစ် ဖြစ်တော်မူသော ဘုရားမြတ်ဟူ၍။ ဂတာသေ၊ ကိုးကွယ် ဆည်းကပ်ကြကုန်၏။ တေ၊ ထိုဘုရားမြတ်ကို ကိုးကွယ်ဆည်းကပ်ကြကုန်သော သူတို့သည်။ အပါယဘူမိ၊ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်၊ လေးသွယ်သော အပါယ်ဘုံသို့။ န ဂမိဿန္တိ၊ မရောက်ကြကုန်လတ္တံ့။ မာနုသံ ဒေဟံ၊ လူ့ဘဝ,လူ့ခန္ဓာကို။ ပဟာယ၊ စွန့်ပစ်ရ၍။ ဝါ၊ စွန့်ပစ်ရသည်ရှိသော်။ ဒေဝကာယံ၊ နတ်အပေါင်းကို။ ပရိပူရေဿန္တိ၊ ပြည့်စုံကြကုန်လတ္တံ့။

**အဓိပ္ပါယ်ကား။** ။ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်တို့ကို အောက်မေ့ပွားများသောသူတို့သည် အပါယ်လေးဘုံမှ လွတ်ကင်းခြင်း၊ လူ့ဘဝကို စွန့်ပစ်၍ ခန္ဓာအသစ် ဖြစ်ပေါ်မည်ဆိုလျှင် နတ်ဘုံ, နတ်ဘဝတို့၌ နတ်တို့၏ရူပကာယ၊ လှပတင့်တယ်၊ ရှုဖွယ်မငြီးသော နတ်သမီး, နတ်သား, နတ်စည်းစိမ်ကြီးများကို မလုပ်မကိုင်ပဲ၊ မရောင်းမဝယ်ပဲ၊ မချက်မပြုတ် မရက်မချုပ်ရပဲ စားသောက်ဝတ်ဆင် ခံစားစံစား၍

စာတုမဟာရာဇ်နတ်ဘုံ၌ လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းကိုးသန်း နတ်ဖြစ်ရခြင်း၊

တာဝတိံသာနတ်ဘုံ၌ နှစ်ပေါင်းသုံးကုဋေခြောက်သန်း အသက်ရှည်သော နတ်ဖြစ်ခြင်း၊

ယာမာဘုံ၌ သုံးကုဋေခြောက်သန်းလေးလီ နှစ်ပေါင်းတစ်ဆယ့်လေးကုဋေ အနှစ်လေးသန်းအသက်ရှည်သော နတ်ဖြစ်ခြင်း၊

တုသိတာဘုံ၌ ငါးဆယ့်ခုနှစ်ကုဋေခြောက်သန်း အသက်ရှည်သော နတ်ဖြစ်ခြင်း၊

နိမ္မာနရတိဘုံ၌ ငါးဆယ့်ခုနှစ်ကုဋေ အနှစ်ခြောက်သန်းလေးလီ နှစ်ပေါင်းနှစ်ရာ သုံးဆယ်ကုဋေ, အနှစ်လေးသန်း အသက်ရှည်သော နတ်ဖြစ်ခြင်း၊

http://www.dhammadownload.com



**ပရနိမ္မိတဝသဝတ္တိဘုံ၌ ကိုးရာနှစ်ဆယ့်တစ်ကုဋေ, ခြောက်သန်း အသက်ရှည်သော နတ်ဖြစ်ခြင်း–**

ဟူသော နတ်ပြည် ၆-ထပ်တို့၌ အကြောင်းအားလျော်စွာ နတ်ဖြစ်ကြပြီးလျှင် လူတို့စည်းစိမ် ချမ်းသာထက် သာလွန်ပိုမိုသော, နှိုင်းယှဉ်၍ မရသော နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရသော အကျိုးရှိ၏။

ဤစကားလည်း ပရိနိဗ္ဗာန်ပြုနိုင်လောက်သော ဉာဏ်မရင့်သေးသော သူတို့ကိုသာ ဤနတ်ပြည်၌ဖြစ်ခြင်း အကျိုးတို့ကို ရရှိနိုင်ကြောင်း ပြသော စကား တို့ဟူ၍မှတ်၊ နတ်ပြည်၌ ဖြစ်ပြန်လျှင်လည်း အခြားသော ဒါန, သီလ, အပစာယန, ဝေယျာဝစ္စ-စသော ကုသိုလ်တို့ကြောင့် ဖြစ်ကြသော နတ်တို့ထက် အသက်ရှည် ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရခြင်း, နတ်တို့၌ ဖြစ်ကုန်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့အားဖြင့် ၁၀-ပါးသော အကျိုးထူးတို့ကို ရနိုင်ကြောင်း ခံစားနိုင်ကြောင်းကို အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးက သိကြားမင်းအား ဟောတော်မူအပ်သော *(သဠာယတန-ဝဂ္ဂသံယုတ် ပါဠိတော်၊ သက္ကသုတ်-၄၆၂)* ဒေသနာတော်ကို ထောက်၍ လေးမြတ် စွာ ယုံကြည်ကြပါကုန်လော့။

*(ဤကား လောကမှ မလွတ်သေးခင် အကျိုးပေးပုံကို ဟောပြသော တရားစာပေတည်း)*

* * * * *

## နတ်,ဗြဟ္မာတို့၏ ဘုံဗိမာန်တို့သည် မြေပြင်နှင့် မထိုက်တန် ကြီးကျယ်ခမ်းနား၍ အထက်ကောင်းကင်၌သာ ထိုက်တန်သည်

ယခုကာလ၌ လူအချို့က သေလွန်ပြီးနောက်ကာလ နောင်ဖြစ်မည့်ဘဝ မှ အကျိုးတို့ကို ရမည်ဆိုသောစကားကို မယုံကြည်ကြ၊ လက်မခံလိုကြပေ၊ အစ ပျောက် အစဆုံး မမြင်နိုင်စရာ, မသိနိုင်စရာ မည်သူမှလာ၍ သက်သေ မခံနိုင် ရာ၊ နောင်ဘဝရောက်မှ အကျိုးခံစားရသည်ဆိုခြင်းကို မကျေနပ်နိုင်-ဟု စောဒနာဝင် အပြစ်တင်တတ်ကြလေသည်။ အပြစ်မတင်သင့်ပေ။

http://www.dhammadownload.com



အဘယ့်ကြောင့်နည်းဟူမူ- ဘုရားရှင်လက်ထက်တော်က မဋ္ဌကုဏ္ဍလီနတ်သား၊ ဆတ္တမာဏဝကနတ်သားနှင့် ဖားနတ်သားစသည် ကိုယ်တိုင်လာ၍ သက်သေခံကြဖူးသောကြောင့်လည်း ဖြစ်၏။ အသင့်ယုတ္တိအားဖြင့်လည်း နောင်ဘဝမှာ အကျိုးပေးမည်ဟူသော စကား၌ (နောင်)ဟူသော စကားသည် အနာဂတ်ကာလဖြစ်၍ မည်သည့်အလုပ်မျိုးမဆို၊ မည်သည့်အမှုမျိုးမဆို၊ မည်သည့်ကံမျိုးမဆို နောင်မှသာလျှင် အကျိုးတရားကို ခံစားရသည်ချည်း ဓမ္မတာထုံးစံ ဖြစ်လေ၏။

ဥပမာ-လောက၌ စားလိုသည်ဆိုလျှင် ချက်ပြုတ်ရသော အလုပ်ကို ပြုလုပ်ပြီးနောက် ကျက်ချိန်ကာလ နာရီဝက်ခန့်, ၁-နာရီခန့် ကြာသော နောက်မှ စားရခြင်းအကျိုးကို ခံစားရ၏၊ ရေသောက်လိုလျှင်လည်း ခွက်စသည်တို့ဖြင့် ရေယူခြင်း၊ ရေခပ်ခြင်း-စသော အမှုတို့ကို ပြုပြီးသော နောင်ကာလမှ ရေသောက်ရခြင်းအကျိုးကို ခံစားရ၏။ ယခု စားသောက်လိုလျှင် စားသောက်လိုသောခဏ၌ ချက်ချင်းစားသောက်ခြင်း အကျိုးကို မခံစားရသေးချေ။ ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား-စသည်များကို စားသုံးလိုသောသူသည် စိုက်ပျိုးခြင်းအမှု၊ ဝယ်ခြမ်းခြင်းအမှု စသည်တို့ကို ပြုပြီးသည့်နောက် အတန်ငယ်ကြာသော နောင်ကာလမှသာ စားသုံးရ၏၊ ယခု ချက်ချင်းလက်ငင်း စားသုံးရသည်ဟူ၍ မရှိပေ။

ဘူး၊ ဖရုံ၊ ငရုတ်၊ သခွားတို့ထက် အဖိုးထိုက်တန်သော သရက်၊ ပိန္နဲ၊ ဒူးရင်း၊ သြဇာ၊ အုန်း၊ ထန်း-အစရှိသည့် အသီးမျိုးတို့ကို သုံးစွဲခံစားလိုလျှင်လည်း ၅-နှစ်၊ ၆-နှစ်၊ ၉-နှစ်၊ ၁၀-နှစ်စသည့် ကာလကြာမြင့်ပြီးနောက် နှစ်ကာလ အတန်ကြာသော နောင်ကာလမှသာလျှင် အကျိုးကို ခံစားရ၏၊ ငရုတ်၊ သခွား စသော အဖိုးမတန်သော သီးနှံမျိုးထက် သရက်၊ ပိန္နဲစသည့် အဖိုးတန်သော သီးနှံမျိုးတို့သည် နှစ်ကာလ ပိုလွန်ရှည်ကြာသော နောက်နောင်ကာလ ရောက်မှသာ အကျိုးခံစားရသကဲ့သို့-

ထို့အတူပင် ယခုဘဝ၌ ပြုလုပ်ကြသော ဒါန၊ သီလ၊ ဘာဝနာ-စသည့် ကုသိုလ်ကောင်းမှု မြတ်သောတရားအစုသည်လည်း အလွန်အဖိုးထိုက်တန်သော ရွှေဗိမာန်၊ ငွေဗိမာန်-စသည့် ရတနာဗိမာန်ကြီးတို့ကို ဖြစ်ပေါ်စေခြင်းအကျိုး၊ အနှစ်ကိုးသန်း အသက်ရှည်ခြင်း စသည့်အကျိုးများကို ခံစားစံစားရမည့်

http://www.dhammadownload.com



ကုသိုလ်ကံအမှုမျိုး ဖြစ်သောကြောင့် သေပြီးနောက်ကာလ ဒုတိယဘဝ စသည်သို့ ရောက်မှ နတ်ပြဟ္မာကြီးတွေဖြစ်၍ ခံစားစံစားနိုင်ကြ၏။ နတ်ပြဟ္မာတို့ ရွှေ, ငွေ,ရတနာဗိမာန်တို့ဟူသည် မြင့်မြတ်ကြီးကျယ် ခမ်းနားတင့်တယ် လှပသည် ဖြစ်၍ လူတို့နေထိုင်ရာ မြေပြင်နှင့် မထိုက်တန်၊ အထက်ကောင်းကင်၌သာ ထိုက်တန်သည်၊ ဟင်းလင်းအပြင် အထက်ကောင်းကင်၌သာ ဆန့်သည့် ဘုံဗိမာန် များ၊ စည်းစိမ်ချမ်းသာများဖြစ်ကြကုန်၏၊ မြေပြင်သည် ၎င်းဘုံဗိမာန် စည်းစိမ် ချမ်းသာတို့၏ဖြစ်ရာ, တည်ရာဘုံဌာန မဟုတ်ချေ၊ နတ်တို့၏ ရုပ်ဓာတ်, နာမ်ဓာတ်များသည်လည်း အလွန်သိမ်မွေ့နူးညံ့သော ပဏီတတရ သဏ္ဍာသုခုမ ရုပ်နာမ်များဖြစ်ကြသောကြောင့် လူတို့၏နေထိုင်ရာ ကမ္ဘာမြေပြင်၌ မထိုက် တန်ချေ၊ ကောင်းကင်ဘုံ၌ ဖြစ်သောဗိမာန်တို့၌သာ ထိုက်တန်ပေ၏။

* * * * *

## အရှင်မောဂ္ဂလ္လာန်၏ ဒါယကာတစ်ဦးဝတ္ထု

သဗ္ဗညုမြတ်စွာဘုရားသည် ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း တိုက်ကြီး၌ သီတင်းသုံးနေတော်မူစဉ် တပည့်သာဝက သံဃာတော်များနှင့်တကွ ဘုရားရှင်ကိုယ်တော်မြတ်အား ဒါယကာ-ဒါယိကာမတို့က ပစ္စည်း ၄-ပါးဖြင့် လှူဒါန်းပူဇော်ကြပုံသည် မကြုံဖူးလောက်အောင် အထူးပင် များပြားခဲ့လေ၏။ ဘုရားရှင်နှင့်တကွ အဂ္ဂသာဝက, မဟာသာဝကမထေရ်ကြီးများထံသို့ ဒါယိကာ, ဒါယိကာမတို့ အဝင်,အထွက်၊ အပင့်,အဖိတ်၊ အလှူအတန်း များသလောက် အရှင်ဒေဝဒတ်ထံသို့ကား မည်သူတစ်ဦးတစ်ယောက်ကမှ ဝင်ထွက်ရကောင်း မှန်း၊ ပင့်ဖိတ်ရကောင်းမှန်း မသိကြချေ၊ ပင့်ဖို့, ဖိတ်ဖို့, လှူဒါန်းဖို့ မဆိုထားဘိ 'အရှင်ဒေဝဒတ်တစ်ပါး ဘယ်ကျောင်းမှာ သီတင်းသုံးနေထိုင်ပါသနည်း'ဟုပင် အရေးတယူလုပ်ပြီး မေးမြန်းမည့်သူ မရှိခဲ့ပါ။

ထို့ကြောင့် အရှင်ဒေဝဒတ်သည် 'နာမည်ကျော်ကြား လူသိများပြီး အခြွေအရံ ပရိသတ် ဒါယကာ, ဒါယိကာမ ပေါများလိုမှု၊ လာဘ်လာဘရလိုမှု၊ ဘုန်းကြီးလိုမှုတို့ကို အရင်းခံပြုပြီးလျှင် "ငါသည် အနုရုဒ္ဓါ, အာနန္ဒာ, ဘဒ္ဒိယ, ကိမိလ, ဘဂုတို့နှင့်အတူ ညီအစ်ကို ၆-ယောက် ရဟန်းဝတ်လာခဲ့ကြသည်၊

http://www.dhammadownload.com



သူတို့သည် သာကီဝင်မင်းသားများဖြစ်ကြသလို ငါလည်း သာကီဝင်မင်းသား တစ်ပါးပင် ဖြစ်သည်၊ ငါသည်လည်း သူတို့ကဲ့သို့ ဘုန်းကြီးအောင် လာဘ်လာဘ ပေါ်အောင် လုပ်မှုပဲ"ဟု မသင့်သော အကြံအစည်ကို ကြံစည်၍ ကောသမ္ဗီပြည်မှ ထွက်လာခဲ့ပြီးလျှင် ရာဇဂြိုဟ်သို့ သွားလေ၏။ ရာဇဂြိုဟ်သို့ရောက်သော် မိမိ ရရှိထားသည့် လောကီအဘိညာဉ် တန်ခိုးဖြင့် မသိနားမလည်သူ အဇာတသတ် မင်းသားကလေးအား မိမိကို အထင်ကြီးလာအောင် ပြုလုပ်ပြခဲ့၏၊ ယင်းသို့ နားမလည်သူများ အထင်ကြီးအောင် တန်ခိုးဖန်ဆင်းပြခြင်းကြောင့် မင်းဆရာ အဖြစ်သို့ ရောက်လာခဲ့သော အရှင်ဒေဝဒတ်သည် မိမိ မတော်မတရား ဖန်တီး ပြုလုပ်ထားသည့် ဘုန်းဒဏ်၊ လာဘ်လာဘဒဏ်ကို မခံနိုင်ပဲ "အဟံ ဘိက္ခုသံဃံ ပရိဟရိဿာမိ" (ငါသည် ဘုရားရှင်ကို ဖယ်ရှား၍ နောင်တော်ဘုရား ကိုယ်စား ရဟန်းတော်များကို ဆိုဆုံးမတော့အံ့)ဟူသော အကြံကို ကြံစည် မှားမိခဲ့လေ၏။

ဤအကြံဆိုးကြီးကို စိတ်ကူးမိ၊ ကြံစည်မိသည်နှင့် တပြိုင်နက် အရှင် ဒေဝဒတ် ရရှိထားသည့် လောကီတန်ခိုး အဘိညာဉ်များသည် ချက်ချင်း ပျောက် ကွယ်သွားကြလေကုန်၏။

**သဟ စိတ္တုပ္ပါဒါဝ ဒေဝဒတ္တော တဿာ ဣဒ္ဓိယာ ပရိဟာယိ။**

ဒေဝဒတ္တော၊ အရှင်ဒေဝဒတ်သည်။ သဟ စိတ္တုပ္ပါဒါဝ၊ ငါသည် ဘုရား ရှင်ကို ဖယ်ရှား၍ နောင်တော်ဘုရားကိုယ်စား ရဟန်းများကို ဆုံးမအံ့ဟူသော စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက်သာလျှင်။ တဿာ ဣဒ္ဓိယာ၊ ထိုလောကီတန်ခိုးမှ။ ပရိဟာယိ၊ ဆုတ်ယုတ်ပျက်စီးလေပြီ။

ဤသို့ အရှင်ဒေဝဒတ်သည် မကြံကောင်း၊ မစည်ကောင်း၊ အကြံ ကောင်းကြီးများကို ပစ်မှားကြံစည်နေပုံနှင့် ထိုသို့ကြံစည်သည့်အတွက်ကြောင့် တန်ခိုးအဘိညာဉ်များ ပျောက်ကွယ်သွားပုံတို့ကို အရှင်မောဂ္ဂလ္လာန်မထေရ်၏ အလုပ်အကျွေး ဒါယကာဖြစ်ခဲ့ဖူးသော ဗြဟ္မာကြီးတစ်ဦးက သိရှိသဖြင့် ကြိုတင် အသိပေးရန် မိမိဆရာအရှင်မောဂ္ဂလ္လာန်ထံသို့လာပြီး ထိုအကြောင်းကို လျှောက် ထားခဲ့၏။

http://www.dhammadownload.com



ထိုပြဟ္မာကြီးမှာ လူ့ဘဝက အရှင်မောဂ္ဂလ္လာန်၏ အလုပ်အကျွေး ဒါယကာ ဖြစ်ခဲ့သူ ကကုဓအမည်ရှိသော ကောလိယမင်းသားတစ်ပါး ဖြစ်ပါသည်၊ ထိုမင်းသားကွယ်လွန်ပြီး ပြဟ္မာဖြစ်သွားသည်မှာ မကြာလှသေးပါ၊ ထိုကကုဓ ပြဟ္မာကြီး၏ ကိုယ်ခန္ဓာမှာ ဂါမခေတ် ၂-ရွာစာ၊ ၃-ရွာစာမျှ ကြီးပြီး ၃-ဂါဝုတ်ခန့် ရှိကြောင်းကို ကျမ်းဂန်တို့၌ အောက်ပါအတိုင်း ဖော်ပြထားပေသည်-

**တေန ခေါ ပန သမယေန ကကုဓော နာမ ကောလိယပုတ္တော အာယ- သ္မတော မဟာမောဂ္ဂလ္လာနဿ ဥပဋ္ဌာကော အစိရကာလင်္ကတော အညတရံ မနောမယံ ကာယံ ဥပပန္နော။ တဿ ဧဝရူပေါ အတ္တဘာ- ဝပဋိလာဘော ဟောတိ။ သေယျထာပိ နာမ ဒွေ ဝါ တီဏိ ဝါ မာဂဓကာနိ ဂါမက္ခေတ္တာနိ။ သော တေန အတ္တဘာဝပဋိလာဘေန နေဝ အတ္တာနံ၊ နော ပရံ ဗျာဗာဓေတိ။**

*(စူဠဝဂ္ဂပါဠိတော် ၃၄၂။ အင်္ဂုတ္တရပါဠိတော် ၂၊ ၁၀၇။ ဓမ္မပဒ ၄၊ ပ၊ ၉၀)။*

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အာယသ္မတော မဟာမောဂ္ဂလ္လာ- နဿ၊ အရှင်မဟာမောဂ္ဂလာန်၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေး ဆွမ်းဒါယကာ ဖြစ်သော။ ကကုဓော နာမ၊ ကကုဓ မည်သော။ ကောလိယပုတ္တော၊ ကောလိယ မင်းသားသည်။ အစိရကာလင်္ကတော၊ မကြာမီက ကွယ်လွန်ခဲ့သည်ဖြစ်၍။ အညတရံ၊ တစ်ခုသော။ မနောမယံ ကာယံ၊ ဈာန်စိတ်ဖြင့်ပြီးသော ပြဟ္မာဘုံသို့။ ဥပပန္နော၊ ရောက်သွားလေ၏။ ဝါ၊ ပြဟ္မာဖြစ်သွားလေ၏။ တဿ၊ ထိုကကုဓ ပြဟ္မာ၏။ ဧဝရူပေါ၊ ဤသို့ကြီးမားသော။ အတ္တဘာဝပဋိလာဘော၊ ခန္ဓာကိုယ်ကို ရခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိ နာမ၊ ဥပမာအားဖြင့်သော်ကား။ မာဂဓကာနိ၊ မာဂဓတိုင်း၌ ဖြစ်ကုန်သော။ ဒွေ ဂါမက္ခေတ္တာနိ ဝါ၊ ဂါမခေတ်နှစ် ခေတ်စာတို့သည်လည်းကောင်း။ တီဏိ ဂါမက္ခေတ္တာနိ ဝါ၊ ဂါမခေတ်သုံးခေတ် စာတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော၊ ထိုပြဟ္မာကြီးသည်။ တေန အတ္တဘာဝပဋိလာဘေန၊ ဂါမခေတ်နှစ်ခေတ်, သုံးခေတ် စာလောက် ကြီးမားသော ထိုခန္ဓာကိုယ်ကြီးကိုရခြင်းကြောင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ နေဝ ဗျာဗာဓေတိ၊ အသွားအလာ အနေအထိုင်ခက်အောင် မနှိပ်စက်။ ပရံ၊ သူတစ်ပါးကို။ န ဗျာဗာဓေတိ၊ မနှောင့်ယှက် မနှိပ်စက်ပါ။

http://www.dhammadownload.com



ဂါမခေတ်ဟူသည် မဂဓတိုင်း၌ အငယ်စားဂါမခေတ်သည် ၁-ဂါဝုတ်ရှိ၏၊ အလတ်စားဂါမခေတ်သည် ၁-ဂါဝုတ်ခွဲ ရှိ၏၊ အကြီးစားဂါမခေတ်သည် ယူဇနာများစွာ ကျယ်၏။ ထိုဂါမခေတ် ၃-မျိုးတို့တွင် ကကုဓပြဟ္မာကြီး၏ ကိုယ်ခန္ဓာသည် ၃-ဂါဝုတ်ရှိသောကြောင့် အလတ်စားဂါမခေတ်ဖြင့် ၂-ခေတ်စာ၊ အငယ်စားဂါမခေတ်ဖြင့် ၃-ခေတ်စာ ရှိပါသည်။

**ဒွေ ဝါ တီဏိ ဝါ မာဂဓကာနိ ဂါမက္ခေတ္တာနိတိ ဧတ္ထ** မဂဓရဋ္ဌေ ခုဒ္ဒကံ ဂါမက္ခေတ္တံ ဂါဝုတမတ္တံ။ မဇ္ဈိမံ ပန ဒိယဍ္ဎဂါဝုတမတ္တံ။ မဟန္တံ အနေကယောဇနမ္ပိ ဟောတိ။ တေသု မဇ္ဈိမေန ဂါမက္ခေတ္တေန ဒွေ ဝါ၊ ခုဒ္ဒကေန တီဏိ ဝါ ဂါမက္ခေတ္တာနိ။ တဿ သရီရံ တိဂါဝုတပ္ပမာဏော အတ္တဘာဝေါတိ ဝုတ္တံ ဟောတိ။

*(ဝိမတိ၊ဒု၊ ၂၅၃။)*

**ဒွေ ဝါ တီဏိ ဝါ မာဂဓကာနိ ဂါမက္ခေတ္တာနိတိ ဧတ္ထ**၊ ဒွေ ဝါ တီဏိ ဝါ မာဂဓကာနိ ဂါမက္ခေတ္တာနိ-ဟူသော ဤပါဌ်၌။ မဂဓရဋ္ဌေ၊ မဂဓတိုင်းပြည်၌။ ခုဒ္ဒကံ၊ ဂါမက္ခေတ္တံ၊ ငယ်သော ဂါမခေတ်သည်။ ဂါဝုတမတ္တံ၊ ၁-ဂါဝုတ်လောက် ရှိသည်။ ဟောတိ၊ ဖြစ်၏။ မဇ္ဈိမံ ပန၊ အလတ်စားဖြစ်သော ဂါမခေတ်သည်ကား။ ဒိယဍ္ဎဂါဝုတမတ္တံ၊ ၁-ဂါဝုတ်ခွဲလောက် ရှိ၏။ မဟန္တံ၊ ကြီးသော ဂါမခေတ်သည်။ အနေကယောဇနမ္ပိ၊ ယူဇနာများစွာ ကျယ်ဝန်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တေသု၊ ထိုဂါမခေတ် သုံးမျိုး, သုံးစားတို့တွင်။ မဇ္ဈိမေန ဂါမက္ခေတ္တေန၊ အလတ်စား ဂါမခေတ်ဖြင့်။ ဒွေ ဂါမက္ခေတ္တာနိ ဝါ၊ ဂါမခေတ် နှစ်ခေတ်စာတို့သည်လည်းကောင်း။ ခုဒ္ဒကေန ဂါမက္ခေတ္တေန၊ ငယ်သော ဂါမခေတ်ဖြင့်။ တီဏိ ဂါမက္ခေတ္တာနိ ဝါ၊ ဂါမခေတ် သုံးခေတ်စာတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဿ၊ ထိုကကုဓ ပြဟ္မာကြီး၏။ သရီရံ၊ ခန္ဓာကိုယ်သည်။ တိဂါဝုတပ္ပမာဏော၊ သုံးဂါဝုတ်ပမာဏ ရှိသော။ အတ္တဘာဝေါ၊ ကိုယ်လုံး ကိုယ်ထည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလိုရင်း ဖြစ်ပါ၏။

http://www.dhammadownload.com



ထိုသို့ ကြီးကျယ်သော အကျိုးမျိုး၊ ထို့အောက် အနည်းငယ်ယုတ်၍ လူတို့၏ စည်းစိမ်ချမ်းသာထက် ကြီးကျယ်သော နတ်တို့၏အကျိုးမျိုး၊ လူ့ပြည်၌ လူပြန်၍ ဖြစ်ပါလျှင်လည်း ထိုစည်းစိမ်ချမ်းသာနှင့် လျော်သော ရုပ်လက္ခဏာမျိုးတို့ဖြင့် အပြည့်အစုံဖြစ်ပြီးမှ ခံစားကြရန် အကျိုးမျိုးတို့ကို ပေးနိုင်သောကြောင့် အနာဂတ် နောင်ဘဝ၊ နောင်-ဟုခေါ်သော ကာလသို့ ရောက်အောင် ရှည်ကြာစွာ ငံ့လင့်ပြီးမှ အကျိုးကို ပေးနိုင်ကြကုန်၏ ဟူ၍ ယုံကြည်စွာ မှတ်ယူသင့်ပေသည်။

*( ဤသည်လည်း လောကမှ မလွတ်သေးခင် အကျိုးပေးပုံပေတည်း)*

လောကမှ လွတ်မြောက်ပုံအကျိုးကိုကား အထက်၌ ပြခဲ့ပြီးသော အင်္ဂုဒတ္တ ရသေ့တို့ကဲ့သို့ ဉာဏ်ရင့်ပြီး မာတ်ခံအသင့်ရှိနေကြသူတို့မှာ ဤသရဏဂုံ ကုသိုလ်သည် မဂ်ဖိုလ်သို့ တိုင်အောင် ရောက်နိုင်ကြောင်းကို ပြခဲ့ပြီ၊ ဤသို့ ပစ္စုပ္ပန်, တမလွန် ၂-တန်ကာလ ၂-ဘဝတို့၌ မဟပ္ဖလ, မဟာနိသံသ အကျိုးတို့ကို အမျိုးမျိုး ခံစားနိုင်ခွင့် ရရုံမျှမက လောကမှ လွတ်မြောက်၍ လောကုတ္တရာ နိဗ္ဗာန် အငြိမ်းဓာတ်သို့ ဆိုက်ရောက်နိုင်အောင် အကျိုးရှိသော သရဏဂုံအကျင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဘာဝနာကို ပွါးများလိုသော ယောဂီပုဂ္ဂိုလ်တို့ သိရှိရန် ဂုဏ်တော် ၉-ပါး၏ မြန်မာပြန် အနက်အဓိပ္ပာယ်ကို သိလွယ်အောင် ဖော်ပြဦးအံ့။

* * * * *

## ဂုဏ်တော် ၉-ပါး၏ အနက်မြန်မာပြန်

၁။ အရဟံ- ပူဇော်စရာ ဖြစ်ပေါ်လာသော မြတ်စွာဘုရား၊

အရဟံ- ပူဇော်ဖို့ရန် အလွန်ကောင်းတော်မူသော မြတ်စွာဘုရား၊

အရဟံ- ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား၊

အရဟံ- လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့၏ ပူဇော်သက္ကာရ ဝိသေသ အထူးကို ခံယူတော်မူရာ၌ အရာရာ ကိုယ်တော်မြတ်က သာလွန်တော်

http://www.dhammadownload.com



မူသည့်အတွက်ကြောင့် ငှဲ့ကွက်အားနာ ညှာတာကြောက်ရွံ့ စိတ်မတွန့်ပဲ အပူဇော်ကို ခံယူတော်မူနိုင်သော မြတ်စွာဘုရား၊

အ,ရဟံ- ဆိတ်ကွယ်ရာအရပ်၌သော်လည်း မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား၊

အရဟံ- သံသရာစက်၏ အကန့်အကွက်ဖြစ်သော အဝိဇ္ဇာ၊ တဏှာ၊ ကိလေသာတို့ကို ပယ်ခွါသုတ်သင် ခုတ်ထွင်ဖျက်ဆီး၍ အောင်ပွဲကြီး ဆင်တော်မူနိုင်သော မြတ်စွာဘုရား၊

အရဟံ- ကိလေသာမာရ် အတွင်းရန်တို့ကို ဝေဒန္တဂူ၊ သယမ္ဘူစက်၊ မဂ်ဝရဇိန်၊ မိုးကြိုးရှိန်တို့ဖြင့်၊ လွှတ်ချိန်လွှင့်မှုန်း၊ လက်စတုံးအောင်၊ ဖျက်ဖြုန်းခွင်းသတ်တော်မူနိုင်သော မြတ်စွာဘုရား။

*(ဤ နောက်ဆုံးအနက်သည်ကား ကျေးဇူးရှင် မာန်လည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော အနက်တည်း။)*

ဤအနက်များကို အရကျက်ပြီးလျှင် သဒ္ဓါတရား တိုးတက်ပွါးများလာအောင် နှုတ်ဖြင့် ရွတ်ဖတ်ပွါးများရာ၏။ စိတ်ဖြင့် နှလုံးသွင်း ဆင်ခြင်ရာ၏။

၂။ သမ္မာသမ္ဗုဒ္ဓေါ- ခပ်သိမ်းလုံးစုံ၊ တရားဂုဏ်ကို၊ အကုန်မကျန်၊ ဖောက်ပြန်မရှိ၊ မြင်သိ ထင်လင်းတော်မူသော မြတ်စွာဘုရား။

တစ်နည်း။ သမ္မာသမ္ဗုဒ္ဓေါ- သင်္ခါရ, ဝိကာရ၊ လက္ခဏာနှင့်၊ ပညတ်,နိဗ္ဗာန်၊ ဤငါးတန်သော ဥေ ယျဓမ္မ၊ သိစရာရှိသမျှကို၊ တစ်ခုမျှမကျန်၊ သယမ္ဘူဉာဏ်ဖြင့်၊ ဆရာမရှိ၊ မိမိအလိုလို ကိုယ်တော်တိုင်သာ သမ္မာဗုဒ္ဓသိ၊ သံဗုဒ္ဓသိ၊ ထို နှစ်သိတို့ထက် မြတ်သော အသိကြီးကို သိတော်မူနိုင်သော သမ္မာသမ္ဗုဒ္ဓသိ၊ ဂုဏ်ထူးရှိတော်မူသော မြတ်စွာဘုရား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော- ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါး၊ စရဏ ၁၅-ပါး၊ တရားအစုံ၊ မြတ်သောဂုဏ်တို့နှင့်၊ ပြည့်စုံတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



တစ်နည်း။ ဝိဇ္ဇာစရဏသမ္ပန္နော- လောကီဝိဇ္ဇာ၊ အဖြာဖြာတို့ထက်၊ အသာဆုံး, အမြတ်ဆုံး၊ လောကုတ္တရာ ဝိဇ္ဇာစိုရ် ဖြစ်တော်မူသည်လည်း တစ်ကြောင်း၊ အကြောင်း စရဏ၊ အခြေပါဒ တရား၊ ၁၅-ပါးသော အကျင့်သိက္ခာတို့နှင့် ပြည့်စုံတော်မူသည် ကာလလည်း တစ်ဖြာ၊ ဤကဲ့သို့သော ဂုဏ်အင်္ဂါတို့ကြောင့် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ထူးကို ရရှိတော်မူသော မြတ်စွာဘုရား။

၄။ သုဂတော- ဘေးကင်းရာမှန်၊ မြတ်နိဗ္ဗာန်သို့ မဂ္ဂင် ၈-ပါး၊ ယာဉ်ရထားဖြင့်၊ တင့်တယ်စွာ ကြွသွားတော်မူပါပေသော မြတ်စွာဘုရား။

တစ်နည်း။ သုဂတော- ဖျာဒိတ်ယူစ၊ သုမေဓာဘဝမှစ၍၊ ဘုရားအဖြစ်သို့ ရောက်အောင် သမ္မာပဋိပတ်၊ အကျင့်မြတ်ဖြင့် ကြွလာတော်မူပါပေသော မြတ်စွာဘုရား။

တစ်နည်း။ သုဂတော- ကျိုးရှိ, ဟုတ်မှန်၊ သူနားခံ, နှစ်သက်သောစကား၊ မနားခံ မနှစ်သက်သော်လည်း ကျိုးရှိဟုတ်မှန်သော စကား၊ ဤနှစ်တန်သော သုတ်, ဝိနည်း, အဘိဓမ္မာစကားတို့ကိုသာ ဟောကြားပြောဆိုလေ့ ရှိတော်မူသော မြတ်စွာဘုရား။

၅။ လောကဝိဒူ-နှစ်သိန်း, လေးသောင်းယူဇနာ အထုရှိသော မဟာပထဝီ မြေကြီး၊ ထိုမြေကြီးအောက် လေးသိန်း, ရှစ်သောင်း အထုရှိသော ရေထုကြီး၊ ထိုရေထုအောက် ကိုးသိန်း ခြောက်သောင်းသော အဇဋာကာသကောင်းကင်ကြီးရှိသမျှနှင့် မြေထု, ရေထု၊ လေထု, စကြဝဠာ၊ ကမ္ဘာအနန္တ၊ ဩကာသ တစ်ခုလုံးကို၊ သိမ်းကြုံး၍ သိတော်မူခြင်းတည်းဟူသော ဩကာသလောကဝိဒူဂုဏ်တော်။

လူ,နတ်,ဗြဟ္မာ၊ သတ္တဝါ အနန္တတို့ကို၊ တစ်ခုမျှ မကျန်အောင်၊ ဝေဖန်ပိုင်းခြား၍ သိတော်မူခြင်းတည်းဟူသော သတ္တလောကဝိဒူဂုဏ်တော်။

http://www.dhammadownload.com



ထိုသတ္တ၊ ဩကာသတို့၏ သင်္ခါရ-ဓမ္မကို သိတော်မူခြင်းတည်းဟူသော သင်္ခါရလောကဝိဒူ-ဂုဏ်တော်၊ ဤသို့ ၃-ပါးသော လောကအနန္တကို ကျန်ရသည် ဟူ၍ မရှိ၊ မြင်သိထင်လင်းတော်မူပါပေသော မြတ်စွာဘုရား။

၆။ **အနုတ္တရော ပုရိသဒမ္မသာရထိ-** မယဉ်ကျေးသော လူ,နတ်,ဗြဟ္မာ, သတ္တဝါတို့ကို လိမ္မာယဉ်ကျေးအောင် ဆုံးမတတ်သော ဆရာအပေါင်းတို့တွင် အကောင်းဆုံး, အမြတ်ဆုံး၊ သံသရာဝဋ်ရှိဆုံးအောင်၊ ဆုံးမတော်မူနိုင်သည်ဖြစ်၍ အတုမရှိ ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

၇။ **သတ္ထာ ဒေဝမနုဿာနံ-** ထိုသို့ ဆုံးမတတ်, မြတ်တော်မူသည်ဖြစ်၍ လူ,နတ်, ဗြဟ္မာ၊ သတ္တဝါတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်ရှာ ဆရာအစစ် ရထားမှူးကြီးပမာ ဖြစ်တော်မူပါပေသော မြတ်စွာဘုရား။

၈။ **ဗုဒ္ဓေါ-** သစ္စာလေးပါး မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ ကိုယ်တော်တိုင် သိမြင်တော်မူသည့်အပြင် သူတစ်ပါးတို့ကိုလည်း သိမြင်အောင် ဟောကြားတော်မူနိုင်ပါပေသော မြတ်စွာဘုရား။

၉။ **ဘဂဝါ-** ဘုန်းရှိသောသူ၊ နတ်,လူ,ဗြဟ္မာ၊ သတ္တဝါတို့ထက်၊ အသာဆုံး, အမြတ်ဆုံး၊ ဘုန်းရှိတော်မူသော မြတ်စွာဘုရား။

**တစ်နည်း။** ဘဂဝါ- စိတ်တော်ကို အစိုးရသည်ဖြစ်၍ အဏိမာ, မဟိမာ, လဃိမာ၊ အစဖြာသည့်-

* လောကီတန်ခိုး အမျိုးမျိုးတို့ကို အစိုးတရ ဖန်ဆင်း၍ ပြတော်မူနိုင်သော *ဣဿရိယဘုန်းတော်*၊
* မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ နိဗ္ဗာန်တရား၊ ဤ ၉-ပါးသော လောကုတ္တရာ ဓမ္မတို့ကို၊ ရရှိတော်မူသော *ဓမ္မဘုန်းတော်*၊
* ဟုတ်မှန်သည့်အတိုင်း ကျော်စောတော်မူသော *ယသဘုန်းတော်*၊

http://www.dhammadownload.com



* - ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်၊

- တစ်လံမျှလောက်သော နီစွလော'ဘာသ ရောင်ခြည်တော်က ၆-သွယ်၊
- အတောင် ၈၀-မျှသော အသီတိဟတ္ထက ရောင်ခြည်တော်က တစ်ဖုံ၊
- အလုံးစုံသော ကိုယ်တော်အထက် ဦးခေါင်းတော်အထက်မှ စုလျက် ထွက်သော ကေတုမာလာခေါ် ရောင်ခြည်တော်က တစ်သွယ်၊
- မျက်မှောင်တော် ၂-ခုတို့၏ အလယ်မှ ဖွေးဖွေးလက်လက် စိန်ရောင်ခြည် ဖြိုးလက်သလို တဖျတ်ဖျတ်ထွက်သော ဥဏ္ဏာလုံ မွေးရှင်တော် ရောင်ခြည်တော်က တစ်ဌာန။

ဤကဲ့သို့ လှပတင့်တယ်၊ ရှုဖွယ်မငြီး၊ အံ့ချီး၍မကုန်၊ လူ့ဘုံ, နတ်ရွာ၊ ပြဟ္မာပါ ယှဉ်ပြိုင်ပါသော်၍လည်း ရွှေတောင်ကြီးပမာ၊ ပြိုင်ကြသူတို့သာ ရှုံးရပါသော ရူပါရူပ ဝိလာသ၊ ရူပအစိန္တေယျဂုဏ်, အလုံးစုံသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပါပေသော သိရီဘုန်းတော်၊

* အတ္တ, ပရ ဟိတ ၂-ပါး ပွါးများမောက်မို၊ အလိုရှိတိုင်း၊ အလှိုင်းတကြီး၊ ပြီးစီစေနိုင်ခြင်းတည်းဟူသော ကာမဘုန်းတော်၊

* ထကြွလုံ့လ၊ ဝီရိယအရာမှာ၊ လူ,နတ်,ပြဟ္မာ၊ သတ္တဝါတို့၏ ဝီရိယတို့က တစ်ဖက်၊ ဘုရားရှင်ကိုယ်တော်မြတ်၏ ဝီရိယကတစ်ဖက်၊ ချိန်စက် လျှင် ဘုရားရှင်ကိုယ်တော်မြတ်၏ ဝီရိယတော်ခတ်က၊ သာလွန်မြတ် တော်မူခြင်းတည်းဟူသော ပယတ္တဘုန်းတော်။

ဤသို့ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော ဘဂဝါ အမည်ရှိတော် မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



ဣတိ ဣမေဟိ နဝဟိ ဂုဏေဟိ၊ ဤ ၉-ပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ ပညတ်, ပရမတ်၊ ၂-ပါးစပ်၍၊ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏အရှင်ဘုရား။ မာနေမိ၊ အမြဲမပြတ်၊ စိတ်ဓာတ်၌ စွဲကပ်၍၊ အမြတ်ဆုံးဖြစ်သော ဘုရားရတနာပါတကားဟု မြတ်နိုးပါ၏အရှင်ဘုရား။ ပူဇေမိ၊ လက်ဆယ်ချောင်းတို့ဖြင့်၊ စုပေါင်း၍သာ၊ ပူဇော်ပါ၏အရှင်ဘုရား။ သရဏံ၊ အပါယ်လေးဖြာ၊ အို,နာ,သေရေး၊ သံသရာဝဋ်ဒုက္ခဘေးကြီးတို့မှ၊ ကင်းဝေးရာ, ကင်းဝေးကြောင်း၊ ကောင်းမြတ်သော အားထားရာအစစ်၊ အားကိုးရာ အစစ်ဖြစ်တော်မူသော ဘုရားမြတ်ဟူ၍။ ဂစ္ဆာမိ၊ အသက်ထက်ဆုံး၊ စွဲသုံး ဆည်းကပ်ပါ၏ အရှင်ဘုရား။

*(အရကျက်၍ နှုတ်တက်အောင် သရဇ္ဈာယ်ပြီးလျှင် ရှိခိုးပူဇော်အပ်၏။)*

ဤသို့ ဆိုအပ်ခဲ့ပြီးသော ၉-ပါးသောဂုဏ်တော်တို့တွင် မိမိစိတ်၌ထင် လွယ်, မြင်လွယ်၊ သိလွယ်သော ဂုဏ်တော်တစ်ပါးပါးကိုသော်လည်း ရွေးနုတ်၍၊ တသီးတခြား ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်အောင်လည်း ပွါးများအပ်၏၊ ရှိခိုးရာ၌ အနက်အဓိပ္ပါယ်ကို သိ၍ရှိခိုးခြင်းသည် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းလည်း ဖြစ်၏။

ဝန္ဒာမိ-ပုဒ်၏အရ ဗုဒ္ဓပဏာမ ဗုဒ္ဓဝန္ဒနာ ဘုရားရှိခိုးလည်း ဖြစ်၏။

ပူဇေမိ-ပုဒ်၏အရ အပစာယနသီလ ပူဇော်ခြင်းဒါနလည်း ဖြစ်၏။

သရဏံ ဂစ္ဆာမိ ဟူသောပုဒ်၏အရ သရဏဂုံဆောက်တည် ကျင့်သုံး၍ အမြတ်ဆုံးဖြစ်သော ဘုရားရှင်ပေတည်းဟု အားကိုးခြင်း သရဏဂုံကုသိုလ်လည်း ဖြစ်၏။

* * * * *

http://www.dhammadownload.com



## ပရိတ်ရွတ်ဖတ်သည့် အရှင်များ သတိပြုရန် မန်လည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူပုံ

ဘုရားဂုဏ်တော်ကို ပြဆိုသော ဤစကားရပ်၌ စကားအလျဉ်းသင့်၍ ပရိတ်ရွတ်ဖတ်ရာ၌ သတိပြုရန် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့ဖူးသည်ကို ရေးသားဖော်ပြဦးအံ့။

ပရိတ်ရွတ်သောပုဂ္ဂိုလ်သည် မည်သည့်သုတ်ကိုပဲရွတ်ရွတ်၊ "သမန္တာ-စက္ကဝါဠေသု" အစရှိသော ခပ်သိမ်းသောသုတ်တို့နှင့် ဆက်ဆံသည့် သဗ္ဗသာ-ဓာရဏ အချီးနိဒါန်းကို ရွတ်ဆိုပြီးလျှင် အလိုရှိရာ ရတနသုတ်, မေတ္တသုတ် စသည်ကို ရွတ်ဖတ်ကြရာ၏။ ထိုသို့ ရွတ်ဖတ်ကြရာ၌ အဆုံးတွင် ဓဇဂ္ဂသုတ်၏ "ကိတ္တိပိ သော ဘဂဝါ"အစရှိသော ဂုဏ်တော်ပါဠိ တစိတ်တဒေသကို ရွတ်ဆို လေ့ရှိကြ၏။ ထိုသို့ ရွတ်ဆိုခြင်းသည်ကား သူတစ်ပါးအကျိုးကို ရည်ရွယ်၍ ရွတ်ဆိုခြင်းဖြစ် သောကြောင့် ဂုဏ်တော်၏အဆုံးတွင် "ကိတ္တိ ကမေဟိ နဝဟိ ဂုဏေဟိ သမန္နာဂတံ ဗုဒ္ဓဿ ဂုဏံ သရန္တု အနုဿရန္တု"ဟု ထည့်၍ ရွတ်ဆို ရမည်။ အဘယ့်ကြောင့်နည်းဟူမူ ပရိတ်တရားကို နာယူသူ၊ နတ်,လူတို့အား "ဤဂုဏ်တော်များကို အောက်မေ့ကြလော့, အဖန်ဖန်အောက်မေ့ကြလော့"ဟု သတိပေး တိုက်တွန်းသင့်သောကြောင့် ဖြစ်ပေသည်။

"ဓဇဂ္ဂသုတ် တစ်သုတ်လုံးကို ရွတ်ဖတ်ရာ၌ကား 'အနုဿရေယျာထ' ဟူသောပုဒ် ပါပြီးဖြစ်၍ "သရန္တု၊ အနုဿရန္တု"ပုဒ်တို့ကို ထည့်၍ ဆိုရန်မလိုတော့ ချေ"ဟု မိန့်ကြားတော်မူခဲ့ပါသည်။

*(ဤဆိုအပ်ခဲ့ပြီးသည်ကား ဂုဏ်တော်များ၏ အနက်အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် သိအောင်အရကျက်၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းရန်၊ ဘုရားရှိခိုးရန်၊ သရဏဂုံဆောက်တည်ရန် အကျဉ်းပြဆိုခြင်းတည်း။)*

* * * * *

http://www.dhammadownload.com



## အရဟံဂုဏ်တော်၏ အဓိပ္ပါယ်အကျယ်

## လူ,နတ်,ဗြဟ္မာတို့ထက် သာလွန်သောကြောင့် အပူဇော်ကို ခံထိုက်သည်

'ပူဇာဝိသေသံ အရဟတီတိ အရဟံ'ဟူသော ဝစနတ္ထအရ လူ,နတ်, ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်၏-ဟု ဆိုရာဝယ် အခြားပုဂ္ဂိုလ်များကဲ့သို့ အားနာလျက်, ငဲ့ကွက်လျက် ခံယူနိုင်တာမျိုး မဟုတ်ချေ။ ဘုရားကိုယ်တော်မြတ်၏ ပူဇော်အထူးကို ခံယူတော်မူပုံမှာ အားမနာပဲ, မငဲ့ကွက်ပဲ ခံယူတော်မူ၏၊ ထို့ကြောင့် ပူဇာဝိသေသံ၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါတို့၏ ပူဇော်အထူးကို။ အရဟတိ၊ အရာရာကိုယ်တော်မြတ်က သာတော်မူသည့်အတွက် အားမနာပဲ, မငဲ့ကွက်ပဲ၊ ရဲရဲကြီး ခံယူတော်မူထိုက်၏၊ ခံယူတော်မူနိုင်၏၊ ဣတိ တသ္မာ၊ ဤသို့ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါတို့၏ ပူဇော်အထူးကို ငဲ့ကွက်အားနာ၊ ညှာတာကြောက်ရွံ့၊ စိတ်မတွန့်ပဲ ခံယူတော်မူနိုင်သောကြောင့်။ အရဟံ၊ အရဟမည်တော်မူပါပေ၏-ဟူ၍ အနက်ပေးရလေ၏။

"အဘယ်သို့ အားမနာပဲ, မငဲ့ကွက်ပဲ ခံယူတော်မူနိုင်ပါသနည်း"ဟု ဆိုလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ဝေရဉ္ဇာပုဏ္ဏားအား "သွာဟံ ဗြာဟ္မဏ ဇေဋ္ဌော သေဋ္ဌော လောကဿ"ဟူ၍ ဟောကြားတော်မူအပ်သော တရားတော်အတိုင်း အဝိဇ္ဇာတည်းဟူသော ဥခွံတွင်းမှ ရှေးဦးအစ ပထမ ဖောက်ထွင်းလျက် လွတ်ကင်းသောပုဂ္ဂိုလ်ထူး ဖြစ်တော်မူသောကြောင့် အကြီးဆုံးဖြစ်တော်မူ၏။ အလုံးစုံသော လောကီ, လောကုတ္တရာဂုဏ်တော် အပေါင်းတို့ဖြင့် အတုမရှိသောကြောင့်လည်း အမြတ်ဆုံးဖြစ်တော်မူ၏။

"အဝိဇ္ဇာဂတာယ ပဇာယ တံ အဝိဇ္ဇာဏ္ဍကောသံ ပဒါလေတွာ ပဋ္ဌမတရံ အရိယာယ ဇာတိယာ ဇာတတ္တာ ဇေဋ္ဌော ဝုဍ္ဍတရော'တိ သင်္ချံဂတော၊ သဗ္ဗဂုဏေဟိ ပန အပ္ပဋိသမတ္တာ သေဋ္ဌော'တိ"

*(ပါရာဇိကကဏ် အဋ္ဌကထာ၊ ပ၊ ၁၁၁။)*

http://www.dhammadownload.com



အနက်ကား။ ။အဝိဇ္ဇာဂတာယ၊ အဝိဇ္ဇာတည်းဟူသော ဥခွံ၌ဖြစ်သော။ ပဇာယ၊ သတ္တဝါအပေါင်းတွင်။ တံ အဝိဇ္ဇာ'ဏ္ဍကောသံ၊ ထိုအဝိဇ္ဇာတည်းဟူသော ဥခွံကို။ ပဒါလေတွာ၊ ဖောက်ခွဲ၍။ ပဌမတရံ ရှေးဦးစွာ။ အရိယာယ ဇာတိယာ၊ အရိယာဇာတ်ဖြင့်။ ဇာတတ္တာ၊ ဖြစ်တော်မူသည်၏အဖြစ်ကြောင့်။ ဇေဋ္ဌော ဂုမုတရော'တိ၊ အကြီးဆုံးဟူ၍။ သင်္ချံ၊ ခေါ်ဝေါ်ခြင်းသို့။ ဂတော၊ ရောက်၏။ ပန၊ ဆက်၍ ဆိုဦးအံ့။ သဗ္ဗဂုဏေဟိ၊ အလုံးစုံသော လောကီ, လောကုတ္တရာဂုဏ်တို့ဖြင့်။ အပ္ပဋိသမတ္တာ၊ အတုမရှိသည်၏ အဖြစ်ကြောင့်။ သေဋ္ဌော'တိ၊ အမြတ်ဆုံးဟူ၍။ သင်္ချံ၊ ခေါ်ဝေါ်ခြင်းသို့။ ဂတော၊ ရောက်၏။

ထိုကြောင့် ကိုယ်တော်မြတ်အောက် ငယ်ကုန်, ငယ်ကုန်သော၊ နောက်မှ အဝိဇ္ဇာဥခွံမှ ထွက်ကြကုန်သော အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက တို့၏ ပူဇော်ခြင်းကိုလည်း အားမနာပဲ ခံယူတော်မူနိုင်၏။ သာဝကတို့မှတပါး သော လူ,နတ်,ဗြဟ္မာတို့၏ ပူဇော်ခြင်းကိုကား ဆိုဖွယ်ရာမရှိ၊ သာ၍ပင် အားနာ ခြင်း, ငဲ့ညှာခြင်း အလျှင်းမရှိပဲ ခံယူတော်မူနိုင်ပါပေ၏၊ အဘယ့်ကြောင့်နည်းဆို သော် အဝိဇ္ဇာဥခွံမှ မထွက်ကြသေးသော, အဝိဇ္ဇာမကုန်ကြသေးသော, သစ္စာ ၄-ပါး အမှန်တရားကို သိတတ်သောဝိဇ္ဇာဉာဏ်ကို မရကြသေးသော သူတို့၏ ပူဇော်ခြင်းဖြစ်သောကြောင့်ပေတည်း။

ထို့ကြောင့် "အရဟံ၊ လူ,နတ်,ဗြဟ္မာသတ္တဝါ တို့၏ ပူဇော်သက္ကာရ ဝိသေသအထူးကို အရာရာကိုယ်တော်မြတ်က သာလွန်တော်မူသည့်အတွက် ကြောင့် သနားငဲ့ညှာ အားနာတော်မမူပဲ ခံယူတော်မူထိုက်သော မြတ်စွာဘုရား" ဟု သိ၍ ကိုးကွယ်ဆည်းကပ်အပ်၏။

သီလတော်အရာမှာလည်း စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့နှင့် ပြည့်စုံတော်မူပြီးဖြစ်၍ ပစ္စေကဗုဒ္ဓါ, သာဝကတို့ မပယ်နိုင်ကြသော ဘဝများစွာက ထုံ၍ စိတ်ဓာတ်၌ အစဉ်ဖြစ်ပေါ်လာသော ဝါသနာကိုလည်း ပယ်တော်မူနိုင် သော သီလနှင့်ပြည့်စုံ၏၊ ထို့ကြောင့် မိမိအောက်ယုတ်သော သီလရှိသူ နတ်, လူ,ဗြဟ္မာ၊ ရဟန္တာ သာဝကဟူသမျှတို့၏ ပူဇော်ခြင်းကိုလည်း အားနာတော်မမူပဲ ခံယူတော်မူနိုင်၏။

http://www.dhammadownload.com



**သမာဓိ, ပညာမှာလည်း-**

ပစ္စေကဗုဒ္ဓါ, ရဟန္တာသာဝကတို့နှင့် မဆက်ဆံသော ရေ,မီးအစုံအစုံ ထွက်နိုင်သော ယမကပါဋိဟာရိယ တန်ခိုးတော်ရှိသော သမာဓိအရှင်၊ မဂ်ဉာဏ် ၄-ပါး, ဖိုလ်ဉာဏ် ၄-ပါးကို ရကြ၍ အသင်္ခတနိဗ္ဗာန သစ္စာကို သိကြပုံချင်း တူသော်လည်း အလုံးစုံကို အကုန်သိတော်မူသော သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူ၍ ကိုယ်တော်မြတ်ထက်သာသူ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့တွင် မရှိ၊ ဤသို့ သိက္ခာ ၃-ပါး, အကျင့်တရားသာသောကြောင့်လည်း နတ်,လူ,ဗြဟ္မာတို့၏ အပူဇော်ကို အားနာတော်မမူပဲ ခံယူတော်မူနိုင်၏၊ ထို့ကြောင့် အရဟံ၊ အရဟံဟု ကျော်စောတော်မူ၏၊ ဆည်းကပ်ကြရ၏၊ ချီးမွမ်းကြရ၏၊ ယုံကြည်ကြရ၏၊ အားကိုးကြရ၏။

ဗကဗြဟ္မာ, မာရ်နတ်မင်း, သိကြားမင်း, အာဠဝကဘီလူးမင်း, နန္ဒော-ပနန္ဒနဂါးမင်း စသည်တို့ကဲ့သို့ ဘုန်းတန်ခိုးကြီးသည့် ဗြဟ္မာမင်း, နတ်မင်း, ဘီလူးမင်း, နဂါးမင်းတွေ, အရှင်မောဂ္ဂလ္လာန်တို့ကဲ့သို့ ရဟန္တာတန်ခိုးကြီးပုဂ္ဂိုလ်တွေ ဖြစ်ကြစေကာမူ ဘုရားရှင်ဘုန်းတန်ခိုးထက် သာနိုင်သူဟူ၍ မရှိ၊ အဘယ့်ကြောင့် နည်းဆိုသော်-

**ဗြဟ္မာတို့၏တန်ခိုးသည်** တစ်ဘဝမျှအားထုတ်၍ရသော လောကီ ဈာန်သမာဓိကြောင့်ရသည့် တန်ခိုးမျှသာဖြစ်၏၊

**နတ်မင်း၊ ဘီလူးမင်း၊ နဂါးမင်းတို့၏တန်ခိုးသည်လည်း** တစ်ဘဝမျှပြုလုပ်၍ ရသောဒါန၊ သီလ၊ ဘာဝနာ ကာမာဝစရ ကုသိုလ်ကြောင့်ရသည့် တန်ခိုးများသာဖြစ်ကြ၏၊

**အရှင်မဟာမောဂ္ဂလ္လာန်ရဟန္တာ မထေရ်မြတ်ကြီး၏ တန်ခိုးသည်လည်း** တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ဆည်းပူးခဲ့ရသော ပါရမီ ၁၀-ပါး ပုညအစု မြတ်ကောင်းမှုတို့ကြောင့် ရသည့်တန်ခိုးသာ ဖြစ်၏။

**ဘုရားရှင်၏တန်ခိုးတော်မူမှာကား** လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ ၁၀-ပါးကို အပြား-၃၀ ပြည့်အောင် ဖြည့်ကျင့်တော်မူခဲ့ရသော မဟာပုညကုသိုလ်တော်ဟူသမျှတို့ကြောင့် ရအပ်သော တန်ခိုးတော်ဖြစ်

http://www.dhammadownload.com



၍ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာတို့ကမှ မတုနိုင်, မပြိုင်နိုင်, မယှဉ်နိုင်သော တန်ခိုးတော်ဖြစ်တော်မူ၏။

* * * * *

## နတ်,ဗြဟ္မာတွေက လူသားတွေကို အောက်တန်းစားဟု အထင်သေးကြသည်

နတ်, ဗြဟ္မာတို့သည်ကား လူသားတွေကို အယုတ်အညံ့တွေ, အောက်တန်းစားတွေဟူ၍ အမြဲမှတ်ယူလေ့ရှိကြ၏။ အဘယ့်ကြောင့်ဆိုသော် အမိဝမ်းတိုက်၌ ပဋိသန္ဓေတည်နေပြီး မွေးဖွားကြပုံ၊ ဥတုအကြမ်းကြီးတွေနှင့် ထိတွေ့၍ ကြီးပြင်းခဲ့ကြပုံ၊ အစာကြမ်း, ရေကြမ်း, အဝတ်ကြမ်းတွေကို စားသောက်, ဝတ်ဆင်ပြီး နေကြပုံ၊ မြေပြင်, ရေပြင်, လေပြင်တို့၌ ယာဉ်, ရထား, လှေ, သင်္ဘော အမျိုးမျိုးတို့ကို စီးနင်း၍ သွားလာနေထိုင်ကြပုံတို့ကိုလည်းကောင်း ကျင်ကြီး, ကျင်ငယ်, နှပ်, တံတွေး, ချွေး, သလိပ် စသောအညစ်အကြေးတို့ ပေါ်များပုံ စသည်တို့ကိုလည်းကောင်း မျက်မြင်ဒိဋ္ဌသိနေကြသောကြောင့် အယုတ်စား, အညံ့စား, အောက်တန်းစားတွေဟု မှတ်ယူထားခဲ့ကြခြင်းဖြစ်၏၊ မှန်၏။ အရှင်ကုမာရကဿပမထေရ်မြတ်ကလည်း ပါယာသိစော်ဘွားကြီးအား အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

> **ဓဝ မေဝ ခေါ ရာဇည မနုဿာ ဒေဝါနံ အသုစိစေဝ အသုစိသင်္ခါတာ စ။ ဒုဂ္ဂန္ဓာ စ ဒုဂ္ဂန္ဓသင်္ခါတာ စ၊ ဇေဂုစ္ဆာ စ ဇေဂုစ္ဆသင်္ခါတာ စ၊ ပဋိကူလာ စ ပဋိကူလသင်္ခါတာ စ။ ယောဇနသတံ ခေါ ရာဇည မနုဿဂန္ဓော ဒေဝေ ဥဗ္ဗာဓတိ။** *(သုတ်မဟာဝါ၊ ပါယာသိရာဇညသုတ်-၂၆၀)*

**အနက်ကား။** ။ ရာဇည၊ ပါယာသိစော်ဘွားကြီး။ ဓဝမေဝ ခေါ၊ ရေမိုးချိုးပြီး၍၊ ဖြီးလိမ်းပြုပြင်၊ ဝတ်စားတန်ဆာ၊ ဆင်ယင်ပြီးသော အမျိုးကောင်းသား, အမျိုးကောင်းသမီးသည် မစင်ဘင်ပုပ်ကို၊ စက်ဆုပ်ရွံရှာ

http://www.dhammadownload.com



မသတိစရာဟု ထင်မှတ်သကဲ့သို့သာလျှင်။ မနုဿာ၊ လူတို့သည်။ ဒေဝါနံ၊ နတ်တို့၏။ အသုစိ စေဝ၊ မစင်ဘင်ပုပ်တို့သည်လည်းကောင်း။ အသုစိသင်္ခါတာ စ၊ မစင်ဘင်ပုပ်ဟု ဆိုအပ်သည်လည်းကောင်း။ ဒုဂ္ဂန္ဓာ စ၊ မကောင်းသော အနံ့ အသက်တို့သည်လည်းကောင်း။ ဒုဂ္ဂန္ဓသင်္ခါတာ စ၊ မကောင်းသော အနံ့ အသက်ဟု ဆိုအပ်ကုန်သည်လည်းကောင်း။ ဇေဂုစ္ဆာ စ၊ စက်ဆုပ်ဖွယ်တို့သည်လည်းကောင်း။ ဇေဂုစ္ဆသင်္ခါတာ စ၊ စက်ဆုပ်ဖွယ်ဟု ဆိုအပ်ကုန်သည်လည်းကောင်း။ ပဋိကူလာ စ၊ ရွံဖွယ်တို့သည်လည်းကောင်း။ ပဋိကူလသင်္ခါတာ စ၊ ရွံဖွယ်ဟုဆိုအပ်ကုန်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ရာဇညာ၊ ပါယာသိစော်ဘွားကြီး။ မနုဿဂန္ဓော၊ လူသားတို့၏ အနံ့သည်။ ယောဇနသတံ၊ ယူဇနာတစ်ရာ၊ ဝေးကွာသောအရပ်၌။ ဠိတော၊ တည်နေကုန်သော။ ဒေဝေ၊ နတ်တို့ကို။ ဥဗ္ဗာဓတိ၊ မခံမရပ်နိုင်အောင် နှိပ်စက်ပါ၏။

"လက်လုပ်လက်စား ဆင်းရဲသားလူတန်းစားတို့၏ အနံ့အသက်ကို မဆိုထားဘိ၊ နေ့စဉ် တစ်နေ့ ၂-ကြိမ်ကျ ရေချိုးပြီး၊ ၃-ကြိမ် အဝတ်အစားလဲလျက် ဖြီးလိမ်းပြုပြင်၊ တန်ဆာဆင်ထားကြသော စကြဝတေး, မန္တာတ် အစရှိသည့် အထက်တန်းစားလူသားတို့၏ အနံ့သည်လည်း ယူဇနာတစ်ရာ၊ အကွာအဝေး၌ ရပ်နေကြကုန်သော နတ်တို့အား လည်ပင်း၌ ဆွဲထားသော အကောင်ပုပ်၏ အနံ့နှင့်မခြား၊ အလားတူပင် နံစော်ကြောင်းဖြင့်" အဋ္ဌကထာဆရာက အရှင်ကုမာရကဿပ၏စကားကို ထောက်ခံ၍ ဖွင့်ပြခဲ့ပါသည်။

> ဥဗ္ဗာဓတီတိ ဒိဝသဿ ဒွိက္ခတ္တုံ နှတွာ တိက္ခတ္တုံ ဝတ္ထာနိ ပရိဝတ္တေတွာ အလင်္ကတပဋိမဏ္ဍိတာနံ စက္ကဝတ္တိအာဒီနမ္ပိ မနုဿာနံ ဂန္ဓော ယောဇနသတေ ဠိတာနံ ဒေဝတာနံ ကဏ္ဌေ အာသတ္တကုဏပံ ဝိယ ဗာဓတိ။

*(ပါယာသိရာဇညသုတ်၊ ၄-၃၉၈)* *(အနက်လွယ်ပြီ)*

ထို့ကြောင့် စကြဝတေးမင်းသည် လေးကျွန်းလုံးကို အစိုးရသည့် တန်ခိုးရှင်, စည်းစိမ်ရှင်ကြီးပင် ဖြစ်စေကာမူ မြေပြင်၌လည်းကောင်း သစ်ပင်၌လည်းကောင်း ဘုံဗိမာန်ပေါက်၍နေကြသော ဘုမ္မစိုး, ရုက္ခစိုးနတ်တို့၏ ရုပ်ကို

http://www.dhammadownload.com



မမိနိုင်ကြောင်း သိအပ်၏။ ဤသို့ အထက်နတ်, ဗြဟ္မာတို့က လူကို အယုတ်စား, အညံ့စား, အောက်တန်းစားဟု အစဉ်အလာအားဖြင့် ထင်မှတ်လာသည့် ကမ္ဘာအဆက်ဆက်တွင် ပါရမီရင့်တော်မူကြ၍ ပွင့်တော်မူလာကြသော ဘုရားမြတ်တို့ကို တန်ခိုးချင်းပြိုင် စမ်း၊ အဆင်းချင်းပြိုင်ယှဉ်၊ အရောင်ချင်းနှိုင်းစာ ဉာဏ်ပညာကို စုံစမ်း၊ အပြောအဆို မြန်, မမြန်ကို စမ်းတဲ့နတ်က စမ်း၊ အကျင့်ကောင်း, မကောင်းကို သိချင်တဲ့နတ်က သိချင်၊ အယုတ်ဆုံးအားဖြင့် အရွယ်တော် ပမာဏ သေးငယ်လှသော လူသားဘုရားကို အမြတ်ထား၍ မဆည်းကပ်နိုင်ပါဟု ထင်မှတ်နေသည့် အသူရိန်နတ်က ထင်မှတ်လို ထင်မှတ်။ ဣန္ဒိဓာတ်-အစိန္တေယျ၊ အဆင်းတော်ရူပကာယကိုလည်း ကြံစည်၍ မရ၊ ဝါစာတော် စကားနှင့် အသိဉာဏ်ကြီးမားပုံကို နတ်,ဗြဟ္မာ ဗိုလ်ပုံတို့ အလုံးစုံအကုန်သိကြမှ အစိန္တေယျဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော လူသားဘုရားကို အမြတ်ထား၍ ကိုးကွယ်ဆည်းကပ်ကြကုန်၏။ သို့ဖြစ်၍ ဘုရားရှင် ကိုယ်တော်မြတ်သည် မိမိအောက် ယုတ်နိမ့်, အောက်ကျသူ နတ်,ဗြဟ္မာတို့၏ ပူဇော်ခြင်းကို ငဲ့ညှာ အားနာတော် မမူပဲ၊ ရဲရဲကြီး ခံယူတော်မူနိုင်ခဲ့ပေသည်။

* * * * *

## နတ်,ဗြဟ္မာတို့ကသာ ယှဉ်ပြိုင်ကြသည်မဟုတ်၊ လူတွေကလည်း ယှဉ်ပြိုင်ကြသည်

နတ်, ဗြဟ္မာတို့ကသာ ယှဉ်ပြိုင်၍ စုံစမ်းကြသည် မဟုတ်၊ လူတွေကလည်း ဘုရားရှင်ကိုယ်တော်မြတ်ကို ပြိုင်ဆိုင်ခဲ့ကြပါသည်။ စန္ဒာဘပုဏ္ဏားသည် ချက်ကအရောင်၊ ဝင်းဝင်းပြောင်ရုံနှင့်၊ မြတ်ဘုန်းခေါင်မုနိကို၊ အရောင်ရှိန်တန်ခိုးဖြင့် တစ်မျိုးစမ်းလိုစမ်း၊ အရှင်ဝင်္ဂီသရဟာန်းအလောင်း၊ ပုဏ္ဏားကောင်း ဝင်္ဂီသကလည်း မန္တနဇပ္ပနအတတ်ကို ပြ၍ ထိုဘဝ, ဤဘဝပြောင်းသွားကြသူ ဦးဖြူ, ဦးမည်း ငရဲကျ, ပြိတ္တာဖြစ်၊ ဘယ်ဂတိ, ဘယ်သူဖြစ်ဟု၊ မြတ်မုနိစောဘဂဝါကို မန္တန်နှင့် ပြိုင်လာတာကတစ်မျိုး၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်မျိုးကိုတော့ သူမလင်း။

http://www.dhammadownload.com



- ငါမင်း, ငါပုဏ္ဏား, ငါက မင်းဆရာ၊ ငါလှတာက ရွှေရုပ်လို၊ ဥစ္စာကို ဆိုသော်လည်း မြေပေါက်သူဌေး၊ ပညာဉာဏ်ပဝေးမို့ အရေးမမှု၊ ဟုံဟုံက မာန်ကြီးပြု၍ တုလိုတု၊ ပလိုပ၊ အနည်းနည်း ပြိုင်ယှဉ်ကြသော်လည်း-
- အလှကြီး ၃၂-ပါး၊ အလှငယ်များကလည်း-၈၀၊ အရောင်တော် ၆-သွယ်နှင့် တင့်တယ်တော်မူပုံက မကြုံဖူး၊ မကြားဖူး၊
- ပညာဉာဏ်အထူးကလည်း သဗ္ဗညု၊
- ဥစ္စာနှင့် ခုခံကြမယ်လို့ လူ့ထံ, လူ့ဘဝ, လူဖြစ်စဉ်ကာလက သုဝဏ္ဏရွှေအိုး၊ ၁-ဂါဝုတ် မျက်နှာဝ၊ ၂-ဂါဝုတ်မျက်နှာဝ၊ ၃-ဂါဝုတ်မျက်နှာဝ၊ ၁-ယူဇနာမျက်နှာဝ ရှိကြသည့် ရွှေအိုးတို့ကို မီကြသူ၊ ဥစ္စာရှိ ဘယ်သူဟု မပြုဝံ့, မပြိုင်နိုင်၊ မြတ်ဗောဓိမဏ္ဍိုင်သို့ ထွက်ခဲ့တော့၊ ရက်ရက်ကြီးစွန့်ခဲ့သမျှ စည်းစိမ်တော် ၄-ဒီပနှင့် ဗလဝ လူချမ်းသာကို တုပ၍မယှဉ်သာ၊
- 'မင်း မင်း'ဟု ဆိုကြပါသော်လည်း ပဒေသရာဇာ၊ ဧကရာဇာ၊ ဤမျှသာ အစိုးရကြတဲ့ မင်းဒုက္ခ၊ မင်းဆင်းရဲ၊ မင်းမွဲ၊ မင်းနုံ၊ မင်းဖြစ်ပုံ တစ်စိတ်မျှနှင့် လေးကျွန်းကိုအစိုးရမည့် သိဒ္ဓတ္ထလောင်းလျာကို မပြိုင်သာ, မပြိုင်ကောင်း၊
- မင်းစည်းစိမ်အပေါင်းကို ငဲ့စောင်းခြင်း မရှိ၊ စက်ဆုပ်ဘိ၍ မငြိမတွယ်, တဏှာကို ပယ်တာနှင့်၊ ဘယ်ရာဇာ, ဘယ်မင်းမှ ယှဉ်ပြိုင်ခြင်း မပြုဝံ့၊ ရွှံ့ထက်ရွံ့, ကြောက်ထက်ကြောက်၊ အောက်,အထက်ဖီလာ စကြဝဠာ အနန္တ၊ ဝိသယ တစ်ခေတ်လုံးတွင် ပြိုင်သူတို့ ရှုံးကြရတာကြောင့် သုံးလူ့ဘုန်းဘဂဝါ၊ တို့မြတ်စွာက အသာကြီးသာ အမြတ်ကြီးမြတ်၊

ဤကဲ့သို့ ဂုဏ်သကတ်တို့ကြောင့် လူ,နတ်တို့၏ အပူဇော်ကို အားနာတော်မမူပဲ ရဲရဲကြီး ခံယူတော်မူနိုင်သော အရဟံဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

* * * * *

http://www.dhammadownload.com



## ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုပင် သာရေး,နာရေးကို မေးတော်မမူ

လောက၌ မိဘ,ဘိုးဘွားဖြစ်သူတို့သည် သား, သမီး, မြေး, မြစ်တို့၏ ပူဇော်ကန်တော့ခြင်းကို မိမိတို့က အရာရာသာလွန်နေသည့်အတွက်ကြောင့် သနားငဲ့ညှာ အားနာခြင်းမရှိဘဲ 'သည်းခံပါ၊ သည်းခံပါ'ဟု မဆိုဘဲ ခံယူခဲ့ကြ၏။ 'ဘုန်းကြီးကြပါစေ၊အသက်ရှည်ကြပါစေ'စသည်ဖြင့်လည်း မင်္ဂလာစကား ပြောကြား၍ ဆုပေးကြ၏။ နောင်အစဉ်အဆက် တစ်သက်လုံးလည်း ဤကဲ့သို့ မိဘ, ဘိုးဘွားတို့ကို ပူဇော်ကန်တော့ကြရန် ဆုံးမဩဝါဒ ပေးကြ၏။ ဤလို သား, သမီး, မြေး, မြစ်တို့၏ ပူဇော်ကန်တော့ခြင်းကို သနားညှာတာ အားမနာပဲ ခံနိုင်သော်လည်း အခြားသော မိမိတို့ထက် အသက်, ဥစ္စာ, ရုပ်ဝါ, ဂုဏ်သိန်အရှိန် တန်ခိုး အမျိုးမျိုးကြီးမြတ်၊ အတတ်ပညာ ဆရာတစ်ဆူ ပြုလုပ်သူတို့နှင့် ဂုဏ်တူ ဂုဏ်သာ လူတကာတို့၏ ပူဇော်ခြင်းကိုကား မခံယူနိုင်ကြချေ။

အကယ်၍ လူလိမ္မာ အချို့က သက်ကြီး,ဝါကြီး စည်းစိမ်ကြီးသူတို့နှင့် ရာထူးကြီးသူတို့၏ တစ်ဂုဏ်တလေကို ထောက်ဆ၍ ပူဇော်ကန်တော့ကြလျှင် လည်း မတော်တဆ မတွေ့စဖူး ပူဇော်ပုံထူးတာနှင့် အူနူး,သည်းနာ မျက်နှာက ပျက်၊ ရှက်တက်တက်နှင့် ငဲ့ကွက်အားနာ 'သည်းခံပါ, သည်းခံပါ'ဟု ဆိုလိုက် ရတာကလည်း တဖွားဖွား၊ 'မာပါစေ သာပါစေ'နှင့် လောကွတ်တွေက များပြား ဆုပေးပုံက အဆန်းသားနှင့် 'နေကောင်းလား၊ ထိုင်ကောင်းလား၊' မကျန်းမာရေး, ကျန်းမာရေးတွေနှင့် ပြောရေးဆိုခွင့် ပူဇော်ပုံထောက်ချင့်၍ မြောက်ပင့်ချီးမွမ်း ပရမ်းပတာ လာဘ်မက်သည့်တဏှာ၊ ဂုဏ်မက်သည့်တဏှာကို မပယ်ခွါမခွင်း သတ်နိုင်၍ နောက်ထပ်ပြီး ကန်တော့အောင်, ပူဇော်အောင် ဆက်လက်ဖို့ မျှော် ယောင်ယောင်နှင့် တောင်ပြော, မြောက်မေး လက်ဆောင်ပြန် အုန်း, ငှက်ပျော ကလေးများကို ပေးသူပေး၊ ဗေဒင်, ဆေးဝါး, မန္တရားနှင့် ဟောပြောကုသ၊လှူကိစ္စ, ရွာအကျိုး, နိုင်ငံအကျိုးကို ဆောင်လိုဆောင်၊ လိုက်ပို့ယောင်, ဆီးကြိုယောင်, မျက်နှာပြောင်တင်းတင်းနှင့် အတင်းအဖျင်းစကားကိုသုံး၊ ညလုံး,ချွဲလုံး, ပိုးလုံး,

http://www.dhammadownload.com



သယ်လုံး၊ ညာလုံး, ဖြန်းလုံး၊ ကြွားလုံး, ဝါလုံး အဖုံဖုံတို့နှင့် မယုံလျှင် ယုံအောင် ပြော၍ အားနာလျက် အပူဇော်ခံသူတို့မှာ အရဟံဂုဏ် မရှိကြ၍ဟု မှတ်အပ်၏။

ဤဥပမာစကား၌ မိမိအောက် အသက်, သိက္ခာ, အလိမ္မာနှင့် ဥစ္စာချို့ တဲ့ ပညာမဲ့သော သား,သမီးတို့၏ အပူဇော်ကို အားမနာပဲ ခံယူနိုင်သော မိဘ, ဘိုးဘွားတို့ပမာ ဘုရားမြတ်စွာသည် ဗြဟ္မာ,နတ်,လူ သုံးဘုံသူတို့၏ အပူဇော်ကို အရာရာသာတော်မူသည့်အတွက် ငဲ့ကွက်,အားနာမှုလည်း မပါ၊ တဏှာကို ပယ်ပြီးဖြစ်၍ နောက်ဆက်ပြီး လျှုလတ္တံ့ကိုလည်း မမျှော်၊ လှူပြီး ပူဇော်ပြီးကိုလည်း မသာယာ၊ မီးတို့၏ လက္ခဏာသည် လောင်စာကိုလည်း မသာယာ၊ ချက်လိုတာကို ကျက်စေသကဲ့သို့ ထို့အတူပမာ လေးဖြာသော ပစ္စည်းတို့ကို မသာယာ၍လည်း အားမနာ၊ လောကဝတ်ပျူငှါကို လူတကာ၌ ပြုမည်ဝေးစွ၊ သုဒ္ဓေါဒနခမည်း တော်ကိုပင် သာရေး, နာရေး, ကျန်းမာရေးတို့ကို လောကရေးအတွက် ငဲ့၍ မေးတော်မမူ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုရမည် ဖြစ်လျှင်သာ တရားရတနာ ကိုငဲ့လျက် ဟောပြောဖို့အချက်ကိုသာ ကြည့်ရှုတော်မူပြီးလျှင် နတ်တို့၏ ပူဇော် ခြင်းကို စင်ကြယ်သောစိတ်ဖြင့် ခံယူတော်မူသောကြောင့် အရဟံ, အရဟံ-ဟု ဘဝဂ်တိုင်အောင် ကျော်စောတော်မူပါပေ၏။

ထို့ကြောင့် "အရဟံ၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါတို့၏ အပူဇော်ကို အားနာ တော် မမူပဲ, ငဲ့ညာသော တဏှာရှိတော်မမူပဲ အရာရာသာတော်မူသည်ကို သိ၍ ခံယူတော်မူနိုင်သော အရဟံဂုဏ် ရှိတော်မူသော ဘုရားမြတ်ပါတကား"ဟု အားကိုးကြရ၏၊ အားထားကြရ၏၊ ဆည်းကပ်ကြရ၏။

* * * * *

http://www.dhammadownload.com



## ပညာဖြင့် ဂုဏ်တော်သကတ် ပရမတ်ကို သိ၍ သဒ္ဓါက ယုံကြည်ခဲ့လျှင်

ဤသို့သော အနက်အဓိပ္ပါယ် ဂုဏ်တော်သကတ် ပရမတ္ထဓမ္မကို သိ၍ လာအောင် ပွါးများအပ်၏၊ သိလာလျှင် ဉာဏ်ပညာ၊ ယုံလျှင် သဒ္ဓါ၊ သဒ္ဓါကယုံလျှင် သဒ္ဓါနှင့်အတူဖြစ်သော စေတသိက် နာမ်ခန္ဓာ ၃၇-ပါး၊ စိတ်ဝိညာဏက္ခန္ဓာ ၁-ပါး၊ ပေါင်း ၃၈-ပါးသော နာမ်ခန္ဓာတရားတို့က ကြည်လာ၏၊ စိတ်ကို မည်းညစ်စေတတ်, နောက်ကျုစေတတ်, ရှုပ်ပွေစေတတ်, ကြမ်းတမ်းစေတတ်, လေလွင့်စေတတ်, ခက်ထန်စေတတ်, အမြင်မှားစေတတ်, နှလုံးနှစ်ခွဖြစ်စေတတ်, မနာလိုဝန်တိုစေတတ်, ပျင်းရိထိုင်းမှိုင်းစေတတ်သော လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဣဿာ, မစ္ဆရိယ, ထိနမိဒ္ဓစသော ကိလေသာ စေတသိက်တရားတို့ မပေါ်လာနိုင်, မယှဉ်လာနိုင်။

ထိုကိလေသာ စေတသိက်တရားတို့ မပေါ်လာလေ, မယှဉ်လာလေ သဒ္ဓါကယုံလေ၊ ကြွင်းသော စေတသိက်နာမ်ခန္ဓာ ၃၇-ပါး၊ စိတ်ဝိညာဏက္ခန္ဓာတရားတို့က ကြည်လင်လေလေ၊ ပညာက ဂုဏ်တော်သကတ် ပရမတ္ထဓမ္မကို မြင်လေလေဖြစ်ပြီး နာမ်ခန္ဓာ ၄-ပါးတို့ အကြည်ကြီး ကြည်၍ လာဖန်များလျှင် ၎င်းနာမ်ခန္ဓာ ၄-ပါးတို့၏ မှီရာ ဟဒယဝတ္ထုရုပ်လည်း ကြည်လာ၏၊ ဟဒယဝတ္ထုရုပ်ကြည်လာလျှင် ၎င်းဟဒယ ဝတ္ထုရုပ်၏မှီရာ နှလုံးအိမ်တွင်းရှိ တလက်ဖက်မျှသော နှလုံးသွေးသည်လည်း ကြည်လင်လာ၏၊ နီနီရဲရဲနှင့် ပြိုးပြိုးပြက်ပြက်ကြီးလည်း ဖြစ်လာ၏၊ ထို့ကြောင့် "ပညာပြိုးပြက်၊ ဇောတမျက်"ဟု မဟာ-သတိပဋ္ဌာနသုတ် နိဿယတွင် ဆရာတော်ဦးဗုဓ် ရေးသားစပ်ဆိုတော်မူ၏။

ထိုအခါ နှလုံးသွေးပျံ့နှံ့ရာ အသား, အရေ, အဆင်း တစ်ကိုယ်လုံးကလည်း သန့်ရှင်းလာ၏၊ ကြည်ကြည်လင်လင် ဖြစ်လာ၏၊ ဆက်ကာဆက်ကာ ထိုနာမ်ခန္ဓာအစဉ်ထဲတွင် ဖြစ်ပေါ်နေကြသော ဥပစာရသမာဓိမပျက်ပဲ, ဝီရိယကလည်း မလျှော့ပဲ၊ သတိကလည်း ထိုသိမြဲအတိုင်း သိလျက်နေသော အရဟံဂုဏ်တော် ပူဇော်အထူးကို ခံတော်မူထိုက်ပုံကို စူးစိုက်လျက် သဒ္ဓါကလည်း

http://www.dhammadownload.com



အမြတ်ဆုံးဘုရား-ဟု ယုံကြည်လျက် ပညာကလည်း ထက်ထက်ကြီး အရဟံ ဂုဏ်တော်ကို အသိတိုး၍ သိလာဖန်များလတ်သော် ကြွင်းသောစိတ်, စေတသိက် နာမ်ခန္ဓာတို့ကလည်း မိမိတို့၏သဘောလက္ခဏာအတိုင်း–

- ဖဿက တွေ့ထိခြင်းကိစ္စ၊
- ဝေဒနာက ခံစားခြင်းကိစ္စ၊
- သညာက မှတ်ခြင်းကိစ္စ၊
- စေတနာက စေ့ဆော်ခြင်း, ရိုးတိုးရှတဖြစ်စေခြင်းကိစ္စ၊
- ဝိတက်က စိတ်ကို ဂုဏ်တော်သို့ရောက်အောင် တင်ပို့ခြင်းကိစ္စ၊
- ဝိစာရက ဂုဏ်တော်ကို ထိုမှဤမှ သုံးသပ်ခြင်းကိစ္စ၊
- အဓိမောက္ခက ဆုံးဖြတ်ခြင်းကိစ္စ၊
- ပီတိက ဂုဏ်တော်ကို နှစ်သက်ခြင်းကိစ္စ၊
- ဆန္ဒက ဂုဏ်တော်ကိုသိခြင်း အစရှိသည်တို့၌ အလိုရှိခြင်းကိစ္စ–

စသောအားဖြင့် ယောဂီပုဂ္ဂိုလ် ခေါ်တဲ့ နာမ်ခန္ဓာအစဉ်တွေသည် မြစ်ရေအလျင် ဆီမီးအလျှံတို့ကဲ့သို့ အဆက်မပြတ် ဆက်စပ်၍ ဖြစ်လာဖန်များသဖြင့် ကိုယ်ရောင်များပင် ထွက်လာတတ်၏။

**သဏှသုခုမဓမ္မံ ပန သမ္မသတော လောကနာထဿ လောဟိတံ ပသီဒိ။ ဝတ္ထုရူပံ ပသီဒိ။ ဆဝိဝဏ္ဏော ပသီဒိ။ စိတ္တသမုဋ္ဌာနာ ဝဏ္ဏဓာတု သမန္တာ အသီတိဟတ္ထမတ္တေ ပဒေသေ နိစ္စလာဝ အဋ္ဌာသိ။**

*(အဋ္ဌသာလိနီအဋ္ဌကထာ၊ ၁၅)*

ပန၊ စင်စစ်သော်ကား။ သဏှသုခုမဓမ္မံ၊ သိမ်မွေ့, နူးညံ့သောတရားတော်ကို။ သမ္မသတော၊ ဆင်ခြင်, သုံးသပ်တော်မူသော။ လောကနာထဿ၊ သတ္တလောက၏ ကိုးကားရာအစစ်ဖြစ်တော်မူသော ဘုရားမြတ်၏။ လောဟိတံ၊ သွေးသည်။ ပသီဒိ၊ ကြည်လင်ပြီ။ ဝတ္ထုရူပံ၊ ဟဒယဝတ္ထုရုပ်သည်။ ပသီဒိ၊ ကြည်လင်ပြီ။ ဆဝိဝဏ္ဏော၊ အရေအဆင်းသည်။ ပသီဒိ၊ ပြီ။ စိတ္တသမုဋ္ဌာနာ၊ စိတ်ကြောင့်ဖြစ်သော(ဝါ) စိတ်အကြောင်းခံသော ဥတုကြောင့်ဖြစ်သော။ ဝဏ္ဏ-

http://www.dhammadownload.com



ဓာတု၊ အဆင်းဓာတ်သည်(ဝါ) ရောင်ခြည်တော်ခြောက်သွယ်သည်။ သမန္တာ အသီတိဟတ္ထမတ္တေ ပဒေသေ၊ ထက်ဝန်းကျင် အတောင် ၈၀-အတိုင်းအရှည် ရှိသောအရပ်၌။ နိစ္စလာဝ၊ မတုန်မလှုပ်သာလျှင်။ အဋ္ဌာသိ၊ တည်ပြီ။

* * * * *

## ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်တရားတို့လည်း ဖြစ်လာကြသည်

ဤကဲ့သို့ဖြစ်နေသော, ယောဂီပုဂ္ဂိုလ်ခေါ်သော နာမ်ခန္ဓာအစဉ်အတန်း ထဲတွင်ပါသော ဂုဏ်တော်ကို ပိုင်းခြား၍သိတတ်သည့် ပညိန္ဒြေ အမောဟ စေတသိက်ကို သမ္မာဒိဋ္ဌိမဂ္ဂင်ဟု ဟောတော်မူ၏။ *(မဂ္ဂသစ္စာ၊ မဟုတ်သေး)*။

ဝိတက်စေတသိက်ကို သမ္မာသင်္ကပ္ပမဂ္ဂင် ခေါ်၏၊ *(မဂ္ဂင်သစ္စာကိစ္စသို့ မရောက်သေး)*၊

နောက်သို့ မဆုတ်ပဲ, မပျင်းပဲ, မလျော့ပဲဂုဏ်တော်၌ စူးစိုက်လျက် တည်နေအောင် အားထုတ်သောဝီရိယကို သမ္မာဝါယာမမဂ္ဂင် ခေါ်၏။ *(လောကီ-ဓမ္မဝီရိယမျှသာဖြစ်၍ မဂ္ဂသစ္စာ မမည်သေး)*။

အားထုတ်တိုင်း စူးစူးစိုက်စိုက် သံမှိုဖြင့် ရိုက်နှက်ထားသကဲ့သို့ ဂုဏ်တော်၌ စူးစူးစိုက်စိုက် အမှတ်ရနေသော သတိကို သမ္မာသတိမဂ္ဂင်-ဟု ခေါ်၏။ *(လောကီဓမ္မသတိမျှသာဖြစ်၍ မဂ္ဂသစ္စာ မမည်သေး)*။

ဝီရိယက အားထုတ်သည့်အတိုင်း, သတိက စူးစိုက်သည့်အတိုင်း သိအပ်သော အရဟံဂုဏ်တော်၌ စိတ်တည်ကြည် ငြိမ်သက်နေခြင်း ဧကဂ္ဂတာ စေတသိက်ကို သမ္မာသမာဓိမဂ္ဂင် ခေါ်၏။ *(မဂ္ဂသစ္စာမဟုတ်သေး၊ လောကီဥပစာရ သမာဓိမျှသာ ဖြစ်သေး၏)*။

မဂ္ဂသစ္စာမဟုတ်ကြောင်းကို–

"**မဂ္ဂေါ မဂ္ဂသစ္စန္တိ မဂ္ဂသစ္စံ ဌပေတွာ အဝသေသော မဂ္ဂေါ န မဂ္ဂသစ္စံ။ မဂ္ဂသစ္စံ မဂ္ဂေါ စေဝ မဂ္ဂသစ္စဉ္စ**"-ဟု ဟောတော်မူသော သစ္စယမက ပါဠိတော်ကို ထောက်၍ သိအပ်၏။ *(ယမက၊ ပ၊ ၂၀၈)*

http://www.dhammadownload.com



၍သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာမျိုးကို သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ဝီရိယဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်ဟူ၍ ဟောတော်မူ၏၊ 'အဘယ်ကြောင့်နည်း' ဆိုသော် လောဘ, ဒေါသ စသောကိလေသာ အညစ်အကြေးတို့ ကင်းဝေးခေါင်းပါးနေသည်ဖြစ်၍ ပွါးများအပ်သော ဘာဝနာ၏ အစွမ်းဖြင့် အင်အားရှိနေကြသောကြောင့်တည်း။ *(ပကတိဖြစ်သော သဒ္ဓါ, သတိ, ဝီရိယ, သမာဓိ, ပညာတို့ထက်သာလွန်၍ ဖြစ်နေကြသည်ဟု ဆိုလိုသည်)*။

ထိုသို့ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေဆဲ ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော သဒ္ဓါစေတသိက်သည် အတူဖြစ်သော သမ္ပယုတ်, နာမ်ခန္ဓာတို့ကို ကြည်လင်စေရာ၌ အစိုးတရ ကြည်လင်စေနိုင်သော သတ္တိရှိသောကြောင့် သဒ္ဓိန္ဒြေမည်ပြန်၏၊ ဝီရိယ, သတိ, သမာဓိ, ပညာတို့သည်လည်း မိမိတို့၏ကိစ္စလက္ခဏာအတိုင်း ယှဉ်ဖော်ယှဉ်ဖက်, ဖြစ်ဖော်ဖြစ်ဖက် သမ္ပယုတ်နာမ်ခန္ဓာတို့အပေါ်၌ အစိုးတရ ဖြစ်နိုင်ကြသောကြောင့် ဝီရိယိန္ဒြေ, သဒ္ဓိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေတို့ မည်ကြပြန်၏။

**ဗောဓိယာ အင်္ဂါတိ ဗောဇ္ဈင်္ဂါ၊ ဗောဓိဿ ဝါ အင်္ဂါတိ ဗောဇ္ဈင်္ဂါ။**

ဗောဓိယာ၊ သစ္စာလေးပါးကိုသိကြောင်း တရားအပေါင်း၏။ အင်္ဂါ၊ အကြောင်းတို့တည်း။ ဗောဇ္ဈင်္ဂါ၊ သစ္စာလေးပါး မြတ်တရားကို သိကြောင်းတရားအပေါင်း၏ အကြောင်းဖြစ်သော တရားတို့။ (ဝါ)

**တနည်းကား**။ ။ ဗောဓိဿ၊ သစ္စာလေးပါးမြတ်တရားကို သိတတ်သော အရိယာပုဂ္ဂိုလ်၏။ အင်္ဂါ၊ အကြောင်းဖြစ်သော တရားတို့တည်း။ ဗောဇ္ဈင်္ဂါ၊ သစ္စာလေးပါးမြတ်တရားကို သိတတ်သော အရိယာပုဂ္ဂိုလ်၏ အကြောင်းဖြစ်သော တရားတို့-ဟူ၍ **အဋ္ဌကထာမိန့်ဆိုတော်မူအပ်**သည့်အတိုင်း သတိစေတသိက်သည် သစ္စာလေးပါးတရားကိုသိကြောင်း တရားအပေါင်း၏ အကြောင်းဖြစ်သောကြောင့် **သတိသမ္ဗောဇ္ဈင်လည်း** မည်၏။

တနည်းအားဖြင့် ကိလေသာအစဉ် ဖြစ်ခြင်းတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတော်မူသော အရိယာပုဂ္ဂိုလ်ဖြစ်ကြောင်းတရား ဖြစ်သောကြောင့်လည်း သတိသမ္ဗောဇ္ဈင် မည်၏။ ထို့အတူပင် ပညိန္ဒြေဟုဆိုအပ်သော အမောဟ

http://www.dhammadownload.com



စေတသိက်, ဝီရိယ, ပီတိ, ပဿဒ္ဓိ, ဧကဂ္ဂတာ, စေတသိက်တို့သည်လည်း (အစဉ်အတိုင်း)ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်တို့ မည်ကုန်၏။

* * * * *

## ဂုဏ်တော်တွေက နက်နဲသောကြောင့် ဥပစာရသမာဓိကိုသာ ဖြစ်စေနိုင်သည်

မဂ္ဂင်ဖြစ်ပုံကို ပြဆိုရာ၌ မဂ္ဂင် ၅-ပါး ဖြစ်ပုံကိုသာ ပြဆိုခဲ့ပြီး **သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ**-ဟု ဆိုအပ်သော ဝီရတိမဂ္ဂင် ၃-ပါးဖြစ်ပုံကို မပြနိုင်သေး၊ အဘယ့်ကြောင့်နည်းဆိုသော် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာမျှသာဖြစ်၍ ပရိကမ္မသမာဓိ, ဥပစာရသမာဓိ-ဟု ဆိုအပ်သော ကာမာဝစရ လောကီကုသိုလ်တို့သာ ဖြစ်နိုင်သောကြောင့်တည်း။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌-

> **"ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာ သမ္ပဇ္ဇတိ။ နတ္ထိ အပ္ပနာ"**

ဟု မိန့်တော်မူ၏။

**အဓိပ္ပါယ်ကား။** ။ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ၊ မရဏာနုဿတိ ပေါင်း ၈-ပါး၊ အာဟာရေ ပဋိကူလသညာ ၁-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ ပေါင်း ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့သည် နက်နဲသောကြောင့်လည်းကောင်း၊ ကျယ်ဝန်းသောကြောင့်လည်းကောင်း၊ ယောဂီပုဂ္ဂိုလ်တို့အား ဥပစာရသမာဓိကိုသာ ဖြစ်စေနိုင်၏။ အပ္ပနာသမာဓိဟု ဆိုအပ်သော ဈာန်တရား၊ မဂ်တရားတို့ကို မဖြစ်စေနိုင်ဟု ဆိုလိုသည်။

http://www.dhammadownload.com



ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌လည်း-

**ဗုဒ္ဓဂုဏာနံ ပန ဂမ္ဘီရတာယ နာနပ္ပကာရဂုဏာနုဿရဏာဓိ-မုတ္တတာယ ဝါ အပ္ပနံ အပ္ပတွာ ဥပစာရပ္ပတ္တမေဝ ဈာနံ ဟောတိ-**

*(ပ၊ ၂၀၆)*

ဟူ၍ မိန့်ဆိုတော်မူပြီ။

**အနက်ကား။** ။ ဗုဒ္ဓဂုဏာနံ၊ မြတ်စွာဘုရားဂုဏ်တော်တို့၏။ ဂမ္ဘီရတာယ ဝါ၊ နက်နဲသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နာနပ္ပကာရ-ဂုဏာနုဿရဏာဓိမုတ္တတာယ ဝါ၊ အထူးထူးသောဂုဏ်တော်တို့ကို အဖန်ဖန်အောက်မေ့ခြင်းဖြင့် သက်ဝင်လေးမြတ် ဆုံးဖြတ်ယုံကြည်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ အပ္ပနံ၊ အပ္ပနာသမာဓိဟု ဆိုအပ်သော ဈာန်တရား၊ မဂ်တရားသို့။ အပ္ပတွာ၊ မရောက်မူ၍။ ဥပစာရပ္ပတ္တမေဝ၊ ဥပစာရသမာဓိသို့ ရောက်သည်သာလျှင်ဖြစ်သော။ ဈာနံ၊ ဈာန်သည်။ ဟောတိ၊ ဖြစ်၏။

ဥပစာရသမာဓိသာဖြစ်သော ထိုကာမာဝစရ ဗုဒ္ဓါနုဿတိ လောကီကုသိုလ်၌ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ စေတသိက် ၃-ပါးတို့သည် တပြိုင်နက် အတူတကွ မယှဉ်နိုင်ကြကုန်ဟု ပြတော်မူလိုသော အဘိဓမ္မတ္ထ-သင်္ဂဟဆရာသည်-

**"လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံ ဝိသုံ"**

ဟု မိန့်ဆိုတော်မူ၏။ ထို့ကြောင့် ပဉ္စင်္ဂိကမဂ္ဂင် ၅-ပါးသာ ဖြစ်၏-ဟု ဆိုအပ်၏။

လောကုတ္တရာ မဂ်စိတ်ဖြစ်သော်ကား မဂ္ဂင် ၈-ပါးတို့သည် တပြိုင်နက် အတူတကွ ယှဉ်လာကြကုန်၏၊ သို့ဖြစ်၍-

**"ဝိရတိယော ပန တိဿောပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ဧကတောဝ လဗ္ဘန္တိ"**

ဟူ၍ မိန့်ဆိုအပ်ပြီ။

http://www.dhammadownload.com



ထိုလောကုတ္တရာမဂ်စိတ်၌ ယှဉ်သော မဂ္ဂင် ၈-ပါးကိုသာ မဂ္ဂသစ္စာဟု ဆိုရလေသည်။

* * * * *

## ဗုဒ္ဓါနုဿတိဘာဝနာသည် စိတ်ကို ရွှင်လန်းစေနိုင် ဝိပဿနာချမ်းသာကို ဖြစ်စေနိုင်သည်

ဗုဒ္ဓါနုဿတိဘာဝနာသည် အပ္ပနာသမာဓိကို မဖြစ်စေနိုင်လျှင် "အဘယ်ကြောင့် ဓမ္မပဒအဋ္ဌကထာ၌ အဋ္ဌိဒတ္တအစရှိသော ရသေ့တစ်သောင်းတို့သည် ရတနာ ၃-ပါး၌ ယုံကြည်သော သဒ္ဓါမှစ၍ ကိုးကွယ်ဆည်းကပ်သော သရဏဂုံကုသိုလ်ကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကြောင်းကို ပြဆိုခဲ့ပါသနည်း"ဟု မေးရန်ရှိ၏။

**အဖြေကား။** ။ ထိုရသေ့တို့ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြသည်ကို ပြရာ၌ ယုံကြည်ခြင်းသဒ္ဓါတရားကို အရင်းခံပြု၍ဖြစ်သော သရဏဂုံကုသိုလ်၊ ဗုဒ္ဓါနုဿတိဘာဝနာကုသိုလ် အစဉ်တို့၌ ပါဝင်သော ဝီရိယ, သတိ, သမာဓိ, ပညာစသည် တရားတို့က ဣန္ဒြေကိစ္စ, ဗိုလ်ကိစ္စ, သတိပဋ္ဌာန်ကိစ္စ, သမ္မပ္ပဓာန်ကိစ္စ, ဗောဇ္ဈင်ကိစ္စ, မဂ္ဂင်ကိစ္စတို့ကို ဆောင်ရွက်ကြလျက် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြသောကြောင့် ဝိပဿနာသို့ ကူးပြီးလျှင် ထိုဝိပဿနာဉာဏ် ရင့်သန်သောအခါ၌ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟု ဆိုအပ်သော အပ္ပနာသို့ရောက်၍ အာသဝေါကုန်ခန်းသည့် ရဟန္တာအဖြစ်သို့ ရောက်ကြပုံကို မိဂပဒဝလဉ္ဇနနည်း (ကျောက်ဖျာပေါ်၌ သားကောင်၏ ခြေရာမထင်၍ မမြင်ရသော်လည်း ကျောက်ဖျာသို့ ရှေးရှု တက်သွားသော ခြေရာနှင့် အခြားတဖက်တွင် ဆင်းသက်သွားသည့် ခြေရာတို့ကို တွေ့မြင်ရသောအားဖြင့် ကျောက်ဖျာပေါ်၌ သားကောင်ဖြတ်သန်းသွားသည်ကို သိရသောနည်း)အားဖြင့် ပြတော်မူသည်ဟု မှတ်ရသည်။

http://www.dhammadownload.com



ပဋ္ဌာန်းဒေသနာတော်၌လည်း-

"သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ။ ဥပေါသထကမ္မံ ကရောတိ။ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ"

(ပဋ္ဌာန၊၁၊၁၄၅။)

စသည်ဖြင့် သဒ္ဓါကို အမှီပြု၍ ထိုသဒ္ဓါက ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြစ်ခြင်းကို ဟောတော်မူပါသည်။

ဗုဒ္ဓါနုဿတိဘာဝနာသည် ဂုဏ်တော်တို့၏ နက်နဲသည်၏အဖြစ်, ကျယ်ဝန်းသည်၏အဖြစ်ကြောင့် အပ္ပနာသမာဓိကို မဖြစ်စေနိုင်၊ ဥပစာရသမာဓိကိုသာ ဖြစ်စေနိုင်သည်-ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အဘိဓမ္မတ္ထအဋ္ဌကထာတို့ မိန့်ဆိုကြခြင်းသည်ကား အပ္ပနာသမာဓိကို မုချတိုက်ရိုက်အားဖြင့် မဖြစ်စေခြင်းကိုသာ ရည်ရွယ်၍ မိန့်ဆိုကြခြင်း ဖြစ်ပေသည်။

ဥပနိဿယအားဖြင့်သော်ကား အသုဘဘာဝနာအစရှိသည့် အခြားသောဘာဝနာတစ်ခုခုကို ရှုမှတ်, ပွားများ အားထုတ်၍နေသော ယောဂီပုဂ္ဂိုလ်သည် ငြီးငွေ့ပျင်းရိလျက် စိတ်ဆုတ်နစ်နေသည့် အခါ၌ဖြစ်စေ၊ သမာဓိအားနည်းသောကြောင့် ဘာဝနာလမ်းကြောင်းသို့ ဖြောင့်တန်းတည့်မတ်စွာ မသွားပဲ စိတ်ပျံ့လွင့်နေသည့်အခါဖြစ်စေ ယောဂီပုဂ္ဂိုလ်သည် မိမိရှုမှတ်ပွားများ နေကြဖြစ်သော ဘာဝနာကို ခေတ္တမျှ ဖယ်ရှားပြီးလျှင် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများရပါမည်။

ဤသို့ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများက ငြီးငွေ့ဆုတ်နစ်နေသော စိတ်သည် တဖန်ပြန်လည်၍ တက်ကြွလန်းဆန်းလျက် ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ အစရှိသည့်နီဝရဏတရားတို့မှ ကင်းစင်ပြီးလျှင် သန့်ရှင်းကြည်လင်လာပါမည်။ ထိုသို့ တက်ကြွလန်းဆန်း၍ စိတ်အစဉ် ကြည်လင်သန့်ရှင်းသည့်အခါမှ မိမိရှုမှတ်ပွားများနေကျ ဘာဝနာကို ပြန်လည်၍ ရှုမှတ်ပွားများခဲ့သော် အပ္ပနာသမာဓိကို လွယ်ကူစွာ ဖြစ်စေနိုင်ပါသည်။

http://www.dhammadownload.com



သို့မဟုတ် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေသော ယောဂီပုဂ္ဂိုလ်သည် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများပြီးနောက် "ငါ၏ခန္ဓာကိုယ်တွင်း၌နေ၍ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေသူသည် အဘယ်သူများဖြစ်လေသနည်း၊ အတ္တကောင်, အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင် ဖြစ်လေသလား၊ မိန်းမ,ယောကျ်ားများ ဖြစ်လေသလား၊ လူ, နတ်, ဗြဟ္မာတို့တွင် တစ်စုံတစ်ယောက်သော သတ္တဝါများဖြစ်လေသလား"ဟု တွေးတောကြံစည်၍ ကြည့်သည့်အခါတွင် "ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများနေသောထိုသူသည် အတ္တကောင်, အသက်ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်းလည်းမဟုတ်၊ မိန်းမ, ယောကျ်ားလည်း မဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်၊ **အမှန်စင်စစ်သော်ကား သတိနှင့်ယှဉ်သည့် စိတ်အစဉ်မျှသာတည်း**"ဟု နားလည်သဘောပေါက်လေ၏၊ တဖန် "ထိုဗုဒ္ဓါနုဿတိဘာဝနာစိတ်သည်–

- ခန္ဓာအားဖြင့် ဝိညာဏက္ခန္ဓာသာတည်း၊
- ထိုစိတ်နှင့်ယှဉ်သည့် ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာတည်း၊
- သညာစေတသိက်သည် သညာက္ခန္ဓာတည်း၊
- ဖဿအစရှိသော တရားအပေါင်းသည် သင်္ခါရက္ခန္ဓာတည်း"

ဟူ၍ နာမ်ခန္ဓာ ၄-ပါးကို ခွဲခြမ်းစိတ်ဖြာ၍ သိပြန်လေ၏။

"ထိုနာမ်ခန္ဓာ ၄-ပါးတို့သည် ဘယ်တရားများကို မှီ၍ဖြစ်ကြသနည်း"ဟု ဆက်လက်၍ ရှာဖွေကြည့်ရှုပြန်သော် ဟဒယဝတ္ထုရုပ်ကိုလည်းကောင်း၊ ထိုဟဒယဝတ္ထုရုပ်၏မှီရာ မဟာဘုတ် ၄-ပါးတို့ကိုလည်းကောင်း၊ ဥပါဒါရုပ်တို့ကိုလည်းကောင်း တွေ့မြင်ပြီးနောက် ဤရုပ်တရားအပေါင်းတို့သည် ခန္ဓာအားဖြင့် ရူပက္ခန္ဓာသာတည်းဟူ၍ ခန္ဓာ ၅-ပါးကိုလည်းကောင်း၊ ထိုခန္ဓာ ၅-ပါးသည် အကျဉ်းအားဖြင့်ဆိုသော် ရှေ့ခန္ဓာ ၄-ပါးသည် နာမ်၊ နောက်ခန္ဓာ ၁-ပါးသည် ရုပ်ဖြစ်၍၊ နာမ်ရုပ် ၂-ပါးသာဖြစ်ကြသည်ဟူ၍လည်းကောင်း။

ထိုခန္ဓာ ၅-ပါး ရုပ်,နာမ်တရားတို့သည် ဒုက္ခသစ္စာတရားတို့သာ ဖြစ်ကြ၏၊ ဒုက္ခသစ္စာ၏ အကြောင်းဖြစ်သော လောဘတဏှာသည် သမုဒယသစ္စာ မည်၏၊ ဒုက္ခသစ္စာချုပ်ငြိမ်းခြင်းသည် **နိရောဓသစ္စာ** မည်၏။ ထိုနိရောဓသစ္စာကို

http://www.dhammadownload.com



သိတတ်သော မဂ္ဂင် ၈-ပါး အကျင့်မြတ်တရားသည်ကား မဂ္ဂသစ္စာတရားသာ ဖြစ်ပေသည်ဟူ၍ သစ္စာ ၄-ပါးတို့ကိုလည်းကောင်း အသီးအသီး ဝိပဿနာဉာဏ်, မဂ်ဉာဏ်တို့ဖြင့် အဆင့်ဆင့် ခွဲခြမ်း, စိတ်ဖြာ၍သိပြီးလျှင် အရိယာပုဂ္ဂိုလ်၏ အဖြစ်သို့ ဆိုက်ရောက်သွားနိုင်ပါသည်။

ဤသို့ ဗုဒ္ဓါနုဿတိဘာဝနာသည် အပ္ပနာဈာန်နှင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်များကို ဖြစ်စေနိုင်ပုံကို အဋ္ဌကထာကြီးတို့၌ အကျယ်တဝင့် ရှင်းလင်း ဖော်ပြ ထားကြပါသည်။

သာဓကပါဠိကို အလိုရှိကြမူ *(အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပ၊ ၃၆၆-၇။)* တို့၌ ကြည့်ရှုကြပါလေ၊ ကျမ်းလေးမည်ကို စိုးရိမ်သောကြောင့် ဤ၌ အဋ္ဌကထာပါဠိကို မဖော်ပြတော့ပါ။

အဋ္ဌကထာဆရာကြီးများ ဖွင့်ပြတော်မူကြခြင်းသည်လည်း ဘုရားဟော ပါဠိတော်ကို မှီး၍ ဖွင့်ပြကြခြင်းသာ ဖြစ်ပါသည်။ ယင်းသို့ ဗုဒ္ဓါနုဿတိဘာဝနာ ၏–

- သမထယာနိကနည်း။
- ဝိပဿနာယာနိကနည်း –

ဟု ဆိုအပ်သော နည်းလမ်း ၂-သွယ်ဖြင့် အပ္ပနာသမာဓိကို ဖြစ်စေနိုင်ကြောင်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် ကြောင်းတို့ကို–

**ဧကဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ ကတမော ဧကဓမ္မော? ဗုဒ္ဓါနုဿတိ။**

*(အင်္ဂုတ္တရ ဧကဓမ္မပါဠိ၊ ၃၂)*

ဟူ၍ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့ပါသည်။

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ဧကဓမ္မော၊ တပါးသော တရားကို။ ဘာဝိတော၊ မိမိ၏သန္တာန်၌ ဖြစ်စေသောအားဖြင့် ပွားများ အားထုတ်အပ်သည်ရှိသော်။ ဗဟုလီကတော၊ ပွားများ အားထုတ်ခြင်းကို

http://www.dhammadownload.com



ကြိုးစားပမ်းစား၊ များများကြီး ပြုလုပ်အပ်သည်ရှိသော်။ ဧကန္တနိဗ္ဗိဒါယ၊ ဧကန် ကိန်းသေ၊ သံသရာဝဋ်ဆင်းရဲ၌ ပျော်ရွှင်စရာဟူ၍ ရှာမတွေ့ပဲ၊ ငြီးငွေ့ပျင်းခြောက် နေသဖြင့် လျင်မြန်စွာ လွတ်မြောက်ခြင်းငှါ။ ဝိရာဂါယ၊ သံသရာဝဋ်၊ တဏှာညွတ် ၌၊ တပ်မက်, စွဲလမ်းခြင်းကင်းခြင်းငှါ။ နိရောဓာယ၊ ရာဂအစရှိသော ကိလေသာ တရားတို့၏ ချုပ်ငြိမ်းခြင်းငှါ။ ဥပသမာယ၊ ကိလေသာအပူ ငြိမ်းအေးခြင်းငှါ။ အဘိညာယ၊ အနိစ္စ, ဒုက္ခ, အနတ္တ၏အစွမ်းဖြင့် လက္ခဏာရေးသုံးပါးသို့ တင်၍ သိခြင်းငှါ။ သမ္ဗောဓာယ၊ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍သိခြင်းငှါ၊ (ဝါ) မဂ်ဉာဏ်လေးပါးကို ထိုးထွင်း၍သိခြင်းငှါ။ နိဗ္ဗာနာယ၊ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဧကဓမ္မော၊ တစ်ပါးသောတရား ဟူသည်။ ကတမော၊ အဘယ်တရားလေနည်း? ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိ ဘာဝနာတရားပင်တည်း။

* * * * *

## မဟာဂတိဂမိယ တိဿဒတ္တမဟာထေရ်၏ ဝတ္ထု

ဤသို့ မြတ်စွာဘုရား၏ဂုဏ်တော်များကို တွေးတော, ကြံစည်ယင်း (ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးများယင်း) ဝိပဿနာဉာဏ်များ ရင့်သန်အား ကောင်းလာပြီးလျှင် မဂ်ဉာဏ်အဆင့်ဆင့်တို့ဖြစ်လျက် အာသဝေါကင်းစင်သော ရဟန္တာအရှင်မြတ်အဖြစ်သို့ ရောက်တော်မူသည့် မထေရ် ၁-ပါး၏ ဝတ္ထုကိုလည်း အဋ္ဌသာလိနီအဋ္ဌကထာကြီး၌ ကြည်ညိုဖွယ်ရာ ဖော်ပြထားခဲ့ပါသည်။

သီဟိုဠ်ကျွန်းမှ မဟာဂတိဂမိယတိဿဒတ္တ အမည်ရှိသော မဟာထေရ် တစ်ပါးသည် ဇမ္ဗူဒိပ်ကျွန်း၊ မဇ္ဈိမဒေသရှိ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင် ကြီးကို ဖူးမျှော်လိုသဖြင့် ပင်လယ်ကူးသင်္ဘောကြီးကို ဦးခန်းမှ စီးနင်းလျက် လိုက်လာခဲ့ပါသည်။ ထိုသို့ သင်္ဘောဦးခန်းမှ စီးနင်းလာသော မထေရ်ကြီးသည် ကမ်းမမြင်, လမ်းမမြင် သမုဒ္ဒရာပင်လယ်ပြင်၏ လှိုင်းတံပိုးတို့ဖြင့် ရောပွမ်းနေ သော အပြောကျယ်လှသည့် ရေပြင်ကြီးကို ငေးမောကြည့်ရှုယင်း-

http://www.dhammadownload.com



"သြော် ဤသမုဒ္ဒရာ ပင်လယ်ကြီးသည် ကျယ်ဝန်းလေစွတကား၊ လှိုင်းတံပိုးတို့ဖြင့် ပြည့်လျက် ကြောက်မက်ဖွယ်လည်း ရှိ၊ နက်လည်း နက်ပေစွတကား"ဟု သမုဒ္ဒရာကြီး၏ ကျယ်ပုံ, နက်ပုံတို့ကို ငေးမော, အံသြလျက် ကြည့်ရှုနေယင်းပင် စိတ်အစဉ်သည် ဘုရားရှင်ကိုယ်တော်မြတ်၏ ဉာဏ်တော်ကြီးကျယ်ပုံ, နက်နဲပုံဆီသို့ ရောက်သွားလေ၏၊ ထိုအခါ မဟာဂတိဂမိယ-တိဿဒတ္တမထေရ်ကြီးသည် "ဤသမုဒ္ဒရာကြီး ကျယ်ဝန်းပါသည် ဆိုသော်လည်း ဤမှာဘက်၌ ကမ်း, ထိုမှာဘက်၌ စကြဝဠာတောင်ကြီးတို့ဖြင့် အဆုံးအပိုင်းအခြား ရှိသေး၏၊ နက်ရှိုင်းသည်ဆိုသော်လည်း သမုဒ္ဒရာ၏အောက်၌ မြေထုနှင့် အထက်၌ ကောင်းကင်ပြင်ဖြင့် အဆုံးအပိုင်းအခြားကို ပိုင်းခြားမှတ်သား၍ ရနိုင်သေး၏။

**အနန္တနယမဟာသမန္တပဋ္ဌာန်းကျမ်းကြီးကို** ဟောကြားတော်မူသော **ဘုရားမြတ်၏ ဉာဏ်တော်သည်ကား** အဆုံးအပိုင်းအခြား မရှိအောင် ကျယ်ဝန်းလှပါပေ၏၊ သစ္စာ ၄-ပါးတရား, အမြိုက်နိဗ္ဗာန်တရားတို့ကို သိမြင်တော်မူသော ဉာဏ်တော်သည်ကား သိမ်မွေ့နက်နဲလှပါပေ၏"ဟူ၍ ဉာဏ်တော်၏ကျယ်ဝန်းပုံ, နက်နဲပုံတို့ကို စဉ်းစားယင်း, ကြံစည်ယင်းပင် ဘုရားရှင်၏ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်, ဗုဒ္ဓဂုဏ်တော်တို့ကို အဖန်ဖန်ပွါးများ မိလေ၏။

ဂုဏ်တော်များကို ပွါးများကြည်ညိုသည့်အခါ၌ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေနှင့် ပညိန္ဒြေတို့ တိုးပွါး, အားကောင်းလာပြီးလျှင် ထိုသဒ္ဓါစသော နာမ်ခန္ဓာ ကုသိုလ်အစဉ်၏ မမြဲပုံ၊ ဖြစ်ပြီး, ပျက်သွားပုံ၊ အသစ်နာမ်ခန္ဓာသဒ္ဓါ, သတိ-စသော ကုသိုလ်တို့ ဖြစ်လာကြပြန်ပုံ၊ တဖန် ပျက်ကြပြန်ပုံ၊ အသစ်တိုး၍တစ်မျိုး၊ နာမ်ခန္ဓာ သဒ္ဓါ, သတိ, ဝီရိယ-စသည်တို့ ဖြစ်ကြပြန်ပုံနှင့် ဖြစ်ခြင်း **မမြဲတဲ့ နာမ်ခန္ဓာ၏ အနိစ္စ၊** ပျက်ခြင်းလည်း **မမြဲတဲ့ နာမ်ခန္ဓာ အစဉ်၏အနိစ္စ၊ ဖြစ်,** ပျက် ၂-ခုစလုံး **မမြဲတဲ့ နာမ်ခန္ဓာအစဉ်၏ အနိစ္စကို** မုချဆတ်ဆတ် အတတ်သိ, အမှန်သိ, ကေန်သိမြင်လေလျှင်–

"မမြဲတဲ့ နာမ်ခန္ဓာအစဉ်သည် မမြဲသည့်အတွက် မကောင်းတဲ့ ဒုက္ခပါကလား၊ ဒုက္ခဆိုသည်မှာ ဖျားနာမှ ဒုက္ခ မဟုတ်၊ ဆူးပြောင့် ခလုတ်ထိမှ ဒုက္ခ မဟုတ်၊ **မမြဲတဲ့ နာမ်ခန္ဓာ၏ မမြဲတာသည်ပင် မကောင်းတဲ့ ဒုက္ခ၊** မမြဲလို့

http://www.dhammadownload.com



မကောင်းတာ၊ မမြဲတာက အနိစ္စ၊ မကောင်းတာက ဒုက္ခ၊ မမြဲအနိစ္စ ခန္ဓာကိုယ်မို့ မကောင်း ဒုက္ခ-ဟု ဟောတော်မူတာပါကလား"ဟု အနိစ္စနှင့် ဒုက္ခကို ပေါင်း၍လည်းကောင်း အနိစ္စတစ်ခြား၊ ဒုက္ခတစ်ခြား ဆင်ခြင် စဉ်းစား၍လည်းကောင်း ဝိပဿနာဉာဏ် ပွါးပြန်လေ၏။

အနိစ္စနှင့် ဒုက္ခဖြစ်၍ မမြဲသော နာမ်ခန္ဓာ၊ မကောင်းသော နာမ်ခန္ဓာတို့၏အပေါ်၌ မမြဲမှန်း သိလေလေ၊ မကောင်းမှန်း သိလေလေ၊ မြဲအောင်, ကောင်းအောင် ချော့မော့, ခြိမ်းခြောက်ပြီးလျှင် အမိန့်အာဏာဖြင့် ပြုပြင်ပါသော်လည်း လိုက်နာတတ်သည့် နာမ်ခန္ဓာ မဟုတ်၊ နားထောင်တတ်သည့် နာမ်ခန္ဓာ မဟုတ်၊ အသက်အကောင်ရှိသည့် နာမ်ခန္ဓာလည်း မဟုတ်၊ ဝိညာဉ်, လိပ်ပြာ, သတ္တဝါ, ဇီဝ, အတ္တရှိတဲ့ နာမ်ခန္ဓာလည်း မဟုတ်သည့်အတွက် ငါ၏သန္တာန်အစဉ်၌ ဖြစ်, ပျက်၊ ဖြစ်, ပျက်နှင့် မမြဲပဲနှင့်နေသည်ကိုလည်း ပြုပြင်၍ မရ၊ ထိုသို့ မမြဲကတည်းက မကောင်းတဲ့ဒုက္ခ-ဟု ဧကန္တသိသောကြောင့် အကောင်းသုခဖြစ်ရန် ကြံဖန် ချော့မော့၍လည်းကောင်း ခြိမ်းခြောက်မောင်းမဲ၍လည်းကောင်း မရသည့်အတွက် "ငါ့အတွက်ဆိုတာ မရှိ၊ ငါ့ဝိညာဉ်, ငါ့လိပ်ပြာ, ငါ့ဇီဝ, ငါ့အတ္တ-ဟု ဆိုစရာ မရှိ၊ သတ္တဝါ, အကောင်, အသက်ဇီဝ, အတ္တရှိ၏-ဟု ထင်မှတ်နေခြင်းကား အထင်မှား, အမြင်မှားသည့် သက္ကာယဒိဋ္ဌိ အယူမျှပါတကား"ဟု သိ၍ အနတ္တဝိပဿနာဉာဏ် ထက်သန်တိုးပွါး အားရှိလာလေ၏။

ထိုအခါ တိဿဒတ္တမထေရ်ကြီး၏ နာမ်ခန္ဓာအစဉ်တွင်–

- မမြင်ဖူး, မသိဖူးသေးသော ရုပ်,နာမ်တရားတို့၏ မမြဲအနိစ္စကို သိသော ဉာဏ်အထူး၊
- မကောင်းဒုက္ခကို သိသော ဉာဏ်အထူး၊
- အစိုးမရ, အလိုမလိုက် အကြိုက်မဖြစ်တဲ့ အနတ္တသဘောကို သိသော ဉာဏ်အထူးတို့ -

ဖြစ်ပေါ်၍လာသဖြင့် သတ္တဝါ-ဟု ခေါ်စရာ ဘာမျှမရှိ၊ သတ္တဝါသုဉ်း၍, ဆိတ်၍, တိတ်၍နေ၊ ရုပ်, နာမ်တရားတို့၏ အချည်းနှီး တုစ္ဆ, အတ္တ, ဇီဝတို့မှ ကင်းဆိတ်သည့် သဘာဝတို့ကြောင့် သုညတတ္တသာတည်း-ဟု သိမြင်၍ လာ၏။

* * * * *

http://www.dhammadownload.com



## အသက်ကောင်, အတ္တကောင်မရှိလျှင် ဂုဏ်တော်ကို ဘယ်သူက သိသနည်း

ဤအရာ၌–

- ❖ အသက်ကောင်, ဝိညာဉ်ကောင်, အတ္တကောင် မရှိလျှင် ဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကို ဘယ်သူက လာ၍ သိပါသနည်း?ဟု မေးရန် ရှိ၏။
- သမ္မာဒိဋ္ဌိမဂ္ဂင် ဉာဏ်ပညာဟု ခေါ်ရသော အမောဟစေတသိက် နာမ်ခန္ဓာက သိ၏၊
- ❖ သိအောင်ဘယ်သူက အားထုတ်သနည်း?
- ဝီရိယစေတသိက်က အားထုတ်၏၊
  အသက်ကောင်, ဝိညာဉ်ကောင်, အတ္တကောင်က သိသည်, အားထုတ်သည် မဟုတ်ဟု မှတ်ရမည်။
- သဒ္ဓါက ယုံကြည်၏။
- သတိက အမှတ်ရ၏။
- သမာဓိက တည်ကြည် ငြိမ်သက်၏။
- စိတ်ဝိညာဏက္ခန္ဓာနှင့် တကွကြွင်းသော စေတသိက်ခန္ဓာတို့ကလည်း မိမိတို့၏ကိစ္စ အသီးသီးကို ဆောင်ရွက်လျက် အသစ်,အသစ် ဖြစ်ဖြစ် လာကြ၏။

ဤသို့ မိမိတို့၏ကိစ္စအသီးသီးကို ဆောင်ရွက်လျက် အသစ်အသစ် ဖြစ်ဖြစ်လာခြင်းသည်လည်း 'အသက်ကောင်, ဝိညာဉ်ကောင်ရှိ၍ မဟုတ်ပါလော' ဟု မေးခွင့်ပေါ်လာပြန်၏။ အသက်ကောင်, ဝိညာဉ်ကောင်, အတ္တကောင်ရှိ၍ မဟုတ်၊ ဝတ္ထုအာရုံတို့၏ ပေါင်းဆုံထိခိုက်သဖြင့် ထိုထို နာမက္ခန္ဓာတရားကို ဖြစ်ပေါ်လာစေရန် ဟေတု၊ အာရမ္မဏ အစရှိသော ပစ္စည်းတရားတို့က ကျေးဇူးပြုကြသောကြောင့်သာလျှင် စိတ်, စေတသိက်, နာမက္ခန္ဓာတရားတို့ ဖြစ်ပေါ်လာ

http://www.dhammadownload.com



ကြကုန်၏၊ အကြောင်းပြည့်စုံလျှင် ဖြစ်ပေါ်လာကြပြီး အကြောင်းကုန်သော်ကား ပျက်စီးချုပ်ပျောက်၍ သွားကြကုန်၏။ ထိုသို့ အကြောင်းပြည့်စုံသည့်အခါတွင် ဖြစ်ကြ၍ အကြောင်းကုန်သည့်အခါ၌ ပျက်စီးပျောက်ကွယ်သွားကြခြင်းသည်သာ စိတ္တနိယာမ, ဓမ္မနိယာမ သဘာဝတို့သာလျှင် ဖြစ်ကုန်၏။ အသက်ကောင်, ဝိညာဉ်ကောင်, အတ္တကောင်ရှိ၍ မဟုတ်ချေ။

ထိုသို့ အသက်, ဝိညာဉ်, အတ္တ, ဇီဝ-ဟူ၍ မရှိ၊ စိတ်, စေတသိက်, နာမက္ခန္ဓာတရားတို့သာ အကြောင်းအားလျော်စွာ အစဉ်မပျက် ဖြစ်,ပျက်လျက် ရှိသည်ဟု ဆိုခဲ့လျှင်–

❖ ပါဏာတိပါတ ဒုသီလျစေတနာကို မပြုအပ်-ဟု အဘယ်ကြောင့် ဘုရားမြတ်က ဆုံးမတားမြစ်တော်မူပါသနည်း၊ ပြုလျှင် အပြစ်ရှိကြောင်းကိုလည်း ဟောကြားတော်မူပါသနည်း?ဟု မေးရန် ရှိပြန်၏။

- ကောင်းသော အမှု မကောင်းသောအမှုတို့ကို ပြုလုပ်, ပြောဆို, ကြံစည်ကြလျှင် ကောင်းသောအကျိုး, မကောင်းသောအကျိုးတို့ ဖြစ်တတ်သေး၏-ဟု ကမ္မဿကတာဉာဏ် အယူမှန်, အသိမှန်ကို ရကြစေရန် သမုတိသစ္စာနည်းအတိုင်း ဆုံးမတော်မူရပြန်၏၊ ဆုံးမတော်မူတိုင်း မလိုက်နာကြမူ၍ ပါဏာတိပါတအမှုကို ပြုခဲ့လျှင် ပြုသူ၏စေတနာက တကယ်မရှိသည့် အသက်ကို တကယ်မရှိသည့် အတ္တ, ဇီဝကို ရှိသည်ထင်မှတ်၍ အသေသတ်လိုသည့် ဒုသီလျဝဓကေ စေတနာဆိုးကြီး ဖြစ်ပြီးလျှင် သတ်လေ၏၊ သတ်သည့်အတိုင်း သေပြီဟူ၍လည်း မှတ်ထင်၏၊ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်၏၊ ထိုသူသည် သူ၏စေတနာဆိုးအတိုင်း အကျိုးပေးဆိုးရွားသော အပါယ် ၄-ပါးသို့ လားရ, ဖြစ်ရမည်၊ အမှန် ဖြစ်၏။

ထို့ကြောင့်–

၁။ ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။
ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

(သံ၊ ၁၊ ၂၂၉။ ဇာတက၊ ၄၊ ၁၈၅)

ဟူ၍လည်းကောင်း

http://www.dhammadownload.com



**၂။ န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။**
**အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂတိံ။**

*(ဇာတက၊ ပ။ ၃၅၇။ ဇာတက၊ ၄၊ ၄၊ ၅၀၁)*

ဟူ၍လည်းကောင်း ဟောတော်မူ၏။

၁။ ကလျာဏကာရီ ကောင်းသော ကာယကံမှု, ဝစီကံမှု, မနောကံကို ပြုလုပ်ပြောဆို ကြံစည်သောသူသည်။ ကလျာဏံ၊ ကောင်းမြတ်သော အကျိုးကို။ အနုဘောတိ၊ သုံးဆောင် ခံစားရ၏။ ပါပကာရီ စ၊ မကောင်းသော ကာယကံမှု, ဝစီကံမှု, မနောကံမှုကို ပြုလုပ်, ပြောဆို, ကြံစည်သောသူသည်လည်း။ ပါပကံ၊ ယုတ်ညံ့သော အကျိုးကိုသာလျှင်။ အနုဘောတိ၊ သုံးဆောင်ခံစားရ၏။ (ဟိ သစ္စံ၊ မှန်၏။ လောကသ္မိံ၊ လောက၌လည်း) ယာဒိသံ၊ အကြင်ကဲ့သို့ ရှုအပ်သော သဘောရှိသော အခါးမျိုးစေ့, အချိုမျိုးစေ့ကို။ ဝပ္ပတေ၊ စိုက်ပျိုး၏။ တာဒိသံ၊ ထိုမျိုးစေ့ အားလျော်သော။ ဖလံ၊ အခါးသီး, အချိုသီးကို။ ဟရတေ၊ ဆောင်ယူလေ၏။ ဝါ၊ သီးလေ၏။

၂။ ဟိ သစ္စံ၊ မှန်၏။ ဓမ္မော စ၊ သုစရိုက်တရားလည်းကောင်း။ အဓမ္မော စ၊ ဒုစရိုက်တရားလည်းကောင်း။ ဣတိ၊ ဤသို့။ ဥဘော၊ သုစရိုက်, ဒုစရိုက် တရားနှစ်ပါးတို့သည်။ န သမဝိပါကိနော၊ တူညီသောအကျိုးကို ပေးလေ့မရှိကြကုန်။ အဓမ္မော၊ ဒုစရိုက်တရားသည်။ နိရယံ၊ ငရဲသို့။ နေတိ၊ ပို့ဆောင်တတ်၏။ ဓမ္မော၊ သုစရိုက်တရားသည်။ သုဂတိံ၊ သုဂတိဘုံဘဝသို့။ ပါပေတိ၊ ပဋိသန္ဓေ၏ အစွမ်းဖြင့် ရောက်စေတတ်၏။

* * * * *

http://www.dhammadownload.com



## အရိယာသူမြတ်တို့၌ သတ်လိုသောစိတ် မရှိကြကုန်

အသက်ရှိ၍ အသက်သေ၍ အပြစ်ရှိသည် မဟုတ်၊ အသက်ရှိသည် (သက်ရှိသတ္တဝါ) ဖြစ်သည်-ဟု ထင်မှတ်နေသည့်အတိုင်း ဖြစ်ပေါ်လာသော သတ်လိုသည့် ဝဓကစေတနာကြောင့် မကောင်းကျိုးကို ပေးရလေ၏၊ ထိုသို့ဖြစ်လျှင် အသက်ရှိသည်-ဟု မမှတ်ပဲ သက်ရှိသတ္တဝါ, အရှင်, အကောင်ဟု မထင်မှတ်ပဲ သတ်ဖြတ်သော် အပြစ်မရှိ-ဟု ပြောဆိုဖွယ်, ထင်မှတ်ဖွယ် ရှိနေပြန်၏။

ဤစကား၌ အသက်, အရှင်, အကောင်, သတ္တဝါ-ဟု မထင်မှတ်လျှင် သတ်ဖြတ်ခြင်းဟူ၍ မရှိနိုင်သောကြောင့် သတ်ဖြတ်ဆိုသော စကားကိုပင် မသုံးသင့်၊ အဘယ့်ကြောင့်ဆိုသော် အသက်ရှိသည်, သတ္တဝါဖြစ်သည် (သက်ရှိသတ္တဝါ ဖြစ်သည်) စသည်ဖြင့် မထင်မှတ်ခဲ့သော် သတ်ချင်သော စေတနာ, သတ်လိုသော စေတနာသည်ပင် မဖြစ်ပေါ်တော့ပဲ အရိယာ၏အဖြစ်သို့ ရောက်သွားသောကြောင့် ဖြစ်၏။

မှန်၏၊ အရိယာသူမြတ်တို့သည် အသက်ဟူ၍လည်းကောင်း, အကောင်ဟူ၍လည်းကောင်း, သတ္တဝါဟူ၍လည်းကောင်း, အတ္တဟူ၍လည်းကောင်း မမှတ်ထင်ကြတော့သည့်အတွက်ကြောင့် ဘယ်နံ့ရောအခါမှ သတ်ချင်စိတ် မရှိကြလေကုန်၊ ထိုကြောင့် အဋ္ဌကထာဆရာက–

**ခီဏာသဝါ ပန သတ္တသုညတာယ သုဒိဋ္ဌတ္တာ မရဏကသတ္တမေဝ န ပဿန္တိ–** *(ပါရာဇိကဏ်၊ ၄၊ ၁၊ ၈။)*

ဟူ၍ မိန့်ဆိုတော်မူအပ်ပြီ။

ခီဏာသဝါ ပန၊ ရဟန္တာအရှင်မြတ်တို့သည်ကား။ သတ္တသုညတာယ၊ အသက်, အကောင်, သတ္တဝါဟူ၍ မရှိ ပကတိဆိတ်သုဉ်းနေသည်၏ အဖြစ်ကို။ သုဒိဋ္ဌတ္တာ၊ ဉာဏ်မျက်စိဖြင့် အမှန်ကို ကောင်းစွာ သိမြင်နေသည်၏ အဖြစ်ကြောင့်။ မရဏကသတ္တမေဝ၊ သေဆုံးသော သတ္တဝါကိုပင်။ န ပဿန္တိ၊ မမြင်ကြကုန်။

http://www.dhammadownload.com



ဥပမာအားဖြင့် မိမိ၏အရိပ်ကို အရိပ်မှန်း သိနေသောသူသည် တစ္ဆေ, သူရဲ, ဘီလူး-ဟု ထင်မှတ်ပြီး ထိတ်လန့်ကြောက်ရွံ့ခြင်းလည်း မရှိ၊ ရိုက်နှက်သတ်ပုတ်လိုခြင်းလည်း မရှိသကဲ့သို့တည်း၊ ပုထုဇဉ်တို့သည်ကား မိမိအရိပ်ကို တစ္ဆေ, သူရဲ, ဘီလူး-ဟု အထင်လွဲမှားပြီး ထိတ်လန့်ကြောက်ရွံ့ကြ, ရိုက်နှက်သတ်ပုတ်ကြ, မောင်းထုတ်ပစ်ကြသူတို့ကဲ့သို့ ထို့အတူပမာ အသက်ရှိတဲ့ သတ္တဝါဟု အထင်မှား အမြင်မှားနေကြသော သက္ကာယဒိဋ္ဌိသမားတို့ ဖြစ်ကြ၍ သတ်ဖြတ်လို, ညှဉ်းဆဲလိုသော ဒုဿီလျစေတနာဆိုးတို့ ပေါ်လာကြလေ၏။ ထိုစေတနာဆိုးဖြင့် ဒုစရိုက်မှုများကို မပြုလုပ်ကြစေရန်၊ ပါဏာတိပါတသိက္ခာပုဒ်ကို ပညတ်ဆုံးမတော်မူရ၏၊ ပရမတ္ထဖြစ်သော အသက်, အတ္တ, သတ္တဝါ, အကောင်ရှိ၍ ပညတ်တော်မူသည် မဟုတ်ဟု မှတ်အပ်၏။

မဟာဗောဓိသို့ အဖူးအမြော်ကြွသွားသော မဟာဂဏ္ဍိဂမိယတိဿဒတ္တမထေရ်ကြီးသည်လည်း အထက်၌ပြဆိုခဲ့သည့်အတိုင်း မိမိ၏ အဇ္ဈတ္တသန္တာန်၌ အစဉ်မပျက် ဆက်စပ်လျက် ဖြစ်နေကြသော နာမ်ခန္ဓာတရားတို့၏ ရုပ်တရားတို့ အပေါ်၌ မှီ၍ အကြောင်းအားလျော်စွာ ဖြစ်ပြီးလျှင် ပျက်စီးချုပ်ငြိမ်းသွားကြပုံကိုလည်းကောင်း ထိုဖြစ်ပျက်နေသော တရားအပေါင်းသည် အကျဉ်းအားဖြင့် နာမ်, ရုပ် ၂-ပါးသာ ဖြစ်သည်ကိုလည်းကောင်း ပိုင်းခြား၍သိသော ပစ္စယပရိဂ္ဂဟ-ဉာဏ်, နာမရူပပရိစ္ဆေဒဉာဏ်တို့ဖြစ်လျက် ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိတို့ ဖြစ်ပြီးလျှင် ရေပြင်ပေါ်၌ မိုးပေါက်တွေကျသဖြင့် ရေပွက်, ရေမှုန်တွေ ထင်နေသကဲ့သို့လည်းကောင်း ရေနွေးအိုးအတွင်းမှ မီးပူသဖြင့် ရေတွေ စီစီ, စီစီ၊ လှုပ်လှုပ်, လှုပ်လှုပ်၊ ရိုးရိုး ရွရွနှင့် ထကြွ ဖြစ်,ပျက် တက်တက်ပြီး ပွက်ပွက်လာသကဲ့သို့လည်းကောင်း မမြဲအနိစ္စ ရုပ်,နာမ်ဓမ္မတို့၏ ဖြစ်ပျက်ပုံကို မြင်ရသဖြင့် ဤသို့ မမြဲကတည်းက မကောင်း ဒုက္ခချည်းပဲ-ဟု သိပြန်၏၊ အစိုးမရ, ကိုယ်မပိုင်, ကိုယ်မဆိုင်, ကိုယ့်ဥစ္စာ, ကိုယ့်ဟာ, ကိုယ့်ခန္ဓာ မဟုတ်-ဟု အတ္တအထင်ပြုတ်၍ အနတ္တဆိုသည်မှာ အဟုတ် အမှန်ပါကလားဟု သိတော်မူလေ၏။

ထိုသို့ သိတော်မူလျှင်ပင် အနိစ္စ, ဒုက္ခ, အနတ္တ-ဟု မကောင်းအစု ၃-ခု ရှိသော ရုပ်, နာမ်တို့ အပေါ်၌ ချစ်ဖွယ်, မုန်းဖွယ်-ဟု မထင်၊ ချစ်ခြင်း, မုန်းခြင်း ကင်းစင်သော ရဟန္တာအဖြစ်သို့ သဘောစီးယင်း ရောက်တော်မူလေ၏။ ဤသို့

http://www.dhammadownload.com



ပြအပ်သော စကားရပ်စုသည် ဘုရားမြတ်ကို ယုံသောသဒ္ဓါနှင့် အားကိုးသော သရဏဂုံကြောင့် အလုံးစုံသော ဂုဏ်တော်ကို သိချင်သော ဗုဒ္ဓါနုဿတိကစ၍ ဝိပဿနာဉာဏ်သို့ ရောက်ပြီး ရဟန္တာကြီး ဖြစ်သွားပုံကို ပြသောဝတ္ထုတည်း။

* * * * *

## အရဟံ ဂုဏ်တော်ကြောင့် နတ်,လူ,ဗြဟ္မာတို့ ပူဇော်ကြပုံ

လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အရဟံဂုဏ်နှင့် ပြည့်စုံပုံကို ပြဆိုပြီးနောက် အရဟံဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားမြတ်အား လူ, နတ်, ဗြဟ္မာတို့က ပူဇော်ကြပုံကိုလည်း ပြသင့်သေး၏၊ လူ, နတ်, ဗြဟ္မာတို့က အဘယ်သို့ ပူဇော်ခဲ့ကြသနည်းဟူမူ-

၁။ ဘုရားဖြစ်တော်မူစ ရာဇာယတနမည်သော လင်းလွန်းပင်ရင်း၌သီတင်း သုံးတော်မူစဉ်ကာလကပင် သိကြားမင်းလာ၍ ဆေးဖြင့်ပြီးသော ကြဖုသီးကို လှူဒါန်း၏။

၂။ အဇပါလညောင်ပင်ရင်း၌ သီတင်းသုံးတော်မူသောအခါတွင် သဟမ္ပတိ ဗြဟ္မာကြီးလာ၍ မြင်းမိုရ်တောင်မျှ ပမာဏရှိသော ရတနာပန်းကုံးကြီး ဖြင့် ပူဇော်လျက် တရားဟောရန် တောင်းပန်ရ၏။

၃။ ဘုရားဖြစ်တော် မမူမီ တောထွက်တော်မူစကပင် ဃဋိကာရဗြဟ္မာကြီး လာ၍ ဝတ်ရုံတော်မူရန် သက်န်းတို့ကို ကပ်လှူပြီးနောက် ဝတ်လဲတော် အဝတ်ပုဆိုးတို့ကို ချွတ်လဲတော်မူသည့်အခါ၌ ဗြဟ္မာ့ပြည်သို့ ယူဆောင် သွားပြီးလျှင် စေတီတည်၍ ကိုးကွယ်ပူဇော်လေ၏။

၄။ ဆံတော်ကို ရိတ်ပယ်တော်မူသည့်အခါ၌လည်း သိကြားနတ်မင်း ခံယူ ပြီး တာဝတိံသာနတ်ပြည်တွင် စူဠာမဏိစေတီတည်၍ ကိုးကွယ်ပူဇော် လေ၏။

http://www.dhammadownload.com



ဤသို့ စသည်ဖြင့် ဘုရားဖြစ်တော် မမူမီကစ၍ ပရိနိဗ္ဗာန်ပြုတော်မူသည့် တိုင်အောင် များစွာသော–

- နတ်, ဗြဟ္မာတို့နှင့်တကွ ပသေနဒီကောသလ၊ ဗိမ္ဗိသာရ-စသော မင်းအပေါင်းတို့၏လည်းကောင်း
- ဇောတိက, ဇဋိလ-စသော သူဌေးအပေါင်းတို့၏လည်းကောင်း
- ပေါက္ခရသာတိ, ကူဋဒန္တ, သောဏဒန္တ, ဗြဟ္မာယု-စသော ပုရောဟိတ်ပုဏ္ဏားကြီးတို့၏လည်းကောင်း
- အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်-စသော အဂ္ဂသာဝက, မဟာသာဝက ရဟန္တာ မထေရ်မြတ်ကြီးတို့၏လည်းကောင်း
- ပါလိလေယဆင်, စူဠောဒယနဂါး, မဟောဒယနဂါး-စသော တိရိစ္ဆာန်မင်းအပေါင်းတို့၏လည်းကောင်း–

လျှုဒါန်းပူဇော်သမျှကို ခံယူတော်မူရလေ၏။ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက်၌လည်း မလ္လာမင်း-စသော လူမင်းအဆက်ဆက်တို့သည် ဆက်လက်၍ပူဇော်ကြပြီးလျှင် ပါဋလိပုတ်ပြည့်ရှင် အသောကမင်းတရားကြီး၏လက်ထက်၌ ၈၄-ကုဋေသော ဥစ္စာတို့ဖြင့် ဓာတ်တော်တို့ကို ပူဇော်၍ ရှစ်သောင်းလေးထောင်သော စေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့၏။

"ဤသို့ ပူဇော်ကြကြောင်းကို အတွေးအထင်နှင့်လည်းကောင်း ကျမ်းစာတို့တွင် ပြဆိုထားကာမျှဖြင့်လည်းကောင်း ယုံကြည်ကိုးစား ပြောကြားနေကြသည်"ဟု သဒ္ဓါတရား ခေါင်းပါးသူတို့က မလျော်သော စကားကို ပြောကြားလေ့ရှိကြ၏၊ ၎င်းတို့၏စကားကို မမှတ်သားထိုက်၊ အဘယ်ကြောင့်ဆိုသော် မျက်မြင်ဒိဋ္ဌ၊ ယခုကာလ၌ ပူဇော်လျက်ရှိကြသော –

- သီဟိုဠ်ကျွန်းမှ မဟာစေတီ၊ ထူပါရုံ စေတီ၊ စွယ်တော်ရုံစေတီ-စသည်တို့ကိုလည်းကောင်း
- မြန်မာပြည်မှ ရွှေတိဂုံ၊ ရွှေမော်ဓော၊ ရွှေဆံတော်၊ ရွှေမုဋ္ဌော-စသော စေတီတော်ကြီးများနှင့်တကွ မဟာမြတ်မုနိ-စသောရုပ်ပွါး, ဆင်းတုတော်များကိုလည်းကောင်း

http://www.dhammadownload.com



အရပ်ရပ် အရွာရွာမှ သဒ္ဓါသူ, သိတတ်သူ လိမ္မာသူအပေါင်း သူတော်ကောင်းဟူသမျှတို့၏ ပူဇော်ကြပုံအနန္တကို မျက်မြင်နှင့် ထောက်ဆ၍လည်းကောင်း

ရှေးကလည်း ပူဇော်ခဲ့ကြသောကြောင့်သာ ယခုကာလတိုင်အောင် အဆက်ဆက် ပင့်ဆောင်၍ ကိုးကွယ်ပူဇော်ကြသည်ကို သိနိုင်သောကြောင့် ဖြစ်ပေသည်။

ဤသို့ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် ရိုးတော်ဓာတ်ဘုရားတိုင်အောင် ကျောင်းဆောင်နှင့် ပူဇော်သူ, ပူဇော်၊ အုတ်, ကျောက်, အင်္ဂတေနှင့် စေတီတော် တည်သူ တည်၊ မှန်စီသူက စီ၊ ရွှေချသူက ချ၊ ပန်းရေချမ်းနှင့်တဖုံ, ဆီမီးနှင့် တသီး၊ ပွဲကြီးတွေလုပ်၍ ပူဇော်သူကလည်း ပူဇော်၊ ဆွေမတော် မျိုးမစပ်, ဘုရားမြတ်၏ ရိုးတော်ဓာတ်ကို ပူဇော်ပုံ ထူးမြတ်၍ ၆-ထပ်သော နတ်ပြည်နှင့် လူ့ပြည်တွင် ဖြစ်ကြသူတို့လည်း အနန္တ၊ နိဗ္ဗာန်တိုင်အောင် ရောက်ကြသူတွေလည်း ရောက်ကြ၊ တို့မိ,တို့ဘ ဟူသမျှ၏ အရိုးကို ဘယ်လူမျိုးမှ ကိုးကွယ်ပူဇော်ဖို့ ဝေးစွ၊ အိမ်သို့တောင် အရိုးကို မယူကြသည်မှာလည်း ဒိဋ္ဌ၊ ဘုရားမို့ ပူဇော်ကြ, ဘုရားမို့ ကိုးကွယ်ကြသည်ကို ထောက်သဖြင့် အရဟံ-ဆိုသည်မှာ ဟုတ်မှန်လှပါပေ၏ဟူ၍ ယုံကြည်ထိုက်ပေသည်။

*(ဤကား ပူဇော်အထူးကို ခံယူတော်မူထိုက်သောကြောင့် အရဟံ မည်ပုံနှင့် လူ,နတ်,ဗြဟ္မာတို့က ပူဇော်ကြပုံတည်း။)*

* * * * *

http://www.dhammadownload.com



## ဆိတ်ကွယ်ရာအရပ်၌သော်လည်း မကောင်းမှုကို မပြုသောကြောင့် အ,ရဟံ မည်တော်မူသည်

အ-ရဟံ၊ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား-ဟူ၍ အနက်ကို ဆိုရာ၌ အ-ရဟံဟု အ-တွင် စဉ်းငယ်ရပ်၍ ရဟံ-ကို ပေါင်းစပ်ပြီးလျှင် အ-ရဟံဟု အသံထွက်၍ ရွတ်ဖတ်အပ်၏၊ အ-တစ်ပုဒ်၊ ရဟ-တစ်ပုဒ်၊ ၎င်း ၂-ပုဒ်ကို တွဲစပ်၍ (အ+ရဟ=အ-ရဟ)ဟု ဖြစ်သည်၊ ရဟ-၏ အနက်ကား ဆိတ်ကွယ်အရပ်ဖြစ်၍ အ-၏အနက်ကား မရှိခြင်း ဟူသော (တားမြစ်ခြင်း) ပဋိသေဓအနက် ဖြစ်၏။

လူသူ ၄-ပါးတို့၏ ဆိတ်ကွယ်ရာ အရပ်ပဲဟူ၍ မကောင်းမှုကို ပြုတော်မူခြင်း မရှိ-ဟု ဆိုလို၏၊ လောက၌ သူတော်စင်, သူတော်ကောင်း-ဟု လူအပေါင်း၏ သမုတ်ခြင်း, ရိုသေလေးစားခြင်းကို ခံရသော ပုထုဇဉ်, ရသေ့ပရိဗိုဇ် စသည်တို့ကား မိမိတို့၏ သန္တာန်၌ ကိန်းအောင်းလျက်ရှိသော အနုသယကိလေသာတို့ကို မပယ်ခွါနိုင်ကြသေးသည့် အတွက်ကြောင့် ဆိတ်ကွယ်ရာအရပ်ဟု ထင်လျှင် မကောင်းမှုကို ကိုယ်ဖြင့်သော်လည်းကောင်း နှုတ်ဖြင့်သော်လည်းကောင်း စိတ်ဖြင့်သော်လည်းကောင်း ပြုတတ်ကြ၏၊

ဘုရားရှင်ကိုယ်တော်မြတ်မှာမူကား ဘဝအဆက်ဆက်က ကပ်လျက်ပါလာသော ဝါသနာအထုံနှင့်တကွ ကိလေသာ ဟူသမျှတို့ကို အရဟတ္တမဂ်၊ ဉာဏ်သန်လျက်ဖြင့်၊ ပယ်သတ်တော်မူပြီးဖြစ်၍၊ ဆိတ်ကွယ်ရာအရပ်၌ပင် ဖြစ်စေကာမူ မကောင်းမှုကို ပြုတော်မူလေ့ မရှိ၊ ထို့ကြောင့် အ,ရဟံ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား-ဟူ၍ ချီးကျူးပူဇော်ရလေ၏။

အဋ္ဌကထာဆရာကလည်း-

ယသ္မာ နတ္ထိ ရဟော နာမ၊ ပါပကမ္မေသု တာဒိနော။
ရဟာ'ဘာဝေန တေနေ'သ၊ အ-ရဟံ ဣတိ ဝိဿုတော။

*(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ပ၊ ၁၉၅။)*

ဟူ၍ မိန့်ဆိုတော်မူပါသည်။

http://www.dhammadownload.com



**အနက်ကား။** ။ ယသ္မာ၊ အကြင်ကြောင့်။ တာဒိနော၊ လောကဓံ ၈-ပါး ကြောင့် တုန်လှုပ်ဖောက်ပြန်ခြင်း မရှိ၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။ ပါပကမ္မေသု၊ မကောင်းမှု အကုသိုလ် တရားတို့ကို ပြုလုပ်, ပြောဆို, ကြံစည်ခြင်းတို့၌။ ရဟော နာမ၊ ဆိတ်ကွယ်သော အရပ်မည်သည်။ နတ္ထိ၊ မရှိ။ တေန ရဟာ'ဘာဝေန၊ ထိုသို့ မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာဟူ၍ မရှိသောကြောင့်။ သော ဧသော ဘဂဝါ၊ ဤမြတ်စွာဘုရား သည်။ အ-ရဟံ ဣတိ၊ အ-ရဟံဟူ၍။ ဝိဿုတော၊ ကျော်စောတော်မူပါပေ၏။

ထို့ကြောင့် အ-ရဟံ၊ ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုတော်မမူ သော မြတ်စွာဘုရား-ဟု ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အကြိမ်ကြိမ်ပွါးအပ်၏၊ အောက်မေ့အပ်၏၊ ဝင်စားအပ်၏။

* * * * *

## သံသရာစက်ရဟတ်၏ အကန့်အကွက်ပမာ အဝိဇ္ဇာ,တဏှာ တို့ကို ပယ်ခွါတော်မူသောကြောင့်လည်း အရ-ဟံ မည်တော်မူသည်

**တစ်နည်းကား။** ။ သံသရာစက်၏ အကန့်အကွက်ဖြစ်သော အဝိဇ္ဇာ နှင့် တဏှာကို အရဟတ္တမဂ်၊ ဉာဏ်သန်လျက်ဖြင့်၊ ပယ်ဖျက်တော်မူပြီးဖြစ်၍လည်း အရ-ဟံ, အရ-ဟံ-ဟု ကျော်စောတော်မူပြန်၏။

အရ- ၏ အနက်ကား သံသရာစက်၏ အကန့်အကွက်ဖြစ်သော အဝိဇ္ဇာ- တဏှာ။

ဟံ- ၏အနက်ကား အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်ဖျက်ခြင်း ဖြစ်၏၊

အရ နှင့် ဟံ ၂-ပုဒ်ကို ပေါင်းသော်ကား သံသရာစက်၏ အကန့်အကွက် ဖြစ်သော အဝိဇ္ဇာ,တဏှာကို ပယ်ဖြတ်တော်မူနိုင်သော မြတ်စွာဘုရား-ဟူသော အနက်ကို ရ၏။

http://www.dhammadownload.com



ထို့ကြောင့် **အရ,ဟံ-သံသရာစက်၏ အကန့်အကွက်ပမာ၊ အဝိဇ္ဇာ တဏှာတို့ကို အရဟတ္တမဂ်၊ ဉာဏ်သန်လျက်ဖြင့်၊ ဖျက်ဆီး ပယ်သတ်တော်မူသော** မြတ်စွာဘုရား-ဟု ပွါးများအောက်မေ့အပ်၏။

ဤစကားရပ်၌ **သံသရာစက်ဆိုသည်မှာ** ဘယ်ကပ်, ဘယ်ကမ္ဘာ, ဘယ် ရာဇာ, ဘယ်ဘုရားတို့၏ လက်ထက်တော်ကစ၍ ဖြစ်ခဲ့သည်ဟု ပြောဆိုနိုင်စရာ မရှိ၊ ကြိုးလွန်းဆက်သည့်ပမာ ရုပ်တစ်ခုမပျက်မီ ရုပ်တစ်ခု အသစ်ဆက်လျက် ဖြစ်ပျက်နေသော **ရုပ်အစဉ်အတန်းကိုလည်းကောင်း**

ရှေးရှေး နာမက္ခန္ဓာတို့က အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးပြုသဖြင့် နောက်နောက် နာမက္ခန္ဓာတို့ ဆက်ကာဆက်ကာ ပုတီးလုံး, ရွဲလုံးများကို သီကုံးထားသည့်ပမာ ဆက်စပ်၍ဖြစ်နေသော **နာမ်ခန္ဓာ အစဉ်အတန်းကိုလည်းကောင်း** ဤသို့ မပြတ်စပ်ခါ ချားပမာသို့ လည်ပတ် နေသော ရုပ်,နာမ်ခန္ဓာအစဉ်အတန်းကို **သံသရာစက်**-ဟု ခေါ်ခြင်းဖြစ်၏။

**ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။**
**အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။** *(နိဒါနသံယုတ်၊ဋ္ဌကထာ၊ ၈၉။)*

အဗ္ဗောစ္ဆိန္နံ၊ အဆက်မပြတ်၊ တစပ်တည်း ဖွဲ့စပ်လျက်။ ဝတ္တမာနာ၊ ဖြစ် နေသော။ ခန္ဓာနံ၊ ရုပ်,နာမ်ခန္ဓာတို့၏။ ပဋိပါဋိ စ၊ အစဉ်အတန်းကိုလည်း ကောင်း။ ဓာတုအာယတနာနံ၊ ဓာတ် ၁၈-ပါး, အာယတန ၁၂-ပါးတို့၏။ ပဋိပါဋိ စ၊ အစဉ်အတန်းကိုလည်းကောင်း။ သံသာရောတိ၊ သံသရာစက်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ထိုသံသရာစက်ကိုပင် လူ့ဘုံ လူ့ဘဝတွင် စဉ်လျက်, တန်းလျက်ဖြစ်လာ သော ရုပ်,နာမ် ၂-ပါးကို လူ-ဟူ၍ခေါ်ကြ, အမည်မှည့်ကြ၍ လူဆိုတာ 'ငါပဲ'ဟု မာနအားဖြင့် စွဲလမ်းကြကုန်၏၊

လူဆိုတာ 'ငါ၏ဥစ္စာ၊ ငါ့ဟာ၊ ငါ့ခန္ဓာပဲ'ဟု **တဏှာ**အားဖြင့် စွဲလမ်းကြ ကုန်၏၊

လူဆိုတာ အသက်လိပ်ပြာ, သတ္တဝါကောင်, ဇီဝ, အတ္တပေပဲ-ဟု **သက္ကာယဒိဋ္ဌိ**အားဖြင့်လည်း စွဲလမ်းကြကုန်၏။

http://www.dhammadownload.com



နတ်ဘုံ, ဗြဟ္မာ့ဘုံတို့၌ ကာမာဝစရကုသိုလ်၊ ရူပါဝစရကုသိုလ်၊ အရူပါဝစရကုသိုလ်တို့၏ အစွမ်းဖြင့် စဉ်တန်း၍ ဖြစ်နေကြသော ရုပ်,နာမ်ခန္ဓာ ၂-ပါးကို နတ်,ဗြဟ္မာတွေ-ဟု မှည့်ခေါ်ကြ၍ 'ငါ'ဟု မာနအားဖြင့်လည်း စွဲလမ်းကြကုန်၏၊ 'ငါ၏ဥစ္စာ၊ ငါ့ဟာ၊ ငါ့ခန္ဓာပဲ'ဟု တဏှာအားဖြင့်လည်း စွဲလမ်းကြကုန်၏၊ 'အသက်လိပ်ပြာ၊ သတ္တဝါအကောင် ဇီဝအတ္တ'ဟု သက္ကာယဒိဋ္ဌိအားဖြင့်လည်း စွဲလမ်းကြကုန်၏၊

ထိုသို့ ကံအကြောင်း၊ စိတ်အကြောင်း၊ ဥတုအကြောင်း၊ အာဟာရအကြောင်းတို့ကြောင့် ဖြစ်,ပျက် စဉ်တန်းပြီးလျှင် မပြတ်မလပ် ဆက်စပ်လျက် ၃၁-ခွင်၊ ဘုံအပြင်၌၊ ကျင်လည်လျက်နေကြသော ရုပ်,နာမ် အစဉ်အတန်းကြီးကို 'ငါ မဟုတ်၊ ငါ့ဥစ္စာ, ငါ့ဟာ မဟုတ်၊ ငါမပိုင်ဆိုင်၊ ငါ အစိုးမရ၊ အသက်လိပ်ပြာ၊ သတ္တဝါ၊ အကောင်၊ ဇီဝ၊ အတ္တမဟုတ်၊ ရုပ်,နာမ်ခန္ဓာ အစဉ်အတန်းမျှသာတည်း' ဟု ပြောလို့လည်း မသိ၊ ဟောလို့လည်း မသိ၊ မိမိတို့ဘာသာ အလိုအလျောက်လည်း မရိပ်မိ၊ မသိရှိကြပါပဲ 'ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟာ၊ အသက်၊ လိပ်ပြာ၊ သတ္တဝါ၊ အကောင်၊ ဇီဝ၊ အတ္တ'ဟု ထင်၍ မှတ်၍နေသော အဝိဇ္ဇာကြောင့် တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတို့ဖြင့် စွဲလမ်းမှတ်ထင်လျက် နေကြကုန်၏။

**ဒီဃရတ္တံ ဟေ'တံ ဘိက္ခဝေ အဿုတဝတော ပုထုဇ္ဇနဿ အဇ္ဈောသိတံ မမာယိတံ ပရာမဋ္ဌံ "ဧတံ မမ၊ ဧသော'ဟ'မသ္မိ။ ဧသော မေ အတ္တာတိ"**

*(နိဒါနဝဂ္ဂ၊ အဿုတဝါသုတ်ပါဠိတော်-၁၁၉)*

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ သစ္စံ၊ မှန်၏။ အဿုတဝတော၊ နာခံမှတ်သား ဆောင်ထားအပ်သော၊ အာဂမ, အဓိဂမ, သုတ မရှိသော။ ပုထုဇ္ဇနဿ၊ ပုထုဇဉ် ပုဂ္ဂိုလ်သည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဧတံ၊ ဤရုပ်,နာမ် နှစ်ဖြာ၊ ငါးခန္ဓာကို။ အဇ္ဈောသိတံ၊ 'ငါ၏ ဥစ္စာ'ဟု၊ တဏှာဖြင့် ဆုံးဖြတ်၍ ယူအပ်၏။ မမာယိတံ၊ 'ငါ၏ဥစ္စာ'ဟု တဏှာဖြင့် မွန်မွန်မြတ်မြတ် စွဲလမ်း၍ ယူအပ်၏။ ပရာမဋ္ဌံ၊ 'ငါ၏အတ္တ'ဟု သက္ကာယဒိဋ္ဌိဖြင့် မှားမှားယွင်းယွင်း နှလုံးသွင်းလျက် ယူအပ်၏။ ကိံ၊ အဘယ်သို့။ အဇ္ဈောသိတံ၊ တဏှာဖြင့် ဆုံးဖြတ်၍ ယူအပ်သနည်း။ ဧတံ၊ ဤရုပ်,နာမ်နှစ်ဖြာ၊ ငါးခန္ဓာသည်။ မမ၊ ငါ၏ဥစ္စာတည်း။ ဧသော၊ ဤရုပ်,နာမ်နှစ်ဖြာ၊ ငါးခန္ဓာသည်။ အဟံ၊ ငါသည်။

http://www.dhammadownload.com



အသ္မိ၊ ဖြစ်၏။ ဧသော၊ ဤ ရုပ်,နာမ်နှစ်ဖြာ၊ ငါးခန္ဓာသည်။ မေ၊ ငါ၏။ အတ္တာ၊ အတ္တတည်း။ ဣတိ၊ သို့။ အဇ္ဈောသိတံ၊ တဏှာဖြင့် ဆုံးဖြတ်၍ ယူအပ်၏။

**ဧတံ မမာတိ တဏှာဂါဟော။ ဧသော'ဟ'မသ္မီတိ မာနဂါဟော။ ဧသော မေ အတ္တာတိ ဒိဋ္ဌိဂါဟော (ဟောတိ။)**

*(နိဒါနဝဂ္ဂ၊ အဋ္ဌကထာ၊ ၉၁။)*

ဧတံ မမာတိ၊ ဤ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားသည် ငါ၏ဥစ္စာသာတည်းဟူ၍ စွဲလမ်းလျက်ယူခြင်းသည်။ တဏှာဂါဟော၊ တဏှာဖြင့် စွဲလမ်း၍ယူခြင်းဖြစ်၏။ ဧသောဟမသ္မီတိ၊ ဤခန္ဓာငါးပါး၊ ရုပ်,နာမ်တရားသည် ငါဖြစ်၏ဟူ၍ ယူခြင်းသည်။ မာနဂါဟော၊ မာနဖြင့် စွဲလမ်း၍ ယူခြင်းဖြစ်၏။ ဧသော မေ အတ္တာတိ၊ ဤခန္ဓာငါးပါး၊ ရုပ်နာမ်တရားသည် ငါ၏အတ္တဖြစ်၏ဟူ၍ စွဲလမ်းလျက် ယူခြင်းသည်။ ဒိဋ္ဌိဂါဟော၊ သက္ကာယဒိဋ္ဌိဖြင့် စွဲလမ်း၍ ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ အစွဲ ၃-ခုဖြင့် စွဲလမ်းမှတ်ထင်နေကြသမျှ ကာလပတ်လုံး ကပ်ကမ္ဘာ မဆုံးနိုင်အောင် ရုပ်,နာမ်ခန္ဓာ အစဉ်အဆက်တို့သည် စဉ်လျက်, စဉ်လျက်ပင် ဖြစ်,ပျက်နေကြမည်မှာ အမှန်ပင်ဖြစ်၏၊ ဤသို့ ရုပ်,နာမ်ဓမ္မ၊ သင်္ခါရတို့၊ ဆုံး,စ မထင်၊ ဖြစ်,ပျက် လည်ပတ်နေလျှင်လည်း ဗျာဓိမီး, ဇရာမီး, မရဏမီးတို့က၊ လောင်မြိုက် ဖျက်ဆီးကြသဖြင့် ဇာတိမီးထဲသို့ ကျရောက်ပြီး အသစ်အသစ် ပြန်ပြန်ပြီး ဖြစ်ကြပြန်၏၊ ထိုသို့ ပြန်ပြန်ပြီး ဖြစ်ကြသည်ကိုပင် လူပြန်ပြီး ဖြစ်သည်၊ နတ်ပြည်၌ ဖြစ်သည်၊ ဗြဟ္မာပြည်၌ ဖြစ်သည်ဟု ထင်မှတ်နေကြကုန်၏၊ လူ,နတ်,ဗြဟ္မာ ဖြစ်ရသည်ကိုလည်း အကောင်းထင်ကြ, အဟုတ်ထင်ကြ၍ တဏှာဖြင့် လူဖြစ်အောင်, နတ်ဖြစ်အောင်, ဗြဟ္မာဖြစ်အောင် ဒါန, သီလ, ဘာဝနာစသည်ကို ပြုလုပ် အားထုတ်ကြပြန်သောကြောင့် ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ စသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်ပြန်၏။

ဤကဲ့သို့ချည်း ဖြစ်,ပျက် လောင်ကျွမ်း၍ အပင်ပန်းကြီး ပင်ပန်း၊ အဆင်းရဲကြီး ဆင်းရဲ၊ အပျက်စီးကြီး ပျက်စီးပြီးလျှင် "အချည်းနှီး အလကား၊

http://www.dhammadownload.com



ဘာမဟုတ် ညာမဟုတ်ပဲ ဖြစ်ခြင်းမမြဲတဲ့ အနိစ္စ၊ ပျက်ခြင်းလည်းမမြဲတဲ့ အနိစ္စ၊ ထိုမမြဲအနိစ္စကြောင့် မကောင်းဒုက္ခကြီးဖြစ်၍ မြဲအောင်, ကောင်းအောင် ပြုပြင် ဖန်တီးလို့ မရတဲ့ အနတ္တသဘောတရားတွေပါကလား"ဟု သိသော ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာပြီးလျှင် သံသရာစက်၏ အချက်မူလ ပဘဝဖြစ်သော အဝိဇ္ဇာ ပုံတောင်းကိုလည်းကောင်း ဇရာ, မရဏ-တည်းဟူသော သံသရာစက်ဘီး၏ အနားအကွပ်ကိုလည်းကောင်း သင်္ခါရ, ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဉပါဒါန်, ဘဝ, ဇာတိ-ဟု ဆိုအပ်သော အကန့်, ဒေါက် တို့ကိုလည်းကောင်း အရဟတ္တမဂ်၊ ဝရဇိန်ဉာဏ်လက်နက်ဖြင့် အကြွင်းမဲ့ ဖျက်ဆီး သတ်ဖြတ်တော်မူခဲ့၏၊ ထို့ကြောင့် အရ-ဟံ၊ အရ-ဟံ-ဟုလည်း ၃၁-ဘုံတွင် ကျော်စောထင်ရှား၍-

**အရ-ဟံ- သံသရာစက်၏၊ ပုံတောင်းချက်မ၊ အဝိဇ္ဇာမူလနှင့်တကွ၊ သင်္ခါရ စသော ၁၀-ပါးသော အကန့်,ဒေါက်၊ ထို့နောက်တဖြာ၊ ဇရာ, မရဏ၊ အကွပ် ဆုံးအောင် အကုန်လုံး ဖျက်ဆီးတော်မူနိုင်သော မြတ်စွာဘုရား-ဟု အကြိမ်ကြိမ် အဖန်ဖန် ပွါးများအပ်၏၊ ဆင်ခြင်အပ်၏၊ စဉ်းစားအပ်၏၊ တွေးဆ၍ နေအပ်၏၊ ထိုသို့ နေသောသူကို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ် ခေါ်၏။**

*(အရဟံ ဂုဏ်တော်ကို စီးဖြန်းပွါးများရန် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတရား ပြီး၏။)*

* * * * *

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၏အနက် အဓိပ္ပါယ်အကျယ်

## ဗုဒ္ဓ ၃-ပါး

သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကိုကား ဤသို့ ပွါးအပ်၏။

သမ္မာ၊ မဖောက်မပြန် အမှန်ကို ဝေဖန်၍၊

သံ၊ ကိုယ်တော်တိုင် ဆရာမရှိပဲ၊

ဗုဒ္ဓေါ၊ ဉေယျဓမ္မ သိစရာရှိသမျှကို သိတော်မူသည်တည်း၊

http://www.dhammadownload.com



**သမ္မာသမ္ဗုဒ္ဓေါ၊ မဖောက်မပြန်၊ အမှန်ကို ဝေဖန်၍၊ သိစရာရှိသမျှ၊ ဉေယျဓမ္မတို့ကို ဆရာမရှိပဲ သိမြင်တော်မူသော မြတ်စွာဘုရား။**

သိစရာရှိသမျှ ဉေယျဓမ္မတို့ကို သိသောကြောင့် ဗုဒ္ဓ-ဟု ခေါ်ဆိုရာ၌ ဗုဒ္ဓသည်- **သမ္မာဗုဒ္ဓ၊**

**သမ္ဗုဒ္ဓ၊**

**သမ္မာသမ္ဗုဒ္ဓ-**

ဟု ၃-မျိုး, ၃-စား, ၃-ပါး အပြားရှိ၏၊ ထို ၃-ပါးတို့တွင် အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်, ရှင်မဟာကဿပ အစရှိသော အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကတပည့်သား **သံဃာတော်အရှင်မြတ်တို့သည်** မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ကား ဉေယျဓမ္မကို မသိ၊ ဆရာသခင် သဗ္ဗညုဘုရားရှင်တို့၏ ဟောကြားအပ်သော တရားတော်ကို နာယူမှတ်သား သင်ကြားရသည့်အခါမှ ဉေယျဓမ္မတို့ကို မဖောက်မပြန်၊ ဝေဖန်ပိုင်းခြား၍ သိကြသောကြောင့် သမ္မာဗုဒ္ဓ မည်တော်မူကြကုန်၏။

*(မဖောက်မပြန် ဝေဖန်ပိုင်းခြား၍ ကောင်းစွာ သိတော်မူခြင်းကို သမ္မာဗုဒ္ဓ-ဟု ဆိုပါသည်။)*

**ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်** သူတပါးထံ နည်းမခံပဲ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ ဉေယျဓမ္မတို့ကို သိတော်မူကြသော်လည်း ဝေဖန်ပိုင်းခြား၍ သူတပါးနားလည်အောင် ဟောပြောနိုင်သည်အထိ ကောင်းစွာ မသိကြသောကြောင့် သမ္ဗုဒ္ဓသာ မည်တော်မူကြကုန်၏။

*(ဆရာမရှိပဲ ကိုယ်တိုင်ထိုးထွင်း၍ သိခြင်းကို သမ္ဗုဒ္ဓ-ဟု ဆိုပါသည်။)*

ဤသို့ သာဝကတို့ကဲ့သို့ သူတပါးထံ နည်းမခံရပဲ သစ္စာ ၄-ပါး၊ ဉေယျတရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်နိုင်သော်လည်း သဗ္ဗညုဘုရားရှင်တို့ကဲ့သို့ သူတပါးနားလည်အောင် ဟောပြောနိုင်သည်အထိ ဝေဖန်ပိုင်းခြား၍ မသိသဖြင့် သာဝကတို့သိပုံနှင့် သဗ္ဗညုဘုရားရှင်တို့၏သိပုံမှာ အသီးအခြား ဖြစ်သောကြောင့် ထိုအရှင်မြတ်တို့ကို ပစ္စေကဗုဒ္ဓါ-ဟု ဆိုရလေသည်။

http://www.dhammadownload.com



ထို့ကြောင့် ဋီကာဆရာက-

**တေ ပန အပရနေယျာ ဟုတွာ အပရနာယကဘာဝေန သစ္စာနိ ပဋိဝိဇ္ဈန္တိ၊ တေန ဝုတ္တံ ပစ္စေကံ သစ္စာနိ ဗုဒ္ဓဝန္တောတိ ပစ္စေကဗုဒ္ဓါတိ-**

*(အင်္ဂုတ္တိုရ် မဟာဋီကာ၊ ပ၊ ၁၀၃။)*

ဟူ၍ မိန့်ဆိုတော်မူပါသည်။

**အနက်ကား။** ။တေ ပန၊ ဤပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည်ကား။ အပရနေယျာ၊ သူတပါးတို့က၊ ဟောပြောပြသ၊ မသိစေရသည်။ ဟုတွာ၊ ဖြစ်၍။အပရနာယကဘာဝေန၊ မိမိတို့ကလည်း သူတပါး သိ,ကြား နားလည်အောင် မဟောပြောနိုင်သည်၏ အဖြစ်ဖြင့်။ သစ္စာနိ၊ သစ္စာလေးပါး၊ မြတ်တရားတို့ကို။ ပဋိဝိဇ္ဈန္တိ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူကြကုန်၏။ တေန၊ ထို့ကြောင့်။ ပစ္စေကံ၊ သာဝကတို့၏ သိပုံမျိုးနှင့်၊ သဗ္ဗညုဘုရားရှင်တို့၏ သိမြင်တော်မူပုံမျိုးမှ တသီးတခြား။ သစ္စာနိ၊ သစ္စာလေးပါး၊ မြတ်တရားတို့ကို။ ဗုဒ္ဓဝန္တော၊ သိမြင်ခြင်းရှိတော်မူကြကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပစ္စေကဗုဒ္ဓါတိ၊ ပစ္စေကဗုဒ္ဓါတို့ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးမှာမူကား သိစရာရှိသမျှ ဉေယျ-ဓမ္မ ဟူသမျှတို့ကို ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသည့် <u>သမ္ဗုဒ္ဓဖြစ်တော်မူသည့်အပြင်</u>-

ဝေနေယျသတ္တဝါတို့ သိမြင်ကြအောင်လည်း ဣန္ဒြေအနုအရင့်ကို ထောက်ချင့်ဝေဖန်၍ ဟောကြား နိုင်အောင် ကောင်းစွာသိတော်မူသောကြောင့် <u>သမ္မာဗုဒ္ဓလည်း မည်တော်မူ၏</u>၊

ထိုသို့ သမ္မာဗုဒ္ဓသိ၊ သမ္ဗုဒ္ဓသိ ၂-ပါးတို့ဖြင့် သိမြင်တော်မူသည့် အတွက်ကြောင့် <u>သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါသည်</u>။

* * * * *

http://www.dhammadownload.com



## တနည်း ဗုဒ္ဓ ၄-ပါး

သုတဗုဒ္ဓ, စတုသစ္စဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သဗ္ဗညုဗုဒ္ဓ-ဟူ၍လည်း ဗုဒ္ဓ ၄-ပါး အပြားကို အဋ္ဌကထာတို့၌ တစ်နည်းပြသေး၏။

၁။ စာပေပရိယတ္တိကို သင်ကြားတတ်မြောက်၍ လေ့လာဆည်းပူးအပ်သော စာပေဗဟုသုတရှိသော ရဟန်းသည် သုတမယဉာဏ်ဖြင့် သိသင့်, သိထိုက်သော တရားတို့ကို သိထားသူဖြစ်၍ သုတဗုဒ္ဓ မည်၏။

၂။ ရဟန္တာပုဂ္ဂိုလ်သည် သစ္စာ ၄-တန်၊ တရားမှန်ကို၊ မချွင်းမချန်၊ အကုန်အစင်၊ သိမြင်တော်မူသောကြောင့် **စတုသစ္စဗုဒ္ဓ** မည်၏။

၃။ ၂-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းတို့ ကာလပတ်လုံး ပါရမီ ၁၀-ပါး၊ အကျင့်မြတ်တရားတို့ကို ဖြည့်ကျင့်တော်မူပြီး၍ တသီးတခြား၊ ကိုယ့်ဉာဏ်သွားဖြင့်၊ ပိုင်းခြားထင်ထင်၊ ၄-အင်သော သစ္စာကို သိမြင်တော်မူသော အရှင်မြတ်သည် **ပစ္စေကဗုဒ္ဓ** မည်၏။

၄။ ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း၊ ၈-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း၊ ၁၆-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းတို့ ကာလပတ်လုံး ပါရမီ ၁၀-ပါး၊ အကျင့်မြတ်တရားတို့ကို ဖြည့်ကျင့်တော်မူပြီး၍ မာရ် ၅-ပါးတို့ကို နှိမ်နင်းအောင်မြင်လျက် ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် ဉေယျဓမ္မ သိစရာ ဟူသမျှကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သဗ္ဗညုဘုရားရှင်သည် သဗ္ဗညုဗုဒ္ဓ မည်တော်မူ၏။

*(အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ ပ၊ ၈၉၊၉၀။) (သံ၊ ဋ္ဌ၊ ပ၊၂၄။)*

* * * * *

http://www.dhammadownload.com



## သိစရာတွေရှိသမျှ ဉာဏ်တော်က သိ၍ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကပင် အံ့သြတော်မူရသည်

ထိုစကားရပ်တို့၌ ဉေယျဓမ္မဟူသည် သိအပ်သောတရား၊ သိစရာ တရားကို ခေါ်သည်၊ ထိုသိစရာတရားသည်လည်း–

- သင်္ခတတရား, အသင်္ခတတရားအားဖြင့် ၂-ပါး၊
- ရူပိနော ဓမ္မာ, အရူပိနော ဓမ္မာ-အရ ရုပ်တရား, နာမ်တရားအားဖြင့် ၂-ပါး၊
- သပ္ပစ္စယ, အပ္ပစ္စယအားဖြင့် ၂-ပါး၊
- လောကိယဓမ္မ, လောကုတ္တရဓမ္မအားဖြင့် ၂-ပါး –

အစရှိသောအားဖြင့် အနန္တများပြား၏၊ ထိုအနန္တ များပြားသောတရားတို့တွင် အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ကြောင့် သင်္ခါရအစရှိသော အကျိုး တရားတို့သည် ဖြစ်ကြကုန်၏၊ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ ချုပ်ကုန်သည်ရှိသော် သင်္ခါရအစရှိသော အကျိုးတရားတို့သည်လည်း ချုပ်ကုန်၏- ဟု ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့်လည်း သိတော်မူ၏၊ ဟေတုပစ္စည်းအကြောင်း၊ အာရမ္မဏပစ္စည်းအကြောင်း စသည်ဖြင့် ၂၄-ပါးသောအကြောင်းတို့ကြောင့် လည်း ဖြစ်ကုန်၏၊ ၎င်းဟေတု အစရှိသော အကြောင်းတို့ ချုပ်ပျောက်ကုန် သည်ရှိသော် ငြိမ်းချမ်းကုန်၏ဟူ၍လည်း သိတော်မူ၏၊ အကျဉ်းအားဖြင့် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးတို့ကြောင့်လည်း ဖြစ်ကုန်၏၊ ၎င်းအကြောင်းတရား ၄-ပါးတို့ ချုပ်ပျောက်ကုန်သည်ရှိသော် ငြိမ်းချမ်းကုန်၏-ဟူ၍လည်း သိတော်မူ၏၊

ဤသို့ စသည်ဖြင့် အဘိဓမ္မာနည်းအရ ဉေယျဓမ္မတို့ကို သိတော်မူသည့် အပြင် ဝေါဟာရဒေသနာဖြစ်သော သုတ္တန်နည်းအားဖြင့်လည်း တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ရွှေ, ငွေ, ကျောက်သံ, ပတ္တမြား, ဆန်စပါးစသော အသုံး အဆောင်ပစ္စည်းနှင့်တကွ စကြဝဠာ ကမ္ဘာအနန္တကိုလည်း သိတော်မူ၏၊ ထို ကမ္ဘာအနန္တ၌ လူ,နတ်,ဗြဟ္မာ သတ္တဝါ အနန္တတို့ အကြောင်းညီညွတ်သမျှ ဖြစ်ကြ၍ အကြောင်းမညီညွတ်လျှင် ပျက်ကြရကုန်၏ဟူ၍လည်း သိတော်မူ၏။

http://www.dhammadownload.com



အဘယ်သူသည် အဘယ်အကြောင်းကြောင့် လူဖြစ်၏၊ ၎င်းအကြောင်းကုန်လျှင် ပျက်၍ ဘာဖြစ်ဦးလတ္တံ့-ဟူ၍လည်းကောင်း ဘယ်နတ်သည် ဘယ်အကြောင်းကြောင့် နတ်ဖြစ်၏၊ ၎င်းအကြောင်းကုန်လျှင် နတ်အဖြစ် ပျက်၍ ဘာဖြစ်ဦးလတ္တံ့-ဟူ၍လည်းကောင်း သတ္တဝါအနန္တတို့၏ ဖြစ်ကြပုံ, ပျက်ကြပုံ အကြောင်းစုံ၊ အကျိုးစုံကို အကုန်သိတော်မူ၏၊ ဤသို့လျှင် အစိတ်အစိတ် သိ၊ အပေါင်းအပေါင်း သိ၊ အကြောင်းစုံ သိ၊ အကျိုးစုံ သိ၊ ဝေါဟာရရှိသမျှ ခေါ်ကြတဲ့ ဝေါဟာရတိုင်းလည်း သိ၊ သူတပါးတို့ မခေါ်ဝေါ်ကြတဲ့၊ မသိကြတဲ့ အဘိဓမ္မာ ပရမတ္ထနည်းအရလည်း သိ၊ ဤသို့ သိစရာရှိသမျှ ဘုရားရှင်၏ ဉာဏ်တော်ကလည်း သိ၊ ဉာဏ်တော်သိရှိသမျှ သိစရာတွေကလည်း အနန္တဖြစ်၍ ပေါ်များ လှပါပေ၏၊ သိစရာတွေ အနန္တဖြစ်၍ ပေါ်များသလောက် ဉာဏ်တော်ကလည်း အနန္တဖြစ်၍ သိတော်မူပါပေ၏။

(ဩော် အံ့ဩဖွယ်ကောင်းလေစွတကား)

သို့ဖြစ်၍-

**ယာဝတကံ ဉေယျံ၊ တာဝတကံ ဉာဏံ၊ ယာဝတကံ ဉာဏံ၊ တာဝတကံ ဉေယျံ-**

ဟု ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ တရားစစ်သူကြီး ဖြစ်တော်မူသော ပညာရှိတေဒဂ် ဘွဲ့ရ အဂ္ဂသာဝက လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးကပင် ချီးကျူး အံ့ဩတော်မူရ၏။

ယာဝတကံ၊ အကြင်မျှလောက်။ ဉေယျံ၊ သိစရာတွေကလည်း ပေါ်ပါပေ၏။ တာဝတကံ၊ ထိုသို့သိစရာတွေ ပေါ်သလောက်။ ဉာဏံ၊ ဉာဏ်တော်ကလည်း သိတော်မူပါပေ၏။ ယာဝတကံ၊ အကြင်မျှလောက်။ ဉာဏံ၊ ဉာဏ်တော်ကလည်း သိတော်မူပါပေ၏။ တာဝတကံ၊ ထိုသို့ ဉာဏ်တော်သိသလောက်။ ဉေယျံ၊ သိစရာတွေကလည်း ပေါ်ပါပေ၏။

*(ဤကား အနက်တည်း၊ အရကျက်၍ သရဇ္ဈာယ်ကြ၊ ခွတ်ဖတ်ကြပါလေ။)*

* * * * *

http://www.dhammadownload.com



## ဧေ့ယျမ်တရား ၅-ပါး

ဤသို့ သိစရာ ဧေ့ယျဓမ္မတို့သည် အနန္တအားဖြင့် များပြားပါသော်လည်း အကျဉ်းသခေ်ပအားဖြင့်မူကား ရုပ်, နာမ် ၂-ပါးသာတည်း-ဟူ၍လည်းကောင်း မကျယ်လွန်း, မကျဉ်းလွန်းသော နာတိဝိတ္ထာရ၊ နာတိသခေ်ပနည်းအားဖြင့်သော်ကား သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်ဟူ၍ ၅-ပါး အပြားရှိ၏-ဟူ၍လည်းကောင်း သိတော်မူပြန်၏။

ထို ၅-ပါးတို့တွင်လည်း သင်္ခါရဟူသည် **သံကရောတီတိ သင်္ခါရော-**ဟူသော ကတ္တုသာဓနေ ကိတ်ဝိဂြိုဟ်စကားအရ ပြုပြင်တတ်သော အနက်ကိုဟောသော ကံ, စိတ်, ဥတု, အာဟာရ-ဟု ဆိုအပ်သော အကြောင်းတရား ၄-ပါးတို့ကို ပြုပြင်တတ်သည့် သင်္ခါရတရား-ဟူ၍ မှတ်အပ်၏။

**သံကရိယတေတိ သင်္ခါရော**-ဟူသော ကမ္မသာဓနေကိတ်ဝိဂြိုဟ်စကား အရ ရုပ်,နာမ် ၂-ပါးကို ပြုပြင်အပ်သည့် သင်္ခါရ, ပြုပြင်မှ ဖြစ်သည့် သင်္ခါရဟူ၍ မှတ်အပ်၏၊ ပြုပြင်တတ်သည့် သင်္ခါရ ၄-ပါးတို့တွင်လည်း ကံနှင့် စိတ်သည် နာမ်တရားဖြစ်၍ ဥတုနှင့် အာဟာရသည် ရုပ်တရားဖြစ်၏၊ ထို့ကြောင့် ပြုပြင်တတ်, ပြုပြင်အပ် ၂-ရပ်စလုံးပင် တရားကိုယ်အားဖြင့် ရုပ်,နာမ်သင်္ခါရတို့ချည်းသာ ဖြစ်ကြကုန်၏၊ ထိုရုပ်,နာမ် ၂-ပါးတို့တွင်–

**ရုပ်ဟူသည်လည်း** မဟာဘုတ်ရုပ်ကြီး ၄-ပါး,
ဥပါဒါရုပ်သေး ၂၄-ပါး
ပေါင်း ၂၈-ပါးတည်း၊

မဟာဘုတ်ရုပ်ကြီး ၄-ပါးတို့တွင်–

ပထဝီဟူသည် အမာ, အဖပ်, အမှုန် သဘောမျိုးဖြစ်၍ တေဇော, ဝါယောနှင့် အာပေါ မဟာဘုတ်တို့၏တည်ရာ ကြမ်းတမ်းခြင်း, နူးညံ့ခြင်းသဘော လက္ခဏာရှိ၏။

http://www.dhammadownload.com



တေဇောဟူသည် ပထဝီ၌ တည်၍ ပထဝီ, အာပေါ, ဝါယော မဟာဘုတ်တို့ကို ရင့်ကျက်စေခြင်း, ဟောင်းနွမ်းစေခြင်း, အိုမင်းစေခြင်း, ဆွေးမြည့်စေခြင်း သဘောလက္ခဏာရှိသော ပူခြင်း, အေးခြင်း ၂-ပါးပင်တည်း။

ဝါယောဟူသည် ပထဝီ၌ တည်၍ အာပေါ, တေဇော, ပထဝီတို့ကို လှုပ်စေခြင်း, ရွေ့စေခြင်း, ဖောင်းပွစေခြင်း, ဖိညှပ်ခြင်း, တွန်းကန်ခြင်း သဘော လက္ခဏာရှိသော, မငြိမ်ကပ်သော, အငြိမ်မနေသော လှုပ်လက်ရှိုးရှ သဘောမျှသာတည်း။

အာပေါဟူသည် ပထဝီ၌ တည်၍ အမှုန်လိုလို အဖပ်လိုလို သဘောရှိ၏၊ ပထဝီ, တေဇောနှင့် ဓာတ် ၃-ပါးတို့ကို ဖွဲ့စည်းပေါင်းစု ပေးတတ်သော သဘော သတ္တိရှိ၏။

ဤဓာတ်ကြီး ၄-ပါးတို့ ပေါင်းစုမိကြလျှင်–

- အဆင်း (ဝဏ္ဏဓာတ်)
- အနံ့ (ဂန္ဓဓာတ်)
- အစပ်, အငန်, အဖန်, အခါး, အချို, အချဉ် ဟူသော (ရသဓာတ်)
- ရုပ်ကလာပ်တို့ကို ပျံ့နှံ့ စိမ့်စိုစေတတ်သော (ဩဇာဓာတ်) –

ဟူသော ၄-ပါးသော ဥပါဒါရုပ်သေးတို့နှင့်တကွ ကျန်သော ဥပါဒါရုပ်-၂၀ တို့သည် အကြောင်းညီညွတ်သလို ဖြစ်ကြကုန်၏၊ အကြောင်းတို့ကား ၄-ပါး, ၁၂-ပါး, ၂၄-ပါး စသောအားဖြင့် များပြားကုန်၏၊

ထိုအကြောင်းများစွာတို့တွင် ပထဝီလွန်၍ နက်သည်၊ အာပေါလွန်၍ နီသည်၊ ဝါယောလွန်၍ ဝါသည်၊ တေဇောလွန်၍ ဖြူသည်၊ ဤတွင် လွန်၍-ဟု ဆိုခြင်းမှာ ဓာတ်တစ်ပါးတည်း လွန်သည်မဟုတ်, အကြောင်းတစ်ပါးတည်း လွန်သည် မဟုတ်၊ ပြဋ္ဌာန်းသည်ကို စွဲ၍ ပထဝီ လွန်သည်, အာပေါ လွန်သည် စသည်ဖြင့် ဆိုရသည်၊ စင်စစ်မှာကား ပထဝီများ များလွန်ပြီးလျှင် အာပေါက ကျပ်ချိန် ဘယ်မျှ, တေဇော, ဝါယောတို့က ကျပ်ချိန် ဘယ်ရွေး ဘယ်မျှရှိလျှင် နီသည်, နက်သည်, ဖြူသည်, ဝါသည်, ထူသည်, ပါးသည်, လုံးသည်, ပြားသည်,

http://www.dhammadownload.com



ရှည်သည်, တိုသည်, မာသည်, ပျော့သည်, ပွသည်, ကျစ်သည်, စပ်သည်, ငန်သည်, ဖန်သည်, ခါးသည် စသောအားဖြင့် အများအပြား၊ လွန်သော, ယုတ်သော, နည်းသော, များသော, အကြောင်းတရားတို့ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့နှင့်တကွ အရှင်သာရိပုတ္တရာ အစရှိသော ရဟန္တာမထေရ်မြတ်ကြီးတို့ပါမကျန် နတ်, ဗြဟ္မာပညာရှိတို့သည်ပင် ဉာဏ်ပညာနှင့်လည်း မသိနိုင်၊ တန်ခိုးဖန်ဆင်း၍လည်း မမြင်နိုင်သော ဗာဟိရရုပ်ဓာတ်တို့၏ သဘာဝဓမ္မ အနန္တနယကိုလည်း သိတော်မူ, မြင်တော်မူပါပေ၏။

*(ဤကား ရုပ်သင်္ခါရကို သိမြင်တော်မူပုံတည်း။)*

* * * * *

## နာမ်သင်္ခါရကို သိမြင်တော်မူပုံ

နာမ်တရားတို့တွင်လည်း စိတ်သည် ညွတ်တတ်, ညှို့တတ်၍ နာမ်၊ သိတတ်, ကြံတတ်၍ ဝိညာဉ်စိတ် ခေါ်၏၊ စေတသိက်တို့သည် စိတ်ကို မှီ၍ဖြစ်တတ်သောကြောင့် စေတသိက် မည်၏၊ ထိုစေတသိက်တို့တွင်–

- ဖဿသည် တွေ့ထိခြင်းသဘော ရှိ၏၊
- ဝေဒနာသည် ခံစားခြင်းသဘော ရှိ၏၊
- သညာသည် မှတ်ခြင်းသဘော ရှိ၏၊
- စေတနာသည် လှုံ့ဆော်ခြင်း, ကျိုးတိုး ကြွတ, ရိုးတိုးရွတဖြစ်ခြင်းသဘော ရှိ၏-

စသည်ဖြင့် ၅၂-ပါးသော စေတသိက်တို့၏ သဘောလက္ခဏာကိုလည်းကောင်း ဘယ်စိတ်ဖြစ်လျှင် ဘယ်စေတသိက်တို့ အတူပေါင်းယှဉ်၍ ဖြစ်ကြကုန်၏၊ စေတသိက် ဘယ်နှစ်ပါးသာဖြစ်၍ စေတသိက် ဘယ်နှစ်ပါးကျန်သေး၏ ဟူ၍လည်းကောင်း အဘယ်တရားကို အာရုံပြုကြကုန်၏၊ ဘုံအားဖြင့် စိတ်ပေါင်း ၄-မျိုး ၄-စားရှိ၏၊ အာရုံအားဖြင့်, ပုဂ္ဂိုလ်သတ္တဝါအားဖြင့်, အရပ်ဒေသအားဖြင့်,

http://www.dhammadownload.com



အတွင်း,အပသဏ္ဌာန်အားဖြင့်၊ ကုသိုလ်, အကုသိုလ် အဗျာကတ စသောအားဖြင့် အနန္တပင် များကုန်၏-ဟု နာမ်တရားတို့၏ အကြောင်းများစွာကိုလည်းကောင်း အကျိုးဖြစ်ပုံများစွာကိုလည်းကောင်း သူတပါးတို့ မသိနိုင်လောက်အောင်, မမြင်နိုင်လောက်အောင်, ပြောလို့မှ မယုံနိုင်လောက်အောင် ကပ်ကမ္ဘာအဆက်ဆက် ဘုရားရှင်တို့မှတပါး တခြားသော လူ,နတ်,ဗြဟ္မာ, ပညာရှိ ဟူသမျှတို့ ကြံစည်၍မျှ မရအောင်၊ ကြံစည်ရကောင်းမှန်း မသိအောင် ကြံစရာရှိသေး၏၊ သိစရာရှိသေး၏ဟူ၍မျှ မအောက်မေ့နိုင်အောင် အနန္တနယဖြစ်၍ များပြားသော နာမ်တရားတို့အပေါ်၌ သိစရာအနန္တကိုလည်း ရွှေဉာဏ်တော် သဗ္ဗညုတ တစ်ခုမျှ မကျန်ရအောင် ဝေဖန်ပိုင်းခြား၍, ခွဲခြမ်းစိတ်ဖြာ၍ သိမြင်တော်မူပါပေ၏။

*(ဤကား နာမ်သင်္ခါရကို သိမြင်တော်မူပုံတည်း)*

* * * * *

## ဝိကာရဓမ္မကို သိတော်မူပုံ

ထိုရုပ်, နာမ်သင်္ခါရတို့သည် အမျိုးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကြရာ၌ ဖြစ်တိုင်း မတည်မူ၍ တစ်မျိုးတစ်မျိုး ပြောင်းလဲဖောက်ပြန် တတ်ကြကုန်၏။

ဥပမာ- သုံးပန်လှခေါ်သော ပန်းပင်၏အပွင့်သည် ပွင့်စကအတိုင်း မတည်မူ၍ နေရင့်၍ မြေမြင့်သွားလျှင် အဆင်တစ်မျိုး (အရောင်တစ်မျိုး) ပြောင်းလဲ၍ သွားလေသကဲ့သို့ ထို့အတူ ဤ ရုပ်, နာမ်ခေါ်တဲ့ သင်္ခါရတရားတို့သည် အထူးထူးသော, အမျိုးမျိုးသော အကြောင်းတို့ကြောင့် ဖြစ်ကြရာ၌ ဥပါဒ်စ ဖြစ်စကအတိုင်း မတည်မူ၍ ဌီခဏ၌ တစ်မျိုး၊ ဘင်ခဏ၌ တစ်မျိုး၊ ဥပါဒ်ခဏ၌ တစ်မျိုး၊ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏပေါင်း ၅၁-ခဏ၌ ၅၁-မျိုး ပြောင်းကြပြီးလျှင် အဟောင်းတွေ ပျက်မှန်းမသိ ပျက်ကြကုန်၏၊ အသစ်တွေက လည်း အကြောင်းညီညွတ်သမျှ ဖြစ်မှန်းမသိ ဖြစ်ကြကုန်၏၊ အသစ်တွေ ဖြစ်ကြသမျှလည်း ဖြစ်တိုင်း မတည်မူ၍ သုံးပန်လှပန်းကဲ့သို့ တစ်မျိုးတစ်မျိုး

http://www.dhammadownload.com



ဖောက်ပြန်ကြကုန်၏-ဟု ခပ်သိမ်းသော ရုပ်,နာမ်သင်္ခါရတို့၏ ဖောက်ပြန်ပုံ အနန္တကို သိတော်မူခြင်းသည် ဝိကာရဓမ္မကို သိတော်မူသည် မည်၏။

*(ဤကား ရုပ်,နာမ်တို့၏ ဝိကာရကို သိတော်မူပုံတည်း)။*

* * * * *

## လက္ခဏာကို သိတော်မူပုံ

ဤသို့ ရုပ်,နာမ် သင်္ခါရတရားတို့၏ တစ်မျိုးပြီးတစ်မျိုး ဖောက်ပြန်တတ်သော ဝိကာရတရားသဘောတို့သည်-

- ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏအားဖြင့် ခဏငယ် ၃-ခုအတွင်း၌ တစ်မျိုးပြီး တစ်မျိုး ဖောက်ပြန်၍ မူလဖြစ်ရင်းသဘော ပျက်စီးပြီး မမြဲသည့်အတွက် အနိစ္စပါကလား၊
- ခဏငယ် ၅၁-ခဏကြာပြန်လျှင်လည်း တစ်မျိုးဖောက်ပြန်၍ မူလဖြစ်ရင်း သဘော ပျက်စီးပြီး မမြဲသည့်အတွက် အနိစ္စပါကလား၊
- ခဏငယ် တစ်ခဏ ဆိုသည်မှာလည်း ထန်းပင်ရိပ်ကို မြားဖြတ်ကျော် သလောက်, သေနတ် ကျည်ဆံဖြတ်ကျော်သလောက်မျှသာ အချိန်ကြာ၏၊ ခဏပေါင်း ကုဋေများစွာကို လယ၊ မုဟုတ္တ၊ သမယ၊ ကာလ ဘယ်အချိန်, ဘယ်အခါ, ဘယ်လောက်ကြာပြီ-ဟု ပိုင်းခြား၍ ဝေါဟာရပြုကြကုန်၏။ ထိုသို့ ဝေါဟာရပြုကြသော အချိန်ကာလ၊ သမယ၊ မုဟုတ္တ၊ လယ၊ တစ်ခဏ၊ တဥပါဒ်မှမမြဲတဲ့ ရုပ်,နာမ်တို့၏ ဖြစ်ခြင်းမမြဲတဲ့အနိစ္စပါကလား၊
- ပျက်ခြင်းမမြဲသည့် အနိစ္စပါကလား၊ ဖြစ်,ပျက် ၂-ပါးလုံး မမြဲသည့် အနိစ္စပါကလား၊
- ရုပ်,နာမ်သင်္ခါရတို့၏ ဖောက်ပြန်တတ်သည့် ဝိကာရသဘော၊ မမြဲသည့် အနိစ္စ သဘောရှိတာကြောင့် မကောင်းတဲ့ဒုက္ခ-ဟု ခေါ်တာပါကလား၊

http://www.dhammadownload.com



- အကယ်၍ မြဲလျှင် အကောင်းသုခ ဆိုရမှာပေပေါ့၊ သို့ကလို ဖြစ်,ပျက်မမြဲ နေတာက မကောင်းလိုက် တာပါကလား၊ ဆင်းရဲလိုက်တာပါကလား (မချမ်းသာတာပါကလား)၊
- သို့ကလို မချမ်းသာတာ၊ မကောင်းတာဟာလည်း မမြဲအနိစ္စပါကလား၊ မမြဲအနိစ္စကြောင့် မကောင်းဒုက္ခတွေ ဖြစ်နေပါကလား

ဟု အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာတို့ကို သိတော်မူပြန်၏။

ထိုအနိစ္စ၊ ဒုက္ခဖြစ်သည့် ရုပ်, နာမ်, သင်္ခါရတို့၏ ဝိကာရသဘောကို အနိစ္စဝိပဿနာဉာဏ်ဖြင့် အနိစ္စမှန်းသိသည့်အတွက် နိစ္စဖြစ်အောင်၊ ဒုက္ခဝိပဿနာဉာဏ်ဖြင့် မကောင်းတဲ့ ဒုက္ခမှန်းသိသည့်အတွက် အကောင်းသုခဖြစ်အောင် ပြုပြင်၍ မရ၊ ခြိမ်းခြောက်၍ မရ၊ မြှောက်ပင့်၍ မရ၊ ချော့မော့ဖြားယောင်းသော်လည်း မရ၊ ဤသို့ မရခြင်းသည် အသက်ဇီဝ မဟုတ်၍, သတ္တဝါ မဟုတ်၍, အတ္တမဟုတ်၍ မရတာပါကလား၊ အကယ်၍ အသက်၊ ဇီဝ၊ သတ္တဝါ၊ အတ္တ ဟုတ်ခဲ့လျှင် ခြိမ်းခြောက်သော်လည်းကောင်း မြှောက်ပင့်သော်လည်းကောင်း ချော့မော့ဖြားယောင်းသော်လည်းကောင်း ရတန်ရာ၏၊ ယခု မရသည့်အလိုကို ထောက်လျှင် ဧကန္တ သတ္တဝါမဟုတ်၊ အသက်ဇီဝမဟုတ်၊ အတ္တမဟုတ် ဟု နိသတ္တဖြစ်ပုံ၊ နိဇ္ဇီဝဖြစ်ပုံ၊ အနတ္တဖြစ်ပုံတို့ကို သိတော်မူပြန်၏။

*(ဤကား လက္ခဏာကို သိတော်မူပုံတည်း)*

* * * * *

http://www.dhammadownload.com



## မဟာဝဇိရ ဝိပဿနာဉာဏ်တော် ကုဋေ သုံးသန်းခြောက်သိန်း ဖြစ်တော်မူပုံ

ဤသို့ သင်္ခါရ, ဝိကာရဖြစ်သော ရုပ်, နာမ်တို့၏ အနိစ္စလက္ခဏာ, ဒုက္ခ-လက္ခဏာ, အနတ္တလက္ခဏာတို့ကို သိတော်မူလေလျှင် ဘဝသံသရာ ကမ္ဘာ အဆက်ဆက်က ထင်မှတ်ခဲ့ဖူးသည့် ၃၁-ဘုံဌာန၊ စကြဝဠာအနန္တ၊ ကမ္ဘာ အနန္တ တို့နှင့် သတ္တဝါအနန္တတို့ ဆိုသည်မှာ ထင်မှတ်ခဲ့သည်အတိုင်း မဟုတ်ပဲ သုညတ, တုစ္ဆတို့သာ ဖြစ်ကြ၍ ဘာမှအသုံးမကျသည့် အချည်းနှီး အလကားဟာတွေချည်း ပါကလား-ဟု ဆင်ခြင်သုံးသပ်တော်မူယင်းပင် သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် နေ့၊ ည၌သန်းခေါင်ကျော်ကစ၍ မဟာဝဇိရဝိပဿနာဉာဏ်တော်အနန္တတို့ ဖြစ်ပြီးလျှင် လပြည့်ကျော် ၁-ရက်နေ့ အရုဏ်မတက်မီ မိုးသောက်ယံအချိန်၌ တဏှာမခြားပဲ မဂ်ဉာဏ် ၄-ပါး၊ ဖိုလ်ဉာဏ် ၄-ပါးတို့ဖြစ်လျက် သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူလေ၏။

ထိုစကား မှန်၏၊ သက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့၊ နေမင်း ကွယ်ပပြီးသည့် ညဦးအစ ပုရိမယံ၌ ရှေးရှေးအတိတ်ဘဝတို့ကို ပိတ်ဆို့ဖုံးလွှမ်း တတ်သော အဝိဇ္ဇာအမှောင်ထုကို ဖောက်ထွင်းသိမြင်နိုင်စွမ်းရှိသည့် ပုဗ္ဗေနိဝါ-သာနုဿတိ ဝိဇ္ဇာဉာဏ်ကို ရရှိတော်မူ၍၊ သန်းခေါင်ယံတွင် ထက်,အောက်ဝန်း ကျင် နတ်နှယ်မြင်နိုင်သည့် သန့်စင်သော ဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်ကို ရတော်မူပါသည်။

ၐင်းဒိဗ္ဗစက္ခုဉာဏ်ဖြင့် ပုဗ္ဗေနိဝါသဉာဏ်၏အာရုံဖြစ်သော ရှေးဟောင်း နှောင်းဖြစ်၊ ဘဝဖြစ်ဖြစ်သမျှတို့ကို ဖြစ်,ပျက် (ပဋိသန္ဓေ၊ စုတိ)တို့ချည်းသာတည်း-ဟု သိမြင်တော်မူ၍ အဘယ့်ကြောင့် ဖြစ်,ပျက် (ပဋိသန္ဓေ၊ စုတိ) တွေချည်းဖြစ်နေ ရလေသနည်း-ဟု ဆင်ခြင်သုံးသပ်တော်မူပြန်သော် အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်, ရုပ်, သဠာယတနအစရှိသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်တို့ကို သိမြင်တော် မူလေ၏၊ ထိုအင်္ဂါ ၁၂-ရပ်တို့ကို မြင်ပြီးမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ-ဟု ပဋိစ္စသမုပ္ပါဒ် အင်္ဂါ တစ်ပါးတစ်ပါး၌ ဝိပဿနာဉာဏ်တော် ၃-ပါးစီ ဖြစ်ပြန်၏၊ အင်္ဂါ ၁၂-ပါး ဖြစ်၍ ဝိပဿနာဉာဏ်တော် ၃၆-ပါး ဖြစ်၏။

http://www.dhammadownload.com



ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် မြင်အပ်သော ရှေးရှေးအတိတ်တဝတို့မှ သတ္တဝါတစ်ဦးစီ, တစ်ဦးစီတို့၌ ဝိပဿနာဉာဏ် ၃၆-ပါးစီ၊ ၃၆-ပါးစီ ဖြစ်ခဲ့၍ သတ္တဝါအနန္တရှိသောကြောင့် ဝိပဿနာဉာဏ်တော်လည်း ၃၆-လီ အနန္တ-ဟု ဆိုရမလောက် များပြားစွာ ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်လျက်ရှိ၏၊ ထိုသို့ ဘုရားရှင်၏ သန္တာန်တော်၌ မဟာဝဇိရဝိပဿနာဉာဏ်တော် အနန္တဖြစ်ခဲ့ရသော်လည်း ဋီကာဆရာ အရှင်မြတ်တို့သည် စကြဝဠာတစ်ခုလျှင် သတ္တဝါ ၁-ယောက် ကျစီကိုသာ ယူ၍ စကြဝဠာအာဏာခေတ် ကုဋေတစ်သိန်း ဖြစ်သောကြောင့် သတ္တဝါကုဋေတစ်သိန်းကို ဆိုရ၏။

၎င်းသတ္တဝါ ကုဋေတစ်သိန်းကို မဟာဝဇိရဝိပဿနာဉာဏ် ၃၆-ပါးနှင့် မြှောက်သော် ဘုရားရှင်သန္တာန်တော်၌ မဟာဝဇိရဝိပဿနာဉာဏ်တော် ကုဋေပေါင်း ၃-သန်း, ၆-သိန်းဖြစ်၏-ဟူ၍ အကျဉ်းအားဖြင့် ရေတွက်ပြတော်မူကြကုန်၏။

> **ဗုဒ္ဓါနံ သမ္မသနစာရော ဒသသဟဿိလောကဓာတုယံ သတ္တသန္တာနဂတာ အနိန္ဒြိယဗဒ္ဓါ စ သင်္ခါရာ'တိ ဝဒန္တိ။ ကောဋိသတသဟဿစက္ကဝါဠေသု'တိ အပရေ။ တထာဟိ အဇ္ဈတ္တယဝသေန ပဋိစ္စသမုပ္ပါဒနယံ ဩသရိတွာ ဆတ္တိံသကောဋိသတသဟဿမုခေန ဗုဒ္ဓါနံ မဟာဝဇိရဉာဏံ ပဝတ္တံ။** *(ဥပရိပဏ္ဏာသဋီကာ-၂၇၅)*

**အတ္တနိယဝသေန ပဋိစ္စသမုပ္ပါဒနယံ။** *(သာရတ္ထဋီကာ၊ တ-၂၂၉)*

**အနက်ကား။** ။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သမ္မသနစာရော၊ ဝိပဿနာတင်၍ ဆင်ခြင်သုံးသပ်အပ်သောတရားသည်။ ဒသသဟဿိလောကဓာတုယံ၊ တစ်သောင်းသော လောကဓာတ်၌။ သတ္တသန္တာနဂတာ၊ သတ္တဝါတို့၏ သန္တာန်၌ ဖြစ်ကုန်သော။ သင်္ခါရာ စ၊ သင်္ခါရတရားတို့သည်လည်းကောင်း။ အနိန္ဒြိယဗဒ္ဓါ၊ အနိန္ဒြိယဗဒ္ဓဖြစ်ကုန်သော။ သင်္ခါရာ ၊ သင်္ခါရတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ကောဋိသတသဟဿစက္ကဝါဠေသု၊ စကြဝဠာ ကုဋေတစ်သိန်းတို့၌။ သတ္တသန္တာနဂတာ၊ သတ္တဝါတို့၏ သန္တာန်၌ဖြစ်ကုန်သော။ သင်္ခါရာ စ၊ သင်္ခါရတို့သည်လည်းကောင်း။ အနိန္ဒြိယဗဒ္ဓါ၊ အနိန္ဒြိယဗဒ္ဓဖြစ်ကုန်သော။ သင်္ခါရာ စ၊ တို့သည်

http://www.dhammadownload.com



လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ အပရေ၊ တစ်ပါးကုန်သော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ တထာ တံ ဝစနံ၊ ထိုစကားသည်။ ဟိ သစ္စံ၊ မှန်၏။ (တစ်နည်း) တထာ ဟိ တတော ဧဝ၊ တို့ကြောင့်သာလျှင်။ အဒ္ဓတ္တယဝသေန၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟူသော ကာလ ၃-ပါး၏ အစွမ်းအားဖြင့်။ ပဋိစ္စသမုပ္ပါဒနယံ၊ ပဋိစ္စသမုပ္ပါဒ်နည်းသို့။ ဩသရိတွာ၊ သက်ဝင်၍။ ဆတ္တိံသကောဋိသတသဟဿမုခေန၊ ကုဋေသုံးသန်းခြောက်သိန်းကို အဦးပြုသောအားဖြင့်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ မဟာဝဇိရဉာဏံ၊ မဟာဝဇိရဉာဏ်တော်သည်။ ပဝတ္တံ၊ ဖြစ်၏။

* * * * *

## မဟာသုတကာရီ မဃဒေဝလင်္ကာကြီး

ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးကလည်း မဃဒေဝလင်္ကာ သစ်ကျမ်းကြီး၌–

"နေ့ယံကုန်ကင်း၊ နေမင်းကွယ်ပ၊ ညဦးစ၌၊ ဘဝအတိတ်၊ ဖုံးပိတ်တတ်စွာ၊ အဝိဇ္ဇာကို၊ ဝိဇ္ဇာလင်းစေ၊ တစ်စင်းနေသို့၊ ပုဗ္ဗေလက်ရောက်၊ သန်းခေါင်လောက်၌၊ ထက်,အောက်ဝန်းကျင်၊ နတ်နှယ်မြင်သည့်၊ သန့်စင်ထက်မြက်၊ ဒိဗ္ဗစက်ဝိဇ္ဇာ၊ လိုတော်ပါ၍၊ ဉာဏ်ဝါထွန်းတောက်၊ မိုးသောက်ကာလ၊ ပစ္ဆိမ၌၊ ပဋိစ္စသမုပ္ပါဒ်၊ ဒွါဒသ်အင်္ဂါ၊ ဆယ့်နှစ်ဖြာကို၊ ဝိပဿနာဉာဏ်စု၊ သုံးခုပွါးမြှောက်၊ သုံးဆယ့်ခြောက်တိ၊ သိန်းလောက်ကုဋေ၊ တိုက်တွင်းနေကို၊ ကုန်စေညက်ညက်၊ ဆင်ခြင်သက်၍၊ ရေတွက်အံ့ငှါ၊ မတတ်ရာလည်း၊ သချ်ာနယ၊ အမြွက်ပြက၊ ထိုမျှသိန်းဆိုက်၊ ကုဋေတိုက်မှ၊ ရထိုက်တို့လောက်၊ ကုန်မကောက်ပဲ၊ တစ်ယောက်စီပေ၊ ယူ၍ရေသော်၊ ကုဋေသုံးသန်း ခြောက်သိန်းခန့်တိ၊ ပွါးပြန့်မဟာ၊ များမြတ်စွာသား၊ ဝိပဿနာဉာဏ်ရှိန်၊ ဝရဇိန်မိုးကြိုး၊ မိုက်မျက်မျိုးကို၊ ပစ်ချိုးဆယမှုသတည်း"

http://www.dhammadownload.com



ဟူ၍ မဟာဝဇိရဝိပဿနာဉာဏ်တော် ကုဋေပေါင်း သုံးသန်းခြောက်သိန်း ဖြစ်တော်မူပုံကို သီကုံးဖွဲ့ဆိုတော်မူခဲ့ပါသည်။ *(ဓာ၊-၄၄၇၊ ပိုဒ်ရေ-၅၇၀။)*

*(ဤကား မဟာဝဇိရဝိပဿနာဉာဏ်တော်ဖြစ်ပုံကို အကျဉ်းရေတွက်နည်းတည်း။)*

* * * * *

## နိဗ္ဗာန ဓာတ် ယှဉ်မွေကို သိတော်မူပုံ

ဤသို့လျှင် မဟာဝဇိရဝိပဿနာဉာဏ်တော်အနန္တတို့ အဆက်မပြတ် တစပ်တည်းဖြစ်နေသော အလောင်းတော်မြတ်၏ နာမ်ခန္ဓာအစဉ်သည် ကိလေသာ အညစ်အကြေးတို့မှ ဝေးသည်ထက်ဝေး၍ စင်ကြယ်သည်ထက် စင်ကြယ်လာပြီးလျှင် ဝုဋ္ဌာနဂါမိနီဝိပဿနာဇော၏ အဆုံး၌ မဂ်ဇော, ဖိုလ်ဇောတို့ စောလျက် အကောင်းဆုံး, အမြတ်ဆုံး, အချမ်းသာဆုံး, အအေးဆုံးဖြစ်သော သန္တိသုခ နိဗ္ဗာနဓမ္မကို သိမြင်သော နာမ်ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

ငြိမ်းအေးသော သန္တိသုခ နိဗ္ဗာနဓမ္မကို အာရုံပြုသောအားဖြင့် သိမြင် တော်မူသော ဘုရားရှင်၏ နာမ်ခန္ဓာအစဉ်သည် ကြည်လင်အေးချမ်းတော် မူသဖြင့် နာမ်ခန္ဓာ၏မှီရာဖြစ်သော ဟဒယဝတ္ထုလည်း ကြည်လင်လာ၏၊ ဟဒယ ဝတ္ထု ကြည်လင်လာသောကြောင့် နှလုံးသွေးတို့ပါ ကြည်လင်ပြီးလျှင် နှလုံးသွေး ပျံ့နှံ့ရာ ကိုယ်ခန္ဓာတစ်ခုလုံးလည်း ကြည်လင်၍ လက္ခဏာတော် ကြီး,ငယ်တို့ ပီပီသသ ထင်ရှားစွာပေါ်လာခြင်း၊ ရောင်ခြည်တော် ၆-သွယ်တို့ ကွန့်မြူးစံပယ် ခြင်း စသည်တို့ ဖြစ်ပေါ်လာပြီးလျှင် အစစအရာရာ ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာတို့နှင့်မှမတူ ပွင့်တော်မူပြီးသော ရှေးဘုရားတို့နှင့်သာ တူတော်မူသည့် ရူပကာယသမ္ပတ္တိ သိရိဘုန်းတော်ရှိတော်မူသော ရုပ်ဘုရားအဖြစ်သို့လည်း ရောက်တော်မူ၏။

ဤသို့ နာမ်ဗုဒ္ဓ, ရုပ်ဗုဒ္ဓ ၂-ပါးစုံပေါင်းလျက် တစ်ခုတည်းဖြစ်ကြမှ သမ္မာသမ္ဗုဒ္ဓအစစ် ဘုရားကောန်ဖြစ်သည်ဟု အမှန်အားဖြင့် မှတ်အပ်၏။

http://www.dhammadownload.com



ဉာဏ်တော်၊ နာမ်တော်ချည်း ဘုရားမဟုတ်သေး၊ အဘယ့်ကြောင့်နည်းဟူမူ လောဟိတုပ္ပါဒကံကို ပညတ်ဟောကြားလျက် ရှိသောကြောင့်တည်း။ ရုပ်တော် ရူပကာယတော်ချည်းလည်း ဘုရားမဟုတ်သေး၊ အဘယ့်ကြောင့်နည်းဆိုသော် ကိလေသာ မကင်းသေး၍ နန်းတော်က မဆင်းသေးသောကြောင့်တည်း။

*(ဤကား နိဗ္ဗာန်-ဟု ဆိုအပ်သော ဥေ ယျဓမ္မကို သိတော်မူပုံတည်း၊ ဤ စကားရပ်၌ နိဗ္ဗာန်တရားကို အကျယ်ဝေဖန်၍ ဟောပြောရေးသားသင့်သော်လည်း ဗုဒ္ဓါ်နုဿတိဘာဝနာကို ပြဆိုရာ အခန်းဖြစ်၍ မရေးသားသေးပဲ၊ ဓမ္မာနုဿတိ- ဘာဝနာကို ပြဆိုရာအခန်းသို့ ရောက်မှ ရေးသားပေအံ့။)*

* * * * *

## ပရမတ်ကို ဖုံးလွှမ်းတတ်သည့် ပညတ်တရားကို သိတော်မူပုံ

ဤသို့ တေဘူမက သင်္ခါရတရားတို့၏ ဝိကာရ၊ လက္ခဏာအဖြစ်တို့ကို မြင်တော်မူပြီး၍ နိဗ္ဗာန်ချမ်းသာတရားကို မျက်မှောက်ပြုတော်မူသော ဘုရား မြတ်သည် တေဘူမက ရုပ်,နာမ်သင်္ခါရတရားတို့အပေါ်၌ သင်္ခါရ၊ ဝိကာရ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ-ဟူသော အပြစ်သဘောတို့ကို မသိမမြင်နိုင်ပဲ နိစ္စ, သုခ, အတ္တ, သုဘ, အဿာဒ-ဟု ထင်မှတ်ကြကုန်လျက် သာယာမက်မောပြီး ရုပ်, နာမ်သံသရာ ရေယဉ်ကြောတွင် မျောပါနေကြသူ လူ, နတ်, ဗြဟ္မာ, သတ္တဝါ တို့သည် အဘယ်ကြောင့် အပြစ်ကို မမြင်နိုင်လေသနည်း၊ စင်စစ်ဧကန်၊ ချမ်းသာ မှန်သော၊ မြတ်နိဗ္ဗာန်တရားကို အဘယ်ကြောင့် မသိမြင်နိုင်ကြလေသနည်း၊ သိမြင်အောင် မရှာကြံကြလေသနည်း-ဟု ဆင်ခြင်တော်မူလတ်သော်–

သတ္တဝါတို့ သန္တာန်၌ မောဟ,တဏှာ၊ ကိလေသာ အညစ်အကြေးတို့၊ ရစ်မြေးဖွဲ့နှောင်လျက် ပညတ်တရားတွေက ဖုံးအုပ်နေသောကြောင့်သာ သင်္ခါရ၊ ဝိကာရ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ၊ အသုဘ၊ အာဒီနဝတို့ကို မသိမမြင်ကြပဲ ချမ်းသာစစ်၊ ချမ်းသာမှန်၊ မြတ်နိဗ္ဗာန်တရားကို ရှာဖွေရကောင်းမှန်း မသိ၊ မိမိတို့

http://www.dhammadownload.com



ရရှိထားပြီးဖြစ်သည့် ရုပ်,နာမ် ခန္ဓာတို့ဖြင့်သာ ကျေနပ်နှစ်သက်ကြကုန်လျက် အဖန်ဖန် နာကြ၊ အိုကြ၊ သေကြ၊ အသစ်တဖန် ပြန်ပြီး ဖြစ်ကြ၊ ဝင်စားကြနှင့် "ဆုံလည်သော နွား၊ ရဟတ်ချားပမာ" ဘဝသံသရာ၌ ကျင်လည်နေကြရပါကလား-ဟု မြေးယှက်ဖုံးအုပ်ထားသည့် ပညတ်တရားကို မြင်တော်မူပြန်လေ၏၊ ထိုပညတ်တရားသည် မရေ မတွက်နိုင်အောင် များပြားပြီးလျှင် အဝိဇ္ဇာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိစသည့် ကိလေသာရှိသူတို့ မခွါတတ်, မပယ်တတ်၊ ပယ်တတ်, ခွါတတ်ရန်လည်း အလွန်ပင် ခက်ခဲလှပေ၏ ဟူ၍လည်း သိတော်မူ၏။

သိတော်မူပုံကား-

## အတ္ထပညတ် အပြား ၁၃-ပါး

ပညာပိယတီတိ ပညတ္တိ၊ ပညာပိယတိ၊ အထူးထူး အပြားပြားအားဖြင့် သိအပ်၏။ ဣတိ တသ္မာ၊ ထိုသို့ အထူးထူးအပြားပြားအားဖြင့် သိအပ်သော အနက်ကြောင့်။ ပညတ္တိ၊ ပညတ်မည်၏။ ၎င်းဝစနတ္ထအရ အတ္ထပညတ်ရ၏။

ပညာပေတီတိ ပညတ္တိ၊ ပညာပေတိ၊ အထူးထူးအပြားပြားအားဖြင့် သိစေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ အထူးထူးအပြားပြားအားဖြင့် သိစေတတ်သောအနက်ကြောင့်။ ပညတ္တိ၊ ပညတ်မည်၏။ ၎င်းဝစနတ္ထအရ သဒ္ဒပညတ်ကို ရ၏။

*(၎င်းသဒ္ဒပညတ်ကို နာမပညတ်ဟူ၍လည်း ခေါ်၏။)*

ထိုအတ္ထပညတ်၊ နာမပညတ်တို့ဖြင့် ပြအပ်သောအနက် ဝတ္ထုသဘောတို့သည် ပရမတ္ထဖြစ်သော အနက်ဝတ္ထုသဘောလည်း ရှိ၏။ ပညတ်ဖြစ်သော အနက်ဝတ္ထုသဘောလည်း ရှိ၏။ ထို ၂-ပါးတို့တွင် ရုပ်တရား၊ နာမ်တရားနှင့် နိဗ္ဗာန်တရားတို့သည် ပရမတ္ထ အနက်သဘောဖြစ်၍ တကယ်ရှိ, ကေန်ရှိသော ပရမတ္ထဝိဇ္ဇမာန အနက်ဖြစ်၏။

http://www.dhammadownload.com



ထိုရုပ်,နာမ် ပရမတ္ထတရားတို့ကို ခွဲ၍ အထူးထူးအပြားပြား ကြံစည်ကြပြီးလျှင် —

- ပုဂ္ဂိုလ်ဟူ၍လည်းကောင်း
- သတ္တဝါဟူ၍လည်းကောင်း
- လူ,နတ်,ဗြဟ္မာဟူ၍လည်းကောင်း
- မိန်းမ, ယောကျ်ားဟူ၍လည်းကောင်း
- လှည်း, ရထား, အိုးအိမ်ဟူ၍လည်းကောင်း
- ရွှေ, ငွေ, စိန်, ကျောက်, ပတ္တမြားဟူ၍လည်းကောင်း–

ရုပ်, နာမ် ဖြစ်သော ပရမတ္ထတရားတို့၏ ဖြစ်ပုံဆန်းကြယ်သည့်အတွက်ကြောင့် ၎င်းတို့အနက်သဘောကို မသိနိုင်အောင် မောဟက ဖုံးအုပ်ထား၍ ဒိဋ္ဌိက အယူမှား အသိမှား၊ မာနက အထင်ကြီး အမြင်ကြီးကာ တဏှာက ငါ့ဥစ္စာ၊ ငါဟာ-ဟု ငြိကပ်တွယ်တာပြီးနေကြသည့် အတွက်ကြောင့် ခေါ်ဝေါ်ပြောဆိုအပ်သော ပညတ်မျိုးသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇာမာန ပညတ်အနက် သက်သက်သာလျှင် ဖြစ်၏၊ ထိုသို့ ပရမတ်ကို မမြင်နိုင်အောင် ဖုံးအုပ်တတ်သော ပညတ်တို့သည် အလွန်များပြားကုန်ငြားသော်လည်း သိသာရုံမျှ အကျဉ်းသခေ်ပအားဖြင့် ဖော်ပြရပါမူကား–

| | |
|---|---|
| ၁။ သတ္တပညတ် | ၂။ သမ္ဘာရပညတ် |
| ၃။ သဏ္ဌာနပညတ် | ၄။ သမူဟပညတ် |
| ၅။ ဝိပရိဏာမပညတ် | ၆။ ဝိကပ္ပပညတ် |
| ၇။ ဥပဋ္ဌာနပညတ် | ၈။ အာကာရပညတ် |
| ၉။ ဝေါဟာရပညတ် | ၁၀။ အဘိနိဝေသပညတ် |
| ၁၁။ ဘူမိပညတ် | ၁၂။ နိရောဓပညတ် |
| ၁၃။ အဝတ္ထာပညတ် — | |

စသည်ဖြင့် များသောအပြားရှိကုန်၏။

http://www.dhammadownload.com



ထိုများစွာသောပညတ်တို့တွင်-

၁။ သတ္တပညတ်ဟူသည် မသိတတ်သော ရုပ်နှင့်မြင်သိ၊ ကြားသိ၊ နံသိ၊ လျက်သိ၊ တွေ့ထိသိ၊ ကြံစည်အားဖြင့် သိတတ်သော နာမ်တို့ တွဲစပ်လျက် မျက်စိတမှိတ် လျှပ်တပြက်အတွင်း၌ ကုဋေပေါင်းများစွာ ဖြစ်ပျက်နေသော ရုပ်,နာမ်တို့၏ သန္တတိအစဉ်ကို အသက်ရှင်နေသော သတ္တဝါဟူ၍ ပုထုဇဉ်ဖြစ်သူ ပကတိသော လူတို့၏စိတ်၌ ထင်မှတ်နေကြကုန်၏၊ ထိုသို့ ထင်မှတ်နေကြသည်ကို **သတ္တပညတ်**-ဟု ခေါ်၏၊ (အသက်ရှိသည့် အရှင်ဟု မှတ်ထင်နေကြသည့် အတွက်ကြောင့် **ဇီဝပညတ်**-ဟုလည်း ခေါ်၏၊) ဥပမာအားဖြင့်သော်ကား ထင်းမီးစ တစ်ခုကို (သို့မဟုတ်) မီးဒုတ်တစ်ခုကို ကိုင်ပြီးဝှေ့ရမ်းလိုက်သော အခါတွင် မီးစက်ဝိုင်းကြီးအဖြစ် ထင်မှတ်ကြရသကဲ့သို့ ထို့အတူပင် သတ္တဝါ မဟုတ်ဘဲလျက် သတ္တဝါ-ဟု ထင်မှတ်၍ ပညတ်ထားခြင်းကြောင့် သတ္တပညတ်-ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

၂။ ဆံပင် အစရှိသော အဆောက်အဦ, ထုပ်, လျှောက်, တိုင်, အခြင်, ရနယ် အစရှိသော အဆောက်အဦတို့ကို သမ္ဘာရပညတ်ဟု ခေါ်၏။

၃။ အတို၊ အရှည်၊ အလုံး၊ အပြား၊ အဝိုင်း၊ လေးထောင့်စသော ပုံပန်းသဏ္ဌာန်ကို သဏ္ဌာနပညတ်-ဟု ခေါ်၏။

၄။ စိတ်ကူးဖြင့် အဆောက်အဦတို့ကို ပေါင်းစုစပ်ဟပ်၍ ပြုလုပ်ထားသော ရထား, လှည်း, အိမ်, ရွာ, အိုး, ပုဆိုးအစရှိသော ဝတ္ထုမျိုးကို သမူဟပညတ်-ဟု ခေါ်၏။

၅။ နို့ရည်မှဖြစ်သော နို့ဓမ်း၊ ဆန်မှဖြစ်သော ထမင်း၊ ဂျုံမှဖြစ်သောမုန့် စသည်ဖြင့် ပြောင်းလဲ ဖောက်ပြန်လာသည်ကို စွဲ၍ဖြစ်သော ပညတ်ကို ဝိပရိနာမပညတ်-ဟု ခေါ်၏။

၆။ အထူးကြံစည် တွေးဆ၍ ညာ၊ နံနက်၊ နေ့၊ ရက်၊ လ၊ နှစ်တို့ကို လည်းကောင်း တွင်း, လိုဏ်, ဥမင်, ကောင်းကင်စသော အာကာသ ပညတ်တို့ကိုလည်းကောင်း ဝိကပ္ပပညတ်-ဟု ခေါ်၏။

http://www.dhammadownload.com



၇။ အဆင်း,သဏ္ဌာန်အစရှိသည်တို့ကို ကြည့်ရှုရာ၌ စိတ်ကူးဖြင့် ကြံစည်၍ သိအပ်သော ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် အစရှိသည်တို့ကို **ဥပဋ္ဌာနပညတ်**-ဟု ခေါ်၏။

၈။ ပြုလုပ်ပြောဆိုသည်တို့ကို မြင်ရာ၊ ကြားရာတို့၌ သိအပ်သော အမူအရာဖြစ်သော ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာစသော အမူအရာအစုကို **အာကာရပညတ်**-ဟု ခေါ်၏။

၉။ အကြောင်းဗျူပွတ်, သင့်, မသင့်တို့ကို စွဲ၍ ရဟန်း၊ သာမဏေဟူ၍လည်းကောင်း ကထိန်ဟူ၍လည်းကောင်း အာပတ်ဟူ၍လည်းကောင်း ဝေါဟာရပြုလုပ်ခြင်းကို **ဝေါဟာရပညတ်**-ဟု ခေါ်၏။

၁၀။ သက္ကာယဒိဋ္ဌိကို မပယ်နိုင်ကြသေးသော ပုထုဇဉ်လူသာမန်တို့သည် ငါ၏ကိုယ်တွင်း၌ အသက်ရှိ၏၊ အတ္တရှိ၏၊ ငါသည်သော်လည်း ထိုအသက်သည် (ထိုအတ္တသည်) ဘဝတပါးသို့ ပြောင်းသွား၍ ခံစားလိမ့်ဦးမည်၊ စံစားလိမ့်ဦးမည်-ဟု မှားသောအားဖြင့် နှလုံးသွင်းကြံစည်၍ ယူအပ်သော အယူဝါဒကို **အဘိနိဝေသပညတ်**-ဟု ခေါ်သည်။

၁၁။ သတ္တဝါတို့၏ဖြစ်ရာ၊ တည်နေရာဌာနဖြစ်သော ၃၁-ဘုံကို **ဘူမိပညတ်**-ဟု ခေါ်၏။

၁၂။ ဥပါဒ်၊ ဌီ၊ ဘင် ရှိသော ပရမတ္ထတရားတို့၏ ဘင်သို့ ရောက်၍ ချုပ်ခြင်းသည် ခဏနိရောဓ မည်၏၊ မဖြစ်ပေါ်လာသောအားဖြင့် ချုပ်ခြင်းသည် အနုပ္ပါဒနိရောဓ မည်၏၊ ၎င်းခဏနိရောဓနှင့် အနုပ္ပါဒနိရောဓတို့ကို **နိရောဓပညတ်**-ဟု ခေါ်၏။

၁၃။ ပရမတ္ထတရားတို့၏ အခိုက်အတန့် အထူးကို ကြံ၍ သိအပ်သော ပညတ်မျိုးကို **အဝတ္ထာပညတ်**-ဟု ခေါ်၏။

ဤသို့လျှင် အမျိုးမျိုးအထွေထွေ ဖြစ်ပေါ် သုံးစွဲနေကြသော အနက်ဝတ္ထုသဘောဟု ဆိုအပ်သော များစွာသော **အတ္ထပညတ်**တို့ကိုလည်း ဘုရားရှင် သိတော်မူ၏။

* * * * *

http://www.dhammadownload.com



## နာမပညတ် ၄-ပါး

နာမပညတ်သည်-

၁။ **သာမညနာမပညတ်** ၂။ **ဂုဏနာမပညတ်**

၃။ **ကိတ္တိမနာမပညတ်** ၄။ **ဩပပါတိကနာမပညတ်**-

ဟူ၍အကျဉ်းအားဖြင့် ၄-ပါးအပြားရှိ၏။

ထို ၄-ပါးတို့တွင်-

၁။ ကမ္ဘာဦးအခါက လူတို့သည် စည်းဝေးတိုင်ပင်ကြကုန်၍ မင်းအဖြစ် တင်မြှောက်အပ်သောမင်း၏ မဟာသမ္မတမင်းဟူသော အမည်သည် **သာမညနာမပညတ်** မည်၏။

၂။ တရားဟောတတ်သောသူကို **ဓမ္မကထိက**ဟူ၍လည်းကောင်း ပံ့သကူ-ဓုတင်ဆောက်တည်သော ရဟန်းကို **ပံသုကူလိက**ဟူ၍လည်းကောင်း ဝိနည်းတတ်သော ရဟန်းကို **ဝိနယဓရ**(ဝိနည်းမိုရ်)ဟူ၍လည်းကောင်း ပိဋကတ ၃-ပုံကို ဆောင်နိုင်သော ရဟန်းကို **တိပိဋကဓရ**-ဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် ဂုဏ်အားလျော်စွာ ရရှိသော အမည်များသည် **ဂုဏနာမပညတ်** မည်၏။

၃။ မိဘ, ဘိုးဘွား စသူတို့က မောင်ဖြူဟူ၍လည်းကောင်း မောင်ညို ဟူ၍လည်းကောင်း မောင်နီဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် မှည့်ခေါ်အပ်သော အမည်များသည် **ကိတ္တိမနာမပညတ်** မည်၏။

၄။ လူတို့က မမှည့်မခေါ်ဘဲ သံသရာအဆက်ဆက်က ဖြစ်ပေါ်၍ ခေါ်ဝေါ် လာကြသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်-ဟူသော အမည် ပညတ်မျိုးသည်လည်းကောင်း ထိုရုပ်, ဝေဒနာ, သညာ, သင်္ခါရစသည် တို့၏ ချုပ်ငြိမ်းရာကို နိဗ္ဗာန်ဟု ခေါ်ဝေါ်အပ်သော အမည်ပညတ်မျိုး သည်လည်းကောင်း ရှေးရှေးသော ကပ်ကမ္ဘာတို့ကလည်း လ, နေတို့ကို စန္ဒ, သူရိယဟူ၍ ခေါ်ဝေါ်ခဲ့ကြပြီး ယခုမျက်မှောက်ကမ္ဘာ၌လည်း လ,

http://www.dhammadownload.com



နေ တို့ကို စန္ဒ, သူရိယ-ဟူ၍ပင် ခေါ်ဝေါ်အပ်သော အမည်ပညတ်မျိုးသည်လည်းကောင်း ဩပပါတိက နာမပညတ် မည်၏။

အထူးမှတ်သားရန်မှာ ဤနာမပညတ်မျိုးသည် ဘုံ ၃၁-ဖြစ်ဖြစ်သမျှတို့၌ ရှိကြသည်ချည်း ဖြစ်သောကြောင့် အလွန်များပြားလှ၍ အနန္တနာမပညတ် တွေပါကလား-ဟု မှတ်အပ်၏၊ ထိုသို့ များပြားလှသော အနန္တနာမပညတ်တို့ကိုလည်း တစ်ခုစီ, တစ်ခုစီ ခေါ်ပုံကို သိတော်မူ၏၊ "ဩော် အံ့ဩဖွယ်ကောင်းလေစွ၊ အံ့ဩဖွယ်ကောင်းလေစွ"ဟု အံ့ချီး၍ မပြီးနိုင်သော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကြီးရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးပါကလား။

ဤသို့လျှင် သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်၊ ၅-ရပ်သော ဧဉေယျဓမ္မ၊ သိစရာရှိသမျှတို့ကို ဆရာမရှိ၊ သိသော သမ္ဗုဒ္ဓသိ၊ မဖောက်မပြန် ဝေဖန်ပိုင်းခြား၍ သိသော သမ္မာဗုဒ္ဓသိ၊ ထိုအသိ ၂-ပါးတို့ဖြင့် သမ္မာသမ္ဗုဒ္ဓ အသိကြီးကို သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓအမည်တော်ရှိသော မြတ်စွာဘုရားဟု ဘဝဂ်တိုင် ကျော်ကြားတော်မူသော ဘုရားမြတ်ကို သားသားနားနား ကြီးဖြစ်အောင်, အားရပါးရကြီး ဖြစ်လာအောင်, မြိန်မြိန်ရှက်ရှက်ကြီး စိတ်ထဲ၌ ပေါ်လာအောင် စီးဖြန်းပွါးများ၍ ရှိခိုးပူဇော်ကြပြီးလျှင် သမ္မာသမ္ဗုဒ္ဓဂုဏသမ္ပန္နံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-ဟု ဗုဒ္ဓသရဏဂုံကို ဆောက်တည်ကြပါကုန်လော့။

*(သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို စီးဖြန်းပွါးများရန် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း တရားပြီး၏။)*

* * * * *

## ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၏ အနက်အဓိပ္ပါယ်အကျယ်
## လောကီကာမ ဝိဇ္ဇာများ

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်၌ ဝိဇ္ဇာဟူသည် ဝိဒတိ ဇာနာတီတိ ဝိဒါ၊ ဝိဒါ ဧဝ ဝိဇ္ဇာ-ဟူသည်နှင့်အညီ သိတတ်သောဉာဏ်၊ ပညိန္ဒြေ အမောဟ စေတသိက် နာမ်ခန္ဓာကိုပင် ဝိဒါ-ဟူ၍လည်းကောင်း ဝိဇ္ဇာ-ဟူ၍လည်းကောင်း ခေါ်၏၊

http://www.dhammadownload.com



သစ္စာ ၄-ပါးကို သိတတ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်သည် မုချအားဖြင့် ဝိဇ္ဇာ မည်၏။

ဥပစာအားဖြင့်သော်ကား ထိုဝိဇ္ဇာသည်-

၁။ ဝေဒဝိဇ္ဇာ ၂။ မန္တဝိဇ္ဇာ ၃။ ဂန္ဓာရီဝိဇ္ဇာ-

ဟူ၍ အကျဉ်းအားဖြင့် ၃-ပါး အပြားရှိ၏။

ထို ၃-ပါးတို့တွင်-

၁။ သာမ, ယဇု, ဣရု, အထဗ္ဗနဟူသော ဗေဒင် ၄-ပုံကို သိတတ်သော ပညာသည် ဝေဒဝိဇ္ဇာ မည်၏။

၂။ လက္ခဏာကျမ်း, နိမိတ်ကျမ်း, နက္ခတ်ကျမ်း, ဂါထာမန္တရားကျမ်း, ဆေးကျမ်း, ဓာတ်ကျမ်း-စသော လောကဠဳဖြစ်သော နှုတ်မှုအတတ်၊ စိတ်ဖြင့် ကြံစည်ပြုလုပ်အပ်သော အတတ်မျိုးတို့ကို သိတတ်သော ပညာသည် မန္တဝိဇ္ဇာ မည်၏။

*(လက်မှုပညာ အမျိုးမျိုးသည်ကား ကမ္မာယတန, သိပ္ပါယတန အတတ်မျိုး မည်၏)။*

၃။ ဆေးဖြင့် ပထဝီသိဒ္ဓိ, ဥဒကသိဒ္ဓိ, အာကာသသိဒ္ဓိ, ဓနသိဒ္ဓိ, ပီယသိဒ္ဓိ, ကာယသိဒ္ဓိ, အာယုသိဒ္ဓိ, စိန္တာမယသိဒ္ဓိမျိုးသို့ ပေါက်ရောက်သဖြင့် နတ်တို့၏ တန်ခိုး၊ အဘိညာဏ်တန်ခိုးတို့နှင့် အလားတူစွမ်းနိုင်သော တန်ခိုးရှိသော ဆေးဝိဇ္ဇာ၊ ထို့အတူ အင်းဖြင့် စွမ်းနိုင်သော အင်းဝိဇ္ဇာ၊ ပြဒါးဖြင့် စွမ်းနိုင်သော ပြဒါးဝိဇ္ဇာ၊ သံဖြင့်စွမ်းနိုင်သော သံဝိဇ္ဇာ စသည်တို့သည် ဂန္ဓာရီဝိဇ္ဇာတို့ မည်ကုန်၏။

ဤဝေဒဝိဇ္ဇာ, မန္တဝိဇ္ဇာ, ဂန္ဓာရီဝိဇ္ဇာတို့သည် ဝိဇ္ဇာသဒ္ဒါက ဟောအပ်သော သိတတ်၏-ဟူသောအနက်အရ ဥပစာအားဖြင့် ဝိဇ္ဇာ-မည်ကြကုန်၏၊ ဤဝိဇ္ဇာ ၃-ပါးမှတပါး အခြားသော အရာရာကို သိတတ်သော ပညာဟူသမျှ သည်လည်း ဝိဇ္ဇာမည်ကြကုန်၏-ဟူ၍ မှတ်ရမည်။

F.X.7

http://www.dhammadownload.com



ထိုဝိဇ္ဇာဉာဏ်မျိုးဖြင့်–

- လူအမျိုးမျိုးတို့၏ ဘာသာစကားကို သိတတ်သော ဘာသန္တရဝိဇ္ဇာ၊
- စကားအရာ ဆန်းကြယ်စွာ ပြောဆိုနိုင်အောင် သိတတ်သော စိတြ-ကထိကဝိဇ္ဇာ၊
- ဆေးဝါးမန္တရား, သံပြဒါး, အင်း စသည်တို့ဖြင့် အသက်ရှည်စေခြင်း၊ အနာရောဂါကင်းစေခြင်း၊ ဘေးဥပဒ်တို့ကို ဖြစ်စေခြင်း၊ ပျောက်ကင်းစေခြင်း၊ မြေဘုတ်ကို သွင်းခြင်း၊ ခေါ်ခြင်း၊ နတ်, ဘီလူးတို့ကို အလိုရှိရာသို့ စေခိုင်းနိုင်ခြင်း၊ မန္တန်ကို စုတ်၍ တိရစ္ဆာန်တို့၏ စကားကို နားလည်နိုင်ခြင်း၊ ရွှေမိုး, ငွေမိုးရွာစေခြင်း၊ မိမိကိုယ်ကို အထူးထူး အထွေထွေ ထင်စေခြင်း အစရှိသောအားဖြင့် သီလက္ခန်ပါဠိတော်၊ ဗြဟ္မဇာလသုတ် မဟာသီလခန်း၌ လာသော ဝိဇ္ဇာ၊
- ဇာတ်တော်, နိပါတ်တော်တို့၌ လာသော ဝိဇ္ဇာ၊
- လောကီကျမ်းတို့၌ လာသော ဝိဇ္ဇာ၊
- ရာဇဝင်တို့၌ လာသော ဝိဇ္ဇာတို့သည် –

လောဘ, တဏှာ အရင်းခံသော ဝိဇ္ဇာများ ဖြစ်ကြ၍ အသေး,အနုပ် ဘာမဟုတ်သော သေမင်းနယ်ထဲ၌သာ တဝဲလည်လည် ရောက်နေရသော အယုတ်စား, အညံ့စား လောကီကာမ ဝိဇ္ဇာတို့သာ ဖြစ်ကြလေကုန်၏။

အဘယ့်ကြောင့်နည်းဆိုသော် ထိုဝိဇ္ဇာမျိုးတို့ဖြင့် စီမံ၍ ရွှေ, ငွေ, ရတနာတို့ကို လိုသမျှသုံးစွဲပြီးလျှင် အသက် ရာ၊ ထောင်၊ သောင်းအထိ ရှည်မြင့်စွာ နေကြရသော်လည်း နောက်ဆုံး တစ်ရက်၌ မရဏာမီးလောင်ကျွမ်း၍ သေဆုံးကြရသူတွေချည်း ဖြစ်ကုန်၏၊ ပျက်စီးကြရသူတွေချည်း ဖြစ်ကုန်၏၊ ဆုံးရှုံးကြရသူတွေချည်း ဖြစ်ကုန်၏၊ ပျက်စီးဆုံးရှုံးပြီး နောက်ဘဝ တဖန်ပြန်ပြီး ဝင်စားကြရသေးသဖြင့် အငယ်, အသေး, အကလေး မလိမ္မာ နို့စို့ နို့ခွါ ဖြစ်ကြ၍ မိဘဖြစ်သူတို့၏ လက်အောက်ခံ အညံ့စား ဝိဇ္ဇာမိုက်ကြီးတို့ အောက်ကျ, နောက်ကျ ဖြစ်ကြရရှာသောကြောင့်ပေတည်း။

* * * * *

http://www.dhammadownload.com



## မဟဂ္ဂုတ်,လောကုတ္တရာ ဝိဇ္ဇာများ

ထိုလောကီကာမ ဝိဇ္ဇာတို့ထက် သာလွန်သော တန်ခိုးကြီးသော ဝိဇ္ဇာတို့ကား-

၁။ ပုဗ္ဗေနိဝါသာ'နုဿတိ ဝိဇ္ဇာ

၂။ ဒိဗ္ဗစက္ခု ဝိဇ္ဇာ

၃။ အာသဝ'က္ခယ ဝိဇ္ဇာ-

ဟူ၍ ၃-ပါး။

တစ်နည်းအားဖြင့်-

၁။ ဝိပဿနာဉာဏ ဝိဇ္ဇာ

၂။ မနောမယိ'ဒ္ဓိဉာဏ ဝိဇ္ဇာ

၃။ ဣဒ္ဓိဝိဓဉာဏ ဝိဇ္ဇာ

၄။ ဒိဗ္ဗသောတဉာဏ ဝိဇ္ဇာ

၅။ စေတောပရိယဉာဏ ဝိဇ္ဇာ

၆။ ပုဗ္ဗေနိဝါသာ'နုဿတိဉာဏ ဝိဇ္ဇာ

၇။ ဒိဗ္ဗစက္ခု ဝိဇ္ဇာ

၈။ အာသဝ'က္ခယဉာဏ ဝိဇ္ဇာ-

ဟူ၍ ၈-ပါး ရှိကုန်၏။

ထိုဝိဇ္ဇာ ၈-ပါးတို့တွင် ဝိပဿနာဉာဏ်နှင့် အာသဝက္ခယဉာဏ်တို့သည် လောကုတ္တရာဝိဇ္ဇာများဖြစ်ကြ၍ ကြွင်းသောဝိဇ္ဇာ ၆-ပါးတို့သည်ကား လောကီမဟဂ္ဂုတ်ဝိဇ္ဇာတို့သာ ဖြစ်ကြကုန်၏၊ ထိုမဟဂ္ဂုတ်ဝိဇ္ဇာတို့ကို သာသနာပ အခါ၌ လောကီစျာန်ရ ဝိဇ္ဇာဓိုရ်ရသေ့များလည်း ရရှိကြကုန်၏၊ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့သည်လည်း ရရှိတော်မူကြကုန်၏။

* * * * *

http://www.dhammadownload.com



## ပုဗ္ဗေနိဝါသာ’နုဿတိဉာဏ ဝိဇ္ဇာ

ဘဝများစွာ သံသရာအဆက်ဆက်က ဖြစ်ခဲ့ဖူးသမျှသော မိမိ၏ရုပ်,နာမ် အစဉ်တို့နှင့် မိဘဟောင်း, သားသမီးဟောင်း, မယားဟောင်း, ဆွေဟောင်း, မျိုးဟောင်းတော်စပ်သူ အပေါင်းတို့နှင့် အကြောင်းသင့်လျော် ကြည့်ရှုသင့်သော လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ရုပ်, နာမ်ခန္ဓာအစဉ်ဟု ဆိုအပ်သော ဘုံဘဝကို လည်းကောင်း အစာအာဟာရ, စည်းစိမ်ချမ်းသာ, အသက်, နှစ်အပိုင်းအခြား ကိုလည်းကောင်း အလုပ်အကိုင် အမျိုးအမည်တို့ကိုလည်းကောင်း ကောင်းမှု, မကောင်းမှုပြုပုံ, မပြုပုံတို့ကိုလည်းကောင်း အကုန်အစင် သိမြင်လိုသည်ရှိသော် ထိုခန္ဓာဟောင်းဘဝကို အာရုံပြု၍ "အတီတံ ခန္ဓံ အဟံ ဇာနာမိ"ဟု စိတ်ဖြင့် အဓိဋ္ဌာန်ပြုပြီးလျှင် ပါဒကဖြစ်သော ရူပါဝစရစတုတ္ထဈာန်ကို ဝင်စားရ၏၊ ၎င်း စတုတ္ထဈာန်မှ ထပြီးနောက် ၎င်းရူပါဝစရစတုတ္ထဈာန်ကိုပင်လျှင် ပုဗ္ဗေနိဝါသာ’နု- ဿတိ အဘိညာဏ်ဝိဇ္ဇာဖြစ်အောင်ပြုလုပ်၍ ဘဝဟောင်းခန္ဓာအစဉ် မြင်လိုသမျှ တို့ကို ကြည့်ရှုရ၏၊ ကြည့်ရှုတိုင်းလည်း သိလေ၏။

ထိုသို့ သိရာတွင် သာသနာပအခါ၌-

လောကီဈာန်ရ ဝိဇ္ဇာစိုရ်ရသေ့တို့သည်ကား အလွန်ဆုံး ဈာန်အဘိညာဏ်ကို အလေ့အလာအများဆုံးပုဂ္ဂိုလ်မှ အတိတ်ဘဝ ကမ္ဘာ ၄၀-ကိုသာ သိကြ, မြင်ကြ၏၊

ဗုဒ္ဓသာဝကတို့မှာမူ များသောအားဖြင့် မိမိတို့ ပါရမီဖြည့်ဖူးသလောက် သိမြင် တော်မူကြ၏၊

အချို့သာဝကများမှာ ၉၁-ကမ္ဘာ၊ အချို့ ကမ္ဘာ-၁၀၀၊ အချို့ ကမ္ဘာ ၁,၀၀၀- သိမြင်နိုင်ကြကုန်၏၊

မဟာသာဝကတို့မှာ ကမ္ဘာတစ်သိန်း၊ အဂ္ဂသာဝက ၂-ပါးတို့မှာ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း အဖြစ်ဟောင်း, ခန္ဓာအစဉ်တို့ကို သိမြင်တော် မူကြကုန်၏၊

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါအရှင်မြတ်များမှာ နှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း သိမြင်တော်မူကြကုန်၏၊

သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရားမြတ်တို့မှာမူကား အပိုင်းအခြားမရှိ၊ သိမြင်တော်မူလိုသမျှကို သိမြင်တော်မူနိုင်ကြကုန်၏။

*(ဤကား ပုဗ္ဗေနိဝါသာ'နုဿတိဝိဇ္ဇာကို ရရှိတော်မူကြသည့် ပုဂ္ဂိုလ်များသို့ လိုက်၍ ပုဗ္ဗေနိဝါသာ'နုဿတိ၏ အစွမ်းသတ္တိ ကွဲပြားခြားနားပုံတည်း။)*

**ဣမဥ္စ ပုဗ္ဗေ နိဝါသံ ဆ ဇနာ အနုဿရန္တိ၊ တိတ္ထိယာ, ပကတိသာဝကာ, မဟာသာဝကာ, အဂ္ဂသာဝကာ, ပစ္စေကဗုဒ္ဓါ, ဗုဒ္ဓါ'တိ။ တတ္ထ တိတ္ထိယာ စတ္တာလီသံယေဝ ကပ္ပေ အနုဿရန္တိ၊ န တတော ပရံ၊ ကသ္မာ ဒုဗ္ဗလ ပညတ္တာ။ တေသဉှိ နာမရူပပရိစ္ဆေဒဝိရဟိတတ္တာ ဒုဗ္ဗလာ ပညာ ဟောတိ။ ပကတိသာဝကာ ကပ္ပသတမ္ပိ ကပ္ပသဟဿမ္ပိ အနုဿရန္တိ ယေဝ၊ ဗလဝပညတ္တာ။ အသီတိမဟာသာဝကာ သတသဟဿကပ္ပေ အနုဿရန္တိ။ ဒွေ အဂ္ဂသာဝကာ ဧကံ အသင်္ချေယျံ သတသဟဿဉ္စ၊ ပစ္စေကဗုဒ္ဓါ ဒွေ အသင်္ချေယျာနိ သတသဟဿဉ္စ၊ ဧတ္တကော ဟိ ဧတေသံ အဘိနီဟာရော။ ဗုဒ္ဓါနံ ပန ပရိစ္ဆေဒေါ နာမ နတ္ထိ။**

*(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒု၊ ၄၁။)*

**အနက်ကား။** ။ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ဣမံ ပုဗ္ဗေနိဝါသံ၊ ဤရှေးဘဝ၌ မှီဝဲအပ်, သုံးဆောင် ခံစားအပ်ဖူးသော ခန္ဓာအစဉ်ကို။ တိတ္ထိယာ၊ တိတ္ထိတို့လည်းကောင်း။ ပကတိသာဝကာ၊ ပကတိသာဝကတို့လည်းကောင်း။ မဟာသာဝကာ၊ မဟာသာဝကတို့လည်းကောင်း။ အဂ္ဂသာဝကာ၊ ကောင်း။ ပစ္စေကဗုဒ္ဓါ၊ ကောင်း။ ဗုဒ္ဓါ၊ သဗ္ဗညုဘုရားရှင်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဆ ဇနာ၊ ခြောက်ယောက်ကုန်သော ပုဂ္ဂိုလ်တို့သည်။ အနုဿရန္တိ၊ ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြကုန်၏။ တတ္ထ၊ ထိုပုဂ္ဂိုလ်ခြောက်ယောက်တို့တွင်--

http://www.dhammadownload.com



တိတ္ထိယာ၊ တို့သည်။ စတ္တာလီသံယေဝ ကပ္ပေ၊ ကမ္ဘာ ၄၀-ကိုသာ လျှင်။ အနုဿရန္တိ၊ ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြ ကုန်၏။

တတော ပရံ ထိုကမ္ဘာ ၄၀-မှအထက်၌။ န အနုဿရန္တိ မအောက်မေ့ နိုင်ကြကုန်။ ကသ္မာ၊ အဘယ့်ကြောင့်။ တိတ္ထိယာ၊ တို့သည်။ တတော ပရံ ထိုကမ္ဘာလေးဆယ်မှ အထက်၌။ န အနုဿရန္တိ မအောက်မေ့နိုင်ကြကုန်သနည်း။ ဒုဗ္ဗလပညတ္တာ၊ ပညာအားနည်းသည်၏ အဖြစ်ကြောင့်တည်း။ ဟိ၊ ချဲ့၍ ပြဦးအံ့။ တေသံ၊ ထိုတိတ္ထိတို့၏။ ဝါ၊ တို့သည်။ နာမရူပပရိစ္ဆေဒဝိရဟိတတ္တာ၊ နာမ်,ရုပ်ကို ပိုင်းခြားဝေဖန်၍ သိတတ်သောဉာဏ်မှ ကင်းသည်၏ အဖြစ်ကြောင့်။ ပညာ၊ ပညာသည်။ ဒုဗ္ဗလာ၊ အားနည်းသည်၊ ဟောတိ၊ ၏။

- ပကတိသာဝကာ၊ တို့သည်။ ကပ္ပသတမ္ပိ၊ ကမ္ဘာ ၁၀၀-ကိုလည်း ကောင်း။ ကပ္ပသဟဿမ္ပိ၊ ကမ္ဘာ ၁,၀၀၀-ကိုလည်းကောင်း။ အနုဿရန္တိ ယေဝ၊ ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့နိုင်ကြကုန် သည်သာတည်း။

ကသ္မာ၊ အဘယ့်ကြောင့်နည်း။ ဗလဝပညတ္တာ၊ အားကောင်းသော ပညာ ရှိသည်၏ အဖြစ်ကြောင့်တည်း။

- အသီတိ မဟာသာဝကာ၊ တို့သည်။ သတသဟဿကပ္ပေ၊ ကမ္ဘာ တစ်သိန်းကို။ အနုဿရန္တိ၊ ကုန်၏။
- ဒွေ အဂ္ဂသာဝကာ၊ အဂ္ဂသာဝကနှစ်ပါးတို့သည်။ ဧကံ အသင်္ချေယျံ၊ တစ်သင်္ချေကိုလည်းကောင်း။ သတသဟဿဉ္စ၊ ကမ္ဘာတစ်သိန်းကို လည်းကောင်း။ အနုဿရန္တိ၊ ကုန်၏။
- ပစ္စေကဗုဒ္ဓါ၊ တို့သည်။ ဒွေ အသင်္ချေယျာနိ စ၊ နှစ်သင်္ချေတို့ ကိုလည်းကောင်း။ သတသဟဿဉ္စ၊ ကမ္ဘာ တစ်သိန်းကိုလည်း ကောင်း။ အနုဿရန္တိ၊ ကုန်၏။

http://www.dhammadownload.com



ဟိ သစ္စံ၊ မှန်၏။ ဧတေသံ၊ ဤပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝကတို့နှင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏။ အဘိနီဟာရော၊ ဆုတောင်းသည်။ ဧတ္တကော၊ ဤမျှသာလျှင် အတိုင်းအရှည်ရှိ၏။

- ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ အနုဿရံ ပန၊ အောက်မေ့တော်မူနိုင်ခြင်းသည်ကား၊ ပရိစ္ဆေဒေါ နာမ၊ ကပ်ကမ္ဘာ အပိုင်းအခြားမည်သည်။ နတ္ထိ၊ မရှိ။

*(ဤသည်ကား ပါဠိပညာရှင်တို့အတွက် ဆောင်ပြအပ်သောသာဓကပါဌ်အနက်တည်း။)*

* * * * *

## ဒိဗ္ဗစက္ခုဉာဏဝိဇ္ဇာ

စုတိပြတ်ကြွေ သေကြကုန်သော သတ္တဝါတို့ကိုလည်းကောင်း ဘဝသစ်၌ အသစ်အသစ် ပြန်ပြန်ပြီး ဖြစ်ကြလျက် ပဋိသန္ဓေနေကြကုန်သော သတ္တဝါတို့ကို လည်းကောင်း ယုတ်ညံ့သောသတ္တဝါ, မြင့်မြတ်သောသတ္တဝါတို့ကို လည်းကောင်း အရေအဆင်း၊ ကြော့ရှင်းတင့်တယ်၊ ရှုချင်ဖွယ်ရှိကုန်သောသတ္တဝါ, အကျည်းတန် အရုပ်ဆိုးကုန်သော သတ္တဝါတို့ကိုလည်းကောင်း မိမိတို့ လုပ်ဆောင်ခဲ့ကြသည့် ကုသိုလ်ကံ, အကုသိုလ်ကံအားလျော်စွာ ထိုထိုဘုံဘဝတို့၌ ဖြစ်ကြကုန်သော သတ္တဝါတို့ကိုလည်းကောင်း အကုန်အစင် သိမြင်လိုသည်ရှိသော် ပါဒကဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍ ၎င်းစတုတ္ထဈာန်မှ ထပြီးနောက် “ဤမျှ,ဤမျှ အပိုင်းအခြားရှိသော အရပ်ဒေသ၌ အလင်းရောင်ဖြစ်စေသတည်း”ဟု စိတ်ဖြင့် အဓိဋ္ဌာန်တော်မူ၏။

အဓိဋ္ဌာန်အပ်သည့်အတိုင်း အလိုရှိရာအရပ်၌ မီးမောင်း ထိုးပြထားသကဲ့သို့ ထွန်းလင်းတောက်ပသော အလင်းရောင် ဖြစ်ပေါ်ခဲ့ပြီး တန်ခိုးရှင်မြင်လိုသမျှ သိလိုသမျှသော ဝတ္ထုအာရုံတို့ကို ပကတိမံသမျက်စိဖြင့် မြင်, သိရသကဲ့သို့ အစုံအလင် မြင်တော်မူ, သိတော်မူ၏။

http://www.dhammadownload.com



ကာမာဝစရကုသိုလ်ကံ၏ အစွမ်းကြောင့်ဖြစ်သော နတ်တို့၏ပသာဒ စက္ခုသည် သလိပ်, သည်းခြေ, သွေး, လေ-စသည့် အညစ်အကြေးတို့ တားဆီး နှောင့်ယှက်ခြင်း မရှိ၊ ပကတိစင်ကြယ်သန့်ရှင်းသောကြောင့် အဝေး၌ တည်ရှိ သောအာရုံ, အလွန်သေးငယ်သောအာရုံတို့ကိုပင် ကြည်လင်စွာ သိမြင်နိုင်၏၊ ဝီရိယဘာဝနာ၏ အစွမ်းသတ္တိကြောင့် ဖြစ်ပေါ်လာသော အသိဉာဏ် ဝိဇ္ဇာဉာဏ် သည်လည်း နတ်တို့၏ပသာဒစက္ခုကဲ့သို့ပင် အဝေး၌တည်ရှိသော အာရုံ၊ အလွန်သိမ်မွေ့နူးညံ့သောအာရုံတို့ကို ကြည်ကြည်လင်လင် သိမြင်နိုင်သည့် စွမ်းရည်သတ္တိထူးရှိ၏၊ ဤသို့ နတ်မျက်စိနှင့်မခြား အလားတူသောကြောင့် အဘိညာဏ် ဝိဇ္ဇာဉာဏ်မျက်စိကို ဒိဗ္ဗစက္ခုဝိဇ္ဇာဟူ၍ ခေါ်ဆိုရ၏။

ဤဒိဗ္ဗစက္ခုဝိဇ္ဇာဉာဏ်ကို ရခဲ့သော် ဤမည်သောသတ္တဝါသည် ဤသို့ သော မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ် ပြောဆို ကြံစည်ခဲ့သည့်အတွက်ကြောင့် ဤမည်သော အပါယ်ဘုံဘဝသို့ ကျရောက်ပြီးလျှင် အပါယ်ဆင်းရဲ အမျိုးမျိုးတို့ကို ပင်ပန်းကြီးစွာ ခံစားနေရ၏-ဟူ၍လည်းကောင်း ဤမည်သော သတ္တဝါသည် ဤသို့သော ကောင်းမှုကုသိုလ်သုစရိုက်တို့ကို ပြုလုပ် ပြောဆို ကြံစည်ခဲ့သည့် အတွက်ကြောင့် ဤမည်သော သုဂတိဘုံဘဝတို့၌ နတ်စည်းစိမ် ချမ်းသာတို့ကို ရရှိ သုံးဆောင် ခံစားနေရ၏-ဟူ၍လည်းကောင်း သတ္တဝါတို့၏ ကောင်းမှု, မကောင်းမှုကံအားလျော်စွာ ထိုထိုဘုံဘဝတို့၌ ဖြစ်ကြပုံကို သိမြင်နိုင်သည့် ယထာကမ္မူပဂဝိဇ္ဇာဉာဏ်ကိုလည်း တပါတည်း ရတော့၏၊ ထိုယထာကမ္မူပဂဉာဏ် အတွက် သီးသန့် ပရိကမ်ပြုရသည်ဟူ၍ မရှိချေ။

* * * * *

## ဒိဗ္ဗစက္ခု၊ ယထာကမ္မူပဂ၊ အနာဂတံသဉာဏ် ၃-ပါးတို့၏အထူး

ဤဉာဏ်သုံးပါးတို့၏ အထူးမှာ တန်ခိုးရှင်သည် ငရဲသို့အာရုံပြု၍ အလင်းရောင်ကို ပို့လွှတ်ပြီးနောက် ကြီးစွာသောဆင်းရဲဒုက္ခကို ခံစားနေကြသော ငရဲသားတို့ကို ကြည့်ရှု၏၊ ထိုသို့ ကြည့်ရှုသဖြင့် ငရဲဆင်းရဲကို ပင်ပန်းစွာ

http://www.dhammadownload.com



ခံစားနေကြရသည့် ငရဲသားသတ္တဝါတို့ကို တွေ့မြင်ရခြင်းသည် ဒိဗ္ဗစက္ခုဉာဏ်၏ ကိစ္စဖြစ်၏၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်ရခြင်း ဖြစ်၏။

ဤသို့သတ္တဝါများသည် ဘယ်လို အကုသိုလ်ကံများကို ပြုလုပ်ခဲ့သည့်အတွက်ကြောင့် ဤကဲ့သို့သော ဒုက္ခကြီးများကို ခံစားနေကြရလေသနည်း-ဟု အကြောင်းကံကို ဆင်ခြင်ပြန်သော် ထိုသတ္တဝါတို့၏ ရှေးရှေးဘဝတို့က ပြုလုပ်ခဲ့ကြသည့် အကုသိုလ်ကံတို့ကို သိမြင်ရလေ၏၊ ဤသို့ သတ္တဝါတို့ ပြုလုပ်ခဲ့ကြသော အတိတ်ကံကို သိမြင်သော ဉာဏ်သည် ယထာကမ္မုပဂဉာဏ်မည်၏။

ထိုနည်းအတူပင် နတ်ပြည်သို့ ကြည့်ရှု၍ နတ်စည်းစိမ်ချမ်းသာကို သုံးဆောင်ခံစားလျက် ပျော်ပါးနေကြသည့် နတ်တို့ကို မြင်ရခြင်းသည် ဒိဗ္ဗစက္ခုဉာဏ်၏ ကိစ္စဖြစ်၏၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်ခြင်း ဖြစ်၏၊ ထိုနတ်တို့၏ ရှေးရှေးအတိတ်ဘဝတို့က ပြုလုပ်ခဲ့ကြသော အကြောင်းကံတို့ကို ပြန်ပြောင်း ဆင်ခြင်၍ သိခြင်းသည် ယထာကမ္မုပဂဉာဏ် မည်၏။

အနာဂတံသဉာဏ်သည်လည်း ယထာကမ္မုပဂဉာဏ်ကဲ့သို့ပင် ပရိကမ် သီးသန့်ပြုဖွယ် အထူးမရှိဘဲ ဒိဗ္ဗစက္ခုဉာဏ်သာလျှင် အခြေခံရှိခဲ့၏၊ ဒိဗ္ဗစက္ခုဉာဏ်ကို ရခဲ့သော် အနာဂတံသဉာဏ်လည်း ရ၏၊ အထက်၌ဆိုခဲ့သည့်နည်းအတိုင်း ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ငရဲပြည်,နတ်ပြည်တို့ကို ကြည့်ရှုပြီးနောက် ဤသူတို့သည် ငရဲပြည်,နတ်ပြည်တို့မှ လွတ်မြောက်ကြကုန်သည်ရှိသော် အဘယ်မည်သော ဘုံဘဝများသို့ ဖြစ်ကြလေမည်နည်း-ဟု ဆင်ခြင်လတ်သော် ထိုထိုသတ္တဝါတို့၏ အနာဂတ်ကိုယ်ခန္ဓာလျှင် အာရုံရှိသော အနာဂတံသဉာဏ်သည် ဖြစ်၏၊

**ဣမဿ ဝိသုံ ပရိကမ္မံ နာမ နတ္ထိ၊ ယထာ စိမဿ ဧဝံ အနာဂတံသ ဉာဏဿာပိ။ ဒိဗ္ဗစက္ခုပါဒကာနေဝ ဟိ ဣမာနိ ဒိဗ္ဗစက္ခုနာ သဟေ'ဝ ဣဇ္ဈန္တိ။**

*(ဝိသုဒ္ဓိမဂ်၊ ၁၊ ၅၅။ ပါရာဇိကဏ်၊ ၅၊ ပ၊ ၁၃၄)*

ဣမဿ၊ ဤယထာကမ္မုပဂဉာဏ်၏။ ဝိသုံ၊ ဒိဗ္ဗစက္ခုဉာဏ်မှ အသီးအခြားဖြစ်သော။ ပရိကမ္မံ နာမ၊ ပရိကမ်မည်သည်။ နတ္ထိ၊ မရှိ။ စ၊ ဆက်၍ဆိုဦးအံ့။ ဣမဿ၊ ဤယထာကမ္မုပဂဉာဏ်၏။ ဝိသုံ၊ ဒိဗ္ဗစက္ခုဉာဏ်မှ သီးခြားဖြစ်သော။

http://www.dhammadownload.com



ပရိကမ္မံ နာမ၊ မည်သည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဝေ၊ ဤအတူ။ အနာဂတံသဉာဏဿာပိ၊ အနာဂတံသဉာဏ်၏လည်း။ ဝိသုံ၊ ဒိဗ္ဗစက္ခုဉာဏ်မှ သီးခြားဖြစ်သော။ ပရိကမ္မံ နာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ မှန်၏။ ဣမာနိ ဉာဏာနိ၊ ဤယထာကမ္မုပဂဉာဏ်, အနာဂတံသဉာဏ် နှစ်ပါးတို့သည်။ ဒိဗ္ဗစက္ခုပါဒကာနေဝ၊ ဒိဗ္ဗစက္ခုဉာဏ်သာလျှင် အခြေခံရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဒိဗ္ဗစက္ခုနာ၊ နှင့်။ သဟေဝ၊ အတူတကွသာလျှင်။ ဣဇ္ဈန္တိ၊ ပြည့်စုံကြကုန်၏။

*(ဤကား ဒိဗ္ဗစက္ခုဉာဏဝိဇ္ဇာ၊ ယထာကမ္မုပဂဉာဏဝိဇ္ဇာနှင့် အနာဂတံ-သဉာဏဝိဇ္ဇာတို့၏ အထူးတည်း၊ ကြွင်းသောမဟဂ္ဂုတ်ဝိဇ္ဇာတို့၏ ဖြစ်ပုံနှင့် ၎င်းတို့၏ တန်ခိုးသတ္တိများကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အစရှိသော ထိုထို ပါဠိတော်အဋ္ဌကထာကြီးတို့၌ ပြဆိုသည့်အတိုင်း သိကြလေ၊ အလွန်ကျယ်ဝန်းသွားမည်ကို စိုးရိမ်သောကြောင့် ဤ၌ မဖော်ပြတော့ပြီ။)*

* * * * *

## လောကီဆရာတို့၏ အလေ့အထဖြစ်သောကြောင့် မန္တန် မန္တရားတို့ကို ဘုရားဟောတော်မမူ

ဘုရားရှင်သည် မဟဂ္ဂုတ် ဝိဇ္ဇာများဖြစ်ကြသော ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာ, ဒိဗ္ဗစက္ခုဝိဇ္ဇာ, ယထာကမ္မုပဂဝိဇ္ဇာနှင့် အနာဂတံသဝိဇ္ဇာတို့ကို ရရှိတော်မူ၍ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ၃-တန်သောကာလတို့၌ ဖြစ်ဖြစ်သမျှသော အကြောင်းအရာတို့ကို မျက်ဝါးထင်ထင် သိမြင်တော်မူငြားသော်လည်း ဗေဒဝိဇ္ဇာဆရာ, မန္တဝိဇ္ဇာဆရာတို့ကဲ့သို့ စန်း, လဂ်, မွေးနံတို့၌ ရာဟု, စနေ-စသော ပါပဂြိုဟ်ကြီးတို့ စီးနင်းလျှင် အကုသိုလ်ကံ အခွင့်ရ၍ မကောင်းကျိုး ပေးတတ်ကြ၏၊ အစီးအနင်းလွတ်လျှင် ကုသိုလ်ကံအခွင့်ရ၍ ကောင်းကျိုး ပေးလတ္တံ့ စသည်ဖြင့် ဗေဒင်သံပါပါ၊ ဗေဒင်ဆရာတို့၏ အသုံးအနှုန်းမျိုးကို သေးနုပ်၍ ဘုရားမြတ် သုံးတော်မမူချေ။

http://www.dhammadownload.com



မန္တန် မန္တရားတို့ကိုလည်း ပထဝီဇယမန္တန်ကို ရွတ်၍ တိရစ္ဆာန်တို့၏ စကားကို နားလည်ကြောင်းစသည်ဖြင့်သော ဇာတ်တော်တို့၌ ဟောတော်မူ၏၊ မန္တန်ကိုကား လောကီဆရာတို့၏ အလေ့အထဖြစ်၍ ဘုရားမြတ်နှင့် မတန်မရာ၊ မအပ်မစပ်သော ကိစ္စဖြစ်သောကြောင့် သိတော်မူလျက်နှင့်ပင် ထည့်သွင်း၍ မဟောခဲ့ချေ၊ လောကုတ္တရာဝိဇ္ဇာဖြစ်သော ဝိပဿနာဝိဇ္ဇာနှင့် အာသဝက္ခယဝိဇ္ဇာ အရာတို့၌ကား ၄၅-ဝါကာလပတ်လုံး ဓမ္မက္ခန္ဓာ-ဟုခေါ်သော တရားအစု, စကား အစုပေါင်း ရှစ်သောင်းလေးထောင်ရှိအောင်ပင် ဟောကြားတော်မူခဲ့ပေ၏၊

အဘယ့်ကြောင့် ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့ကို ဟော ကြားတော်မူသနည်း-ဟူမူ ဝိပဿနာဝိဇ္ဇာဉာဏ်ဖြင့် တေဘူမက သင်္ခါရတရားတို့ ၏ အသာရက-(အနှစ်မရှိ) အချည်းအနှီး အသုံးမကျသည့် တုစ္ဆ, အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ အစစ်အမှန်ဖြစ်၍ သုညတဓမ္မတို့ချည်းသာတည်းဟု သိတော် မူသောကြောင့် အာသဝေါတရားတို့ ကင်းစင်လွင့်ပျောက်၊ ကုန်ခန်းခြင်းသို့ ရောက်ပြီးလျှင် အာသဝက္ခယဝိဇ္ဇာ-ဟု ဆိုအပ်သော အရဟတ္တမဂ်ဉာဏ်ကို ရ၍ လောကထက်လွန်သော လောကမှလွတ်သော လောကုတ္တရာ ဝိဇ္ဇာမိုရ်ကြီး ဖြစ်တော်မူသောကြောင့် ရှစ်သောင်းလေးထောင်သော တရားအစု, စကားအစု ဓမ္မက္ခန္ဓာတို့ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်သတည်း။

ဤသို့လျှင် ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါး အသိဉာဏ်တရားတို့ကို ရရှိတော် မူသော ဘုရားမြတ်ဖြစ်၍ ဝိဇ္ဇာသမ္ပန္န-မည်တော်မူ၏၊ ထိုဝိဇ္ဇာသမ္ပန္နဟူသော အမည်တော်ဘွဲ့ထူးသည် ခမည်းတော်, မယ်တော်, ဆွေတော်, မျိုးတော်တို့က မှည့်ခေါ်အပ်သော အမည်တော်လည်း မဟုတ်၊ အခြားသော လူ,နတ်,ဗြဟ္မာ တို့က မှည့်ခေါ်အပ်သောအမည်တော်လည်း မဟုတ်၊ စရဏတရား ၁၅-ပါးတို့နှင့် ပြည့်စုံညီညွတ်အောင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သော ပါရမီ ၁၀-ပါး၊ အပြား-၃၀၊ စွန့်ခြင်းကြီး ၅-ပါး၊ စရိယ ၃-ပါးတို့ကို ဘဝမခြား ဆည်းပူးခဲ့သော ဘဝချည်း များခဲ့၍ ထိုစရဏအကျင့် တရားတို့နှင့် ပြည့်စုံတော်မူခြင်း ဖြစ်၏၊ ထိုစရဏ ၁၅-ပါး အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသောကြောင့်သာ ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါးတို့ကို ရရှိတော်မူပြီးလျှင် ဂုဏ်တော်အားလျော်စွာ ရအပ်သော အမည်တော်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



## အခြေပါဒ စရဏ ၁၅-ပါး၏ အဓိပ္ပါယ်

စရဏ ၁၅-ပါးဟူသည်ကား-

- ကိုယ်, နှုတ်ကို စောင့်ရှောက်ထိန်းသိမ်းခြင်း သီလသံဝရ၊
- ဣန္ဒြေ ၆-ပါး၊ တံခါး ၆-ခုတို့ကို လုံခြုံစေခြင်း ဣန္ဒြိယဂုတ္တဒွါရ၊
- ဘောဇဉ်ကို သုံးဆောင်မှီဝဲရာ၌ ကြေကျက်လွန်အောင် သောက်မည့်ရေနှင့် မျှတရုံ တစ်ထပ်သာ မှီဝဲခြင်း ဘောဇနေ မတ္တညုတာ၊
- အအိပ်အနေနည်းခြင်း ဇာဂရိယာနုယောဂ၊
- သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဗဟုသုတ, ဝီရိယ, သတိ, ပညာ-ဟူသော သူတော်ကောင်းတရား ၇-ပါး၊
- ရူပါဝစရဈာန် ၄-ပါး၊ ပေါင်း ၁၅-ပါးတို့တည်း။

ထိုစရဏတရား ၁၅-ပါးတို့နှင့်ပြည့်စုံတော်မူသောကြောင့် စရဏသမ္ပန္နလည်း မည်တော်မူ၏၊ စရဏတရားကား အခြေပါဒနှင့်တူ၍ ဝိဇ္ဇာတရားကား ဦးခေါင်းနှင့်တူ၏။ တစ်နည်းအားဖြင့်ဆိုသော် မျက်စိနှင့်တူ၏။ ဤတရား ၂-ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နအမည်တော်ဖြင့် ကျော်စောတော်မူ၏။

* * * * *

## သီလသံဝရ စရဏနှင့် ပြည့်စုံတော်မူပုံ

စရဏတရား ၁၅-ပါးတို့တွင် သီလသံဝရ-ဟူသည် ကိုယ်ဖြင့် လွန်ကျူးခြင်း၊ နှုတ်ဖြင့်လွန်ကျူးခြင်း၊ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့ကို ကိုယ်တိုင်လည်း မပြု၊ သူတစ်ပါးတို့ကိုလည်း ပြုရန် မတိုက်တွန်း၊ သူတစ်ပါးတို့ ပြုကြသည်ကိုလည်း စိတ်ဖြင့် မနှစ်သက်၊ ဝမ်းမမြောက်၊ မချီးမွမ်းဘဲ မပြုအပ်

http://www.dhammadownload.com



ကြောင်း, မပြုကောင်းကြောင်းကိုသာ အကျယ်ပြ၍ အပြစ်နှင့်တကွ ဟောပြော ဆုံးမလေ့ရှိ၏။

ဤမှူမက စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့နှင့်လည်း ပြည့်စုံအောင် ကျင့်တော်မူ၏။ ၎င်း သီလ ၃-မျိုးကို သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၌ ဟောတော်မူ၏။ သီလအကျင့်ဖြင့် အနေအထိုင် ကောင်းမြတ်၍ ရိုးသားဖြောင့် မတ်သည့်အရာမှာ သူမတူအောင် ကျင့်တော်မူ၏၊ နေတော်မူ၏။ ဘုရားဖြစ် တော်မမူမီဘဝ သဗ္ဗညုတဉာဏ်တော်ကို စ၍ ရှာမှီးဆည်းပူးတော်မူကတည်းက ကျင့်လာသော ဘဝပေါင်းများစွာ, ကပ်ကမ္ဘာပေါင်းများစွာ, စောင့်ရှောက် ကျင့်သုံး တော်မူခဲ့သော ဝါသနာ, ဝသီ, ပါရမီတော်အဟုန်သည် စိတ်တော်၌ ထုံခဲ့, စွဲခဲ့, မြဲခဲ့တဲ့အတိုင်း ဘုရားဖြစ်တော်မူသောအခါ၌ ဝါသနာဆိုးတွေကိုပါ ပယ်ဖျောက် ၍ စောင့်ရှောက်တော်မူခြင်းကို သီလသံဝရ-ဟု ခေါ်၏။

အခြားသော ပစ္စေကဗုဒ္ဓါ, အရိယာသာဝကနှင့် ရသေ့, ရဟန်း, ပရိဗိုဇ်တို့ သည် သီလသံဝရကို ဖြည့်ကျင့်ကြကုန်သော်လည်း ဝါသနာ, ဝသီကိုကား မပယ် မဖျောက်နိုင်ကြကုန်။

> န ဟိ ဌပေတွာ ဘဂဝန္တံ အညေ သဟ ဝါသနာယ ကိလေသေ ပဟာတုံ သက္ကောန္တိ၊ တေန အညေဟိ အသာဓာရဏံ ဘဂဝတော အရဟတ္တ'န္တိ ဒဿိတံ ဟောတိ၊ ကာ ပနာယံ ဝါသနာ နာမ၊ ပဟီန-ကိလေသဿပိ အပ္ပဟီနကိလေသဿ ပယောဂသဒိသပယောဂဟေ-တုဘူတော ကိလေသနိဟိတော သာမတ္ထိယဝိသေသော အာယသ္မတော ပိလိန္ဒဝစ္ဆဿ ဝသလသမုဒါစာရနိမိတ္တံ ဝိယ။
>
> *(ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ပ၊ ၂၁၉။ သာရတ္ထဋီကာ၊ ပ၊ ၂၁၇။)*

**အနက်ကား။** ။ဟိ သစ္စံ၊ မှန်၏။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဌပေတွာ၊ ချန်ထား၍။ အညေ၊ တပါးကုန် သော ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သည်။ ဝါသနာယ၊ ဝါသနာနှင့်။ သဟ၊ တကွ။ ကိလေသေ၊ တို့ကို။ ပဟာတုံ၊ ပယ်ခြင်းငှါ။ န သက္ကောန္တိ၊ မစွမ်းနိုင်ကုန်။ တေန၊ ဤ သဝါသနာနံ ဟူသောပါဌ်ဖြင့်။ ဘဂဝတော၊ ၏။ အရဟတ္တံ၊

http://www.dhammadownload.com



အရဟတ္တဖိုလ်သည်။ အဉေယာတိ၊ တပါးကုန်သော ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံသည်။ ဟောတိ၊ ၏။ က္ကတိ၊ ဤသို့။ ဒဿိတံ၊ ပြအပ်သည်။ ဟောတိ၊ ၏။

အယံ ဝါသနာ နာမ၊ ဤဝါသနာမည်သည်ကား။ ကာ ပန၊ အဘယ်ပါနည်း။ ပဟီနကိလေသဿပိ၊ ပယ်အပ်ပြီးသော ကိလေသာရှိသော ရဟန္တာ၏လည်း။ အပ္ပဟီနကိလေသဿ၊ မပယ်အပ်သေးသော ကိလေသာရှိသော ပုဂ္ဂိုလ်၏။ ဝါ၊ ကိလေသာကို မပယ်ရသေးသော ပုဂ္ဂိုလ်၏။ ပယောဂသဒိသပယောဂဟေတုဘူတော၊ အမူအရာ ပယောဂနှင့်တူသော, အမူအရာပယောဂ၏အကြောင်းဖြစ်၍ဖြစ်သော။ ကိလေသနိဟိတော၊ ကိလေသာသည် သိုမှီးထားအပ်သော။ သာမတ္ထိယဝိသေသော၊ အစွမ်းသတ္တိ အထူးတည်း။ ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်း ဟူမူကား။ အာယသ္မတော ပိလိန္ဒဝစ္ဆဿ၊ အရှင်ပိလိန္ဒဝစ္ဆထေရ်၏။ ဝသလသမုဒါစာရနိမိတ္တံ ဝိယ၊ သူယုတ်-ဟု ပြောဆိုခြင်း၏ အကြောင်းနိမိတ်ကဲ့သို့တည်း။

* * * * *

## က္ကန္ဒြိယဂုတ္တဒွါရစရဏာနှင့် ပြည့်စုံတော်မူပုံ

က္ကန္ဒြိယဂုတ္တဒွါရ-ဟူသည် စက္ခုတော်မျက်စိဖြင့် ရထားထမ်းပိုးတစ်ပြန် ၄-တောင်ခန့်သာ ကြည့်တော်မူပြီးလျှင် ဝှင်း ၄-တောင်အတွင်းဝယ် မြင်သမျှ ရူပါရုံအဆင်းတို့ကို တပ်နှစ်သက်ခြင်း ဘယ်အခါမှ မရှိဘဲ စွန့်လွှတ်တော်မူ၏၊ ရူပါရုံအဆင်းကို တွယ်တာသောတဏှာ, ကပ်ငြိသောရာဂကို ပယ်ချစွန့်ပစ်တော်မူ၏၊ အသံအမျိုးမျိုး, အနံ့အမျိုးမျိုး, အရသာအမျိုးမျိုး, အတွေ့အထိအမျိုးမျိုးတို့ကို ကြားတော်မူ, နံတော်မူ, ဘုဉ်းပေးသုံးဆောင်တော်မူ, တွေ့ထိတော်မူသမျှကိုလည်း ကောင်း၏, မကောင်း၏-ဟူ၍သာ သိတော်မူ၏၊ ခံစားတော်မူ၏၊ ဝှင်းရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့ အပေါ်၌ ငြိတွယ်စွဲလမ်း၍ ကြည့်လို, ကြားလို, နမ်းလို, စားလို, ထိတွေ့လိုသော တဏှာကား ဘယ်အခါမှ ရှိတော်မမူချေ။

http://www.dhammadownload.com



ဥပမာကိုဆိုသော် မီးတို့၏ သဘောသည် လောင်စာဟူသမျှကို လောင်သော်လည်း ထိုလောင်စာအပေါ်၌ ကပ်ငြိတွယ်တာသော တဏှာသည် ဘယ်အခါမှ မရှိသကဲ့သို့လည်းကောင်း ကျောက်သား, ကျောက်ပြင်, ကျောက်စားပွဲပေါ်၌ တင်၍ထားအပ်သော ကျောက်လုံး, ကျောက်ခွက်, ကျောက်တိုင် အစရှိသည်တို့သည် တင်ထားလို့သာ ထိကြ၏၊ ကပ်ငြိတွယ်တာ, သာယာမှုသည်ကား ဘယ်အခါမှ မရှိကြသကဲ့သို့လည်းကောင်း ထို့အတူပမာ၊ ဗုဒ္ဓမြတ်စွာသည် အာရုံ ၅-ပါး၊ ကာမဂုဏ်အများတို့နှင့် စိတ်တော်ကို ငြိကပ်စေတတ်သော တဏှာအစေးကို ဘဝများစွာ ကပ်ကမ္ဘာအဆက်ဆက်တို့က တစတစပယ်ဖျက်စပြုတော်မူခဲ့၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော်ကား အရဟတ္တမဂ်၊ ဉာဏ်လက်နက်ဖြင့်၊ အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်ရကား ဘယ်အာရုံ, ဘယ်ဝတ္ထုနှင့်မျှ မကပ်ငြိ မသာယာတော့ဘဲ ဣန္ဒြိယဂုတ္တဒွါရ-ဟု ဆိုအပ်သော စရဏတရားကို သူတပါးတို့နှင့် မတူအောင် ကျင့်တော်မူနိုင်ပါပေ၏။

* * * * *

## ဘောဇနေ မတ္တညုတာ စရဏာနှင့် ပြည့်စုံတော်မူပုံ

**ဘောဇနေ မတ္တညုတာ** ဆွမ်းဘောဇဉ်၌ အတိုင်းအရှည်ကို သိတော်မူ၏-ဟု ဆိုသည့်အရာမှာ ကြားနာရသူ လူသာမညတို့က အကျင့်စရဏ-ဟူ၍ မမှတ်ထင်ဘဲ ရှိနေတတ်ကြ၏၊ စရဏအကျင့်မြတ်ကြီးပေတည်း၊ အဘယ့်ကြောင့်နည်းဆိုသော် သတ္တဝါတိုင်း, သတ္တဝါတိုင်း ထိုဘောဇဉ်အာဟာရ၌ အကျင့်ပျက်ကြကုန်လျက် အပါယ် ၄-ပါးသို့ ရောက်ကြ၊ သံသရာဝဋ်ဒုက္ခမှ မလွတ်မြောက်ကြဘဲ ဖြစ်နေကြရသောကြောင့်တည်း။

ထိုစကားသည် မှန်၏၊ ဘောဇဉ်အာဟာရကိုမှ မှုတအောင် မမှီဝဲရလျှင် လူ,နတ်နှင့်တကွသော သတ္တဝါတို့၏ ကိုယ်ကာယအတွင်းမှ အစာသစ်အိမ်၏ အောက်စ၌ ရေနံဆီစသည့် လောင်စာဆီကဲ့သို့ သည်းခြေနှင့်ရောနှောလျက် တည်နေသော ပါစကဝမ်းမီးသည် အစာအိမ်ကို လောင်လေ၏၊ အစာအိမ်မှစ၍

http://www.dhammadownload.com



တစ်ကိုယ်လုံးရှိသမျှ ပျံ့နှံ့၍ တည်နေကြသော အရည်နု, အရည်ကြမ်းတို့သည် (မီးလောင်ရာသို့ ရေနံဆီစသည့် လောင်စာဆီတို့သည် မီးစာတစ်လျှောက် လိုက်ပါကြကုန်သကဲ့သို့) ဝမ်းမီးတောက်လောင်ရာ အစာအိမ် အူမအတွင်းသို့ စီးဆင်းလိုက်ပါသွားကြကုန်၏။

ထိုအခါ၌ သတ္တဝါတို့၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ခွေနုန်း နွမ်းချိ ပျော့အိ၍ သွားပြီးလျှင် ဖုတ်လှိုက်,ဖုတ်လှိုက်၊ အမောဆိုက်လျက်၊ ချွေးဖြိုက်ဖြိုက် ကျ၍ 'ထမင်း ဆာလှပြီ'ဟူသော အသံတို့ဖြင့် ဆူညံအောင် ညည်းတွား ပြောဆိုကြကုန်၏၊ ရှိလျှင် စားကြကုန်၏၊ မရှိလျှင် သတ်ကြ, ခိုးကြ, ကလေးကြ, ကမြင်းကြ, လိမ်ကြ, ကောက်ကြ, နှုတ်က မုသားပြောဆိုကြ၊ သတ်နိုင်, ခိုးနိုင်, ကမြင်းနိုင်, လိမ်နိုင်, ညာနိုင်အောင် သေရည်သောက်ကြ စသည်ဖြင့် အပါယ် ၄-ပါးကျရောက်ကြောင်း ဒုစရိုက်အမှုအပေါင်းကို ပြုကြကုန်၏၊ အလုပ်တွေရှုပ်၍ ဗရုတ်သုတ်ခတွေ များကြလေကုန်၏၊ ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ကြရလေ ကုန်၏၊ ထို့ကြောင့် **"အာဟာရပရိယေသနံ ဒုက္ခံ"**ဟူ၍လည်း မြတ်စွာဘုရား ဟောကြားတော်မူ၏။

အာဟာရပရိယေသနံ၊ ဝမ်းမီးထ၍၊ ဝမ်းစာရှာကြရသော၊ အလုပ်ကိစ္စ ဟူသမျှသည်။ ဒုက္ခံ၊ မအောင့်နိုင်, မနေနိုင်၊ မသက်သာ, မချမ်းသာသော ဒုက္ခ အစု ဆင်းရဲမှုကြီးပေတည်း-ဟု အနက်ကို မှတ်အပ်၏။

**"ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရာ ပရမာ ဒုက္ခာ"**

-ဟူ၍လည်း ဟောတော်မူ၏။

ဇိဃစ္ဆာ၊ ဝမ်းမီးထ၍ မနေနိုင်ကြအောင် နှိပ်စက်သောဆာနာကြီးသည်။ ပရမာ၊ အလွန်ဆုံး, အကဲဆုံး, အဆိုးဆုံး, အယုတ်ဆုံးဖြစ်သော။ ရောဂါ၊ ဆေးကု ၍မရနိုင်အောင် မြံမြံပြီး ပွပွထနေသော အနာရောဂါကြီးပေတည်း။ သင်္ခါရာ၊ ခန္ဓာငါး၀၊ ဤကိုယ်ကာယ-ဟု ဆိုအပ်သော သင်္ခါရတရားသည်။ ပရမာ၊ အလွန်ဆုံး, အကဲဆုံး, အဆိုးဆုံး, အယုတ်ဆုံးဖြစ်သော။ ဒုက္ခာ၊ မနေနိုင်, မအောင့်နိုင်၊ မသက်သာ, မချမ်းသာသော ဒုက္ခအစု ဆင်းရဲမှု ဆင်းရဲတုံးကြီးပေတည်း-ဟု အနက်ကို မှတ်အပ်၏။

http://www.dhammadownload.com



ထို့ကြောင့်"ဆင်းရဲမှုအစ၊ ဤကိုယ်က"ဟူ၍လည်း ဆိုသင့်၏။

"ဤကိုယ်ကာယ၊ ဒုက္ခသစ္စာ။ ဝဋ်ဒုက္ခ၊ မုချ မချမ်းသာ"

ဟူ၍လည်း ၁,၂၉၄-ခုနှစ်က ရေးသား၍ ကလေးတွေကို အရကျက်စေခဲ့ဖူး၏။

* * * * *

## မယ်ပုဏ္ဏာ၏ ဝတ္ထု

မြတ်စွာဘုရားသည် ဤသို့ အမြဲတစေ နှိပ်စက်လျက်ရှိနေသော ခန္ဓာကိုယ်ကာယ၏ ဆာနာကို သည်းခံတော်မူ၍ ပိဏ္ဍိယာလောပဘောဇနဖြင့် မျှတရုံမျှသာ ဆွမ်းခံဝတ်အကျင့်ကို ပြုတော်မူလျက် တစ်နေ့နှင့်တစ်ညအတွက် အာဟာရကို တစ်ထပ်ဖြင့်သာ ရောင့်ရဲတော်မူ၏၊ တစ်ထပ်ဆိုသည်မှာလည်း အခြားသူတို့၏ တစ်ထပ်မျိုး မဟုတ်၊ မဟုတ်ပုံကား-

အခါတပါး၌ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်း၌ သီတင်းသုံးနေတော်မူ၏၊ ထိုအခါ ရာဇဂြိုဟ်သူဌေးမင်း၏ ကျွန်ရင်းဖြစ်သူ မယ်ပုဏ္ဏာသည် ညအခါ ဆီမီးညှိထွန်း၍ စပါးထောင်းနေစဉ် အာဂန္တုက ရဟန်းတော်များ၏ နေရာချထားပေးခြင်း (သေနာသနပညာပက) တာဝန်ကို တာဝန်ယူဆောင်ရွက်ပေးနေသော မလ္လမင်းသား ဖြစ်သူ အရှင်ဒဗ္ဗသည် တန်ခိုးဖြင့် မိမိလက်ညှိုးမှ အရောင်အလင်းကို ထွန်းလင်းစေလျက် ညတရားပွဲကြီးမှ တရားနာယူပြီး ပြန်လာကြကုန်သော ရဟန်းတို့အား ၎င်းတို့၏နေထိုင်ရာ ကျောင်းသင်္ခမ်း အသီးသီးသို့ အရောက်လိုက်လံ၍ ပို့ဆောင်ပေးနေလေသည်။

မယ်ပုဏ္ဏာသည် စပါးထောင်းနေရင်း ဂိဇ္ဈကုဋ်တောင်ပေါ်မှ လှုပ်လှုပ်ရှားရှား သွားလာနေကြသော ရဟန်းများကို အရှင်ဒဗ္ဗ ဖန်ဆင်းထားသော လက်ညှိုးခေတ်မီးတိုင်မှ အလင်းရောင်ဖြင့် ထင်ထင်ရှားရှား တွေ့မြင်နေရ၏၊ မယ်ပုဏ္ဏာသည် ရဟန်းတော်များ ညဉ့်နက်မှ အချိန်မတော် သွားလာလှုပ်ရှားနေ

http://www.dhammadownload.com



သည်ကို မြင်သဖြင့် "ငါသည် ပရိယေသနဝမ်းစာအတွက် ညဥ့်နက်သည်အထိ မောင်းထောင်းဆန်ဖွပ်နေရ၏၊ ယခုအချိန်ထိ မအိပ်ရသေး၊ ရဟန်းတော်အရှင်မြတ်တို့မှာ ဘာကိစ္စကြောင့်များ ယခုထိ မအိပ်ကြသေးဘဲ သွားလာနေကြလေသနည်း၊ ရဟန်းတော်တစ်ပါးပါး မကျန်းမမာ ဖြစ်လေရော့သလား၊ သို့မဟုတ် မြွေပါး, ကင်းပါး, ပိုးများထိရော့သလား(မြွေကိုက်လေသလား)"ဟုပင် တွေးတောကြံစည်မိရှာလေ၏။

မယ်ပုဏ္ဏာသည် နောက်တစ်ရက် မနက်စောစောတွင် ဆန်ကွဲဖြင့် ပြုလုပ်အပ်သော မုန့်ကြော်များကို လမ်း၌စားရန် ဖက်ဖြင့် ထုပ်၍ ရေအိုးမှာ ထည့်ခဲ့ပြီးလျှင် အဝတ်လျှော်ရင်း, ရေချိုးရင်း မြစ်ဆိပ်သို့ ဆင်းလာခဲ့၏။

သဗ္ဗညုဘုရားရှင်သည်လည်း နောက်ပါရဟန်းသံဃာတော်များ ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေရာ မြို့၏တံခါးအနီးတွင် မယ်ပုဏ္ဏာနှင့် ဆုံမိလေ၏၊ မယ်ပုဏ္ဏာသည် မြို့တွင်းသို့ ဆွမ်းခံကြွလာတော်မူသော ဘုရားရှင်နှင့် ရဟန်းတော်များကို ဖူးမြော်ရသည့်အခါ၌ အောက်ပါအတိုင်း စဉ်းစားကြံစည်မိလေ၏။

"သည့်ပြင် အလျှင့်အလျှင်နေ့ရက်တွေတုန်းက ဘုရားရှင်ကို ဖူးမြင်ရသော်လည်း ငါ့မှာ လှူဒါန်းစရာ လှူဖွယ်ဝတ္ထု မရှိလို့ မလှူခဲ့ရဘူး၊ လှူဖွယ်ဝတ္ထုရှိသည့်အခါမှာလည်း ဘုရားရှင်ကို မဖူးရလို့ မလှူဒါန်းနိုင်ခဲ့ပြန်ဘူး၊ ယခုတော့ ကံအားလျော်စွာ တိုက်တိုက်ဆိုင်ဆိုင် ငါ့အိုးထဲမှာလည်း မုန့်ကြော်တွေ အခန့်သင့်ပါသည်၊ သဗ္ဗညုဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်တို့ကလည်း ဆွမ်းခံကြွတော်မူလာကြသည်၊ ကြုံကြိုက်တုန်း မုန့်ကြော်များကို လှူဒါန်းလိုက်မှပဲ"ဟု စိတ်ကို ဆုံးဖြတ်ပြီးလျှင် ရေအိုးကလေးကို အသာအယာချ၍ မုန့်ထုပ်ကို လက် ၂-ဘက်ဖြင့် ကိုင်ကာ ကိုယ်ကို ခပ်ယို့ယို့ထားပြီး ဘုရားရှင်အနီးသို့ တိုးသွားရှာလေ၏။

ပါးစပ်ကလည်း "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဆင်းရဲသူမ မယ်ပုဏ္ဏာ၏ ဗလဝစေတနာဖြင့် ထက်သန်စွာလှူအပ်သော မုန့်များကို တပည့်တော်မအား ချီးမြှောက် မ,စသောအားဖြင့် အလှူခံတော်မူပါဘုရား"ဟု

http://www.dhammadownload.com



လျှောက်ထားလေ၏၊ သဗ္ဗညုဘုရားရှင်သည် သပိတ်တော်ကို ညွှတ်စေ၍ မယ်ပုဏ္ဏာ၏မုန့်များကို ခံယူတော်မူပါသည်၊ မယ်ပုဏ္ဏာသည် မုန့်များကို လှူဒါန်းပြီးနောက် ထိခြင်း ၅-ပါးဖြင့် ထိအောင် ရှိသေစွာ ရှိခိုး၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်မသည် အရှင်မြတ်တို့ သိမြင်အပ်သော တရားထူး တရားမြတ်ကို သိမြင်ပါရစေဘုရား"ဟု ဆုတောင်းလေ၏၊ ဘုရားရှင်ကလည်း "**ဧဝံ ဟောတု၊ သင်တောင်းသည့်ဆု ပြည့်စုံပါစေ**"ဟု မတ်တပ်ရပ်တော်မူလျက်ပင် အနုမောဒနာကို ပြုတော်မူပါသည်။

ထို့နောက် သဗ္ဗညုမြတ်စွာဘုရားသည် မယ်ပုဏ္ဏာ၏ သံသယကို ပယ်ဖျောက်ရန်နှင့် မယ်ပုဏ္ဏာအား ချီးမြှောက်တော်မူရန် အလို့ငှါ ထိုအနီးအပါး၌ပင် အရှင်အာနန္ဒာမထေရ် ခင်းပေးသော နေရာတော်၌ ထိုင်တော်မူလျက် မုန့်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ထိုနေ့တစ်နေ့တာအတွက် ဆွမ်းကိစ္စကို မှုတပြီး ဆုံးစေတော်မူပါသည်၊ ဘုရားရှင်၏ ဘောဇနေ မတ္တညုတာ ＝ အာဟာရမျှတမှု အကျင့်ကို မြင်ရသူ, ကြားရသူ ရှင်,လူအပေါင်းတို့မှာ မအံ့ဩသူ, မချီးမွမ်းသူ ဟူ၍မရှိ၊ မြင်ရ, ကြားရသူတိုင်း အံ့ဩချီးမွမ်း၍ မပြီးနိုင်အောင် ရှိနေကြပါသည်။

*(ဓမ္မပဒအဋ္ဌကထာ၊ ဒု၊ ၂၀၇။)*

ဤနေ့, ဤရက်သာ မဟုတ်၊ ၄၅-ဝါကာလပတ်လုံး ဤကဲ့သို့ တစ်ထပ်မျှဖြင့်သာ သပ္ပါယ ဖြစ်တော်မူသည်ချည်းပေတည်း၊ အခုကာလ အချို့သော အရှင်သူမြတ်တို့၏ တစ်ထပ်ကား ယာဂုက တစ်မျိုး၊ လက်ဖက်ရည် အချိုနှင့် အဖန်က တစ်ဖုံ၊ မွန်းမတည့်မီ အချိန်အတွင်းဝယ် အလုံးစုံဘုဉ်းပေးပြီးမှ နေမွန်းတည့် တစ်ထပ်ဆွမ်းကို တစ်ထပ်-ဟု ခေါ်ကြရလေ၏၊ ဤကဲ့သို့ တစ်ထပ်သော ဘောဇဉ်ကို ရေဝင်ဖို့အချက် ၄, ၅-လုတ် ခြွင်းချက်နှင့် တစ်သက်လုံး ကျင့်တော်မူသည်ကား သတ္တဝါတို့၏အတွက် သနားချက်လွန်ကဲ၍ တရားဟောတော်မူသော သမ္မာဆန္ဒ၊ မဟာကာရုဏိက ဂုဏ်တော်ကြီးပေတည်း။

*(ကိုယ်ခန္ဓာအတွက် ငဲ့ကွက်၍ဘုဉ်းပေးတော်မူသည် မဟုတ်-ဟု ဆိုလိုပေသည်။)*

* * * * *

http://www.dhammadownload.com



## အရှင်သာရိပုတ္တရာ၏ ဩဝါဒ

ထို့ကြောင့် လက်ယာတော်ရံ ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကလည်း ရဟန်းတရားကို ကြိုးစားအားထုတ်နေကြသော ရဟန်းများသည် ရှင်တော်မြတ်ဘုရား၏ ဘောဇနေ မတ္တညုတ စရဏ အကျင့်ကို နည်းယူပြီး အတုလိုက်၍ ကျင့်ထိုက်ကြောင်းကို ဩဝါဒပေးတော်မူခဲ့ပါသည်။

**စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။**
**အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။**

*(ထေရဂါထာပါဠိတော်-၃၄၃)*

စတ္တာရော အာလောပေ ဝါ၊ ၄-လုတ်သော ဆွမ်းလုတ်တို့ကိုသော်လည်းကောင်း။ ပဉ္စ အာလောပေ ဝါ၊ ၅-လုတ်သော ဆွမ်းလုတ်တို့ကိုသော်လည်းကောင်း။ အဘုတွာ၊ မစားဘဲ ချန်ထား၍။ ဥဒကံ၊ သောက်ရေကို။ ပိဝေ၊ သောက်ရာ၏။ ဝါ၊ သောက်ရမည်။ အယံ၊ ဤသို့ ဆွမ်းလုတ် ၄-လုတ်, ၅-လုတ်စာကို ချန်၍ ရေသောက်ခြင်းသည်ကား။ ပဟိတတ္တဿ၊ ဆင်းရဲခပ်သိမ်း၊ ငြိမ်းရာအမှန်၊ မြတ်နိဗ္ဗာန်သို့၊ ဧကန်ရောက်ကြောင်း၊ တရားကောင်းကို၊ ကြိုးပမ်းအားထုတ်နေသော။ ဘိက္ခုနော၊ သံသရာဘေး၊ မျှော်တွေးစူးစမ်း ရှင်ရဟန်း၏။ ဖာသုဝိဟာရာယ၊ ချမ်းချမ်းသာသာ တရားဘာဝနာကို ပွါးများအားထုတ်၍ နေခြင်းငှါ။ အလံ၊ သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်လှပေ၏။

* * * * *

## ဇာဂရိယာနုယောဂ စရဏနှင့် ပြည့်စုံတော်မူပုံ

ဘုရားမြတ်သည် အထက်၌ ဖော်ပြအပ်ခဲ့သည့်အတိုင်း အပ္ပကိစ္စဖြစ်၍ ပရိယေသန အာဟာရကိစ္စ နည်းတော်မူပါပေ၏၊ အသက်မွေးပေါ့သော သလ္လဟုကဝုတ္တိဂုဏ် ရှိတော်မူပါပေ၏၊ ထို့သို့ အပ္ပကိစ္စ, သလ္လဟုကဝုတ္တိဂုဏ်နှင့် ပြည့်စုံ

http://www.dhammadownload.com



တော်မူသောကြောင့် နေ့တိုင်း, ညတိုင်း စကြ၀ဋ္ဌာတောင်ဝိုင်း၊ ကျောက်တောင်တံတိုင်းကြီးမှစ၍ ခြေတော်ရင်းတိုင်ရောက်အောင်, ခြေတော်ရင်းမှ စကြ၀ဋ္ဌာတောင်ဝိုင်း၊ ကျောက်တောင် တံတိုင်းကြီးတိုင်ရောက်အောင် ကျွတ်ထိုက်, ဟောထိုက်, ဆုံးမထိုက်သော သတ္တ၀ါတို့ကို ကြည့်တော်မူပြီးလျှင်–

- ထိုသတ္တ၀ါတို့ကို တရားဟောတော်မူခြင်း၊
- ဖလသမာပတ်ဝင်စားတော်မူခြင်း၊
- ဈာနသမာပတ်ကို ဝင်စားတော်မူခြင်း၊
- နိရောဓသမာပတ် ဝင်စားတော်မူခြင်း–

စသော ဗုဒ္ဓကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်လျက် သက်တော်-၈၀ တိတိ နေတော်မူသော ဘုရားမြတ်သည် တစ်နေ့နှင့်တစ်ညအတွက် တစ်ထပ်သာ ဘုဉ်းပေး၍ ယခုကာလအခေါ် သန်းခေါင်ကျော် ၃-နာရီက ၄-နာရီ မတိုးမိ၊ တစ်နာရီခန့်မျှ ကျိန်းစက်ချိန် ရတော်မူသဖြင့် ခြင်္သေ့မင်း၏ အိပ်ခြင်းကဲ့သို့ လက်ယာခြေတော် တစ်ဖက်ပေါ်တွင် လက်ဝဲခြေတော်တစ်ဖက် ခြေဖမျက်ချင်း မထိအောင်တင်၍ လက်ယာနံစောင်းသို့စောင်းလျက် အညောင်းပြေ ကျိန်းစက်တော်မူပြီးလျှင် နံနက် ၄-နာရီခန့်လောက်တွင် ကျွတ်ထိုက်, ဟောထိုက်, ဆုံးမတော်မူထိုက်သော သတ္တ၀ါတို့ကို ရှေးနည်းအတိုင်း ကြည့်ရှုတော်မူပြန်လေ၏၊ ဤအချိန်က စ၍ ဗုဒ္ဓကိစ္စကို ပြုတော်မူသည်မှာ နောက်တစ်နေ့ည သန်းခေါင်ကျော် ၃-နာရီ လောက်အချိန်သို့ ရောက်တော်မူပြန်လေသတည်း။

> ဇာဂရိယံ အနုယုတ္တောတိ ရတ္တိန္ဒိဝံ ဆ ကောဋ္ဌာသေ ကတွာ
> ပဉ္စသု ကောဋ္ဌာသေသု ဇာဂရဏဘာဝံ အနုယုတ္တော။
> ဇာဂရဏေ ယောဂ ယုတ္တပ္ပယုတ္တောတိ အတ္ထော။
>
> (အံ-၄-၂-၈၃)

ဇာဂရိယံ အနုယုတ္တောတိ၊ ဇာဂရိယာနုယောဂ စရဏဟူသည်။ ရတ္တိန္ဒိဝံ၊ တစ်ညနှင့်တစ်နေ့ကို။ ဝါ၊ တစ်ရက်ကို။ ဆ ကောဋ္ဌာသေ၊ ခြောက်ဖို့ခြောက်ခု တို့ကို။ ဝါ၊ အပိုင်းခြောက်ပိုင်းတို့ကို။ ကတွာ၊ ပြု၍။ ပဉ္စသု ကောဋ္ဌာသေသု၊

http://www.dhammadownload.com



ငါးပါးသော အဖွဲ့အစုတို့၌။ ဝါ၊ အပိုင်းငါးပိုင်းတို့၌။ ဇာဂရဏာဘာဝံ၊ နိုးကြား နေသည်၏အဖြစ်ကို။ ဝါ၊ မအိပ်ခြင်းကို။ အနုယုတ္တော၊ သင့်လျော်အောင် အားထုတ်ခြင်းတည်း။ ဇာဂရဏေ ယေ၀၊ မအိပ်ခြင်း၌သာလျှင်။ ယုတ္တပ္ပယုတ္တော၊ သင့်တင့်လျောက်ပတ်စွာ အားထုတ်ခြင်းတည်း။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ ဇာဂရိယာနုယောဂ စရဏ၏ အနက်အဓိပ္ပါယ်ပင်တည်း။

* * * * *

## ဝီရိယစရဏနှင့် ပြည့်စုံတော်မူပုံ

ဝီရိယတော်လုံ့လကလည်း တစ်နေ့နှင့်တစ်ည-ဟု ဆိုအပ်သော တစ်ရက်တွင် တစ်နာရီခန့် ကျိန်းစက်ချိန်ထားပြီးလျှင် ရက်တိုင်း, လတိုင်း, နှစ်တိုင်း ၄၅-ဝါပတ်လုံး ဗုဒ္ဓကိစ္စတို့ကို ပြုလုပ်တော်မူသော ဝီရိယကို ထောက်သဖြင့် အလွန်အမင်းကြီး ကောင်းပါပေ၏၊ ထို့ကြောင့် သူတော်ကောင်းတရား ၇-ပါးတို့တွင် ဝီရိယဟူသော စရဏအကျင့်တရားကလည်း ပစ္စေကဗုဒ္ဓါ, သာဝက တို့နှင့် မတူဘဲ ရှိတော်မူ၏၊ ထိုဝီရိယမျိုး ရှိတော်မူသောကြောင့်လည်း ပယတ္တဘုန်း ရှိတော်မူသော မြတ်စွာဘုရားဟု ဘဝဂ်တိုင်အောင် ကျော်ကြားပျံ့နှံ့တော်မူ၏။

ရာဟုအသူရိန်နတ်မင်းကြီး၏ ဖမ်းစားခြင်းကို ခံကြရကုန်သော နေနတ်သား, လနတ်သားတို့ကလည်း ဘုရားမြတ်၏ ဤဝီရိယစရဏ, ပယတ္တဘုန်းတော်ကိုပင် ထုတ်ဖော်ရှိခိုးလျက် အားကိုးဆည်းကပ်ကြကုန်လေ၏၊ ဤသို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နှင့်တကွ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားဖြစ်တော်မူမှသာ ဝီရိယကောင်းသည် မဟုတ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရရန်ကြံစည်ပြုလုပ်တော်မူစ ကပ်ကမ္ဘာ အနန္တတို့ကလည်း ဤကဲ့သို့ ဝီရိယကောင်းရန်၊ ဝီရိယကောင်းမှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို ရ၍ သတ္တဝါတို့၏အကျိုး ဤသို့သော ဗုဒ္ဓကိစ္စမျိုးတို့ကို ပြုနိုင်မည်ဟု ရည်ရွယ်တော်မူလျက် **ရှဉ့်မင်း၏ဘဝမျိုး၊** မဟာဇနကမင်း၏ ဘဝမျိုးတို့ကဲ့သို့သော ဘဝပေါင်းများစွာတို့က ဝီရိယလုံ့လကို မလျှော့ဘဲ အလေ့အထပြုပြီးလျှင်

http://www.dhammadownload.com



ဝီရိယပါရမီကို ဆည်းပူးတော်မူခဲ့သည်မှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပင် ရှည်ကြာခဲ့လေသတည်း။

ဤဝီရိယစရဏ ဝီရိယပါရမီတော်ဖြစ်အောင် ပြုလုပ် ကြံစည် ဖြည့်ကျင့်ပုံကို ထောက်သဖြင့် မင်္ဂ, ဖိုလ်, နိဗ္ဗာန်သို့ ရောက်ရန် ရည်သန်လျက် ပါရမီ ၁၀-ပါး၊ အကျင့်မြတ်တရားတို့ကို ဝီရိယသန်သန်နှင့် ကျင့်ကြံကြိုးကုတ် အားထုတ် ဆည်းပူးခြင်း ဟူသမျှသည် ဝီရိယပါရမီချည်းသာ-ဟု မှတ်ရမည်။

* * * * *

## နေနတ်သား၊ လနတ်သားတို့က ဘုရားမြတ်ကို ဆည်းကပ် ရှိခိုးသည့်ဂါထာ

နမော တေ ဗုဒ္ဓ ဝီရ'တ္ထု၊ ဝိပ္ပမုတ္တော'သိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နော'သ္မိ၊ တဿ မေ သရဏံ ဘဝ။

ဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော။ ဗုဒ္ဓ၊ မြတ်စွာဘုရား။ တေ၊ အရှင်ဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ တွံ၊ အရှင်ဘုရားသည်။ သဗ္ဗဓိ၊ ခန္ဓာအစရှိသော ခပ်သိမ်းသော ဘေးရန်အပေါင်းမှ။ ဝိပ္ပမုတ္တော၊ ကင်းလွတ်တော်မူသည်။ အသိ၊ ဖြစ်တော်မူပါပေ၏။ အဟံ ပန၊ တပည့်တော်သည်ကား။ သမ္ဗာဓပ္ပဋိပန္နော၊ ဘေးအပေါင်းတို့ဖြင့် ကျဉ်းမြောင်းကြပ်တည်းခြင်းသို့ ရောက်နေသည်။ အသ္မိ၊ ဖြစ်နေပါပြီ။ တသ္မာ၊ ထို့ကြောင့်။ တွံ၊ အရှင်ဘုရားသည်။ တဿ မေ၊ ထို အကျွန်ုပ်၏။ သရဏံ၊ ကိုးကွယ်အားထားရာသည်။ ဘဝ၊ ဖြစ်တော်မူပါအရှင်ဘုရား။

* * * * *

F 10 C

http://www.dhammadownload.com



## ဘုရားရှင်၏ အမိန့်တော်ဂါထာ

**တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။**
**ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာ'နုကမ္ပကာ။**

*(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ပ၊ ၄၈)*

တထာဂတံ၊ ရှေးဘုရားတို့အတူ ဖြစ်ခြင်းရှိတော်မူသော။ အရဟန္တံ၊ လူ, နတ်, ဗြဟ္မာ၊ သတ္တဝါတို့၏၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဘုရားမြတ်ကို။ စန္ဒိမာ၊ လနတ်သားသည်။ သရဏံ၊ ကိုးကွယ်ဆည်းကပ်ခြင်းသို့။ ဂတော၊ ရောက်သောသူ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ရာဟု၊ ရာဟုအသူရိန်။ စန္ဒံ၊ လနတ်သားကို။ ပမုဉ္စဿု၊ လွှတ်လိုက်လော့။ ဗုဒ္ဓါ၊ ဘုရားရှင်တို့မည်သည်။ လောကာ-နုကမ္ပကာ၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါဟူသမျှတို့ကို အစဉ်သနား စောင့်ရှောက်တော်မူလေ့ရှိကုန်၏။

*(ဤကား ဝီရိယစရဏ အခြေပါဒတရားနှင့် ပြည့်စုံတော်မူပုံတည်း)။*

* * * * *

## သဒ္ဓါစရဏနှင့် ပြည့်စုံတော်မူပုံ

**သဒ္ဓါစရဏ**ဆိုသည်မှာ ကောင်းမှုကုသိုလ်တို့ကို ပြုလျှင် ကောင်းသော အကျိုးကို ပေး၏၊ ကောင်းသောဘုံဘဝတို့၌ ကောင်းကောင်း ဖြစ်၏၊ ထိုကောင်းကောင်းဖြစ်သော အဖြစ်များစွာတို့တွင် သဗ္ဗညုတဉာဏ်ကို ရသော ဘုရားအဖြစ်သည် အကောင်းဆုံး, အမြတ်ဆုံး, သတ္တဝါတို့၏ အကျိုးစီးပွားကို အသယ်ပိုးနိုင်ဆုံး, အရွက်ဆောင်နိုင်ဆုံးတည်း-ဟု သိ၍ သံသရာဝဋ်ဆင်းရဲ၌ဖြစ်သော လူ, နတ်,ဗြဟ္မာ၏အဖြစ်ကို မတောင့်တဘဲ ပညာနှင့်ယှဉ်သော သဒ္ဓါတရားဖြင့် ဘုရားဖြစ်ရန် ဆုထူးကို ပန်၍ ပါရမီ ၁၀-ပါး, အပြား ၃၀-တို့ကို ယုံယုံကြည်ကြည် ပြုကျင့်တော်မူသည်ကို **သဒ္ဓါစရဏ**-ဟုခေါ်၏၊ ထိုသဒ္ဓါစရဏနှင့်အတူ

http://www.dhammadownload.com



မဟာကရုဏာနှင့် ပညာတို့လည်း ယှဉ်ကြကုန်၏၊ ဘုရားလောင်းမှတပါး အခြားသော ပုဂ္ဂိုလ်တို့၏ ပါရမီတို့မှာ ပညာနှင့်ယှဉ်သော သဒ္ဓါစရိုက်တို့သာ များကြကုန်၏၊ ကရုဏာနှင့်ယှဉ်သော သဒ္ဓါစရိုက်တို့ မရှိကြကုန်။

အဘယ့်ကြောင့်နည်းဟူမူ သတ္တဝါတို့အား သနားခြင်း ကရုဏာ မထက်သန်ကြသောကြောင့် သတ္တဝါတို့၏ အကျိုးစီးပွားကို သယ်ပိုးဆောင်ရွက်ရန် သဗ္ဗညုတဉာဏ်တော်ကို မရည်သန်, မတောင့်တကြဘဲ ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်တို့ကိုသာ ရည်သန်တောင့်တလျက် သဒ္ဓါစရိုက်ကို ဖြည့်ကျင့်ကြသောကြောင့်တည်း။

မကောင်းမှုအကုသိုလ်ကို ပြုလျှင် မကောင်းသောဘုံဘဝ အပါယ် ၄-ပါးသို့ ကျရောက်တတ်၏၊ မကောင်းကျိုးကိုဖြစ်စေတတ်၏ဟု ဧကန်မုချ အယုံကြီး ယုံလှ၍ ထိုမကောင်းမှု အကုသိုလ်တို့မှ ရှောင်ကြဉ်တော်မူခဲ့သော ဘဝတို့သာ များခဲ့၏၊ ပါပမိတ္တတို့နှင့် ဆုံဆည်းကြုံတွေ့ခဲ့ရသမျှတို့၌လည်း သည်းခံခြင်း ခန္တီပါရမီ တရားဖြင့်သာ နေတော်မူခဲ့သည် များ၏။ အဘယ့်ကြောင့်နည်းဆိုသော် မကောင်းမှု အကုသိုလ်တရားတို့၏ မကောင်းကျိုး ပေးတတ်သည်ကို ယုံတော်မူသော ဤသဒ္ဓါစရိုက်ကြောင့်ပင်တည်း။

ထိုစကား မှန်၏၊ ရံခါ ရံခါသော ဘဝတို့၌ "မတော်တဆ ကျော်အောက်ရောင်"ဆိုသော စကားကဲ့သို့ ပါပမိတ္တတို့နှင့် တွေ့ကြုံရ၍ ပြုဖူးသော အကုသိုလ်ကံ အနည်းငယ်တို့ကြောင့်လည်း အပါယ်ဘုံဘဝတို့၌ ကျရောက်ခဲ့ဖူးသေး၏၊ ထို့ကြောင့် ထိုအကုသိုလ်ကံ အမှုသည် ဗျာဒိတ်ရပြီး ဘုရားအလောင်းတော်ကြီးတို့သော်မှလည်း မတော်တဆ ကံချော်၍ ပြုလုပ်မိကြလျှင် အပါယ် ၄-ပါးသို့ ကျရောက်တတ်ကြသေးသည်ကို ထောက်ဆ၍ ငါတို့ သူ, ငါမှာ အဘယ်မှာ မကျရောက်ဘဲ ရှိအံ့နည်း-ဟု အယုံကြီး ယုံကြ၍ မကောင်းမှုမှ ရှောင်ကြဉ် ထိုက်ကြပေကုန်၏။

အကယ်၍ ပြုမိခဲ့ကြလျှင်လည်း ကုက္ကုစ္စကို မဖြစ်စေဘဲ (နောင်တ တဖန် မပူပန်ဘဲ) သမ္မပ္ပဓာန် ဝီရိယဖြင့် ကုသိုလ် အသစ်,အသစ်တိုး၍ ဖြစ်အောင်

http://www.dhammadownload.com



သာ အားထုတ်ပြီးလျှင် ပြုခဲ့မိသော မကောင်းမှု အကုသိုလ်ကို ပယ်ဖျောက် အပ်၏၊ (မေ့လိုက်ကြရမည်ဟု ဆိုလိုသည်။) မေ့လိုက်ကြရမည်-ဟု ဆိုသည်မှာ လည်း-

- ကုသိုလ်အသစ်ဖြစ်အောင် ပြုလုပ်ခြင်း၊
- ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုတို့ကို ဒါနကုသိုလ်ဖြစ်လျှင် စာဂါနုဿတိ ဘာဝနာကို ပွါးများခြင်း၊
- သီလကုသိုလ်ဖြစ်ခဲ့လျှင် သီလာနုဿတိဘာဝနာကို ပွါးများခြင်း၊
- ထိုမှတပါး အခြားသော ကုသိုလ်ကောင်းမှုမျိုးတို့ကို အသစ်ဖြစ်အောင် ပြုလုပ်ပေးခြင်း-

တို့ဖြင့် အချိန်ကို ကုန်လွန်စေပါက ပြုခဲ့မိဖူးသော မကောင်းမှု အကုသိုလ်တို့သည် အားနည်း အားပျော့သွားကြကုန်၏၊ "ကဋတ္တာကံ"ဖြစ်၍ အကျိုးပေးခွင့်ကို မရနိုင်ဘဲ ဖြစ်ကြ၏၊ "အုတ်ကြား မြက်ပေါက်၊ ပျိုးခင်း ရေခြောက်"ဆိုသော စကားကဲ့သို့ ပိန်ခြောက်လိမ်ကောက်၍ ပျောက်ပျက်သွားကြကုန်၏၊ ဤသို့ ပျောက်ပျက်သွားအောင် အကျိုးမပေးနိုင်အောင် ကုသိုလ်ကောင်းမှုများကို ကြိုးစား၍ အားထုတ်သည်ကိုပင် သမ္မပ္ပဓာန်ဝီရိယဖြင့် မကောင်းမှု အကုသိုလ်ကို ပယ်ဖျောက်သည်-ဟု ဆိုခြင်းဖြစ်ပေသည်။

ဤသို့ သမ္မပ္ပဓာန်ဝီရိယဖြင့် မဖျောက်ဖျက်တတ်, မပယ်တတ်ကြလျှင် မကောင်းမှု အကုသိုလ်တို့သည် မကောင်းကျိုးကို ဧကန်မုချပေးတတ်ကြ၏-ဟု ယုံကြည်သည်ကိုလည်း သဒ္ဓါစရဏ-ဟုပင် ခေါ်၏။

*(ဤကား ကံနှင့်ကံ၏ အကျိုးကို ယုံကြည်သော သဒ္ဓါစရဏ တစ်မျိုးတည်း။)*

ဘုရားရှင်တို့ ပွင့်တော်မူ, ဖြစ်တော်မူကြသော အခါတို့၌ ဘုရား, တရား, သံဃာ ရတနာမြတ် ၃-ပါးတို့သည် အမြတ်ဆုံးပုဂ္ဂိုလ်, အမြတ်ဆုံးစကား, အမြတ်ဆုံးတပည့်သာဝကများပေတည်း-ဟု ယုံကြည်ခြင်းသည်လည်း သဒ္ဓါ စရဏပင် မည်၏။

*(ဤကား ရတနာ ၃-ပါး၏ ဂုဏ်ကို ယုံကြည်သော သဒ္ဓါစရဏတည်း။)*

http://www.dhammadownload.com



ဤ သဒ္ဓါစရိုက် ၂-မျိုးလုံးပင် ဘုရားဖြစ်တော်မမူမီကာလ ပါရမီဖြည့်ကျင့်စကပင် ပြည့်စုံတော်မူခဲ့၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော ဘုရားမြတ်မှာမူကား ပညာဖြင့် တပ်အပ်ထင်ထင် သိမြင်တော်မူသောကြောင့် အဘယ်မှာလျှင် မယုံကြည်နိုင်ဘဲ ရှိတော့အံ့နည်း၊ သူတပါးတို့ထက် ပိုလွန်၍ ယုံကြည်တော်မူသော သဒ္ဓါစရိုက် ရှိတော်မူသည်သာ ဖြစ်ပေ၏။

* * * * *

## သဒ္ဓါမယှဉ်သော တစ်ပိုင်းကြောင်, ဉာဏ်ကွက်ကြား ပညာဉာဏ် ပြောက်ကျားသည် ထင်မိထင်ရာ ယူတတ်၏

ထိုစကား မှန်၏၊ အဘယ့်ကြောင့်နည်းဆိုသော် ပညာရှိမှ သဒ္ဓါထက်သန်သောကြောင့်တည်း၊ ပညာ မပါ၊ ပညာမယှဉ်သော သဒ္ဓါသည် သူတစ်ပါးက ပြောလျှင် ယုံကြည်လွယ်၏၊ ပြီးတော့ ပျက်စီးလွယ်၏၊ သဒ္ဓါမပါ၊ သဒ္ဓါမယှဉ်သော အချို့သောသူတို့၏ တစ်ပိုင်းကြောင်, ဉာဏ်ကွက်ကျား ပညာဉာဏ် ပြောက်ကျားသည် ထင်မိထင်ရာ ယူတတ်၏။

- ပညာ ရှေ့ကသွားလျှင် သဒ္ဓါ နောက်ကလိုက်မှ အဖိုးတန်၏၊
- သဒ္ဓါ ရှေ့ကသွားလျှင် ပညာ နောက်ကလိုက်မှ အကျိုးများ၏၊

ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌-

"ဗလဝသဒ္ဓေါ ဟိ မန္ဒပညော မုဓပ္ပသန္နော ဟောတိ။ အဝတ္ထုသ္မိံ ပသီဒတိ။ ဗလဝပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ။ ဘေသဇ္ဇသမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ။ စိတ္တုပ္ပါဒမတ္တေနေဝ ကုသလံ ဟောတီ'တိ အတိဓာဝိတွာ ဒါနာဒီနိ ပုညာနိ အကရောန္တော နိရယေ ဥပ္ပဇ္ဇတိ။ ဥဘိန္နံ ပန သမတာယ ဝတ္ထုသ္မိံ ယေဝ ပသီဒတိ။

*(သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ ၂၆၄။ ဝိသုဒ္ဓိမဂ်၊ ၁။ ၁၂၆။)*

ဟူ၍ သဒ္ဓါနှင့်ပညာကို အညီအမျှ ဖြစ်စေရမည်-ဟု မိန့်ဆိုတော်မူပါသည်။

http://www.dhammadownload.com



**အနက်ကား။** ။ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဗလဝသဒ္ဓေါ၊ သဒ္ဓါတရား အားကောင်းသော။ ဝါ၊ သဒ္ဓါတရားထက်သန်သော။ မန္ဒပညော၊ အသိဉာဏ် နည်းပါးသောသူသည်။ မုဓပ္ပသန္နော၊ ပညာမရှိသည့်အတွက်ကြောင့် အလွဲလွဲ အမှားမှား ကြည်ညိုတတ်သည်။ ဟောတိ၊ ဖြစ်၏။ အဝတ္ထုသ္မိံ၊ မကြည်ညိုသင့် မကြည်ညိုထိုက်သော အရာဝတ္ထု၌။ ပသီဒတိ၊ ကြည်ညိုမိတတ်၏။ ဗလဝပညော၊ ပညာအားကောင်းသော။ ဝါ၊ ပညာလွန်ကဲသော။ မန္ဒသဒ္ဓေါ၊ သဒ္ဓါတရား နည်းပါးသူသည်။ ဝါ၊ သဒ္ဓါတရား ခေါင်းပါးသောသူသည်။ ကေရာဋိကပက္ခံ၊ စဉ်းလဲကောက်ကျစ်သူ၏ အဖို့သို့။ ဘဇတိ၊ ကပ်ရောက်တတ်၏။ ဘေသဇ္ဇသမုဋ္ဌိတော၊ ဆေးကြောင့်ဖြစ်သော။ ဝါ၊ ဆေးမှားသော။ ရောဂေါ၊ အနာရောဂါသည်။ အတေကိစ္ဆော ဝိယ၊ ဆေးကုခက်သကဲ့သို့။ တထာ၊ ထို့အတူ။ အတေကိစ္ဆော၊ အကုအသ ခက်သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တုပ္ပါဒမတ္တေနေဝ၊ စိတ်ဖြစ်ရုံသက်သက်ဖြင့်သာလျှင်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ အတိဓာဝိတွာ၊ အလွဲလွဲ အချော်ချော် မတော်ရာသို့ ပြေးသွား၍။ ဒါနာဒီနိ၊ ဒါနအစရှိကုန်သော။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့ကို။ အကရောန္တော၊ မပြုဘဲ။ နိရယေ၊ ငရဲ၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်ရတတ်၏။ ပန၊ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ဆိုဦးအံ့။ ဥဘိန္နံ၊ သဒ္ဓါနှင့်ပညာ နှစ်ပါးတို့၏။ သမတာယ၊ ညီမျှကုန်သည် အဖြစ်ကြောင့်။ ဝတ္ထုသ္မိံ ယေဝ၊ ကြည်ညိုသင့် ကြည်ညိုထိုက်သော အရာဝတ္ထု၌သာလျှင်။ ပသီဒတိ၊ ကြည်ညို၏။ တသ္မာ၊ ထို့ကြောင့်။ သဒ္ဓါပညာနံ၊ သဒ္ဓါ၊ ပညာတို့၏။ သမတံ၊ မယုတ်မလွန်၊ နှစ်တန်ညီမျှ၊ ပြည့်စုံကြကုန်သည်ကိုသာ။ ပသံသန္တိ၊ ပညာရှိတို့ ချီးမွမ်းကြကုန်၏။

ထို့ကြောင့် ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးကလည်း **မဃဒေဝလင်္ကာကြီး၌** —

"လောကီဓမ္မတာ၊ လူတို့မှာလျှင်၊ သဒ္ဓါမဆွန့်၊ တွန့်၍ဖြိုးဝှန်၊ ဉာဏ်မလွန်နှင့်၊ သားမွန်လိမ္မာ၊ ဤအရာ၌၊ ပညာမဖက်၊ သဒ္ဓါထက်က၊ နက်၏ဆင်းရဲ၊ အမြဲမှန်စွာ၊ သဒ္ဓါနှုန့်ဆွန့်၊ တွန့်၍ဉာဏ်ကွန်၊ ပညာလွန်သော်၊ ဝက်န်ကောက်ကျစ်၊ ကျိုးမဖြစ်ဘူး၊"

*(မဃဒေဝ။ ပိုဒ်ရေ-၁၉၂)*

http://www.dhammadownload.com



-ဟူ၍ သဒ္ဓါနှင့် ပညာကို အညီအမျှ ထားရမည်။ တပါးပါးဆွန့်၍၊ တခုခု လွန်ခဲ့သော် အကျိုးမဲ့ ဖြစ်တတ်ကြောင်းကို မိန့်ဆိုတော်မူခဲ့ပါသည်။

ရှေးပညာရှိတို့ကလည်း "သဒ္ဓါလွန်လျှင် တွန့်တတ်သည်။ ပညာလွန်လျှင် ဆွန့်တတ်သည်"ဟု ဆိုတော်မူကြကုန်သေး၏။

တွန့်ဆိုသောစကားသည် ပြုလုပ်ကျင့်ကြံ လှူဒါန်းမိသမျှ အလကားပါပဲ-ဟု မှတ်ထင်၍ မယုံကြည်ဘဲ နေသည်မျိုးကို ခေါ်၏။

ပညာလွန်လျှင် ဆွန့်၏ဆိုသောစကားမှာ ဝိပဿနာသာလျှင် အကျိုးရှိ၏။ သမထဘာဝနာနှင့် ဒါန,သီလတို့ကား အကျိုးမရှိ၊ သံသရာရှည်၏ စသည်ဖြင့် ဒါနကို ကဲ့ရဲ့, သီလကို အပြစ်တင်, သမထကို မပြုချင်သူတို့၏, အဘိဓမ္မာ ဒေသနာတော်ကို နှံ့နှံ့စပ်စပ် မတတ်မြောက်သည့်အတွက်ကြောင့် မနူးမနပ် ဖြစ်နေသော ပညာသည် သုတ္တန်ဒေသနာနှင့် ဝိနည်းဒေသနာတို့ကို အဘိဓမ္မာ ဒေသနာတော်နှင့် နှီးနှော့ညီညွတ်အောင် မယူတတ်ကြသည်ဖြစ်၍ ကြံကြီးစည်ရာ ထင်မိထင်ရာ ထင်နေသော ပညာသည် ထိုသူတို့ကို ပျက်စီးအောင် ဖျက်ဆီးတတ်၊ ဆွန့်အသွားသူတို့ကဲ့သို့ အကျိုးမဲ့ကို ဖြစ်စေတတ်သောကြောင့် "ပညာလွန်လျှင် ဆွန့်၏"ဟု ဆိုတော်မူခြင်း ဖြစ်၏။

ထို့ကြောင့် ဝိဘင်းအဋ္ဌကထာကြီး၌ "ဆေးကြောင့်ဖြစ်သော အနာရောဂါသည် (ဆေးမှားသော ရောဂါသည်) ဆေးကုခက်သကဲ့သို့ သဒ္ဓါတွန့်၍ ပညာကွန့်သူများသည် ကောက်ကျစ်စဉ်းလဲတတ်သော သဘောရှိ၍ အပါယ် ၄-ပါးသို့ ကျရောက်တတ်ကြောင်းကို မိန့်ဆိုတော်မူခြင်း ဖြစ်ပေသည်။ (သတိထားတော်မူကြပါကုန်။)

*(ဤကား သဒ္ဓါစရဏနှင့် ပြည့်စုံတော်မူပုံတည်း။)*

* * * * *

http://www.dhammadownload.com



## သတိစရဏနှင့် ပြည့်စုံတော်မူပုံ

**သတိစရဏ**တရားလည်း ဘုရားရှင်ကိုယ်တော်မြတ်၌ အလွန့်အလွန် ပင် ပြည့်စုံတော်မူပါပေ၏၊ ပြည့်စုံပုံကား သတိဆိုသည်မှာ အပိလာပလက္ခဏာ သဘောရှိသည်ဖြစ်၍ ထိုထိုအာရုံတို့၌ မြုပ်နေခြင်း၊ တခြားသို့ မျောရွေ့မသွား ခြင်း၊ စူးစိုက်နေခြင်း၊ မမေ့ခြင်း၊ သတိရခြင်းကို သတိ-ဟု ခေါ်သည်။

- ထိုသတိသည် အတိတ်ကာလ၌ **ပုဗ္ဗေနိဝါသာ'နုဿတိ အဘိညာဏ်**နှင့် ယှဉ်၏။

အဘယ့်ကြောင့်နည်းဟူမူ ဘဝများစွာ ကမ္ဘာများစွာ သံသရာ အဆက် ဆက်က ဖြစ်ခဲ့သမျှသော ကိုယ်တော်မြတ်၏အဖြစ်, သူတစ်ပါးတို့၏အဖြစ်တို့ကို အမျိုးအမည်၊ အလုပ်အကိုင်၊ အနေအထိုင်၊ အစားအသောက်၊ အသက်အပိုင်း အခြား၊ သား, မယား, မိဘတို့နှင့်တကွ သိတော်မူလို၍ ဆင်ခြင်လျှင် သတိထား မိသည်ချည်း ဖြစ်၏။ မေ့နေသည်ဟူ၍ကား ဘာမျှမရှိ၊ သို့ဖြစ်၍ ပုဗ္ဗေနိဝါသာ'-နုဿတိ အဘိညာဏ်နှင့် ယှဉ်၏။

- နောင်အနာဂတ်အာရုံတို့၌ သတိထားသော သတိသည်ကား **အနာ-ဂတံသအဘိညာဏ်၊ ဒိဗ္ဗစက္ခုအဘိညာဏ်**တို့နှင့် ယှဉ်၏။

- သိစရာရှိသမျှ ဉေ ယျဓမ္မတို့ကို သိတော်မူရာ၌ **အနာဝရဏဉာဏ်၊ သဗ္ဗညုတဉာဏ်တော်**တို့နှင့် ယှဉ်၏။

အလွန်လျှင် ခက်ခဲနက်နဲ ရှုပ်ထွေးလှစွာသော အဘိဓမ္မာဒေသနာ တော်ကို ဟောတော်မူခြင်း၊ ထိုအဘိဓမ္မာဒေသနာတော်တွင်လည်း နည်းနယ တွေ အနန္တဖြစ်၍ နည်းပေါင်းစုံလင် သာ၍ပင် ခက်လည်း ခက်၊ နက်လည်းနက်၊ ကျယ်လည်း ကျယ်ဝန်းသော ပဋ္ဌာန်းဒေသနာတော်ကြီးကို ဟောတော်မူသော အခါ၌ သတိသည် ဒေသနာဉာဏ်တော်နှင့် အတူယှဉ်၍ ဖြစ်၏။ အလွန် အံ့ဩစရာကောင်းသော ဉာဏ်တော်ကြီး, သတိတော်ကြီးတို့ပါပေတည်း။

http://www.dhammadownload.com



မှန်ပါသည်၊ ထိုပဋ္ဌာန်းဒေသနာတော်ကြီးတွင် ဓမ္မသင်္ဂဏီပါဠိတော်၌ ခေါင်းစဉ်တပ်၍ ဟောခဲ့သော ကုသလတိက်စသော တိက်ပေါင်း၂၂-တိက်တို့နှင့် ပရမတ္ထတရား ၄-ပါးတို့ကို ၂-ဖို့,၂-စု,၂-မျိုးပြု၍ ဟောတော်မူအပ်သော ဒုကမာတိကာပေါင်း ၁၀၀-ကျော်သော တရားတို့၏ အမျိုးအမည်၊ သဘော လက္ခဏာတို့ကို ဟေတုပစ္စည်း စသော ၂၄-ပါးသောပစ္စည်း အကြောင်းအရာ တို့ဖြင့် ကျေးဇူးပြုပုံ၊ ဖြစ်ပုံ၊ ပြိုင်ပုံစသော အကြောင်းအရာတို့ကို စကားလည်း မရှုပ်၊ သဘောသွားလည်း မရှုပ်စေဘဲ ၃-လနှင့် ပြီးဆုံးအောင် ဟောကြားတော် မူနိုင်သော ဉာဏ်တော်သည် သတိတော် အလွန်ကောင်း၍သာ ဟောကြားတော် မူနိုင်ခြင်း ဖြစ်ပါသည်။

အရှုပ်အထွေးဆုံး, အခက်ဆုံး, အနက်ဆုံး, အကျယ်ဆုံးဖြစ်၍ သင်ကြား ပို့ချသော ပုဂ္ဂိုလ်များပင် ကုသလတိက်မျှကိုသာ ပို့ချသင်ကြားနိုင်ကြ၏၊ ကျန် ၂၁-တိက်နှင့် ဒုကမာတိကာ ၁၀၀-ကျော်တို့ကို ဘယ်လိုပင် သင်သင်၊ ဘယ်လိုပင် ပို့ချပို့ချ၊ ဘယ်လိုဟောပြလို့မှ ကုန်နိုင်တော့မည့် တရားတွေ မဟုတ်ပါကလား- ဟု ညည်းညူ မျှော်မှန်း၍ တမ်းတအံ့သြပြီးလျှင် သတိတော်ထားသမျှလည်း ဉာဏ်တော်က သိ၊ ဉာဏ်တော်က သိသမျှလည်း သတိတော်က ထားတော်မူ ပါပေသည်၊ ကြည်ညိုမြတ်နိုး၍ အားကိုးရာစင်စစ် အမှန်ပင် ဖြစ်ပါပေသည်- ဟု ဘုရားမြတ်ကို သိမြင်ခဲ့ကြ၊ ဖူးတွေ့ခဲ့ကြရတော့သည်၊ “မြောမယုံ ကိုယ်တွေ့ကြုံမှ သိရမည်”ဆိုသော စကားကဲ့သို့ အားလုံးသော ပရိသတ်အပေါင်းတို့ ကိုယ်တိုင် သင်ကြား၍ ကြည့်ကြစမ်းပါကုန်လော့။

* * * * *

http://www.dhammadownload.com



## တရားတော်ကို ကိုယ်တိုင် သင်ယူ, ကျင့်ကြံမှ ဘုရားရှင်ကို အမှန်ဖူးမြင်ရမည်

ဘုရားရှင်၏ သတိတော်နှင့်ဉာဏ်တော်ကို ကြည်ညိုကြရအောင် ပဋ္ဌာန်းဒေသနာတော်သို့ မရောက်မီ ဓာတုကထာကျမ်းကို သင်ယူမိကတည်းက ဘုရားရှင်၏ ဉာဏ်တော်ကိုလည်း မြင်၊ သတိကောင်းပုံကိုလည်း စတင်၍ သိနိုင်လောက်ပါပြီ၊ ဘုရားကို တွေ့ပြီ၊ ဘုရားကို မြင်ပြီ-ဟူ၍လည်း ဆိုထိုက်၏။

အဘယ့်ကြောင့်နည်းဟူမူ တရားတော် အသွား,အလာ ဆန်းကြယ်ပုံ၊ ခမ်းနားပုံ၊ အံ့မခန်းဖြစ်ပုံတို့ကို တွေ့မြင်ကြရ သင်ယူကြရသဖြင့် သတိတော်, ဉာဏ်တော်တို့၏ ကောင်းပုံ ထက်မြက်ပုံတို့ကို သိကြရပြီး၊ ဘုရားရှင်၏ ရူပကာယတော်ကို မမီလိုက်၍ မဖူးရစေကာမူ၊ ဓမ္မကာယဖြစ်သော ဘုရားမြတ်ကိုကား ကိုယ်တိုင် တွေ့ကြ, မြင်ကြ, ဖူးကြရမည်မှာ ဧကန်ဖြစ်သောကြောင့်ပေတည်း။

ထို့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကလည်း–

**"ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ"**

*(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ၃၊ ၉၈။ )*

ဟူ၍ပင် ဟောတော်မူခဲ့၏။

ဝက္ကလိ၊ ဝက္ကလိရဟန်း။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ ငါဘုရားဟောကြားတော်မူသော တရားကို။ ပဿတိ၊ သိမြင်၏။ သော၊ ထိုသိမြင်သူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ တွေ့မြင်သည် မည်၏။

"ငါဘုရားဟောကြားသော တရားတော်ကို မသိ, မမြင်, မသင်ယူကြလျှင် ငါ၏ ရူပကာယ ဗုဒ္ဓကို မြင်နေရ ဖူးနေရသော်လည်း ငါဘုရားကို တွေ့သည်, မြင်သည်, ဖူးမြင်ရသည် မမည်သေး၊ ငါဟောကြားအပ်သော တရားတော်များကို သင်ယူကြ, နာကြားကြ, ကျင့်ကြံပွါးများကြ၍ သိမှ မြင်မှသာလျှင် ငါဘုရားကို တွေ့မြင်ရ ဖူးမြော်ရသည် မည်ပေသည်"ဟူ၍ ဟောတော်မူခဲ့၏။

http://www.dhammadownload.com



မှန်လှပေ၏၊ တရားတော်ဟူသည် ဤသူကား ဘုရားစစ်၊ ဘုရားမှန် ကေန်ပေတည်း-ဟု သက်သေခံသူ၊ ဘုရားစစ်, ဘုရားမှန်ကို ညွှန်ပြသူနှင့် တူ၏၊ ထို့ကြောင့် ဘုရားစစ်, ဘုရားမှန်ကို ဖူးမြင်လိုလျှင် ဘုရားကို ထင်ရှားအောင် ပြတတ်သော တရားတော်ကို သိအောင် သင်ကြားရပေမည်၊ နာယူကြရပေမည်၊ ကျင့်ကြံပွါးများကြရပေမည်၊ တရားတော်ကို မမြင်, မသိရသေးလျှင်ကား ဘုရားရှင်၏ ခန္ဓာကိုယ် ရူပကာယကို တွေ့မြင်နေရသော်လည်း ဘုရားမှန်း မသိကြသည့် အတွက်ကြောင့် ဘုရားရှင်ကို မတွေ့မြင်ကြသူ၊ မဖူးမြော်ရသူဟူ၍သာ ဆိုရပေမည်ဖြစ်ပေသည်။

ထို့ကြောင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ ဓမ္မစကြာတရားဦးကို ဟောတော်မူရန် မဟာဗောဓိမဏ္ဍိုင်မှ ၁၈-ယူဇနာ ဝေးကွာသော ဗာရာဏသီပြည် အနီး မိဂဒါဝုန်တောသို့ ဘုရားရှင် ကြွတော်မူစဉ်က ပဉ္စဝဂ္ဂီရသေ့ ၅-ဦးတို့သည် ဘုရားရှင်ကိုယ်တော်မြတ်ကို တွေ့မြင်ရသော်လည်း တရားတော်ကို မသိကြသေးသည့်အတွက်ကြောင့် ဘုရားမှန်း မသိနိုင်ခဲ့ကြပေ၊ ထို့ကြောင့် အနွယ်တော်ဖြစ်သော ဂေါတမ-ဟူသော အမည်ဖြင့် ဘုရားရှင်ကို ခေါ်ဝေါ်ခဲ့ကြ၏။ ခရီးဦးမကြိုရန်, သပိတ်သင်္ကန်းတို့ကို လှမ်း၍ မယူရန်, ခြေဆေးရေ မတည်ရန် ကတိကဝတ်ကိုလည်း ညှိနှိုင်းတိုင်ပင်၍ ပြုလုပ်ခဲ့ကြသေး၏။

ထို့နောက်မှ ဘုရားဖြစ်ကြောင်း သက်သေခံဖြစ်သော အဆူဆူသော ဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သည့် ဘုရားပြ ဓမ္မစကြာတရားကို ဟောကြားတော်မူ၍ တရားတော်ကို နာကြားကြရ၊ တရားတော်ကို သဘောကျ သိရှိကြမှသာလျှင် ဘုရားစစ်, ဘုရားမှန် ကေန်ဖြစ်တော်မူသော မြတ်စွာဘုရားပါကလား-ဟု သိကြကုန်လျက် တပည့်ခံ၍ ရဟန်းပြုရန် အခွင့်တောင်းပြီးလျှင် ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရတော်မူကြလေကုန်၏။ ထို့ကြောင့် ဘုရားရှင်ကို ကိုယ်တိုင်တွေ့မြင် ဖူးမြော်ကြရလေအောင် တရားတော်ကို ကြိုးစား၍ သင်ယူ၊ နာကြား၊ ပွါးများ အားထုတ်ကြပါကုန်လော။

* * * * *

http://www.dhammadownload.com



## ပိုလွန်သည်ဟူ၍ မရှိသောတရား

ဤသို့လျှင် ဘုရားရှင်ကိုယ်တော်မြတ်သည် သတိ-ဟု ဆိုအပ်သော စရဏတရားကို ဘယ်အခါမှ မလွတ်စေဘဲ တရားဟောပြီး အဆုံး၌လည်းကောင်း တရားတစ်ပုဒ်, တစ်ပါဒ, တစ်ဝါကျ, တစ်ဂါထာ, ဓမ္မက္ခန္ဓာတစ်ခု တစ်ခုတို့၏ အကြား၌လည်းကောင်း အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားမိအောင် သတိထား၍ ဝင်စားတော်မူသေး၏၊ သတိတော်ထားပုံကို ကြည့်လိုက်ကြစမ်းပါကုန်လော၊ သြော် အံ့သြစရာ သတိရှိတော်မူတဲ့ ဘုရားမြတ်ပါပေပဲ။ သတိဆိုသည် ပိုလွန်သည်ဟူ၍ ဘယ်အခါမှ မရှိ၊ လို၍ နေသည်ချည်းသာ များကြလေ၏၊ ထို့ကြောင့် အဋ္ဌကထာကြီးတို့၌—

> "သာ(သတိ) လောဏဓူပနံ ဝိယ သဗ္ဗဗျဉ္ဇနေသု၊ သဗ္ဗကမ္မိကအမစ္စော ဝိယ စ သဗ္ဗရာဇကိစ္စေသု သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗာ"—

ဟူ၍ မိန့်ဆိုတော်မူကြကုန်၏။

သာ သတိ၊ ထိုသတိတရားကို။ သဗ္ဗဗျဉ္ဇနေသု၊ ခပ်သိမ်းကုန်သော ဟင်းတို့၌။ လောဏဓူပနံ၊ ဆားခတ်ခြင်းကို။ ဣစ္ဆိတဗ္ဗံ ဝိယ စ၊ အလိုရှိအပ်သကဲ့သို့ လည်းကောင်း။ သဗ္ဗရာဇကိစ္စေသု၊ ခပ်သိမ်းကုန်သော မင်း၏ အမှုကိစ္စတို့၌။ သဗ္ဗကမ္မိကအမစ္စော၊ အလုံးစုံသောအမှုကိစ္စတို့၌ ယှဉ်သော အမတ်ကို။ ဣစ္ဆိတဗ္ဗော ဝိယ စ၊ အလိုရှိအပ်သကဲ့သို့လည်းကောင်း။ တထာ၊ ထို့အတူ။ သဗ္ဗတ္ထ၊ ခပ်သိမ်းကုန်သော နေရာတို့၌။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်၏။

ရှေးပညာရှိကြီးများကလည်း "သွား သတိ, လာ သတိ, နေထိုင်လျှင်လည်း သတိ, စားသောက်ပြန်လျှင်လည်း သတိရှိကြစေ"ဟူ၍ ဆုံးမလေ့ရှိကြကုန်၏၊ ဘုရားရှင်ကိုယ်တော်မြတ်ကလည်း မဟာသတိပဋ္ဌာနသုတ်ကြီး တစ်သုတ်လုံးပင် အရာရာ၌ သတိထားကြရမည်ဟု ဟောတော်မူခဲ့ပေ၏၊ ပရိနိဗ္ဗာန်ပြုတော်မူကာနီး ဈာန်ကို ဝင်စားတော်မူမည့် အခါကြီးတွင်လည်း–

http://www.dhammadownload.com



"အပ္ပမာဒေန သမ္ပာဒေထ"

"အပ္ပမာဒေန၊ မမေ့လျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံ၍ နေရစ်ကြကုန်လော"

ဟု ၄၅-ဝါ ကာလပတ်လုံး ဟောခဲ့သမျှ တရားတော်များကို သတိတရား တစ်ပါး တည်းဖြင့် အကျဉ်းချုံး၍ နောက်ဆုံး ဗုဒ္ဓပါဝစနအဖြစ် နိဂုံးချုပ်၍ ဆုံးမတော်မူခဲ့ လေ၏၊ ၎င်းထုံးကို နှလုံးပြုကြကုန်လျက် ရဟန်းတော် အရှင်မြတ်တို့ကလည်း သီလပေး၍ အပြီးတွင် အပ္ပမာဒေန သမ္ပာဒေထ-ဟု ဆုံးမလေ့ရှိကြရ၏၊ ထို့ကြောင့် သတိစရဏတရားကို အမြဲ လက်ကိုင်ထားကြပါကုန်လော့။

*(ဤကား သတိစရဏတရားနှင့် ပြည့်စုံတော်မူပုံတည်း။)*

ဗဟုဿုတ-ဟု ဆိုအပ်သော စရဏတရားဟူသည်မှာ အလွန်ပင် ထင်ရှား၏၊ ပညာစရဏလည်း များပြားထင်ရှား၏၊ ဟိရီ, ဩတ္တပ္ပစရဏတို့လည်း သိသာပေါ်လွင်၏။

ထိုဟိရီ, ဩတ္တပ္ပ တရား ၂-ပါးကို-

- "လောကပါလ"တရားဟူ၍လည်း ဟောတော်မူ၏၊
- နတ်ဖြစ်ကြောင်းတရားဖြစ်၍ "ဒေဝဓမ္မ"တရား ၂-ပါးဟူ၍လည်း ဟော တော်မူ၏၊
- မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ ရောက်ကြောင်း အခြေပါဒဖြစ်၍ "စရဏ"တရားဟူ၍လည်း ဟောတော်မူ၏။

*(သဒ္ဓါရိုသဓမ္မ စရဏတရား ၇-ပါး၏ အကျယ် ဤတွင် ပြီး၏။)*

* * * * *

http://www.dhammadownload.com



## ရူပါဝစရဈာန် ၄-ပါး စရဏတရားတို့နှင့် ပြည့်စုံတော်မူပုံ

- ရူပါဝစရဈာန် ၄-ပါး စရဏတရားတို့ကား ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟူသော အင်္ဂါ ၅-ပါးရှိသော ပထမဈာန်၊
- ဝိတက်, ဝိစာရ မပါဘဲ၊ ပီတိ, သုခ, ဧကဂ္ဂတာ အင်္ဂါ ၃-ပါးရှိသော ဒုတိယဈာန်၊
- ဝိတက်, ဝိစာရ, ပီတိ မပါဘဲ၊ သုခ, ဧကဂ္ဂတာ အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော တတိယဈာန်၊
- သုခမပါဘဲ၊ ဥပေက္ခာ, ဧကဂ္ဂတာ အင်္ဂါ ၂-ပါးရှိသော စတုတ္ထဈာန်-

ဟူ၍ ၄-ပါး ဖြစ်သတည်း။

ထိုစကားရပ်၌ ဈာန်ဆိုသည်မှာ အာရုံကပ်၍ ရှုခြင်းသဘောရှိသော ဝိတက်ကို ခေါ်၏၊ ထိုဝိတက်သည် အာရုံ၌ စိတ်ကို ကပ်၍ ရှုစေခြင်းသဘော လက္ခဏာ ရှိ၏။

ထို့ကြောင့် -

| | |
|---|---|
| ပထဝီကသိုဏ်း စသော ကသိုဏ်း | ၁၀-ပါး |
| အသုဘ | ၁၀-ပါး |
| မေတ္တာ, ကရုဏာ, မုဒိတာ-ဟူသော ဗြဟ္မဝိဟာရတရား | ၃-ပါး |
| အာနာပါနကမ္မဋ္ဌာန်း | ၁-ပါး |
| ဆံစသော ကာယဂတာသတိကမ္မဋ္ဌာန်း | ၁-ပါး |
| | ပေါင်း ၂၅-ပါး- |

သော ကမ္မဋ္ဌာန်းတို့တွင် မိမိတို့ကြိုက်နှစ်သက်ရာ ထင်လွယ် မြင်လွယ်ရာ ကမ္မဋ္ဌာန်း တစ်ခုခုကို အာရုံပြု၍ မိမိစိတ်ကို အခြားသောအာရုံသို့ လွတ်ထွက်ပြီး

http://www.dhammadownload.com



မသွားမရောက်ရအောင် ဝိတက်သန်သန်နှင့် ရှုဖန်များလတ်သော် နိမိတ် ၃-ပါး ထင်လာ၏၊ ရှေးဦးစွာ မျက်စိကို ဖွင့်၍ ကြည့်ရှုခိုက် ပရိကမ္မဘာဝနာဖြင့် မြင်ရသော နိမိတ်ကို ပရိကမ္မနိမိတ်-ဟု ခေါ်၏၊ ထိုပရိကမ္မနိမိတ်ကို ကြည့်၍ တည်ငြိမ်နေသော သမာဓိကြောင့်ဖြစ်သော စိတ်၏ တည်ကြည်ခြင်းကို ပရိကမ္မသမာဓိ-ဟု ခေါ်၏။

ထိုပရိကမ္မသမာဓိနှင့် ယှဉ်သောစိတ်ဖြင့် ပရိကမ္မနိမိတ်ကိုပင်လျှင် အဖန်ဖန် အထပ်ထပ် ပွါးများဆင်ခြင်အပ်၏၊ ပွါးများ ရှုမှတ်ပါများ၍ ပရိကမ္မ-နိမိတ်ကို မျက်စိဖြင့် ကြည့်ရှုသည့်အခါ တွေ့မြင်ရသကဲ့သို့ မနောဒွါရ-ဟု ဆိုအပ်သော စိတ်ထဲ၌ ဥပစာရဘာဝနာ၏ အစွမ်းဖြင့် စွဲစွဲမြဲမြဲ ထင်မြင်လာလျှင် ဥဂ္ဂဟနိမိတ်-ဟု ခေါ်၏၊

ငင်းဥဂ္ဂဟနိမိတ်ကို အာရုံပြု၍ တည်ကြည်ငြိမ်သက်နေသော သမာဓိကို ဥပစာရသမာဓိ-ဟု ခေါ်၏၊ ဝိတက် ထက်သန်အားကောင်းမှ ၎င်းဥပစာရ သမာဓိ ဖြစ်၏၊ ဝိတက်ထက်သန်အားကောင်းရန်လည်း သဒ္ဓါ, သတိ, ဝီရိယတို့ ထက်သန် အားကောင်းဖို့ လို၏၊ ထိုသဒ္ဓါ, သတိ, ဝီရိယတို့ ထက်သန်အားကောင်း ဖို့ရန်လည်း ကာမစ္ဆန္ဒနီဝရဏ အစရှိသော နီဝရဏ ၅-ပါးတို့၏ နှောင့်ယှက်ခြင်း ဘေးမှ ကင်းဝေးစင်ကြယ်ဖို့ အရေးကြီးပြန်၏၊ ၎င်းနီဝရဏတို့ မနှောင့်မယှက် နိုင်ရန်လည်း ရှိရှိသမျှ ကာမအာရုံတို့ကို စွန့်လွှတ်ခြင်း၊ အရေးမလုပ်ခြင်း၊ ပစ်ပယ်ခြင်း စာဂနှင့် ဖြူစင်သောသီလတို့ ပြည့်စုံဖို့လည်း အရေးကြီး၏။

ရှိရှိသမျှ ကာမအာရုံတို့ကို စွန့်ပယ်ပြီး အကျင့်သီလကို စင်ကြယ်အောင် စောင့်ထိန်းနိုင်မှသာလျှင် သဒ္ဓါ, သတိ, ဝီရိယတို့ ထက်သန်အားကောင်း၍ သမာဓိ အားရှိလာနိုင်၏၊ သမာဓိအားရှိလာမှသာလျှင် ကပ်၍ ရှုတတ်သော ဝိတက်က သမ္ပယုတ်တရားတို့ကို ကမ္မဋ္ဌာန်းအာရုံသို့ ကောင်းစွာတင်ပို့ပေးသဖြင့် ရရှိပြီးသော ဥဂ္ဂဟနိမိတ်သည် မပျောက်ပျက်ဘဲ ဆက်လက်တည်တံ့ပြီး ကြည် ကြည်လင်လင် သန့်သန့်ရှင်းရှင်း ကွင်းကွင်းကွက်ကွက်ဖြစ်၍ ပိုမိုထင်ရှား ပြတ်သားစွာ ထင်လာ၏၊ ဤသို့ ထင်ရှားပြတ်သားစွာ ထင်လာသော နိမိတ်ကို ပဋိဘာဂနိမိတ်-ဟု ခေါ်၏။

http://www.dhammadownload.com



ဤပဋိဘာဂနိမိတ်သည်–

- ကြေးညှိမတက်အောင် အိတ်ထဲသို့ ထည့်၍ သိမ်းဆည်းရာမှ ထုတ်ယူအပ်သည့် ကြည်လင်သော ကြေးမုံမှန်ပြင်ကဲ့သို့လည်းကောင်း
- ကောင်းစွာ ပွတ်တိုက်ဆေးကြောထားအပ်သော ခရုသင်းကဲ့သို့လည်းကောင်း
- တိမ်တိုက်ကြားမှ ထွက်ပြူလာသော လပြည့်ဝန်းကဲ့သို့လည်းကောင်း
- မည်းမှောင်နေသော မိုးသားတိမ်တိုက်တို့ကို နောက်ခံထား၍ ပျံသန်းသွားကြသော ဗျိုင်းဖြူတို့ကဲ့သို့လည်းကောင်း–

ဥဂ္ဂဟနိမိတ်ထက် အဆပေါင်းများစွာ ကြည်လင်ပြတ်သား ထင်ရှား၏။

**ပဋိဘာဂနိမိတ္တံ ထဝိကတော နိဟာတာ'ဒါသမဏ္ဍလံ ဝိယ သုဓောတသင်္ခထာလံ ဝိယ ဝလာဟကန္တ'ရာ နိက္ခန္တစန္ဒမဏ္ဍလံ ဝိယ မေဃမုခေ ဗလာကာ ဝိယ ဥဂ္ဂဟနိမိတ္တံ ပဒါလေတွာ နိက္ခန္တမိဝ တတော သတဂုဏံ သဟဿဂုဏံ သုပရိသုဒ္ဓံ ဟုတွာ ဥပဋ္ဌာတိ။**

*(ဝိသုဒ္ဓိမဂ် -၄ -ပ-၁၂၂ )*

**အနက်ကား။** ။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ထဝိကတော၊ အိတ်တွင်းမှ။ နိဟာတာ'ဒါသမဏ္ဍလံ ဝိယ စ၊ ထုတ်ယူအပ်သော ကြေးမုံ မှန်ပြင်ကဲ့သို့ လည်းကောင်း။ သုဓောတသင်္ခထာလံ ဝိယ စ၊ ကောင်းစွာပွတ်တိုက် ဆေးကြောထားအပ်သော ခရုသင်း သောက်ရေခွက်ကဲ့သို့ လည်းကောင်း၊ ဝလာဟက'န္တရာ၊ မိုးတိမ်တိုက်ကြားမှ။ နိက္ခန္တစန္ဒမဏ္ဍလံ ဝိယ စ၊ ထွက်ပြူလာသော လပြည့်ဝန်းကဲ့သို့လည်းကောင်း။ မေဃမုခေ၊ မိုးတိမ်ဝ၌။ ဗလာကာ ဝိယ စ၊ ဗျိုင်းဖြူကဲ့သို့လည်းကောင်း။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ ပဒါလေတွာ၊ ဖောက်ခွဲ၍။ နိက္ခန္တံ ဣဝ၊ ထွက်ပေါ်လာသကဲ့သို့။ တတော၊ ထိုဥဂ္ဂဟနိမိတ်ထက်။ သတဂုဏံ၊ အဆတစ်ရာ။ သဟဿဂုဏံ၊ အဆပေါင်းတစ်ထောင်။ သုပရိသုဒ္ဓံ၊ အလွန်စင်ကြယ်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ ရှေးရှုထင်လာ၏။

http://www.dhammadownload.com



## ပထမဈာန်ကို ရတော်မူပုံ

ဤသို့ ပဋိဘာဂနိမိတ်ထင်လျှင် ယောဂီပုဂ္ဂိုလ်၏ နာမ်ခန္ဓာအစဉ်၌ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောစိတ်နှင့်တကွ ယှဉ်ဖက်ဖြစ်သော စေတသိက် ၃၈-ပါးတို့သည် အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်လာကြကုန်၏။ ကာမာဝစရ မဟာကုသိုလ်ဇောစိတ် ဖြစ်ပြီးနောက် ပဋိဘာဂနိမိတ်ကိုသာ မတုန်မလှုပ် စူးစိုက်၍ ရှုမှတ်နေသော တောင်တောင်,မြောက်မြောက် ကမောက်ကမ ကာမ အာရုံတို့ကြောင့် မပျက်မစီးသော သိပ်သည်းကျစ်လျစ် တခဲနက်ကဲ့သို့ ဖြစ်၍ နေသော စိတ်သည် ဝိတက်, ဝိစာရစသော စေတသိက် ၃၅-ပါးတို့နှင့် အတူတကွ တပြိုင်နက်ဖြစ်ပေါ်၍ လာကြကုန်၏။

ထိုစိတ်ကို ကမ္မဋ္ဌာန်း, နိမိတ်အာရုံမှ တပါး အခြားသော အာရုံများသို့ မရွေ့ပြောင်းဘဲ ကမ္မဋ္ဌာန်း, နိမိတ် အာရုံတစ်ခုတည်း၌သာ ကပ်၍ ရှုတတ်သော ကြောင့် မဟဂ္ဂုတ်အပ္ပနာဈာန်စိတ်-ဟု ခေါ်၏၊ ယောဂီပုဂ္ဂိုလ်၏ နာမ်ခန္ဓာ အစဉ်တွင် ရှေးဦးပထမ စတင်၍ ဖြစ်ပေါ် လာသော ဈာန်စိတ်ဖြစ်သောကြောင့် **ပထမဈာန်စိတ်**-ဟုလည်း ခေါ်၏။

ထိုပထမဈာန်စိတ်နှင့် ယှဉ်သော စေတသိက် ၃၅-ပါးတို့တွင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော စေတသိက် ၅-ပါးတို့သည်၊ ကမ္မဋ္ဌာန်း အာရုံကို ကပ်၍ ရှုမှတ်ခြင်း၌ ပြဋ္ဌာန်းသောတရားများ ဖြစ်ကြသောကြောင့် မုချအားဖြင့် ဈာန်မည်၏။ ထိုဈာန်နှင့် ယှဉ်၍ဖြစ်သော စိတ်သည် ဈာန်စိတ် မည်၏။

ထိုပထမဈာန်စိတ်နှင့် အတူယှဉ်သော စေတသိက် ၃၅-ပါးတို့အနက် ပြဋ္ဌာန်းသောအားဖြင့် ဈာန်ဟုခေါ်သော –

- ဝိတက်စေတသိက်၏ သဘောကား ကသိုဏ်းစသော အာရုံနိမိတ်သို့ စိတ်ကို တင်ပေးခြင်း သဘောလက္ခဏာရှိ၏။
- ဝိစာရ၏ သဘောကား ဝိတက်တင်၍ပေးသော အာရုံကို သုံးသပ်ခြင်း သဘောလက္ခဏာရှိ၏၊

http://www.dhammadownload.com



- ပီတိ၏သဘောကား ထိုအာရုံကို ကြည့်ရှုရသဖြင့် နှစ်သက်ခြင်း သဘောလက္ခဏာရှိ၏၊
- သုခ၏သဘောကား ထိုနှစ်သက်ခြင်း ပီတိကြောင့် ချမ်းသာနေခြင်း သဘောပင်တည်း၊
- ဧကဂ္ဂတာ၏ သဘောကား တပါးသောအာရုံသို့ မပျံ့လွင့်ဘဲ ထိုကမ္မဋ္ဌာန်း နိမိတ်အာရုံ၌သာ တည်ငြိမ်နေသော သဘောလက္ခဏာပင်တည်း။

ဤ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးတို့သည် ဒါန, သီလ, ဥပစာရဘာဝနာ-ဟု ဆိုအပ်သော ကာမာဝစရကုသိုလ်တို့၌ ပါရှိကြသော်လည်း ထိုဒါန, သီလ, ဥပစာရ, ဘာဝနာ-ဟု ဆိုအပ်သော ကာမာ-ဝစရကုသိုလ်တရားတို့ အားကောင်းနေသောကြောင့် ဝိတက်, ဝိစာရ-စသော တရားတို့က ဈာန်အဖြစ်ဖြင့် မထွန်းကားနိုင်ကြသေးကုန်၊ ဤရူပါဝစရကုသိုလ် ရောက်မှ နီဝရဏတရားတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခွါနိုင်သည်ဖြစ်၍ အားရှိ လာသောကြောင့် ဈာန်တရားအဖြစ်ဖြင့် ထွန်းကားနိုင်ကြကုန်၏။

* * * * *

## ဒုတိယဈာန်ကို ရတော်မူပုံ

ဤသို့ ပဌမဈာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် ဝိတက်, ဝိစာရတို့၏ အပြစ်ကို မြင်လာ၏၊ အပြစ်မြင်ပုံကား ဉာဏ်ထက်မြက်သော တိက္ခပုဂ္ဂိုလ်သည် ငါရပြီးသော ပဌမဈာန်ကား ဝိတက်, ဝိစာရတို့က တင်ပို့ သုံးသပ်ပေးမှသာ အာရုံကို နှစ်သက်ခြင်းပီတိ, ချမ်းသာခြင်းသုခနှင့် တည်ငြိမ်ခြင်းဧကဂ္ဂတာကို ရနိုင်၏၊ ဝိတက်, ဝိစာရတို့ မပါလျှင် ထိုပီတိ, သုခ, ဧကဂ္ဂတာတို့ မဖြစ်နိုင်ဘဲရှိ၏၊ ဝိတက်, ဝိစာရတို့၏ အာရုံသို့ တင်ပို့ခြင်း၊ အာရုံကို သုံးသပ်ခြင်း သဘောကိစ္စတို့ လည်း ရုန့်ရင်းကြမ်းတမ်းသေး၏၊ ကိစ္စများသေး၏၊ သို့ဖြစ်၍ ဝိတက်, ဝိစာရတို့ မပါဘဲ ကသိုဏ်းစသော ကမ္မဋ္ဌာန်းအာရုံကို အာရုံပြု၍ ပီတိ, သုခ, ဧကဂ္ဂတာတို့ ဖြစ်လာအောင် အလေ့အလာပြု၍ ရှုပြန်၏။

http://www.dhammadownload.com



ဝိတက်, ဝိစာရတို့ ပါလာသေးလျှင်လည်း မပါအောင်, မဖြစ်အောင် အဖန်ဖန် လေ့လာပွါးများ၍ ကသိုဏ်းအာရုံကို ရှု၏၊ ထိုသို့ မိမိစိတ်ကို အလေ့ အလာပြု၍ ရှုဖန်များလတ်သော် ဝိတက်, ဝိစာရတို့ မပါဘဲ ကမ္မဋ္ဌာန်းအာရုံကို ရှုကာမျှနှင့်ပင် ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးနှင့်ယှဉ်သော ၂-ခုမြောက် ဖြစ်သော ဒုတိယဈာန်စိတ် ဖြစ်ပေါ်လာ၏၊ ထိုဒုတိယဈာန်စိတ်ဖြစ်သည့်အခါ၌ ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ပဌမဈာန်စိတ်ဖြစ်တုန်းကထက် ပို၍ သိမ်မွေ့ နူးညံ့လာ၏၊ ပီတိ, သုခ, ဧကဂ္ဂတာတို့ အထူးအားကောင်းလာသဖြင့် နှစ်သက်ပုံ, ချမ်းသာပုံ, တည်ငြိမ်ပုံတို့ သာလွန်၏၊ ပို၍ ကောင်းမွန်၏။

ဥပမာဆိုသော်-

- ကြမ်းတမ်းသော အစာအာဟာရကို စားသုံးရာ၌ ဝါး၍ နေရသည်နှင့် ဝိတက်တူ၏။
- လျှာဖြင့် ကလတ်၍ ပြုပြင်ပေးနေရသည်နှင့် ဝိစာရ တူ၏။
- ထိုသို့ စားသုံးရာတွင် ဝါး၍နေရခြင်း, လျှာဖြင့် ပြုပြင်ပေးရခြင်း၏ အပြစ်ဒုက္ခကို အလုပ်ပိုနေသည်ကို မြင်သည်နှင့် ဝိတက်, ဝိစာရတို့၏ အပြစ်ကို မြင်သော ပဌမ ဈာနလာဘီ ယောဂီပုဂ္ဂိုလ်တူ၏။

သို့ဖြစ်၍ မဝါးမချေရဘဲနှင့် ပြုပြင်မပေးရဘဲနှင့် အရသာကို သုံးဆောင် ခံစားလိုသော သူသည် နူးညံ့သိမ်မွေ့ပြီး အရသာရှိသော အာဟာရကို မှီဝဲသကဲ့သို့ ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးသာရှိသော ဒုတိယဈာန်ချမ်းသာကို ခံစားနိုင်အောင် ကသိုဏ်းအစရှိသော ကမ္မဋ္ဌာန်းအာရုံကို ရှုမှတ်ပွါးများလေ၏၊ ကမ္မဋ္ဌာန်းအာရုံနိမိတ်သည်လည်း ရှေးကထက် သာလွန်၍ သိမ်မွေ့လာ၏၊ ရရှိသော ဒုတိယဈာန် ချမ်းသာသည်လည်း ပဌမဈာန် သမာဓိချမ်းသာထက် သာလွန် ချမ်းသာ၏၊ သာလွန်၍ သိမ်မွေ့နူးညံ့၏။

ထို့ကြောင့် အသုဘ ၁၀-ပါး၊ ကာယဂတာသတိ ၁-ပါး၊ ပေါင်း ၁၁-ပါး သော ကမ္မဋ္ဌာန်းအာရုံများသည် ရုန့်ရင်း ကြမ်းတမ်းသည်ဖြစ်၍ ၎င်းဒုတိယဈာန် ကို မဖြစ်စေနိုင်၊ မရနိုင်ပေ၊ ကြွင်းသော ကသိုဏ်း ၁၀-ပါး အာနာပါန ၁-ပါး၊

http://www.dhammadownload.com



မေတ္တာ, ကရုဏာ, မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရ ၃-ပါး၊ ပေါင်း ၁၄-ပါးသော ကမ္မဋ္ဌာန်းတို့သာ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကို ရနိုင်၏။

ထို့ကြောင့် အဋ္ဌကထာတို့၌—

၁။ ဒသ အသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

၂။ ဒသ ကသိဏာနိ အာနပါနဉ္စ ပဉ္စမဇ္ဈာနိကာနိ။

၃။ မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ-

*(အဘိဓမ္မတ္ထသင်္ဂဟ)* ဟူ၍လည်းကောင်း

၄။ ယသ္မာ ပန ဒသဝိဓေပိ ဧတသ္မိံ အသုဘေ သေယျထာပိ နာမ အပရိသဏ္ဌိတဇလာယ သီဃသောတာယ နဒိယာ အရိတ္တဗလေနေဝ နာဝါ တိဋ္ဌတိ၊ ဝိနာ အရိတ္တေန န သက္ကာ ဌပေတုံ၊ ဧဝမေဝ ဒုဗ္ဗလတ္တာ အာရမ္မဏဿ ဝိတက္ကဗလေနေဝ စိတ္တံ ဧကဂ္ဂံ ဟုတွာ တိဋ္ဌတိ၊ ဝိနာ ဝိတက္ကေန န သက္ကာ ဌပေတုံ၊ တသ္မာ ပဌမဇ္ဈာန' မေဝတ္ထ ဟောတိ၊ န ဒုတိယာဒီနိ။

*(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ပ၊၁၈၈။)*

၅။ တံ အာသေဝတော ဘာဝယတော ဝုတ္တနယေန အသုဘကမ္မဋ္ဌာနေသု ဝိယ ပဌမဇ္ဈာနဝသေနေဝ အပ္ပနာ ဥပ္ပဇ္ဇတိ။ *(ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊၂၇၃။)*

-ဟူ၍လည်းကောင်း မိန့်ဆိုတော်မူကြကုန်ပြီ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ၏ အနက်ကား—

ပန၊ ဆက်ဆိုဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ ဒသဝိဓေပိ၊ ဆယ်ပါးအပြားရှိသည်လည်းဖြစ်သော။ ဧတသ္မိံ အသုဘေ၊ ဤအသုဘကမ္မဋ္ဌာန်း၌။ သေယျထာပိ နာမ၊ ဥပမာမည်သည်ကား။ အပရိသဏ္ဌိတဇလာယ၊ ထက်ဝန်းကျင်မှ မတည်တံ့သော ရေရှိသော။ သီဃသောတာယ၊ ရေစီးသန်သော။ နဒိယာ၊ မြစ်၌။ အရိတ္တဗလေနေဝ၊ ထိုးဝါး၏ အားဖြင့်သာလျှင်။ နာဝါ၊ လှေသည်။ တိဋ္ဌတိ ယထာ၊ ရပ်တည်သကဲ့သို့။ အရိတ္တေန၊ ထိုးဝါးနှင့်။ ဝိနာ၊ ကင်း၍။ ဌပေတုံ၊ လှေကို ရပ်ထားခြင်းငှါ။ န သက္ကာ ယထာ၊ မဖြစ်နိုင်သကဲ့သို့။ ဧဝမေဝ၊ ဤဥပမာအတူသာလျှင်။ အာရမ္မဏဿ၊ ကမ္မဋ္ဌာန်းအာရုံ၏။ ဒုဗ္ဗလတ္တာ၊ စက်ဆုပ်ဖွယ် ရွံဖွယ်ရှိသည်ဖြစ်၍ အားနည်းသည်အဖြစ်ကြောင့်။ ဝိတက္ကဗလေ-

http://www.dhammadownload.com



နေဝ၊ ဝိတက်၏ အားစွမ်းသတ္တိဖြင့်သာလျှင်။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ၊ တည်ငြိမ်သည်။ ဟုတွာ၊ ၍။ တိဋ္ဌတိ၊ တည်၏။ ဝိတက္ကေန၊ ဝိတက်နှင့်။ ဝိနာ၊ ကင်း၍။ ဌပေတုံ၊ ကမ္မဋ္ဌာန်းအာရုံ၌ တည်ငြိမ်အောင် ထားခြင်းငှါ။ န သက္ကာ၊ မစွမ်းဆောင်နိုင်။ တသ္မာ၊ ထို့ကြောင့်။ ဧတ္ထ၊ ဤအသုဘကမ္မဋ္ဌာန်း၌။ ပဌမဇ္ဈာနမေဝ၊ ပဌမစျာန်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဒုတိယာဒီနိ၊ ဒုတိယစျာန် အစရှိသည်တို့သည်။ န ဟောန္တိ၊ မဖြစ်နိုင်ကုန်။

တံ၊ ထိုကာယဂတာသတိ ကမ္မဋ္ဌာန်းကို။ အာသေဝတော၊ မှီဝဲသော ယောဂီပုဂ္ဂိုလ်အား။ ဘာဝယတော၊ ပွါးများအားထုတ်သော ယောဂီပုဂ္ဂိုလ်အား။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ အသုဘကမ္မဋ္ဌာနေသု၊ တို့၌။ ပဌမဈာ-နဝသေနေဝ၊ ပဌမစျာန်၏ အစွမ်းအားဖြင့်သာလျှင်။ အပ္ပနာ၊ အပ္ပနာသည်။ ဥပ္ပဇ္ဇတိ ဝိယ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ပဌမဈာနဝသေနေဝ၊ သာလျှင်။ အပ္ပနာ၊ အပ္ပနာစျာန်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

* * * * *

## ပရမတ္ထဒီပနီ၏ အဆုံးအဖြတ်

စက်ဆုပ်ဖွယ်, ရွံဖွယ်ဖြစ်သော အာရုံတို့ဟူသည် မနှစ်သက်အပ်သော အာရုံများ, ကြမ်းတမ်းသော အာရုံများသာဖြစ်၍ နှစ်သက်မှုကို ဖြစ်စေနိုင်ရန် အလွန်ပင် အားနည်းကြကုန်၏၊ ထို့ကြောင့် အသုဘ ၁၀-ပါးနှင့် ကာယဂတာ-သတိ ကမ္မဋ္ဌာန်းအာရုံများသည် မိမိတို့အပေါ်၌ နှစ်သက်ရွှင်လန်းစွာဖြင့် စိတ်တည်ကြည်ငြိမ်သက်နေအောင် မထားနိုင်ကြပေ။

ထို့ကြောင့် ဝိတက်နှင့် ကင်းကွာ၍ ဝိတက်မပါဘဲ စိတ်သည် ထိုအသုဘ-အာရုံ ကာယဂတာသတိ-ဟု ဆိုအပ်သော ကောဋ္ဌာသအာရုံတို့၌ တည်ကြည်စွာ မရပ်တည်နိုင်ပါ၊ ဝိတက်ပါမှ ဝိတက်နှင့် ယှဉ်မှသာ ဝိတက်၏ အစွမ်းဖြင့် ရပ်တည်နိုင်သည်ဖြစ်၍ ထိုကမ္မဋ္ဌာန်း ၁၁-ပါးတို့၌ ဒုတိယစျာန်စသော အထက်အထက် စျာန်များ မဖြစ်နိုင်ခြင်း ဖြစ်သည်-ဟု မှတ်ပါ။ *( ပရမတ္ထဒီပနီ-၄၂၁ )*

http://www.dhammadownload.com



## တတိယစျာန်နှင့် စတုတ္ထစျာန်ကို ရတော်မူပုံ

ဤသို့ ဒုတိယစျာန်ကို ရပြီးသော ယောဂီပုဂ္ဂိုလ်သည် "ငါရပြီးသော ဒုတိယစျာန်သည် ဝိတက်, ဝိစာရတို့နှင့် နီး၏၊ နှစ်သက်နိုင်မှ ချမ်းသာကို တွေ့၏၊ တည်ငြိမ်၏၊ သို့ဖြစ်၍ နှစ်သက်ခြင်း ပီတိမပါဘဲ သုခ, ဧကဂ္ဂတာ ၂-ပါးနှင့်ပင် ကမ္မဋ္ဌာန်းအာရုံကို ရှုနိုင်အောင် အားထုတ်အံ့"ဟု ဆုံးဖြတ်ပြီးလျှင် အလေ့အကျင့်ကို ပြု၍ ပွါးများအားထုတ်ပြန်လေ၏၊ ရှုမှတ်ဖန်များလျှင် ပီတိမပါဘဲ သုခ, ဧကဂ္ဂတာ အင်္ဂါ ၂-ပါးသာရှိသော တတိယစျာန်စိတ် ဖြစ်လာ၏။

ကမ္မဋ္ဌာန်းအာရုံလည်း ဒုတိယစျာန်၏ အာရုံထက် ပိုမိုသိမ်မွေ့နူးညံ့စွာ စိတ်ထဲ၌ ထင်၏၊ ယောဂီပုဂ္ဂိုလ်၏စိတ်လည်း သုခ၊ ဧကဂ္ဂတာ အင်္ဂါ ၂-ပါး သာရှိသောကြောင့် ပီတိပါသော ဒုတိယစျာန်နှင့်ယှဉ်သော စိတ်ထက် သိမ်မွေ့ နူးညံ့၏၊ တည်ကြည်၏၊ ချမ်းသာ၏၊ ၎င်းချမ်းသာကို တတိယစျာန် သမာဓိ-ချမ်းသာ-ဟု ခေါ်၏။

ထိုတတိယစျာန် သမာဓိချမ်းသာကို ဝင်စား၍ ခံစားရဖန်များလာလျှင် သုခ၏ အပြစ်ကို မြင်ပြန်၏၊ သုခဆိုသည်မှာ ဒုက္ခနှင့်နီး၏၊ ဒုက္ခနှင့်စပ်၏၊ သုခမဖြစ်လျှင် ဒုက္ခဖြစ်ဖို့သာ ရှိ၏။

ဥပမာ-ခိုးမွမ်းခြင်းသည် ကဲ့ရဲ့ရှုတ်ချခြင်းနှင့် နီးစပ်သဖြင့် မခိုးမွမ်းခဲ့လျှင် ကဲ့ရဲ့တော့မည် ကေန်ဖြစ်သကဲ့သို့ ထို့အတူ သုခ မဖြစ်လျှင် ဒုက္ခဖြစ်ဖို့သာ ရှိတော့၏၊ သို့ဖြစ်၍ သုခကို သုခဟူ၍ မမှတ်ဘဲ ချမ်းသာဟူ၍ သဘောမထားဘဲ၊ ဂရုမစိုက်ဘဲ၊ လျစ်လျူပြု၍ ကမ္မဋ္ဌာန်းကို ပြန်ပြီး ရှုပြန်၏၊ ရှုဖန်များလျှင်, အလေ့အကျက်များလျှင် သုခဟူသော အမှတ်ပျောက်၍ အာရုံကို ရှုမှတ်ရာ၌ လျစ်လျူပြုသော, ငြိမ်သက်သော ဥပေက္ခာ, ဧကဂ္ဂတာ ၂-ပါးတို့သာ ဖြစ်ပေါ် လာ၏။

ထိုအခါ ယောဂီပုဂ္ဂိုလ်၏ စိတ်သည် တတိယစျာန် သမာဓိထက် သာလွန်၍ ချမ်းသာ၏၊ ဥပေက္ခာနှင့် ယှဉ်တွဲပြီးဖြစ်နေသော ဧကဂ္ဂတာသည် လည်း အထူးတည်ကြည် ငြိမ်သက်၏၊ အလွန်သိမ်မွေ့ အေးချမ်း၏၊ (အလျူ

http://www.dhammadownload.com



အတန်း, ဆွမ်းကပ်, ပရိတ်ရွတ်အစရှိသည်တို့၌ ဝတ္တရားရှိ၍ ပြုရသော တရားဟောခြင်း, ပရိတ်ရွတ်ဖတ်ရခြင်းအစရှိသော) အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်ရသည်ထက် မနှိုင်းယှဉ်နိုင်လောက်အောင် သာလွန်ကောင်းမြတ်ရကား ဈာန်သမာပတ်ကို သုံးဆောင်နိုင်ကြကုန်သော အရှင်ကောင်း, အရှင်မြတ်တို့သည် ဤဈာန်သမာပတ် ၄-ပါးကို မပြတ် ဝင်စားတော်မူကြကုန်၏၊ သူတပါးတို့ကိုလည်း ဈာန်ရအောင်, ဈာန်ဝင်စားနိုင်အောင် ကျင့်ကြံဖို့ တိုက်တွန်းဆုံးမလေ့ရှိတော်မူကြကုန်၏။

* * * * *

## နတ်သြဇာကို စားနေရသော နတ်တို့သည် မုန့်ဖက်ထုပ်, ကောက်ညှင်းပေါင်းကို အကောင်းမထင်ကြကုန်

ဥပမာအားဖြင့်-

- နတ်တို့၏ သုဓာဘုတ်ကို စားသုံးနေကြသော အထက်နတ်တို့သည် လူတို့၏ အစာအာဟာရကို အကောင်းမထင်သကဲ့သို့လည်းကောင်း
- မင်းသုံး, မင်းဆောင်ဖြစ်သော အစာအာဟာရကို စားသုံးနေကြသော မင်းတို့သည် ကျောမွဲလူဆင်းရဲတို့၏ မှုရင်းဆန်နီ, ခေါစီ, ခေါပုတ်, မုန့်ဖက်ထုပ်, ကောက်ညှင်းပေါင်းတို့ကို အကောင်းမထင်သကဲ့သို့လည်းကောင်း-

ထို့အတူ ဘုရား, ရဟန္တာ, အရိယာအရှင်မြတ်တို့သည် လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ ကောင်းလှပါသည်၊ ချမ်းသာလှပါသည်-ဟု သမုတ်အပ်သော အမျိုးမျိုးသော ကာမဂုဏ်ချမ်းသာတို့ကို ခေါစီ, ခေါပုတ်, မုန့်ဖက်ထုပ်, ကောက်ညှင်းပေါင်းတို့လောက်မှ ကောင်းသည်-ဟု ထင်မှတ်တော်မမူကြဘဲ၊ နတ်တို့သည် နတ်၌ ဖြစ်သော သုဓာဘောဇဉ်ကိုသာ ခံ့မင်စွာ သုံးဆောင် ကြကုန်သကဲ့သို့ ဈာန်သမာပတ်ချမ်းသာကိုလည်းကောင်း ၎င်းတို့ထက် သာလွန်သော ဖလသမာပတ်ချမ်းသာကိုလည်းကောင်း သုံးဆောင်ခံစားတော်မူကြကုန်၏။

http://www.dhammadownload.com



"ဩော် ကောင်းလေစွ၊ ကောင်းလေစွ၊ ရစမ်းချင်ပါဘိတော့သည်"ဟူ၍ တောင့်တပြီး အတုလိုက်၍ ကျင့်ကြပါကုန်လော။

လူနုံ, လူအ, လူအန္ဓ, လူဗာလဖြစ်သော သူတို့သည်ကား ပျင်းပျင်းရှိလျှင် ဆာလောင်မွတ်သိပ်လျှင် ခေါ်စိ, ခေါ်ပုတ်နှင့် မုန့်ဖက်ထုပ်, ကောက်ညှင်းပေါင်းတို့ကို စားသုံးချင်ကြဘိသကဲ့သို့လည်းကောင်း ညောင်ကိုင်းနှင့် ဝါးရွက်၊ ကိုင်းသက်ကယ် မြက်တို့ကို အကောင်းထင်၍ စားသောက်နေကြသော တောရိုင်းဆင်တို့ကဲ့သို့ လည်းကောင်း ရန်သူမျိုး ၅-ပါးနှင့် ဆက်ဆံသော, စိုးရိမ်ကြောင့်ကြရခြင်း၊ သိမ်းဆည်းစောင့်ရှောက်ရခြင်း၊ ပူဆွေးငိုကြွေးရခြင်းစသော ဒုက္ခမီးတွေနှင့် ထွေးလုံးရစ်ပတ်နေသော ရွှေ, ငွေ, ဥစ္စာ၊ တိုက်တာ,ခြံ,မြေ၊ ဆန်,ရေ,စပါး၊ သား, သမီး, မယား-အစရှိသည့် ဝတ္ထုကာမတရားတို့ကို အကောင်းဆုံး ချမ်းသာတွေ- ဟု ထင်မှတ်ကြကုန်လျက် တပ်မက်တွယ်တာ သာယာနှစ်သက်၍ သုံးဆောင်နေ ကြလေကုန်၏။

ထိုကာမချမ်းသာတို့ထက် သာလွန်မွန်မြတ်သော ဘာဝနာတရားကို ရှုမှတ် ပွားများသဖြင့် ရရှိသော-

- စိတ်တည်ငြိမ်အေးချမ်းသည့် ဥပစာရသမာဓိချမ်းသာ၊
- ထို့ထက် သာလွန်ငြိမ်းအေးသော ရူပါဝစရ အပ္ပနာဈာန်ချမ်းသာ၊
- အရူပါဝစရ သမာပတ်ဈာန်ချမ်းသာ၊
- မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ-

တို့ကို ရှာရကောင်းမှန်းလည်း မသိကြ၊ ရှိသည်ဟူ၍လည်း မကြားဖူးကြကုန်၊ ထို့ကြောင့် လူအန္ဓ, လူဗာလတို့သည် ခြောက်သွေ့နေသော အမဲရိုးကြီးကို ကိုက်ပြီး ကိုယ့်လျှာရည်နှင့် ကိုယ်ကောင်းသည်ဟု ထင်မှတ်နေကြသော ခွေးငတ်တို့နှင့် တူလှပေသည်တကား-ဟု သတိ, သံဝေဂဉာဏ်တရားကို လက်ကိုင်ထား၍ သံဝေဂပွါး ကြကုန်ရာသတည်း။

*(ဤကား ရူပါဝစရဈာန် ၄-ပါး စရဏတရားနှင့် ပြည့်စုံတော်မူပုံတရားတည်း။)*

*(ဤရူပါဝစရဈာန် ၄-ပါးနှင့် အရူပါဝစရဈာန် ၄-ပါး၊ ပေါင်း ၈-ပါးကို သမာပတ် ၈-ပါးဟု ခေါ်၏။)*

http://www.dhammadownload.com



ဤသို့လျှင် သဗ္ဗညုဘုရားရှင်သည် သီလသံဝရ, ဣန္ဒြိယဂုတ္တဒွါရ, ဘောဇနေ မတ္တညုတာ, ဇာဂရိယာနုယောဂ, သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဗဟုဿုတ, ဝီရိယ, သတိ, ပညာ-တည်းဟူသော သူတော်ကောင်းတရား၊ ရတနာ ၇-ပါးတို့နှင့်တကွ ရူပါဝစရဈာန် ၄-ပါး၊ ပေါင်း ၁၅-ပါးသော အခြေခံပါဒ စရဏတရားတို့နှင့် ပြည့်စုံတော်မူသောကြောင့် **စရဏသမ္ပန္န**လည်း မည်တော်မူ၏။

ဤသို့ စရဏ, ဝိဇ္ဇာ ၂-ဖြာသောတရားတို့နှင့် ပြည့်စုံတော်မူသည် ဖြစ်၍ ဝိဇ္ဇာစရဏသမ္ပန္နော, ဝိဇ္ဇာစရဏသမ္ပန္နော-ဟု လူရော, နတ်ပါ, ဗြဟ္မာမကြွင်း အမင်းမင်းတို့သည် အံ့ဩခြင်းများစွာဖြင့် ချီးမွမ်းရအောင် ကျော်စောတော်မူသော မြတ်စွာဘုရား-ဟု သားသားနားနား အားရပါးရကြီး စိတ်ထဲ၌ ဖြစ်လာအောင် ပွါးများအားထုတ်ကြပါကုန်လော။

*(ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို ပွါးများအားထုတ်ရန် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။)*

* * * * *

## သုဂတဂုဏ်တော်၏ အနက် အဓိပ္ပါယ်အကျယ်

## သုဂတသဒ္ဒါ၏ အနက် ၄-နက်

**သောဘနဂမနတ္တာ၊ သုန္ဒရံ ဌာနံ ဂတတ္တာ၊ သမ္မာ ဂတတ္တာ၊ သမ္မာ ဂဒတ္တာ သုဂတော။ ဂမနမ္ပိ ဟိ ဂတန္တိ ဝုစ္စတိ-**

ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်မှာသော ဝိဂြိုဟ်ပြစကားအရ–

**၁။ သောဘနံ ဂတံ အဿာတိ သုဂတော-ဟု ဝိဂြိုဟ်ပြု၍–**

**အဿ ဘဂဝတော၊** ထိုမြတ်စွာဘုရားအား။ **သောဘနံ၊** ကောင်းမြတ်တင့်တယ်၊ အံ့ဩဖွယ်သော။ **ဂတံ၊** ဖြစ်တော်မူခြင်းသည်။ **အတ္ထိ၊** ရှိ၏။ **ဣတိ တသ္မာ၊** ထိုသို့ ကောင်းမြတ်တင့်တယ်၊ အံ့ဩဖွယ် ဖြစ်ခြင်း ရှိတော်မူသောကြောင့်။ **သော ဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **သုဂတော၊** သုဂတမည်တော်မူ၏။

http://www.dhammadownload.com



သုဂတော၊ ကောင်းမြတ်တင့်တယ်၊ အံ့ဩဖွယ်ဖြစ်ခြင်းရှိတော်မူသော မြတ်စွာဘုရား-ဟူ၍လည်းကောင်း။

၂။ သုန္ဒရံ နိဗ္ဗာနံ ဂစ္ဆတီတိ သုဂတော-ဟု တစ်နည်းဝိဂြိုဟ်ပြု၍—

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ သုန္ဒရံ၊ ကောင်းမြတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ ကြွသွားတော်မူတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ကောင်းမြတ်သော နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သောကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သုဂတော၊ သုဂတမည်တော်မူ၏။

သုဂတော၊ ကောင်းမြတ်သောနိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သော မြတ်စွာဘုရား-ဟူ၍လည်းကောင်း။

၃။ သမ္မာ ဂတောတိ သုဂတော-ဟု နောက်တစ်နည်း ဝိဂြိုဟ်ပြု၍—

သမ္မာ၊ ကောင်းစွာ။ ဂတော၊ ဗျာဒိတ်ရစ၊ သုမေဓာဘဝမှ၊ ဘုရားအဖြစ်သို့ ကျအောင် ကြွလာတော်မူခဲ့ပြီ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုဂတော၊ သုဂတ မည်တော်မူ၏။

သုဂတော၊ ဗျာဒိတ်ရစ၊ သုမေဓာဘဝမှ၊ မြတ်စွာဘုရားအဖြစ်သို့ ကျအောင် ကြွလာတော်မူခဲ့သော မြတ်စွာဘုရား-ဟူ၍လည်းကောင်း။

၄။ သမ္မာ ဂဒတီတိ သုဂတော-ဟု ဝိဂြိုဟ်တစ်နည်းပြုပြန်၍—

သမ္မာ၊ ကောင်းစွာ။ ဂဒတိ၊ မြွက်ဆိုဟောကြားတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုဂတော၊ သုဂတမည်တော်မူ၏။

သုဂတော၊ ကျိုးရှိ,ဟုတ်မှန်၊ သူနာခံ နှစ်သက်သောစကား၊ မနာခံ မနှစ်သက်သော်လည်း ကျိုးရှိ,ဟုတ်မှန်သောစကား၊ သုတ်, ဝိနည်း, အဘိဓမ္မာ တရားတို့ကိုသာ ဟောကြားတော်မူလေ့ရှိတော်မူသော မြတ်စွာဘုရား-ဟူ၍ လည်းကောင်း။

http://www.dhammadownload.com



သုဂတသဒ္ဒါသည် အနက် ၄-မျိုးပြား၏၊ ထိုအနက် ၄-မျိုးတို့တွင်-

သုဂတော- ကောင်းမြတ်တင့်တယ်၊ အံ့ဩဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရား-ဟူသော ပထမအနက်၏အရ-

ဘုရားရှင်၏ ဖြစ်တော်မူပုံသည်- သက္ကရာဇ် ၆၇-ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ ဥတ္တရာသဠ်နက္ခတ်နှင့် စန်းအယှဉ်တွင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်သို့ သက်ဆင်း၍ သန္ဓေယူစ ပထမအချိန်မှစ၍ ကောင်းမြတ်တင့်တယ် အံ့ဩဖွယ်ရာကြီးများ ခမ်းနားစွာ ဖြစ်တော်မူခဲ့၏၊ မယ်တော်ဝမ်းကြာတိုက်သို့ သက်ဆင်း၍ ပဋိသန္ဓေယူတော်မူရန် တစ်သောင်းသောလောကဓာတ် စကြဝဠာမှ လာကြသော နတ်, ဗြဟ္မာအပေါင်းတို့က သောင်းသောင်းဖြဖြ (ခခယယ) တောင်းပန်ကြရ၏၊ ဘုရားအလောင်းမှ တပါးသော လူ , နတ်, ဗြဟ္မာတို့မှာမူကား မိမိတို့၏ ကံအားလျော်စွာသာ အမိဝမ်း၌ ကိန်းအောင်းပဋိသန္ဓေ တည်နေကြရကုန်၏၊ မည်သူမှ တောင်းပန်သူ မရှိကြ။

သုဝဏ္ဏသာမ, တေမိမင်း, ဟတ္ထိပါလ, မဟာပနာဒမင်းကြီးတို့နှင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏အလောင်းတို့မှာ အတောင်းပန်ခံရ၍ ပဋိသန္ဓေနေခဲ့ကြသည်ဆိုသော်လည်း တစ်ဦးစ,နှစ်ဦးစ အနည်းအကျဉ်းမျှသာ တောင်းပန်သူ ရှိကြ၏၊ သိဒ္ဓတ္ထမင်းသား ငါတို့ဘုရား၏ အလောင်းတော်မြတ်မှာမူကား ၄-အသင်္ချေနှင့် ကမ္ဘာ ၁-သိန်း ကာလတို့က ဆည်းပူးအားထုတ် ပြုလုပ်တော်မူခဲ့သမျှ ပုညအစု မြတ်ကောင်းမှုတို့၏ တန်ခိုးအဟုန် ပါရမီဂုဏ်တို့ကြောင့် စကြာဝဠာအပေါင်း တိုက်တစ်သောင်းမှ နတ်, ဗြဟ္မာအပေါင်းတို့ ညီညာဖြဖြ လာရောက်ကြ၍ တောင်းပန်ကြရသည်မှာ ကောင်းမြတ်တင့်တယ် အံ့ချီးဖွယ်ရာ ဖြစ်တော်မူပုံကြီး တစ်မျိုးပေတည်း။

* * * * *

http://www.dhammadownload.com



## ပဋိသန္ဓေတည်နေတော်မူခြင်း၌ ကောင်းမြတ်တင့်တယ် အံ့ချီးဖွယ် ဖြစ်တော်မူပုံ

ပဋိသန္ဓေ ကိန်းဝပ်တည်နေရာမှာလည်း သူတကာတို့နှင့်မတူ တွေ့ဝေတော်မမူဘဲ စွဲယူသန္ဓေ တည်နေဆဲခဏ၌လည်းကောင်း သန္ဓေတည်ပြီးနောက် အမိဝမ်းခေါင်းအတွင်း ကိန်းအောင်းမှီခိုနေရစဉ် ကာလ၌လည်းကောင်း ရက်, လ ပြည့်၍ မွေးဖွားတော်မူသော အခါ၌လည်းကောင်း၊ ဤ ၃-ပါးသော ကာလတို့၌ တွေ့ဝေခြင်း အလျှင်းမရှိ၊ အလုံးစုံကို အကုန်သိမြင် သတိ,သမ္ပဇဉ် ဉာဏ်ယှဉ်၍သာလျှင် ဖွားမြင်တော်မူ၏။

၁။ ကမ္ဘာတလွှားမှ ပကတိသာမန်လူသားတို့သည်ကား အမိဝမ်းသို့ ကပ်ဝင်ခိုမှီ သန္ဓေတည်ဆဲ ခဏ၌လည်းကောင်း သန္ဓေယူပြီးနောက် အမိဝမ်းခေါင်းအတွင်း ကိန်းအောင်းမှီခိုနေရစဉ် ကာလ၌လည်းကောင်း ရက်, လစေ့၍ မွေးဖွားချိန်အခါ၌လည်းကောင်း၊ ဤကာလ ၃-မျိုးလုံးတို့၌ပင် သတိ,သမ္ပဇဉ် အသိဉာဏ်မယှဉ်နိုင်ဘဲ မိန်းမောတွေဝေလျက်သာ ပဋိသန္ဓေတည်နေ၍ မွေးဖွားလာကြရကုန်၏။

၂။ ၈-ကျိပ်သော မဟာသာဝကအဝင် ရဟန္တာအရှင်မြတ်ကြီးတို့သည်ကား- ပဋိသန္ဓေတည်နေဆဲခဏ၌ ငါပဋိသန္ဓေတည်နေပြီဟု သိကြသော်လည်း အမိဝမ်းအတွင်း ကိန်းအောင်းနေရစဉ်ကာလနှင့် မွေးဖွားသည့်အခါ သမယတို့၌မူကား မိန်းမောတွေဝေလျက်သာ ကိန်းအောင်းတည်ပြီး မွေးဖွားတော်မူကြရကုန်၏။ သတိ,သမ္ပဇဉ်တို့ မယှဉ်နိုင်ကြကုန်။

၃။ အဂ္ဂသာဝကအရှင်မြတ် ၂-ပါးနှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်များမှာမူကား ပဋိသန္ဓေ နေဆဲခဏနှင့် တည်ပြီးနောက်ကာလတို့၌ သိရှိတော်မူကြသော်လည်း မွေးဖွားချိန်အခါတွင်မူ ဇာတိဒုက္ခ၏ အလွန်ပြင်းထန်စွာ ဖိစီးနှိပ်စက်ခြင်းကို အလူးအလဲ ခံစားကြရသောကြောင့် မိန်းမောတွေဝေလျက်သာ အမိဝမ်းမှ ကျွတ်တော်မူကြရကုန်၏။

http://www.dhammadownload.com



၄။ သဗ္ဗညုဘုရားအလောင်းတို့သာလျှင် ကာလ ၃-ပါးလုံးတို့၌ မိန်းမော တွေဝေခြင်း အလျှင်းမရှိဘဲ သတိ,သမ္ပဇဉ် အသိဉာဏ်နှင့်ယှဉ်၍ ဖွားမြင် တော်မူနိုင်ကြကုန်၏။ *(ဥပရိပဏ္ဏာသ၊ အစ္ဆရိယအဗ္ဘုတသုတ်-၄၊ ၁၂၆)*

ဤသို့ ပဋိသန္ဓေတည်နေသည့်အခါ ဖွားမြင်တော်မူသည့် အခါတို့၌ မတွေမဝေနေရခြင်း, ဖွားမြင်ရခြင်းတို့သည်လည်း ကောင်းမြတ်တင့်တယ် အံ့ချီး ဖွယ်ရာဖြစ်ပုံ တစ်မျိုးပါပေတည်း။

- အလောင်းတော်မြတ် အမိဝမ်း၌ စွဲကပ်သန္ဓေ တည်နေတော်မူလျှင် တည်နေတော်မူခြင်း ထွန်းလင်းသော အရောင်တော်များသည် နေရောင်, လရောင်, ဗြဟ္မာရောင်တို့၏ ထွန်းပြောင်သော အရောင်အပေါင်းတို့ကို ဖိစီးလွှမ်းမိုး အသရေကို ညှိုးစေလျက် ဘဝဂ်ကို ဖောက်ထွင်း အဝီစိသို့ ချင်းနင်းပြီးလျှင် လောကန္တရိက်ငရဲကြီးကိုပင် ထုတ်ချင်းပေါက် ထွန်းလင်း စေနိုင်ခြင်း၊
- ဇာတိခေတ် တစ်သောင်းလုံး စောင်းလိုက်, လှုပ်လိုက် မြေလျှင်ကြီး တဟည်းဟည်းနှင့် မည်ဟည်း၍ ကောင်းချီးပေးရခြင်း၊
- ဤသို့ မြေလျှင်ကြီးမည်ဟည်း၍ တုန်လှုပ်ပြန်လျှင် နောက်ထပ်၍ အရောင်တွေ ထင်ပြီး ရှေးယခင် အရောင်တို့ထက် တပိုးတက်၍ ထွန်းလင်းသော အရောင်အလင်းများ ဖြစ်ပေါ်လာပြန်ခြင်း၊
- စာတုမဟာရာဇ်နတ်မင်းကြီး ၄-ယောက်တို့က ကိုယ်ဝန်ကို စောင့်ရှောက် ရခြင်း၊
- ၁၀-လပြည့်တင်းသဖြင့် မယ်တော်၏ ဝမ်းကြာတိုက်အတွင်းမှ သက် ဆင်းတော်မူသည့်အခါတွင် သုဒ္ဓါဝါသဗြဟ္မာမင်းတို့က ရွှေဇာပဝါဖြင့် ခံယူရခြင်း၊
- အဇ္ဈာဝေဟင် ထက်ကောင်းကင်မှ သာယာဖြည်းညင်း ၂-သွယ်ဆင်း သည့် ရေနွေး, ရေအေးတို့ဖြင့် အလောင်းမင်းကို ရေသပ္ပါယ်ခြင်း နှင့်တကွ မယ်တော်ကိုပါ အပူ,အအေး မျှတစေခြင်း၊

http://www.dhammadownload.com



- နတ်, ပြဟ္မာတို့က မင်္ဂလာထီးဖြူတော်ကို ဆောင်းမိုးပေးရခြင်းနှင့် မွေးဖွားတော်မူပြီးစ မြောက်အရပ်သို့ ၇-ဖဝါး လှမ်းကြွပြီးလျှင်-

အဂ္ဂေါ'ဟ'မသ္မိ လောကဿ။

ဇေဋ္ဌော'ဟ'မသ္မိ လောကဿ။

သေဋ္ဌော'ဟ'မသ္မိ လောကဿ။

လောက၌ ငါသည် အသာဆုံး, အမြတ်ဆုံး, အကြီးဆုံးဟူ၍ ၃-ခွန်းသော စကားတို့ကို မြွက်ဆိုတော်မူခြင်း စသည်တို့သည်လည်း ကောင်းမြတ်တင့်တယ် အံ့ချီးဖွယ်ရာ အဖြစ်တော်ကြီးများသာလျှင် ဖြစ်ကြပါပေကုန်၏။

*(ဤမျှမက ဂေါတ္တ၊ ဇာတိ၊ ဉာတိ၊ ပုည၊ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန အဖြစ်ကောင်း ဖြစ်ပုံတို့ကို ကုန်ဆုံးအောင် မပြနိုင်၍ ဤစကား အကျဉ်းမျှဖြင့် ချန်ထားလိုက်ရပါသတည်း။)*

* * * * *

## နိဗ္ဗာန်သို့ ကြွသွားတော်မူသောကြောင့် သုဂတမည်တော်မူပုံ

နိဗ္ဗာန်သို့ ကြွသွားတော်မူပုံ သုဂတဂုဏ်တော်ကား ဤသို့တည်း။

သုမေဓာရသေ့ဘဝ ဗျာဒိတ်တော်ရစက သာဝကပါရမီဉာဏ်နှင့် တစ်ကိုယ်တည်း နိဗ္ဗာန်ကို ယူနိုင်ပါလျက်-

"ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ"

-ဟူသော ဝန်ခံချက်အရ သတ္တဝါအများကို သနားလှ၍ ငါးဝသော စာဂီ၊ သုံးလီသော စရိယ၊ အပြားသုံးဆယ်သော ပါရမီဓမ္မတို့ကို ဘဝပေါင်း မရေနိုင်၊ ကမ္ဘာပေါင်း မရေနိုင်၊ အသင်္ချေယျဖြင့်သာ ရေတွက်နိုင်သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး မြင့်တုံ, နိမ့်တုံ, ဘဝမျိုးစုံ၊ ဖြစ်တော်ပေါင်း အဖုံဖုံတို့ဖြင့်

http://www.dhammadownload.com



အမျိုးမျိုးကျင့်တော်မူခဲ့ပြီး၍ ဤဘဒ္ဒကမ္ဘာ ကဿပမြတ်စွာ၏ နောက် အန္တရကပ် ၁-ကပ်ရောက်၍ ၁၁-ကပ် အမြောက်တွင်မှ သဗ္ဗညုဘဝဖြင့် ဗုဒ္ဓကိစ္စအားလုံးကို ၄၅-ဝါနှင့် ပြီးဆုံးအောင် သိမ်းကျုံး၍ ရွက်ဆောင်တော်မူလျက် သက်တော် ၈၀-အရတွင် ကျွတ်ကြသည့် ဝေနေ ၂၄-သချေ်နှင့် ကုဋေ-၆၀၊ ဗိုလ်ခြေ ၁-သိန်း တို့ မဂ်ဉာဏ်ကိုရကြမှ တပည့်သာဝက ရဟန္တာဟူသမျှတို့နှင့်အတူ ဆင်းရဲဟူသမျှ ဒုက္ခဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ သံသရာအဆက်ဆက်က သယ်ပိုး ထမ်းရွက်၊ အမြဲမပြတ် နှိပ်စက်လာခဲ့သော ရုပ်, နာမ် ၂-ဖြာ၊ ခန္ဓာသမုတ် ၅-ပါး သော ဝန်ထုပ်ကြီးကို ပစ်ချ၍ အသင်္ခတ, သန္တိသုခ, နိရောဓသို့ အနုပါဒိသေသ နိဗ္ဗာနမာတ် တရားမြတ်ဖြင့် ကြွသွားတော်မူခဲ့လေပြီ။

ထို့ကြောင့် "သုဂတော၊ တပည့်သား သာဝက ရဟန္တာဟူသမျှတို့နှင့် အတူ ကောင်းမြတ်သော နိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရား"ဟူ၍လည်း ချီးကျူးပူဇော်ကြရလေကုန်၏။

* * * * *

## ကောင်းစွာ ကြွလာတော်မူသောကြောင့် သုဂတမည်တော်မူပုံ

သမ္မာ'ဂတောတိ သုဂတော-ဟူသော ဝစနတ္ထ ဝိဂြိုဟ်အရ ဘုရားအဖြစ်သို့ ရောက်အောင် ကောင်းစွာ ကြွလာတော်မူနိုင်သောကြောင့် သုဂတ မည်တော်မူ၏-ဟု ဆိုရာမှာ သုမေဓာရသေ့ဘဝ ဖြစ်တော်မူစဉ်ကာလက ဒီပင်္ကရာမြတ်စွာ ဘုရား၏ သာဝကအဖြစ်နှင့် အရဟတ္တမဂ်ဉာဏ်ကို ရယူလိုလျှင် ဤဘဒ္ဒကပ် ကမ္ဘာတွင် ဂေါတမဘုရားရှင်အဖြစ်သို့ပင် ရောက်တော်မူနိုင်မည် မဟုတ်ပေ။

အနာဂါမိမဂ်ဉာဏ်ကို ရယူ၍ စုတိတော်မူခဲ့လျှင်လည်း ဥပကအရှင်နှင့် ပုက္ကုသာတိဘုရင် စသည်တို့ပမာ သုဒ္ဓါဝါသဗြဟ္မာဘုံတွင် အနာဂါမ်ဗြဟ္မာကြီး ဖြစ်၍ ထိုဖြစ်ရင်းဘုံ၌သော်လည်းကောင်း အထက်အထက်ဘုံသို့ တက်၍ သော်လည်းကောင်း ရဟန္တာဗြဟ္မာကြီးအဖြစ်နှင့်ပင် နိဗ္ဗာန်သို့ ဝင်တော်မူသဖြင့် ဂေါတမဘုရားအဖြစ်သို့ ရောက်အောင် ကြွလာတော်မူခဲ့မည်မဟုတ်။

http://www.dhammadownload.com



အောက်မင် ၂-ပါးကိုရ၍ သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမိပုဂ္ဂိုလ်၏ အဖြစ်ဖြင့် စုတိတော်မူခဲ့ရလျှင်လည်း နတ်တို့၏ ဘုံဘဝ၌ နတ်အရိယာကြီးဖြစ်တော်မူ၍ ဝိသာခါကျောင်းအမကြီးနှင့် အနာထပိဏ်သူဌေးကြီးတို့ပမာ ယခုရှိသော နတ်ဘုရင်၊ သိကြားမင်းကြီးတို့တန္တုန်း စူဠရဋ္ဌ, မဟာရဋ္ဌ, အနေကဝဏ္ဏနတ်မင်းကြီးတို့ စံသုံးသလို အထက်မင်, အထက်ဖိုလ်တို့သို့ ဘဝတိုတိုဆိုတဲ့ အတိုင်း တစ်ဘဝနှင့်ရောက်ခြင်း **ဧကဗီဇီသောတာပန်၊**

၂-ကြိမ်, ၃-ကြိမ်, ၄-ကြိမ်, ၅-ကြိမ်, ၆-ကြိမ်သော ဘဝတို့ပတ်လုံး လူ့ဘုံ နတ်ရပ် ကောင်းမြတ်သော သုဂတိဘုံဘဝ၊ သမ္ပတ္တိဌာနတို့၌ ကျင်လည်ပျော်ပါး၍ ခံစား စံစားပြီးလျှင် အထက်မင်, အထက်ဖိုလ်သို့ ရောက်နိုင် သော **ကောလံကောလသောတာပန်မျိုး၊**

လူ့ပြည်, နတ်ပြည်တို့၌သာလျှင် မိဿကရောနှောလျက် ၇-ဘဝ မျှောပြီးမှ အထက်မင်, အထက်ဖိုလ်သို့ ရောက်နိုင်သော **သတ္တက္ခတ္တုပရမသောတာပန်မျိုး၊**

ဤလူ့ပြည်သို့ ၁-ကြိမ်လာ၍ဖြစ်ပြီးမှ အထက်နတ်ပြည်, ဗြဟ္မာ့ပြည် တို့တွင် ထပ်မံ၍ အသစ်တစ်ဘဝဖြစ်တဲ့၍ အထက်မင်, အထက်ဖိုလ်သို့ ရောက်နိုင်သော **သကဒါဂါမိအရိယာမျိုး**တို့တွင် တစ်မျိုးမျိုးဖြစ်ပြီး၍ နိဗ္ဗာန်ကို ယူလျှင်လည်း ဂေါတမဗုဒ္ဓသဗ္ဗညုဘုရားအဖြစ်သို့ ရောက်အောင် ကြွလာတော်မူနိုင်မည် မဟုတ်ပေ။

အထက်ဆိုခဲ့ပြီးသောအဖြစ်မျိုးတို့တွင် တစ်ခုခုသော အဖြစ်မျိုးနှင့် **ဒီပင်္ကရာမြတ်စွာဘုရား**၏ သာသနာတော်တွင်းကလည်း နိဗ္ဗာန်သို့ ကြွတော် မမူ၊ ထို့နောက် တစ်သင်္ချေအလွန်တွင်ပွင့်၍ သဗ္ဗညုတဉာဏ် ရင့်သန်တော်မူသော **ကောဏ္ဍညဘုရားရှင်**၏ သာသနာတော်တွင်းကလည်း နိဗ္ဗာန်သို့ ကြွသွားတော်မမူ။

ထို့နောက် **မင်္ဂလဘုရားမြတ်**အစ **ကဿပဘုရားမြတ်**၏ လက်ထက်တော် အဆုံး အားလုံးသော ဘုရားမြတ်တို့၏ သာသနာတော်တွင်းတို့ကလည်း နိဗ္ဗာန်သို့ ကိုယ်တော်ထီးထီး တစ်ဦးတည်း လိုက်ပါတော်မမူဘဲ၊ သံသရာဝဲသြဃ ရေအယဉ်တွင် လှည့်လည်၍ ကျင်လည်ကြရသော လူ,နတ်,ဗြဟ္မာ၊ ဒုက္ခိတသတ္တဝါတို့ကို သနားတော်မူသော မဟာကရုဏာတော်ရှင် ဉာဏ်ကြီးရှင် ဖြစ်သောကြောင့်

http://www.dhammadownload.com



ဒီပင်္ကရာစောမြတ်စွာ၏ ထံတော်ပါး၌ ဗျာဒိတ်ပန်းကို ဆွတ်ခူးပန်ဆင်စဉ်က ဝန်ခံတော်မူခဲ့သော ကတိအတိုင်း ဝေနေယျသတ္တဝါတို့ကို ဟောကြားဆုံးမတော်မူရန် ဝဋ်ဒုက္ခသံသရာတခွင်မှ ကယ်တင်တော်မူရန် လူ့ရပ်ဌာနီ ကပိလပြည်သို့ မြန်းကြွဝင်စားတော်မူခဲ့ရှာလေ၏။

ကပိလပြည်မွန်တွင် သုဒ္ဓေါဒနဘုရင်၏ ရင်နှစ်သည်းချာ နန်းညွန့်နန်းလျာဖြစ်၍ ဇမ္ဗူဒိပ်မြေအပြင်ကိုသာမက လေးကျွန်းလုံးကို အစိုးရသည့် စကြဝတေး စင်စစ်ဖြစ်တော့မည်မှန်လျက် မတွယ်တာ မငဲ့ကွက်ဘဲ တောထွက်၍ တရားကျင့်ပြီးလျှင် သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်အောင် ကြွတော်မူခဲ့သော အကြောင်းကြောင့်လည်း၊ သုဂတအမည်တော်ဖြင့် ကျော်စောတော်မူပါပေ၏။

---

[ လူ့ပြည်မှ အနာဂါမိမဂ်ကို ရပြီးနောက် အဝိဟာဘုံသို့ အရောက်တွင် အရဟတ္တမဂ်ကိုရသော ပုဂ္ဂိုလ် ၇-ယောက်နှင့် ဝဋ်ဆင်းရဲ၌ ပျော်မွေ့သူ သောတာပန်ပုဂ္ဂိုလ် ၇-ယောက်–

**ဥပကော ပလဂဏ္ဍော စ၊ ပုက္ကုသာတိ စ တေ တယော။**
**ဘဒ္ဒိယော ခဏ္ဍဒေဝေါ စ၊ ဗာဟုရဂ္ဂိ စ သိင်္ဂိယော။**
**တေ ဟိတွာ မာနုသံ ဒေဟံ၊ ဒိဗ္ဗယောဂံ ဥပစ္စဂုံ။**

*(သဂါထာဝဂ္ဂသံယုတ်၊ ဃဋီကာရသုတ်-၃၂ )*

ဥပကော စ၊ ဥပက ရဟန်းလည်းကောင်း။ ပလဂဏ္ဍော စ၊ ပလဂဏ္ဍ ရဟန်းလည်းကောင်း၊ ပုက္ကုသာတိ စ၊ ပုက္ကုသာတိ ရဟန်းလည်းကောင်း။ (ဣတိ၊ ဤသို့) တယော၊ ၃-ပါးကုန်သော။ တေ စ ဘိက္ခူ၊ ထိုရဟန်းတို့သည်လည်းကောင်း။ ဘဒ္ဒိယော စ၊ ဘဒ္ဒိယ ရဟန်းလည်းကောင်း။ ခဏ္ဍဒေဝေါ စ၊ ခဏ္ဍဒေဝ ရဟန်းလည်းကောင်း။ ဗာဟုရဂ္ဂိ စ၊ ဗာဟုရဂ္ဂိ ရဟန်းလည်းကောင်း။ သိင်္ဂိယော စ၊ သိင်္ဂိယ ရဟန်းလည်းကောင်း။ (ဣတိ၊ ဤသို့) စတ္တာရော၊ လေးယောက်ကုန်သော။ တေ စ ဘိက္ခူ၊ ထိုရဟန်းတို့သည်လည်းကောင်း။ မာနုသံ ဒေဟံ၊ လူ့ဘဝကို (ဝါ) အောက်အောက်ဘုံ၌ ဖြစ်စေတတ်ကုန်သော ဩရမ္ဘာဂိယ သံယောဇဉ် ၅-ပါးတို့ကို။ ဟိတွာ၊ စွန့်ပယ်ကြကုန်ပြီး၍။ ဒိဗ္ဗယောဂံ၊ ဗြဟ္မာ၏ အတ္တဘောကို။ (ဝါ) သုဒ္ဓါဝါသဗြဟ္မာ၏ဘဝကို (ဝါ) သုဒ္ဓါဝါသ ၅-ဘုံ၌ ဖြစ်စေနိုင်သော ဥဒ္ဓံဘာဂိယ သံယောဇဉ် ၅-ပါးတို့ကို။ ဥပစ္စဂုံ၊ ကျော်လွန်၍ သွားကြကုန်ပြီ။ ဝါ၊ ပယ်စွန့်ကြကုန်လျက် ရဟန္တာအဖြစ်သို့ ရောက်ကြကုန်ပြီ။

http://www.dhammadownload.com



## မဟာကရုဏာဉာဏ်စွမ်းကို ခွဲခြမ်း၍ မသိသူတို့က ဘုရားဆု ယူသည် ကိုပင် အပြစ်တင် မှားတတ်ကြ၏

သမ္မာ'ဂတောတိ သုဂတော-ဟူသော ဝစနတ္ထစကားအရ ဘုရားဖြစ်အောင် ကြွတော်မူခဲ့၏-ဟုဆိုရာ၌ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့နှင့် မဆက်ဆံသော မဟာကရုဏာဉာဏ်တော်ရှင် ဖြစ်တော်မူ၍သာ ဤသို့ ဘုရားအဖြစ်သို့ ရောက်အောင် ကြွတော်မူနိုင်ခဲ့ခြင်း ဖြစ်၏၊ သတ္တဝါတို့ကို မသနားလျှင် သို့မဟုတ် သနားခြင်းအားနည်းခဲ့လျှင် ဘုရားအဖြစ်သို့ ရောက်အောင် ပါရမီ ၁၀-ပါးတို့ကို ဖြည့်ကျင့်တော်မမူဘဲ ရှေးရှေးသော ဘုရားရှင်တို့၏ လက်ထက်တော်ကပင် တပည့်သာဝကတစ်ဦးအနေဖြင့် နိဗ္ဗာန်သို့ ဝင်တော်မူခဲ့ရာ၏။

---

ကေစ္စော ဟိ သောတာပန္နော ဝဋ္ဋဇ္ဈာသယော ဟောတိ ဝဋ္ဋာဘိရတော၊ ပုနပ္ပုနံ ဝဋ္ဋသ္မိံ ယေဝ ဝိစရတိ သန္ဒိဿတိ၊ အနာထပိဏ္ဍိကော သေဋ္ဌိ, ဝိသာခါ ဥပါသိကာ, စူဠရထ,မဟာရထာ ဒေဝပုတ္တာ, အနေကဝဏ္ဏော ဒေဝပုတ္တော, သက္ကော ဒေဝရာဇာ, နာဂဒတ္တော ဒေဝပုတ္တော'တိ ဣမေ ဟိ ဧတ္တကာ ဇနာ ဝဋ္ဋ'ဇ္ဈာသယာ ဝဋ္ဋာဘိရတာ, အာဒိတော ပဋ္ဌာယ ဆ ဒေဝလောကေ သောဓေတွာ အကနိဋ္ဌေ ဌတွာ ပရိနိဗ္ဗာယိဿန္တိ။

*(မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ ကေဝဋ္ဋိသုတ်-၂၇၁)*

ဟိ၊ ချဲ့။ ကေစ္စော၊ အချို့သော။ သောတာပန္နော၊ သည်။ ဝဋ္ဋ'ဇ္ဈာသယော၊ သံသရာဆင်းရဲ၌ လိုလားသည်။ ဝဋ္ဋာ'ဘိရတော၊ သံသရာဝဋ်ဆင်းရဲ၌ ပျော်မွေ့သည်။ ဟောတိ၊ ၏။ ပုနပ္ပုနံ၊ ထပ်ခါ ထပ်ခါ။ ဝဋ္ဋသ္မိံ ယေဝ၊ ၌သာလျှင်။ ဝိစရတိ၊ လှည့်လည်၏။ သန္ဒိဿတိ၊ တွေ့မြင်ရ၏။ ဟိ၊ မှန်။ အနာထပိဏ္ဍိကော သေဋ္ဌိ၊ အနာထပိဏ်သူဌေးလည်းကောင်း။ ဝိသာခါ-ဥပါသိကာ၊ ဝိသာခါမည်သော ဥပါသိကာမလည်းကောင်း။ စူဠရထ, မဟာရထာ ဒေဝပုတ္တာ၊ စူဠရထနတ်သား, မဟာရထနတ်သားတို့လည်းကောင်း။ အနေကဝဏ္ဏော ဒေဝပုတ္တော၊ အနေကဝဏ္ဏ နတ်သားလည်းကောင်း။ သက္ကော ဒေဝရာဇာ၊ သိကြားမင်းလည်းကောင်း။ နာဂဒတ္တော ဒေဝပုတ္တော၊ နာဂဒတ္တနတ်သားလည်းကောင်း၊ ဣတိ၊ ဤသို့။ ဧတ္တကာ၊ ဤမျှအတိုင်းအရှည်ရှိကုန်သော။ ဣမေ ဆ ဇနာ၊ ဤခြောက်ယောက်သောပုဂ္ဂိုလ်တို့သည်။ ဝဋ္ဋဇ္ဈာသယာ၊ သံသရာဝဋ်ဆင်းရဲ၌ လိုလားကြကုန်သည်။ ဝဋ္ဋာဘိရတာ၊ သံသရာဝဋ်ဆင်းရဲ၌ ပျော်မွေ့ကြကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ ဆ ဒေဝလောကေ၊ ကာမာဝစရ နတ်ပြည်ခြောက်ထပ်တို့ကို။ သောဓေတွာ၊ သုတ်သင်ရှင်းလင်းကြကုန်ပြီး၍။ အကနိဋ္ဌေ၊ အကနိဋ္ဌဘုံ၌။ ဌတွာ၊ တည်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကြကုန်လတ္တံ့။ |

http://www.dhammadownload.com



ဤမဟာကရုဏာဉာဏ်တော်၏ အစွမ်းကို ခွဲခြမ်း၍မသိ၊ နက်နဲသော ဉာဏ်မျက်စိမရှိသူ အချို့တို့ကမူ "ငါတို့သာဆိုလျှင် ဒီပင်္ကရာဘုရားရှင်၏ လက်ထက်ကပင် နိဗ္ဗာန်သို့ ဝင်မှာပဲ"ဟု ဝဋ်ဆင်းရဲအမှု ဝဋ်ဒုက္ခအစုကို ကြောက်ကြီး ကြောက်ကြသည့် လေသံမျိုးဖြင့် ပြောသူတို့က ပြော၊ မဟာကရုဏာရှင် ဘုရားမြတ်သခင်ကိုပင် "သူတို့လောက် ဝဋ်ဒုက္ခကို မကြောက်ရကောင်းလား"ဟု ကဲ့ရဲ့စကားကို ဆိုသူတို့က ဆို၊ "ကြီးကျယ်ခမ်းနားပြီး တင့်တယ်ဆန်းပြားသည့် ဘုရားမြတ်အဖြစ်ကို လိုချင်ရကောင်းလား"ဟု အပြစ်တင်သူတို့က အပြစ်တင်၊ "တို့သာဆိုလျှင် သူများအပူကို မယူချင်၊ ကိုယ့်အပူပင် မြန်မြန်အေးအောင် ကိုယ့်အရေးကိုသာ ကိုယ်ဆောင်မည်"ဟု သဘောထားသူတို့က သဘောထား၊ မိမိတို့အဖျင်း မိမိတို့အပျင်း၊ သနားခြင်းကင်းသည်ကိုတော့ သူတို့မသိ၊ ဘုရားဖြစ်ဖို့ဆိုသည်မှာ ခဲယဉ်းလှ၏၊ အဘယ့်ကြောင့်နည်းဆိုသော် ပါရမီကို ပြည့်အောင် မဖြည့်နိုင်ကြသောကြောင့်ပင်တည်း။

ထို့ကြောင့် ဒီပင်္ကရာမြတ်စွာဘုရား၏နောက် ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်းမှ သဗ္ဗညုမြတ်ဗုဒ္ဓ၊ လောကဦ ပွင့်ကြသည်မှာ ၂-ကျိပ် ၄-ဆူသာ ရှိခဲ့၏၊ ဘုရားဖြစ်ရန် ပါရမီဖြည့်နိုင်သူ မရှိကြသောကြောင့်လည်းကောင်း ဖြည့်နိုင်ကြပြန်ပါသော်လည်း စိတ်အကြံ ဆုတောင်းအနေနှင့် ၇-သင်္ချေကုန်ပြီးမှ နှုတ်မြွက်၍ ဆုတောင်းရတာက ၉-သင်္ချေ၊ ဗျာဒိတ်တော်ရပြီးမှ ၄-သင်္ချေနှင့် ကမ္ဘာ ၁-သိန်း၊ တွက်ကိန်းသင်္ချေ ၂၀-နှင့် ၁-သိန်းနေ၍ ရှည်ကြာလေသည်ကလည်း တစ်ဌာန၊ သို့ကလို ခဲယဉ်းကြ၍ အဖြစ်တော်နည်းလှသောကြောင့် ဒုလ္လဘာ-ဟူ၍လည်း ဟောတော်မူရ၏။

သဗ္ဗညုဘုရားအဖြစ်သို့ ရောက်မှသာ တရားကို ဟောကြား၍ သတ္တဝါအများကို ဆုံးမနိုင်၏၊ ပစ္စေကဗုဒ္ဓါအရှင်တို့မှာ မဂ်ဖိုလ်ရောက်အောင် မဟောပြောနိုင်ကြကုန်၊ ထို့ကြောင့် "ငါတစ်ယောက်တည်း နိဗ္ဗာန်ကို မယူသေး၊ ငါသိသောတရားကို သတ္တဝါတို့အား ဟောကြား၍ ငါနှင့်အတူ သတ္တဝါတို့ကိုလည်း နိဗ္ဗာန်သို့ တပါတည်း ခေါ်ဆောင်မည်"ဟု ကြံစည်တော်မူခြင်းသည် မဟာ-ကရုဏာတော်၏ လှုံ့ဆော်စီမံမှုကြောင့်သာ ဖြစ်နိုင်ပါကလား-ဟု ဝေဖန်၍

http://www.dhammadownload.com



သိကြပြီးလျှင် သဗ္ဗညုဘုရားရှင်ကို ကျေးဇူးတင်လျက် ချီးကျူးပူဇော်ထိုက်၏၊ ကိုးကွယ်ဆည်းကပ်ထိုက်၏။

ဗျာဒိတ်ရပြီး ဘုရားအလောင်းတော်ကြီးများနှင့် ပစ္စေကဗုဒ္ဓါ၊ အဂ္ဂ-သာဝက၊ မဟာသာဝက အလောင်းတော်ကြီးတို့၏ သဒ္ဓါတရားကဲ့သို့ ဆရာဘုရားနှင့် တွေ့ချင်,ကြုံချင်၊ ဘုရားမှတပါး အခြားသော ဆရာကို မပြောင်းချင်သော အာဂမသဒ္ဓါတရားဖြင့် လေးလေးစားစား ကိုးစားယုံကြည်ထိုက်၏၊

အဘယ့်ကြောင့်နည်းဆိုသော် ထိုအလောင်းတော်ကြီးများသည် သံသရာသမုဒ်ပြင်မှ မလွတ်ခင် ကံချော်၍ မတော်တဆ အပါယ်သို့ ကျခဲ့ကြသော်ငြားလည်း အာဂမသဒ္ဓါဖြင့် နှစ်နှစ်ကာကာ ဘုရားရတနာကို ယုံကြည်ကိုးစားခဲ့ကြသည့်အတွက်ကြောင့် ခေတ္တခဏ တစ်ဘဝမျှလောက်သာ ဒုဂ္ဂတိဘဝ၌ နေကြရပြီး သုဂတိဘဝသို့ လျင်မြန်စွာ ပြန်လည်၍ ရောက်ကြရသောကြောင့်ပေတည်း။

* * * * *

## သဒ္ဓါ ၄-ပါး

၁။ ဤစကားရပ်၌ သဒ္ဓါသည် တစ်ဘဝမျှသာ အမျိုးစရိုက်အတူလိုက်၍ ရတနာ ၃-ပါးကို ယုံကြည်သော ပသာဒသဒ္ဓါ၊

၂။ တကယ်မြတ်၊ တကယ်မှန်၊ ကိုးကွယ်ရာ ဧကန်ဟု သုံးတန်သော ရတနာကို မြဲမြံခိုင်ခံ့စွာ ယုံကြည်သော ဩကပ္ပနသဒ္ဓါ၊

၃။ အသက်ဆုံးပြီးနောက် ထိုထိုသို့သော ဘုံဘဝသို့ ရောက်၍ လူမျိုးခြား၊ ဘဝခြား၊ တိရစ္ဆာန်ဘုံဘဝတို့၌ ဇာတိအဖြစ်နှင့် ကြုံကြရငြားသော်လည်း ယုန်မင်း၏ဘဝ, ဥဒေါင်းမင်းဘဝတို့၌ကဲ့သို့ မပျက်မကွက် ရတနာ ၃-ပါးကို ဆက်လက်၍ ယုံကြည်နေသော အာဂမနသဒ္ဓါ၊

http://www.dhammadownload.com



၄။ ပုထုဇဉ်အနွယ် ပြတ်တော်မူကြပြီးသော အရိယာသာဝကတို့၏ မင်္ဂဉာဏ်, ဖိုလ်ဉာဏ်၏အစွမ်းဖြင့် ရအပ်သော **အဓိဂမနသဒ္ဓါ** -

ဟူ၍ ၄-မျိုး, ၄-စား အပြားရှိ၏။

ထိုသဒ္ဓါ ၄-ပါးတို့တွင် အာဂမနသဒ္ဓါသည် ဘုရားအလောင်းတော်ကြီးတို့၌ ဘဝစဉ်ဆက်ဖြစ်လျက် လိုက်လာသောကြောင့် ပိုမို၍ ခိုင်မာလေ၏၊ ထိုအလောင်းတော်ကြီးတို့၏ အာဂမနသဒ္ဓါနှင့် အလားတူဖြစ်ကြရအောင် ဘုရားမြတ်ကို ဆည်းကပ်သည့်အရာမှာ ပေါ့ပေါ့ဆဆ သာမည မဆည်းကပ်ကြဘဲ၊ လေးမြတ်သည့်စိတ်အာရုံဖြင့်။ ယုံယုံကြည်ကြည် ဆည်းကပ်ကြပါကုန်လော။

*(ပါထိကဝဂ္ဂ၊ သင်္ဂီတိသုတ် အဋ္ဌကထာ-၂၁၂)*

* * * * *

## နိဂဏ္ဌနာဋပုတ္တ၏ အနှောင့်မလွတ်, အသွားမလွတ် မေးခွန်း ၁-ပုဒ်

နောက်ဆုံး "သမ္မာ ဂဒတီတိ သုဂတော"ဟူသော ဝစနတ္ထအရ ကောင်းသောစကားကို ပြောဆိုတတ်သောကြောင့် သုဂတမည်၏-ဟု ဆိုရာ၌ ဘယ်လိုကောင်းသော စကားမျိုးကို ပြောဆိုသောကြောင့် သုဂတမည်ကြောင်းကို မရေးသားမီ လောက၌ လူတို့ပြောလေ့ ပြောထရှိနေကြသော စကား ၆-မျိုးကို ရှေးဦးစွာ ဖော်ပြပါဦးမည်။

မြတ်စွာဘုရားလက်ထက်တော်က ရာဇဂြိုဟ်ပြည်၌ ထင်ရှားသော တိတ္ထိဆရာကြီးများအနက် တစ်ဦးအပါအဝင်ဖြစ်သူ နိဂဏ္ဌနာဋပုတ္တဆရာကြီးသည် အပြန်ပြန် အလှန်လှန်၊ အဖန်ဖန် ဉာဏ်ကစား၍၊ တဘက်သားတို့ မထွေးနိုင်, မမျိုနိုင်, မချီနိုင်, မ-မနိုင်ဖြစ်စေမည့် အနှောင့်မလွတ်, အသွားမလွတ် ပဍ္ဍာ ၁-

http://www.dhammadownload.com



ပုဒ်ကို ကုတ်ကုတ်ကတ်ကတ် လျှို့ဝှက် ပြင်ဆင်ပြီးနောက် ဘုရားရှင်နှင့် စကားစစ်ထိုးပွဲ ဆင်နွှဲရန် စီမံထားပါသည်။

သို့ရာတွင် နိဂဏ္ဌနာဋပုတ္တသည် စကားစစ်ထိုးပွဲကို ကိုယ်တိုင်မဆင်နွှဲဘဲ မျက်နှာကြီး ပညာတတ်၊ စကားတတ် စကားကြွယ်၊ လည်လည်ဝယ်ဝယ်ရှိသူ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ၏ သားကြီး ဩရသဖြစ်သော အဘယမင်းသားကို ယှဉ်ပြိုင်ခိုင်းရန် ရွေးချယ်ထားပါသည်၊ နိဂဏ္ဌဆရာကြီးက ဘုရားရှင်ကို မေးမြန်းရန်အတွက် အောက်ပါ ပဥှာ ၁-ပုဒ်ကို အဘယမင်းသားအား သင်ကြားပေးလိုက်သည်၊ ၎င်းတို့မှာ—

"မြတ်စွာဘုရားသည် သူတပါး မလိုလား မနှစ်သက်သော စကားကို ပြောဆိုပါသလား"ဟူသော မေးခွန်းပင် ဖြစ်ပါသည်၊ ၎င်းမေးခွန်း၏ နောက်ကွယ်တွင် ကြောက်မက်ဖွယ်ရာ ထောင်ချောက် ၂-ခုကို တပ်ဆင်ထား၏။

ပထမထောင်ချောက်မှာ ဘုရားရှင်က အမှုမဲ့ အမှတ်မဲ့ "ငါ ဘုရားရှင်သည် သူတပါး မနှစ်သက် မလိုလားသော စကားမျိုးကို ပြောဆိုသည်"ဟု ဖြေကြားခဲ့သော် ဒီလိုဆိုလျှင် "အရှင်ဘုရားဟာ သုဂတဆိုပေမယ့် ပုထုဇဉ် လူသားတွေနဲ့ ဘာများခြားနားသေးလို့လဲ၊ ပုထုဇဉ်လူသားတွေလည်း ဒီစကားမျိုးတွေကို ပြောဆိုနေကြတာပဲ"ဟု အငိုက်ဖမ်းရန် ဖြစ်၏။

ဒုတိယထောင်ချောက်မှာ ဘုရားရှင်က "ငါသည် သူတပါး မလိုလား မနှစ်မြို့သော စကားကို မပြောဆိုပါ"ဟု ဖြေကြားခဲ့ပါမူ "အရှင်ဘုရားကို ဆန့်ကျင်ဘက် ကဏ္ဍကောစ လုပ်နေတဲ့ အရှင်ဒေဝဒတ်ကို 'ဒေဝဒတ်ဟာ အပါယ်လားမည့်သူပဲ၊ အဝီစိငရဲ ကျမည့်သူပဲ၊ အဝီစိ၌ ချိုးကပ်မည့်သူပဲ၊ ဒေဝဒတ်ကို ဘယ်သူမှ ကယ်တင်လို့ မရနိုင်တော့ဘူး'လို့ တဘက်သား နစ်နာအောင် အရှင်ဘုရား ပြောခဲ့တယ် မဟုတ်လား၊ ဒါကြောင့် အရှင်ဘုရားကို အရှင်ဒေဝဒတ်က စိတ်နာနေတာ မဟုတ်လား"ဟူ၍ မလှုပ်နိုင်အောင် တုပ်နှောင်ဖွဲ့ချည်မည် ဖြစ်ပါသည်။

ဤသို့ အကွက်စေ့အောင် ပြင်ဆင်ထားသည့်အတွက်ကြောင့် ရဟန်းဂေါတမသည် သူ၏ထောင်ချောက်ထဲမှ ဘယ်နည်းနှင့်မျှ လွတ်ထွက်နိုင်မည်

http://www.dhammadownload.com



မဟုတ်-ဟု ကိန်းသေတွက်ပြီးလျှင် တပည့်ဖြစ်သူ အဘယမင်းသားကိုလည်း "ရဟန်းဂေါတမဟာ ငါထောင်ထားတဲ့ ထောင်ချောက်ထဲမှာ ဝင်တိုးမိမှာ ကတော့ သေချာတယ်၊ အဲဒီတော့ မင်းဟာ နာမည်ကြီး မဟာပညာကျော် ရဟန်း ဂေါတမကို အနိုင်ယူနိုင်သည့်အတွက်ကြောင့် နာမည်ကြီးပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာဦးမှာပဲ"ဟု မြှောက်ပင့် အားပေးထား၏။

အဘယမင်းသားသည် ကျောင်းဒါယကာ ဘုရင်ကြီး၏ သားတော်ကြီး ၁-ပါး ဖြစ်သည့်အလျောက် ဝေဠုဝန်ကျောင်းတော်ကြီးသို့ အခေါက်ခေါက် ရောက်ဖူးပြီး ရတနာ ၃-ပါးနှင့် ရင်းနှီးဝင်ဆံ့သူဖြစ်သော်လည်း နိဂဏ္ဌနာဋပုတ္တ၏ ဖြားယောင်းသိမ်းသွင်းထားခြင်းနှင့် နာမည်ကြီးလိုခြင်းကြောင့် နိဂဏ္ဌ၏ အစီ အမံကို လက်ခံလိုက်ခြင်းဖြစ်ပါသည်။ ထိုနေ့က အဘယမင်းသားသည် ဝေဠုဝန် ကျောင်းတော်ကြီးသို့ သွားခဲ့သော်လည်း အချိန်အနည်းငယ် နောက်ကျသွား သည့်အတွက်ကြောင့် မြတ်စွာဘုရားနှင့် ဝါဒယှဉ်ပြိုင်၍ ရင်ဆိုင်ဆွေးနွေးခြင်း မပြုသေးဘဲ နောက်တစ်နေ့ရောက်မှ အေးအေးဆေးဆေး ဆွေးနွေးနိုင်ရန် မြတ်စွာဘုရားနှင့် နောက်ပါ ရဟန်း ၃-ပါးကို မိမိအိမ်တော်သို့ ဆွမ်းစားပင့်၍သာ ပြန်လာခဲ့လေ၏။

* * * * *

## နိဂဏ္ဌတွေတော့ သေကုန်ပါပြီ

နောက်တစ်နေ့ နံနက်တွင် ဘုရားရှင်နှင့် နောက်ပါ ရဟန်း ၃-ပါးတို့ ဆွမ်းစားကြွလာကြသည့်အခါ၌ ကောင်းမွန်ရိုသေစွာ ဆွမ်းကပ်လှူပြီးနောက် အဘယမင်းသားသည် မင်းပရိသတ်အလယ်၌ ခပ်ထယ်ထယ်ထိုင်လျက် "ဘုန်း တော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် သူတပါးတို့ မနှစ်သက် မလိုလားသည့် စကားမျိုးကို ပြောဆိုပါသလားဘုရား"ဟူသော မေးခွန်းကို မေးမြန်းခြင်းဖြင့် စကားစစ်ထိုးပွဲကြီးကို ဆင်နွှဲရန် စတင်လိုက်ပါသည်။

http://www.dhammadownload.com



မင်းပရိသတ်အပေါင်းသည် ပြန်လည်ဖြေကြားတော်မူမည့် မြတ်စွာဘုရား၏ အဖြေစကားကို စောင့်မျှော်ရင်း မျက်နှာတော်ကို ဖူးမြော်လျက်သာ တိတ်ဆိတ် ငြိမ်သက်နေကြပါသည်၊ ကာယကံရှင်ဖြစ်သူ အဘယမင်းသားသည်ကား မိမိ၏ ထောင်ချောက်တွင်းသို့ သက်ဆင်းဝင်ရောက်လာမည့် ဘုရားရှင်ကို အရအမိ ဖမ်းဆီးနိုင်ရန် စိတ်စောလျက် ရှိနေလေ၏။

သဗ္ဗညုဘုရားရှင်သည် နိဂဏ္ဌတို့ ဆရာ, တပည့် ၂-ယောက် မျှော်လင့်တွက်ဆထားသည့်အဖြေကို မပေးဘဲ "မင်းသား၊ ဒီလိုမေးခွန်းမျိုး၏ အဖြေကို ငါဘုရား ကိန်းသေ တထစ်ချ မပေးဘူး၊ ပြောသင့်တဲ့အချိန်မှာ ငါဘုရား ပြောဆိုတယ်၊ မပြောသင့်တဲ့ အခါမှာတော့ မပြောဆိုဘူး"ဟူ၍ တည်ငြိမ်အေးဆေးစွာ ဖြေကြားတော်မူလိုက်ပါသည်၊ မင်းပရိသတ်အပေါင်းသည် "ဟယ်" ဟူ၍ တစ်ပြိုင်နက် အာမေဍိတ်သံကို ပြုလိုက်ကြပြီး၊ အဘယမင်းသားကမူ "အနဿံ နိဂဏ္ဌာ" "နိဂဏ္ဌာတွေတော့ သေကုန်ပါပြီ"ဟု ကယောင်ကတမ်း အော်လိုက်မိရှာလေ၏။

"မင်းသား၊ ဘာ့ကြောင့် 'အနဿံ နိဂဏ္ဌာ၊ နိဂဏ္ဌာတွေတော့ သေကုန်ပါပြီ'လို့ ပြောရတာလဲ? ဆိုစမ်းပါဦး"လို့ ဘုရားရှင်က မေးတော်မူသည့် အခါ၌ကား အဘယမင်းသားမှာ မနေသာတော့ဘဲ နောက်ကြောင်းလှန်၍ အဖြစ်မှန်ကို ရှင်းလင်း လျှောက်ထားရပါသည်။

ထိုအခါ ဘုရားသည် အဘယမင်းသား၏ ရင်ခွင်၌ ထိုင်နေသော နို့စို့သူငယ်ကလေးကို ဥပမာပေးလိုသဖြင့် အောက်ပါမေးခွန်းကို မေးတော်မူပါသည်။

"မင်းသား၊ မသိနားမလည်သေးတဲ့ သင်၏ သားတော်ကလေးဟာ သင်မင်းသား၏ ပေါ့ဆမှုကြောင့်ဖြစ်စေ၊ အထိန်းတော်များ၏ ပေါ့ဆမှုကြောင့်ဖြစ်စေ လူကြီးများ၏ အလစ်မှာ သစ်တို, သစ်စပဲ ဖြစ်ဖြစ်၊ အိုးခြမ်းကွဲကိုပဲ ဖြစ်ဖြစ်၊ သို့မဟုတ် လက်လှမ်းမီရာ အခြားတစ်ခုခုကိုပဲ ဖြစ်ဖြစ်၊ ကောက်ယူပြီး ပါးစပ်ထဲသို့ ထည့်လိုက်သည်ဆိုလျှင် ဒီလူငယ်ကလေးကို အသင်မင်းသား ဘယ်လိုလုပ်မလဲ"

http://www.dhammadownload.com



"သားတော်ကလေးရဲ့ ပါးစပ်ထဲက အရာဝတ္ထုကို ချက်ချင်း ထုတ်ယူပြီး ပစ်မှာ အမှန်ပင် ဖြစ်ပါသည်ဘုရား၊ အကယ်၍ လွယ်လွယ်ကူကူနှင့် ထုတ်ယူလို့ မရဘူးဆိုလျှင်တော့ လက်တစ်ဖက်ဖြင့် သားတော်လေးရဲ့ ဦးခေါင်းကို ကိုင်ထားပြီး ကျန်သောလက်တစ်ဖက်မှ လက်ညှိုးဖြင့် သားကလေးရဲ့ လည်ချောင်းထဲမှ အရာဝတ္ထုကို ကော်ပြီး ထုတ်ယူပစ်ရမှာပါပဲ၊ ဒီလို ကော်ထုတ်ပစ်လို့ သားတော်လေးဟာ မခံမရပ်နိုင်အောင် ဝေဒနာခံစားရပြီး ငိုချင်ရင်လဲ ငိုမှာပါပဲ၊ ဒါပေမယ့် ကလေးဒုက္ခ ရောက်မည်ကို သနားသဖြင့် အတင်းအကြပ် ပြုလုပ်ရပါသည်ဘုရား"ဟု အဘယမင်းသားက ဖြေကြား ပါသည်။

* * * * *

## စကား ၆-ခွန်း၊ လူ၌ ထွန်း၏

ထိုအခါ သဗ္ဗညုဘုရားရှင်သည် အဘယမင်းသားနှင့်တကွ မင်း ပရိသတ်အပေါင်းအား လောက၌ လူတို့ပြောလေ့ ပြောထရှိကြသည့် စကား ၆-မျိုးနှင့် ထို ၆-မျိုးထဲမှ မိမိပြောကြားတော်မူသည့် စကား ၂-မျိုးတို့ကို ခွဲခြား ဝေဖန်၍ ဟောကြားတော်မူပါသည်။

၁။ မှန်ကန်ခြင်းလည်း မရှိ၊ အကျိုးလည်း မများ၊ သူတပါးတို့ လိုလား နှစ်သက်ခြင်းလည်း မရှိသော စကားမျိုးကိုလည်းကောင်း

၂။ ဟုတ်မှန်သည့်စကားပင် ဖြစ်စေကာမူ အကျိုးလည်း မများ၊ သူတပါး တို့ လိုလားနှစ်သက်ခြင်းလည်း မရှိသော စကားမျိုးကိုလည်းကောင်း

၃။ သူတပါးတို့ လိုလားနှစ်သက်ကြသည်ပင် ဖြစ်စေကာမူ မှန်ကန်ခြင်း လည်း မရှိ၊ အကျိုးလည်း မရှိသော စကားမျိုးကိုလည်းကောင်း

၄။ သူတပါးတို့ နှစ်သက်လိုလားကြပြီး ဟုတ်မှန်သည့်စကားပင် ဖြစ်စေ ကာမူ အကျိုးမများသည့် စကားကိုလည်းကောင်း–

ဤစကား ၄-မျိုးကို ငါဘုရားသည် မည်သည့်အခါတွင်မျှ မပြောကြားချေ။

http://www.dhammadownload.com



၅။ ကျိုးရှိ, ဟုတ်မှန်၊ သူတပါးတို့ နာခံနှစ်သက်သော စကားမျိုးနှင့်

၆။ သူတပါးတို့ မနှစ်သက် မလိုလားကြစေကာမူ မှန်ကန်၍, အကျိုးရှိမည့် စကားမျိုး–

ဤ ၂-မျိုးကိုသာ အကြောင်းအားလျော်စွာ အခါကို ထောက်ချင့်၍ သင့်တင့်အောင် နှလုံးသွင်းလျက် ပြောကြားကြောင်းကို ရှင်းလင်း ဟောကြားတော်မူပါသည်။ *(မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ အဘယကုမာရသုတ်၊ ၅၅။ )*

ဤသို့ သဗ္ဗညုဘုရားရှင်သည် မှန်ကန်ကျိုးများ၊ သူတပါး လိုလား၊ မလိုလားအားဖြင့် ၂-မျိုး ၂-စားသော -စကားကို ပြောကြားတော်မူတတ်သောကြောင့်လည်း သုဂတ မည်တော်မူပါပေသည်။

မြတ်စွာဘုရား ပြောကြားတော်မူသည့် မှန်ကန်၊ ကျိုးများ၊ သူတပါးတို့ လိုလားသောစကား, မလိုလားသောစကား ၂-မျိုးဟူသည်မှာ ပိဋကတ် ၃-သွယ်၊ နိကာယ် ၅-ဖြာ၊ ဓမ္မက္ခန္ဓာတရားတော်များသာလျှင် ဖြစ်ပေသည်။

သဟမ္ပတိဗြဟ္မာကြီးသည် ဤတရားတော်များကို မိမိကိုယ်တိုင်လည်း နာကြားလို, သတ္တဝါအများကိုလည်း နာကြားစေလိုသဖြင့် တရားမဟောဘဲ မနေရန် ဘုရားမြတ်သို့ ချဉ်းကပ်၍ တိုးလျှိုးတောင်းပန်ခဲ့ရပါသည်။

ကောဏ္ဍညပုဏ္ဏား အမှူးပြုသော ပညာရှိ ပုရောဟိတ်ပုဏ္ဏား ၅-ဦးတို့သည် ဘုရားလောင်း၏ လက္ခဏာကို ကြည့်ပြီး ဧကန်မုချ ဘုရားဖြစ်မည်ကို သိကြသောကြောင့် တရားဦးကို နာကြားရန် ဘုရားလောင်းအလျင် ကြိုတင်၍ တောထွက်ခဲ့ကြပြီး ဥရုဝေလတောကြီးမှ ရသေ့ရဟန်းဘဝဖြင့် စောင့်မျှော်နေခဲ့ကြရခြင်း စသည်ဖြင့် ဘုရားရှင်၏ မှန်ကန်ပြီး အကျိုးကြီးမားသည့် တရားတော်များကို နာယူမှတ်သား နာကြားလိုသူတို့ ပေါ်များလှပါသည်။

မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များကို ကြားသိကြသူ ပညာရှိသူတော်ကောင်းအပေါင်းတို့ကလည်း–

“ဣတော စေပိ သော ဘဝံ ဂေါတမော ယောဇနသတေ ဝိဟရတိ၊ အလမေဝ သဒ္ဓေန ကုလပုတ္တေန ဒဿနာယ ဥပသင်္ကမိတုံ အပိပုဋောသေန”။ *(သီလက္ခန်ပါဠိတော်၊ သောဏဒဏ္ဍသုတ်၊ ၁၁၀။)*

http://www.dhammadownload.com



"ဂေါတမန္တယ်ဖွား ရှင်တော်မြတ်ဘုရားသည် မိမိတို့နေထိုင်ရာအရပ်မှ ယူဇနာ-၁၀၀ အလှမ်းကွာသည့် အရပ်၌ သီတင်းသုံးနေတော်မူငြားသော်လည်း သဒ္ဓါတရားရှိသူတိုင်းသည် မဆိုင်းမတွ မြတ်ဗုဒ္ဓကို ဖူးမြော်ရန်နှင့် တရားတော်ကို နာယူရန် စားနပ်ရိက္ခာ, စားအိုး စားခွက်ကို သယ်ပိုးယူဆောင်၍ သွားရသည့် ခရီးလမ်းမျိုးပင် ဖြစ်စေကာမူ မပျက်မကွက် ဆက်ဆက်ရောက်အောင် သွားထိုက်ပေသည်"ဟူ၍ နှိုးဆော်တိုက်တွန်းခဲ့ကြပါသည်။

* * * * *

## မှန်ကန်သောစကားကို မလိုလားသော်လည်း အကျိုးတရားရသူ ၂-ယောက်

၁။ အဝိဇ္ဇာပိတ်ဖုံး၍ အသိဉာဏ် စုံလုံးကန်းနေသူများသည်လည်းကောင်း

၂။ ဒေါသအမျက် ပူးဝင်နှိပ်စက်သဖြင့် အသိဉာဏ်ခေါင်းပါးပြီး ရန်ငြိုးဖွဲ့ထားကြသူများသည်လည်းကောင်း

၃။ မာန်မာနအတွက် အမျိုးနှင့်ဂုဏ်ပျက်မည်ကို ငဲ့ကွက်နေကြသူများသည်လည်းကောင်း

၄။ လောဘရမ္မက် ဖိစီးနှိပ်စက်သဖြင့် လာဘ်လာဘနှင့် တပည့်ဒါယကာများ လုံးပါး ပါးပြီး နွမ်းပါးသွားမည်ကို စိုးရိမ်ပူပန်ကြသူများသည်လည်းကောင်း –

မြတ်စွာဘုရား၏ တရားတော်များကို မလိုလား မနှစ်သက်ကြပါ၊ သို့သော်လည်း ထိုသူများကို သနားသောအားဖြင့် မြတ်စွာဘုရားသည် ပစ္စုပ္ပန်, သံသရာ ၂-ဖြာသော ဘဝတို့၌ အကျိုးရမည့် စကားတို့ကိုလည်းကောင်း မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်း ဧကန်အမှန်ဖြစ်သော တရားတော်များကိုလည်းကောင်း ဟောကြားတော်မူပါသည်။

http://www.dhammadownload.com



ထို့ကြောင့် မြတ်ဘုရား၏ အနတ္တတရားကို အမြဲတမ်း ဝေဖန်တိုက်ခိုက်နေသော အတ္တဝါဒသမားကြီးတစ်ဦးဖြစ်သူ သစ္စကပရိဗိုဇ်သည် မဇ္ဈိမနိကာယ် ပါဠိတော်လာ မြတ်စွာဘုရားဟောကြားတော်မူသည့် သစ္စကသုတ် ဒေသနာတော်များကို နာကြားခဲ့ရသည့်အတွက်ကြောင့် အထုံဝါသနာဖြစ်ပြီးလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် သီဟိုဠ်ကျွန်းသို့ သာသနာတော် အရောက်တွင် ကာဠဗုဒ္ဓရက္ခိတ အမည်ရှိသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာမထေရ် မြတ်ကြီးအဖြစ်သို့ ရောက်ခဲ့ရပါသည်။ *(မူလပဏ္ဏာသ-ဋ္ဌ၊ဒု-၁၉၄)*

ထို့အတူပင် သကုလုဒါယီ အမည်ရှိသော ပရိဗိုဇ်သည်လည်း မှန်ကန်၍ ပစ္စုပ္ပန်, သံသရာ ၂-ဖြာသော အကျိုးစီးပွါးကို ပေးစွမ်းနိုင်သည့် တရားတော်များကို ညှာတာထောက်ထား သနားသောအားဖြင့် ရှင်တော်မြတ်ဘုရားက ဟောတော်မူငြားသော်လည်း ဂိုဏ်းဆရာကြီးအဖြစ်မှ လျှောကျပြီး မြတ်ဘုရား၏ တပည့် သာဝကအဖြစ်ကို မခံယူလိုသော (တည်အိုးကြီးဘဝမှ လောင်းအိုးကလေးဘဝသို့ မရောက်လိုသော) မာန်မာနကြောင့် တရားတော်များကို လက်မခံခဲ့ပါ။

ထိုသို့ နှစ်သက်လိုလား လက်မခံခဲ့ငြားသော်လည်း အထုံဝါသနာ ပါလာခဲ့သောကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာတော်နှစ် ၂၀၀-ကျော်ခန့် ဓမ္မာသောကမင်းကြီး၏ လက်ထက်သို့ အရောက်တွင် ဇမ္ဗူဒိပ်မြေ အပြင်၌ ရှိရှိသမျှသော ရဟန်းသံဃာတို့၏ ဩဝါဒါစရိယ၊ ဝတ္တနိယကျောင်းတိုက်ကြီး၏ ဦးစီးနာယကဖြစ်သော အဿဂုတ္တရဟန္တာ မထေရ်မြတ်ကြီး ဖြစ်လာခဲ့ပါသည်၊ ထိုအဿဂုတ္တမထေရ်ကြီးသည် မေတ္တာဘာဝနာကို ပွါးများ၍ နေကြသူတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

ထို့ကြောင့် သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဤအဿဂုတ္တမထေရ်ကြီးကို မြင်တော်မူသောကြောင့် မိမိသက်တော်ထင်ရှားရှိစဉ်က တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်အား မေတ္တာဘာဝနာဖြင့် နေလေ့ရှိသူတို့၌ အမြတ်ဆုံး ဧတဒဂ် ဘွဲ့ထူးကို မပေးဘဲ ချန်လှပ်၍ ထားတော်မူခဲ့သည်-ဟု ဆိုကြသည်။

**ပဿတိ ဟိ ဘဂဝါ အနာဂတေ အယံ မမ သာသနေ ပဗ္ဗဇိတွာ မေတ္တာဝိဟာရီနံ အဂ္ဂေါ ဘဝိဿတီတိ။** *(မဇ္ဈိမပဏ္ဏာသ-ဋ္ဌ-၁၉၀)*

http://www.dhammadownload.com



ဟိ သစ္စံ၊ မှန်၏။ အယံ၊ ဤသကုလုဒါယီပရိဗိုဇ်သည်။ အနာဂတေ၊ နောင်အခါ၌။ မမ သာသနေ၊ ငါဘုရားသာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ မေတ္တာဝိဟာရီနံ၊ မေတ္တာဘာဝနာဖြင့် ပျော်မွေ့၍ နေလေ့ရှိသူအပေါင်းတို့တွင်။ အဂ္ဂေါ၊ အမြတ်ဆုံးပုဂ္ဂိုလ်သည်။ ဘဝိဿတိ၊ ဖြစ်လိမ့်မည်။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဿတိ၊ မြင်တော်မူ၏။

* * * * *

## နတ်သမီးတွေကို လိုချင်၍ တရားအားထုတ်သူ

ဟုတ်မှန်၍ အကျိုးရှိသည်ကိုသာ ဆိုတော်မူတတ်၏-ဟူသော ဤသုဂတဂုဏ်တော်၌ အချို့က မေးတတ်ကြ၏၊ "နန္ဒမင်းသားကို ဟောချွတ်တော်မူရာတွင် မဂ်ဖိုလ်အကျိုးပင်ရှိသော်လည်း နတ်သမီးတွေကို အလိုရှိလျှင် ဤတရားကို ဆင်ခြင်ပွါးများဟု ပေးသနားသောတရား၌ နတ်သမီးများကို ရဖို့ရန်နှင့် မန္တန်တော်တရားဒေသနာသည် သီကာမှ ယှဉ်မရသောကြောင့် မမှန်သောမုသားစကားကို ပြောဆိုသည် မဟုတ်ပါလော"ဟု မေးလာကြဖူး၏။

မေးမြန်းသင့်သည့် မေးခွန်းပင် ဖြစ်ပါသည်၊ ဟုတ်မှန်သည့် စကားကိုပင် ဟောတော်မူသည်ဟု ဖြေကြားရပါသည်၊ အဘယ့်ကြောင့်နည်းဟူမူ မြတ်စွာဘုရား စေခိုင်းတော်မူသည့်အတိုင်း တရားအားထုတ်၍ ဈာန် အဘိညာဏ်တရားတို့ကိုရလျှင် ထိုဈာန်အဘိညာဏ်တို့၏ တန်ခိုးဖြင့် နတ်သမီးတစ်ယောက်မက နတ် ၆-ဘုံ၌ ရှိသမျှ နတ်သမီးများကို ရှင်နန္ဒလိုချင်ပါက ရရှိမည်မှာ ဧကန္တပင်ဖြစ်ပါသည်၊ သို့သော်လည်း ရှင်နန္ဒသည် လောကီဖြစ်သော ဈာန်အဘိညာဏ်တွင် မရပ်မနားဘဲ ဘာဝနာတရားကို ဆက်လက်၍ ပွါးများသဖြင့် အထက်မဂ်၊ အထက်ဖိုလ်သို့ တခါတည်းရောက်ပြီးလျှင် အာသဝေါတရားများ ကုန်ခန်းသွားသောကြောင့် နတ်သမီးများကို မလိုချင်တော့၍သာ မရရှိခြင်းဖြစ်ပါသည်။ ထို့ကြောင့်-

http://www.dhammadownload.com



**အဘိရမ နန္ဒ၊ အဘိရမ နန္ဒ၊ အဟံ တေ ပါဋိဘောဂေါ ပဉ္စန္နံ အစ္ဆရာသတာနံ ပဋိလာဘာယ ကကုဋပါဒါနံ။**

"သာသနာတော်၌ မွေ့လျော်၍ ဘာဝနာတရားကိုသာ ကြိုးပမ်းအားထုတ်စမ်းပါ မောင်နန္ဒ၊ မင်းအတွက် ခိုခြေအဆင်းပမာ ကျော့ရှင်းဝင်းဝါသည့် နတ်ယမင်းကညာ ၅၀၀-ကို ရအောင် ငါဘုရား တာဝန်ခံပါသည်"ဟု ပြောဆိုသော မြတ်စွာဘုရား၏ စကားကို မှားသည်ဟု မဆိုနိုင်ပါ။

အမှန်မှာ လိမ္မာသော လက်သမားဆရာသည် အတွင်း၌ ငုပ်၍ နေသော စို့(မယ်န)ကို ထုတ်ပစ်ရန်အတွက် အခြားသော စို့(မယ်န)တစ်ခုကို ရိုက်သွင်းသကဲ့သို့ ဒေသနာတော်၌ ကျွမ်းကျင်လိမ္မာတော်မူသော မြတ်စွာဘုရားသည်လည်း စို့မယ်နပမာ နှမတော် ဇနပဒကလျာဏီအပေါ်၌ စွဲလမ်းတပ်မက်နေသော စို့မယ်နပမာ ရှင်နန္ဒ၏ ရာဂတဏှာကို ဒေဝစ္ဆရာနတ်ယမင်းကညာတို့ အပေါ်သို့ အခိုက်အတန့် အာရုံပြောင်းလျက် ထိုရာဂငုတ်ကို အကြွင်းမဲ့ နုတ်ပစ်ရန် ကမ္မဋ္ဌာန်းတရားကို ပေးတော်မူခြင်းသာ ဖြစ်ပါသည်၊ ထို့ကြောင့် ညီတော်နန္ဒအား ပဋိညာဉ်ပေးထားသော မြတ်စွာဘုရား၏ စကားတော်သည် ဟုတ်မှန်၍ အကျိုးရှိသည့် စကားသာ ဖြစ်ပါသည်။

**ယတ္ထ'ဿ အာရမ္မဏေ ရာဂေါ ဒဠှံ နိပတိ၊ တံ အာဂန္တုကာရမ္မဏေ သင်္ကာမေတွာ သုခေန သက္ကာ ဇဟာပေတုန္တိ ပါဋိဘောဂံ ဥပဂဉ္ဆိ၊ အနုပုဗ္ဗိကထာယံ သဂ္ဂကထာ ဂ္ဂမဿ အတ္ထဿ နိဒဿနံ။**

*(ဥဒါန်းအဋ္ဌကထာ၊ ၁၅၅။)*

ယတ္ထ အာရမ္မဏေ၊ ဇနပဒကလျာဏီဟုဆိုအပ်သော အကြင်အာရုံ၌။ အဿ၊ ထိုအရှင်နန္ဒ၏။ ရာဂေါ၊ ရာဂသည်။ ဒဠှံ၊ ခိုင်မြဲစွာ။ နိပတိ၊ ကျရောက်၍ နေ၏။ တံ၊ ထိုဇနပဒကလျာဏီအပေါ်၌ စွဲစွဲလမ်းလမ်းဖြစ်နေသော ထိုရာဂကို။ အာဂန္တုကာရမ္မဏေ၊ ဧည့်သည်(အသစ်)ဖြစ်သောနတ်သမီးအာရုံ၌။ သင်္ကာမေတွာ၊ ပြောင်းရွှေ့ပေးပြီး၍။ သုခေန၊ လွယ်လွယ်ကူကူ။ ဇဟာပေတုံ၊ ပယ်စွန့်စေခြင်းငှါ။ သက္ကာ၊ ဖြစ်နိုင်ကောင်း၏။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပါဋိဘောဂံ၊ နတ်သမီးတွေကို ရစေမည်ဟု တာဝန်ယူခြင်းသို့။ ဥပဂဉ္ဆိ ကပ်ရောက်တော်မူပြီ။ အနုပုဗ္ဗိကထာယံ၊ ဒါနကထာ၊ သီလကထာ စသည်ဖြင့် အစဉ်အတိုင်း ဟော

http://www.dhammadownload.com



တော်မူအပ်သော ဒေသနာတော်၌။ သဂ္ဂကထာ၊ သဂ္ဂကထာသည်။ ဣမသ္မိ အတ္ထေ၊ ဤဆိုအပ်ခဲ့ပြီးသော အနက်၌။ နိဒဿနံ၊ ညွှန်ပြဖွယ်ရာ အရေးပါသည့် သဓကကထာပေတည်း။

*(သုဂတော ဂုဏ်တော်ကို ပွါးများအားထုတ်ရန် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပြီး၏။)*

* * * * *

## လောကဝိဒူဂုဏ်တော်၏ အနက်အဓိပ္ပါယ် အကျယ်
## လောက ၃-ပါး

လောကဟူသည်– လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော၊ လုဇ္ဇတိ ပလုဇ္ဇတိ၊ အပျက်သေးလည်း ပျက်, အပျက်ကြီးလည်း ပျက်တတ်၏၊ ဣတိ တသ္မာ၊ ထို့ကြောင့်။ လောကော၊ လောကမည်၏။ (ဖြစ်တတ် ပျက်တတ်၏ဟူ၍လည်း အချို့က အနက်သမ္မန်ကြကုန်၏။)

ဤဝစနတ္ထဝိဂ္ဂြိုဟ်အရ လောကဆိုသည်မှာ အပျက်ကလေး, အပျက်သေးတို့ဖြင့် ပျက်၍ အပျက်ကြီး ပျက်တတ်သော ရုပ်, နာမ်သင်္ခါရတရား၂-ပါးကို လောကဟု ဆိုသတည်း။

“**လောကံ ဝိဒတိ ဇာနာတီတိ လောကဝိဒူ**”ဟု ဝိဂ္ဂြိုဟ်ပြု၍ လောကံ၊ အပျက်ကလေး, အပျက်သေးတို့ဖြင့် ပျက်လျက်, အပျက်ကြီးပျက်နေသော လောကကို။ ဝိဒတိ ဇာနာတိ၊ သူတပါးတို့ မပြောကြားလာဘဲ (သယံ အဘိညာယ ဟူသော စကားအရ) အလိုလို ထိုးထွင်း၍ သိတော်မူ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။

**သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏ-ဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ။**

*( သီလက္ခန်ပါဠိတော်၊ အမ္ဗဋ္ဌသုတ်၊ ၈၂ -စသည်)*

ဟူသော ပါဠိတော်၌–

http://www.dhammadownload.com



"သယံ အဘိညာ"အရ သူတစ်ပါးတို့က ပြောကြား၍ သိတော်မူခြင်း မဟုတ်ဘဲ ထိုးထွင်းသောဉာဏ်တော်ဖြင့် ကိုယ်တော်တိုင်သိတော်မူသည်-ဟု ဆိုလို သည်။

ထိုသို့ အပျက်ကလေး, အပျက်သေးတို့ဖြင့်(*ပျက်၍*) အပျက်ကြီး ပျက်နေသော လောကသည် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ခြင်း ဟူသော–

- သင်္ခါရသဘောအားဖြင့် ၁-ပါး၊
- နာမ်လောက, ရုပ်လောကအားဖြင့် ၂-ပါး၊
- ဝေဒနာလောကအားဖြင့် ၃-ပါး၊
- အကြောင်းဖြစ်သော အာဟာရလောကအားဖြင့် ၄-ပါး၊
- ဥပါဒါနက္ခန္ဓာအားဖြင့် ၅-ပါး၊
- အဇ္ဈတ္တိကာယတနလောကအားဖြင့် ၆-ပါး၊
- ဝိညာဏဋ္ဌိတိအားဖြင့် ၇-ပါး၊
- လောကဓမ္မအားဖြင့် ၈-ပါး၊
- သတ္တာဝါသအားဖြင့် ၉-ပါး၊
- အာယတနအားဖြင့် ၁၂-ပါး၊
- ဓာတုလောကအားဖြင့် ၁၈-ပါး–

အပြားရှိ၏ဟူ၍ ခပ်သိမ်းသောအခြင်းအရာအားဖြင့် သင်္ခါရလောကကိုလည်း သိတော်မူ၏။

အပျက်ကလေး, အပျက်သေးတို့ဖြင့် ပျက်၍ အပျက်ကြီးပျက်နေသော ရုပ်, နာမ်သင်္ခါရ တရားများကိုပင် ဣန္ဒြိယဗဒ္ဓဖြစ်သော ခန္ဓာ ၅-ပါးတို့၏ သမူဟ-သန္တာန်ကို သမုတိပညတ်အားဖြင့် သတ္တလောက-ဟု ခေါ်ဝေါ်၍ အနိန္ဒြိယဗဒ္ဓ ဖြစ်သော ဥတုဇရုပ်တို့၏ သမူဟသန္တာန်ကို ဩကာသလောကဟု ခေါ်သည်ကို လည်း သိတော်မူ၏။

http://www.dhammadownload.com



သတ္တလောကသည် ဩကာသလောက၌ တည်မှီသော လောကဖြစ်၍ ဩကာသလောကသည် သတ္တလောက၏ တည်ရာမှီရာ ဘုံဌာနကြီးတစ်ခု ဖြစ်သည်ဟူ၍လည်း သိတော်မူ၏။

ထို့ပြင် သတ္တလောကကို သိတော်မူရာ၌ ထိုထိုသတ္တဝါတို့၏-

- အာသယကိုလည်းကောင်း
- အနုသယကိုလည်းကောင်း
- စရိုက်ကိုလည်းကောင်း
- စွဲစွဲမြဲမြဲ သက်ဝင်ယုံကြည်မှုကိုလည်းကောင်း
- ကိလေသာမြူ အထူ,အပါးကိုလည်းကောင်း
- ဣန္ဒြေအနု,အရင့်ကိုလည်းကောင်း
- ပင်ကိုသဘာဝ ကောင်းသည်, မကောင်းသည်ကိုလည်းကောင်း
- မိမိဟောကြားမည့်တရားကို သဘောပေါက် နားလည်သော ဉာဏ်ပညာ ရှိသည်, မရှိသည်ကိုလည်းကောင်း
- အကျွတ်တရားကို ရနိုင်သူ ဟုတ်မည်, မဟုတ်မည် စသည်တို့ကို လည်းကောင်း-

ဝေဖန်ပိုင်းခြားလျက် အလုံးစုံသော အခြင်းအရာအားဖြင့် သိတော်မူ၏။

ဩကာသလောကကို သိတော်မူရာ၌လည်း ယူဇနာပေါင်း ရှစ်သောင်း လေးထောင် (ရေအောက် , ရေပေါ်) ၂-ပြန်ဆောင်သော မြင်းမိုရ်တောင်ကြီးကို အလယ်ဗဟိုပြု၍ ယူဇနာ တစ်သောင်း ကျယ်သော ဇမ္ဗူဒီပါကျွန်းကြီးနှင့် တကွ ယူဇနာ ၉,၀၀၀-ကျယ်သော အရှေ့ကျွန်း၊ ယူဇနာ ၇,၀၀၀-ကျယ် သော အနောက်ကျွန်း၊ ယူဇနာ ၈,၀၀၀-ကျယ်သော မြောက်ကျွန်းတို့ပါ ကျွန်းကြီး ၄-ကျွန်း၊ အရံကျွန်းငယ် ၅၀၀-စီနှင့်တကွ၊ ရေငန် ပင်လယ်သမုဒ္ဒရာကြီး ဝိုင်းလျက် တည်သော ဩကာသဌာနကြီးကို ယူဇနာပေါင်း ၈၂,၀၀၀-မြင့်သော သဘာဝ ကျောက်တံတိုင်းကြီးဖြင့် ပိုင်းခြားကာရံ၍ နေသည်ကို-

http://www.dhammadownload.com



စတ္တံ ဝိယ သမန္တတော ဝါရေတိ ပရိဝါရေတီတိ စက္ကဝါဠံ။

စက္ကံ ဝိယ၊ ရထားလှည်းဘီး စက်ဝိုင်းကဲ့သို့။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဝါရေတိ ပရိဝါရေတိ၊ လှည့်ပတ်၍ ကာရံတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စက္ကဝါဠံ၊ စကြဝဠာမည်၏ဟူသော ဝစနတ္ထ အရ စကြဝဠာဟု ခေါ်သည်။

* * * * *

## ဩကာသလောကကို သိတော်မူပုံ

ထိုလောကဓာတ်ကျွန်းမြေမှ အထက်ယူဇနာ ၈၄,၀၀၀-မြင့်သော မြင်းမိုရ်တောင်ကြီး၏ခါးလယ် ယုဂန္ဓိုရ်တောင်ရံ၏ထိပ်တို့နှင့် ညီသော ယူဇနာ ၄၂,၀၀၀-မြင့်သည့် ကောင်းကင်တွင် စာတုမဟာရာဇ်နတ်ပြည်၊ ၎င်းမှအထက် ယူဇနာ ၄၂,၀၀၀-စီ ခြားလျက် တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ နတ်ပြည် ၆-ထပ်, အထက်ဆုံးဖြစ်သော ဝသဝတ္တီနတ်ပြည်မှ ယူဇနာပေါင်း ငါးသန်း, ငါးသိန်းစီ ခြားကွာသော အထက်အထက် ကောင်းကင်တို့၌ ဗြဟ္မပါရိသဇ္ဇာ အစရှိသော ဗြဟ္မာတို့နေရာ ဗြဟ္မာ့ပြည် ၂၀-တို့ တည်ကြပြီးလျှင် ၎င်းတို့အထက် ဟင်းလင်းအပြင် ကောင်းကင်ချည်းမျှသာရှိသော ဩကာသလောကကိုလည်းကောင်း

ဤဇမ္ဗူဒီပါကျွန်းမြေ၊ မြစ် သမုဒ္ဒရာ စိမ့်စမ်းဟူသော တောင်ကြီးတို့၏ အောက်၌ ဥမင်ကြီးများတို့ဖြစ်၍ နတ်နဂါးတို့နေရာ ဩကာသလောကကိုလည်းကောင်း

၎င်းတို့အောက် ပံသုပထဝီမြေပြင် ၁,၂၀,၀၀၀-အတွင်း ယူဇနာပေါင်း ၁၅,၀၀၀-စီခြားလျက် သဉ္ဇီဝခေါ်သော ငရဲကြီးမှစ၍ အဝီစိ ငရဲကြီးအထိ ငရဲကြီး ၈-ထပ်၊ ၁-ထပ်လျှင် ဥဿဒ ငရဲငယ်ပေါင်း ၅၀၀-စီ၊ အကုသိုလ်အမှုသည်တို့၏ ကံအားလျော်စွာ ဖြစ်ပေါ်နေကြသော ဩကာသလောကကိုလည်းကောင်း၊

http://www.dhammadownload.com



တောင်ပေါ်, တောင်အောက်, တောင်ချောက်ကြား စသည်တို့နှင့် ပင်လယ်သမုဒ္ဒရာ ကမ်းနားအစရှိသည်တို့၌လည်း ရံဖန်ရံခါ မီးကျီးပြာပူတို့ထ၍ အကုသိုလ်အမှုသည်တို့ ပေါများသဖြင့် ဖြစ်ပေါ်လာတတ်သော ဥဿဒငရဲဟု ခေါ်အပ်သော **ဩကာသလောကကိုလည်းကောင်း၊**

အဝီစိငရဲကြီး၏ အောက်၌ ကျောက်သားဖြင့်ပြီးသော ယူဇနာ ၁,၂၀,၀၀၀-အထုရှိသည့်ကျောက်မြေ၊ အဝီစိငရဲကြီး၏ အထက်မှ ပံသုပထဝီနှင့် ဤသေလပထဝီကျောက်မြေ၊ ထို ၂-ရပ် ပေါင်းသော် ၂,၄၀,၀၀၀-အထုရှိသော **မဟာပထဝီမြေကြီးကိုလည်းကောင်း၊**

ထိုမဟာပထဝီမြေကြီး၏ အောက်၌တည်ရှိသည့် ယူဇနာ ၄,၈၀,၀၀၀-အစောက်ရှိသော **ရေထုကြီးကိုလည်းကောင်း၊**

ထိုရေထုကြီး၏အောက်၌ ယူဇနာ ၉,၆၀,၀၀၀-ရှိသော လေထုကြီးနှင့်တကွ ထိုလေထုအောက်၌ **အနန္တောကာသကောင်းကင်ကြီး** တည်ရှိနေသည်တို့ကိုလည်းကောင်း၊

ဤသို့ လေထု, ရေထု, မြေထု, မြင်းမိုရ်၊ ထိုထိုသို့သော ယုဂန္ဓိုရ်တောင်, ဤသမရေတောင်စသည့် တောင်စဉ် ၇-ထပ်၊ ၆-ရပ်သော နတ်ပြည်, ဗြဟ္မာ့ပြည် ၂၀-တို့နှင့်တကွသော စကြဝဠာတောင်ဝိုင်းကြီးတစ်ခုကို လောကဓာတ် စကြဝဠာကြီးတစ်ခုဟု ပိုင်းခြား၍ သိပြီးလျှင် ထိုလောကဓာတ် စကြဝဠာကြီး ၃-ခုတို့၏အကြား၌ တည်ရှိသော **လောကန္တရိက်ငရဲကြီးများကို** လည်းကောင်း၊

ဤသို့သော -

- စကြဝဠာပေါင်း ၁,၀၀၀-ကို **စူဠလောကဓာတ်**-ဟူ၍လည်းကောင်း
- စူဠလောကဓာတ်ပေါင်း ၁,၀၀,၀၀၀-ကို **မဇ္ဈိမလောကဓာတ်**-ဟူ၍ လည်းကောင်း
- မဇ္ဈိမလောကဓာတ်ပေါင်း ကုဋေတစ်သိန်းကို **မဟာလောကဓာတ်**-ဟူ၍ လည်းကောင်း -

http://www.dhammadownload.com



အသီးသီး ဝေဖန်ပိုင်းခြား၍ သိပြီးလျှင် စကြဝဠာအနန္တ ဩကာသလောကကြီးကို ဆရာမကူ၊ သယမ္ဘူဉာဏ်တော်ဖြင့် သိတော်မူသောကြောင့်လည်း လောကဝိဒူ မည်တော်မူ၏။

ဤစကြဝဠာကြီးအတွင်းမှာလည်း–

- ဇမ္ဗူဒီပါကျွန်းဦး၌ ယူဇနာ ၁၀၀-အမြင့်ရှိသော ဇမ္ဗူသပြေပင်ကြီးသည် ခက်မ ၅-ဖြာ၊ လုံးပတ် ၁၅-ယူဇနာရှိ၏၊
- ထို့အတူ ဥတ္တရကုရု မြောက်ကျွန်း၌ ပဒေသာပင်၊
- ပုဗ္ဗဝိဒေဟ အရှေ့ကျွန်း၌ ကုက္ကိုပင်၊
- အပရဂေါယာန အနောက်ကျွန်း၌ ထိန်ပင်၊
- အသုရာတို့ နေထိုင်ရာ မြင်းမိုရ်တောင်ကြီး၏ အောက်၌ သခွပ်ပင်၊
- ဂဠုန်တို့၏ ပျော်စံရာ မြင်းမိုရ်တောင်ကြီး၏ ဒုတိယအဆင့် အာလိန်၌ လက်ပံပင်နှင့်
- တာဝတိံသာနတ်ပြည်၌ ကသစ်ပင်ကြီးတို့ –

အသီးသီး ရှိကြကုန်၏-ဟူ၍လည်းကောင်း

ကျွန်းကြီး ၄-ကျွန်းတို့တွင် ဤဇမ္ဗူဒီပါတောင်ကျွန်း၏ အလယ်တွင် ၁၂-ရာသီပတ်လုံး ဆီးနှင်းတို့ မပြတ်ဖုံးနေသော ဟိမဝန္တာတောင်ကြီး၊ ထိုတောင်ကြီး၏အမြင့် ယူဇနာ ၅၀၀-ရှိသောတောင်ထွတ်တို့၌ သုဝဏ္ဏပဗ္ဗတ (ရွှေတောင်), စိတ္တကူဋ်တောင်, ကာလကူဋတောင်, ဂန္ဓမာဒနတောင်, ကေလာသတောင်-ဟူ၍ တောင်ထွတ်ကြီး ၅-လုံး၊ ထိုတောင်ထွတ်ကြီး ၅-လုံးတို့၏ အကြား၌ နတ်, နဂါးတို့ ပျော်ပါးထိန်းချုပ် စိုးအုပ်လျက်ရှိသော အနောတတ္တရေအိုင်ကြီး၊ ၎င်းရေအိုင်ကြီးမှ စီးဆင်းလျှောသက် မြစ်ဖျားခံလျက် ကျလာသော ရေတံခွန်ကြီးမှာ ယူဇနာ-၆၀၊ ၎င်းနောက် မြေအောက်သို့ ငုပ်လျှိုးလျက် ကျောက်တောင်ကြီးအတွင်းသို့ စီးဝင်သွားသော ဥမင်ရေလမ်းကြီးမှာလည်း ယူဇနာ-၆၀၊ ထိုဥမင်တောင်ခေါင်းကြီးမှ ပေါ်၍ ဝိဥ္ဇမည်သော တောင်ကြီးကို တိုက်ပြီးလျှင် ရေ ၅-သွယ်ဖြာ၍ ကွဲထွက်လာသော မြစ်ကြီး ၅-စင်းတို့တွင်–

http://www.dhammadownload.com



- တစ်စင်းကို ဂင်္ဂါ၊
- တစ်စင်းကို ယမုနာ၊
- တစ်စင်းကို အစိရဝတီ၊
- တစ်စင်းကို မဟီနှင့်
- တစ်စင်းကို သရဘူ -

ဟူ၍ ခေါ်ကြကုန်၏ဟူ၍လည်းကောင်း-

ထိုသို့ ကြီးကျယ်သော ဩကာသလောကကြီးများနှင့်တကွ သေးငယ်သော ဩကာသလောက၊ တောတောင်ရေမြေ၊ လူနေမြို့ပြ၊ ပြည်ရွာ စသည်တို့ကို တစ်ခုမျှ မကျန်အောင် သယမ္ဘုဉာဏ်ဖြင့် ကိုယ်တော်တိုင်သိတော်မူသောကြောင့်လည်း လောကဝိဒူ မည်တော်မူပါပေ၏။

*(ဤကား လောကဝိသယော အစိန္တိယော-ဟူသော ဒေသနာတော်အရ ဩကာသလောကကို အကျယ်မပြနိုင်သည့်အတွက်ကြောင့် အကျဉ်းအမြွက်မျှ ပြဆိုအပ်သော လောကဝိဒူ ဂုဏ်တော်ပေတည်း။)*

* * * * *

## အနာဝရဏဉာဏ်တော်နှင့် သမန္တစက္ခုဉာဏ်တော်

ဤသို့ သင်္ခါရလောက, သတ္တလောက, ဩကာသလောက-ဟု ဆိုအပ်သော လောက ၃-ခွင်၊ ဘုံအပြင်ကို၊ ကုန်စင်ခပင်း၊ မကျန်ကြွင်းအောင်၊ အလင်းထင်ပေါ်၊ သဗ္ဗညုတဉာဏ်တော်ဖြင့် သိတော်မူသောကြောင့် လောကဝိဒူ မည်တော်မူ၏။

ဝင်းသဗ္ဗညုတဉာဏ်တော်ကြီးကိုပင် သိစရာမှန်သမျှကို တစ်ခုမှ မကျန်ရလေအောင် အပိတ်အပင် အဆီးအတားမရှိ သိတော်မူသောကြောင့် အနာဝရဏဉာဏ်တော်-ဟူ၍လည်းကောင်း ရုပ်ထက်ဝန်းကျင်ကို အကုန်အစင် သိမြင်တော်မူသောကြောင့် သမန္တစက္ခုဉာဏ်တော်-ဟူ၍လည်းကောင်း ဆိုရပြန်လေ၏။

http://www.dhammadownload.com



၁။ န ဟိ အနာဝရဏဉာဏံ ဓမ္မတော ဝိသုံ အတ္ထိ၊ ဧကမေဝ ဟေတံ ဉာဏံ အာကာရဘေဒတော ဒွေဓာ ဝုစ္စတိ သဗ္ဗိန္ဒြိယသဒ္ဒါဗလာဒီနိ ဝိယ၊ သဗ္ဗညုတဉာဏမေဝ ဟိ နတ္ထိ ဧတဿ အာရဝဏန္တိ၊ ဧကနစိ ဓမ္မေန ပုဂ္ဂလေန ဝါ အာဝရဏံ ကာတုံ အသက္ကုဏေယျတာယ အနာဝရဏန္တိ ဝုစ္စတိ အာဝဇ္ဇနပဋိဗဒ္ဓတ္တာ သဗ္ဗဓမ္မာနံ။

*( ပဋိသမ္ဘိဒါမဂ်၊ ၄၂၊ ၃၆။)*

၂။ န တဿ အဒိဋ္ဌ'မိဓ'တ္ထိ ကိဉ္စိ၊
အထော အဝိညာတ'မဇာနိတဗ္ဗံ။
သဗ္ဗံ အဘိညာသိ ယ'ဒတ္ထိ နေယျံ၊
တထာဂတော တေန သမန္တစက္ခု'တိ။ *(ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ၁၂၇။)*

အနက်ကား။ ။(၁) ဟိ သစ္စံ၊ မှန်၏။ အနာဝရဏဉာဏံ၊ အနာဝရဏဉာဏ်သည်။ ဓမ္မတော၊ တရားကိုယ်အားဖြင့်။ ဝိသုံ၊ သဗ္ဗညုတဉာဏ်မှ အသီးအခြားသည်။ န အတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ မှန်၏။ ဧကမေဝ၊ တစ်ခုတည်းသာလျှင်ဖြစ်သော။ ဧတံ ဉာဏံ၊ ဤသဗ္ဗညုတဉာဏ်တော်ကို။ သဗ္ဗိန္ဒြိယသဒ္ဒါဗလာဒီနိ ဝိယ၊ သိဒ္ဓိန္ဒြေ၊ သဒ္ဓါဗိုလ် အစရှိသည်တို့ကဲ့သို့။ အာကာရဘေဒတော၊ အခြင်းအရာအပြားအားဖြင့်။ ဒွေဓာ၊ နှစ်ပါးအပြားအားဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ မှန်၏။ သဗ္ဗညုတဉာဏမေဝ၊ သဗ္ဗညုတဉာဏ်ကိုသာလျှင်။ ဧတဿ ဉာဏဿ၊ ဤသဗ္ဗညုတဉာဏ်အား။ အာဝရဏံ၊ အပိတ်အပင် အဆီးအတားသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနာဝရဏန္တိ၊ အနာဝရဏဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧကနစိ ဓမ္မေန ဝါ၊ တစ်စုံတစ်ခုသော တရားသည်လည်းကောင်း။ ဧကနစိ ပုဂ္ဂလေန ဝါ၊ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည်လည်းကောင်း။ အာဝရဏံ၊ ပိတ်ပင်ဆီးတားခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ အသက္ကုဏေယျတာယ၊ မစွမ်းဆောင်နိုင်သည်၏ အဖြစ်ကြောင့်။ (ဧတံ ဉာဏံ၊ ဤသဗ္ဗညုတဉာဏ်တော်ကို။) အနာဝရဏန္တိ၊ အနာဝရဏဉာဏ်တော်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ကသ္မာ၊ အဘယ့်ကြောင့်။ ဧတံ ဉာဏံ၊ ကို။ ဧကနစိ ဓမ္မေန ဝါ၊ သည်လည်းကောင်း။ ဧကနစိ ပုဂ္ဂလေန ဝါ၊ ကောင်း။ အာဝရဏံ၊ ပိတ်ပင်

http://www.dhammadownload.com



ဆီးတားခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောတိ၊ မစွမ်းဆောင်နိုင်သနည်း။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းကုန်သော တရားတို့၏။ အာဝဇ္ဇနပဋိဗဒ္ဓတ္တာ၊ အာဝဇ္ဇန်းနှင့် စပ်နေသည်၏အဖြစ်ကြောင့်တည်း။

(၂) ဣဓ ဣမသ္မိံ လောကေ၊ ဤလောကသုံးပါး၌။ တဿ တထာဂတဿ၊ ၏။ (ပညာစက္ခုနာ၊ ဉာဏ်မျက်စိဖြင့်)။ အဒိဋ္ဌံ၊ မမြင်အပ်သော။ ကိဉ္စိ၊ တစ်စုံတစ်ခုသော တရားသည်။ န အတ္ထိ၊ မရှိ။ အထော၊ ထိုမှတပါး။ အဝိညာတံ၊ မသိနိုင်သော တစ်စုံတစ်ခုသော တရားမည်သည်။ န အဟောသိ၊ မဖြစ်ခဲ့ဖူးချေ။ အဇာနိတဗ္ဗံ၊ မသိနိုင်သော တစ်စုံတစ်ခုသော တရားမည်သည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။ နေယျံ၊ သိသင့်သိထိုက်သော။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုသိသင့် သိထိုက်သော တရားအားလုံးကို။ တထာဂတော၊ သည်။ အဘိညာသိ၊ သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်တော်မူပြီ။ တေန၊ ထို့ကြောင့်။ တထာဂတော၊ မြတ်စွာဘုရားကို။ သမန္တစက္ခု'တိ၊ ပတ်လည်ဝန်းကျင် အလုံးစုံကို သိမြင်သော ဉာဏ်မျက်စိနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

*(လောကဝိဒူဂုဏ်တော်ကို ပွါးများရန် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပြီး၏။)*

http://www.dhammadownload.com



## အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်၏ အနက်အဓိပ္ပါယ် အကျယ်

**ဒေါသ-သံ မပါ၊ မာန-သံ မဖက်၊ ဓမ္မသက်သက်ဖြင့်သာ ဆုံးမတော်မူသည်။**

**အတ္တနာ ပန ဂုဏေဟိ ဝိသိဋ္ဌတရဿ ကဿစိ အဘာဝတော နတ္ထိ တေဿ ဥတ္တရောတိ အနုတ္တရော-**

ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်မှာအပ်သော ဝိဂြိုဟ်ပြစကားအရ-

**အဒန္တာနံ ဒုဋ္ဌပုရိသာနံ ဒမနကိစ္စေ နတ္ထိ ဥတ္တရိတရော တေဿာတိ အနုတ္တရော-**

ဟု ဝိဂြိုဟ်ပြုအပ်၏။

တေဿ၊ ထိုမြတ်စွာဘုရားသခင်အား။ အဒန္တာနံ၊ မယဉ်ကျေးကုန်သော။ ဒုဋ္ဌပုရိသာနံ၊ ဆိုးသွမ်းသော သတ္တဝါတို့ကို။ ဒမနကိစ္စေ၊ ယဉ်ကျေးအောင် ဆုံးမခြင်းကိစ္စ၌။ အတ္တနာ၊ မိမိထက်။ ဥတ္တရိတရော၊ သာလွန်၍ ကောင်းမွန်အောင် ဆုံးမနိုင်သော ပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။

**ပုရိသဒမ္မေ သာရေတိ ဒမေတိ ဒန္တဘူမိံ သမ္ပာပေတီတိ ပုရိသဒမ္မသာရထိ၊**

ပုရိသဒမ္မေ၊ အားခွန်ဗလ၊ ဘောဂ, ပညာ၊ တန်ခိုးသာသည်-ဟု၊ မာန်ကြီးပြု၍၊ မိုက်မှုအားတက်၊ ဆုံးမခက်သော သတ္တဝါတို့ကို။ သာရေတိ ဒမေတိ၊ ထိုမာန်ကို ပယ်ဖြတ်၍၊ ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမတော်မူတတ်၏။ ဒန္တဘူမိံ၊ ယဉ်ကျေးသိမ်မွေ့သူ၏ အဖြစ်သို့။ သမ္ပာပေတိ၊ ကောင်းစွာ ရောက်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိမည်တော်မူ၏။

**အနုတ္တရော စ သော ပုရိသဒမ္မသာရထိ စာတိ အနုတ္တရောပုရိသဒမ္မသာရထိ-**

ဟူ၍ ၂-ပုဒ်တွဲစပ်လျက် သမာသ်ပြုရာဝယ် မြန်မာလိုအဓိပ္ပါယ်မှာ လောက၌ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်

http://www.dhammadownload.com



အားဖြင့် မိမိထက် လွန်ကဲမြင့်မြတ်သူ မရှိနိုင်သောကြောင့် အနုတ္တရဖြစ်တော်မူ၏၊ ဆုံးမတော်မူသည့် အရာမှာ ပုရိသဒမ္မပုဒ်အရဖြင့် တန်ခိုး, ပညာ, ကာယဗလ ရှိကြသည့် ကြောင်းချင်းတကြောင့် မာနခက်ထန် လူသာမန်မက၊ ထူးချွန်လှသော သမဏဗြာဟ္မဏ၊ ယက္ခ,ဒေဝါ၊ ဗြဟ္မာပါမကျန်၊ တိရစ္ဆာန်အထူးတို့ကို၊ ကြည်နူးသိမ်မွေ့ ယဉ်ကျေးအောင် ဆုံးမလေ့ရှိသောကြောင့် ပုရိသဒမ္မသာရထိဖြစ်တော်မူ၏။

ဘယ်လူ, ဘယ်နတ်, ဘယ်ဗြဟ္မာသည် ဆုံးမသည့်အရာမှာ အလွန်ပင်ကောင်းလှစွာ၏-ဟု ချီးမွမ်းခြင်း ပြုကြရသော်လည်း မြတ်စွာဘုရား၏ အတုအပ၊ ဉာဏ်ပညာ မမီကြ၍ ဘယ်သူ၏အဆုံးအမမှ မြတ်စွာဗုဒ္ဓ၏ အဆုံးအမနှင့်မတူ၊ အတုယူကြ၍လည်း မရ၊ သို့ဖြစ်သည့် ကာရဏကြောင့် အနုတ္တရနှင့် ပုရိသဒမ္မ-သာရထိကို ၂-ပုဒ်တွဲ၍ တစ်ပုဒ်တည်းပြုပြီးလျှင် အနုတ္တရောပုရိသဒမ္မသာရထိ-ဟု ချီးမွမ်းခြင်းအမှုဖြင့် လူ, နတ်, ဗြဟ္မာတို့က ကောင်းချီး ပြုကြရလေသတည်း။

ဤဂုဏ်တော်ပုဒ်အရ အမျိုးမာန်, ပညာမာန်တို့ဖြင့် ခက်ထန်သည့် ဗြာဟ္မဏတို့ကို ဆုံးမတော်မူ၏-ဟု ဆိုရာ၌ အမ္ဗဋ္ဌပုဏ္ဏား, ပေါက္ခရသာတိပုဏ္ဏား, သောဏဒဏ္ဍပုဏ္ဏား, ကူဋဒန္တပုဏ္ဏားစသော ပုဏ္ဏားဗြာဟ္မဏတို့၏ ဇာတိပုည၊ ဂုဏ်မာနတို့ကြောင့် ထလာသည့် မာန်စွယ်တို့ကို ချိုးနှိမ်ကာ စွန့်ပယ်စေပြီးလျှင် မဂ်, ဖိုလ်၏ အရင်းမူလဖြစ်သော သရဏဂုံသီလတို့ကို ကျင့်ကြ-ဟု ဟောပြ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရစေခြင်း အဆုံးအမမျိုးလည်း တစ်ဌာန၊

"လောက၌ ပညာအရာမှာ ငါသာလျှင် အသာဆုံး၊ ငါသာလျှင် အမြတ်ဆုံး၊ ငါမေးသည့်ပြဿနာကို ဘယ်သူတွေ လာ၍ ဖြေဆိုနိုင်မတုန်း"ဟု ပြည်, ခရိုင်, တိုင်းအသီးသီးသို့ လှည့်လည်ပြီးလျှင် ပညာမာန် အောင်လံတံခွန်ကို တလူလူလွှင့်ထူ၍ ချီလာကြသော နိဂဏ္ဌနာဋပုတ္တနှင့် သစ္စကပရိဗ္ဗာဇကတို့ကိုလည်း ဓမ္မသက်သက် လက်နက်ကို မကိုင်ဆောင် မြတ်ဘုန်းခေါင်ပရမေကဝိသဇ္ဇနာအဖြေကို ပေး၍ ချစ်ခြင်းမေတ္တာ၊ သည်းခံခြင်းဝါသနာတို့ဖြင့် ဆုံးမတော်မူခဲ့ရာတွင် တလူလူလွှင့်ထူခဲ့ကြသည့် မာနတံခွန်တွေ လွင့်စဉ်ကင်းပျောက်ကြ၍ မြတ်ဘုရား၏ တပည့်သားသာဝကအဖြစ်သို့ ရောက်ကြရသည်ကလည်း တစ်မျိုး၊

http://www.dhammadownload.com



ယက္ခဒေဝါ ဆိုရာမှာလည်း ဘီလူးကြီး အာဠဝက လူတိုင်းပင် သိကြ၏၊ သူ့မာန သူ့စွမ်းအင်၊ ခြေတင်၍ ပေါက်ပြတာနှင့်၊ တောင်ကြီးတွေ ပြိုကျရသော ကာယဗလ၊ တန်ခိုးကလည်း ကြီးမားသနှင့်၊ မီးပွါးကျသည့် ယမ်းပုံပမာ၊ ဒေါသတွေ ခက်ထန်လာတာကလည်း ကြောက်စရာတစ်မျိုး၊

လက်နက်မိုး ရွာလို ရွာ၊ ဘုရားရှိရာသို့ လေမုန်တိုင်းတွေ လွှင့်၍ တိုက်လိုတိုက်၊ မိုက်ချင်တိုင်း မိုက်၊ ကြမ်းချင်တိုင်း ကြမ်း၍၊ ရမ်းချင်တိုင်း ရမ်းပြီးလျှင် သူပစ်ခွင်းသည့် ဘွဲဖြူလက်နက်က၊ မြတ်စွာဘုရားခြေတော်ရင်း၌ ဝပ်စင်းခယ၊ ခြေသုတ်ပုဆိုးဘဝသို့ ကျရောက်သည့်အခါမှ၊ မာန်မာနတွေကျလျက်၊ ဒေါသ-အာဃာတ တရားတို့ ငြိမ်းအေးစ ပြုလာခဲ့လေသည်။

ထိုသို့ စိတ်နှလုံး ငြိမ်သက် အေးငြိမ်းလာသည့်အခါတွင်မှ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ လာပြီးလျှင် မိဘ ဘိုးဘွားများလက်ထက်က ရှိသေစွာသိမ်းဆည်းထားခဲ့သော "ကီသူ'ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ"အစရှိသည့် ကဿပမြတ်စွာဘုရား၏ ဒေသနာတရားများကို မေးမြန်းလျှောက်ခဲ့ရာ ရှင်တော်မြတ်ဘုရားက "သဒ္ဓီ'ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ "စသည်ဖြင့် အဖြေမှန်၊ ဆိပ်အန်ဆေးကို၊ တိုက်ကျွေးကာ ဆုံးမတော်မူသဖြင့် ဒိဋ္ဌိ, ဝိစိကိစ္ဆာတို့ ကွာရှင်းကာ ဉာဏ်အလင်းပေါက်၍၊ သောတာပတ္တိမဂ်, ဖိုလ်သို့ ဘီလူးကြီး ရောက်ရရှာလေ၏။

ဤသို့ အပါယ်ရောက်မှု ဒုစရိုက်ကို မပြုရုံမက နိဗ္ဗာန်ကို မြင်ရသည့် သောတာပတ္တိမဂ်,ဖိုလ်ကို ရသည့်တိုင်အောင် မည်သူမျှ မဆုံးမနိုင်သော ဘီလူးကြမ်းကြီး အာဠဝကကိုလည်းကောင်း သုစိလောမ-အပ်နှင့်တူသော အမွေးတွေပေါက်နေသော ဘီလူး၊ ခရလောမ-သစ်ခွံတွေပွနေသကဲ့သို့ အမွေးတွေ ထနေသော ဘီလူး၊ နတ်တို့၏အကြီးအမှူး နတ်ဘုရင်ကြီးတစ်ဦးဖြစ်သော သိကြားမင်းတို့ပါ၊ ဗကပြဟ္မာမင်းကြီးတို့ပင် မကျန်၊ မာန်မာနခက်ထန်သူ၊ အယူဝါဒချင်းယှဉ်ပြိုင်ရန် ပညာစမ်းရန် တစ်သောင်းသော စကြဝဠာမှ၊ လာသမျှ နတ်, ဗြဟ္မာတို့ကိုလည်းကောင်း ကရုဏာဗလဝ၊ ခန္တီတော်တပ်မက၊ ကိုယ်တော်မှ မကြွဘဲ၊ ပညာဉာဏ်လက်နက်တို့ကို ကိုင်စွဲလျက် အမြဲပင် ဆုံးမတော်မူသည်မှာ ၄၅-ဝါနှင့်အမျှ ကာလပင် ကြာလေသတည်း။

http://www.dhammadownload.com



ထိုမှတဖန်၊ လူ့ရပ်ထံတွင်၊ လူသန်လူမော်၊ ဟိုးဟိုးကြီး ကျော်နေသော၊ အမော်ဆုံး အင်္ဂုလိမာလ၊ ကုဏ္ဍလကေသီ ဗာဟိယ၊ သားအဖတို့ပါ မကျန်၊ လူ့ခိုးသူ၊ လူ့ဓားပြ၊ လေးပစ်တွင် အလွန်ကောင်းကြသည့် ခိုးသားပေါင်း ၅၀၀-တို့ မြတ်ဘုရားကို လေးပစ်ရန်အလာတွင် ဆုံးမ၍ မဂ်,ဖိုလ်သို့ တင်ပေးခဲ့သည်မှာလည်း များလှပေပြီ။

တိရစ္ဆာန်ဟူသမျှတွင်လည်း အပလာလနဂါး၊ စူဠောဒရနဂါး၊ မဟောဒရနဂါး၊ အဂ္ဂိသိခ၊ ဓူမသိခ၊ အရဝါဠ၊ နန္ဒောပနန္ဒ ဧရကပတ္တ တန်ခိုးကြီး အဆိပ်ထန်၊ မာန်ခက်ထန်, ဟန်ခက်ထန်၊ အကြံဆိုး, အစည်ဆိုး၊ စိတ်ဆိုး, စိတ်ကြမ်း၊ အလွန်ဆိုးသွမ်းကြသော နဂါးတို့ဟူသမျှနှင့် ဓနပါလဆင်၊ စမ္ပာပြည်တွင် ဂဂ္ဂရရေကန်၏ အနီးအနား နွားခြေရာခွက်ကြား၌ ဝပ်နေသော ဖားသူငယ်ကလေးများပင် မကျန်ရစ်ရလေအောင် ကျွတ်ထိုက်သူမှန်သမျှတို့ကို ပဋိသမ္ဘိဒါဉာဏ် အထွတ်အထိပ်သို့ ရောက်တော်မူသည့်အားလျော်စွာ မာဂဓေပါဠိဘာသာဖြင့် နားလည်အောင် ဟောပြ၍ လိမ္မာယဉ်ကျေးအောင်၊ နတ်ပြည်၌ ဖြစ်ရအောင်၊ နတ်ဖြစ်ပြီးမှ တဖန် မဂ်ဉာဏ်ကို ရစေအောင် ကြံဆောင် ဆုံးမတော်မူရသည်ကလည်း အမျိုးမျိုး။

ဤသို့ လူဖြစ်ကျိုး, နတ်ဖြစ်ကျိုး, ဗြဟ္မာ ဖြစ်ကျိုး, မဂ်ဖိုလ်အကျိုး, နိဗ္ဗာန်အကျိုး အမျိုးမျိုးတို့ကို ဟောကြားတော်မူရာ၌ ဒေါသသံ မပါ၊ မာနသံလည်း မဖက်၊ တုတ်, ဓားလက်နက်ကိုလည်း မကိုင်, နှင်တံ, ကြိမ်လုံး၊ ဘာကိုမှ မသုံးဘဲ၊ ဆုံးမတော်မူနိုင်သောသတ္တိ၊ ကိုယ်တော်မှာ ရှိသည့်အတွက်ကြောင့် ဆိုဆုံးမသည့်နေရာမှာ လူ,နတ်,ဗြဟ္မာ၊ ဘယ်မှာမှ မရှိ၊ သို့ဖြစ်သည့်အကြောင်း ဆုံးမပုံကောင်းသောကြောင့် အနုတ္တရော ပုရိသဒမ္မသာရထိ-ဟူသော ဂုဏ်ထူးကို ရရှိတော်မူခဲ့ခြင်း ဖြစ်ပါပေသည်။

အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်ကို ပွါးများရန် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပြီး၏။

* * * * *

ဂ
၁
၁
၂

http://www.dhammadownload.com



## သတ္တာ ဒေဝမနုဿာနဂုဏ်တော်၏ အနက်အဓိပ္ပါယ်အကျယ်

## ပါဋိဟာရိယ ၃-ပါး

ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ ယထာရဟံ အနုသာသတီတိ သတ္ထာ၊ အပိစ သတ္ထာ ဝိယာတိ သတ္ထာ၊ ဘဂဝါ သတ္ထဝါဟော -

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်အညီ-

- ပစ္စုပ္ပန်မျက်မှောက်၌ဖြစ်သော အကျိုးတစ်မျိုး၊
- တမလွန်လောက ဒုတိယဘဝ စသည်တို့၌ ခံစားအပ်သော အကျိုးတစ်မျိုး

အားဖြင့် ဤ ၂-မျိုးသော အကျိုးတို့ဖြင့် ထိုက်သည်အားလျော်စွာ အနုသာသနီ-ပါဋိဟာရိယ ဒေသနာတော်ဖြင့် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂ-ကထာ၊ ကာမာနံ အာဒီနဝကထာ-ဟု ဆိုအပ်သော ကာမဂုဏ်တို့၏ အပြစ်စကား၊ အပါယ် ၄-ပါးတို့၏ ဆင်းရဲပုံ ဒုက္ခအမျိုးမျိုးတို့ကို ရှေးဦးစွာ ဟောပြောပြသ၍ တရားနာသူတို့ နားလည်သဘောကျသဖြင့် စိတ်နှလုံးနူးညံ့ သိမ်မွေ့လျက် အေးအေးသာသာ ငြိမ်သက်တည်ကြည်လာမှသာ သစ္စာ ၄-ပါး အမှန်တရားတို့ကို ဟောကြားတော်မူလေ့ရှိ၏။

ဤအနုသာသနီပါဋိဟာရိယ တရားဟောနည်းသည် နားမလည်သူများကို နားလည်အောင်၊ မသိသူများကို သိအောင် ရှင်းလင်း၍ ဟောပြောသောနည်းဖြစ်ပေသည်။ ဘုရားမြတ်သည် မဟာကရုဏာတော်ရှေ့ထား၍ ဤတရားဟောနည်းကို ကိုယ်တော်တိုင်လည်း အသုံးပြုတော်မူ၏၊ တပည့်သာဝက ရဟန်းတို့ကိုလည်း ဤအနုသာသနီပါဋိဟာရိယ တရားဟောနည်းကိုသာ ဟောကြားရန် ခွင့်ပြုတော်မူခဲ့ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဤတရားဟောနည်းသည် နာကြားသူတို့၏ စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းလာစေပြီးမှ သဘောပေါက်နားလည်အောင် ရှင်းလင်း ဟောပြောသောနည်းဖြစ်၍ သူတပါးတို့ကဲ့ရဲ့ စွပ်စွဲဖွယ်ရာ အပြစ်

http://www.dhammadownload.com



အနာအဆာ ကင်းရှင်းပြီး အဓွန့်ရှည်ကြာအောင် စွဲမြဲတည်တံ့စေနိုင်သောနည်း ဖြစ်သောကြောင့်ပေတည်း။

ဥပမာအားဖြင့်ဆိုသော် ဖြူစင်သော အဝတ်အထည်ကို ဆေးရည်တို့ ဖြင့်ဆိုးလျှင် ဆေးသည် စွဲ၏၊ ခိုင်မြဲ၏၊ ကြာရှည်ခံ၏၊ မဖြူစင်သော အဝတ် အထည်ကို ဆေးရည်ဆိုးလျှင်ကား ဆေးရောင် မခိုင်မြဲဘဲ ကျွတ်လွယ် လွင့် ပျောက်လွယ်သကဲ့သို့ပင်တည်း။

တရားနာသူတို့၏ စိတ်ဓာတ်သည် အဝတ်အထည်နှင့်တူ၍ တရားတော် အမျိုးမျိုးသည် ဆိုးဆေးရည်နှင့်တူ၏၊ အဝတ်အထည်နှင့်တူသော စိတ်ဓာတ်ကို ဒါနကထာ၊ သီလကထာ-အစရှိသည့်တရားတို့ဖြင့် နူးညံ့ပျော့ပျောင်းလာအောင် ဖြူစင်သန့်ရှင်းလာအောင် ဟောကြားပြီးမှ သစ္စာ ၄-ပါး မြတ်တရားတို့ကို ထုတ် ဖော်ပြသ ဆိုဆုံးမခဲ့သည်ရှိသော် အသိဉာဏ် စွဲမြဲစွာ သက်ဝင်လေ၏၊ ထိုသို့ အသိဉာဏ် ခိုင်မြဲမှသာလျှင် သံသရာဝဋ်ဆင်းရဲမှ မလွဲဧကန် အမှန်လွတ် မြောက်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြမည် ဖြစ်ပေသည်။

သို့သော်လည်း တခါတရံတွင်မူ မာန, ဒေါသနှင့် ဣဿာ, မစ္ဆရိယ၊ ဂုဏာဂိဒ္ဓ(ဂုဏ်မက်သူ)၊ လာဘဂိဒ္ဓ(လာဘ်မက်သူ)တို့က၊ ပြူစူကြလျက် ဘုရားမြတ် ကို ရန်ဘက်ကြီးပြု၍ နေကြရာတွင် မကျွတ်ထိုက်သေးလျှင် ပညိန္ဒြေအရင့်ကို ငံ့လင့်၍ သည်းခံတော်မူပြီးမှ ပညိန္ဒြေရင့်မှည့်၍ ကျွတ်ထိုက်သည့်အလှည့်သို့ ရောက်ကြသည့်အခါတွင် အာဠဝကဘီလူးကြီးကို ဆုံးမတော်မူသကဲ့သို့ ကျွတ်ထိုက်သူ ဝေနေယျတို့၏ စိတ်အကြံအစည်ကို ဟောပြလျက် ဆုံးမတော် မူသော အာဒေသနာပါဋိဟာရိယနည်းကို အသုံးပြု၍ ဆုံးမတော်မူခြင်းမျိုးလည်း ရှိသေး၏။

ထို့အပြင် သာဝတ္ထိနေပြည်တော်တွင် တိတ္ထိတို့ကို ဆုံးမတော်မူသကဲ့သို့ ရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ဖန်ဆင်း၍ ပြလျက် ဆုံးမတော် မူခြင်း ဣဒ္ဓိပါဋိဟာရိယမျိုးကို အသုံးပြု၍ ဆုံးမတော်မူသည်လည်း ရှိသေး၏။

http://www.dhammadownload.com



ထိုကြဒ္ဓိပါဋိဟာရိယကို–

- ဗောဓိမဏ္ဍိုင်၌ နတ်, ဗြဟ္မာတို့၏ မာန်မာနကို ချိုးနှိမ်တော်မူစဉ်က ၁-ကြိမ်၊
- ကပိလဝတ္ထုပြည်တွင် ဆွေတော်, မျိုးတော်တို့၏ မာန်မာနကို ချိုးနှိမ်တော်မူစဉ်က ၁-ကြိမ်၊
- သာဝတ္ထိပြည်၌ တိတ္ထိတို့ကို နှိမ်နင်းတော်မူစဉ်က ၁-ကြိမ်နှင့်
- ဝေသာလီပြည်၌ အစေလကပါထိကပုတ္တတို့အား နှိမ်နင်းစဉ်က ၁-ကြိမ်

အားဖြင့် ၄-ကြိမ် ပြတော်မူသည်ကို တွေ့ရ၏။

* * * * *

## အနုသာသနီပါဋိဟာရိယကိုသာ မြတ်စွာဘုရား ချီးမွမ်းတော်မူသည်

ထိုပါဋိဟာရိယ ၃-ပါးတို့တွင် –

- ဣဒ္ဓိပါဋိဟာရိယနှင့် အနုသာသနီ ပါဋိဟာရိယ ၂-ပါးကို အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီး အသုံးပြုတော်မူလေ့ရှိပြီး,
- အာဒေသနာပါဋိဟာရိယနှင့် အနုသာသနီပါဋိဟာရိယ ၂-ပါးကိုမူ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး အသုံးပြုတော်မူလေ့ရှိပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်သည်ကား အနုသာသနီပါဋိဟာရိယဒေသနာနည်းကိုသာ အမြဲလက်ကိုင်ထား၍ ဟောကြားတော်မူလေ့ရှိပါသည်၊ အဘယ့်ကြောင့်ဆိုသော်–

ဣဒ္ဓိပါဋိဟာရိယနှင့် အာဒေသနာပါဋိဟာရိယတို့သည် သဒ္ဓါတရား မရှိသူတို့၏ ကဲ့ရဲ့ပြစ်တင်ဖွယ်ရာ ချွတ်ယွင်းချက် အပြစ်အနာအဆာများ ရှိနေသည့်အတွက်ကြောင့် ရေရှည်တည်တံ့ခိုင်မြဲခြင်း မရှိဘဲ သံသရာမှ ထွက်မြောက်နိုင်ဖို့ ခဲယဉ်းပါသည်။

http://www.dhammadownload.com



အနုသာသနီပါဋိဟာရိယသည်ကား ကဲ့ရဲ့ပြစ်တင်ဖွယ်ရာ ချွတ်ယွင်းချက် အပြစ်အနာများ ကင်းရှင်းပြီးလျှင် ယုံကြည်ခြင်း သဒ္ဓါတရားလည်း ခိုင်မြဲသောကြောင့် သံသရာမှ လျင်မြန်စွာ ထွက်မြောက်နိုင်ပေသည်၊

ထို့ကြောင့် သဗ္ဗညုမြတ်စွာဘုရားသည် ဣဒ္ဓိပါဋိဟာရိယနှင့် အာဒေသနာပါဋိဟာရိယ ၂-ပါးကို လိုလားတော်မမူဘဲ အနုသာသနီပါဋိဟာရိယကိုသာ လိုလိုလားလား ချီးမွမ်းတော်မူခဲ့ပါသည်။

**တတ္ထ ဣဒ္ဓိပါဋိဟာရိယေန အနုသာသနီပါဋိဟာရိယံ မဟာမောဂ္ဂလ္လာနဿ အစိဏ္ဏံ၊ အာဒေသနာပါဋိဟာရိယေန အနုသာသနီပါဋိဟာရိယံ ဓမ္မသေနာပတိဿ၊ အနုသာသနီပါဋိဟာရိယံ ပန ဗုဒ္ဓါနံ သတတံ ဓမ္မဒေသနာ၊ တေသု ဣဒ္ဓိပါဋိဟာရိယအာဒေသနာပါဋိဟာရိယာနိ သဉပါရမ္ဘာနိ သဒေါသာနိ၊ အဒ္ဓါနံ န တိဋ္ဌန္တိ၊ အဒ္ဓါနံ အတိဋ္ဌနတော န နိယျန္တိ၊ အနုသာသနီပါဋိဟာရိယံ အနုပါရမ္ဘံ နိဒ္ဒေါသံ၊ အဒ္ဓါနံ တိဋ္ဌတိ၊ အဒ္ဓါနံ တိဋ္ဌနတော နိယျတိ၊ တသ္မာ ဘဂဝါ ဣဒ္ဓိပါဋိဟာရိယဥ္စ အာဒေသနာပါဋိဟာရိယဥ္စ ဂရဟတိ၊ အနုသာသနီပါဋိဟာရိယံ ယေဝ ပသံသတိ။**

*(သီလက္ခန္ဓဝဂ္ဂ ကေဝဋ္ဋသုတ် အဋ္ဌကထာ-၃၂၂-၃)*

**အနက်ကား။** ။ တတ္ထ၊ ထိုပါဋိဟာရိယ ၃-ပါးတို့တွင်။ ဣဒ္ဓိပါဋိဟာရိယေန၊ တန်ခိုးအမျိုးမျိုးကို ပြ၍ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့ကို ဖယ်ရှားပစ်ခြင်းနှင့်တကွ။ အနုသာသနီပါဋိဟာရိယံ၊ သာယာဖြည်းညင်း၊ နာကြားသူတို့ သဘောပေါက် နားလည်အောင် ရှင်းလင်း၍ တရားဟောခြင်းသည်။ မဟာမောဂ္ဂလ္လာနဿ၊ ၏။ အာစိဏ္ဏံ၊ အမြဲမပြတ်၊ ဆောင်ရွက်အပ်သော အလေ့အကျင့်ပေတည်း။ အာဒေသနာပါဋိဟာရိယေန၊ သူတပါးတို့၏ အတွင်းသန္တာန်၌ စိတ်ကူးကြံစည်ထားအပ်သော စိတ်နေ စိတ်ထား၊ စိတ်ဖြစ်ပုံအခြင်းအရာများကို မြွက်ကြားထုတ်ဖော်၊ ဟောတော်မူခြင်းနှင့်တကွ။ အနုသာသနီပါဋိဟာရိယံ၊ သာယာဖြည်းညင်း၊ နာကြားသူတို့ သဘောပေါက် နားလည်အောင် ရှင်းလင်း၍ တရားဟောခြင်းသည်။ ဓမ္မသေနာပတိဿ၊ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏။ အာစိဏ္ဏံ၊ အမြဲမပြတ်၊ ဆောင်ရွက်အပ်သော အလေ့အကျင့်တော်ပေတည်း။

http://www.dhammadownload.com



အနုသာသနီပါဋိဟာရိယံ ပန၊ သာယာဖြည်းညင်း၊ နာကြားသူတို့ နားလည် သဘောပေါက်အောင် ရှင်းလင်း၍ ဟောကြားခြင်းသည်ကား။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သတတံ၊ အမြဲထာဝရ၊ ပြုနေကျတံထွာ ဓမ္မတာဖြစ်သော။ ဓမ္မဒေသနာ၊ မဟာကရုဏာစာတ်၊ နှိုးဆော်လတ်၍၊ မပြတ်ထုတ်ဖော်၊ ဟောကြားတော်မူအပ်သော ဒေသနာတော်ပေတည်း။ တေသု၊ ထိုပါဋိဟာရိယ ၃-ပါးတို့တွင်။ ဣဒ္ဓိပါဋိဟာရိယအာဒေသနာပါဋိဟာရိယာနိ၊ ဣဒ္ဓိပါဋိဟာရိယ, အာဒေသနာပါဋိဟာရိယတို့သည်။ သဉပါရမ္ဘာနိ၊ ကပ်၍ နှိပ်စက်ကြောင်း အပြစ်နှင့် တကွဖြစ်ကုန်၏။ သဒေါသာနိ၊ ကဲ့ရဲ့ဖွယ်ရာ၊ အပြစ်အနာအဆာနှင့် တကွဖြစ်ကုန်၏။ အဒ္ဓါနံ၊ ကာလများမြောင်၊ ခွန့်ရှည်ကြာအောင်။ န တိဋ္ဌန္တိ၊ မြဲမြံစွာ မတည်နိုင်ကြကုန်။ အဒ္ဓါနံ အတိဋ္ဌနတော၊ ကာလများမြောင်၊ ခွန့်ရှည်ကြာအောင် မတည်သောကြောင့်။ န နိယျန္တိ၊ သံသရာသမုဒ်၊ ဝဲဇလုပ်မှ၊ မထုတ်ဆောင်နိုင်ကြကုန်။ အနုသာသနီပါဋိဟာရိယံ၊ သည်။ အနုပါရမ္ဘံ၊ ကပ်၍ နှိပ်စက်တတ်သောအပြစ် မရှိ။ နိဒ္ဒေါသံ၊ ကဲ့ရဲ့ဖွယ်ရာ၊ အပြစ်အနာအဆာမရှိ။ အဒ္ဓါနံ၊ ကာလများမြောင်၊ ခွန့်ရှည်ကြာအောင်။ တိဋ္ဌတိ၊ မြဲမြံစွာ တည်၏။ အဒ္ဓါနံ တိဋ္ဌနတော၊ ကာလများမြောင်၊ ခွန့်ရှည်ကြာအောင် တည်သောကြောင့်။ နိယျာတိ၊ သံသရာသမုဒ်၊ ဝဲဇလုပ်မှ ထုတ်ဆောင်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ ဘဂဝါ၊ သည်။ ဣဒ္ဓိပါဋိဟာရိယဉ္စ၊ ကိုလည်းကောင်း။ အာဒေသနာပါဋိဟာရိယဉ္စ၊ ကိုလည်းကောင်း။ ဂရဟတိ၊ ကဲ့ရဲ့တော်မူ၏။ အနုသာသနီပါဋိဟာရိယံ ယေဝ၊ ကိုသာလျှင်။ ပသံသတိ၊ ချီးမွမ်းတော်မူ၏။

ထို့ကြောင့်ပင် နောင်အခါတွင် ရာဇဂြိုဟ်ပြည်၌ အရှင်ပိဏ္ဍောလဘာရဒွါဇမထေရ်သည် တန်ခိုးပြ၍ ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်ကို ယူခြင်းကို အကြောင်းပြုပြီးလျှင် တပည့်သာဝကတို့အား ဣဒ္ဓိပါဋိဟာရိယနှင့် အာဒေသနာပါဋိဟာရိယတို့ကို မပြရန် သိက္ခာပုဒ် ပညတ်လျက် တားမြစ်တော်မူခဲ့လေသည်။ ဘုရားရှင်ကိုယ်တော်တိုင်သည်ကား ဓမ္မိဿရ, ဓမ္မသာမိ ဖြစ်သည်အားလျော်စွာ ထိုထိုသတ္တဝါတို့၏ ဣန္ဒြေအနုအရင့်ကို ထောက်ချင့် ဆင်ခြင်တော်မူ၍ ပညိန္ဒြေ မှည့်ရင့်သဖြင့် ကျွတ်သင့်ကျွတ်ထိုက်ပါလျက် ဒေါသ, မာန, ဣဿာ, မစ္ဆရိယ တရားတို့ တားဆီးနှောင့်ယှက်နေသော ဝေနေယျသတ္တဝါ အထူးတို့ကို တွေ့ရှိရ

http://www.dhammadownload.com



သည့်အခါများ၌ မဟာကရုဏာ ရှေ့ထား၍ သနားတော်မူသောအားဖြင့် ဣဒ္ဓိ-ပါဋိဟာရိယနှင့် အာဒေသနာပါဋိဟာရိယ ၂-ပါးကို အကြောင်းအားလျော်စွာ အသုံးပြုတော်မူခဲ့ပါသည်။

များသောအားဖြင့်မူ တရားဟော၍ ဆုံးမခြင်း-ဟု ဆိုအပ်သော အနု-သာသနီ ပါဋိဟာရိယကိုသာ အသုံးပြုတော်မူလေ့ရှိပါသည်။ ထို့ကြောင့် အနုသာသတီတိ သတ္ထာ-ဟု အနုသာသနပုဒ်ကို ထုတ်၍ အဋ္ဌကထာဆရာ ပြတော်မူခြင်း ဖြစ်ပေသည်။

ယော ဘဂဝါ၊ အကြင်မြတ်စွာသည်။ ဒိဋ္ဌဓမ္မိကသမ္ပရာယိကပရမတ္ထေဟိ၊ မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ယှဉ်သော အကျိုးစီးပွါး, တမလွန်လောက ဒုတိယဘဝ စသည်တို့၌ ယှဉ်သော အကျိုးစီးပွါး, ပရမတ္ထဖြစ်သော နိဗ္ဗာန်တရားတို့ဖြင့်။ ယထာရဟံ၊ ဝေနေယျသတ္တဝါတို့၏ စရိုက်သို့လိုက်၍ ထိုက်သင့်သည်အားလျော်စွာ။ အနုသာသတိ၊ လက်ခံသိမ်းပိုက်၊ နှစ်ခြိုက်နာယူ၊ ကြည်ဖြူစွာ လိုက်နာအောင် ဆုံးမတော်မူတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သတ္ထာ၊ သတ္ထာမည်တော်မူပါပေ၏။

* * * * *

## သတ္ထာ ဒေဝမနုဿာနဂုဏ်တော်နှင့်
## အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော် ၂-ပါးအထူး

ဤသတ္ထာ ဒေဝမနုဿာနဂုဏ်တော်ကား- ဆရာဟူသော ဘွဲ့မည်အထူး အကျိုးဂုဏ်တော်ပေတည်း။ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်ကား သူတပါးတို့နှင့် မတူအောင် (သူတပါးတို့ထက် သာလွန်အောင်) ဆုံးမနိုင်သော အဆုံးအမကောင်းသော အကြောင်းဂုဏ်တော်ပေတည်း။

* * * * *

http://www.dhammadownload.com



## ပညာမစုံ ပြောတိုင်းယုံ၏

မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရပြီး အရိယာပုဂ္ဂိုလ်တို့သည် အဓိဂမသဒ္ဓါဖြင့် ဆရာဖြစ်သော မြတ်စွာဘုရား၌ မယိမ်းမယိုင် ခိုင်မြဲစွာ သက်ဝင်ကိုးစား အားထား ယုံကြည်နေကြသူများ ဖြစ်သောကြောင့် မြတ်စွာဘုရားမှတပါး အခြားသော ပုဂ္ဂိုလ်ကို ပြောင်းလဲ၍ ဆရာအဖြစ် ကိုးကွယ်ဆည်းကပ်ခြင်းအမှုကို ယခု မျက်မှောက်ဘဝ၌လည်း မပြုလုပ်၊ နောင်တမလွန်လောက ဒုတိယဘဝ စသည် တို့၌လည်း မပြုလုပ်တော့ပေ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာမူကား ယခုဘဝ တရားတော်ကို နာကြားရ၍ မြတ်စွာဘုရားကို ဆရာ-ဟု ကိုးကွယ် ဆည်းကပ်နေကြသော်လည်း တမလွန်လောက ဒုတိယဘဝ စသည်တို့သို့ ရောက်ပါမူ အခြားသူကို ဆရာမှတ်၍ ကိုးကွယ်ဆည်းကပ်ကြပြီးလျှင် ဆရာပြောင်း၊ ဘုရားပြောင်းလျက် အယူဝါဒပါ တစ်ခါတည်း ပြောင်းလဲသွားတတ်ကြပေသည်၊ ထို့ကြောင့်-

"ပုထု နာနာ သတ္ထာရာနံ မုခံ ဥလ္လောကေန္တီ'တိ ပုထုဇ္ဇနာ"

ဟူ၍ *(မဟာနိဒ္ဒေသပါဠိတော်-၁၉၂၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ပ-၄၇)* စသည်တို့၌ မိန့်ဆိုတော်မူ၏။

ပုထု နာနာ သတ္ထာရာနံ၊ များစွာသော အယူဘာသာ၊ ဆရာဟူသမျှ တို့၏။ မုခံ၊ မျက်နှာဟူသော အယူဝါဒကို။ ဥလ္လောကေန္တိ၊ ကြည့်၍ လိုက်တတ်ကြ ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇဉ် မည်ကုန်၏။ (မျက်နှာ များသော ပုထုဇဉ်မျိုး-ဟု ဆိုလိုသည်။) လောက၌ ဟိုလူ ကောင်းနိုးနိုး၊ သည်လူ ကောင်းနိုးနိုးနှင့် မျက်နှာများသော မိန်းမကဲ့သို့ အကျိုးမရှိ ကဲ့ရဲ့ရှုတ်ချအပ်သော ပုဂ္ဂိုလ်များ-ဟု ဆိုလိုပေသည်။

မှန်၏၊ ဘုရားရှင်၏ ဂုဏ်တော်, ကျေးဇူးတော်များနှင့် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို ကောင်းစွာ မသိကြသော အချို့ သော ပုဂ္ဂိုလ်များသည် မိစဉ်, ဘရောက်၊ မိဘာရိုးရာ၊ အလေ့ကျသဒ္ဓါဖြင့် ရတနာ ၃-ပါးကို ကိုးကွယ်ဆည်းကပ်ကြကုန်သော်လည်း အသက်မွေးမှု အတတ်ပညာ

http://www.dhammadownload.com



ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ဖြင့် ဖြားယောင်းလျှင် ဘာသာခြားသို့ ပြောင်းဝင်၍ သဗ္ဗညုဘုရားရှင်ကို ဆရာ-ဟု မမှတ်ထင်ကြတော့ဘဲ ဘာသာကွဲ အယူကွဲပြီး ဆရာရှာလွဲကြသူတို့လည်း ရှိတတ်ကြကုန်၏။ ထိုသူတို့မှာ မိဘရိုးရာဗုဒ္ဓဘာသာ-ဟု ဆိုသော်လည်း အသိဉာဏ် မပါ၊ ပသန္နသဒ္ဓါမျှဖြင့် တုတုပပ၊ ကိုးကွယ်ကြသူတို့သာ ဖြစ်သောကြောင့်ပေတည်း၊ ထို့ကြောင့် ရှေးဆရာမြတ်တို့ကလည်း "ပညာမစုံ ပြောတိုင်းယုံ၏"ဟု မိန့်ဆို သုံးမတော်မူလေ့ရှိကုန်၏။

* * * * *

## အဋ္ဌာနသုတ်ပါဠိတော်

**အဋ္ဌာန'မေတံ ဘိက္ခဝေ အနဝကာသော။ ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အညံ သတ္ထာရံ ဥဒ္ဒိသေယျ။ နေတံ ဌာနံ ဝိဇ္ဇတိ။ ဌာနဉ္စ ခေါ ဧတံ ဘိက္ခဝေ ဝိဇ္ဇတိ။ ယံ ပုထုဇ္ဇနော အညံ သတ္ထာရံ ဥဒ္ဒိသေယျ။ ဌာန'မေတံ ဝိဇ္ဇတိ။** *(အံ၊ ၁၊ ၂၉)*

**အနက်ကား။** ။ ဘိက္ခဝေ၊ ရဟန်းတို့။ ယံ ယေန ဌာနေန၊ အကြင် အကြောင်းကြောင့်။ ယံ ယေန ဩကာသေန၊ အကြင် အခွင့်အလမ်းကြောင့်။ ဒိဋ္ဌိသမ္ပန္နော၊ သောတာပတ္တိမဂ်ဉာဏ်နှင့် ပြည့်စုံသော။ ပုဂ္ဂလော၊ သည်။ အညံ၊ မြတ်စွာဘုရားမှ တပါးသောပုဂ္ဂိုလ်ကို။ သတ္ထာရံ၊ ဆရာဟူ၍။ ဥဒ္ဒိသေယျ၊ ညွှန်ပြရာ၏။ ဧတံ ဌာနံ၊ ဤသို့ သောတာပန်ပုဂ္ဂိုလ်က မြတ်စွာဘုရားမှတပါး အခြားသောသူကို ဆရာ-ဟူ၍ ညွှန်ပြရာသော အကြောင်းသည်။ အဋ္ဌာနံ၊ ဖြစ်နိုင်သော အကြောင်း မဟုတ်။ (မဖြစ်နိုင်သော အကြောင်းသာလျှင် ဖြစ်၏။) ဧတံ ဧသော ဩကာသော၊ ဤသို့ သောတာပန်ပုဂ္ဂိုလ်က မြတ်စွာဘုရားမှတပါး အခြားသူကို ဆရာ-ဟူ၍ ညွှန်ပြရာသော အခွင့်အလမ်းသည်။ အနဝကာသော၊ သင့်လျော်သော အခွင့်အလမ်း မဟုတ်ချေ။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိနိုင်။

http://www.dhammadownload.com



ဘိက္ခဝေ၊ တို့။ ယံ ယေန ဌာနေန၊ အကြင်အကြောင်းကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ အညံ၊ မြတ်စွာဘုရားမှတပါး အခြားသူကို။ သတ္ထာရံ၊ ဆရာဟူ၍။ ဥဒ္ဒိသေယျ၊ ညွှန်ပြရာ၏။ ဧတံ ဌာနံ၊ ဤသို့ ပုထုဇဉ်ပုဂ္ဂိုလ်က မြတ်စွာဘုရားမှတပါး အခြားသောသူကို ဆရာဟူ၍ ညွှန်ပြရာသော အကြောင်းသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ ဝိဇ္ဇတိ၊ မုချမသွေ လောက၌ ထင်ရှားရှိလေ၏။

ဤသို့ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အဓိဂမသဒ္ဓါကို မရကြသေးသည့်အတွက် ကြောင့် ယခုမျက်မှောက် ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း နောင်တမလွန် လောက ဒုတိယဘဝ စသည်တို့၌သော်လည်းကောင်း ဆရာပြောင်း အယူပြောင်း လျက် ဗလောင်းဗလဲ ဖြစ်တတ်သော်ငြားလည်း မြတ်စွာဘုရား၏ ဂုဏ်တော်များ ကို နှလုံးသား၌ စွဲထုံနေအောင် လေးလေးနက်နက်၊ အသိဉာဏ် ယှဉ်ဖက်၍ ပွါးများ၊ အားထုတ်ထားပါမူကား မဂ်ဉာဏ်ကို မရသေး၍ ပုထုဇဉ်အဖြစ်နှင့် ဘဝကူးပြောင်းရစေကာမူ ဘုရားအလောင်းတော်ကြီးတို့ပမာ အာဂမသဒ္ဓါ ဖြစ်ပေါ်လာတတ်၏။

ထိုသို့ အာဂမသဒ္ဓါ ဖြစ်ပေါ်လာခဲ့သော် ဘုရားမှန်, တရားမှန်ကို ရှာကြံ တော့မည် ဧကန်တည်း၊ ထိုအခါ သံဃာမှန် တပည့်သာဝကတို့နှင့် မုချတွေ့ကြုံ ရသဖြင့် ဆရာရင်း မြတ်စွာဗုဒ္ဓကို တဖန်ပြန်လည်၍ ကိုးကွယ်နိုင်ကြ၏၊ ဤသို့ ဘဝမခြား, ကာလမခြားဘဲ မြတ်ဘုရားကို ဆရာဟူ၍ ကိုးကွယ်ဆည်းကပ်နိုင်ကြ သူတို့သည်ကား သစ္စာ ၄-ပါး အမှန်တရားကို သိမြင်ကြ၍ ပုထုဇဉ်တို့၏ဘဝ ဇာတ်သိမ်းပြီးလျှင် အရိယာဇာတ်၊ ဘဝမြတ်သို့ ကူးပြောင်းလျက် အငြိမ်းဓာတ် နိဗ္ဗာန်သို့ ခိုဝင်နိုင်ကြမည်မှာ အမှန်ပင် ဖြစ်ပေသတည်း။

* * * * *

http://www.dhammadownload.com



## ရွှေတိဂုံစေတီတော်ကြီးမှ တန်ဆောင်းဒါယကာတစ်ဦး၏ ဝတ္ထု

ဤနေရာ၌ အာဂမသဒ္ဒါ၏ ပစ္စုပ္ပန်ဝတ္ထုကို ဖတ်ရှုသူတို့ သိကြရန် သက်သေခံ သဘောသွားဖြင့် ရေးသား၍ ပြဦးအံ့၊ ဤကျမ်းစာကို ရေးသားသူ သည် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး၏ အထံတော်ဝယ် ၄-နှစ်ကျော် ၅-နှစ်နီးပါး ကျမ်းစာများကို သင်ယူလေ့ကျက်၍ နည်းခံလျက် နေခဲ့ရာ ၁၂၇၈-ခုနှစ်၊ သက္ကရာဇ်အခါဆီတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ် ကြီး၏ အနောက်တောင်ယွန်းမှ တန်ဆောင်းဒါယကာကြီး တစ်ဦးသည် တန်ဆောင်းကြီးအတွင်း၌ အများပြည်သူ နတ်,လူတို့ ကြည်ညိုကြရန် ရုပ်ပွါး တော်ကြီးတစ်ဆူကို တည်ထားကိုးကွယ်၍ ထားလေ၏။

မိမိကိုယ်တိုင်လည်း နေ့စဉ်မပြတ် အဖန်ဖန် အထပ်ထပ် ကိုးကွယ် ဆည်းကပ်လျက် ဗုဒ္ဓါ'နုဿတိဘာဝနာကို ပွါးများအားထုတ်၍ နေခဲ့ရာ စုတိခါနီး အခါဝယ် ဘိလပ်ပြန် အဖော်သဟာတို့က ဘိလပ်မှာ ကြီးပွါး၍ နတ်ပြည်များ ထင်ယောင်ယောင်၊ ဤလူ့ဘောင် ယခုခေတ်တွင် နတ်အဖြစ်နှင့် မထူးသလောက် ဘိလပ်သူတို့ ဂုဏ်ရောက်ပုံ၊ ကြီးပွါးချမ်းသာပုံ၊ ပစ္စည်းမနေ ကြွယ်ဝချမ်းသာပုံ အလုံးစုံတို့ကို အကုန်လုံး မြင်ခဲ့သမျှ အားပါးကြီးတရရနှင့် ကြားရသူတို့ ဝခမန်း မရောက်ဖူးသူတို့ လွမ်းလောက်အောင် အဆန်းအပြား လုပ်ဆောင်၍ တစ်ဖောင် ဖောင် ပြောကြသည်တို့ကို တန်ဆောင်းဒါယကာကြီးက အကောင်း-ဟု မှတ်ရာ၍ တဏှာနှင့် နိကန္တိ၊ သူ့စိတ်၌ အငြိတွင် စုတိ၍ သေဆုံးခဲ့ရာ မြတ်ဘုရားကို ဆည်းကပ်ကိုးကွယ်သည့် တန်ဆောင်းဒါယကာကြီးမှာ နတ်ပြည်၌ ဖြစ်ထိုက် လျက် ဇမိုက်သား နိကန္တိ၊ သူဝင်၍ ကလိသည့်အတွက် ဘိလပ်ဘက်စိတ်ပါ၊ ဘိလပ်မှာ ဝင်စားပြီး ဘိလပ်သား အင်္ဂလိပ်တစ်ယောက် သွား၍ ဖြစ်ရရှာလေ၏။

သူ၏အမည်က ဖွန်းစနိုး၊ တန်ခိုးနှင့် စည်းစိမ်ချမ်းသာတို့မှာ၊ သူတကာ တို့ထက် သာလွန်သဖြင့် ပူပင်ဖွယ် မရှိ၊ ဇာတိရင်း ဘိလပ်သားတို့၏ ဓလေ့ဖြင့် ချမ်းမြေ့ပျော်ရွှင်စရာ လူလာ၍ဖြစ်ရငြားသော်လည်း ကိုးကွယ်ရသည့် ဘာသာမှာ ဆရာပြောင်း၍သွားသည့် အခက်အခဲကြောင့် စိတ်ထဲက မပဲ့, တပါ၊ မကြာ, မကြာလည်း ဘာသာစုံစမ်း၊ ပုစ္ဆာအဆန်းတို့ကိုလည်း ကြုံကြုံဖန်ဖန် မေးမြန်းပြီး

http://www.dhammadownload.com



နေထိုင်လာခဲ့ရာ နှစ်ပေါင်း ၂၀-ကျော်သည့်အခါတွင် သူ၏ မွေးသဖခင် ကျေးဇူးရှင်မှာ ကွယ်လွန်၍ သွားရှာလေ၏။

ထိုအခါတွင် မြန်မာနိုင်ငံသို့ သွား၍ အမှုထမ်းနေကြသော သူ၏ မိတ်ဆွေသင်္ဂဟတို့က ခွင့်ယူပြီး ဘိလပ်သို့ ပြန်လာခိုက်နှင့် ကြုံကြိုက်သဖြင့် မြန်မာတို့ ထုံးတမ်းနှင့် ဝတ်ခန်း, စားခန်း, အိမ်ထောင်ခန်း အဖုံဖုံ၊ ကိုးကွယ်ပုံ မြတ်ဗုဒ္ဓ၊ ရွှေတိဂုံစေတီသို့ကျအောင်၊ ဟန်ရ, ပန်ရ သဏ္ဌာန်ကိုပြ၍ မိတ်ဆွေတွေက ပြောပြကြလေလျှင် တခြားကို သူမမြင်၊ တခြားကို သူမထင်၊ ရွှေတိဂုံရင်ပြင်မှ တန်ဆောင်းကြီးနှင့် ရုပ်ပွါးတော်အသွင်ကိုသာ သူ့မနောအကြည်တွင် ထင်မြင်နေသဖြင့် နေမထိ ထိုင်မသာဖြစ်လျက် မြန်မာနိုင်ငံသို့သာ အရေးတကြီး ပြေးပြီး လာချင်စိတ် ဖြစ်ပေါ်နေရှာလေ၏။

ထိုသို့သောအခါ မွေးမာတာက ငွေညှာထောက်ထား သနားပြီးကာ "သွားလိုရာ မြန်မာပြည်ကို အဖော်များနှင့် ငါ့သားလိုက်လေ အပြင်းပြေပေါ့"ဟု ချော့မော့၍ ထည့်လိုက်သဖြင့် မြန်မာပြည်ပြန် ဆွေသဟာတို့နှင့် သင်္ဘောစီး၍ အတူလိုက်ခဲ့ရာ ဘင်္ဂလားပင်လယ်အော်သို့ သင်္ဘောရောက်သည့်အချိန်ကစပြီး မြန်မာပြည်အကြောင်းကိုချည်း သူမေးမြန်း၍ လိုက်ခဲ့ရှာလေသတည်း။

ထိုရောအခါ ဆွေသဟာတို့က လိုက်လာသူ အဖော်မငြီးအောင် မြန်မာပြည်က သတို့သမီးအကြောင်းကို ပြောပြသော်လည်း ဝါသနာ မပါသလို, ပါသလိုနှင့် ရွှေတိဂုံစေတီတော်ကိုချည်းသာ ဦးလှည့်ကာ စကားစ၍ ဘာသာဝါဒကို မေးပြီးလျှင် ဘာသာတရားကိုသာ ဆွေးနွေး၍ တဖြည်းဖြည်း လာကြရာ မီးပြတိုက်သာသာ အရောက်တွင် အတူလာသူ အဖော်တစ်ယောက်က ရွှေတိဂုံစေတီတော်ကြီးကို လက်မြှောက်၍ ပြလိုက်ရာ စေတီတော်ကြီးကို ဖူးမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် စိတ်ထိခိုက်ကာ မျက်ရည်တွေ သွယ်ဖြာကျပြီး ခမျာမှာ အတိတ်က ဘဝဟောင်းကို ပြန်ပြောင်း၍ သတိရပြီး အောက်မေ့လျက်သာ နေရှာလေ၏။

ထို့နောက် မကြာခင် ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ရပ်လာလျှင် ဘာကိုမျှ သူမမြင်၊ ပစ္စည်းကိုလည်း မခင်မင်ဘဲ ရွှင်ရွှင်လန်းလန်းဖြင့် ရွှေတိဂုံစေတီတော်သို့သာ တန်း၍သွားလေ၏၊ အဖော်ပါသူ လူ ၃-ယောက်တို့နှင့် စေတီတော်သို့ ရောက်ကြရာတွင် စနေထောင့်မျက်နှာမှာ တန်ဆောင်းဒါယကာ၏

http://www.dhammadownload.com



သားဖြစ်သူနှင့် ဆရာတော်ရဟန်းတပါးတို့သည် တန်ဆောင်းအတွင်း၌ ပန်း, ရေချမ်း, ဆီမီးတို့ကို ကပ်လှူ၍ ဘုရားပူဇော်နေကြသည်ကို တွေ့မြင်သဖြင့် "ဟောဟိုမှာ ရှိမခိုးဘဲ သည်ထဲက ဘုရားကိုမှ ဘာကြောင့် ရှိခိုးနေကြသလဲ"ဟု ဟွန်စနိုးက စတင်မေးမြန်း၍ တန်ဆောင်းဒါယကာသားနှင့် ဟွန်စနိုးတို့သည် အပြန်အလှန် စကားပြန်ဖြင့် စကားပြောဆိုနေကြစဉ်မှာပင် "မင်းဟာ ငါ့သား၊ ငါဟာ မင်းအဖေပဲ"ဟု မြန်မာလို ပီပီသသဖြင့် ရုတ်တရက် ပြောချလိုက်ပြီးလျှင် ဟွန်စနိုးခမျာ လဲကျကာ မေ့မြော၍ သွားရှာလေ၏။

လဲကျမေ့မြောသွားရာမှ ပြန်လည်၍ သတိရလာသည့်အခါတွင်မူ မြန်မာစကားကို မပြောနိုင်တော့ဘဲ အင်္ဂလိပ်ဘာသာဖြင့် ထိုသူဟာ သူ၏ သားဖြစ်ကြောင်း၊ ထိုဘုရားတန်ဆောင်းနှင့် ရုပ်ပွါးဆင်းတုတော်များမှာလည်း သူ၏ ကောင်းမှုကုသိုလ်များပင် ဖြစ်ကြောင်းတို့ကို ပြောပြလေ၏၊ တချို့က စိတ်ဖောက်ပြန် ရူးသွပ်သွားသည်-ဟု ထင်ကြသဖြင့် ဆေးရုံသို့ တင်ပြီး သမားတော်ကြီးများနှင့် စစ်ဆေးကုသကြ၏၊ သမားတော်ဆရာဝန်ကြီးများက စစ်ဆေးစမ်းသပ်ကြသည့်အခါတွင် "စိတ်ဖောက်ပြန် ရူးသွပ်ခြင်းကား မဟုတ်၊ သို့သော် အလွန်စိတ်ရှုပ်ထွေးနေသည်"ဟုသာ မှတ်ချက်ပေးကြသဖြင့် သားဖြစ်သူကို တဖန် ခေါ်ပြီးလျှင် တန်ဆောင်းအတွင်း ဆင်းတုတော်အောက်မှ အုတ် ၃, ၄-ချပ်ကို အလှန်ခိုင်း၍ သူထားခဲ့တိုင်းသော ရွှေ, ငွေ, စိန်, ကျောက် ၃-သောင်းဖိုးလောက်တို့ကို သက်သေခံပစ္စည်းအဖြစ် ဖော်ထုတ်၍ ပေးခဲ့ပါသည်။

ထိုအခါမှ အစပြု၍ နှစ်ဦးနှစ်ဝ စိတ်တိုင်းကျ တွေ့ဆုံကြပြီးလျှင် မြန်မာစကားကို တတ်အောင်သင်၊ ရွှေယခင် ဘဝဟောင်းက မြတ်ကောင်းမှု၏ ကျေးဇူး၊ ပုဗ္ဗေစ-ကံအထူးကြောင့်၊ ကြည်နူးဝမ်းသာ တို့မြတ်စွာကို ကိုးကွယ်ကာ ဆည်းကပ်ပြီးလျှင် တစ်ခါတည်း သာသနာတော်သို့ဝင်၍ ရဟန်းပြုလေတော့၏၊ ဘိလပ်သူမိခင်ကြီးကိုလည်း စာပေး၍ ခေါ်ယူပြီးလျှင် ဗုဒ္ဓ၏အယူဝါဒကို ဟောပြလျက် ကျိုက္ကဆံစေတီတော်ကြီး အနီး၌ တရားဘာဝနာကို အားထုတ်၍ ဆရာဟောင်းဖြစ်သူ ဘုရားမြတ်ကိုသာ တစ်သက်လုံး ကိုးကွယ်ဆည်းကပ်လျက် အသက်ဆုံးသည်အထိ နေသွားရှာလေတော့သတည်း။

* * * * *

http://www.dhammadownload.com



## နိကန္တိတဏှာသည် မဟဂ္ဂုတ်စေတနာကိုပင် တားမြစ်နိုင်၏

ဤတန်ဆောင်းဒါယကာကြီး၏ ဝတ္ထု၌ မေးမြန်းဖွယ်ရှိသည်မှာ-

၁။ တန်ဆောင်း ဒါယကာ၊ ဘုရားဒါယကာကြီးမှာ ကုသိုလ်တွေ များစွာ ရှိပါလျက် အထက်နတ်ပြည်၌ မဖြစ်ဘဲ အဘယ့်ကြောင့် ဘိလပ်သို့ သွား၍ ဖြစ်ရပါသနည်း-ဟူသော မေးခွန်းနှင့်

၂။ သားဖြစ်သူနှင့် ပြန်လည်၍ တွေ့သည့်အခါ၌ မြန်မာစကား ၂-ခွန်းကို ပီသအောင် အဘယ့်ကြောင့် ပြောဆိုနိုင်ပါသနည်း-ဟူသော မေးခွန်း တို့ပင် ဖြစ်ပေသည်။

**ပထမမေးခွန်း၏ အဖြေမှာ-** တန်ဆောင်းဒါယကာ၊ ဘုရားဒါယကာကြီးမှာ အထက်နတ်ပြည်တို့၌ ဖြစ်နိုင်သည့်ကုသိုလ်တွေ များစွာ ရှိနေငြားသော်လည်း ဘိလပ်ပြန် ဆွေသဟာတို့၏ အားပါးတရ မစားရ ဝခမန်း မရောက်ဖူးသူတို့ လွမ်းလောက်အောင် ပြောကြသည့်စကားကို အကောင်း-ဟု မှတ်ရာ၍ နိကန္တိတဏှာဖြင့် ကွယ်လွန်ခဲ့သောကြောင့် နတ်ပြည်၌ မဖြစ်ဘဲ စိတ်စွဲမိရာ ဘိလပ်သို့ ရောက်သွားရခြင်း ဖြစ်ပေသည်။

ဝိဓူရဇာတ်တော်၌ နဂါးမင်း၊ ဂဠုန်မင်း၊ သိကြားမင်းနှင့် ကောရဗျ မင်းသားတို့သည်လည်း မိမိတို့၏ ဆရာဖြစ်သူ အဘိညာဉ်ရ ရသေ့ကြီးများ၏ ချီးကျူးပြောဆိုသံများကို ကြားသဖြင့် စွဲလမ်းခြင်း နိကန္တိတဏှာဖြစ်ကြပြီးလျှင် ထိုထိုနဂါးပြည်၊ ဂဠုန်ပြည်၊ နတ်ပြည်၊ လူ့ပြည်တို့၌ နဂါးမင်း၊ ဂဠုန်မင်း၊ သိကြားမင်း၊ ကောရဗျမင်းတို့ ဖြစ်ကြရလေသည်။

ဟတ္ထိပါလဇာတ်၊ တေမိဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ မဟာပနာဒဇာတ် စသည်တို့၌လည်း နိကန္တိတဏှာသည် အထက်နတ်ပြည်သို့ ရောက်မည့်ကံကို တားမြစ်ကြသည်ချည်းပင်တည်း၊ ထိုနိကန္တိတဏှာသည် ကာမကုသိုလ်အကျိုး ပေးကိုသာ တားမြစ်၍ မိမိနှစ်သက်ရာသို့ ဖြစ်စေသည် မဟုတ်သေး၊ မဟဂ္ဂုတ် ကုသိုလ်၏ အကျိုးပေးကိုပင် တားမြစ်လျက် မိမိနှစ်သက်ရာသို့ ဖြစ်စေနိုင်သည့် အစွမ်းသတ္တိထူး ရှိလေ၏။

http://www.dhammadownload.com



ထို့ကြောင့် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏ အလောင်းဖြစ်သော တိဿဗြဟ္မာကြီးသည် အထက်အထက် ဗြဟ္မာ့ပြည်၌ ဖြစ်ရန် မဟဂ္ဂုတ်ဈာန်ကို ပွါးများထားပြီးဖြစ်လျက် ရဟန္တာမထေရ်ကြီးတို့၏ တောင်းပန်ချက်ကြောင့် နိကန္တိ တဏှာ စွဲလမ်းရာ ပါဋလိပုတ်ပြည်တွင် မောဂ္ဂလိပုဏ္ဏားအိမ်၌ ပဋိသန္ဓေ နေခဲ့ရ လေ၏။

ဝေဠုဝန်ကျောင်းဒါယကာ သောတာပန်ဖြစ်သော ဗိမ္ဗိသာရမင်းကြီး သည်လည်း မြတ်စွာဘုရားသာသနာတော်၌ ကုသိုလ်ကောင်းမှု မြောက်မြားစွာကို ဆည်းပူးအားထုတ် ပြုလုပ်ခဲ့သည့်အလျောက် အထက်အထက် နတ်ပြည်တို့၌ ဖြစ်စေနိုင်သောကံ အလုံအလောက်ရှိပါလျက် နိကန္တိတဏှာကြောင့် ရှေးရှေး သော ဘဝဟောင်းတို့က ဖြစ်ခဲ့ဖူး, နေထိုင်ခဲ့ဖူးသည့် စာတုမဟာရာဇ်နတ်ပြည်၌ သာလျှင် ဖြစ်ရကြောင်းကို (ဇနဝသဘသုတ်အဋ္ဌကထာ၌) အောက်ပါအတိုင်း မိန့်မှာတော်မူပါသည်။

**ပုရေ ဧဝံ ဝုသိတတ္တာ ဧဝ စ ဣဒါနိ သောတာပန္နော ဟုတွာ တီသု ဝတ္ထူသု ဗဟုံ ပုညံ ကတွာ တဿာ'နုဘာဝေန ဥပရိ နိဗ္ဗတ္တိတုံ သမတ္ထောပိ ဒီဃရတ္တံ ဝုသိတဋ္ဌာနေ နိကန္တိယာ ဗလဝတာယ ဧတ္ထေဝ နိဗ္ဗတ္တော။**

*(ဒီ၊ ၂၊ ၄၊ ၂၃၁)*

**အနက်ကား။** ။ ပုရေ၊ ရှေးဘဝ၌။ ဧဝံ၊ ဤသို့။ ဝုသိတတ္တာ ဧဝ၊ နေအပ်ဖူး သည်၏အဖြစ်ကြောင့်သာလျှင်။ ဣဒါနိ၊ ယခုအခါ၌။ သောတာပန္နော၊ သည်။ ဟုတွာ၊ ၍။ တီသု ဝတ္ထူသု၊ ရတနာသုံးပါးတို့၌။ ဗဟုံ၊ များစွာသော။ ပုညံ၊ ကုသိုလ်ကောင်းမှုကို။ ကတွာ၊ ပြု၍။ တဿ ပုညဿ၊ ၏။ အာနုဘာဝေန၊ အာနုဘော်ဖြင့်။ ဥပရိ၊ အထက်အထက် နတ်ပြည်၌။ နိဗ္ဗတ္တိတုံ၊ ဖြစ်ခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်သည်။ သမာနောပိ၊ ဖြစ်ပါသော်လည်း။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့, ညဥ့်ပတ်လုံး။ ဝုသိတဋ္ဌာနေ၊ နေအပ်ခဲ့ဖူးသောအရပ်၌။ နိကန္တိယာ၊ တပ်မက်သော တဏှာ၏။ ဗလဝတာယ၊ အားရှိသည်၏ အဖြစ်ကြောင့်။ ဧတ္ထေဝ၊ ဤစာတုမဟာရာဇ်ဘုံ၌သာလျှင်။ နိဗ္ဗတ္တော၊ ဖြစ်ရလေပြီ။

http://www.dhammadownload.com



တန်ဆောင်းဒါယကာကြီးမှာ နိကန္တိတဏှာကြောင့် လူမျိုးခြား, ဘာသာခြား ဘဝလပ်သို့သွား၍ ဖြစ်သော်ငြားလည်း တစ်သက်လုံး ယုံယုံကြည်ကြည် လေးလေးနက်နက် ဆည်းကပ်ကိုးကွယ်လျက်ရှိသော ဩကပ္ပနသဒ္ဓါ၏ အစွမ်းကြောင့် မိမိ၏ဘာသာဟောင်း, ဆရာဟောင်းသို့ ပြန်လည်ကူးပြောင်း၍ ကိုးကွယ်နိုင်ခြင်း ဖြစ်ပေသည်။

* * * * *

## မြေခွေး, ဆိတ်ဖြူအို, လိပ်တို့ လူလို ဘာသာတတ်သည်-ဟု ကျမ်းနိပါတ်လာ

**ဒုတိယမေးခွန်း၏ အဖြေမှာ-** အချို့သော ဇာတိဿရဉာဏ်ကို ရသောသူတို့သည် ဘဝဟောင်းက တော်စပ်ခဲ့ကြသော မိဘ,သား,မယား၊ ဆွေမျိုးများနှင့် ဝတ္ထုပစ္စည်းတို့ကို တွေ့ရမြင်ရသည့်အခါတွင်မှ ဘဝဟောင်းကို သတိရပြီး သိမြင်ကြလေ၏၊ အချို့သော ဇာတိဿရဉာဏ်ကို ရသောသူတို့သည်ကား တစ်စုံတစ်ခုကို မတွေ့မမြင်ရဘဲလျက်ပင် သူ့အလိုအလျောက် သတိရပြီး သိမြင်ကြလေသည်၊ တန်ဆောင်းဒါယကာကြီး (ဟွန်စနိုး)မှာမူ ပစ္စုပ္ပန်ဘဝသစ်၌ အာရုံအသစ်တွေ ဖုံးလွှမ်းနေသောကြောင့် ဘဝဟောင်းကို သတိမရသေးသော်လည်း မိမိလှူဒါန်းထားခဲ့သော ကုသိုလ်ဟောင်းနှင့် သားဟောင်းကို တွေ့မြင်ရသည့်အခါတွင်မူ ဘဝဟောင်းကို သတိရပြီး အဖြစ်မှန်ကို ပြောပြနိုင်ခြင်း ဖြစ်ပေသည်။

"မင်းဟာ ငါ့သား၊ ငါဟာ မင်းအဖေပဲ"ဟူသော စကား ၂-ခွန်းကို မြန်မာလို ပီပီသသ ပြောပြနိုင်ခြင်းမှာ မေတ္တာ, ကရုဏာနှင့် ထက်သန်သော စေတနာတို့၏အစွမ်းကြောင့် မဖြစ်စဖူး ထူးထူးဆန်းဆန်း ပြောဆိုနိုင်ခြင်း ဖြစ်ပေသည်၊ ဤသို့ မဖြစ်စဖူး ထူးထူးဆန်းဆန်း ဖြစ်ခြင်းသည်လည်း လောက၌ ရံဖန်ရံခါ ဖြစ်လေ့ဖြစ်ထရှိသော အစ္ဆရိယဓမ္မ, အဗ္ဘုတဓမ္မအဖြစ် တွေ့ရှိရပေသည်။

http://www.dhammadownload.com



ဇာတ်တော်တို့၌လည်း မြေခွေး, ဆိတ်, သမင်နှင့် လိပ်အစရှိသည့် အဟိတ်တိရစ္ဆာန်တို့ လွန်ကဲသော မေတ္တာ, စေတနာနှင့် ကရုဏာတို့ကြောင့် လူစကား ပြောကြားသည့်အကြောင်းကို အံ့ဩဖွယ်ရာ အစ္ဆရိယဓမ္မ, အဗ္ဘုတဓမ္မ အဖြစ် တွေ့ရှိရပေသည်။

ထိုအကြောင်းကိုပင် သတပဒိကပ္ပဋ္ဌာ, ဝိသဇ္ဇနာကျမ်း၌ မန်လည်ဆရာတော်ဘုရားကြီးနှင့် မင်းကွန်းဆရာတော်ဘုရားကြီးတို့က ပုစ္ဆာဝိသဇ္ဇနာ ထုတ်၍ အောက်ပါအတိုင်း အမေး,အဖြေ လုပ်တော်မူခဲ့ကြပါသည်။

**ဒွေနဝုတိပုစ္ဆာ**

- အထူးတဲ့ ထွေလာ။
- လောင်းတော်သာ မဟုတ်သေးပါဘူး၊ မြေခွေး, ဆိတ်ဖြူအိုတို့၊ လိပ်, လူလို ဘာသာတတ်သည်-ဟု၊ ကျမ်းနိပါတ်မှာ။
- မကြုံတောင်းကိုလှ၊ ယုံကောင်းမှ ယုံချင်ပါ၊ ကျမ်းဆရာ ညီထွေး။
- မဝေဖန် ဋ္ဌကထာသိကာ ချန်တဲ့၊ ဋီကာကျန် ဓိပ္ပါယ်ကြွင်းကိုလ၊ ထင်လင်းစွာ အာဂုံဆောင်လို့ ယုံသာအောင် တစ်ဉာဏ်ဆန်းတယ်၊ ဂဏ္ဌိသစ်ရေး။ ။

**ဒွေနဝုတိဝိသဇ္ဇနာ**

- အထူးတဲ့ ထွေလာ။
- လောင်းတော်သာ မဟုတ်သေးပေဘူး၊မြေခွေး, ဆိတ်, သမင်တို့၊ များစွာပင် လူလို ပြောသည်ဟု၊ ကျမ်းဟော ပေပါ။
- သိန်းကုဋေ နှစ်လွန်ကျူးခါမှ၊ မဖြစ်ဖူး ဖြစ်ပေါ်လာ၊ အဗ္ဘုတာ ဓမ္မော။
- အစိန္တိယာ လောကတံထွာမို့၊ ရံတခါ ဖြစ်သင့်ကြောင်းကိုလ၊ ကျမ်းဟောင်းတော် မဖွင့်ပြီဘူး၊ မျက်မြင်ကို ရွှေဉာဏ်ချင့်ပါတော့၊ ယုံသင့်အောင် တစ်ဉာဏ်ဆန်းလိုက်တယ်၊ ဂဏ္ဌိသဘော။ ။

http://www.dhammadownload.com



တန်ဆောင်းဒါယကာကြီးနှင့် ဘုရားဒါယကာကြီးဖြစ်သူ(ဟွန်စန်း)သည် သာသနာတော်သို့ ဝင်ရောက်၍ ရဟန်းပြုပြီးလျှင် ရဟန်းတရားကို ပွါးများအားထုတ်လျက် အသက်ထက်ဆုံး နေထိုင်သွားခြင်းမှာ ပုဗ္ဗေ စ ကတပုညတာ၏ အစွမ်းသတ္တိပေတည်း။

*(ဤကား သတ္ထာ ဒေဝမနုဿာနံ-ဟူသော ဂုဏ်တော်၌ သတ္ထာပုဒ်၏ အရ ပုထုဇဉ်ပုဂ္ဂိုလ်တို့ ဆရာပြောင်းပုံနှင့်စပ်၍ ရေးသားအပ်သော ဝတ္ထုတည်း။)*

* * * * *

## လှည်းမှူးကြီးပမာ ဘေးကင်းရာ နိဗ္ဗာန်သို့ ပို့ဆောင်ပေးတတ်သောကြောင့်လည်း သတ္ထာ မည်တော်မူသည်

တစ်နည်းကား– 'သတ္ထာ ဝိယာတိ သတ္ထာ' ဟူသော အဋ္ဌကထာစကား အရ အနက်ကို ပြရသော် မေတ္တာ, ကရုဏာနှင့် ပညာဉာဏ် အမှန်ရှိသော မာတလိရထားမှူးကြီးပမာ သတ္တဝါတို့ကို ဘေးကင်းရာ ဇေကန်၊ မြတ်နိဗ္ဗာန်သို့ မဂ္ဂင် ၈-ပါး ယာဉ်ရထားဖြင့် တင်ပို့သယ်ဆောင် ဘေးကင်းအောင် ပြုတတ်သည့် ဂုဏ်သကတ်ကြောင့်လည်း သတ္ထာ-ဟု မည်တော်မူပါသည်။

- လောက၌ သူခိုး, ဓားပြ, သူပုန်, သူကန်တို့ ပုန်းခိုကိန်းအောင်း တိုက်ခိုက် သတ်ဖြတ်ကြောင်း တောလမ်းခရီး-ဟု ဆိုအပ်သော **စောရကန္တာရ**၊
- ခြင်္သေ့, သစ်, ကျား-အစရှိသော တောရိုင်းတိရစ္ဆာန်ကြီးများနှင့် ဘီလူး, သားရဲတို့၏ ဆိုးသွမ်းသောင်းကျန်းရာ တောလမ်းခရီးကြမ်း-ဟု ဆိုအပ် သော **ဝါဠကန္တာရ**၊
- စားနပ်ရိက္ခာ ပြတ်လတ်ကုန်ခန်းရာ ခရီး-ဟု ဆိုအပ်သော **ဒုဗ္ဘိက္ခကန္တာရ**နှင့်
- သောက်ရေ, သုံးရေ ရှာဖွေ၍ မရနိုင်သောခရီး-ဟု ဆိုအပ်သော **နိရုဒကကန္တာရ** –

http://www.dhammadownload.com



အားဖြင့် ကန္တာရခရီးကြမ်းကို စိုးရိမ်ပင်ပန်းစွာ သွားနေကြသော ခရီးသွားတို့ကို ဘေးကင်းရာအရပ်သို့ ထုတ်ဆောင်၍ ပို့ပေးသော ရထားမှူး ပုဂ္ဂိုလ်ထူးပမာ ဘုရားမြတ်ဘဂဝါသည် ဇာတိ၏သဘာဝ ဖြစ်ချင်ရာ ဖြစ်ကြ၍ ခဏခဏလည်းနာ၊ မကြာမကြာလည်း အို၊ အသေဆိုတာကလည်း ဘဝတိုင်း၊ မဆိုင်းမတွ သေပြီးလျှင် တစ်ခါဖြစ်၊ ဖြစ်ပြီးလျှင် တစ်ခါသေ၊ ဖြစ်သေ, ဖြစ်သေနှင့် နစ်နေကြတဲ့ ဝဋ္ဋဒုက္ခ၊ ဆောင်းတွင်း၌ လှောင်အုပ်ထားသည့် ကြက်ပမာ ပြေးစရာလည်းလမ်းမရှိ ထွက်စရာလည်း အပေါက်မရှိ ဆောင်းအတွင်း၌သာ ပိတ်မိနေသကဲ့သို့ ပိတ်မိနေကြသော သူသူ,ငါငါ သတ္တဝါတို့ကို ချမ်းသာရာ ချမ်းသာကြောင်း အကြံကောင်း နည်းလမ်းပြ၊ ဘေးကင်းရာ ဌာနသို့ ကယ်မ၍ ပို့ဆောင်တော်မူတတ်သောကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ-ဟု ဆိုတော်မူရလေ၏။

ဤဝိဂြိုဟ်အလို သတ္ထာ ဒေဝမနုဿာနံ = ရထားယာဉ်မှူးပမာ ဘေးကင်းရာ နိဗ္ဗာန်သို့ ဆောင်ပို့ ကယ်မတော်မူတတ်သော မြတ်စွာဘုရား-ဟူ၍ မှတ်သားအပ်၏။

*သတ္ထာ ဒေဝမနုဿာနံဂုဏ်တော်ကို ပွါးများရန်*
*ဗုဒ္ဓါ'နုဿတိကမ္မဋ္ဌာန်း ပြီး၏။*

* * * * *

http://www.dhammadownload.com



## ဗုဒ္ဓဂုဏ်တော်၏ အနက်အဓိပ္ပါယ် အကျယ်

**ယံ ပန ကိဉ္စိ အတ္ထိ ဉေယျံ နာမ။ သဗ္ဗဿေဝ ဗုဒ္ဓတ္တာ ဝိမောက္ခန္တိက-ဉာဏဝသေန ဗုဒ္ဓေါ၊ ယသ္မာ ဝါ စတ္တာရိ သစ္စာနိ အတ္တနာပိ ဗုဇ္ဈိ၊ အညေပိ သတ္တေ ဗောဓေသိ၊ တသ္မာ ဧဝမာဒီဟိပိ ကာရဏေဟိ ဗုဒ္ဓေါ။**

*(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)*

ဟူသော မိန့်မှာသောစကားအရ–

အရဟတ္တမဂ်ဉာဏ်တော်ဟူသော ဝိမောက္ခဉာဏ်တော်ဖြင့် သစ္စာ ၄-ပါး တရားတို့ကို သိတော်မူပြီး၍ ထိုအရဟတ္တမဂ်ဉာဏ်၏ အဆုံး၌ ရအပ်သော ကြောင့် ဝိမောက္ခန္တိက-ဟု ခေါ်ဆိုအပ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် အပိတ် အပင် အတားအဆီးမရှိ သိစရာရှိသမျှ ဉေယျဓမ္မတို့ကို အကုန်သိတော်မူသော အကြောင်းကြောင့် ဗုဒ္ဓ မည်တော်မူ၏။

* * * * *

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ဗုဒ္ဓဂုဏ်တော်၏ အထူး

ထိုသို့ဖြစ်ပါလျှင် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ဗုဒ္ဓဂုဏ်တော်သည် အတူတူ ပင် မဟုတ်ပါလော-ဟု မေးရန်ရှိပြန်၏၊ ထို့ကြောင့် **"အတ္တနာပိ ဗုဇ္ဈိ၊ အညေပိ သတ္တေ ဗောဓေသိ"**ဟူသော ဝါကျကို မိန့်တော်မူလေ၏။

**အဓိပ္ပါယ်ကား။** ။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်သည် ဘုရားရှင်ကိုယ်တော် မြတ်၏ သစ္စာ ၄-ပါး, ဉေယျတရားတို့ကို ပဋိဝေဓ ဉာဏ်တော်ဖြင့် သိတော်မူသောကြောင့် ရအပ်သောဂုဏ်တော် ဖြစ်၏။

ဗုဒ္ဓဂုဏ်တော်သည်ကား– မိမိသိတော်မူသောတရားတို့ကို သူတပါးတို့ လည်း နားလည်ကြ, သိကြစေရန် ဒေသနာဉာဏ်တော်ဖြင့် ဟောကြားတော်မူ ခြင်းကြောင့် ရအပ်သောဂုဏ်တော် ဖြစ်၏။

http://www.dhammadownload.com



ဤသို့ ဂုဏ်တော် ၂-ပါးသည် သဘာဝအားဖြင့် ကွဲပြားခြားနားလျက် ရှိကြလေ၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌–

**သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ သဒ္ဒေပတော ဝိတ္ထာရတော စ သတ္တု စတုသစ္စာဘိသမ္ဗောဓော ဝုတ္တော၊ ဗုဒ္ဓေါတိ ပန ဣမိနာ တ'ဒညသ္သာပိ ဉေယျဿာ'ဝဗောဓော၊ ပုရိမေန ဝါ သတ္တု ပဋိဝေဓဉာဏာနုဘာဝေါ၊ ပစ္ဆိမေန မဒေသနာဉာဏာနုဘာဝေါ–** *(မဟာဋီကာ၊ ပ၊ ၂၄၉။)*

ဟု မိန့်တော်မူ၏။

အနက်ကား။ ။ သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ၊ သမ္မာသမ္ဗုဒ္ဓေါဟူသော ဤဂုဏ်တော်ဖြင့်။ သင်္ခေပတော စ၊ အကျဉ်းအားဖြင့် လည်းကောင်း။ ဝိတ္ထာရတော စ၊ အကျယ်အားဖြင့်လည်းကောင်း။ သတ္တု၊ မြတ်စွာဘုရား၏။ စတုသစ္စာ'ဘိသမ္ဗောဓော၊ သစ္စာ ၄-ပါး မြတ်တရားကို ထိုးထွင်း၍ သိတော်မူခြင်းကို။ ဝုတ္တော၊ ဆိုအပ်၏။

ဗုဒ္ဓေါတိ ပန ဣမိနာ၊ ဗုဒ္ဓေါဟူသော ဤဂုဏ်တော်ဖြင့်ကား။ တဒညဿာပိ၊ ထိုသစ္စာ ၄-ပါးမှ တပါးလည်းဖြစ်သော။ ဉေယျဿ၊ ဉေယျ ငါးတန်၊ တရားမှန်ကို။ အဝဗောဓော၊ ထိုးထွင်း၍ သိခြင်းကို။ ဝုတ္တော၊ ဆိုအပ်၏။ ဝါ၊ တစ်နည်းကား။ ပုရိမေန၊ သမ္မာသမ္ဗုဒ္ဓေါ-ဟူသော ရှေ့ဂုဏ်တော်ဖြင့်။ သတ္တု၊ ၏။ ပဋိဝေဓဉာဏာနုဘာဝေါ၊ ပဋိဝေဓဉာဏ်၏ အာနုဘော်ကို။ ဝုတ္တော၊ ၏။ ပစ္ဆိမေန၊ ဗုဒ္ဓေါဟူသော နောက်ဂုဏ်တော်ဖြင့်။ (သတ္တု၊ ၏။) ဒေသနာဉာဏာ- နုဘာဝေါ၊ ဒေသနာဉာဏ်၏ အာနုဘော်ကို။ ဝုတ္တော၊ ၏။

အဋ္ဌကထာ၌လည်း "အညေပိ သတ္တေ ဗောဓေသိ" အညေပိ သတ္တေ၊ တပါးသော သတ္တဝါတို့ကိုလည်း။ ဗောဓေသိ၊ သိစေတော်မူ၏။ ဝါ၊ သိအောင် ဟောပြောနိုင်၏-ဟု မိန့်တော်မူ၏။ သို့ဖြစ်၍ ဗုဒ္ဓေါ၊ သစ္စာ ၄-ပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ ကိုယ်တော်တိုင် သိမြင်တော်မူသည့်အပြင် သူတပါးတို့ကိုလည်း သိမြင်အောင် ဟောကြားတော်မူနိုင်သော မြတ်စွာဘုရား-ဟု ဗုဒ္ဓဂုဏ်တော်၏ အနက်ကို မှတ်အပ်၏။

* * * * *

http://www.dhammadownload.com



## ဉာဏ်တော် ၁၄-ပါး၊ အဝိဒေဝဉာဏဒဿန ၈-ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဗုဒ္ဓမည်တော်မူသည်

တစ်နည်းကား -

စုဒ္ဒသဟိ ဗုဒ္ဓဂုဏေဟိ သမန္နာဂတတ္တာ ဗုဒ္ဓေါ။

စုဒ္ဒသဟိ ဗုဒ္ဓဂုဏေဟိ၊ ၁၄-ပါးသော ဗုဒ္ဓဂုဏ်တော်တို့နှင့်၊ သမန္နာဂတတ္တာ၊ ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

ဂုဏ်တော် ၁၄-ပါးတို့ဟူသည်ကား-

- သစ္စာ ၄-ပါးကို သိသော သစ္စဉာဏ် ၄-ပါး၊
- ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ အတ္ထပဋိသမ္ဘိဒါဉာဏ်၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်အားဖြင့် ပဋိသမ္ဘိဒါဉာဏ် ၄-ပါး၊
- ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်၊ ယမကပါဋိဟာရိယဉာဏ်၊ မဟာကရုဏာဉာဏ်၊ သဗ္ဗညုတဉာဏ်၊ အနာဝရဏဉာဏ်-ဟူ၍ အသာဓာရဏဉာဏ်တော် ၆-ပါး၊

ပေါင်း ဤ ၁၄-ပါးသော ဉာဏ်တော်တို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏။

ထိုမှတပါး အဝိဒေဝဉာဏဒဿန ၈-ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဗုဒ္ဓ မည်တော်မူပြန်၏။

အဝိဒေဝဉာဏဒဿန ၈-ပါးဆိုသည်ကား-

၁။ နတ်တို့၏အရောင်ကို သိခြင်း၊

၂။ နတ်တို့၏အဆင်းကို မြင်ခြင်း၊

၃။ ထိုထိုနတ်တို့၏ ဘာသာစကားကို ပြောဆိုနိုင်ခြင်း၊

၄။ ထိုထိုနတ်တို့၏ နေရာဘုံဌာနကို သိခြင်း၊

http://www.dhammadownload.com



၅။ ဤနတ်ကား ဤကံကြောင့် ဖြစ်၏၊ ထိုနတ်ကား ထိုကံကြောင့် ဖြစ်၏-ဟု ထိုထိုနတ်တို့၏ အကြောင်းကံကို သိတော်မူခြင်း၊

၆။ ထိုထိုနတ်တို့၏ အစာအာဟာရကိစ္စကို သိခြင်း၊

၇။ ထိုထိုနတ်တို့၏ အကြွင်းဖြစ်သော အသက်၊ ကုန်လွန်ခဲ့ပြီးသော နှစ်အပိုင်းအခြားနှင့် ရောက်ဆဲဖြစ်သော နှစ်အပိုင်းအခြားတို့ကို သိခြင်း၊

၈။ ငါဘုရားသည် ရှေးက ဤနတ်တို့နှင့်အတူ နေထိုင်ခဲ့ဖူးသည်၊ မနေထိုင်ခဲ့ဖူးသည်ကို သိခြင်းအားဖြင့် ၈-ပါးတည်း။

ဤ ၈-ပါးသော အဓိဒေဝဉာဏဒဿနတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဗုဒ္ဓ-ဟု ခေါ်ရလေသည်။

ဤအဓိဒေဝဉာဏဒဿနတရားတို့နှင့် ပြည့်စုံတော်မူသောကြောင့် မြတ်စွာဘုရားသခင်ကို နတ်ပြဟ္မာတို့သည် ကြောက်လည်း ကြောက်ကြကုန်၏၊ ရိုလည်း ရိုသေကြကုန်၏၊ မြတ်နိုးလည်း မြတ်နိုးကြကုန်၏။

*(အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ ဂယာသီသသုတ်၊ ၁၂၃။)*

*ဗုဒ္ဓဂုဏ်တော်များကို ပွားများရန် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပြီး၏။*

* * * * *

http://www.dhammadownload.com



## ဘဂဝါဂုဏ်တော်၏ အနက်အဓိပ္ပါယ် အကျယ်

ဘဂဝါ-ဟူသော အမည်သည် ရိုသေလေးမြတ် ချီးမွမ်းအပ်သော အမည်တော်ဖြစ်သည်။

လောက၌ ရာထူးဂုဏ်သိန်၊ စည်းစိမ်းဥစ္စာ၊ တန်ခိုးအာဏာရှိသူများကို ဘဂဝါ၊ (ဘုန်းကံကြီးမားသူ)-ဟူ၍ လေးလေးစားစား၊ ချီးကျူးပြောကြားလေ့ရှိကြ၏၊ ထိုသို့ ဘဂဝါ-ဟူသော အမည်ထူးဖြင့် ချီးကျူး၍ ခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်တို့တွင် ဘုရားရှင်ကိုယ်တော်မြတ်သည် သူတကာတို့ထက် အရာရာ သာလွန်တော်မူသည် ဖြစ်သောကြောင့် ဘဂဝါ-ဟူသော အမည်ကို အခံအယူ ထိုက်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူပါပေသည်။ ထို့ကြောင့် အဋ္ဌကထာ၌-

**ဘဂဝါ'တိ ဝစနံ သေဋ္ဌံ၊ ဘဂဝါ ဝစန'မုတ္တမံ။**

**ဂရု ဂါရဝယုတ္တော သော၊ ဘဂဝါ တေန ဝုစ္စတိ။**

ဟူ၍ မိန့်ဆိုတော်မူခြင်းဖြစ်ပေသည်။

**အနက်ကား။** ။ ဘဂဝါ'တိ ဝစနံ၊ ဘဂဝါသဒ္ဒါ ဟောအပ်သောအနက်သည်။ သေဋ္ဌံ၊ ချီးမွမ်းအပ်၏။ ဘဂဝါ'တိ ဝစနံ၊ ဘဂဝါသဒ္ဒါ ဟောအပ်သောအနက်သည်။ ဥတ္တမံ၊ မြတ်၏။ ဂရု၊ ရိုသေလေးစားအပ်၏။ ဝါ၊ ကျောက်ထီးကဲ့သို့ အလေးပြုအပ်၏။ ဂါရဝယုတ္တော၊ အလေးပြုအပ်သည်၏ အဖြစ်ဟူသော သူတစ်ထူးတို့ ချီပိုးဆောင်ရွက်နိုင်ခဲသော သီလ, သမာဓိ, ပညာ-စသော ဂုဏ်နှင့်ယှဉ်၏။ တေန၊ ထို့ကြောင့်။ သော ဗုဒ္ဓေါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါ၊ ဘဂဝါ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ ချီးမွမ်းအပ်၏။

* * * * *

http://www.dhammadownload.com



## ဘုန်းတော် ၆-ပါး

လောက၌လည်း ချီးမွမ်းလောက်အောင် လာဘ်ပေါများသူတို့ကို ဘုန်းကြီးသောသူ-ဟု ခေါ်ဝေါ်ပြောဆိုလေ့ရှိကြ၏၊ ဘုန်းဟူသော မြန်မာစကားသည် ဘဂဝါ-ဟူသော ပါဠိစကားမှဖြစ်သော စကားပေတည်း၊ ထိုဘဂဝါ-ဟူသော ဘုန်းသည် ၆-မျိုး, ၆-ပါးရှိသည်၊ ၎င်းတို့မှာ–

၁။ အစိုးရခြင်း ဣဿရိယဘုန်း၊

၂။ မွန်မြတ်သော ဥစ္စာရတနာတို့ဖြင့် ပြည့်စုံခြင်း ဓမ္မဘုန်း၊

၃။ အခြံအရံ, သား, သမီး, တပည့်တပန်း-စသည် ပေါများခြင်းနှင့် ကျော်စောခြင်း ယသဘုန်း၊

၄။ ရုပ်ရေ ရူပကာယ လှပတင့်တယ် ရှုဖွယ်မငြီး အသရေကြီးတွေ စု၍ထားဘိသကဲ့သို့ ကြည့်ရှု, တွေ့မြင်သူတို့၏ မျက်စိအရသာကို ဆောင်သော သိရီဘုန်း၊

၅။ အလိုရှိသမျှ ပြည့်စုံနိုင်ခြင်း ကာမဘုန်းနှင့်၊

၆။ ဝီရိယစွမ်းအားကောင်းခြင်း ပယတ္တဘုန်းတို့ ဖြစ်ကြကုန်၏။

လောကီလူသားတို့မှာ ထိုဘုန်းတော် ၆-မျိုးတို့ထဲမှ တစ်မျိုးမျိုးနှင့် ပြည့်စုံလျှင်ပင် ဘုန်းကြီးသူ (ဘဂဝါ)ဟူ၍ ခေါ်ဆိုကြရ၏။

လောကီလူသားတို့မှာ–

၁။ အစိုးရခြင်း ဣဿရိယဘုန်းနှင့် ပြည့်စုံသည်-ဟု ဆိုရငြားသော်လည်း မြို့ပြ, ပြည်, ရွာ၊ တိုင်း, နိုင်ငံ, ဇနပုဒ်တို့ကိုသာ အစိုးရကြကုန်၏။ မိမိတို့၏ စိတ်ကိုကား မိမိတို့ အစိုးမရနိုင်ကြကုန်၊ ထို့ကြောင့် ချီးမွမ်းသံကို ကြားရလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်၏၊ ကဲ့ရဲ့ရှုတ်ချခြင်း, အပြစ်တင်ခြင်းတို့ကို ခံရလျှင် မျက်နှာညှိုးငယ် မဖွယ်မရာ၊ မနေသာ မထိုင်သာ ဖြစ်ကြကုန်၏။

နိန္ဒ (ကဲ့ရဲ့ခြင်း)၊ ပသံသ (ချီးမွမ်းခြင်း)တို့မှ တပါးသော လာဘ, အလာဘ-အစရှိသော လောကဓမ္မတို့နှင့် တွေ့ကြရာတို့၌လည်း ဤနည်းအတူပင် ဖြစ်ကြ

http://www.dhammadownload.com



ကုန်၏၊ မကောင်းသော အဆင်း, အနံ့, အရသာ, အတွေ့ အထိတို့ကို တွေ့လျှင်လည်း စိတ်မကောင်း, ကိုယ်မကောင်း တထောင်းထောင်း ထသော ဒေါသတွေ ထသူလည်း ထကြ၊ ဘယ်လိုမှ မတတ်နိုင်ကြသည့် အရာမျိုးတို့၌မူကား မျက်နှာ ညှိုးငယ် မဖွယ်မရာ ငိုကာမဲ့ကာ မချမ်းသာပဲ နေကြရကုန်၏။

ဤကဲ့သို့ အပြင်, အပ ဗာဟိရဖြစ်သော အာရုံအမျိုးမျိုးတို့ သွေးဆောင်ရာ, စေစားရာ, ခေါ်ငင်ရာ ဖြစ်ပေါ်နေကြရသော ထိုသူတို့၏ စိတ်သည် အဘယ်မှာ ချမ်းသာနိုင်တော့အံ့နည်း၊ စိတ်မချမ်းသာလျှင် ၎င်းတို့၏ ရုပ်တွေလည်း မချမ်းသာ၊ မတင့်တယ်၊ မလှမပ ဖြစ်ကြရကုန်၏။

ထို့သို့ ဖြစ်ခြင်းသည် စိတ်ကို မနိုင်၊ စိတ်ကို အစိုးမရခြင်းတို့ကြောင့်သာ ဖြစ်ကြကုန်၏၊ စိတ်ကို မနိုင်၊ စိတ်ကို အစိုးမရလျှင် အစိုးရသူ ဣဿရိယဘုန်းရှိသူ-ဟု မဆိုထိုက်သေးဘဲ၊ စိတ်ကို နိုင်သူ၊ စိတ်ကို အစိုးရသူကိုသာလျှင် ဣဿရိယဘုန်းရှိသူ၊ ဘုရင်ရာဇာ-ဟု ဆိုထိုက်၏၊ ထို့ကြောင့် "ဆ ဒွါရာဓိပတိ ရာဇာ"ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

*(ဓမ္မပဒ အဋ္ဌကထာ၊ ဒု၊ ၁၅၀။)*

ဘုရားရှင်၏ စကားတော်သည် ဟုတ်မှန်လှပါပေ၏၊ အာရုံ ၆-ပါးတို့နှင့် တွေ့ဆုံခြင်းတို့ကြောင့် ဒွါရ ၆-ပါးတို့၌ ဖြစ်ပေါ်လာသောစိတ်တို့ကို အစိုးမရ မနိုင်နင်းခဲ့လျှင် ပြင်ပအာရုံတို့ စေခိုင်းရာနောက်သို့ လိုက်ပါလျက် ဆောင်ရွက် လုပ်ကိုင်နေရသဖြင့် ၄-ကျွန်းလုံးကို အစိုးရသူ စကြဝတေးမင်း, မန္ဓာတ်မင်းပင် ဖြစ်စေကာမူ ချမ်းသာစွာ မနေနိုင်သည့် အတွက်ကြောင့် အစိုးရသူ ဣဿရိယ ဘုန်းရှိသူ-ဟူ၍ မဆိုနိုင်တော့ပေ။

> ဆဒွါရာဓိပ္ပတိရာဇာတိ ယော ဆန္နံ ဒွါရာနံ အဓိပတိ၊ ဧကဒွါရေပိ ရူပါဒီဟိ အနဘိဘူတော၊ အယံ ရာဇာနာမ။ *(ဓမ္မပဒ၊ ဒု၊ ၁၅၀။)*

ဆဒွါရာဓိပ္ပတိရာဇာတိ၊ ဆဒွါရာဓိပ္ပတိရာဇာဟူသည်ကား။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဆန္နံ ဒွါရာနံ၊ ဒွါရ ၆-ပါး, တံခါး ၆-ပေါက်တို့ကို။ အဓိပတိ၊ လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်သော အကြီးအမှူး ဖြစ်၏။ ဧကဒွါရေပိ၊ တစ်ခုသော ဒွါရပေါက်၌သော်လည်း။ ရူပါဒီဟိ၊ ရူပါရုံ အစရှိကုန်သော

http://www.dhammadownload.com



အာရုံ ၆-ပါးတို့သည်။ အနဘိဘူတော၊ ဝင်ထွက်သောအားဖြင့် မလွှမ်းမိုး၊ မနှိပ်စက်နိုင်ကြကုန်။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ရာဇာ နာမ၊ ဒွါရ ၆-ပါးကို အစိုးရသောမင်း မည်၏။

ဘုရားရှင်ကိုယ်တော်မြတ်မှာမူကား စိတ်တော်ကို နိုင်နင်းစွာ အုပ်ချုပ်စိုးပိုင်တော်မူသည့်အတွက် ဘယ်အာရုံ၊ ဘယ်အချက်ကြောင့်မျှ စိတ်ပျက်တော် မမူပဲ ပကတိချမ်းသာစွာ နေတော်မူနိုင်၏၊ အရှင်ဒေဝဒတ်တို့ကဲ့သို့ အသေသတ်ဖို့ရန် ကြံစည်အားထုတ် ပြုလုပ်ကြသူတို့နှင့် တွေ့ကြုံတော်မူသော်လည်း ကိုယ်တော်မြတ်၏ ပကတိစိတ်ထားတော် မပျက်ပဲ အမျက်ဒေါသ မထွက်၊ သည်းခံလျက်သာ နေတော်မူနိုင်၏။

တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်မြို့သို့ ဆင်းသက်တော်မူရာတွင် ကောင်းကင်ပြည့်မျှ နတ်, ဗြဟ္မာတို့ကလည်း ပူဇော်၊ ၃၆-ယူဇနာ အဝန်းရှိသော မြေပြင်နှင့်အမျှ လူတို့ကလည်း ပူဇော်၊ ဤသို့သော ပူဇော်ခြင်းမျိုးတို့ဖြင့် အကြိမ်ပေါင်းများစွာ လူ, နတ်, ဗြဟ္မာတို့က ပူဇော်ခဲ့ကြသော်လည်း နှစ်သက်ဝမ်းသာ သာယာသောစိတ် ဖြစ်ပြီးလျှင် ရွှင်ရွှင်လန်းလန်း ဖောက်ဖောက်ပြန်ပြန် ရှိတော်မမူခဲ့၊ ဝေရဉ္စာမြို့၌ ဝါကပ်တော်မူစဉ်က ဆွမ်းခံ၍မရသောကြောင့် မုယောဆန်ဖြင့် မျှတရသော်လည်း စိတ်ညစ်သည်, စိတ်ပျက်သည်-ဟူ၍ မရှိ၊ ပကတိကြည်လင်သော စိတ်ဖြင့် ချမ်းသာစွာ နေတော်မူနိုင်၏၊ ဤသို့ စသောအားဖြင့် လောကဓံ ၈-ပုံ၊ တွေ့သမျှအာရုံတို့ကြောင့် တုန်လှုပ်ချောက်ချားခြင်းမှ ကင်းလျက် ကျောက်တောင်ကြီးပမာ တည်ငြိမ်စွာဖြင့် သည်းခံတော်မူနိုင်ပါပေ၏။

* * * * *

http://www.dhammadownload.com



## ကဿဏရိယဘုန်းတော်ကြောင့် ယမကပါဋိဟာရိယတန်ခိုးတော်ကို ပြသနိုင်သည်

ဈာနသမာပတ်, ဖလသမာပတ်တို့ကို ဝင်စားတော်မူရာအခါတို့၌ တရားအစု ဓမ္မက္ခန္ဓာတစ်ခုတို့၏ အကြားအကြား၌ ဈာန်စိတ်, ဖိုလ်စိတ်များ ဖြစ်သွားအောင် စိတ်ကို နိုင်နင်းတော်မူ၏၊ ရေ, မီး အစုံအစုံ တန်ခိုးအဟုန် ယမကတို့ကို ပြတော်မူသည့် အခါမျိုးတို့၌လည်း အရှင်မဟာမောဂ္ဂလ္လာန်နှင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သော်မှလည်း စိတ်အကြိမ် မြန်မြန်ဖြစ်အောင် မတတ်နိုင်ကြ၍ ရေနှင့်မီးတို့ အစုံပေါ်အောင် မပြနိုင်ကြကုန်၊ သဗ္ဗညုဘုရားရှင်တို့သည်သာလျှင် စိတ်တော်ကို နိုင်နင်းတော်မူသည့်အတွက် စိတ်တော်ကို အစိုးရတော်မူသည့် ကဿဏရိယဘုန်းတော်ကြောင့် ရေနှင့်မီး အစုံအစုံ တစ်ပြိုင်နက်ဖြစ်ပေါ်လာအောင် ပြသနိုင်ခြင်း ဖြစ်ပေသည်။ မှန်၏၊ ရေနှင့်မီး အစုံအစုံ ပြိုင်၍ထွက်သော ယမကပါဋိဟာရိယကို ပြတော်မူသောအခါ၌ ခန္ဓာကိုယ်အထက်ပိုင်းမှ မီး၊ အောက်ပိုင်းမှ ရေ၊ ခန္ဓာကိုယ်၏ အရှေ့ခြမ်းမှ မီး၊ နောက်ကျောမှ ရေ၊ ညာဘက်မျက်လုံးတော်မှ မီး၊ ဘယ်ဘက်မျက်လုံးတော်မှ ရေ စသည်ဖြင့် မီး, ရေ အစုံအစုံ တစ်ပြိုင်နက် ထွက်အောင် ပြုလုပ်ရာဝယ် ခန္ဓာကိုယ် အထက်ပိုင်းမှ မီးထွက်စေရန် ရှေးဦးစွာ တေဇောကသိုဏ်းကို အာရုံပြု၍ ပါဒကဖြစ်သော စတုတ္ထဈာန်ကို ဝင်စားရ၏၊ စတုတ္ထဈာန်ကို ဝင်စားပြီးနောက်၊ ၎င်းဈာန်မှထ၍ ခန္ဓာကိုယ်၏ အထက်ပိုင်းမှ မီးတောက်, မီးလျှံထွက်စေ-ဟု ဆင်ခြင်၍ အဓိဋ္ဌာန်ခြင်း ပရိကမ်ကို ပြုရ၏။ ဤသို့ ကဿဏရိယအဘိညာဉ်စိတ်ဖြင့် "ခန္ဓာကိုယ်အထက်ပိုင်းမှ မီးတောက်မီးလျှံများ ထစေသတည်း"ဟု အဓိဋ္ဌာန်အပ်သော် အဓိဋ္ဌာန်သည်နှင့် တစ်ပြိုင်နက် ချက်ချင်း မီးတောက်မီးလျှံများ ထလာ၏။

ခန္ဓာကိုယ်အောက်ပိုင်းမှ ရေအလျဉ်များ စီးကျအောင် ပြုလုပ်ရာ၌လည်း ထိုနည်းတူပင် အာပေါကသိုဏ်းကို အာရုံပြု၍ ပါဒကဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၏၊ ထိုဈာန်မှ ထပြီးနောက် "ခန္ဓာကိုယ်အောက်ပိုင်းမှ ရေအလျဉ်များ ယိုစီးထွက်စေသတည်း"ဟု ဆင်ခြင်လျက် အဓိဋ္ဌာန်ခြင်း ပရိကမ်ကို ပြုလုပ်ရ၏၊ ဤသို့ ကဿဏရိယအဘိညာဉ်စိတ်ဖြင့် အဓိဋ္ဌာန်အပ်သော် ချက်ချင်းပင် ရေအလျဉ်များသည် ခန္ဓာကိုယ်အောက်ပိုင်းမှ ယိုစီးထွက်ကျလာလေ၏။

http://www.dhammadownload.com



ခန္ဓာကိုယ်ရှေ့ပိုင်းမှ မီး၊ နောက်ကျောမှ ရေ၊ ညာဘက်မျက်လုံးမှ မီး၊ ဘယ်ဘက်မျက်လုံးမှ ရေ၊ စသည်, စသည်ဖြင့် မီးနှင့်ရေ တစ်ပြိုင်နက် ထွက်အောင် ပြုလုပ်ရာတို့၌လည်း ဤနည်းအတိုင်းပင် တေဇောကသိုဏ်း၊ အာပေါကသိုဏ်းတို့ကို အာရုံပြုလျက် အသီးသီးသော စျာန်သမာပတ်တို့ကို ဝင်စား၍ ပရိကမ်ပြုခြင်း၊ အဓိဋ္ဌာန်ပြုခြင်းတို့ကို ပြုလုပ်ရ၏။

ဤသို့ မီးနှင့်ရေကို ထွက်ပေါ်လာအောင် တစ်ခုစီ တစ်ခုစီ ခွဲခြားလျက် တစ်ပါးပြီးမှတစ်ပါး ဝင်စား ပြုလုပ်ရငြားသော်လည်း ဘုရားရှင်မှာမူကား စိတ်တော်ကို နိုင်နင်းတော်မူသည့် အတွက်ကြောင့် (စိတ်ကို အစိုးရသည့် ဣဿရိယဘုန်း ရှိတော်မူသည့်အတွက်ကြောင့်) အာဝဇ္ဇနဝီထိနှင့် အဓိဋ္ဌာနဝီထိတို့၏ အကြား, အကြားမှာ ဘဝင်စိတ် ၂-ကြိမ်စီသာခြားလျက် စျာန်အဘိညာဉ်စိတ်တို့ကို ဖြစ်စေတော်မူနိုင်သဖြင့် မီးနှင့်ရေတို့ တစ်ပြိုင်နက် ထွက်ပေါ်နေသကဲ့သို့ ဖြစ်ကြလေကုန်၏။

မြတ်စွာဘုရားမှတပါး ကျန်သော ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကတို့သည်ကား စိတ်တော်ကို မနိုင်နင်းကြသည့်အတွက်ကြောင့် အာဝဇ္ဇနဝီထိနှင့် အဓိဋ္ဌာနဝီထိတို့၏ အကြား, အကြား၌ ဘဝင်စိတ်တွေ များပြားခြားနားနေရကား မီးနှင့်ရေတို့ကို တစ်ပြိုင်နက်ထွက်အောင် မတတ်နိုင်ကြချေ၊ (ယမကပါဋိဟာရိယ တန်ခိုးပြာဋိဟာကို ပြတော်မမူနိုင်ကြချေ။) ထို့ကြောင့် ယမကပါဋိဟာရိယ တန်ခိုးပြာဋိဟာသည် ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် မဆက်ဆံ၊ သဗ္ဗညုဘုရားရှင်တို့နှင့်သာ ဆက်ဆံသည့် တန်ခိုးတော်ဖြစ်ပါပေသည်။

*[ ခန္ဓာကိုယ်တော်မှ မီး,ရေ အစုံစုံဖြစ်စေရာ၌ (၁) အဓိဋ္ဌာန်အခြေခံ ပါဒကဈာပစတုတ္ထစျာန်ကို ဝင်စားရသည်၊ (၂) ထိုစျာန်မှထ၍ ဖြစ်လိုရာကို အဓိဋ္ဌာန်ခြင်း=ပရိကမ်ကို ပြုရ၏၊ (အဓိဋ္ဌာနဝီထိ ဖြစ်လာ၏၊) (၃) ထို့နောက် အဘိညာဉ်အခြေခံ ပါဒကဈာပစတုတ္ထစျာန်ကို ဝင်စားရပြန်၏၊ (၄) ယင်းနောက်မှ ဣဒ္ဓိဝိဓအဘိညာဉ်ဇောစိတ် ဖြစ်ပေါ်လာပြီး ထိုဣဒ္ဓိဝိဓအဘိညာဉ်ဇောစိတ်ဖြင့် ဖြစ်လိုရာရာ မီး, ရေများ တခြားစီပင်ဖြစ်သော်လည်း လျင်မြန်လွန်းသဖြင့် အစုံစုံ တစ်ပြိုင်နက်ကဲ့သို့ ထွက်ပေါ်ယိုစီးလာကြသည်၊ ဤ၌ ပရိကမ်ဟူသည် အပ္ပနာကို ပြုပြင်တတ်သော ဥပစာရသမာဓိဇော ၄-ပါးတွင် ပါဝင်သည့် ပရိကမ်လည်း မဟုတ်၊ ဣဒ္ဓိဝိဓအဘိညာဉ် ရလိုသူ၏ ဆွမ်းခံရွာမှ ဖဲသွားခြင်း, စိတ်ငြိမ်ရာသို့ ကပ်ရောက်ခြင်း စသည့် ကြိုတင်ပြုလုပ်ရခြင်း ပရိကမ်လည်း မဟုတ်ပါ၊ စင်စစ်မှာ "ခန္ဓာကိုယ်တော် အထက်ပိုင်းမှ မီးတောက်မီးလျှံများ ထစေသတည်း။"ဟု အဓိဋ္ဌာန်ခြင်းကို "ပရိကမ်"ဟု ဆိုလိုသည်။ အချို့အဋ္ဌကထာ၌ အဘိညာဉ်၏ အခြေခံ ပါဒကစျာန်မဝင်စားဘဲနှင့် အဘိညာဉ်ဇောစိတ် ဖြစ်ပေါ်လာနိုင်၏ဟု ဆိုထားခြင်းသည် အပ္ပကမျှသာ ဖြစ်ပါသည်။ ]*

http://www.dhammadownload.com



**အင်္ဂိကာ္ဒွေ ပဝတ္တတီတိ တေဇောကသိဏာရမ္မဏံ ပါဒကဇ္ဈာနံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ "ဥပရိမကာယတော အဂ္ဂိဇာလာ ဝုဋ္ဌာတူ"တိ အာဝဇ္ဇိတွာ ပရိကမ္မံ ကတွာ အနန္တရံ အဘိညာဉာဏေန "ဥပရိမကာယတော အဂ္ဂိဇာလာ ဝုဋ္ဌာတူ"တိ အဓိဋ္ဌိတေ သဟ အဓိဋ္ဌာနာ ဥပရိမကာယတော အဂ္ဂိဇာလာ ဝုဋ္ဌာတိ။ပ။ အဓိဋ္ဌာနဿ အာဝဇ္ဇနဿ စ အန္တရေ ဒွေ ဘဝင်္ဂစိတ္တာနိ ဝတ္တန္တိ။ တသ္မာယေဝ ယုဂလာ ဟုတွာ အဂ္ဂိက္ခန္ဓဥဒကဓာရာ ပဝတ္တန္တိ။ အန္တရံ န ပညာယတိ။ အညေသံ ပန ဘဝင်္ဂပရိဝါသေဒါ နတ္ထိ။**

*(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ဒု၊ ၁၁၈)*

**အနက်ကား။** ။ အဂ္ဂိက္ခန္ဓော ပဝတ္တတီတိ၊ အဂ္ဂိက္ခန္ဓော ပဝတ္တတိ-ဟူသည်ကား။ တေဇောကသိဏာရမ္မဏံ၊ တေဇောကသိုဏ်းလျှင် အာရုံရှိသော။ ပါဒကဇ္ဈာနံ၊ ပါဒကစျာန်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ ဝုဋ္ဌာယ၊ ပါဒကစျာန်မှထ၍။ ဥပရိမကာယတော၊ အထက်ဖြစ်သောကိုယ်တော်မှ။ ဝါ၊ ကိုယ်တော်အထက်ပိုင်းမှ။ အဂ္ဂိဇာလာ၊ မီးတောက်မီးလျှံသည်။ ဝုဋ္ဌာတု၊ ထစေသတည်း။ ဣတိ၊ ဤသို့။ အာဝဇ္ဇိတွာ၊ ဆင်ခြင်တော်မူ၍။ ပရိကမ္မံ၊ အဓိဋ္ဌာန်ခြင်း ပရိကမ်ကို။ ကတွာ၊ ပြု၍။ အနန္တရံ၊ အခြားမဲ့၌။ အဘိညာဉာဏေန၊ ဣဒ္ဓိဝိဓ အဘိညာဉ်ဉာဏ်ဖြင့်။ ဥပရိမကာယတော၊ ကိုယ်တော်အထက်ပိုင်းမှ။ အဂ္ဂိဇာလာ၊ မီးတောက်မီးလျှံသည်။ ဝုဋ္ဌာတု၊ ထစေသတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌိတေ၊ ပြီးစေခြင်းကြောင့်။ ဝါ၊ ပြီးစေအပ်သည်ရှိသော်။ အဓိဋ္ဌာနာ၊ ပြီးစေသော အဘိညာဉ်စိတ်နှင့်။ သဟ၊ တစ်ပြိုင်နက်။ ဥပရိမကာယတော၊ ကိုယ်တော်၏ အထက်ပိုင်းမှ။ အဂ္ဂိဇာလာ၊ မီးတောက်မီးလျှံသည်။ ဝုဋ္ဌာတိ၊ ထ၏။ပ။ တသ္မာယေဝ၊ ထို့ကြောင့်သာလျှင်။ ယုဂလာ၊ အစုံတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ အဂ္ဂိက္ခန္ဓဥဒကဓာရာ၊ မီးအစု, ရေအလျဉ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ အန္တရံ၊ မီး, ရေတို့၏ အကြားသည်။ န ပညာယတိ၊ မထင်။ ပန၊ ဗျတိရိက်ကို ဆိုဦးအံ့။ အညေသံ၊ ဘုရားမှတပါးကုန်သော ပုဂ္ဂိုလ်တို့အား။ ဘဝင်္ဂပရိဝါသေဒါ၊ ဘဝင်အရေအတွက် အပိုင်းအခြားသည်။ နတ္ထိ၊ မရှိ။

* * * * *

http://www.dhammadownload.com



ဓမ္မဘုန်းဆိုသည်မှာ ဗုဒ္ဓမြတ်စွာတို့၏ ဥစ္စာဖြစ်သော ဘဏ္ဍာတော် ရတနာတို့ပေတည်း။ လောက၌ ရွှေ, ငွေ, စိန်, ကျောက် အရောင်တောက်သည့် ပတ္တမြား, နီလာ, ပုလဲ စသည့် ရတနာတို့ကို အမြတ်တနိုး တန်ဖိုးထားကြသည့် အတွက်ကြောင့် ထိုထိုရတနာတို့နှင့် ပြည့်စုံသူ၊ ကြွယ်ဝချမ်းသာသူတို့ကို ဘုန်းကံ ရှိသူ (ဘဂဝါ)ဟု ခေါ်စမှတ် ပြုကြကုန်၏။

သို့သော်လည်း ထိုလောကီဥစ္စာရတနာတို့ဖြင့် ချမ်းသာကြွယ်ဝသူတို့သည် ပစ္စည်းဥစ္စာ, ရတနာတို့ကြောင့် မသေရာသို့လည်း မရောက်၊ မနာရာသို့လည်း မရောက်၊ မအိုအောင်လည်း မတတ်နိုင်၊ ပစ္စည်းဥစ္စာ လက်ကိုင်ဖြင့် မနိုင်သည့် သေမင်းကို စစ်ခင်း၍ မပြိုင်ဝံ့ကြသဖြင့် အိုကြ၊ နာကြ၊ သေကြရပြီး အဖန်ဖန် အထပ်ထပ် ဘဝသစ်သို့ ကပ်ရောက်လျက် ဇာတိတဖန် နေရပြန်ပါသော်လည်း အို, နာ, သေ၊ ဆင်းရဲဒုက္ခတွေမှ မလွတ်မြောက်နိုင်ကြသည့်အတွက်ကြောင့် ဘုန်းရှိရကျိုးမနပ်၍ ဘုန်းရှိသူတို့ မမြတ်နိုးနိုင်၊ သေမင်းဆိုသည့် သဘောကသာ ပိုင်ဆိုင်၍ အနိုင်ကျင့်နေသည်ကို ခံကြရလေသောကြောင့် ဘုန်းကြီးသူ (ဘဂဝါ) တို့မှာ ရှက်ဖွယ်ရာချည်းသာ ဖြစ်ကြရလေတော့၏။

ဓမ္မဆိုသည့် မြတ်ဘုရား၏ ဘုန်းကတော့ မဂ်လေးဝ, ဖိုလ်လေးတန်၊ နိဗ္ဗာန် ဓမ္မ တရားတွေမို့ မသေရ , မသေနိုင်, သေမင်းမပိုင်သည့် တရားတွေသာ ဖြစ်ပါ တော့သည်၊ ထို့ကြောင့် ဘဂဝါ=လောကုတ္တရာဓမ္မ ကိုးဝသော ဥစ္စာတို့နှင့် ပြည့်စုံ တော်မူခြင်း ဓမ္မဘုန်းရှိတော်မူသော မြတ်စွာဘုရား-ဟု ကိုးစားပူဇော်ထိုက်၏။

* * * * *

## လူကျော်, နတ်ကျော်, ဗြဟ္မာကျော်တို့မှာ ကျော်သလောက် မညော်သောကြောင့် ယသဘုန်းတော် မရှိကြကုန်

လောက၌ အခြံအရံ အကျော်အစော အလွန်အမင်း ပေါ်များလှ၏- ဟု ပြောချင်တိုင်း ပြောကြသော်လည်း ဟုတ်မှန်တိုင်း ကျော်စောခဲ၏၊ အပြောက သာကြီးသည်၊ အပြောကြီးတိုင်း သဘောမပါ။ တစ်နိုင်ငံမျှကို အစိုးရတာနှင့် ဧကရာဇ်ဟု ခေါ်ကြသည်လည်း ရှိ၏၊ အသပြာဓနု ခေတ်အလိုက် ပေါ်ကြလျှင်

http://www.dhammadownload.com



သူဌေးဟု ထင်သူက ထင်၊ ပညာဉာဏ်ဗဟုသုတတွင်လည်း တစ်ခုကလေးမျှ ရှိရုံနှင့် ပဂေးကဝိ မသိတာဆိုလို့ ဘာမှ မရှိသလောက် အမြောက်ကြီးမြောက်ကြ ရ၏။

တစ်ခုကောင်းအလှ၊ နှစ်ခုကောင်းအလှဖြင့် မစုံမလင်လှသည်ဟု ထင်ကြလျှင်လည်း အလှဘုရင်, လှထိပ်တင်ဟု ပြောသူက ပြော၊ အကျင့် သဘောတွင် တစ်ခုသော သီလစင်ကြယ်လျှင်လည်း အကျင့်မြင့်ရဟန္တာဟု ဆိုသူက ဆို၊ သမာဓိမရှိတာကိုတော့ သူတို့ မမြင်၊ သူတော်စင်, သူတော်မြတ် သမာပတ်ပိုင်ရှင် အရိယာသခင်ဟု ထင်သူက ထင်၊ ဘယ်လိုပင် မှတ်ထင်ကြ သော်လည်း ကျော်ကြားသလောက် သဘောက မမှန်၊ လူ့ထံ, နတ်ရပ် ဘယ်လို ပင် မြတ်သည်ဟု နှံ့စပ်အောင် ကျော်သော်လည်း လူကျော်, နတ်ကျော်, ဗြဟ္မာ ကျော်တို့မှာ ကျော်သလောက် မညော်သဖြင့် ယသဘုန်းတော်မရှိ၊ မြတ်မုနိ မာရဇိန်၏ ဂုဏ်ရှိန် အကျော်အစောတို့သည်ကား ဟုတ်သလောက်လည်း ကျော်စော၊ ကျော်စောသည်ထက်မကလည်း ဟုတ်မှန်လှ၍ နတ်နှင့်လူ အနန္တ တို့က ချီးမွမ်း၍ မဝ၊ 'အစိန္တိယ အစိန္တိယ'ဟု ကြံစည်၍ မရနိုင်လောက်အောင် ကျော်စောသော ယသဘုန်းလည်း ရှိတော်မူ၏။

အခြံအရံ ဆိုပြန်ပါကလည်း စကြဝဠာခေတ်ပေါင်း တိုက် ၁-သောင်းနှင့် အာဏာတော်ပြန့်နှံ့ရာ တစ်သိန်းသော စကြဝဠာတို့မှ နတ်, ဗြဟ္မာ မှန်သမျှ တို့သည် ဗုဒ္ဓ၏ အခြံအရံ, အဆုံးအမ တပည့်များသာ ဖြစ်ကြသောကြောင့် မရေမတွက်နိုင်အောင် ပေါများလှပါပေ၏။

* * * * *

http://www.dhammadownload.com



## ၃၂-ပါးသော လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံတော်မူခြင်း

အလှတော် သီရိဘုန်းမှာလည်း ပြောလို့မကုန်၊ ရှုလို့မဝ ၃၁-ဘုံ ရှိသမျှ အလှတွေ စုပုံ၍ပြသော်လည်း မလှ, တလှ၊ ပုံမကျ, ပန်းမကျ၊ သုံးဆယ်နှင့် နှစ်ဌာန အလှကြီးနှင့်လည်း မမျှ၊ အလှတော်ငယ်-၈၀ တို့နှင့်လည်း မစုံလင်ကြ ပေ၊ ဘုရားရှင်၏ ရူပကာယတော်သည်ကား အလှဂုဏ်တွေ စုပုံ၍နေသဖြင့် အလှဆိုသမျှ ဘာမှမကျန်၊ လှတာတွေမှန်သမျှကို ကျမ်းဂန်အရ သိကြရအောင် ထုတ်ဆောင်၍ ပြရသော်–

၁။ သုပ္ပတိဋ္ဌိတပါဒေါ၊ တညီတည်း မြေသို့ချလျှင် တပြန့်တည်းကျသော ခြေဖဝါးအပြင်လည်း ရှိတော်မူ၏။

၂။ စက္ကပ္ပူရိတပါဒေါ၊ တစ်ထောင်သော အကန့်အကွက် စက်လက္ခဏာ တို့နှင့် ပြည့်စုံသော ခြေဖဝါးလည်း ရှိတော်မူ၏။

၃။ အာယတပဏှိကော၊ ဖဝါးတော် လေးပုံတစ်ပုံမျှ ရှည်သွယ်၍ တင့်တယ် လှပသော ဖနောင့်တော်လည်း ရှိတော်မူ၏။

၄။ ဒီဃင်္ဂုလီ၊ ရှည်သွယ်ပျော့ပျောင်းသော ခြေချောင်း, လက်ချောင်းလည်း ရှိတော်မူ၏။

၅။ မုဒုတလုနဟတ္ထပါဒေါ၊ နူးညံ့သိမ်မွေ့သော လက်ဖဝါး, ခြေဖဝါးအပြင် လည်း ရှိတော်မူ၏။

၆။ ဇာလဟတ္ထပါဒေါ၊ ရွှေပွတ်လုံး ဖယောင်းတိုင်ကို ယှဉ်ပြိုင်ကာ စီထား ဘိသကဲ့သို့ အဆစ်ချင်း, အဖျားချင်း တစ်ညီထဲစီလျက်ရှိသော လက် ချောင်းတော်, ခြေချောင်းတော်လည်း ရှိတော်မူ၏။

၇။ ဥဿင်္ခပါဒေါ၊ ခြေဖမိုး၏ အထက်သို့ စွင့်၍ မြင့်သော ဖမျက်လည်း ရှိတော်မူ၏။

၈။ ဧဏိဇင်္ဃော၊ ဧဏီမည်သော သားကောင်၏သလုံး၊ စပါးဖုံးကဲ့သို့ လုံးလျောင်းချောပြေသော သလုံးမြင်းခေါင်းတော်လည်း ရှိတော်မူ၏။

http://www.dhammadownload.com



၉။ ဒီဃဟတ္ထော၊ ကိုယ်တော်ကို မကိုင်းညွတ်ပဲ ပုဆစ်ဒူးဝန်းကို သုံးသပ်နိုင်သော ရှည်သွယ်သော လက်ရုံးလက်မောင်းလည်း ရှိတော်မူ၏။

၁၀။ ကောသောဟိတဝတ္ထဂုယှော၊ အရေအိမ်အတွင်း၌ ထည့်သွင်းဖုံးလွှမ်းအပ်သော ပုရိသနိမိတ်လည်း ရှိတော်မူ၏။

၁၁။ သုဝဏ္ဏဝဏ္ဏော၊ ရွှေစင်ဇမ္ဗူရာဇ် လျှော်ဦးသစ်ကဲ့သို့ ပြေပြစ်ထိန်ဝါသော အရေအဆင်းလည်း ရှိတော်မူ၏။

၁၂။ သုခုမစ္ဆဝိ၊ သိမ်မွေ့နူးညံ့သော အသားအရေလည်း ရှိတော်မူ၏။

၁၃။ ဧကေကလောမော၊ တစ်ခုတစ်ခုသော မွေးတွင်း၌ တစ်ပင်တစ်ပင်စီသာ ပေါက်သော မွေးညင်းလည်း ရှိတော်မူ၏။

၁၄။ ဥဒ္ဒဂ္ဂလောမော၊ အထက်သို့ ကော့လျက်မျှော်သော အမွေးတော်လည်း ရှိတော်မူ၏။

၁၅။ ဗြဟ္မုဇုဂတ္တော၊ ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်တင့်တယ် ရှည်သွယ်သော ကိုယ်လည်း ရှိတော်မူ၏။

၁၆။ သတ္တုဿဒေါ၊ ခြေဖမိုးအစုံ, လက်ဖမိုးအစုံ, ပခုံးစွန်းအစုံနှင့် လည်ဂုတ်တော်ဟု ဆိုအပ်သော ၇-ဌာနတို့၌ ပြည့်ဖြိုးမောက်ကြွ လှပသော အသားအရေတော်လည်း ရှိတော်မူ၏။

၁၇။ သီဟပုဗ္ဗဒ္ဓကာယော၊ ခြင်္သေ့မင်း၏ ရှေ့ကိုယ်ထက်ဝက်ကဲ့သို့ ပြည့်ဖြိုးကြံ့ခိုင်သော ကိုယ်လည်း ရှိတော်မူ၏။

၁၈။ စိတန္တရံသော၊ ကျောရိုးကြောင်း မထင်၊ တပြင်တည်း ဖြိုးမောက်သော လက်ပြင်၊ ကျောသား, ကျောရေလည်း ရှိတော်မူ၏။

၁၉။ နိဂြောဓပရိမဏ္ဍလော၊ ပညောင်ပင်၏ အဟန်ကဲ့သို့ အလံနှင့်အရပ်မျှသဖြင့် လုံးရပ်သဏ္ဍာန် နှစ်တန်လိုက်ဖက်၊ နှစ်သက်ဖွယ်ရာ၊ ကိုယ်ခန္ဓာလည်း ရှိတော်မူ၏။

၂၀။ သမဝဋ္ဋက္ခန္ဓော၊ ရွှေမရိုးစည်ကဲ့သို့ ညီညွတ်လုံးစည်းသော လည်ပင်းလည်တိုင်လည်း ရှိတော်မူ၏။

http://www.dhammadownload.com



၂၁။ ရသဂ္ဂသဂ္ဂိ၊ လည်ပင်း၌ ဆုံစည်းကုန်လျက် ရသဓာတ်အဆီတို့ကို တစ်ကိုယ်လုံးနှံ့အောင် ဆောင်တတ်သည့် တစ်ထောင်သော အရသာကြောတို့လည်း ရှိတော်မူ၏။

၂၂။ သီဟဟနု၊ ခြင်္သေ့မင်း၏ အောက်မေးနှင့်တူသော ဝန်းဝိုင်းသော မေးလည်း ရှိတော်မူ၏။

၂၃။ စတ္တာလီသဒန္တော၊ လေးဆယ်အပြည့်ရှိသော သွားတော်လည်း ရှိတော်မူ၏။

၂၄။ သမဒန္တော၊ လွှဖြင့် တိဖြတ်သကဲ့သို့ ညီညွတ်သော သွားတော်လည်း ရှိတော်မူ၏။

၂၅။ အဝိရဠဒန္တော၊ မကျဲမခေါ်မူ၍ အလွန်စေ့စပ်သော သွားအစဉ်လည်း ရှိတော်မူ၏။

၂၆။ သုသုက္ကဒါဌော၊ သောက်ရှူးကြယ်ပမာ အလွန်ဖြူစင်လှစွာသော စွယ်တော် ၄-ဆူလည်း ရှိတော်မူ၏။

၂၇။ ပဟုတဇိဝှော၊ နဖူးတော်အပြင်ကို ဖုံးလွှမ်းနိုင်သော ပြန့်သောလျှာတော်လည်း ရှိတော်မူ၏။

၂၈။ ဗြဟ္မဿရော၊ ဗြဟ္မာမင်း၏ အသံကဲ့သို့ ၈-တန်သော အင်္ဂါနှင့် ပြည့်စုံသော အလွန်သာယာသော အသံလည်း ရှိတော်မူ၏။

၂၉။ အဘိနီလနေတ္တော၊ ပိတုန်းကောင်ကဲ့သို့ အလွန်ညိုမှောင် မည်းနက်သော မျက်နက်ဝန်းလည်း ရှိတော်မူ၏။

၃၀။ ဂေါပခုမော၊ ဖွားသစ်စနွားငယ်၏ မျက်ကွင်းပမာ ပွင့်လင်းကြည်သာသော မျက်ဝန်းလည်း ရှိတော်မူ၏။

၃၁။ ဥဏ္ဏာဇာတော၊ မျက်ခုံး ၂-ဖက်တို့၏ အလယ်၊ သောက်ရှူးကြယ် အသွင်၊ ငွေနန်းချည်မျှင်ကဲ့သို့ ဖြူစင်ဝင်းသစ်၊ လက်ယာရစ်ရုံ၊ စိန်ကြယ်ပွင့်ပုံကဲ့သို့၊ ဥဏ္ဏာလုံ မွေးရှင်တော်လည်း ရှိတော်မူ၏။

၃၂။ ဥဏှီသသီသော၊ ချွေပြားကို ပတ်သကဲ့သို့ နဖူးသင်းကျစ်ဖြင့် ခြယ်စီအပ်သော ဦးခေါင်းတော်လည်း ရှိတော်မူ၏။

http://www.dhammadownload.com



ဧဝံ၊ ဤသို့။ တတ္တိံသလက္ခဏူပေတံ၊ သုံးဆယ့်နှစ်ဖြာသော မဟာပုရိသ လက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံတော်မူသော။ ဘဂဝန္တံ၊ သိရီဘုန်းတော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏၊ အရှင်ဘုရား။ မာနေမိ၊ နှစ်သက်မြတ်နိုးပါ၏ အရှင်ဘုရား။ ပူဇေမိ၊ လက်ဆယ် ချောင်းတို့ဖြင့် စုပေါင်း၍သာ ပူဇော်ပါ၏ အရှင်ဘုရား။ သရဏံ၊ အပါယ်လေးဖြာ၊ အို, နာ, သေရေး၊ သံသရာဝဋ်ဒုက္ခ ဘေးကြီးတို့မှ ကင်းဝေးရာ ကင်းဝေးကြောင်း ကောင်းမြတ်သော အားထားရာအစစ် အားကိုးရာအစစ် ဖြစ်တော်မူသော ဘုရားမြတ်ဟူ၍။ ဂစ္ဆာမိ၊ အသက်ထက်ဆုံး၊ စွဲသုံးဆည်းကပ်ပါ၏ အရှင်ဘုရား-ဟူ၍ ဘုန်းတော် ၆-ပါးတွင် အကျုံးဝင်သော သိရီဘုန်းတော်ရှင် ဘုရားသခင် ကိုယ်တော်မြတ်ကို ဆည်းကပ်ပူဇော်ပြီးလျှင် လက္ခဏာတော်ကြီး ၃၂-ပါးတို့ကို လည်း မှတ်သားထားအပ်၏။

ဤလက္ခဏာတော်ကြီး ၃၂-ပါးတို့တွင် ၁-ပါးဖြစ်စေ၊ ၂-ပါးဖြစ်စေ တစ်မျိုးမျိုးသောလက္ခဏာနှင့် ပြည့်စုံသူများသည် ကောင်းကျိုးချမ်းသာ တစ်ခုခု ကို မုချရရှိခံစားရမည် အမှန်သာတည်း။

* * * * *

## လက္ခဏာတော်ငယ်-၈၀၊ အလှငယ်တို့နှင့်လည်း ပြည့်စုံတော်မူသည်

သိရီဘုန်းတော်အရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်–

၁။ စိတင်္ဂုလိ၊ လက်ချောင်းတော်၊ ခြေချောင်းတော်တို့၏ အကြား၌ အခြား မရှိ၊ အသားချင်းထိလျက် စေ့စပ်သော ခြေ, လက်တော် ရှိတော်မူ၏။

၂။ အနုပုဗ္ဗင်္ဂုလိ၊ အစဉ်အတိုင်း သွယ်ရှူး၍ တဖြူးတည်း တဖြောင့်တည်း သော ခြေချောင်းတော်၊ လက်ချောင်းတော် ရှိတော်မူ၏။

၃။ ဝဋ္ဋင်္ဂုလိ၊ ပွတ်လုံးဖယောင်းတိုင်ပမာ လုံးလျောင်းချောမွေ့စွာသော ခြေချောင်းတော်, လက်ချောင်းတော် ရှိတော်မူ၏။

http://www.dhammadownload.com



၄။ တမ္ဗနခါ၊ ပတ္တမြားနီ အသွေးဆုံး ဟင်္သပြဒါးဖြင့် ရေးသကဲ့သို့ နီထွေးသော လက်သည်း, ခြေသည်းလည်း ရှိတော်မူ၏။

၅။ တုင်္ဂနခါ၊ ရှည်သွယ်မြင့်မောက်သော လက်သည်း, ခြေသည်းလည်း ရှိတော်မူ၏။

၆။ သိနိဒ္ဓနခါ၊ ကြမ်းတမ်း ဖုထစ် မနွမ်းညစ်ပဲ ပြေပြစ်ချောမွေ့သော လက်သည်း, ခြေသည်းလည်း ရှိတော်မူ၏။

၇။ နိဂူဠ္ဂေါပ္ဖကော၊ ငေါငေါစူစူ မူမူမထင်၊ သန့်စင်ပြေပြစ်သော ဖမျက်တော်လည်း ရှိတော်မူ၏။

၈။ သမပါဒေါ၊ တို,ရှည်,နိမ့်,မြင့်မရှိ၊ ပကတိညီမျှသော ခြေတော်လည်း ရှိတော်မူ၏။

၉။ ဂဇသမာနကမော၊ ဆဒ္ဒန်ဆင်မင်း အလားကဲ့သို့ သွားပုံကလည်း ယဉ်ကျေးတော်မူ၏။

၁၀။ သီဟသမာနကမော၊ ကေသရာဇာ ခြင်္သေ့မင်းအလားကဲ့သို့ ကြွသွားပုံလည်း ခံ့ညားတော်မူ၏။

၁၁။ ဟံသသမာနကမော၊ ရွှေဟင်္သာ ကွန့်မြူးသကဲ့သို့ အထူးတင့်တယ်သော သွားဟန်လည်း ရှိတော်မူ၏။

၁၂။ ဥသဘသမာနကမော၊ ဥသဘနွားလား၏ သွားခြင်းပမာ ထည်ဝါသော သွားခြင်းလည်း ရှိတော်မူ၏။

၁၃။ ဒက္ခိဏာဝဋ္ဋကမော၊ လက်ယာခြေတော်ကို အစချီသဖြင့် လက်ယာရစ်လည်သော သွားခြင်းလည်း ရှိတော်မူ၏။

၁၄။ သမန္တတောရုဇာဏုမဏ္ဍလော၊ ဆစ်ဖုမထင်၊ ထက်ဝန်းကျင်လုံးသော ပုဆစ်လည်း ရှိတော်မူ၏။

၁၅။ ပရိပုဏ္ဏပုရိသဗျဉ္ဇနော၊ ပြည့်စုံသော ယောက်ျားမြတ် နိမိတ်လည်း ရှိတော်မူ၏။

http://www.dhammadownload.com



၁၆။ အဆိဒ္ဓနာဘိ၊ အရေးအကြောင်းမပြတ်သော ချက်တော်လည်း ရှိတော်မူ၏။

၁၇။ ဂမ္ဘီရနာဘိ၊ နက်သောချက်တော်လည်း ရှိတော်မူ၏။

၁၈။ ဒက္ခိဏာဝဋ္ဋနာဘိ၊ လက်ျာရစ်ဖွဲ့လှည့်၍ ရှုကြည့်ဖွယ်ရာ တင့်တယ်စွာသော ချက်လည်း ရှိတော်မူ၏။

၁၉။ ဂ္ဂဘကရ သဒိသ ဦရုဘုဇော၊ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းချောမွေ့သော လက်ရုံးတော်နှင့် ပေါင်တော်လည်း ရှိတော်မူ၏။

၂၀။ သုဝိဘတ္တဂတ္တော၊ ထက်,အောက်နံလျား တိုင်း၍ ထားသကဲ့သို့ တသားတည်း ညီညွတ်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၁။ အနုပုဗ္ဗစာရုဂတ္တော၊ အစဉ်အတိုင်း တင့်တယ်စွာတက်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၂။ ပရိမဋ္ဌဂတ္တော၊ ထက်ဝန်းကျင်မှ ပြေပြစ်ချောမွေ့သော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၃။ ဩဏတုဏ္ဏတသဗ္ဗဂတ္တော၊ ရှိုင်းသင့်ရာ၌ ရှိုင်း၊ ဖြိုးသင့်ရာ၌ ဖြိုး၍ အမျိုးမျိုးတင့်တယ်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၄။ အလီနဂတ္တော၊ အရေရှုံ့ခြင်း၊ တွန့်ခြင်းကင်းသော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၅။ တိလကာဒိရဟိတဂတ္တော၊ ဝက်ခြံ၊ မှဲ့ကြေး၊ တင်းတိပ်, ပွေးစသည်တို့မှ ကင်းဝေးသန့်စင်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၆။ အနုပုဗ္ဗရုစိတဂတ္တော၊ အစဉ်အတိုင်း နှစ်သက်မြတ်နိုးဖွယ်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၇။ ဝိသုဒ္ဓဂတ္တော၊ မန္ဒမ်းမညစ်၊ လှော်ဦးသစ်သော ရွှေစင်ပမာ စင်ကြယ်စွာသော ကိုယ်တော်လည်း ရှိတော်မူ၏။

၂၈။ သုခုမာလဂတ္တော၊ နူးညံ့ပျော့ပျောင်းသော ကိုယ်တော်လည်း ရှိတော်မူ၏။

http://www.dhammadownload.com



၂၉။ သောမ္မဂတ္တော၊ လမင်းကို မြင်သောအခါ စိတ်ချမ်းသာသကဲ့သို့ လွန်မင်းစွာ အေးကြည်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၃၀။ ဥဇ္ဇလိတဂတ္တော၊ ပြိုးပြိုးပြက်ပြက်၊ အရောင်ထွက်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၃၁။ ဝိမလဂတ္တော၊ ကိုယ်ချွေးစေးတို့မှ ကင်း၍ သန့်ရှင်းစင်ကြယ်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၃၂။ ကောမလဂတ္တော၊ ဝါးမျှစ်စို့ပမာ နုပျိုစိုရွှန်းသော ကိုယ်တော်လည်း ရှိတော်မူ၏။

၃၃။ သိနိဒ္ဓဂတ္တော၊ ပြေပြစ်သော ကိုယ်လည်း ရှိတော်မူ၏။

၃၄။ သုဂန္ဓဂတ္တော၊ ကောင်းသောအနံ့ရှိသော ကိုယ်တော်လည်း ရှိတော်မူ၏။

၃၅။ ကောဋိသဟဿဗလဓာရဏော၊ လူဗိုလ်ခြေ ကုဋေတစ်ထောင်အားကို ဆောင်နိုင်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၃၆။ သုဝဏ္ဏတုင်္ဂနာသော၊ ရွှေချွန်းသဖွယ် လွန်တင့်တယ်လျက် ချွန်းသွယ်သော နှာခေါင်းလည်း ရှိတော်မူ၏။

၃၇။ ရတ္တဒွိဇမံသော၊ ပတ္တမြားနီပမာ နီမြန်းစွာသော သွားဖုံးတော်လည်း ရှိတော်မူ၏။

၃၈။ သုဒ္ဓဒန္တော၊ သောက်ရှူးကြယ်အတူ၊ လွန်စွာဖြူသော သွားတော်လည်း ရှိတော်မူ၏။

၃၉။ သိနိဒ္ဓဒန္တော၊ ပုလဲလုံးကို သီကုံး၍ ထားဘိသကဲ့သို့ သိမ်မွေ့လှပသော သွားတော်လည်း ရှိတော်မူ၏။

၄၀။ ဝိသုဒ္ဓိန္ဒြိယော၊ စင်ကြယ်သန့်ရှင်းသော ဣန္ဒြေအဆင်းလည်း ရှိတော်မူ၏။

၄၁။ ဝဋ္ဋဒါဌော၊ ပုလဲချောင်းတို့ကဲ့သို့ ကောင်းစွာလုံးဝန်းသော စွယ်တော် ၄-ဆူလည်း ရှိတော်မူ၏။

http://www.dhammadownload.com



၄၂။ တိက္ခဝ္ဝဒါဋ္ဌော၊ အဖျားချွန်သော စွယ်တော်လည်း ရှိတော်မူ၏။

၄၃။ ရတ္တောဋ္ဌော၊ ပတ္တမြားနီ၊ လယ်ခေါင်ရန်းနှင့် နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်လည်း ရှိတော်မူ၏။

၄၄။ အာယတဝဒနော၊ ကျယ်ပြန့်သော ခံတွင်းတော်လည်း ရှိတော်မူ၏။

၄၅။ သုဝဏ္ဏမုခေါ၊ သရက္ခန်စန္ဒကူး၊ ရန့်ကြူသကဲ့သို့ အထူးလှိုင်သင်းသော ခံတွင်းတော် အနံ့လည်း ရှိတော်မူ၏။

၄၆။ ဂမ္ဘီရပါဏိလေခေါ၊ ထင်ရှားသော လက်ဖဝါးတော် အရေးအသားလည်း ရှိတော်မူ၏။

၄၇။ ဥဇုလေခေါ၊ မကွေ့မထောက် ဖြောင့်သော လက္ခဏာအရေးလည်း ရှိတော်မူ၏။

၄၈။ အာယတလေခေါ၊ ရှည်လျားသောလက္ခဏာ အရေးအသားလည်း ရှိတော်မူ၏။

၄၉။ သုရုစိရသဏ္ဌာနလေခေါ၊ နှစ်သက်တင့်တယ်၊ ရှုချင်ဖွယ်သဏ္ဌာန်ရှိသော အရေးအသားလည်း ရှိတော်မူ၏။

၅၀။ ပရိမဏ္ဍလကာယဇုတိကော၊ ကိုယ်တော်ကို ဝန်းဝိုင်း၍၊ တံတိုင်းအဟန်၊ အရောင်တော် အလံတို့ဖြင့် တင့်တယ်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၅၁။ ပရိပုဏ္ဏကပေါလော၊ ပြည့်တင်းဖြိုးအိသော ပါးပြင်လည်း ရှိတော်မူ၏။

၅၂။ ရုစိရအာယတဝိလာသနေတ္တော၊ ထက်ဝန်းကျင် ပြိုးပြက်လျက်၊ တလက်လက် ထိန်ကြည်သော၊ စိန်ဝဇီအလား၊ ရှည်လျားကျယ်ပြန့် ကြီးခန့်သော မျက်လုံးတော်လည်း ရှိတော်မူ၏။

၅၃။ ပဉ္စပသာဒနေတ္တော၊ ညို၊ ရွှေ၊ နီ၊ ဖြူ အနက်-ဟူသား၊ ဤ ၅-ပါးသော အဆင်းတို့ဖြင့် တဝင်းဝင်းထွက်သော မျက်လုံးတော်လည်း ရှိတော်မူ၏။

၅၄။ ကုဉ္စိတဂ္ဂဘမုကော၊ အထက်သို့ မော့၍ ကော့ရရော့တက်သော မျက်တောင်တော်၊ မျက်ခုံးတော်လည်း ရှိတော်မူ၏။

http://www.dhammadownload.com



၅၅။ မုဒုတလုနရတ္တဇိဝှော၊ နူးညံ့သိမ်မွေ့ နီမြန်းသော လျှာတော်လည်း ရှိတော်မူ၏။

၅၆။ အာယာတစာရုကဏ္ဏော၊ ပခုံးတော် အထက်မှာဝဲ၍ တွဲရရွဲ ရှည်ပြန့်လျက် ရောင်ရှင်ထွက်သော နားရွက်တော်လည်း ရှိတော်မူ၏။

၅၇။ နိဂ္ဂဏ္ဌိသိရော၊ ဖုထစ်မရှိ၊ နောက်စေ့မထွက်၊ ချောလုံးလျက်ရှိသော ဦးခေါင်းတော်လည်း ရှိတော်မူ၏။

၅၈။ နိဂူဠသိရော၊ ရွဲစောင်း,နိမ့်,မြင့်မထင်၊ တပြင်တည်းသော ဦးခေါင်းတော်လည်း ရှိတော်မူ၏။

၅၉။ ဆတ္တသန္နိဘစာရုသီသော၊ ထီးဝန်းအသွင်၊ ထက်ဝန်းကျင်တိတိ၊ ရောင်လျှံရှိသော ဦးခေါင်းတော်လည်း ရှိတော်မူ၏။

၆၀။ သုဂန္ဓမုဒ္ဓေါ၊ အမျိုးမျိုးသော ဂန္ဓာရုံတို့ဖြင့် လှိုင်ထုံမွှေးပျံ့သော ဦးထိပ်တော်လည်း ရှိတော်မူ၏။

၆၁။ အာယတပုထုလနလာဋော၊ အံ့ဖွယ်အထူး၊ လွန်ပြန့်ပြူးသော နဖူးတော်အပြင်လည်း ရှိတော်မူ၏။

၆၂။ သုသဏ္ဌာနဘမုကော၊ သုံးရက်လပ်ဟာန်၊ စို့သက်တန့်ကဲ့သို့ သဏ္ဌာန်တင့်တယ်သော မျက်ခုံး, မျက်မှောင်တော်လည်း ရှိတော်မူ၏။

၆၃။ အနုလောမဘမုကော၊ အဖျားသွယ်ဖြူး၍၊ အထူးတင့်တယ်သော မျက်ခုံး, မျက်မှောင်တော်လည်း ရှိတော်မူ၏။

၆၄။ အာယတမဟန္တဘမုကော၊ ခုံခုံညားညား၊ ရှည်လျားကျယ်ပြန့်သော မျက်မှောင်တော်လည်း ရှိတော်မူ၏။

၆၅။ သဏှလောမဘမုကော၊ နူးညံ့သောအမွေးတို့ဖြင့် ဖြောင့်မတ်ညီညီ စီလျက်ပေါက်သော မျက်မှောင်တော်လည်း ရှိတော်မူ၏။

၆၆။ သမလောမော၊ မွေးတွင်းချင်း စီ၍ တညီတည်းပေါက်သော မွေးညင်းတော်လည်း ရှိတော်မူ၏။

၆၇။ ကောမလလောမော၊ နူးညံ့စိုရှိန်း၊ ညိုစိမ်းသော မွေးညင်းတော်လည်း ရှိတော်မူ၏။

http://www.dhammadownload.com



၆၈။ ဒက္ခိဏာဝဋ္ဋလောမော၊ လက်ယာရစ်ဆိုင်၍ ညာဘက်သို့ အဖျားယိုင်သော မွေးညင်းတော်လည်း ရှိတော်မူ၏။

၆၉။ ဘိန္နဉ္စနလောမော၊ မျက်စဉ်းညိုအသွင် စိမ်းလွင်ညိုမှောင်သော မွေးညင်းတော်လည်း ရှိတော်မူ၏။

၇၀။ သိနိဒ္ဓလောမော၊ ကောက်ကွေ့ လိမ်တွန့်ခြင်း မရှိသော မွေးညင်းတော်လည်း ရှိတော်မူ၏။

၇၁။ သုနီလကေသော၊ ပိတုန်းတောင်ကဲ့သို့ ညိုမှောင်လက်လက်၊ အရောင်ထွက်သော ဆံတော်လည်း ရှိတော်မူ၏၊

၇၂။ ဒက္ခိဏာဝဋ္ဋကေသော၊ လက်ယာရစ်လှည့်စိုက်၍ ဦးထိပ်၌ ဇွဲစုသော ဆံတော်လည်း ရှိတော်မူ၏။

၇၃။ သုသဏ္ဌာနကေသော၊ ဆံလုံးချင်းညီ၍၊ စီရရီပေါက်သဖြင့်၊ အံ့လောက်အောင် သဏ္ဌာန်ကောင်းသော၊ ဆံချောင်းတော်တို့လည်း ရှိတော်မူ၏။

၇၄။ သိနိဒ္ဓကေသော၊ ကောက်ကွေ့ လိမ်တွန့်ခြင်းကင်းသဖြင့်၊ သန့်ရှင်းပြေပြစ်သော ဆံတော်လည်း ရှိတော်မူ၏။

၇၅။ သဏှကေသော၊ နူးညံ့သိမ်မွေ့သော ဆံတော်လည်း ရှိတော်မူ၏။

၇၆။ အလုလိတကေသော၊ မရှုပ်ထွေးသော ဆံတော်လည်း ရှိတော်မူ၏။

၇၇။ ကောမလကေသော၊ စိုပြေသော ဆံတော်လည်း ရှိတော်မူ၏။

၇၈။ သုခုမအဿာသပဿာသော၊ ရှူရှိုက်မထင် အလွန်ပင် သိမ်မွေ့သော ဝင်လေ, ထွက်လေလည်း ရှိတော်မူ၏။

၇၉။ သမသုဂန္ဓကေသော၊ အညီအမျှ လွန်မွှေးလှသော ဆံတော်လည်း ရှိတော်မူ၏။

၈၀။ ကေတုမာလရတနဝိစိတ္တော၊ ဦးခေါင်းတော် အထက်၌ ပြုံးပြက်ရောင်ပြွမ်း အဆန်းတကြယ်၊ ၆-သွယ်ရောင်စုံ၊ မကိုဋ်ပုံကဲ့သို့၊ ယှက်ဆုံပေါင်းစုသော ကေတုမာလာရောင်လျှံလည်း ရှိတော်မူ၏။

http://www.dhammadownload.com



ဣတိ၊ ဤသို့။ အသီတာနုဗျဉ္ဇနမဏ္ဍိတံ၊ လက္ခဏာတော်ငယ် ၈၀-တို့ဖြင့် တန်ဆာဆင်အပ်သော။ ဆဗ္ဗဏ္ဏရံသိပဇ္ဇလန္တံ၊ တစ်လံမျှလောက်သော ဗျာမပ္ပဘာ၊ အရောင်တော် ဝင်းလျှပ်၊ အတွင်းထပ်တစ်ဖြာ၊ အတောင်ရှစ်ဆယ် တစ်ထပ် လာ၍ ၆-ဖြာသော ရောင်ခြည်တော်တို့ဖြင့် ထွန်းတောက်ပလျက်ရှိသော။ ဘဂဝန္တံ၊ မြင်လျှင် တင့်တယ်၊ လွန်သပ္ပါယ်သည့် သိရီဘုန်းရှိတော်မူသော။ ဗုဒ္ဓံ၊ သစ္စာလေးပါး၊ မြတ်တရားကို၊ ပိုင်းခြားထင်ထင်၊ ကိုယ်တော်တိုင် သိမြင်တော်မူ သည့်အပြင် သူတစ်ပါးတို့ကိုလည်း ဟောကြားညွှန်ပြ ဆုံးမတော်မူနိုင်သော မြတ်စွာဘုရားသခင်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ နဖူးလက်တင် ဆင်ခြင်စဉ်းစား၊ ဂုဏ်တော်တို့ကို ပွါးလျက် ရှိခိုးဝပ်တွားပါ၏ အရှင်ဘုရား။ မာနေမိ၊ ဘုရားဧကန်၊ အမှန်မုချ၊ တွေ့ကြုံရပေပြီဟု မြတ်နိုးခြင်းကို ပြုပါ၏ အရှင်ဘုရား။ ပူဇေမိ၊ လက်ဆယ်ချောင်းတို့ကို ဦးခေါင်းထက်စုထားလျက် ပူဇော်သောအားဖြင့် ကန်တော့ပါ၏ အရှင်ဘုရား။ သရဏံ။ ပ ။ ဟူ၍။ ဂစ္ဆာမိ၊ အရှင်ဘုရား။

ဤသို့ အားရပါးရကြီး ပီတိသောမနဿဖြစ်အောင် ရွတ်ဆို၍ ပူဇော် ကန်တော့ပြီးလျှင် ဗုဒ္ဓါ'နုဿတိဂုဏ်တော်ကို ထင်အောင်ပွါးများကြရာ၏။

* * * * *

## ကေတုမာလာ ရောင်ခြည်တော်

ဤလက္ခဏာတော်ငယ် ၈၀-တို့တွင် နောက်ဆုံး လက္ခဏာတော်ဖြစ် သည့် ကေတုမာလာရောင်လျှံတော်ဟူသည်– အနောမာသောင်ဆွယ်တွင် ဆံတော်ကို ပယ်စဉ်အခါက အရှည်လက် ၂-သစ်ခန့် ကြွင်းကျန်ရစ်သော ဆံတော်တို့သည် အထက်သို့ လက်ယာရစ်လည်ပြီးလျှင် ဦးခေါင်းတော်ဗဟို တည့်တည့်၌ စုံ့စုံ့ချွန်ကာ စုဝေး၍ တည်နေကြကုန်၏၊ (ဆံတော်စေတီကဲ့သို့ ဖြစ်နေသည်၊) ထိုဆံတော်အစုမှထွက်သော နီလရောင်ခြည်တော်တို့သည်

http://www.dhammadownload.com



ထိုဆံတော်စေတီကို ဝန်းရံစုဝေးပြီးလျှင် နီလာစေတီ၊ မြစေတီကဲ့သို့ တည်ကြကုန်၏၊ ထိုရောင်ခြည်တော်ကို ကေတုမာလာရောင်လျှံတော်ဟု ဆိုခြင်းဖြစ်၏၊ ရောင်ခြည်တော် မကိုင်မှုပန်း-ဟူ၍ အဓိပ္ပါယ်ဆိုလိုပါသည်။

**ဝိမလကေတုမာလာတိ ဧတ္ထ** ကေတုမာလာ နာမ သီသတော နိက္ခမိတွာ ဥပရိ မုဒ္ဓနိ ပုဉ္ဇော ဟုတွာ ဒိဿမာနရသ္မိရာသိတိ ဝဒန္တိ။ "မုဒ္ဓနိ မဇ္ဈေ ပညာယမာနော ဥဏှာတပ္ပဒေသောတိပိ ဝဒန္တီတိ" တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ။ *(သာရတ္ထဋီကာ၊ ပ၊ ၁၂၅။)*

**ဝိမလကေတုမာလာတိ ဧတ္ထ၊** ဝိမလကေတုမာလာ-ဟူသော ဤ အဋ္ဌကထာပါဌ်၌။ ကေတုမာလာ နာမ၊ ကေတုမာလာရောင်လျှံတော်မည်သည်ကား။ သီသတော၊ ဦးထိပ်တော်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဥပရိမုဒ္ဓနိ၊ ဦးထိပ်တော်၏ အထက်၌။ ပုဉ္ဇော၊ အစုအပုံသည်။ ဟုတွာ၊ ဖြစ်၍။ ဒိဿမာနရသ္မိရာသိ၊ ဖူးမြင်ရသော ရောင်ခြည်တော်အစုပင်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုတော်မူကြကုန်၏။ မုဒ္ဓနိ မဇ္ဈေ၊ ဦးထိပ်တော်၏ အလယ်ဗဟို၌။ ပညာယမာနော၊ ဖူးမြင်ရသော။ ဥဏှာတပ္ပဒေသော၊ မြင့်မောက်သောအရပ်တည်း။ ဣတိပိ၊ ဤသို့လည်း။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဣတိ၊ ဤသို့။ တီသုပိ ဂဏ္ဌိပဒေသု၊ ဂဏ္ဌိသုံးစောင်တို့၌လည်း။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

*( ဤကား သိရိဘုန်းတော်နှင့်စပ်သော စကားရပ်အကျဉ်းစုပေတည်း၊ အကျယ်ကိုသိလို ကြည်ညိုလိုကြလျှင် ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ၊ အဋ္ဌကထာနှင့် ဗုဒ္ဓသာသနာ၁၀င် လူ,ရှင်,ရဟန်းတို့၏ ကျေးဇူးရှင်ကြီးအစစ် ယောဂီပုဂ္ဂိုလ်ဟူသမျှတို့၏ ရှေ့ဆောင်တရားပြကြီးလည်း ဖြစ်တော်မူသော ဓမ္မကထိက ဆရာပြုလုပ်သူ ရဟန်း,ရှင်,လူတို့အား ဟောနည်း, ပြောနည်းနှင့်တကွ၊ သဘောကြီးဖို့ ခရီးညွှန်ကြီးလည်းဖြစ်တော်မူသော သာသနာ-၅၀၀၀ ရှည်ကြာအောင်ပင် ဂုဏ်တော်ရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းလင်းလျက် မပျက်သော ဂုဏ်ရှိတော်မူကြပေလတ္တံ့သော သာသနာအား အပျက်တွင်၊ ကျားဆက်၍ ထောက်ပံ့ရန် လူပြည်သို့ ပြန်လာတော်မူခဲ့သော မန်လည်ဆရာတော်ဘုရားကြီးနှင့် လယ်တီဆရာတော်ဘုရားကြီးတို့ ၂-ပါး ရေးသားတော်မူခဲ့ကြသော* ***အစိန္တေယျဂုဏ်တော် အချီးကျမ်းစာနှင့် သာသနသမ္ပတ္တိဒီပနီကျမ်းစာတို့ကို*** *ကြည့်ရှုတော်မူကြပါကုန်လော့။)*

* * * * *

http://www.dhammadownload.com



## ၁၀၈-ကွက် စက်လက္ခဏာတော် လင်္ကာ

မဟာပုရိသလက္ခဏာ ၃၂-ပါးတို့တွင် ဒုတိယမြောက်ဖြစ်သည့် စက္ကပူ-ရိတပါဒလက္ခဏာတော်သည် ဖဝါးတော် ၂-ဘက်တို့၏ အလယ်၌ တည်ရှိသည်၊ ထိုစက်လက္ခဏာတော်ကို ခြံရံလျက် လှံမ, အိမ်မွှန်အစရှိသော ၁၀၈-ပါးသော အင်္ဂါလက္ခဏာများသည်လည်း လက်ျာရစ်လှည့်လည်၍ ထင်ရှားစွာ တည်နေကြောင်းကို အဋ္ဌကထာကြီးများနှင့်တကွ အနာဂတဝင်အဋ္ဌကထာ, ဇိနာလင်္ကာရဋီကာစသည့် ကျမ်းဂန်အသီးသီးတို့၌ မိန့်ဆိုတော်မူကြလေကုန်၏။

ထို ၁၀၈-ပါးသော အင်္ဂါလက္ခဏာတို့ကို အင်းဝခေတ်၊ ဘုရင်သတိုးမင်းခေါင်၏ လက်ထက်တွင် သာသနာတော်ဘက်၌ အမှုထမ်းစစ်သူကြီးပမာ **အရှင်မဟာရဋ္ဌသာရ** ဆရာတော်သည် ရဟန်း, ရှင်, လူတို့ လွယ်ကူစွာ ဆောင်ယူမှတ်သားနိုင်စေရန်အတွက် **စက်လက္ခဏာလင်္ကာကြီးကို** စပ်ဆိုရေးသားတော်မူခဲ့လေသည်၊ ထိုစက်လက္ခဏာလင်္ကာကြီးကိုလည်း သိရီဘုန်းတော်နှင့် ပြည်စုံတော်မူသည့် ဘုရားမြတ်၏ ဂုဏ်သကတ်တို့ကို ထင်ရှားပေါ်လွင်စေရန်အကျိုးငှါ ထည့်သွင်း ဖော်ပြဦးအံ့။

"အတိုင်း မသိ၊ ကျေးဇူးရှိသည့်၊ မုနိ သကျ၊ ဂေါတမ၏၊ ပါဒ မြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ် ကျစ်လစ်၊ တရာ့ရှစ်ကို၊ စိစစ် ကောင်းတွေ့၊ လှည့်လည် ရေအုံ့၊ ချီထွေ့ အစ၊ လှံမ အိမ်မွှန်၊ မကျန် ပွင့်ချပ်၊ ဇလပ် ပျံ့မွှေး၊ လည်ရေး သုံးဆင့်၊ လှတင့် ရွှန်းရွှန်း၊ ဦးဆောက်ပန်းက၊ စသည် မကွဲ၊ ထမင်းပွဲ တည်ဟန်၊ ရွှေသလွန် ချွန်းတောင်း၊ ရောင်မောင်း ပြာသာဒ်၊ အထွတ် မြင့်ခိုင်၊ တံခါးတိုင်နှင့်၊ အပြိုင် ထီးဖြူ အတူသန်လျက်၊ ထန်းရွက် ယပ်ကောင်း၊ ဥဒေါင်း မြီးချီ၊ စာမရီ တဆစ်၊ သင်းကျစ် တစ်ခြား၊ ပတ္တမြား ရောင်ဖိတ်၊ သပိတ် ပန်းဆိုင်း၊ တုနှိုင်း မရ၊ ပွင့်လှထွားထွား၊ ငါးပါး ကြာမျိုး၊ ရေအိုး ဖလား၊ ထူးခြား သမုဒ္ဒရာ၊ စကြဝဠာ သဏ္ဌာန်၊ ဟိမဝန် မြင့်မိုရ်၊ ထိုထို နေ,လ၊ နက္ခတ်စသား၊ ဒီပလေးခု၊ ဇမ္ဗူဒီပါ၊ ပြုဗ္ဗာ ဥတ္တရ၊ အပရ ဂေါယီ၊ တလီအုံဖွယ်၊ ကျွန်းငယ် နှစ်ထောင်၊ ဘုန်းခေါင်

http://www.dhammadownload.com



လျှံဝင်း၊ စကြာမင်းနှင့်၊ ခရုသင်းဖြူဆွတ်၊ ငါးကြင်းပွတ်စကြာ၊ သီဒါ ခုနစ်တန်၊ သတ္တရတ္တန်မြောင်၊ တောင်စဉ် ခုနစ်ထပ်၊ ကြပ်ကြပ်မြင့်ခိုင်၊ ခုနစ်အိုင် တသုန်၊ ဂင္ဂုန် တကြောင်း၊ မိကျောင်း ရေသား၊ ကုက္ကား တံခွန်၊ မင်းတန်သန်လျှင်း၊ မကြွင်း တစ်ဖြာ၊ ကေလာ ပဗ္ဗတ၊ သီဟ, ကျား, မြင်း၊ ဆင်မင်းမြတ်စွာ၊ ဥပေါသထာယဉ်မွန်၊ ဆဒ္ဒန်တူပြီ၊ ဗာသုကီဝမ်းဘဲ၊ မကွဲ တူကွ၊ ဥသဘ မကျန်၊ ရောဝဏ် မကာရ်း၊ ထူးဆန်းအံ့ဖွယ်၊ တင့်တယ်လှပေ၊ မုခ်လေးထွေနှင့်၊ ရွှေလှေတစ်စီး၊ ထိုပြီးနောက်ကား၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာ, ကိန္နရီ၊ တူပြီ ကရဝိတ်၊ ဖိတ်ဖိတ် မောင်းမောင်း၊ ဥဒေါင်း, ကြိုးကြာ၊ သံသာစက္ကဝက်၊ ငှက်၏ အမျိုး၊ ဇီဝဇိုး အစုံ၊ ခြောက်ဘုံ နတ်ရွာ၊ ဆကာမာနှင့်၊ ပြဟ္မာနတ်ရပ်၊ ဆယ့်ခြောက် ထပ်က၊ စေ့စပ် မကြွင်း၊ ခပင်းများစွာ၊ ရန်စကာနှင့်၊ စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ ထက်စွန်မိုးဖြား၊ သိကြား, ပြဟ္မာ၊ ရေးထုလာလည်း၊ ဘယ်မှာ တမျှ၊ အတူရချိမ့်၊ အသမသမာ၊ သုံးလူချာ၏၊ ရတနာထွန်းဝင်း၊ ညီရှင်း သန့်သန့်၊ အကန့်တစ်ထောင်၊ ရွှေရောင်ခြယ်ကာ၊ သန္တာအကွပ်၊ ထိန်လျှပ်မြကောင်း၊ ပုံတောင်း ပြိုးပြက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ ကောင်းကျိုးလျှင်ဆော ပြည့်စေသောဝ်။

* * * * *

## မြတ်စွာဘုရား၏ အရပ်တော် အဆုံးအဖြတ်

ဤသို့ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ၈၀-သော လက္ခဏာတော်ငယ်၊ ရောင်ခြည်တော် ၆-သွယ်တို့က ဗျာမပ္ပဘာ၊ အသီတိ-ဟတ္ထကာ၊ နှစ်ဖြာ နှစ်ကွက်၊ ခြေတော်ပြင် ဖဝါးစက်တို့ကလည်း အကွက်ပေါင်း-၁၀၈၊ အရပ်တော် တွက်စစ်လျှင်-၁၈။

ယခုခေတ်ရှိ ပကတိလူတို့၏အတောင်၊ မဇ္ဈိမပုရိသလက်သမား အတောင်အလို-၁၂၊ ကိုယ်တော်၏အတောင်နှင့် တွက်စစ်လျှင် ၄-တောင်

http://www.dhammadownload.com



ပမာဏ၊ နိဂြောဓပရိမဏ္ဍလ ပညောင်ပင်၏ အဝန်းကြီးမျှသကဲ့သို့ လုပတင့်တယ် ရှုဖွယ်မငြီး တိတ္ထိတို့နှင့် တိရစ္ဆာန်တို့ပင် ကိုယ်တော်မြတ်ကို မြင်ခဲ့လျှင် မကြည့်ချင် မရှိ၊ အဆင်းတော်နှင့် အရောင်တော်တို့ တွေ့ထိလျှင် တကြည့်ထဲ ကြည့်၍ နေကြရတော့ကြောင်းကို အဋ္ဌကထာကျမ်းပေါင်းများစွာတို့၌ မိန့်မှာတော်မူခဲ့ကြ တော့လေသတည်း။

သို့ဖြစ်ပါလျက် ၁၈-တောင်အရပ်ကို ဖျက်၍ ယခုလက်ထက်အခါ လက်တွေ့ဆရာတို့က ယခုလက်ရှိလူတို့နှင့် နှိုင်းစာ၍ ၆-တောင်သာ ရှိကြောင်းနှင့် ယုတ္တိပေါင်းများစွာတို့ကို မထောက်သာ, မပြသာ၊ သူတို့စိတ်မှာ ငယ်ချင်ရှာတိုင်း၊ ယသော်နှင့် နှိုင်းလိုနှိုင်း၊ မဟလ္လတာတန်းဆာနှင့် တိုင်းသူတို့က တိုင်းကြ သော်လည်း ရှေးအတိုင်း ဝါဒ ၁၈-တောင် ပမာဏကို မုချဟု မှတ်ကြရန် ယုတ္တိ ကို ရှာကြံ၍ အမှန်ကို ပြုလိုက်ပါဦးမည်။

ရှေးခေတ်ကာလ ဗုဒ္ဓ၏ လက်ထက်တော် သမယထက် ယခုအခါ နှစ်ပေါင်း ၂၄၈၀-ကျော်ကွာခဲ့၍ အစာအာဟာရတို့ ဆုတ်ယုတ်ကြလျက် အဓမ္မရာဂ၊ ဝိသမလောဘတို့နှင့် ဒေါသ, မာနတို့ နှောင့်ယှက်လျက် ရှိကြသည့် အတွက်ကြောင့် စည်းစိမ်ချမ်းသာ, ဥစ္စာ, ရွှေ, ငွေ လူနေ လူထိုင် ယိမ်းယိုင် ပျက်ပြား၍ အသိဉာဏ်ပညာ၊ အားခွန်ဗလတို့နည်းပါးကြ၊ အလုံးအရပ်ပမာဏ တို့လည်း ရှေးကလောက် မကြီးနိုင်ကြသည်ကို အများမျက်မြင်ပင် ဖြစ်ကြလေ သည်။

ထို့ကြောင့် ရှေးခေတ်သမယ ဘုရားရှင်တို့၏ လက်ထက်တော်အခါက လူများနှင့် ယခုကာလလူများကို ထပ်တူပြု၍ မယူဆသင့်ပေ၊ ရှေးခေတ်အခါက လူကြီးများမှာ မြတ်စွာဘုရားသာ ကြီးသည်မဟုတ်၊ ယသော်ဓရာ, ရာဟုလာနှင့် မလ္လိကာမိဖုရား၊ နန္ဒမင်းစသည့် အခြားသော လူသားများလည်း မြတ်ဘုရား၏ အရပ်တော်နီးပါး ရှိကြသည်, ကြီးကြသည်ဟူ၍ မှတ်ယူသင့်၏။

ဘုရားရှင်၏ ဖအေတူ မအေကွဲဖြစ်သော ညီတော်နန္ဒမင်းသားသည် ရုပ်ရေရူပကာယ ချောမောလှပသူ ဖြစ်သည့်အပြင် အရပ်အမောင်းအားဖြင့် လည်း မြတ်စွာဘုရားအောက် လက် ၄-သစ်မျှသာ နိမ့်၏၊

http://www.dhammadownload.com



နန္ဒမင်းသားသည် သာသနာတော်သို့ ဝင်ရောက်ရဟန်းပြုပြီးနောက် မကြာမီ နေ့တစ်နေ့၌ ဘုရားရှင်၏ သင်္ကန်းတော်နှင့် အလျား, အနံ ပမာဏချင်း တူညီသော သင်္ကန်းကို ဝတ်ရုံလာခဲ့ရာ ရဟန်းတော်များက ဘုရားရှင်နှင့် အထင်လွဲမှားခဲ့ကြသောကြောင့် သိက္ခာပုဒ် ပညတ်ခဲ့ရသည်ကို ထောက်သောအားဖြင့်လည်းကောင်း *(ပါစိတ်ပါဠိတော် နန္ဒသိက္ခာပုဒ်၊ ၂၂၅။)*

ဘုရားရှင်နှင့် အရှင်မဟာကဿပမထေရ်ကြီးတို့ ဒုကုဋ် သင်္ကန်းချင်း လဲလှယ်၍ သုံးဆောင်တော်မူခဲ့ကြသည်ကို ထောက်သောအားဖြင့်လည်းကောင်း *(နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ ကဿပသံယုတ်စီဝရသုတ်၊ ၄၂၀။)*

ရှေးအခါက မြတ်စွာဘုရားသာ အရပ်တော် မြင့်သည်မဟုတ်၊ အခြားသူများလည်း ကြီးထွားကြသည်ဟုပင် မှတ်ယူသင့်၏။

အချို့က "ရှေးနှစ်ပေါင်း ၂၀၀၀-ကျော်, ၃၀၀၀-ခန့်က မြုပ်နှံထားခဲ့သော အီဂျစ်ဘုရင်တို့၏ သင်္ချိုင်းဟောင်းတို့ကို တူးဖော်ကြည့်ရှုကြရာ အရပ် ၆-တောင်သာရှိသော အလောင်းများကို တွေ့ရကြောင်း၊ သတင်းစာတို့၌ ဖတ်ရှုရသည်ကို ထောက်ပါလျှင် ဘုရားလက်ထက်တော်အခါကလည်း အရပ် ၆-တောင်သာရှိသင့်၏-ဟု ဆိုကြ၏၊

"အီဂျစ်ပြည်မှာ ပစ္စန္တရစ် အရပ်ဖြစ်၍ အီဂျစ်ဘုရင်တို့၏ အလောင်းများ ၆-တောင်ခန့်သာ ရှိကြသည်-ဟု ဆိုခြင်းမှာ ဟုတ်မှန်မည် ဖြစ်သော်လည်း ဘုရားရှင်ပွင့်တော်မူရာ မဇ္ဈိမဒေသအရပ်မှာ ဘုန်းရှင်, ကံရှင်, ပါရမီရှင်တို့၏ ပွင့်ထွန်းပေါ်ပေါက်ရာ အချိန်ကာလ အခါသမယဖြစ်၍ တရားကျင့်သူတို့များသော ခေတ်ကောင်း, အခါကောင်းကြီး ဖြစ်ရကား ရာသီဥတု အစာအာဟာရတို့လည်း ကောင်းမွန်မျှတလျက် အဆီဩဇာတို့ တက်နေသောကြောင့် မဇ္ဈိမဒေသသားတို့မှာ ၁၈-တောင်, ၁၇-တောင်, ၁၆-တောင်တို့သာ ရှိကြသည် ဟုပင် မှတ်ယူရပေမည်၊ သတင်းစာ၌ပါသော စကားကို ထောက်ထား၍ ပြောရလျှင်လည်း (ဟံသာဝတီ) သတင်းစာ၌ အမေရိကန်ပြည်မှာ ရှေးနှစ်ပေါင်း ၂၀၀၀-ကျော်လောက်က အလောင်းတစ်ခုကို တွေ့ရှိသဖြင့် ဓာတုဗေဒပညာရှင်တို့က စစ်ဆေးကြည့်ရာ အာရှတိုက်သား ဗုဒ္ဓဘာသာဝင် တစ်ယောက်၏ အလောင်း

http://www.dhammadownload.com



ဖြစ်ကြောင်းကို စစ်ဆေးတွေ့ရှိရကြောင်း၊ အရပ်မှာ ၁၆-တောင် ရှိကြောင်းတို့ကို ကျွန်ုပ်တို့ (မန်လည်၌ နေစဉ်က) ဖတ်ရှုလိုက်ရပါ၏။

* * * * *

## တကောင်းမြို့ဟောင်းမှ အရှင်တိဿ၏ အလောင်းတော်

ထိုစကား မှန်၏၊ တကောင်းမြို့ဟောင်း၊ ပုတီးဖြူရွာ၏ အရှေ့ ၄-မိုင်ကျော် အကွာမှာ ရဟန္တာအရှင်တိဿ၏ အလောင်းတော်ရှိကြောင်းကို ကမ္ဗည်းကျောက်စာတွေ့ရှိ၍ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ သပြေသာရွာမှ ဝရာဘဆရာတော်ဘုရားကြီးသည် လိုက်လံထောက်လှမ်း ရှာဖွေခဲ့ရာ ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးအုပ်နေသော အရှင်တိဿ၏ အလောင်းတော်ကြီးကို တွေ့ရှိရ၏၊ အနီးဝန်းကျင်မှ ရွာသားများ၏ အကူအညီဖြင့် တောချုံတို့ကို ရှင်းလင်းပြီး ပူဇော်ကန်တော့ပွဲကြီးကို ကျင်းပပူဇော်ကြ၏၊ အလောင်းတော်ကြီး၏ အရပ်တော်ပမာဏမှာ ၁၆-တောင်ခန့် ရှိ၏၊ သို့သော်လည်း ၁၆-တောင်ရှိသော ပိတ်ဖြူဖြင့် အလောင်းတော်ကို လွှမ်းခြုံရာတွင် မျက်နှာတော်ကို မအုပ်မိပဲရှိကြောင်း အံ့သြဖွယ်ရာ ဖူးတွေ့ကြရလေ၏၊ ယခုလည်း အလောင်းတော်ကြီးမှာ ပကတိ အတိုင်း ထင်ရှားရှိနေသေး၏။

ထို့အပြင်လည်း တကောင်းမြို့ဟောင်းမှ စေတီပျက်ကြီး တစ်ဆူတွင် အချို့သော အုတ်ချပ်တို့၌ လူခြေရာများကို တွေ့ရ၏၊ ထိုခြေရာကြီးများသည် ၁-တောင်နှင့် လက် ၂-သစ်စီ ရှိကြ၏။

၁,၂၈၁-ခုနှစ်က ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရားကြီးနှင့် အတူလိုက်ပါ၍ သထုံမြို့၏ အနောက်ဘက်မှ အရှင်သောဏ၊ အရှင်ဥတ္တရတို့၏ ကျောင်းတိုက်ဟောင်းကို သွားရောက်ဖူးမြော်ခဲ့ရာတွင်လည်း အရှင်သောဏနှင့် အရှင်ဥတ္တရ ရဟန္တာမထေရ်မြတ်ကြီးတို့၏ ခြေတော်ရာကြီးကို ဖူးမြင်ခဲ့ရ၏၊ ထိုခြေတော်ရာလည်း ၁-တောင်နှင့် လက် ၂-သစ်ရှိကြောင်းကို ကိုယ်တိုင် တိုင်းထွာပြီး ကြည့်ရှုခဲ့သဖြင့် သိခဲ့ရ၏။

http://www.dhammadownload.com



အထက်၌ ဖော်ပြခဲ့သော တကောင်းပြည်၊ သထုံပြည်တို့လောက် ရှေးမကျသေးပဲ ပုဂံပြည်၊ နရပတိစည်သူမင်းကြီး၏ လက်ထက်၌ တည်ထား ကိုးကွယ်ခဲ့သော ယခု ရွှေဘိုခရိုင်၊ ခင်ဦးမြို့အပိုင်၊ စည်တုတ္တရာမြို့ဟောင်းမှ နရပတိစည်သူမင်းကြီး၏ ကောင်းမှုတော်ဖြစ်သော ရွှေလင်းပင်ရုပ်ပွါးဆင်းတု တော်မြတ်၏ ဂန္ဓကုဋီတိုက်ပျက်ရာတွင် ဌာပနာတိုက်အတွင်းမှ အရင်း, အဖျား, အလယ်, ဖြောင့်ဖြောင့် ထိပ်ဝ ၁-လက်မနီးနီးရှိသော ဖန်နားရွှေင်းကြီး ၁-ရုံ ကို တွေ့ရ၏၊

ကန့်ဘလူမြို့နယ်အတွင်းမှ ရှေးပဥ္စာလ ၅-မြို့ အပါအဝင်ဖြစ်သော ညောင်ပင်မြို့ဟောင်းမှ စေတီဟောင်းကြီး တစ်ဆူပြိုကျရာ၌ ရှေးကလူကြီးများ ဝတ်ဆင်သော ရွှေလက်စွပ်ကြီး ၁-ကွင်းကို တွေ့ရ၏၊ ၎င်းရွှေလက်စွပ်ကြီးသည် ယခုခေတ်လူတို့၏လက်မ ချောင်ချောင်ဆန့်သည်ကို တွေ့ရ၏၊ ထို့ကြောင့် မြန်မာပြည်၌ပင် ရှေးနှစ်ပေါင်း ၁၀၀၀-ကျော်မှ လူများနှင့် ယခုခေတ်လူများ ကွာခြားလျက် ရှိနေကြသည်ကို ထောက်ထားသောအားဖြင့် မြတ်စွာဘုရား လက်ထက်တော်အခါက လူများ အလုံး, အရပ် ကြီးမားထွားကြိုင်းကြသဖြင့် အရပ်တော် အဋ္ဌာရသ ဟတ္ထုဗ္ဗေဓ = ၁၈-တောင်ရှိကြောင်းကို ဆိုသော အဋ္ဌကထာ၏ စကားကို ကိုးကားယုံကြည်ထိုက်၏။

*(အမှာက် ဘဂဝါ အဋ္ဌာရသဟတ္ထော၊ မဟာဝဂ္ဂ၊ မဟာပဒါနသုတ် အဋ္ဌကထာ၊ ၁၇။)*

**"သတ္တာနံ ပါကတိကဟတ္ထေန ဆဟတ္ထော မဇ္ဈိမပုရိသော။ တတော တိဂုဏံ ဘဂဝတော သရီရပ္ပမာဏန္တိ ဘဂဝါ အဋ္ဌာရသဟတ္ထောတိ ဝဒန္တိ"**

*(မဟာပဒါနသုတ်ဋီကာ၊ ၁၆။ )*

မဇ္ဈိမပုရိသော၊ မဇ္ဈိမပုရိသယောကျ်ားသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝါ၊ မျက်မှောက်ကာလ ထင်ရှားရှိနေကြသော လူတို့၏။ ပါကတိကဟတ္ထေန၊ ပကတိအတောင်ဖြင့်။ ဆဟတ္ထော၊ ခြောက်တောင်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရပ္ပမာဏံ၊ ကိုယ်အရပ်တော် ပမာဏ သည်။ တတော၊ ထိုမဇ္ဈိမပုရိသ၏ အရပ်ထက်။ တိဂုဏံ၊ သုံးဆမြင့်သည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဋ္ဌာရသ-

http://www.dhammadownload.com



ဟတ္ထော တိ၊ အရပ်တော်တစ်ဆယ့်ရှစ်တောင်ရှိ၏ ဟူ၍။ ဝဒန္တိ၊ အဋ္ဌကထာဆရာမြတ်တို့ ဆိုတော်မူကြကုန်၏။

အချို့သော ပုဂ္ဂိုလ်တို့ကမူကား အဋ္ဌာရသဟတ္ထော-ဟူသော အဋ္ဌကထာပါဠိ၌ ဟတ္ထသဒ္ဒါသည် အတောင်ကို မဟော၊ မိုက်ကိုသာ ဟောသည်၊ ထို့ကြောင့် မြတ်စွာဘုရား၏ အရပ်တော်သည် ၁၈-မိုက်သာရှိ၏ ဆိုကြကုန်၏၊ ၁၈-မိုက်ဟူသည် ၆-တောင်ပင်ဖြစ်၍ ထိုစကားကို ပယ်အပ်၏၊

အဘယ့်ကြောင့်နည်းဆိုသော် ပါရာဇိကဏ်ပါဠိတော် ပဒဘာဇနီ၌ "ဟတ္ထော နာမ ကပ္ပရံ ဥပါဒါယ ယာဝ အဂ္ဂနခါ၊ တတောင်ဆစ်မှ လက်သည်းဖျားအထိသည် ဟတ္ထမည်၏"ဟူ၍ ဟောတော်မူထားခြင်းကြောင့် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရား၏ အရပ်တော်သည် အထက်၌ဆိုခဲ့သည့်အတိုင်း ၁၈-တောင်ရှိ၏ဟူ၍သာ ယုံကြည်ကြရာ၏။

* * * * *

## ကသာမြို့ ကြွလာသည့် ဗုဒ္ဓ၏အံတော်

အကယ်၍ ပရဝါဒီတို့ ပြောဆိုသည့်အတိုင်း အရပ်တော် ၆-တောင်သာရှိခဲ့ပါမူ မန်းစက်တော်ရာ၌ရှိသော ခြေတော်ရာသည် ဤမျှမကြီးနိုင်၊ ထို့အပြင်လည်း အိန္ဒိယပြည်၊ ကမ္ဘည်းကျောက်စာဌာနမှ ကပိလဝတ်ပြည်၊ ဆထူပစေတီတော်ဟောင်း တစ်ဆူကို တူးဖော်ခဲ့ရာ ဘုရားရှင်၏ တေဇောဓာတ်လောင်ရာ သင်္ချိုင်းတော်ပြာနှင့်အတူ သကျဂေါတမဗုဒ္ဓဒန္တ-ဟု နာဂရီအက္ခရာဖြင့် ကမ္ဘည်းရေးထိုးထားသော အထက်စွယ်တော်ရံ အံသွားတော်တစ်ဆူကို ဌာပနာတိုက်အတွင်းမှ တွေ့ရှိခဲ့ရ၏၊ ၎င်းအံတော်ကို အိန္ဒိယပြည်၊ လက္ကနောင်မြို့ပြတိုက်၌ ပြသထားရာမှ ဆေးမင်းကြီး ဒေါက်တာအေအေဖြူလီရာက မန်လည်ဆရာတော်ဘုရားကြီးထံသို့ တင်ပို့လှူဒါန်းခဲ့ပါသည်၊ ၁၂၅၈-ခုနှစ်တွင် ၎င်းအံတော်သည် ကသာမြို့သို့ ဆိုက်ရောက်တော်မူလာခဲ့၏။

http://www.dhammadownload.com



ထိုသို့ ရတောင့်ရခဲ ဗုဒ္ဓ၏အံတော်စစ်တစ်ဆူကို ဖူးမြော်ပူဇော်ခွင့်ရရှိခဲ့သဖြင့် မန်လည်ဆရာတော်ဘုရားကြီးသည် ဝမ်းသာကြည်နူး အံတော်ချင်း တစ်ပုဒ်ကို ရေးသားလျက် ဥဒါန်းကျူးတော်မူခဲ့ဖူးပါသည်။

* * * * *

## အံတော်ချင်း

သုံးဆယ့်တစ်ဘုံ ဝေနေယျ၊ နိဗ္ဗာန်ပြည်မ ပို့မည်ကြံ၊
လောင်းတော်ကျိပ်ဝင် ဗုဒ္ဓကို၊ တောင်းဆုရည်သန်၊
ဗျာဒိတ်ပိုင်းနှင့် သိုက်တိုင်းမှန်၊ အနာဂတ်ပွင့်မည့်ဘုန်းမို့၊
နှလုံးတော်မြတ် ရည်မှတ်လိုရာ၊ ပြီးရသည်သာ၊
မြတ်လောင်းတော် ပတ္ထနာ၊ ဓမ္မတာပြည့်မြဲ၊
ရွှေဘုန်းတော် ခိုလှုံလို့၊ ဖျိုပဒုံ ရွှေသာနတ်တို့ရယ်၊
ရွှေအံတော် စိန်နဝရတ်ကို၊ ဖူးကိုယ်ကြပ်မြဲ။

၎င်းအံတော်သည် ဗျက် ၁-လက်မ၊ ထုအရှည် ၂-လက်မခန့်ရှိ၍ သီဟိုဠ်စွယ်တော်နှင့် ပမာဏတူမျှသည်ကို ကျွန်ုပ်ကိုယ်တိုင် နှစ်စဉ်ဖူးတွေ့နေရ၏၊ ထိုသွားတော် စွယ်တော်များကို ၄၀-ပြည့်အောင် ခံတွင်းတော်၌ စိုက်တပ်ကြည့်ပါက ၆-တောင်သာရှိသော ဘုရား၏ ခံတွင်းတော်သည် ဆန့်နိုင်ဖွယ်ရာ မရှိချေ၊ ၁၈-တောင်ရှိသော ဘုရား၏ ခံတွင်းတော်သာ ဆန့်နိုင်ပါလိမ့်မည်။

၁၆-တောင်, ၁၄-တောင် ဝါဒတို့မှာ မကွာလှချေ၊ လက်သစ်၊ တောင်၊ တာ အကြီး, အငယ်တို့အတွက်သာ ထိုဝါဒတို့ကို ပြောဆိုကြခြင်းဖြစ်၏၊ ယခုမျက်မှောက်ကာလ မျက်မြင်နှင့်သာ နှိုင်းစာကြမည်ဆိုလျှင်–

- မြတ်စွာဘုရားလက်ထက်တော်အခါက ရာဇဂြိုဟ်မြို့ လူနေ ၉-ကုဋေ၊ သာဝတ္ထိမြို့၌ လူနေ ၇-ကုဋေရှိ၏-ဟူသော စကားကိုလည်းကောင်း

http://www.dhammadownload.com



- ဝေသာလီပြည်၊ ကလန္ဒရွာကြီး၌ နေထိုင်ကြသော ရှင်သုဒိန်၏ မိဘတို့၌လည်းကောင်း မာဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ မဟာတိတ္ထပုဏ္ဏားရွာ၌ နေထိုင်ကြသော အရှင်မဟာကဿပ၏ မိဘတို့၌လည်းကောင်း ပစ္စည်းဥစ္စာ ကုဋေ-၄၀၊ ကုဋေ ၈၀-ကြွယ်ဝချမ်းသာကြသည်ဆိုသော စကားကိုလည်းကောင်း
- ဝိသာခါနှင့် မလ္လိကာစသည် အမျိုးသမီးများ ဆင်ပြောင် ၅-စီးအားကို ဆောင်နိုင်ကြသည်ဟူသော စကားကိုလည်းကောင်း ဈာန်, မဂ်, ဖိုလ်တရားထူးကို ရကြသည်ဟူသော စကားကိုလည်းကောင်း
- အရှင်မောဂ္ဂလိပုတ္တတိဿနှင့် အရှင်နာဂသေနတို့ တစ်ဝါတွင်း သင်ကြားရုံမျှဖြင့် အဋ္ဌကထာနှင့်တကွသော ပိဋကတ် ၃-ပုံကို နှုတ်ငုံဆောင်နိုင်သည်-ဟူသော စကားကိုလည်းကောင်း –

ဘယ်နည်းနှင့်မှ ပရဝါဒီပုဂ္ဂိုလ်တို့ ယုံကြည်နိုင်ကြတော့မည် မဟုတ်ချေ၊ ဒသဂိရိနှင့် မယ်သီတာ, ရာမဝတ္ထုတို့ကို ဗြာဟ္မဏတို့ ကြီးကျယ်အောင် ရေးသားထားသကဲ့သို့ ချဲ့ထွင်၍ ရေးသားထားသည်ဟုပင် မှတ်ယူကြတော့မည်အမှန်ပင် ဖြစ်၏။

*(ဤကား သိရီဘုန်းတော်နှင့်စပ်၍ ရေးသားအပ်သော အရပ်တော်ဝါဒ အဆုံးအဖြတ်တည်း။)*

ဤသိရီဘုန်းတော်ကြောင့် သဗ္ဗညုဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စမ္မာယ်တော်မူစဉ် တစ်နေ့သ၌ အစိရဝတီမြစ်သို့ ရေသပ္ပါယ်ရန် သက်ဆင်းတော်မူလေရာ ရောင်ခြည်တော် ၆-ဖြာတို့ဖြင့် ထွန်းလင်းပြန့်နှံ့သော ၁-လံမျှလောက်သော ဗျာမပ္ပဘာရောင်ခြည်တော်၊ အတောင် ၈၀-ရှိသော အသီတိဟတ္ထကရောင်ခြည်တော်တို့၏ အတွင်းသို့ ငါး, လိပ်, ပုစွန်-အစရှိသော ရေသတ္တဝါအပေါင်းတို့သည် စုပေါင်းဝိုင်းရံကြလျက် ရွှင်မြူးစွာ သိရီဘုန်းတော်ကို ခိုလှုံဖူးမြော်ကြလေကုန်၏၊ ကောင်းကင်၌ ကျက်စားကြကုန်သော ကျေးငှက်, သိန်း, စွန် အစရှိသည်တို့သည်လည်း ပျံဝဲကြကုန်လျက် နောက်တော်က လိုက်၍ ဖူးမြော်ကြလေ၏၊ လာဘဂိဒ္ဓ လာဘ်မက်မှု၊ ဂုဏဂိဒ္ဓ၊ ဂုဏ်မက်မှုတို့ကြောင့် ဣဿာ၊ မစ္ဆရိယအားကြီး နေကြ

http://www.dhammadownload.com



သော တိတ္ထိတို့သည်လည်း ဘုရားရှင်ကို တွေ့မြင်ကြရလျှင် မကြည့်လိုသူ, မမြင်လိုသူ ဟူ၍ မရှိပဲ ကြည့်လို, မြင်လို, ဖူးမြော်လိုကြသည်ချည်း ဖြစ်ကြကုန်၏။

ထိုသို့ ကြည့်ရှု ဖူးမြော်ပါသော်လည်း ဉာဏ်ပညာနည်းပါးပြီး ဣဿာ မစ္ဆရိယ အားကြီးနေကြသူများ ဖြစ်ကြသောကြောင့်သာ တရားတော်ကို လိုက်နာ၍ မကျင့်နိုင်ကြခြင်းဖြစ်ကုန်၏။

* * * * *

## သဗ္ဗမင်္ဂလိက ဂါထာတော်

အခါတပါး၌ သဗ္ဗညုတမြတ်စွာဘုရားသည် **သာဝတ္ထိမြို့**တော်ကြီး၏ အရှေ့မျက်နှာဝယ် မိဂါရမာတာ ကျောင်းအမကြီး **ဝိသာခါ**နှင့် **ပုဏ္ဏဝဍ္ဎန** မည်သော ကျောင်းဒါယကာ သူဌေးကြီးဇနီးမောင်နှံတို့ ဆောက်လုပ်လှူဒါန်းအပ်သော ပုဗ္ဗာရုံကျောင်းတော်ကြီး၌ သီတင်းသုံး ဝါကပ်၍ နေတော်မူပါသည်၊ သီတင်းကျွတ်လပြည့်၊ မဟာပဝါရဏာနေ့သို့ ရောက်လတ်သော် **ပသေနဒီ-ကောသလ**မင်းကြီးသည် သစ်လွင်သော အဝတ်တန်းဆာတို့ကို ကောင်းမွန်စွာ ဝတ်စားဆင်ယင်လျက် ပန်း,နံ့သာ,ဆီမီးတို့ကို ယူ၍ အခြံအရံ မင်းခမ်းမင်းနားဖြင့် ပုဗ္ဗာရုံကျောင်းတော်ကြီးသို့ သွားလေ၏။

ဘုရားရှင်၏ ရှေ့တော်မှောက်သို့ မင်းပရိသတ်တို့ စုံညီစွာ ရောက်ရှိကြ၍ တရားပွဲကြီး ကျင်းပနေချိန်၌ ကာဠုဒါယီမထေရ်ကြီးသည် တရားတော်ကို ရိုသေစွာ နာယူနေကြသော ရဟန်းတော်များ၏ အစွန်းဖျား၌ ထိုင်၍ တရားနာယင်း ဈာန်သမပတ်ကို ဝင်စားလျက် ထိုင်နေပါသည်၊ သီတင်းကျွတ်လပြည့်နေ့၏ ညနေဆည်းဆာသမယသည် အထူးပင် သာယာလှပနေ၏၊ အရှေ့လောကဓာတ်မှ လပြည့်ဝန်းကြီးကလည်း ထွက်ပေါ်စ, နေမင်းကြီးကလည်း အနောက်လောကဓာတ်သို့ ဝင်လုဆဲဆဲမို့ အစွမ်းကုန်အားခဲ၍ ထွန်းလင်းနေဆဲဖြစ်ပါသည်။

ကြည်နူးဖွယ်ရာ သာယာတင့်တယ်နေသော ဤသဘာဝမြင်ကွင်းကို ရှုစားခွင့်, ဖူးမြော်ခွင့်ရသော အဘယ်မည်သောသူသည် မကြည်နူးနိုင်ပဲ ရှိပါမည်

http://www.dhammadownload.com



နည်း။ ဝမ်းမြောက်ကြည်နူးမိမည်မှာ အမှန်ပင်ဖြစ်ပါသည်၊ အရှင်အာနန္ဒာမထေရ်သည်–

- အရှေ့လောကဓာတ်မှ ထွက်ပေါ်စ လမင်း၏ ကျက်သရေမင်္ဂလာရှိပုံကိုလည်းကောင်း
- အနောက်လောကဓာတ်သို့ ဝင်လုဝင်ဆဲ အားခဲ၍ ထွန်းလင်းနေသော နီနီရဲရဲနေမင်း၏ တင့်တယ်လှပပုံကိုလည်းကောင်း
- နေရောင်, လရောင်တို့ ဟပ်သဖြင့် တဖျတ်ဖျတ် တလက်လက် အလင်းရောင်ဖြာထွက်နေသော မင်းမြောက်တန်ဆာတို့ဖြင့် ခန့်ညားထည်ဝါ ကျက်သရေမင်္ဂလာ ရှိလှသော ကောသလမင်းကြီးကိုလည်းကောင်း
- သမာပတ်ဝင်စားလျက် ငြိမ်သက်အေးချမ်းစွာ သမဏသုခကို ခံစားနေသော ကာဠုဒါယီရဟန္တာမထေရ်မြတ်ကြီးကိုလည်းကောင်း–

တစ်ခုစီ တစ်ခုစီ လှည့်ကြည့်ရှုပြီးနောက် ပရိသတ် ၄-ပါး အလယ်မှာ ကေသရာဇာခြင်္သေ့မင်းပမာ တင့်တယ်စွာ စံပယ်လျက် တရားဟောကြားနေသော မြတ်စွာဘုရားကို ကြည့်ရှုဖူးမြော်ပြန်ရာ ကြယ်တာရာအပေါင်းတို့ ခြံရံအပ်သော လပြည့်ဝန်းကြီးကဲ့သို့ တင့်တယ်ခြင်းအပေါင်းကို သရဖူဆောင်းလျက် တန်ခိုးတော်ဖြင့် တင့်တယ်သပ္ပါယ်တော်မူပုံကို ဖူးမြင်ရပြန်သောကြောင့် ဝမ်းမြောက်၍ရှင်လန်း အံ့မခန်းနိုင်အောင် ဖြစ်ခဲ့ရပေသည်။

အရှင်အာနန္ဒာက မိမိတွေ့မြင်ခံစားရသည့် အကြောင်းအရာများကို မြတ်စွာဘုရားအား ပန်ကြားလျှောက်ထားရာ သဗ္ဗညုဘုရားရှင်က အောက်ပါ သဗ္ဗမင်္ဂလိကဂါထာကို ဟောကြားတော်မူခဲ့ပါသည်။

**ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိ စန္ဒိမာ။**
**သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။**
**အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။**

*(နိဒါနဝဂ္ဂသံယုတ် မဟာကပ္ပိနသုတ် ပါဠိတော်၊၄၇၊) (ဓမ္မပဒ၊ ၅၊ ၃၊ ၃၉၆။ )*

ဤဂါထာသည် အားလုံးကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဂါထာဖြစ်၍ သဗ္ဗမင်္ဂလိကဂါထာ မည်ပါသည်။

http://www.dhammadownload.com



## သဗ္ဗမင်္ဂလဂါထာ ကိရေသာ။

*(နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ ၃၊၂၂၆။)*

သီဟိုဠ်ကျွန်းမှ ဘာတိကမင်းသည် လူမမွေကထိက ဆရာတစ်ယောက်အား နန်းတော်သို့ ဖိတ်ခေါ်၍ လှူဒါန်းပူဇော်ပြီးနောက် ရတနာမြတ် ၃-ပါးနှင့် မလွတ်ကင်းသော အောင်မြင်ခြင်းမင်္ဂလာ ဂါထာတစ်ခုကို ရေးသားပေးဖို့ တောင်းပန်ရာ ထိုဆရာက ပိဋကတ် ၃-ပုံကို မွှေနှောက်သုံးသပ်၍ ရှာဖွေပြီးလျှင် ဤသဗ္ဗမင်္ဂလိကဂါထာကို ရေးပေးပါသည်၊ ဘာတိကမင်းကြီးသည် ဂါထာကို နှစ်သက်သဘောကျသဖြင့် အသပြာငွေ ၁,၀၀၀-ဖြင့် ဆရာအား ပူဇော်ပြီး နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ကြောင်း သိရ၏၊ ထို့ကြောင့် ကျက်သရေမင်္ဂလာကို အလိုရှိသူများသည် အရကျက်၍ ရွတ်ဖတ်သရဇ္ဈာယ်ကြပါလေ။

**အနက်ကား။** ။အာဒိစ္စော၊ ထွန်းပြောင်ထိန်လင်း၊ ရောင်ခြည် ၁,၀၀၀-ကို ဆောင်သော ရှင်နေမင်းသည်။ ဒိဝါ၊ နေ့အခါ၌သာလျှင်။ တပတိ၊ ရောင်ခြည်တစ်ထောင်၊ အလင်းရောင်ဖြင့်၊ တောက်ပြောင်ဖြိုးဝေ၊ နေမင်း၏အသရေဖြင့် တင့်တယ်နိုင်ပါပေ၏။

စန္ဒိမာ၊ ငွေသော်တာစန်း၊ လပြည့်ဝန်းသည်။ ရတ္တိံ၊ ညဉ့်အခါ၌သာလျှင်။ အာဘာတိ၊ အအေးဓာတ် မေတ္တာရေကို ဖြန့်ဝေကာ ဆွတ်ပက်ဖျန်းလျက် တင့်ဆန်းထိန်ဝေ၊ လမင်းအသရေဖြင့် တင့်တယ်နိုင်ရှာလေ၏။

ခတ္တိယော၊ ရေမြေသနင်း၊ ပြည့်ရှင်မင်းသည်။ သန္နဒ္ဓေါ၊ စိန်, မြ, ရွှေ, ကျောက်၊ ရောင်စုံတောက်သည့်၊ မင်းမြောက်တန်ဆာ၊ ဆင်မြန်းမှသာလျှင်။ တပတိ၊ ဂုဏ်ရှိန်ဖြိုးမောက်၊ တန်ခိုးတောက်၍၊ မိုးသောက် မြေဝယ်၊ စိုးမိုးချယ်လျက်၊ တင့်တယ်နိုင်လေ၏။

ဗြာဟ္မဏော၊ ကိလေသာဟုန်၊ ရန်သူပုန်ကို၊ အကုန်ဖြိုခွင်း၊ မဂ် လေးစင်းဖြင့်၊ စစ်ခင်းပြီးလတ်၊ ရဟန္တာအရှင်မြတ်သည်။ ဈာယီ၊ အာရမ္မဏူ, လက္ခဏူဟု၊ နှစ်ဆူခြားနား၊ ဈာန်တရားဖြင့်၊ ဝင်းစားသုံးသပ်၊ ရှုမှတ်နေမှသာလျှင်။ တပတိ၊ သမဏဂုဏ်ရှိန်၊ တည်ငြိမ်လေငြား၊ သမာဓိတရားဖြင့်၊ စိတ်ထားစင်ကြယ်၊ လွန်တင့်တယ်နိုင်လေ၏။

http://www.dhammadownload.com



အထ၊ ထိုမှ တပါး၊ စင်စစ်အားဖြင့်။ ဗုဒ္ဓေါ၊ မဖောက်မပြန်၊ တရားမှန်ကို၊ မကျန်သိပြား၊ သဗ္ဗညုမြတ်စွာဘုရားသည်။ တေဇသာ၊ သီလ,ပညာ၊ ဂုဏ်တေဇာနှင့်၊ ပုညာ ဓမ္မ၊ ငါးဝနုဘော်၊ တန်ခိုးတော်ဖြင့်။ သဗ္ဗမဟောရတ္တိ၊ နေရော,ညဉ့်ပါ၊ ချိန်ခါ မလပ်၊ မြမပြတ်သာလျှင်။ တပတိ၊ ဒုဿီလျတို့၏၊ တန်ခိုးရှိန်ကို၊ ချိုးနှိမ်ခါ ပျောက်ကွယ်ကင်းစေ၍၊ နောက်ဆွယ် ခပင်းကိုပါ အသရေမြင့်ကြွယ်စေလျက်၊ အတင့်တယ်ကြီး တင့်တယ်တော်မူပါပေ၏။

* * * * *

## ကာမဘုန်းတော်နှင့် ပြည့်စုံတော်မူပုံ

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း သိရိဘုန်းတော်နှင့် ပြည့်စုံတော်မူသောဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် တန်ခိုးဖန်ဆင်းမှုဖြင့် ပြီးစီးမည့်အရာ၌ အလိုရှိရာကို ပြီးစီးအောင် တန်ခိုးဖန်ဆင်းတော်မူနိုင်၏၊ ဟောပြောဆုံးမ၍ ပြီးစီးမည့်အရာ၌ ဟောပြောဆုံးမခြင်းဖြင့် ပြီးစီးတော်မူနိုင်၏၊ အလိုရှိရာ မပြီးစီးစေနိုင်သော အရာဟူ၍ ဘယ်အခါမှ ရှိတော်မမူခဲ့ချေ။

ဘုရားအဖြစ်သို့ ရောက်တော်မူမှသာ အလိုရှိရာကို ပြီးစေနိုင်သည် မဟုတ်သေး၊ အလောင်းတော်ဘဝ ပါရမီဖြည့်ကျင့်နေရသည့် မဟာဇနက၊ မဟာသုတသောမစသည့် ဘဝတို့၌လည်း မင်းဖြစ်လိုသဖြင့် မင်းအဖြစ်သို့ ရောက်ခဲ့ရ၏၊ သူတပါးကို ဆုံးမလိုသော အာသာဆန္ဒ အားကြီးလှသဖြင့်လည်း လိုအင်ဆန္ဒပြည့်ဝစွာ ဆုံးမတော်မူနိုင်ခဲ့သည်ချည်း ဖြစ်လေသည်။

ထို့ကြောင့် ကျေးဇူးတော်ရှင် မန်လည်ဆရာတော်ဘုရာကြီးက မိမိလိုလားတောင့်တနေသော ဘုရားရှင်၏ အံ့သွားတော်အစစ်သည် ခက်ဆစ်ခက်ရာ မန်လည်, ကသာသို့ ကြွလာတော်မူခဲ့ရာ အလိုတော်ရှိတိုင်း မဆိုင်းမတွ ပြည့်ဝလေသောကြောင့်–

http://www.dhammadownload.com



"ဗျာဒိတ်ပိုင်းနှင့် သိုက်တိုင်းမှန်၊ အနာဂတံ ပွင့်မည့်ဘုန်းမို့၊
နှလုံးတော်မြတ် ရည်မှတ်လိုရာ ပြီးရသည်သာ၊
မြတ်လောင်းတော် ပတ္ထနာ ဓမ္မတာပြည့်မြဲ" –

ဟူသော အံတော်ချင်းကို ရေးစပ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဤသို့လျှင် အလောင်းတော်ဘဝ ပါရမီတော် မပြည့်မီကပင် အလိုရှိရာကို ပြီးစေနိုင်ရကား ဖြည့်ကျင့်တော်မူအပ်သော ပါရမီတော်ပြည့်ဝ၍ သဗ္ဗညုတဉာဏ်ကို ရတော်မူသော ဗုဒ္ဓစင်စစ် ဘုရားအဖြစ်သို့ ရောက်တော်မူသည့်အခါ၌ အဘယ်မှာလျှင် မပြည့်စုံနိုင်ပဲ ရှိနိုင်တော့အံ့နည်း၊ အလိုရှိရာ ပြည့်စုံတော်မူရသည်ချည်း ဖြစ်လေ၏၊ ဤသို့ အလိုရှိရာကို ပြီးစီးအောင်မြင်စေနိုင်ခြင်းသည် ကာမဘုန်းတော်ပင် မည်ပါသည်။

* * * * *

## ဗုဒ္ဓကိစ္စ ၅-ပါးကို နေ့စဉ် ပြုလုပ်တော်မူခြင်း

တစ်လောကလုံး၏ ယုံကြည်ကိုးစား လေးစားလောက်သည့် ဝီရိယတော်ဓာတ်ကို ပယတ္တ-ဟု ဆိုခြင်းဖြစ်၏၊ လောက၌လည်း အရာရာဝယ် ဝီရိယကောင်းသူကို ချီးမွမ်းကြရသည်ပင် ဖြစ်၏၊ ဝီရိယကောင်းကြသူ နတ်, လူ, ဗြဟ္မာ အပေါင်းတို့ထက် ဘုရားမြတ်၏ ဝီရိယတော်ဓာတ်သည် မနှိုင်းယှဉ်နိုင်လောက်အောင်ပင် လွန်ကဲထူးမြတ်လှပါပေ၏။

အဘယ်ကြောင့်ဆိုသော် သတ္တဝါတို့၏ အကျိုးစီးပွား များရာများကြောင်းဖြစ်သော ဗုဒ္ဓကိစ္စ ၅-ပါးတို့ကို နေ့,ညမပြတ် အားလပ်သည်ဟူ၍ မရှိပဲ အမြဲပြုလုပ် ဆောင်ရွက်တော်မူသောကြောင့်ပင် ဖြစ်ပါသည်။

ဗုဒ္ဓကိစ္စတော် ၅-ပါးဟူသည်–

၁။ မွန်းမတည့်မီ နံနက်ခင်းအခါ၌ ပြုလုပ်အပ်သော ပုရေဘတ္တကိစ္စ

၂။ မွန်းလွဲပြီးနောက် ညနေခင်းသို့ ရောက်သည့်ကာလအထိ ဤအတွင်း၌ ပြုလုပ်အပ်သော ပစ္ဆာဘတ္တကိစ္စ

http://www.dhammadownload.com



၃။ ညဦးယံ၌ ပြုလုပ်အပ်သော ပုရိမယာမကိစ္စ

၄။ သန်းခေါင်ယံ၌ ပြုလုပ်တော်မူအပ်သော မဇ္ဈိမယာမကိစ္စ

၅။ မိုးသောက်ယံ၌ ပြုလုပ်တော်မူအပ်သော ပစ္ဆိမယာမကိစ္စ

အားဖြင့် ၅-ပါးတို့တည်း။

ဤဗုဒ္ဓကိစ္စ ၅-ပါးတို့သည် "သတ္ထကံယေဝ ပန ဘဂဝတော ကိစ္စံ ဟောတိ"ဟူသော အဋ္ဌကထာနှင့်အညီ အကျိုးမဲ့ အချည်းနှီး ပြုလုပ်တော်မူအပ်သော ကိစ္စများမဟုတ်ပဲ အကျိုးဖလ လုံးဝဥဿုံ ပြီးပြည့်စုံသည့် ကိစ္စတွေချည်းသာ ဖြစ်ပါကုန်၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ ကိစ္စံ၊ ပြုဖွယ်ကိစ္စ ဤငါးဝသည်။ ပန၊ စင်စစ်ကေန်၊ အမှန်မုချ ကေန္တအားဖြင့်။ သတ္ထကံယေဝ၊ အကျိုးရှိသည့် ကိစ္စချည်းသာတည်း။

အကျိုးရှိသည်-ဟု ဆိုရာ၌လည်း သတ္တဝါတို့ကို သံသရာဝဋ်မှ လွတ်မြောက်စေခြင်း အကျိုးသာတည်း၊ ဘုရားရှင်မှာမူကား မိမိက သံသရာဝဋ်မှ လွတ်စေလိုသော သတ္တဝါတို့ လွတ်မြောက်ကြသည့် အတွက်ကြောင့် အလိုတော်ပြည့်စုံခြင်း အကျိုးသာလျှင် ရှိပါ၏၊ စင်စစ်အားဖြင့် ကိုယ်တော်မြတ်၏ မုချအကျိုးသည် မဟာဗောဓိမဏ္ဍိုင်၌ပင် ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

ဤဆိုခဲ့ပြီးသော ဗုဒ္ဓကိစ္စ ၅-ပါးတို့တွင် ပုရေဘတ္တဆိုသည်ကား သဗ္ဗညုမြတ်စွာဘုရားသခင်သည် နံနက်စောစောကပင် အိပ်ရာမှ ထတော်မူ၍ အလုပ်အကျွေးရဟန်းတို့ကို ချီးမြောက်တော်မူခြင်းအကျိုး၊ ကိုယ်ခန္ဓာ၏ ပေါ့ပါးချမ်းသာခြင်းအကျိုး၊ ဤအကျိုး ၂-ပါးအတွက် မျက်နှာတော်သစ်ခြင်း အစရှိသည့် ကိုယ်လက်သုတ်သင်မှုကို ပြုတော်မူ၏၊ ကိုယ်လက်သုတ်သင်ပြီးနောက် အခြားသော ပြုဖွယ်ကိစ္စ အထူးမရှိပါက ဆွမ်းခံချိန်ကာလသို့ ကျရောက်သည်အထိ ဆိတ်ငြိမ်ရာအရပ်၌ တစ်ပါးတည်း ကပ်ရောက်၍ ဖလသမာပတ်ကို ဝင်စားတော်မူ၏၊ ပြုဖွယ်ကိစ္စအထူးရှိ၍ ကျွတ်ထိုက်သော သတ္တဝါတို့ကို မြင်တော်မူခဲ့သော် ယူဇနာ ၁၀၀-ဝေးကွာစေကာမူ ကြွသွားတော်မူ၍

http://www.dhammadownload.com



တရားဟောခြင်း၊ ကမ္မဋ္ဌာန်းတရားပေးခြင်း၊ သိက္ခာပုဒ်ပညတ်ခြင်း စသည်တို့ကို ပြုလုပ်တော်မူ၏။

ဆွမ်းခံချိန်သို့ ရောက်လတ်သော် ရံခါ တစ်ပါးတည်းဖြစ်စေ၊ ရံခါ ရဟန်း အပေါင်း ခြံရံလျက်ဖြစ်စေ၊ ဂေါစရဂါမ်ဖြစ်သော ထိုထို မြို့၊ ရွာ၊နိဂုံးတို့သို့ ကြွတော်မူ၏၊ ဆွမ်းစားပြီးနောက် ဆွမ်းဒါယကာ၊ ဆွမ်းဒါယိကာမတို့အား အနုမောဒနာ တရား ဟောကြားချီးမြှောက်တော်မူ၍ ကျောင်းသို့ ပြန်ကြွတော်မူခဲ့၏၊ ဤကား ဘုရားရှင် နေ့စဉ်ပြုလုပ်အပ်သော ပုရေဘတ္တကိစ္စတည်း။

ပုရေဘတ္တကိစ္စပြီးဆုံး၍ ကျောင်းသို့ ပြန်လည်ဆိုက်ရောက်တော်မူသော မြတ်စွာဘုရားသည် ရဟန်းတော်များ ဆွမ်းကိစ္စပြီးစီး၍ ကျောင်းသို့ အစုံအလင် ရောက်ရှိသည်အထိ အချိန်အနည်းငယ်မျှ စောင့်ဆိုင်းယင်း ခြေဆေးခုံ၌ ခြေဆေးတော်မူ၏။

ရဟန်းတော်များ အစုံအညီ ပြန်လည်ရောက်ရှိလတ်သော် ထိုခြေဆေးခုံ ပေါ်၌ ရပ်လျက်ပင် ဒုလ္လဘတရား ၅-ပါးတို့ကို ပြလျက် မမေ့လျော့ မပေါ့မတန် မြဲမြံသော အပ္ပမာဒသတိတရားဖြင့် ဘာဝနာတရားကို ပွါးများအားထုတ်ကြရန် ကိုလည်းကောင်း အကြောင်းထူးရှိက ဝိနည်းသိက္ခာပုဒ် ပညတ်ခြင်း၊ အတိတ် ဇာတ်ကို ဆောင်၍ သစ္စာ ၄-ပါးတရားကို ဟောကြားခြင်း၊ ကမ္မဋ္ဌာန်း ပေးခြင်း၊ စသည်တို့ကို ပြုလုပ်တော်မူလေ၏၊ ရဟန်းများသည် မိမိတို့ နေရာ အသီးသီးသို့ ပြန်သွားကြကုန်သည်ရှိသော် ဘုရားရှင်လည်း ဂန္ဓကုဋိကျောင်းသို့ ဝင်တော်မူ၍ တအောင့်တခဏမျှ လက်ျာနံတောင်း လည်းလျောင်းကျိန်းစက်တော်မူ၏။

မွန်းလွဲ ၁-နာရီခန့် အချိန်တွင် ကျိန်းစက်ရာမှထ၍ ဂန္ဓကုဋိကျောင်း တော်မှ ထွက်ပြီးလျှင် ဓမ္မသဘင်၌ တရားနာယူရန် စုဝေးရောက်ရှိ နေကြသော ရဟန်းပရိသတ်နှင့် လူပရိသတ်တို့အား သင့်လျော်သော တရားကို ဟောကြား တော်မူလေ၏၊ ညနေချမ်းသို့ရောက်သော် တရားပွဲသိမ်း၍ ပစ္ဆာဘတ္တကိစ္စ ပြီးဆုံးပါသည်။

ပစ္ဆာဘတ္တကိစ္စ ပြီးဆုံးတော်မူသော် သဗ္ဗညုမြတ်စွာဘုရားသည် ရေချိုး အိမ်သို့ဝင်၍ ရေသပ္ပါယ်တော်မူသည်၊ ရေသပ္ပါယ်ပြီးလျှင် ဂန္ဓကုဋိကျောင်း

http://www.dhammadownload.com



တော်သို့ဝင်၍ တစ်ပါးတည်း ကိန်းအောင်းတော်မူလျက် အပန်းဖြေ အနားယူတော်မူပါသည်၊ ညဉ့်ဦးယံသို့ ရောက်လတ်သော် ထိုထိုအရပ်ဒေသ အသီးသီးမှ ကြွလာကြကုန်သော ရဟန်းတို့အား လက်ခံတွေ့ဆုံရာဌာနသို့ လာကြပြီးလျှင် ဖူးမြော်ကန်တော့ခြင်း၊ မိမိတို့သိလိုသော ပြဿနာများကို မေးမြန်းခြင်း၊ ကမ္မဋ္ဌာန်းတောင်းခြင်းစသည်တို့ကို ပြုကြလေ၏၊ ဘုရားရှင်သည် ထိုရဟန်းတို့ မေးမြန်းပန်ကြား လျှောက်ထားအပ်သော ပြဿနာများကို ဖြေကြားတော်မူယင်း ညဉ့်ဦးယံကို ကုန်လွန်စေတော်မူခဲ့ပါသည်၊ ဤသို့ ညဉ့်ဦးယံ၌ ဆောင်ရွက်တော်မူအပ်သော ကိစ္စသည် ပုရိမယာမကိစ္စ မည်ပါသည်။

ညဉ့်ဦးယံလွန်မြောက်၍ သန်းခေါင်ယံသို့ ရောက်ပြီဖြစ်သောကြောင့် ရဟန်းတော်များ ပြန်သွားကြလျှင် ထက်ဝန်းကျင် လောကဓာတ် စကြဝဠာ တစ်သောင်းမှ နတ်,ဗြဟ္မာအပေါင်းတို့သည် မိမိတို့အလှည့်သို့ ကျရောက်၍ ဖူးမြော်ခွင့်, မေးမြန်းလျှောက်ထားခွင့်ကို ရရှိကြပြီဖြစ်သောကြောင့် မြတ်စွာဘုရား ထံတော်ပါးသို့ ချဉ်းကပ်ဝပ်တွား ရှိသေစွာ ခစားလာကြကုန်၏၊ ထို့နောက် မိမိတို့ ကြိုတင်ပြင်ဆင် စီရင်လာခဲ့သည့် ပုစ္ဆာများကို မေးမြန်း လျှောက်ထားကြပါသည်၊

မြတ်စွာဘုရားသည် ထိုထို နတ်,ဗြဟ္မာအပေါင်းတို့၏ မေးခွန်းပေါင်း သောင်း ခြောက်ထောင်တို့ကို တစ်ခုမကျန်အောင် ဖြေကြားခြင်း၊ အကျယ်ဝေဖန်၍ တရားဟောခြင်းတို့ဖြင့် မဇ္ဈိမယံ(သန်းခေါင်ယံ)ကိုလည်း ကုန်စေတော်မူပါသည်၊ ဤသို့ မဇ္ဈိမယံ၌ နတ်,ဗြဟ္မာတို့၏ မေးမြန်းလာသမျှ ပုစ္ဆာများကို ဖြေကြားခြင်း၊ အကျယ်ဝေဖန်၍ တရားဟောတော်မူခြင်းသည် မဇ္ဈိမယံကိစ္စ မည်ပါသည်။

သန်းခေါင်ယံလွန်မြောက်၍ မိုးသောက်ယံ (ပစ္ဆိမယံ)သို့ ရောက်လတ်သော် ယင်းပစ္ဆိမယံကို သုံးဖို့ သုံးစုပြုလျက် ပထမအစု ပထမပိုင်း၌ တစ်နေ့တာ ထိုင်၍ တရားဟောခဲ့ရသောကြောင့် ညောင်းညာခြင်း ဝေဒနာကို ပယ်ဖျောက်ရန် စင်္ကြံလျှောက်ရပါသည်၊

ဒုတိယအစု ဒုတိယပိုင်းအချိန်၌ကား ဂန္ဓကုဋီကျောင်းတော်တွင်းသို့ ဝင်၍ လက်ယာနံစောင်းဖြင့် လည်းလျောင်း၍ ကျိန်းစက်တော်မူပါသည်၊

http://www.dhammadownload.com



တတိယအစု တတိယပိုင်းဖြစ်သော လင်းအားကြီး အချိန်တွင် ကျိန်းစက်ရာမှ ထတော်မူ၍ ရှေးရှေးဘုရားရှင်တို့၏ အထံ၌ ပါရမီ ဖြည့်ကျင့်ခဲ့ကြသဖြင့် ဥပနိဿယနှင့် ပြည့်စုံကြသူ ဝေနေယျအများ သောင်းထိုက်သားတို့အား ဒေသနာ အမြိုက်ဆေးကို တိုက်ကျွေးနိုင်ရန်အတွက် သဗ္ဗညုတ ဉာဏ်ကွန်ရက်ကို ဖြန့်ကြက်၍ ကြည့်ရှုဆင်ခြင်တော်မူပါသည်။

ဤသို့ ပစ္ဆိမယံကို သုံးပိုင်းပိုင်း၍ ဆောင်ရွက်ဖွယ်ကိစ္စများကို ဆောင်ရွက်တော်မူခြင်းသည် **ပစ္ဆိမယံကိစ္စ** မည်ပါသည်။

ဤဗုဒ္ဓကိစ္စ ၅-ပါးတို့ကို ၄၅-ဝါပတ်လုံး တစ်နေ့ တစ်နေ့တွင်မှ တစ်နာရီခွဲခန့်သာ ကျိန်းစက်ချိန်ထား၍ နေ့, ညမနား သတ္တဝါအများကို တရားရကြစေရန် ကြိုးပမ်းအားထုတ်တော်မူရှာသော ဘုရားရှင်ကိုယ်တော်မြတ်၏ ဝီရိယတော်ဓာတ်သည် ပယတ္တဘုန်းတော်ပင် မည်ပါသည်။

* * * * *

## နတ်, ဗြဟ္မာတို့၏ စည်းဝေးရာ ဗဟိုဌာနကြီး ဖြစ်သည်

ဤပယတ္တဘုန်းတော်နှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ဤစကြာဝဠာကြီးနှင့် ဤဇမ္ဗူဒီပါ ကျွန်းကြီးသည် ဇာတိခေတ် တစ်သောင်းမှလည်းကောင်း အာဏာခေတ် တစ်သိန်းမှလည်းကောင်း လာကြကုန်သော နတ်, ဗြဟ္မာတို့၏ ညစဉ်ပေါင်းဆုံ စည်းဝေးရာ ဗဟိုဌာနကြီး ဖြစ်၍ နေ၏၊ နတ်, ဗြဟ္မာတို့ဖြင့် မဆိတ်သော ကျွန်းထူး၊ ကျွန်းမြတ်ကြီးဖြစ်၍ နေ၏၊ ဘုရားတစ်ဆူ တစ်ဆူပွင့်တော်မူသည့် အခါတွင် ၂၄-သင်္ချေနှင့် ကုဋေ ၆၁-သိန်းသော သတ္တဝါတို့ ကျွတ်တန်းဝင်ကြသည် ဆိုရာ၌လည်း နတ်,ဗြဟ္မာတို့သာ များကြကုန်၏၊ ထို့ကြောင့် ဓမ္မစကြာ တရားဦးကို ဟောကြားတော်မူစဉ်က မဂ်ဖိုလ်တရားထူးကို ရကြကုန်သော

http://www.dhammadownload.com



နတ်တို့၏ အရေအတွက်သည် ၁၈-ကုဋေရှိ၍ ဗြဟ္မာအရေအတွက်သည် ကုဋေ ၂၀-အထိ ရှိလေ၏၊ လူမှာမူကား ပဉ္စဝဂ္ဂီ ၅-ပါးသာလျှင် ရှိ၏။

မဂ်, ဖိုလ်, နိဗ္ဗာန်-ဟု ဆိုအပ်သော လောကုတ္တရာဓမ္မအမွေကို မခံယူနိုင်ကြပဲ လူ,နတ်,ဗြဟ္မာတို့ ဖြစ်ကြပြီးလျှင် ထိုလူ,နတ်,ဗြဟ္မာတို့၏ စည်းစိမ်ချမ်းသာဟု ဆိုအပ်သော လောကီအာမိသအမွေကို ခံယူရရှိကြသော လူ,နတ်ဗြဟ္မာတို့သည်ကား မရေမတွက်နိုင်အောင် များပြား၍ အသင်္ချေယျ၊ အပ္ပမေယျပင် ဖြစ်ကြကုန်၏၊ သာသနာ ၅၀၀၀-မကုန်မချင်းလည်း ဘုရားရှင်၏ ပယတ္တဘုန်းတော်ကို ခိုလှုံကြရသော နတ်, ဗြဟ္မာတို့၏ အရေအတွက်သည် ဆက်လက်၍ တိုးပွါးနေဦးမည်မှာ အမှန်ပင်ဖြစ်၏၊ ထို့ကြောင့် –

**“ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ”။**

ဗုဒ္ဓေါ၊ မဖောက်မပြန်၊ တရားမှန်ကို၊ မကျန်သိလတ်၊ သဗ္ဗညုဘုရားမြတ်သည်။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါတို့၏။ ဟိတာယ၊ လောကုတ်, လောကီ၊ နှစ်လီ စီးပွါး၊ အကျိုးများကို ရရှိစေခြင်းငှာ။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ကောင်းစွာမသွေ၊ ပွင့်တော်မူပါပေ၏-ဟူ၍ ဟောတော်မူခဲ့ခြင်းဖြစ်ပါသည်။

ထိုစကား မှန်၏၊ မြတ်စွာဘုရား ပွင့်တော်မူ၍ နည်းမှန်လမ်းမှန် တရားဒေသနာတော်အသံများကို နာကြားကြရမှသာ သုဂတိလောကတို့၌ နတ်, ဗြဟ္မာတို့ ပေါများကြကုန်၏၊ ဘုရားရှင်တို့ ပွင့်တော်မမူကြသဖြင့် တရားတော်အသံများကို မနာကြားရလျှင် နတ်ပြည်, ဗြဟ္မာပြည်တို့၌ နတ်, ဗြဟ္မာတို့ မရှိသလောက်ပင် ပါးရှားသွားလေ၏၊ သို့ဖြစ်၍ ဘုရားရှင်တို့၏ ပွင့်တော်မူခြင်းသည် သတ္တဝါတို့ စီးပွါးချမ်းသာ အဖြာဖြာကို ရရာ,ရကြောင်း စစ်မှန်သော အကြောင်းကြီး ဖြစ်တော်မူပါပေသည်။

* * * * *

http://www.dhammadownload.com



## ဘာသာခြားစာပေတို့၌လည်း ဗုဒ္ဓ၏ အဆုံးအမတော်များ ပျံ့နှံ့စိမ့်ဝင်နေသည်

ဗုဒ္ဓသာသနာ မထွန်းကားသော တိုင်းပြည်တို့၌ကား မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များကို မသိကြပဲ မဟာဗြဟ္မာ နတ်ဒေဝါတို့၏ ကျေးဇူး ဟူ၍လည်းကောင်း ရှေးပညာရှိ လူကြီး မိဘ, ဆွေမျိုးဉာတကာတို့၏ ကျေးဇူး ဟူ၍လည်းကောင်း မိမိတို့၏ အမျိုးဘာသာ၊ ကျမ်းစာတို့၏ကျေးဇူး ဟူ၍ လည်းကောင်း အထင်မှား၍ နေကြလေကုန်၏၊

ကျေးဇူးတော်ရှင် စင်စစ်ဖြစ်သည့် ဘုရားမြတ်တို့ လောက၌ ပွင့်တော် သောကြောင့်သာ မိမိတို့ ချမ်းသာသုခကို ရရှိနေကြောင်းကိုမူ မည်သူမျှ မသိရှာ ကြပေ၊ ထိုသို့ပင် မသိကြသော်လည်း မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော တရားတော်များသည် လူ့ပြည်, လူ့ရွာ ကမ္ဘာအနှံ့ပြန့်လျက် ထိုထိုဘာသာတို့၏ ကျမ်းစာတို့၌လည်း တစိတ်တဒေသ ပါဝင်နေကြသည်ကို တွေ့ရှိရ၏။

'ဗုဒ္ဓ၏အဆုံးအမဖြစ်သော တရားတော်များသည် ဘာသာခြားစာပေတို့၌ ဘယ်ပုံ, ဘယ်နည်းအားဖြင့် ရောက်ရှိနေပါသနည်း'ဟု မေးဖွယ်ရာ ရှိပါ၏၊ ရောက်ရှိပုံမှာ-

မြတ်စွာဘုရားသည် ဤစကြဝဠာမှ အခြားသော စကြဝဠာများ သို့လည်းကောင်း ဤစကြဝဠာ, ဤကမ္ဘာတွင်လည်း သာသနာတော်မထွန်းကား သေးသည့် ပစ္စန္တရစ်တိုင်းပြည်များသို့လည်းကောင်း ထိုထိုစကြဝဠာ, ထိုထိုကမ္ဘာ တို့မှ ကမ္ဘာသားတို့၏ အသွင်သဏ္ဌာန်ကို ဖန်ဆင်း၍လည်းကောင်း ထိုထို ပစ္စန္တရစ် နိုင်ငံသားတို့၏ အသွင်သဏ္ဌာန်ကိုယူ၍လည်းကောင်း တစ်ပါးတည်း ကြွသွားပြီးလျှင် ထိုထိုကမ္ဘာသားတို့နှင့် ထိုထိုပစ္စန္တရစ်နိုင်ငံသားတို့၏ ဘာသာ စကားဖြင့် လှည့်လည်၍ တရားဟောကြားတော်မူခဲ့ပါသည်၊

ထိုကမ္ဘာသားတို့နှင့် ပစ္စန္တရစ်နိုင်ငံသားတို့သည်ကား ဘုရားမှန်း မသိကြ ရှာချေ၊ မိမိတို့တိုင်းပြည်မှ အကြီးအကဲလုပ်၍ အုပ်ချုပ်နေသူ ဘုရင်များဟူ၍သာ

http://www.dhammadownload.com



ထင်မှတ်လျက် တရားနာယူကြကုန်၏၊ မြတ်စွာဘုရားလည်း မိမိသည် သဗ္ဗညု မြတ်စွာဘုရားဖြစ်ကြောင်းကို ထုတ်ဖော်၍ မပြောကြားခဲ့ချေ၊ ထိုထို ကမ္ဘာသားများနှင့် ထိုထိုပစ္စန္တရစ် နိုင်ငံသူ, နိုင်ငံသားတို့ ဗုဒ္ဓသာသနာတော်၌ အထုံဝါသနာ ပါလာပြီး အနာဂတ်အခါ၌ အကျိုးစီးပွါး ဖြစ်စေခြင်းအကျိုးငှါသာလျှင် တရားဟောပြီး ပြန်ကြွလာခဲ့ပါသည်။

**ဧဝံ သုတောပိ ဟိ ဓမ္မော အနာဂတေ ပစ္စယော ဟောတိယေဝါတိ အနာဂတံ ပဋိစ္စ ဒေသေတိ။**

*(မဟာဝဂ္ဂ၊ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်၊ ၉၂။ အဋ္ဌကထာ၊ ၁၅၂။)*

ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ဧဝံ၊ ဤသို့ ဘုရားမှန်း မသိပဲ။ သုတော၊ ကြားနာအပ်သော။ ဓမ္မောပိ၊ တရားတော်သည်လည်း။ အနာဂတေ၊ အနာဂတ် ကာလ၌။ ပစ္စယော၊ အထောက်အပံ့သည်။ ဟောတိ ယေဝ၊ ဖြစ်သည်သာ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနာဂတံ၊ အနာဂတ်အကျိုးစီးပွားကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒေသေတိ၊ တရားဟောတော်မူ၏။

ဤသို့ အထုံဝါသနာဖြစ်စေရန် မထင်ရှားသောအသွင်ဖြင့် မြတ်စွာဘုရားဟောကြားခဲ့သော တရားတော်များသည် ထိုထိုပစ္စန္တရစ်နိုင်ငံသားတို့၏ နှလုံးသည်းပွတ်၌ ကိန်းဝပ်တည်နေခဲ့ရာမှ တဆင့် ထိုထိုနိုင်ငံသားတို့၏ ဘာသာစာပေတို့၌ တစိတ်တဒေသအနေဖြင့် ပါဝင်နေခြင်းပင်ဖြစ်သည်ဟု မှတ်သားရပါမည်။

ထို့ပြင် ရှေးရှေးဘုရားရှင်တို့၏ သာသနာတော်ကွယ်ရာ၌ နက်နဲခက်ခဲသည့် အဘိဓမ္မာဒေသနာတော်နှင့် ရဟန်းကျင့်ဝတ်ဖြစ်သည့် ဝိနည်းဒေသနာတော်များ ကွယ်ပခဲ့သော်လည်း သုတ္တန်ဒေသနာတော်သည်ကား လုံးဝကွယ်ပျောက် သွားခဲ့သည်မဟုတ်ချေ၊ အချို့အချို့သော သုတ္တန်တရားတော်များသည် အချို့သောနေရာဌာနတို့၌ ကြွင်းကျန်တည်ရှိနေရစ်ခဲ့သည်သာ ဖြစ်၏၊

http://www.dhammadownload.com



ဤစကားသည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ အာဠဝကသုတ်၌ လာသော–

"ကိံသူဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ" (သံယုတ်၊ ပ၊ ၂၁၆။)

အစရှိသော ဂါထာ ၄-ဂါထာတို့ဖြင့်လည်းကောင်း

အသီတိနိပါတ်၊ မဟာသုတသောမဇာတ်၌ နန္ဒပုဏ္ဏား ဟောကြားအပ်သော–

"သဒ္ဓိရေဝ သမာသေထ၊ သဒ္ဓိ ကုဗ္ဗေထ သန္ထဝံ၊"

(ဇာတ်အဋ္ဌကထာ၊ပဉ္စမတွဲ-၅၂၃ )

အစရှိသော သတာရဟဂါထာ ၃-ဂါထာတို့ဖြင့်လည်းကောင်း သိသာထင်ရှား၏၊

နတ်ပြည်, ဗြဟ္မာပြည်တို့၌ကား အရိယာနတ်,ဗြဟ္မာများ ယခုတိုင်အောင် ထင်ရှားရှိနေကြသဖြင့် သာသနာတော် ကွယ်ပသည်ဟူ၍ မရှိချေ၊ ဝိပဿီမြတ်စွာ ဘုရား၏ အဆုံးအမ သာသနာတော်သည်ပင် ယခုထိ မကွယ်သေးကြောင်းကို ကျမ်းဂန်တို့၌ မိန့်ဆိုကြပေသည်။

ဤသို့လျှင် သဗ္ဗညုဘုရားရှင်သည် လူ,နတ်,ဗြဟ္မာ ခပ်သိမ်းသော သတ္တဝါတို့၏ ကျေးဇူးရှင်စစ်စစ် ဖြစ်တော်မူပါပေသည်၊ ကျေးဇူးရှင်ဖြစ်တော်မူသော ဘုရားမြတ်၏ ကြီးမားသောဝီရိယဓာတ် ပယတ္တဘုန်းတော်မြတ်ကို ခိုလှုံ၍ လောကုတ္တရာဓမ္မအမွေကို မုချမသွေ ခံယူနိုင်ကြစေရန်အတွက် ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွါးများအားထုတ်ကြရန် နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

ပယတ္တဘုန်းတော် ပြီး၏။

ဤဆိုအပ်ခဲ့ပြီးသော ဘုန်းတော် ၆-ပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့်လည်း ဘဂဝါ မည်တော်မူ၏၊ ဤဘဂဝါဟူသော အမည်တော်သည် စကြဝဠာ အနှံ့အပြားလည်း ကျော်စောတော်မူ၏၊ ထို့ကြောင့်–

ဘဂဝါဂုဏာသမ္ပန္နံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဘဂဝါဂုဏာသမ္ပန္နံ၊ ဘုန်းရှိသောသူ နတ်,လူ,ဗြဟ္မာ သတ္တဝါတို့ထက် အသာဆုံး, အမြတ်ဆုံးဖြစ်၍ ဘုန်းတော် ၆-ပါး ဂုဏ်တော်များနှင့် ပြည့်စုံ

http://www.dhammadownload.com



တော်မူသော။ ဗုဒ္ဓ၊ မြတ်စွာဘုရားကို။ သရဏံ၊ အပါယ်လေးဖြာ၊ အို, နာ, သေရေး၊ သံသရာဝဋ္ဋ ဒုက္ခဘေးကြီးတို့မှ ကင်းဝေးရာ ကင်းဝေးကြောင်း ကောင်းမြတ်သော အားထားရာစစ် အားကိုးရာအစစ်ဖြစ်တော်မူသော ဘုရားမြတ်ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏ အရှင်ဘုရား-ဟု အကြိမ်ကြိမ်ဆောက်တည်အပ်၏၊ ပွါးများအပ်၏။

*(ဘဂဝါဂုဏ်တော်ကို ပွါးများရန် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပြီး၏၊)*

* * * * *

## ဥယျောဇဉ်

ဤဆိုအပ်ခဲ့ပြီးသော–

- ဂုဏ်တော် ၉-ပါး တရားတို့ကို သိရှိနားလည်အောင် ကြည့်ရှုမှတ်သားခြင်း **ဗဟုဿုတဉာဏ်၊**
- ထိုဗဟုဿုတဉာဏ်ကို အရင်းခံ ဥပနိဿယပစ္စည်းပြု၍ ဂုဏ်တော်၏ အနက်အဓိပ္ပါယ်တို့ကို ကြံစည်ခြင်း **စိန္တာမယဉာဏ်၊**
- ကြံစည်၍သိလျှင် ပွါးများခြင်း **ဘာဝနာမယဉာဏ်၊**

ထိုဉာဏ် ၃-ပါးတို့ဖြင့် တွေးဆပွါးများ အားထုတ်ပါမှ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဖြစ်၍ သဒ္ဓါအနှစ်သည် စိတ်အစဉ်၌ စွဲထင်၍ တည်ရစ်လေ၏။

ထိုသို့ စိတ်အစဉ်၌ သဒ္ဓါအနှစ် စွဲမြဲစွာဖြစ်သူတို့၌သာ သရဏဂုံကုသိုလ်နှင့် ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ် အားကောင်း၏၊ အားကောင်းသော် တည်ကြည်ခြင်း သမာဓိ ဖြစ်၍ "သမာဟိတော ယထာဘူတံ ပဇာနာတိ"ဟူသော ဒေသနာတော်နှင့်အညီ ဝိပဿနာဉာဏ် အဆင့်ဆင့်တို့ဖြစ်ပြီးလျှင် ပါရမီဉာဏ် ရင့်သန်သူတို့ဖြစ်ပါက ယခုဘဝ၌ပင် မဂ်ဖိုလ်သို့ရောက်နိုင်ကြ၏၊ ပါရမီဉာဏ်

http://www.dhammadownload.com



မရင့်သန်သေးသော် ဒုတိယဘာ၀၊ တတိယဘာ၀တို့၌ ဆတ္တမာဏာ၀နတ်သားနှင့် ဖားနတ်သား-စသည်တို့ကဲ့သို့ နတ်ပြည်သုဂတိသို့ ရောက်ကြ၍ ထိုသုဂတိဘုံ ဘဝ၌ပင် မဂ်ဖိုလ်ကို ရလိမ့်မည်ဟု စိတ်ချယုံကြည် မနသီရှေ့သွား ပညာဉာဏ် တရားဖြင့် ကြိုးစားအားထုတ်ကြရသတည်း။

* * * * *

## ပတ္ထနာသိဒ္ဓိဂါထာ

၁။ ဣမိနာ ပုညကမ္မေန၊ အာနန္ဒော ဝိယ’ နာဂတေ။
သမ္မုခ္ခါ’ပဋ္ဌာကော ဟေယျံ၊ ဗုဒ္ဓသေဋ္ဌာန သန္တိကေ။

၂။ သံသာရေ သံသရန္တောပိ၊ မနုဿဒေ၀ဘူမိယံ။
သေဋ္ဌေ ကုလေ သမ္ဘာဉာဏော၊ သပ္ပုရိသာန သေ၀ကော။

၃။ မန္ဒခိတ္တတော ပဋ္ဌာယ၊ သဒ္ဓါသီလာဒိ သံယုတ္တော။
အနော၀မ၀ဏ္ဏော စာ’လင္ဂေါ၊ ပူရေယျံ ပါရမီ ၀ရံ။

၁။ ဣမိနာ ပုညကမ္မေန၊ ဗုဒ္ဓဂုဏာပ္ပကာသနီ၊ သညီတင့်ဆန်း၊ ဗုဒ္ဓါနုဿတိဘာ၀နာကျမ်းကို၊ ကြိုးပမ်းစီရင်၊ များသိမြင်အောင်၊ ပေါ်လွင် ထင်ရှား ရေးသားရသော ဤကုသိုလ်ကြောင့်။ အနာဂတေ၊ ငါတို့ဆရာ၊ ထေရ်မဟာသည်၊ လေးဖြာသော သစ္စာကို သိမြင်ရာ နောင်သောအခါ၊ ကပ်ကမ္ဘာ၌။ (ဝါ) ရင့်မာကျိုပ်၀င်၊ ဘုရားရှင်တို့၊ ပွင့်စဉ်အခါ၊ နောင်ကမ္ဘာ၌။ ဗုဒ္ဓသေဋ္ဌာနံ၊ စတုသစ္စ၊ မြတ်ဓမ္မကို၊ မဆွသိလတ်၊ ဘုရားမြတ်တို့၏။ သန္တိကေ၊ နီးပါး၀န်းကျင်၊ ခို၀င်မှီတင်း၊ ခြေတော်ရင်း၌။ အာနန္ဒော ဝိယ၊ ငါးဖြာဇာတဒဂ်၊ မိန့်မြွက်သံတော်၊ ကောင်းချီးခေါ်၍၊ ထုတ်ဖော်ကြေညာ၊ ဂုဏ်ဝေဖြာသည့်၊ အာနန်ညီတော်၊ မထေရ်ကျော်ကဲ့သို့။ သမ္မုခ္ခါ’ပဋ္ဌာကော၊ သစ္စာလေးရပ်၊ တရားမြတ်ကို၊ တတ်အပ်ထင်ထင်၊ သိမြင်လေးဌြား၊ မြတ်ဘုရား၏၊ ၀ပ်တွား ဆည်းကပ်၊ အလုပ်အကျွေး မြတ်သည်။ ဟေယျံ၊ ဖြစ်ရပါလို၏။

http://www.dhammadownload.com



၂။ သံသာရေ၊ ခန္ဓာ အာယတန၊ ဓာတ်ဓမ္မကို၊ မပြတ်ဆက်ကာ၊ ချားပမာသို့ လည်ရာသက်သက်၊ သံသရာစက်၌။ သံသရန္တောပိ၊ ထက်,အောက်စုံ,ဆန်၊ ကြိမ်ဖန် မနား၊ ဆုံလည်န္တွားသို့၊ ပြေးသွားလှည့်လည်၊ ကျင်လည်ရသော်လည်း။ မနုဿဒေဝဘူမိယံ၊ ချမ်းသာရိပ်ငြိမ်၊ စည်းစိမ်တွေစုံ၊ လူ့,နတ်ဘုံ၌။ သေဋ္ဌေ ကုလေ၊ ဇာတိ ဥက္ကဋ္ဌ၊ မြတ်သောအမျိုး၌။ ဇာယိတွာ၊ ဖြစ်၍။ သမ္မာဉာဏော စ၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်သို့၊ ထက်မြတ်သောဉာဏ်နှင့် ပြည့်စုံသူသည်လည်းကောင်း။ သပ္ပုရိသာန သေဝကော စ၊ မိတ်ကောင်းဆွေမွန်၊ သီလဝန် အရှင်မြတ်တို့ကို၊ မှီဝဲဆည်းကပ်တတ်သူသည်လည်းကောင်း။

၃။ မန္ဒစိတ္တတော၊ ပိျူမျစ်နုနယ် သူငယ်ဘဝမှ။ ပဋ္ဌာယ၊ စ၍။ သဒ္ဓါသီလာဒိသံယုတ္တော စ၊ သဒ္ဓါ, သီလ အစရှိသော သူတော်ကောင်းတရား၊ ၇-ပါးနှင့်၊ ယှဉ်သူသည်လည်းကောင်း။ အနောမဝဏ္ဏော စ၊ လှပတင့်တယ်၊ နှစ်လိုဖွယ်ရာ၊ ဆင်းရူပါနှင့်၊ ပြည့်စုံသူသည်လည်းကောင်း။ အလဂ္ဂေါ စ၊ ကပ်ငြိတွယ်တာ၊ တဏှာမရှိ၊ မစ္ဆရိအစေး၊ ကင်းစင်ဝေးသူသည်လည်ကောင်း။ ဟုတွာ၊ ဖြစ်၍။ ပါရမီဝရံ၊ ပါရမီ ဆယ်ပါး၊ အကျင့်မြတ်တရားကို။ ပူရေယျံ၊ လိုလားပန်ဆင်၊ ဘွဲ့ထူးရှင်သို့၊ ပုံသွင်မခြား၊ ဖြစ်စေသားဟု၊ ကြိုးစားပိုင်ပိုင်၊ ဖြည့်ကျင့်နိုင်ရပါလို၏။

ဤတွင် **ဗုဒ္ဓဂုဏပကာသနီ**

အမည်ရှိသော

**ဗုဒ္ဓ၏ဂုဏ်တော်များ ပြီး၏။**

✪ ✪ ✪ ✪ ✪ ✪ ✪ ✪ ✪

http://www.dhammadownload.com



## ဗုဒ္ဓါနုဿတိဘာဝနာ
## ပွါးများရခြင်း အကျိုးများ

ဘာဝေဟိ ဗုဒ္ဓါ'နုဿတိံ၊ ဘာဝနာန'မနုတ္တရံ။
ဣမံ သတိံ ဘာဝယိတွာ၊ ပူရယိဿတိ မာနသံ။
*(အပဒါန်ပါဠိတော်၊ပ၊၇၆)*

ကိလေ မနှောင့်။ စိတ် စင်းဖြောင့်၏။
ဘုန်းခေါင့်ရှိသေ။ သဒ္ဓါစွေ၍။
နှစ်ထွေပီတိ။ သည်းခံချို၏။
စေတီပုံလား။ ဘုရားနှင့်နေ။
ထင်ပေ ဟိရောတ်။ စိတ်ညွတ်ချစ်ရှင်။
မင်္ဂစဉ်မပွါး၊ နတ်ရွာလားသည်။
ဘုရားဂုဏ်တော် ပွါးကျိုးတည်း။ ။

*(ဝိသုဒ္ဓိမဂ်၊ပ၊၂၀၆)*

* * * * *

http://www.dhammadownload.com



သုံးလူ့ထွတ်ထား၊ တို့စောဖျား၏၊ တည့်ဖွား့ဖြစ်ရာ၊ စက်လှည့်ခါ၌၊ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးသည့်၊ တန်းခိုးရှေ့ဖြစ်၊ သုံးဆယ့်နှစ်ကို၊ ညှိလစ်ကျမ်းချင်း၊ လင်္ကာကျဉ်းအံ့။

[၁]ဆင် [၂]မြင်း [၃]တူရိယာ၊ [၄]အလင်္ကာတို့ ဘာသာမည်ကြ။
[၅]ကန်း [၆]ဆွံ့ [၇]အနှင့်၊ [၈]ကုန်းကွ [၉]နားပင်း၊
[၁၀]သတိကင်းတည့်၊ [၁၁]နှောင်သွင်းအပ်သူ၊
[၁၂]နာသောသူတို့၊ သွင်မူပြောင်းကြ၊ ချမ်းသာရ၏။
[၁၃]စုန်ထ ဆန်ပေ၊ သင်္ဘောလှေလည်း၊
တည်နေဆိပ်ရင်း၊ ကပ်လာချဉ်း၏၊
[၁၄]ပြောင်ဝင်း နဝရတ်၊ မိုးမြေရပ်တည့်၊
[၁၅]ရှစ်ထပ်ငရဲ၊ မီးငြိမ်းစဲ၏၊
[၁၆]မြစ်ထဲရေတန့်၊ [၁၇]မိုက်မှောင် ပြန့်သည်၊
လောကန့်ထိန်လင်း၊ [၁၈]သမုဒ်တွင်း၌၊ ဖြန့်ခင်းသင်ဖြူး၊
[၁၉]ရေချိုထူး၏၊ [၂၀]လေရူးမလာ၊
[၂၁]ပင်ရုက္ခာတို့၊ ဝေဆာပွင့်သီး၊
[၂၂]နေမင်းကြီးလည်း၊ ထန်သည်း မပူ၊
[၂၃]လစန်းမူကား၊ ပြိုင်တူနက္ခတ်၊ ရောင်ခြည်လွှတ်၏၊
[၂၄]မိုးရပ်သစ်ပင်၊ ငှက်ဝေဟင်တို့၊ မြေတွင်ခကြ၊
[၂၅]လေးဒီပ၌၊ ချိုမြရေမိုး၊ ရွာသွန်းဖြိုး၏၊
[၂၆]ဘုံကြိုးပိုင်လတ်၊ အနတ်နတ်တို့၊ တီးခတ်ဆိုက၊ ပျော်မြူးကြ၏၊
[၂၇]ပွင့်ထတံခါး၊ [၂၈]လူအများတို့၊ ကင်းငြားငတ်မွတ်၊
[၂၉]ရန်ဘက်ဓာတ်လည်း၊ ချစ်လတ်ချင်းချင်း၊
[၃၀]တွေ့ဆုံလျှင်းက၊ ချစ်တင်းဆိုကြ၊ [၃၁]ပြိတ္တာဝ၏၊
[၃၂]လောကဓာတ်ပေါင်း၊ တိုက်တစ်သောင်း၌၊
ပန်းပေါင်းနံ့သာ၊ ခိုးထုံစွာနှင့်၊ ကြက်လျှာတံခွန်၊ ဖြိုးဖြိုးဝှန်သည်။
ထူးချွန်အံ့ဖွယ်ဘနန်းတည်း။ ။

* * * * *

http://www.dhammadownload.com



## ရကြပါစေ၊ အမျှဝေ

"ဓမ္မအလှူ ဖြစ်စေ"ဟူ၍၊ ဘယ်သူမန္တီး၊ ကိုယ်တိုင်နိုးလျက်၊ ကောင်းကျိုးရမှု၊ ကောင်းစွာပြုသား၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရေ၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ, အာဏာ၊ ဇာတိ-ဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာသနား၊ ဝေငှကြား၏။

ထူးခြားထိုမှ၊ ဂုဏ်ကြီးလှသား၊ မိဘ, ဘွား, ဘိုး၊ ဆွေမျိုးဉာတကာ၊ ကုလာဇေဋ္ဌ၊ ဝယ, သီလာ၊ ပညာဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ-သား၊ ဂေဟ ဒေဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွဋ်ရှိကုန်ကျ၊ အဋ္ဌအရိယာ၊ ဒေဝါ, သက္က၊ ဗြဟ္မမဟာ၊ လောကပါလ၊ ဝဋ္ဋာဟက၊ ယမတွင်ခြင်း၊ နတ်မင်းအများ၊ နဂါး, ယက္ခ၊ ကုမ္ဘဏ္ဍာနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြား ဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ခိုးအာဏာ၊ ဂုဏ်ရှိန်ဝါဖြင့်၊ ပြည်,ရွာ,တိုင်းကား၊ လူတလွှားကို၊ စီးပွားရှာရှာ၊ သာသနာကို၊ မချာ နေ့,ည၊ စောင့်ရှောက်ကြသား၊ ဘူမ, ရုက္ခာ၊ အာကာသဋ္ဌ၊ တွင်နာမဖြင့်၊ ပဗ္ဗတမြားမြောင်၊ တော, တောင်, ကုန်းကျဉ်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်း ၇-ဖြာ၊ သတ္တရဘန် ၇-ရပ်၊ ၅-ထပ်အာလိန်၊ တေဇာရှိန်သာ၊ ဒေဝိန္ဒရာဇ် ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါလေစေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ဝမ်းပန်းသာ၍၊ ငါတို့ကောင်းမှု၊ ပြုပြုသမျှ၊ ဤပုညကို၊ ဒိဗ္ဗစက္ခု၊ မြင်မှုမပြတ်၊ ဆတ်ဆတ်နတ်နား၊ ဆင့်ဆင့်ကြားက၊ တို့အားချစ်ခင်၊ မိဘသွင်သို့၊ ကြင်ကြင်နာနာ၊ စောင့်ကုန်ပါ၍၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးသည်။ ။ကောင်းကျိုးဆဆ-ပွါးစေတည်း။ ။

သာဓု သာဓု သာဓု။

----- x -----

http://www.dhammadownload.com



## စာဒါယကာကြီး ဦးကျော်ညွန့်နှင့် မိတ်ဆွေများ
## ပုံနှိပ်လှူဒါန်းပြီးသော ကျမ်းဂန်များ

၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁

၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၂

၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၃

၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန်(အပိုင်း- ၁) အတွဲ- ၄

၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၅

၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၆

၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၇

၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၈

၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၉

၁၀။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၀

၁၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၁

၁၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၂

၁၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၃

၁၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ- ၁၄ (ပ-ပိုင်း)

၁၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၅

၁၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၆

၁၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန်(ရိုက်ပြီးချုပ်ဆဲ) အတွဲ-၁၇

၁၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၈

၁၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် အတွဲ-၁၉

၂၀။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း ၂၁။ မူလဓမ္မဝိသောဓနီကျမ်း

၂၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော၊ဒု-ကြိမ်)

၂၃။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော၊တ-ကြိမ်) ၂၄။ ပုစ္ဆာနယပကာသနီကျမ်း

၂၅။ ဒွါဓတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ၉-ဌာနဝိနိစ္ဆယကျမ်း(၂-ကျမ်းတွဲ)

သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊

THE HISTORY OF THE BUDDHA'S RELIGION (မြန်မာ,ပါဠိ,အင်္ဂလိပ် ၃-ဘာသာ)

http://www.dhammadownload.com



ဤ"ဗုဒ္ဓ၏ဂုဏ်တော်များ"ကျမ်းကို လည်ပတ်ထုတ်ဝေနိုင်ရန်
ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာ,ဒါယိကာမများ

**နှစ်ဖက်ဘိုး, ဘွားများ**

**နှင့်**

**မိ,ဘများကို အမှူးထား၍**

**မဂျင်ဒေါ်းမြဒေါင် နှင့် မဂျင်ပြူးဝေအောင်**

တို့၏

မွေးနေ့မင်္ဂလာ ဝိသေသကုသိုလ်

နတ်,လူသာဓုခေါ်စေသောဝ်။

http://www.dhammadownload.com

http://www.dhammadownload.com